www.burmeseclassic.com

# ဒီမိုကရေစီမိခင်ကြီး
# ဒေါ်အောင်ဆန်းစုကြည်

သန်းဝင်းလှိုင်



www.burmeseclassic.com

www.burmeseclassic.com




# ဒီမိုကရေစီမိခင်ကြီး
# ဒေါ်အောင်ဆန်းစုကြည်

သန်းဝင်းလှိုင်

www.burmeseclassic.com

www.burmeseclassic.com



သတ္တိဆိုတာ မကြောက်တာဟာ တကယ့်သတ္တိမဟုတ်ဘူး။ ကြောက်လျက်နဲ့ ကိုယ်လုပ်သင့်လုပ်ထိုက်တာကို လုပ်တာဟာ တကယ့်သတ္တိပဲ။ အဲဒီတော့ ဒူးတုန်တုန်နဲ့ လုပ်တဲ့သူဟာ တော်တော်သတ္တိရှိတယ်လို့ ခေါ်ရမှာပဲ။

အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com

သို့ ...

ဒီမိုကရေစီမိခင်ကြီး
ဒေါ်အောင်ဆန်းစုကြည်
နှင့်
ယုံကြည်ချက်ကြောင့် ဂုဏ်သိက္ခာရှိစွာဖြင့် အကျဉ်းကျနေသော
နိုင်ငံရေးအကျဉ်းသားများ အားလုံးကို ရည်ညွှန်းလျက်၊

သန်းဝင်းလှိုင်
၃၁ – ၇ – ၂၀၁၁

"In honour of
Daw Aung San Suu Kyi (Mother of Democracy)
And I honour all political prisoners
Those who stand for political integrity in Burma."

**Than Win Hlaing**
**July 31st 2011**

www.burmeseclassic.com

www.burmeseclassic.com



ကျေးဇူးတင်လွှာ

ဤစာအုပ်ဖြစ်မြောက်ရေးအတွက် နိုင်ငံရေးအသိစိတ်ဓါတ် စာပေစိတ် အပြည့်အဝဖြင့် ကူညီထုတ်ဝေပေးသော အစ်ကိုကြီး BMC စောနေမင်းနှင့် အစ်မကြီးနော်နီနီလွင်မိသားစုအားလည်းကောင်း၊ အမှာစာချီးမြှင့်ပေးသော ဦးဗိုလ်သောင်း (ဥက္ကဌ - NLD-LA)အားလည်းကောင်း၊ အဖက်ဖက်မှ ဝိုင်းဝန်းကူညီပေးသော မန်းမျိုးမြင့်နှင့် မျက်နှာဖုံးဒီဇိုင်းရေးဆွဲပေးသော သီဟမောင်မောင်၊ အတွင်းဒီဇိုင်းပြုလုပ်ပေးသော ကိုမင်းမင်း၊ ကွန်ပျူတာစာစီစာရိုက်ပေးသော စောအဲ့ကလိုဝါးတို့အား အထူးကျေး ဇူးတင် ရှိကြောင်း အမှတ်တရ ဖော်ပြအပ်ပါသည်။

သန်းဝင်းလှိုင်

၃၁ - ၇ - ၂၀၁၁

www.burmeseclassic.com

www.burmeseclassic.com

# ဒီမိုကရေစီမိခင်ကြီး ဒေါ်အောင်ဆန်းစုကြည်

## မာတိကာ


| | | |
|---|---|---|
| ၁။ BMC စောနေမင်း (ထုတ်ဝေသူ) ၏ အမှာစာ | | - ၇ |
| ၂။ ဦးဗိုလ်သောင်း၏အမှာစာ | | - ၉ |
| ၃။ မိခင်နှောင်ကြိုးကို ဖြေပါအံ့ - အောင်ဆန်းစုကြည် | | - ၁၁ |
| ၄။ အခန်း (၁) ဒီမိုကရေစီမိခင်ကြီး | | - ၁၂ |
| ၅။ ဘမျိုးဘိုးတူ ဗိုလ်ချုပ်သမီး | | - ၁၉ |
| ၆။ အခန်း (၂) နောက်ခံသမိုင်း | | - ၄၀ |
| ၇။ အခန်း (၃) စစ်တပ်အာဏာသိမ်းပိုက်ခြင်း | | - ၉၀ |
| ၈။ အခန်း (၄) ပထမဆုံးနေအိမ်အကျယ်ချုပ်ကာလ | | - ၁၀၆ |
| ၉။ အခန်း (၅) နိုဘယ်ဆုချီးမြှင့်ခံရ | | - ၁၄၄ |
| ၁၀။ အခန်း (၆) | ၊အမျိုးသားညီလာခံ | - ၁၅၉ |
| ၁၁။ | ၊အမျိုးသမီးထူးချွန်ဆုရရှိ | - ၁၆၃ |
| ၁၂။ | ၊အတိုက်အခိုက်ခံရ | - ၁၆၄ |
| ၁၃။ | ၊လွတ်လပ်ရေးဆု | - ၁၆၉ |
| ၁၄။ | ၊ဂုဏ်ပြုတေး | - ၁၇၀ |
| ၁၅။ | ၊ဒုတိယအကြိမ်နေအိမ်အကျယ်ချုပ် | - ၁၇၀ |
| ၁၆။ | ၊တတိယအကြိမ် နေအိမ်အကျယ်ချုပ် | - ၁၇၁ |
| ၁၇။ | ၊မိတ်ဖက်နိုင်ငံများပေါင်းစည်းရေးဆိုင်ရာဆု | - ၁၇၁ |
| ၁၈။ | ၊ပြန်လည်လွတ်မြောက် | - ၁၇၁ |
| ၁၉။ | ၊ဂုဏ်ပြုချီးမြှင့်ပွဲ | - ၁၇၄ |
| ၂၀။ | ၊ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ | - ၁၇၄ |
| ၂၁။ | ၊ဒေါ်လာတစ်သန်းတန်လွတ်လပ်သော စိတ်ဓာတ်ဆု | - ၁၇၄ |
| ၂၂။ | ၊အေသင်နိုင်ငံတကာ ဒီမိုကရေစီဆု | - ၁၇၅ |


www.burmeseclassic.com

www.burmeseclassic.com




| | | |
|---|---|---|
| ၂၃။ | ၊ရခိုင်ပြည်နယ်စည်းရုံးရေး ခရီးစဉ် | - ၁၇၆ |
| ၂၄။ အခန်း (၇) | ၊ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှု | - ၁၇၇ |
| ၂၅။ | ၊ဝွမ်ဂျူးလူ့အခွင့်အရေးဆု | - ၁၈၃ |
| ၂၆။ | ၊ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုအရေးယူ ဆောင်ရွက်ရေးကော်မရှင် | - ၁၈၄ |
| ၂၇။ | ၊ဂုဏ်ထူးဆောင်ပါရီမြို့သူဆု | - ၁၈၅ |
| ၂၈။ | ၊ရန်စစ်တက္ကသိုလ် ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ | - ၁၈၅ |
| ၂၉။ | ၊အိုလော့ဖ်ပမ်းဆု | - ၁၈၇ |
| ၃၀။ | ၊အမှန်တရားစိတ်ဓာတ်နိုးဆော်သူဆု | - ၁၉၁ |
| ၃၁။ | ၊စစ်အစိုးရကို အရေးယူရန် နိုဘယ်ဆုရှင်များ လုံခြုံရေးကောင်စီသို့ စာပို့ | - ၁၉၃ |
| ၃၂။ အခန်း (၈) | ၊ဒေါ်အောင်ဆန်းစုကြည် စာပေလက်ရာများ | - ၁၉၅ |
| ၃၃။ အခန်း (၉) | ၊အကွက်ဆင်ထပ်မံ ဖမ်းဆီးခံရမှု | - ၂၀၆ |
| ၃၄။ | ၊အဲန်အယ်လ်ဒီ အထူးကြေညာချက် | - ၂၁၂ |
| ၃၅။ | ၊ကာ့တ်ကမ်ဘဲလ် ထပ်မံတွေ့ဆုံ | - ၂၁၆ |
| ၃၆။ | ၊အတုအယောင်ရွေးကောက်ပွဲ | - ၂၁၇ |
| ၃၇။ အခန်း (၁၀) | ၊ဒေါ်အောင်ဆန်းစုကြည်လွတ်ပြီ | - ၂၁၈ |
| ၃၈။ အခန်း (၁၁) | ၊လွတ်မြောက်ပြီးကာလ နိုင်ငံရေး ဆောင်ရွက်ချက်များ | - ၂၂၂ |
| ၃၉။ | ၊(၆၄) နှစ်မြောက် အာဇာနည်နေ့ | - ၂၃၅ |
| ၄၀။ | ၊ဒေါ်အောင်ဆန်းစုကြည် အိတ်ဖွင့်ပေးစာ | - ၂၃၉ |
| ၄၁။ အခန်း (၁၂) | ၊ဒေါ်အောင်ဆန်းစုကြည်၏ မိန့်မှာချက် | - ၂၄၂ |
| ၄၂။ အခန်း (၁၃) | ၊ဒေါ်အောင်ဆန်းစုကြည် ဒိုင်ယာရီ | - ၂၅၁ |
| ၄၃။ အခန်း (၁၄) | ၊ဒေါ်အောင်ဆန်းစုကြည် ဘွဲ့ကဗျာများ | - ၂၆၆ |
| ၄၄။ | ၊International Award, Honors & Appointments (1990- 2010) | - ၂၈၅ |


www.burmeseclassic.com

www.burmeseclassic.com



# ထုတ်ဝေသူ၏အမှာ

မကြာမီက ဒေါ်အောင်ဆန်းစုကြည်၏ (၆၆) နှစ်မြောက်မွေးနေ့ အခမ်းအနားတခု၌ ကျနော့်အား စာရေးဆရာသန်းဝင်းလှိုင်က လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ဘဝပုံရိပ်များနှင့် ဒီမိုကရေစီကြိုးပမ်းမှုများအား မှတ်တမ်းတင်ပြုစုထားသည့် **"ဒီမိုကရေစီမိခင်ကြီး ဒေါ်အောင်ဆန်းစုကြည်"** စာအုပ်ကို ထုတ်ဝေပေးပါရန် ပန်ကြားလာသည့်အတွက် မဆိုင်းမတွဘဲ ဝမ်းမြောက်ဝမ်းသာစွာဖြင့် ထုတ်ဝေပေးလိုက်ပါသည်။

ဤစာအုပ်အား ထုတ်ဝေရသည့် အဓိကအကြောင်းအရင်းမှာ ဒေါ်အောင်ဆန်းစုကြည်၏ ဆယ်စုနှစ် (၂) ခုကျော်ကြာ ဒီမိုကရေစီရေးနှင့် အမျိုးသားလွတ်မြောက်ရေးအတွက် ဦးဆောင်ဦးရွက်ပြုမှု၊ ခိုင်မာမြဲမြံသော သန္နိဋ္ဌာန်ရှိမှုနှင့် နှိုင်းတုဖွယ်မရှိသော ကိုယ်ကျိုးစွန့်လွှတ်မှုများသည် ကျနော်တို့အတွက် လမ်းပြကြယ်သဖွယ်၊ မီးရှူးတန်ဆောင်သဖွယ် မားမားမတ်မတ်ဖြစ်တည်နေသည်ဟု ထိထိရှရှ ခံစားရ၍ဖြစ်ပါသည်။ သူမ၏ လေးစားဂုဏ်ယူဖွယ်ရာ မြင့်မြတ်မှု၊ ဂုဏ်သိက္ခာရှိစွာ တိုက်ပွဲဝင်မှု၊ ပြောင်မြောက်သောသူရသတ္တိနှင့် ကိုယ်ကျိုးမငဲ့သော စွန့်လွှတ်အနစ်နာခံမှုတို့ကလည်း ကျနော်တို့ဆင်နွှဲနေသော တရားသောတိုက်ပွဲကို ဆုံးခန်းတိုင်ဆက်လက်ဆင်နွှဲရန်အတွက် လိုအပ်နေသည့်စိတ်ဓာတ်ခွန်အားများကို တိုးပွားစေသည့်အတွက်ကြောင့်လည်းဖြစ်ပါသည်။

ဤစာအုပ်တနေရာ၌ ဆရာသန်းဝင်းလှိုင်ရေးသားသကဲ့သို့ပင် ဒေါ်အောင်ဆန်းစုကြည်သည် "မိုးကျရွှေကိုယ်"မဟုတ်ပါ။ လွတ်လပ်ရေးဖခင် အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ သမီးဖြစ်သော်လည်း လူထုခေါင်းဆောင်အဖြစ်သို့ ပြည်သူလူထုက လွယ်လင့်တကူနေရာပေးခဲ့ခြင်းမဟုတ်ပါ၊ (၂၃) နှစ်ကြာ နိုင်ငံရေးခရီးကြမ်းတွင် အမျိုးမျိုးအဖုံဖုံ အစမ်းသပ်ခံ၊ အထုဆစ်ခံရပြီးမှ တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူတရပ်လုံး၏ တခုတည်းသော မျှော်လင့်ချက် အလင်းရောင်ဖြစ်သည့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးကို ဖော်ဆောင်ပေးနိုင်မည့် ခေတ်သစ်မြန်မာ့သမိုင်းတွင် လူထုထောက်ခံမှုအရှိဆုံးသော နိုင်ငံပြုခေါင်းဆောင်၊ နိုင်ငံတကာနယ်ပယ်တွင် လေးစားအသိအမှတ်ပြုခံရသော နိုင်ငံရေးသုခမိန်အဆင့်သို့ ရောက်ရှိလာသူဖြစ်ပါသည်။ တိုင်းရင်းသားတဦးအနေဖြင့်

www.burmeseclassic.com

www.burmeseclassic.com



လည်း ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ ပုဂ္ဂိုလ်တဦးအား ခေါင်းဆောင်အဖြစ် ပိုင်ဆိုင်ရခြင်း၏တန်ဖိုးကိုလည်း အလေးအနက်ဂုဏ်ယူမိပါသည်။

အနှစ် (၃၅) ကျော်ကြာ ကရင်အမျိုးသားအစည်းအရုံးတွင် ကရင့်တော်လှန်ရေးရည်မှန်းချက်များ အောင်မြင်ပြည့်ဝစေရေးအတွက် ကျရောက်ရာအခန်းကဏ္ဍမှ ဦးဆွေးဆံမြည့်တာဝန်ယူခဲ့သူတဦးအနေဖြင့် တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို ဖော်ဆောင်နိုင်မည့် ပြည်ထောင်စုစစ်စစ်ထူထောင်ရေးသည် ကျနော်၏ အန္တိမရည်မှန်းချက်ဖြစ်ပါသည်။ ဤရည်မှန်းချက်ပြည့်ဝစေရေးအတွက် တခုတည်းသောနည်းလမ်းမှာ ပြည်တွင်းစစ်ကို အမြန်ဆုံးရပ်စဲတွေ့ဆုံဆွေးနွေးအဖြေရှာသည့်နည်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးကို တည်ဆောက်ခြင်းဖြစ်သည်ဟု အခိုင်အမာယုံကြည်ပါသည်။ ယင်းကဲ့သို့ ပြည်တွင်းစစ်ရပ်စဲရေး၊ တွေ့ဆုံဆွေးနွေးရေး၊ အမျိုးသားပြန်လည်ရင်ကြားစေ့ရေးနှင့် စစ်မှန်သော ပြည်ထောင်စု စစ်စစ်ကိုတည်ဆောက်ရေးတည်းဟူသော တိုင်းပြုပြည်ပြုလုပ်ငန်းစဉ် အဆင့်ဆင့်တွင် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းရင်းသားလူမျိုးပေါင်းစုံပြည်သူလူထုကြီးတရပ်လုံးအား လမ်းပြကြယ်သဖွယ် ဦးဆောင် လမ်းပြမှုဖြင့် ငြိမ်းချမ်းသော၊ တန်းတူ၍ သာယာဝပြောသော လူမျိုးပေါင်းစုံမှီတင်းနေထိုင်မည့် လူ့အဖွဲ့အစည်းတရပ်ကို တည်ဆောက်နိုင်မည်ဟူသောယုံကြည်မှုဖြင့် ဤစာအုပ်ကို ထုတ်ဝေပါသည်။

ဤစာအုပ်သည် စာဖတ်သူအား တစုံတရာသောအကျိုးကျေးဇူးကို ပေးစွမ်းနိုင်ခဲ့ပါက ဤစာအုပ်ကို ရေးသားပြုစုခဲ့သော ဆရာသန်းဝင်းလှိုင်နှင့် ထုတ်ဝေခဲ့သော ကျနော်တို့သည် လွန်စွာမှပင် ဝမ်းသာကြည်နူးနေမိမည်မှာ မလွဲဧကန်ဟု ရိုးသားစွာ ယုံကြည်နေမိပါသည်။

**ထုတ်ဝေသူ**
**BMC စောနေမင်း**

www.burmeseclassic.com

www.burmeseclassic.com



# အမှာစာ

နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန်ဦးစော၏ နောက်ဆုံးနေ့များ၊ အနှစ်ချုပ်မြန်မာ့သမိုင်းအဘိဓါန်၊ နိုင်ငံ့ဥသျှောင်မင်းကေရာဇ်များ၊ နယ်ချဲ့ဆန့်ကျင်ရေး မျိုးချစ်စာဆိုဆရာကြီးသခင်ကိုယ်တော်မှိုင်း၊ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအထုပ္ပတ္တိစသည့်စာအုပ်မျိုးစုံကို ရေးသားပြုစုခဲ့သော ဆရာသန်းဝင်းလှိုင်ကဲ့သို့ ထင်ရှားသည့်နိုင်ငံရေးအကျဉ်းသားဟောင်း စာရေးဆရာတစ်ဦး ရေးသားပြုစုသော ဒီမိုကရေစီမိခင်ကြီး ဒေါ်အောင်ဆန်းစုကြည် စာအုပ်၌အမှာစာရေးသားခွင့်ရရှိသည့်အတွက် ကျနော့်အနေဖြင့် အတိုင်းမသိ ဝမ်းမြောက်ဝမ်းသာဂုဏ်ယူနေမိပါသည်။

၁၉၉၁ ခုနှစ်အတွက် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရရှိခဲ့သော မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် ဗိုလ်ချုပ်သမီးပီပီ စစ်အာဏာရှင်စနစ်ကို ဖယ်ရှား၍ မြန်မာနိုင်ငံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီရရှိရေးအတွက် အပင်ပမ်းအဆင်းရဲခံကာ မိမိကိုယ်ရေးကိုယ်တာများကို ဘေးချိတ်၍ သတ္တိရှိရှိတိုက်ပွဲဝင်နေသူဖြစ်သည်။ သူသည် မြန်မာ့ဒီမိုကရေစီအရေးအတွက် တိုက်ပွဲဝင်နေသော သာမန်နိုင်ငံရေးခေါင်းဆောင်တစ်ဦးမဟုတ်ပေ။ သူ့ဖခင် ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ခေါင်းဆောင်မှုအရည်အသွေးနှင့် သိမ်မွေ့ထက်မြက်၍ မြန်မာနိုင်ငံရှိ တိုင်းရင်းသားလူမျိုးစုအားလုံးနှင့် ကမ္ဘာ့ပြည်သူများကပါ ယုံကြည် လေးစားတန်ဖိုးထားခြင်းခံရသော ၂၀ ရာစု၏ အကျော်ဇေယျ အမျိုးသမီး နိုင်ငံရေးခေါင်းဆောင်ဖြစ်ပေသည်။

သို့ကလို ထင်ရှားသော လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ အကြောင်းကို ရေးသားထားသည့် စာရေးဆရာသန်းဝင်းလှိုင်စာအုပ်တွင် အမှာစာရေးသားခွင့်ရရှိခြင်းသည် ကျနော်၏ နိုင်ငံရေးဘဝဖြတ်သန်းမှုများ၌ ထူးခြားသည့် မှတ်တိုင်တစ်ခုအဖြစ် မှတ်ယူခဲ့ပါသည်။ အလွန်လည်း ဝမ်းမြောက်ကြည်နူးမိပါသည်။

ယနေ့ မြန်မာနိုင်ငံ၏ ပကတိအခြေအနေများသည် လွတ်လပ်ရေးနှင့်အတူစတင်ပေါက်ဖွားလာခဲ့သည့် ပြည်တွင်းစစ်မီးသည် ဆက်လက်တောက်လောင်နေဆဲဖြစ်ပြီး၊ ဆက်လက်၍ ကျယ်ပြန့်သွားနိုင်သည့်အန္တရာယ်ရှိနေချိန်၌ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သားရင်ကြားစေ့ရေးကို နိုင်ငံရေးနည်းလမ်းဖြင့် ငြိမ်းချမ်းစွာ ပြည်သူလူထုနှင့် အတူ ဦးဆောင်ဖြေရှင်းနေသော ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ရိုးသား တည်ကြည်ဖြောင့်မတ်သည့် ခေါင်းဆောင်တဦးအကြောင်းကို အချိန်သင့်အခါသင့် စာအုပ်အဖြစ် ရေးသားပြုစုထုတ်ဝေနိုင်ခြင်းသည် နေနှင့်လ၊ ရွှေနှင့် မြပမာ အလွန်တရာကျက်သရေမင်္ဂလာတရားနှင့် ပြည့်စုံ၍ ကျွန်တော်တို့အားလုံးအတွက် ဂုဏ်ယူဖွယ်ရာ ကိစ္စတရပ်လည်း ဖြစ်ပေသည်။

ဥပဒေစိုးမိုးမှုကင်းမဲ့ပြီး အုပ်ချုပ်သူ စစ်အာဏာရှင်အဆက်ဆက်၏ မတရားဖိနှိပ်မှု၊ ချုပ်ချယ်အနိုင်ကျင့်မှုများကြောင့် လူ့အခွင့်အရေးနှင့် ဒီမိုကရေစီအရေးဆုံးရှုံးပျောက်ကွယ်ကာ ကဏ္ဍပေါင်းစုံ ခေတ်နောက်ကျ၍ ဆင်းရဲတွင်းနစ်နေရသည့် မြန်မာနိုင်ငံကို တရားဥပဒေစိုးမိုးပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့်၊ တရားမျှတမှုရှိသည့် ငြိမ်းချမ်းသော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်လိုကြသော ကျရာအခန်းကဏ္ဍအသီးသီးမှ မျိုးဆက်သစ်လူငယ်များအားလုံးအတွက် ရော ကျွန်တော်တို့အားလုံးအတွက်ပါ အလေးထားဖတ်ရှုရမည့် စာအုပ်ကောင်း တစ်အုပ်ဖြစ်ကြောင်း မိတ်ဆက်ရေးသားပေးလိုက်ပါသည်။

ငြိမ်းချမ်းပျော်ရွှင်နိုင်ကြပါစေ။

ဦးမိုလ်သောင်း (ဥက္ကဌ)
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(လွတ်မြောက်နယ်မြေ)

www.burmeseclassic.com

www.burmeseclassic.com



# မိခင်၏ နှောင်ကြိုးကို ဖြေပါအံ့



မိခင်၏နှောင်ကြိုးတို့ကို ဖြေပါအံ့
သည်းစွာသောအနာကို ကုစားပါအံ့
သမီး၏လုံ့လဝီရိယဖြင့်
နာလန်ထူပါစေအံ့...

မွေးကျေးဇူးကိုမသိတတ်သော
ထိုသူတို့အား
သိနားလည်အောင်
ဆွဲဆောင်နိုင်စွမ်းကို
သမီးအား ပေးပါလေ...

တွေ့ရအံ့သောဘေးရန်တို့ကို
သမီး ထီမည်မဟုတ်...

တဘဝတွင်
တခါသာသေရသည်ဖြစ်၍
အဘယ်နည်းနှင့် သေရသည်ဖြစ်စေ
သမီး၌ မထူးခြား...

သမီး၏စိတ်ကူးတို့သည်
အကယ်အဖြစ်သို့
ရောက်သောအချိန်တွင်
အသင်တို့သည်လည်း
ပျော်မြူးကြရမည်...

အခြားအခြားသောသူတို့၏
ရှုတ်ချခြင်း
ကဲ့ရဲ့ခြင်း
မုန်းတီးရွံ့ရှာခြင်း
နာမည်ဖျက်ခြင်းတို့ကို
သမီးအလျဉ်းဂရုမပြု

မိခင်ထံမှ "ဒါမှင့်ါသမီး" ဟူသော
ကျူးရင့်သံကိုသာ တောင့်တပါ၏ ...

လောကတွင် မိခင်၏ကျေးဇူးကို
အသိတတ်ဆုံးသမီးဖြစ်ရပါလို၏

အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁)
# ဒီမိုကရေစီ မိခင်ကြီး



ယနေ့မြန်မာနိုင်ငံတော်တွင် စစ်အာဏာရှင်အစိုးရအားဖြုတ်ချ၍ ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးတည်ဆောက်ရန်အတွက် ပြည်သူလူထုကြီးအား ဦးဆောင်ဦးရွက်ပြုကာ တိုက်ပွဲဆင်နွှဲနေသူများတွင် ဒေါ်အောင်ဆန်းစုကြည်သည် လူထုထောက်ခံမှု၊ ယုံကြည်မှုနှင့် ကြည်ညိုလေးစားမှု အများဆုံးရရှိနေသော ခေါင်းဆောင်တဦးဖြစ်သည်။ တနည်းဆိုရသော် "ဒီမိုကရေစီတော်လှန်ရေးကြီး၏မိခင်ကြီး"ဖြစ်သည်ကို မည်သူမှ ငြင်းမရပေ။

ဒေါ်အောင်ဆန်းစုကြည်သည် လက်ရှိစစ်အာဏာရှင်အစိုးရ၏ စစ်အာဏာရှင်စနစ်ဆိုးကို ဖယ်ရှားနေသူ သက်သက်မျှသာမဟုတ်ဘဲ ဒီမိုကရေစီရရှိရေးအတွက် သူ့ဘဝကို အပင်ပန်းအဆင်းရဲခံပြီး အထီးကျန်ဘဝကို ပျော်ပျော်ကြီးပေးဆပ်ကာ ကြံ့ကြံ့ခံဖွဲ့သတ္တိအပြည့်အဝဖြင့် တိုက်ပွဲဝင်နေသော လူထုခေါင်းဆောင်လည်းဖြစ်သည်။ ဤအချက်ကပင် သူ၏ အမွန်မြတ်ဆုံးသော ဂုဏ်ဒြပ်ဖြစ်သည်။

ထို့ကြောင့်ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံတနိုင်ငံတည်းနှင့် သာသက်ဆိုင်သည့် ပုဂ္ဂိုလ်တဦးမျှ မဟုတ်သကဲ့သို့ ဒေါ်အောင်ဆန်းစုကြည်နှင့် စစ်အာဏာရှင်ပဋိပက္ခသည် မြန်မာနိုင်ငံ၏ပြည်တွင်းရေးကိစ္စ သက်သက်

www.burmeseclassic.com

www.burmeseclassic.com



မျှသာလည်း မဟုတ်သည်မှာ ထင်ရှားပေသည်။ စစ်အစိုးရသည် ၁၉၉၀ ရွေးကောက်ပွဲကို ပစ်ပယ်ရန် လုပ်ဆောင်ခွင့်မရှိပေ။ မြန်မာပြည်သူလူထုသည် ပြီးခဲ့သော ၁၉၉၀ ရွေးကောက်ပွဲ၌ သူတို့၏ အခြေခံနိုင်ငံသား ရပိုင်ခွင့်ကို အသုံးပြုလျက် သူတို့ကြိုက်နှစ်သက်သည့် ခေါင်းဆောင်ကို သူတို့ကိုယ်စား နိုင်ငံတော်ကိုအုပ်ချုပ်ရန် အခွင့်အာဏာအပ်နှင်းခဲ့ကြပြီးဖြစ်ရာ၊ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို စစ်အစိုးရထင်သလို ပယ်ဖျက်ပိုင်ခွင့်မရှိချေ။ လူထု၌သာ အခွင့်အရေး အပြည့်အဝရှိပေသည်။

ၿငင်းပြင် မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံတနိုင်ငံဖြစ်သဖြင့် "အာဆီယံ လူ့အခွင့်အရေးကော်မရှင်" တွင်လည်း အဖွဲ့ဝင်ဖြစ်သည်။

ထို့ကြောင့် အာဆီယံဒေသတွင်း လူ့အခွင့်အရေးများကို ကာကွယ်ရန်နှင့် မြှင့်တင်ရန် အာဆီယံအဖွဲ့ဝင်နိုင်ငံဖြစ်သည့် မြန်မာနိုင်ငံ၌လည်း တာဝန်ရှိသည်။ သို့သော် လူ့အခွင့်အရေးဆိုင်ရာ အခြေခံရပိုင်ခွင့်များတွင် အရေးကြီးသည့် လွတ်လပ်စွာ ပြောဆိုရေးသားဖြန့်ချိခွင့်၊ လွတ်လပ်စွာ အသင်းအပင်းဖွဲ့စည်းလှုပ်ရှားနိုင်ခွင့်၊ လွတ်လပ်စွာ မိမိနှစ်သက်သည့် နိုင်ငံရေးပါတီအားထောက်ခံခွင့်၊ မိမိနှစ်သက်သည့် နိုင်ငံရေးခေါင်းဆောင်အား ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခန့်ပိုင်ခွင့်များကို ပိတ်ပင်တားမြစ်ထားသော မြန်မာနိုင်ငံအား အာဆီယံလူ့အခွင့်အရေးကော်မရှင်တွင် အဖွဲ့ဝင်အဖြစ် လက်မခံသင့်ဟု ဒေသတွင်း လူ့အခွင့်အရေးအဖွဲ့များက ဝေဖန်ထောက်ပြလျက်ရှိသည်။

ယနေ့ မြန်မာနိုင်ငံတွင် ဒေါ်အောင်ဆန်းစုကြည်အပါအဝင် မိမိယုံကြည်ချက်အတိုင်း ဒီမိုကရေစီရေးတက်ကြွစွာ လှုပ်ရှားဆောင်ရွက်နေသူများကို ဖိနှိပ်၍ လူ့အခွင့်အရေးများ ချိုးဖောက်ကျူးလွန်နေသော စစ်အစိုးရအား အာဆီယံ လူ့အခွင့်ရေးကော်မရှင်အဖွဲ့ကြီးမှ ထုတ်ပယ်သင့်ကြောင်း အာဆီယံအဖွဲ့ကြီးအား ဒေသတွင်းလူ့အခွင့်အရေးပေါင်းစုံက ပြင်းထန်စွာ တိုက်တွန်းလျက်ရှိနေသည်။

ဒေါ်အောင်ဆန်းစုကြည်၏ ရိုးသားဖြောင့်မတ်မှုအား စစ်ဗိုလ်ချုပ်များက ကောက်ကျစ်စဉ်းလဲစွာတိုက်ခိုက်လေ၊ စစ်အုပ်စုအား လူထုက အော့နှလုံးနာလေဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ကိုယ်ကျိုးစွန့်အနစ်နာခံမှုကို စစ်ဗိုလ်ချုပ်များက စော်ကားရှုတ်ချလျှင် စစ်အုပ်စုကို လူထုက ဆန့်ကျင်လေဖြစ်

www.burmeseclassic.com

www.burmeseclassic.com



မည်။ ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးအခန်းကဏ္ဍကို မေးမှိန်အောင် ဖိနှိပ်လေ သူမ၏နိုင်ငံရေးခေါင်းဆောင်မှုပုံရိပ်က ပို၍တောက်ပြောင်မြင့်မားလေ ဖြစ်သည်။ ထို့ပြင် နိုင်ငံရေးနည်းအရဖြေရှင်းရန် တွေ့ဆုံဆွေးနွေးရေး သူမ၏ ကမ်းလှမ်းချက်အား စစ်အုပ်စုကကျောခိုင်းလေ စစ်အာဏာရှင်တို့အဖို့ အနာဂတ်မဲ့လေဖြစ်မည်မှာ မလွဲကေန်ပင်။

ထို့ပြင် စစ်အစိုးရအလိုကျ စစ်အာဏာတည်မြဲရေးအတွက် တဖက်သတ်ရေးဆွဲထားသော ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အမျိုးသမီးများကို ပဓါနကျသည့် ခေါင်းဆောင်မှုနေရာများ ရယူခွင့်မရှိအောင် ပြဋ္ဌာန်းဟန့်တားထားသည်ကိုတွေ့ရသည်။ ဤလုပ်ရပ်မှာ ဒေါ်အောင်ဆန်းစုကြည်ကိုသာမက မြန်မာအမျိုးသမီးအားလုံးကိုပါ ခွဲခြားနှိမ်ချလိုက်ခြင်းပင်ဖြစ်သည်။ စင်စစ် အမျိုးသမီးများအား မူဝါဒရေးရာ ချမှတ်ရာတွင် ပါဝင်ခွင့်မရအောင် ပိတ်ပင် ဟန့်တားနေသူများမှာ ပဒေသရာဇ်အတွေးအခေါ်ဟောင်းလက်ခံသူ လက်ရှိ စစ်အာဏာရှင်များပင်ဖြစ်သည်။

အမျိုးသမီးများအပေါ် လိင်ခွဲခြားဖိနှိပ်မှုများပပျောက်ရေးဆိုင်ရာ နိုင်ငံတကာသဘောတူညီချက်ကို နိုင်ငံပေါင်း (၁၃၀) ၏ထောက်ခံမှုဖြင့် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက် (၃၄/၁၈၀) အရ ၁၉၇၉ ဒီဇင်ဘာလ ၁၈ ရက်နေ့တွင် အတည်ပြုထားပြီးဖြစ်သည်။ ယင်းသဘောတူညီချက်ကို မြန်မာနိုင်ငံကလည်း လက်မှတ်ရေးထိုးထားပြီးဖြစ်၍ မလွဲမသွေလိုက်နာကျင့်သုံးရမည့်တာဝန်ရှိပေသည်။ ပါလီမန်လွှတ်တော်များသမဂ္ဂ (IPU) ၏ သုတေသနပြုချက်အရ နိုင်ငံတကာပါလီမန်လွှတ်တော်များတွင် အမျိုးသမီးလွှတ်တော်ကိုယ်စားလှယ် ၈၀၁၇ ယောက်ရှိပြီး၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၃၆၀၀၆ ဦးရှိသောကြောင့် ပါလီမန်လွှတ်တော်များတွင် အမျိုးသမီး ကိုယ်စားပြုခွင့် (၁၈ ဒသမ ၂ ) ရာခိုင်နှုန်း ရှိသည်။ ဒီမိုကရေစီစနစ်ကျင့်သုံးသောနိုင်ငံပေါင်း ၁၈၉ နိုင်ငံအနက် နိုင်ငံပေါင်း ၃၀ တွင် အမျိုးသမီးနိုင်ငံရေးခေါင်းဆောင်များ ဦးဆောင်လျက်ရှိသည်ကို တွေ့ရသည်။ ဤသမိုင်းရေစီးကြောင်းကို ဗိုလ်သန်းရွှေဦးဆောင်သည့် စစ်အုပ်စုက ဆန့်ကျင်နေသည်မှာ အလွန်မိုက်မဲရာ ရောက်ပေသည်။

ဒေါ်အောင်ဆန်းစုကြည်သည် မိုးကျရွှေကိုယ်အမျိုးသမီးမဟုတ်ပေ။ ရှစ်

www.burmeseclassic.com

www.burmeseclassic.com



ဆယ့်ရှစ်ပြည်သူ့ဒီမိုကရေစီအရေးတော်ပုံကြီးမှ လူထုကတင်မြှောက်လိုက်သော လူထုခေါင်းဆောင်ဖြစ်သည်။ တိုင်းရင်းသားလူမျိုးပေါင်းစုံ လေးစားအသိအမှတ်ပြုထားသော ပြည်သူတရပ်လုံး၏ လူထုခေါင်းဆောင်လည်းဖြစ်သည်။

ပြီးခဲ့သော ၁၉၉၀ ပြည့်နှစ်၊ မေလ ၂၇ ရက်နေ့တွင် ကျင်းပခဲ့သော ရွေးကောက်ပွဲရလဒ်ကို ပြန်လည်သုံးသပ်ကြည့်လျှင် ပြည်သူလူထုက ဒေါ်အောင်ဆန်းစုကြည် ဦးဆောင်ဖွဲ့စည်းထားသည့် NLD ပါတီ လွှတ်တော်ကိုယ်စားလှယ်များအား တခဲနက် ဆန္ဒပေးခဲ့ခြင်းမှာ တနည်းအားဖြင့် ပြည်သူ့ကိုယ်စား တိုင်းပြည်အရေးအရာများကို စီမံအုပ်ချုပ်နိုင်ရန် အခွင့်အာဏာ (Authorization or Mandate) လွှဲအပ်လိုက်ခြင်းပင်ဖြစ်သည်။

ထို့ပြင် ဒေါ်အောင်ဆန်းစုကြည်သည် တိုင်းရင်းသားလူမျိုးစုပေါင်းစုံ၏ ထောက်ခံမှုကို ရရှိထားရုံမျှမက နိုင်ငံတကာ ထိပ်တန်းခေါင်းဆောင်ကြီးများ၏ ယုံကြည်အားထားမှုကိုပါရရှိသည့် နိုင်ငံရေးခေါင်းဆောင်တဦးဖြစ်သည်။ ထိုအချက်ကို စစ်အုပ်စုက မသိကျိုးကျွံပြု၍ မျက်ကွယ်ပြုရန်ကြိုးစားပါက မြန်မာနိုင်ငံသည် မည်သည့်အခါမှ တည်ငြိမ်အေးချမ်း၍ တိုးတက်ဖွံ့ဖြိုးမှုကို ရရှိနိုင်မည်မဟုတ်ပေ။

သို့ဖြစ်ရာ စစ်အုပ်စုသည် ဉာဏ်အမြော်အမြင်ကြီးမား၍ ရင့်ကျက်သော နိုင်ငံရေးခေါင်းဆောင်တဦးဖြစ်သည့် ဒေါ်အောင်ဆန်းစုကြည်အား ညစ်နည်းမျိုးစုံသုံးကာ မြန်မာနိုင်ငံဖြစ်စဉ်ထဲမှ ဝိုင်းပယ်ထုတ်ရန်အားထုတ်ခြင်းမှာ ဉာဏ်အမြော်အမြင်နည်းပါး၍ အသိဉာဏ်နုံခြာမှုပင် ဆိုရပေမည်။

စစ်အုပ်စု အကွက်ကျကျစီမံခဲ့သော ၂၀၁၀ ရွေးကောက်ပွဲ၏ အဓိကပစ်မှတ်သည် ဒေါ်အောင်ဆန်းစုကြည် ဖြစ်နေသည်ကို ထင်ရှားစွာ တွေ့မြင်နေရသည်။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်နှင့် ဒေါ်အောင်ဆန်းစုကြည်၏ အခန်းကဏ္ဍကို ၂၀၁၀ ရွေးကောက်ပွဲအသစ်ဖြင့် ချေဖျက်ရန်ဖြစ်နေပေသည်။ ထိုသို့ မူလရည်ရွယ်ချက်ကိုယ်၌က မရိုးသားသည့်အလျောက် စစ်အစိုးရ၏ ၂၀၀၈ နာဂစ်ဖွဲ့စည်းပုံနှင့် နိုင်ငံရေးပါတီများ မှတ်ပုံတင်ဥပဒေတို့သည် ဒီမိုကရေစီဆန့်ကျင်ရေး၊ ဒေါ်အောင်ဆန်းစုကြည်ဆန့်ကျင်ရေးစီမံချက် ဖြစ်နေကြောင်း သိသာလှပေသည်။ ထို့ကြောင့် ရွေးကောက်ပွဲမကျင်းပမီကပင် ၂၀၁၀ ရွေး

www.burmeseclassic.com

www.burmeseclassic.com



ကောက်ပွဲသည် ဆိတ်ခေါင်းကိုချိတ်၍ ခွေးသားရောင်းမည့် အတုအယောင်ရွေးကောက်ပွဲဟု ပြည်တွင်းပြည်ပ နိုင်ငံရေးအကဲခတ်သမားများ၊ ဒီမိုကရေစီအင်အားစုများက အကဲဖြတ်ထားကြသည်။ ၎င်းတို့ တွေးထင်ထားသည့်အတိုင်းပင် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၇ ရက်နေ့တွင် ကျင်းပပြီးစီသွားသည့် ရွေးကောက်ပွဲသည် မဲလိမ်မဲခိုးမှုများ၊ မဲမသမာမှုများ၊ အတင်းအဓမ္မ အနိုင်ကျင့်ခြိမ်းခြောက်ထည့်ထားသည့်ကြိုတင်မဲများဖြင့် ပြောင်ကျကျ လိမ်လည် အနိုင်ယူသွားမှုမှာ ယိုသူမရှက် မြင်သူရှက်ပမာဖြစ်ခဲ့ရသည်မို့ မည်သူကမှ ရွေးကောက်ပွဲရလဒ်ကို အသိအမှတ်မပြုခဲ့ချေ။ သို့သော် စစ်အုပ်စုသည် မည်သူ့ကိုမျှ ဂရုမစိုက်ဘဲ အတုအယောင်ရွေးကောက်ပွဲဖြင့် အစိုးရဖွဲ့ပါကလည်း မြန်မာ့နိုင်ငံရေးသမိုင်းသည် ဆက်လက်အမှောင်ထုကျကာ ပြည်သူလူထု တရပ်လုံး ဒုက္ခပင်လယ်ဝေနေမည်မှာ မလွဲကေန်ပင်ဖြစ်သည်။

ထို့ကြောင့်လည်း ပြည်သူလူထုတရပ်လုံးက စစ်အစိုးရ၏ အတုအယောင်ရွေးကောက်ပွဲရလဒ်နှင့် မကြာမီ အစိုးရဖွဲ့မည့်သတင်းထက် နိုဝင်ဘာလ (၁၃) ရက်နေ့က ပြန်လည်လွတ်မြောက်လာသော ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်မှုသတင်းက ပြည်တွင်းပြည်ပ ကမ္ဘာ့ထိပ်တန်းသတင်းအဖြစ် လွှမ်းမိုးနေသည်မှာ သိသာလှပေသည်။

ထို့ကြောင့် လူထုရင်ထဲအသည်းထဲ၌ရှိနေသော ဒေါ်အောင်ဆန်းစုကြည်ကို ဖယ်ရှားပစ်ရန် နအဖစစ်အစိုးရ၏ ဆိုးညစ်သောအကြံမှာ အောင်မြင်ဖွယ်မရှိပေ။ အကြောင်းမှာ လူထုအပေါ် ဒေါ်အောင်ဆန်းစုကြည်ထားရှိသည့် စေတနာမျိုး စစ်ဗိုလ်ချုပ်များတွင် တရွေးသားမျှမရှိသဖြင့် လက်ရှိစစ်အစိုးရကို ပြည်သူတိုင်း အော့နှလုံးနာနေပေသည်မှာ မည်သူမှငြင်းမရပေ။

ဒေါ်အောင်ဆန်းစုကြည်က လူထုပေါ်ထားရှိသည့်စေတနာကို တခါက ဤသို့ ဖွင့်ဟခဲ့ဖူးသည်–

“ပြည်သူလူထုအတွက် ကျမအလိုချင်ဆုံးကတော့ စစ်မှန်တဲ့ လွတ်လပ်ခွင့်အောက်မှာ လုံလုံခြုံခြုံနေရဖို့နဲ့ စစ်မှန်တဲ့လုံခြုံမှုအောက်မှာ လွတ်လွတ်လပ်လပ် နေထိုင်နိုင်ဖို့ပါပဲ။ အကြောက်တရားကြီးစိုးမှု အနှောင်အဖွဲ့တွေကို ဖယ်ရှားနိုင်တဲ့လူထုအဖြစ် ကျမမြင်တွေ့လိုပါတယ်။ လွတ်လပ်တဲ့လူသားတွေအဖြစ် မြန်မာပြည်သူတွေ ခေါင်းမော့ရင်ကော့နေနိုင်တာကို ကျမမြင်တွေ့လိုပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်။ ကျမတို့အားလုံးအတွက် ပိုပြီးသာယာချမ်းမြေ့တဲ့၊ ပိုပြီးလုံခြုံမှုရှိတဲ့ လူ့ဘောင်တခုကို စည်းစည်းလုံးလုံး ပျော်ပျော်ရွှင်ရွှင် ကြိုးပမ်းတည်ဆောက်နေကြတာကို ကျမမြင်တွေ့လိုပါတယ်”

နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းအရဖြေရှင်းရန် ဒေါ်အောင်ဆန်းစုကြည်က တစိုက်မတ်မတ် မေတ္တာရပ်ခံခဲ့သော်လည်း စစ်အုပ်စုသည် သူရဲဘောကြောင်စွာ အမြဲဥပက္ခာပြုခဲ့သည်။ စစ်အစိုးရသည် လူ့အခွင့်အရေး ချိုးဖောက်မှုများ၊ အာဏာအလွဲသုံးစွဲမှုများ၊ မိမိနှင့် မိမိဆွေမျိုးကောင်းစားရေးအတွက် တိုင်းပြည်သယံဇာတနှင့် ဘဏ္ဍာငွေကြေးမြောက်မြားစွာကို ခိုးယူထားမှုများနှင့် ဆက်တိုက်မှားခဲ့သည့် အမှားများအပေါ် အပြစ်ပေး အရေးယူခံရမည်ကို အကြောက်ကြီး ကြောက်နေပေသည်။ အကြောက်တရားသည် မလုံခြုံသည့်စိတ်ဓါတ်ကြောင့်ဖြစ်ပွားခဲ့ရာ ယင်းတို့သည် ဘာတခုမှ တိုင်းပြည်နှင့် လူမျိုးအတွက် ကောင်းမှုမလုပ်ခဲ့သည့်အတွက် မိမိကိုယ်ကျင့်တရားကို မိမိ၏ လိပ်ပြာခုံရုံးတွင် အစစ်အဆေးမခံဝံ့ဘဲ အမြဲလိပ်ပြာမလုံဖြစ်ကာ လူထု၏ ပြန်လည်တုန့်ပြန်အရေးယူခံရမည်ကို အကြောက်ကြီး ကြောက်နေခြင်းပင်ဖြစ်သည်ဟု ဆိုရပေမည်။

သို့ကလို စစ်အစိုးရအား လူထုက အော့နှလုံးနာသလောက် ဒေါ်အောင်ဆန်းစုကြည်အား ပြည်သူတရပ်လုံးက ယုံကြည်လေးစားကာ အားကိုးနေသည်မှာ သူမ၏ ဉာဏ်အမြော်အမြင်ကြီးမားမှု၊ စိတ်ဓါတ်မြင့်မားမှု၊ တိုင်းပြည်နှင့်လူမျိုးအပေါ် မိမိကိုယ်ကျိုးစွန့်အနစ်နာခံမှုများကြောင့်ပင်ဖြစ်သည်။

ထို့ကြောင့် ဗိုလ်မှူးချုပ်ဟောင်းကျော်ဇော၏ သမီးဖြစ်သူ ဒေါက်တာလှကျော်ဇောက ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်၍ အင်တာဗျူးတခုတွင်–

“ဒေါ်အောင်ဆန်းစုကြည်မှာ အားကောင်းချက် တော်တော်များများ တွေ့ရပါတယ်၊ ပထမအချက်က မြန်မာနိုင်ငံ ပြည်သူတရပ်လုံးက အလွန်လေးစား ချစ်ခင်ကြည်ညိုတဲ့ မြန်မာ့လွတ်လပ်ရေးသူရဲကောင်းကြီး ဗိုလ်ချုပ်အောင်ဆန်းရဲ့သမီးအဖြစ် ဖခင်ရဲ့သြဇာအရှိန်ကို ရရှိလိုက်နိုင်မှုပါပဲ။

ဒုတိယအချက်က ဒေါ်အောင်ဆန်းစုကြည်ကိုယ်တိုင်ကလည်း ဖခင်နဲ့ ရုပ်ချင်း တူညီရုံမက စိတ်ဓာတ်အနေနဲ့လည်း အတော်တူညီတာကို တွေ့ရပါတယ်။ ပြည်သူတွေရဲ့လွတ်မြောက်မှု၊ ချမ်းသာကြွယ်ဝမှုတွေအတွက် အသက်ကိုပင်

www.burmeseclassic.com

www.burmeseclassic.com



ပေးရ၊ ပေးရ ပေးဆပ်ဖို့ အဆင်သင့်ရှိပြီး ပင်ပန်းဆင်းရဲဒုက္ခတွေကိုလည်း ခံနိုင်ရည်ရှိမှုပါပဲ။ သူ့ရဲ့စွန့်လွှတ်မှုတွေက ဒါတွေကို သက်သေပြနေပါတယ်။

တတိယအချက်က ဒေါ်အောင်ဆန်းစုကြည်ရဲ့ နိုင်ငံရေးလုပ်ဟန်တွေကိုကြည့်ရင် ဖခင်ဗိုလ်ချုပ်လိုပဲ နိုင်ငံရေးအကင်းပါးမှု၊ သဘောထားကြီးမှုစတာတွေကို တွေ့ရတဲ့အပြင် မြန်မာပြည်သူတွေကိုသာမက လူမျိုးစုတွေကိုပါ စည်းရုံးသိမ်းသွင်းနိုင်တာကို တွေ့ရပါတယ်။

ဒါကြောင့်ပဲ ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ မြန်မာနိုင်ငံရဲ့အနာဂတ်နိုင်ငံရေးလောကမှာ အလွန်အရေးကြီးတဲ့ ခေါင်းဆောင်မှုအခန်းက ပါဝင်နိုင်မယ်ဆိုတာ ကျမ ယုံကြည်ပါတယ်။

ဒေါ်အောင်ဆန်းစုကြည်အနေနဲ့ တခြားနိုင်ငံရေးသမားတွေ ရမထားတဲ့၊ ရဖို့လည်းမဖြစ်နိုင်တဲ့ နိုင်ငံတကာထောက်ခံမှုကို ကျယ်ကျယ်ဝန်းဝန်းရရှိထားမှုကလည်း ဒေါ်အောင်ဆန်းစုကြည်ကိုယ်စားပြုတဲ့ မြန်မာနိုင်ငံက ပြည်သူများအတွက် အင်အားတရပ်ပါပဲ။

အချုပ်ပြောရရင်တော့ စစ်အာဏာရှင်စနစ်ဆန့်ကျင်ရေးတိုက်ပွဲ သို့မဟုတ် (ဒေါ်အောင်ဆန်းစုကြည်စကားနဲ့ပြောရရင်) မြန်မာနိုင်ငံရဲ့ ဒုတိယအမျိုးသားလွတ်မြောက်ရေး လှုပ်ရှားမှုတိုက်ပွဲကြီးရဲ့ခေါင်းဆောင် မီးရှူးတန်ဆောင်အဖြစ် ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာပြည်သူတွေရရှိထားပြီး ဒီအတွက် မြန်မာပြည်သူတွေ အလွန်ကံကောင်းတယ်လို့ ပြောနိုင်ပါတယ်။။ ပြည်တွင်းပြည်ပထောက်ခံမှုနဲ့ ဒေါ်အောင်ဆန်းစုကြည်ဟာ မြန်မာပြည်သူတွေကို ဆင်းရဲခြင်းကင်းဝေးတဲ့၊ ချမ်းသာကြွယ်ဝတဲ့နိုင်ငံတော်သစ်ကြီးကို တည်ဆောက်နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်ရှင်”ဟု ပြောကြားခဲ့သည်။

★★★

www.burmeseclassic.com

www.burmeseclassic.com



## ဘမျိုးဘိုးတူ ဗိုလ်ချုပ်သမီး



ဒေါ်အောင်ဆန်းစုကြည် မိသားစု

သို့ကလို လူထုတရပ်လုံး၏ ကြည်ညိုလေးစားမှုနှင့် အားကိုးအားထား ပြုခြင်းခံရသော ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာ့လွတ်လပ်ရေးဗိသုကာနှင့် တပ်မတော်ဖခင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့မှ ၁၉၄၅ ခုနှစ် ဇွန်လ ၁၉ ရက်နေ့နံနက် ၃း ၃၅ နာရီတွင် ရန်ကုန်မြို့၌ ဖွားမြင်ခဲ့သည်။ မွေးချင်း ၄ ဦးအနက် တတိယမြောက်ဖြစ်ပြီး ဖခင်ဗိုလ်ချုပ်အောင်ဆန်းလုပ်ကြံခံရစဉ်က (၂) နှစ် သမီးအရွယ်သာ ရှိသေးသည်။

၁၉၄၉ ခုနှစ်မှ ၁၉၅၇ ခုနှစ်အထိ ရန်ကုန်မြို့စိန့်ဖရန့်စ်ကွန်ဗင့်ကျောင်းတွင် ပညာသင်ကြားခဲ့သည်။ ၁၉၅၀ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ ရန်ကုန်မြို့အင်္ဂလိပ်မက်သဒစ်ကွန်ဗင့်ကျောင်း (ယခု အထက ၁ ဒဂုံ) တွင် ဆက်လက်သင်ကြား ခဲ့သည်။

၁၉၆၀ပြည့်နှစ်တွင် မိခင်ဖြစ်သူဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာ နိုင်ငံသံအမတ်ကြီးအဖြစ် နိုင်ငံတော်ဝန်ကြီးချုပ်ဦးနု၏ ခန့်အပ်ခြင်းခံရသဖြင့် မိခင်နှင့်အတူ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ လိုက်ပါခဲ့သည်။ အိန္ဒိယနိုင်ငံတွင် ယေရှုနှင့်မေရီကွန်ဗင့်ကျောင်း (Convent of Jesus and Mary) နှင့် လေဒီရှယ်ရီ ရမ်ကောလိပ် (Lady Shri Ram College) တို့၌ ဆက်လက်ပညာသင်ကြား

www.burmeseclassic.com

www.burmeseclassic.com



သည်။

နယူးဒေလီမြို့သို့ မိခင်နှင့်အတူရောက်ရှိစဉ်က ဘဝအစိတ်အပိုင်းအချို့ကို ဘိလပ်ပြန်သန်းဟု လူသိများသော ဒိုရာသန်းအေးက “ကြောက်ရွံ့ခြင်းမှ လွတ်ကင်းရေး” အမည်ရှိ မြန်မာဘာသာဖြင့် ရေးသားထားသောစာအုပ်တွင် ဤသို့ ရေးသားဖော်ပြထားသည်။



“နယူးဒေလီမြို့သို့ မိခင်နှင့် အတူရောက်လာစဉ်က အောင်ဆန်းစုကြည်သည် ကျစ်ဆံမြီး တုတ်တုတ်ရှည်ရှည်ကြီးများနှင့် ၁၅ နှစ်အရွယ် ကလေးမလေးဖြစ်ပါသည်။ ယေရှုနှင့် မေရီကွန်ဗင့်ကျောင်းနှင့် လေဒီရှယ်ရီရမ်ကောလိပ်တို့၌ ဆက်လက်ပညာသင်ပါသည်။ ထိုအချိန်မှစ၍ သူမ၏ အိန္ဒိယမိတ်ဆွေ အသိုင်းအဝန်းမှာ ကျယ်ပြန့်လာပါသည်။ မဟတ္တမဂန္ဒီနှင့် ဂျဝါဟာလာနေရူးတို့၏ တိုင်းပြည်ကို စူးစမ်းလေ့လာနားလည်နိုင်ရန် အောင်ဆန်းစုကြည်အဖို့ အခွင့်ကောင်းဖြစ်ပါသည်။ အောင်ဆန်းစုကြည်၏ ဖခင်လည်း ဤတိုင်းပြည်ကိုရောက်ဖူးပြီး နေရူးနှင့်တွေ့ဆုံဆွေးနွေးကာ ရင်းနှီးခင်မင်သော နားလည်မှု ရရှိခဲ့ပါသည်။ အောင်ဆန်းစုကြည်၏မိခင် သံအမတ်ကြီးခန့်အပ်ခြင်းခံရချိန်က နေရူးသည် ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ဆဲဖြစ်ပါသည်။

အောင်ဆန်းစုကြည် အတွေ့အကြုံဗဟုသုတ ကျယ်ပြန့်စေရန် မိခင်ဒေါ်ခင်ကြည်စီစဉ်ပေးသောကိစ္စများအနက် အေကီဗိုင်းနားခေါ် ဂျပန်ပန်းအလှပြင်နည်း၊ အနုပညာဘာသာရပ်များလေ့လာခြင်းနှင့် မြင်းစီးသင်ခြင်းတို့ပါဝင်သည်။ အိန္ဒိယနိုင်ငံသမ္မတကြီး၏ ကိုယ်ရံတော်တပ်ဖွဲ့လေ့ကျင့်ရာ မြင်းစီးကွင်း၌ အိန္ဒိယအရာရှိကြီးများ၏ သားသမီးများ၊ နိုင်ငံတကာသံတမန်များ၏ သားသမီးများနှင့် ပန်ဒစ်နေရူး၏မြေး အင်ဒီရာဂန္ဒီ၏ သားဖြစ်သူ ဆန်ဂျေးဂန္ဒီတို့နှင့် အောင်ဆန်းစုကြည် တွေ့ဆုံလေ့ရှိပါသည်။ အမှတ် ၂၄ အက္ကဘာလမ်း (No.24 Akbar Road) ရှိနေအိမ်တွင် စန္ဒယားဆက်သင်ရပါသည်။ ထို သံအမတ် နေအိမ်သည် ကြီးမား၍ အလွန်ခမ်းနားတင့်တယ်သော ပန်းဥယျာဉ်ပျိုးထား

www.burmeseclassic.com

www.burmeseclassic.com



သည့် ခြံဝင်းကျယ်ကြီးအတွင်း တည်ရှိပါသည်။ အဆင့်မြင့်ဆုံးအိန္ဒိယ အရာရှိကြီးများအတွက် သတ်မှတ်ထားသောအိမ်မျိုးဖြစ်ပြီး အစိုးရက ဗြိတိသျှလက်ထက်ကကဲ့သို့ လှပကောင်းမွန်စွာ ထိန်းသိမ်းထားပါသည်။ ဒေါ်ခင်ကြည်ကို အထူးလေးစားသောအားဖြင့် ထိုနေအိမ်ကို ပေးထားခြင်းဖြစ်သည်။

အောင်ဆန်းစုကြည် အထူးနှစ်သက်မက်မောသော ဝါသနာတရပ်မှာ စာဖတ်ခြင်းပင်ဖြစ်သည်။ သူမ၏ စာအုပ်စာပေမြတ်နိုးမှုကို အားပေးခဲ့သော ဝန်ကြီးချုပ်ဦးနု၏ (စီးပွားရေးအကြံပေးပုဂ္ဂိုလ် ဦးအုန်း ၁၉၃၁–၁၉၈၁) ကို အောင်ဆန်းစုကြည်က အစဉ်လေးစား ချစ်ခင်ကျေးဇူးတင်ကြောင်း မကြာခဏပြောပြလေ့ရှိသည်။ တောင်ငူဇာတိဖွားဦးအုန်းသည် ရန်ကုန်တက္ကသိုလ်တွင် ပညာဆည်းပူး၍ တဖက်မှ ပညာသင်ရင်း မြန်မာ့အလင်းသတင်းစာတိုက်တွင် သတင်းထောက်အဖြစ်လုပ်ကိုင်ခဲ့သော သတင်းစာဆရာတဦးလည်းဖြစ်သည်။ သူသည် ၁၉၃၄ ခုနှစ်တွင် ဝိဇ္ဇာဘွဲ့ရရှိပြီး ဥပဒေဝိဇ္ဇာဘွဲ့အတွက် ရန်ကုန်တက္ကသိုလ်တွင် ဆက်လက်ပညာဆည်းပူးရင်း တက္ကသိုလ်သမဂ္ဂတွင် ဘဏ္ဍာရေးမှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ၁၉၃၆ တွင် တက္ကသိုလ်သမဂ္ဂသပိတ်တိုက်ပွဲနှင့်ကြုံခဲ့ပြီးနောက် ဥပဒေစာမေးပွဲကို မဖြေဖြစ်ခဲ့တော့ပေ။ တက္ကသိုလ်သပိတ်အပြီးတွင် ပညာတော်သင်အဖြစ် အရွေးခံရပြီး အင်္ဂလန်ပြည် လိဒ်တက္ကသိုလ်တွင် လူမှုဝန်ထမ်းပညာရပ် သင်ကြားခွင့်ရခဲ့သည်။ ထို့နောက် မြန်မာနိုင်ငံသို့မပြန်တော့ပဲ ပညာရေးဘွဲ့ကို ဆက်လက်ဆည်းပူးသည်။ အင်္ဂလန်ပြည်တွင်နေထိုင်စဉ်အတွင်း မြန်မာနိုင်ငံမှ လွတ်လပ်ရေးအတွက် အရေးဆိုရန်လာရောက်ကြသော ဗိုလ်ချုပ်အောင်ဆန်း အမှူးပြုသော ကိုယ်စားလှယ်အဖွဲ့အား အကူအညီများစွာပေးခဲ့သည်။

၁၉၄၈ တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိပြီး ကူးသန်းရောင်းဝယ်ရေးနှင့် သမဝါယမဝန်ကြီးအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၄၉ တွင် မြန်မာနိုင်ငံ၏ ပထမဆုံး ဗြိတိန်နိုင်ငံဆိုင်ရာ မြန်မာနိုင်ငံသံအမတ်ကြီးအဖြစ် တာဝန်ပေးခြင်းခံရသည်။ ၁၉၅၅ ခုနှစ်တွင် ဆိုဗီယက်ပြည်ထောင်စုဆိုင်ရာ မြန်မာနိုင်ငံ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော သံအမတ်ကြီးအဖြစ် ပြောင်းရွှေ့တာဝန်ထမ်းခဲ့သူဖြစ်သည်။

ဦးအုန်းသည် စာပေဝါသနာထုံသူလည်းဖြစ်ရာ အောင်ဆန်းစုကြည်အား

www.burmeseclassic.com

www.burmeseclassic.com



ဖတ်သင့်ဖတ်ထိုက်သည့် မြန်မာနှင့် အင်္ဂလိပ်စာအုပ်စာရင်းရှည်ကြီးများ ဦးစွာပေးသူများအနက် တဦးအပါအဝင်ဖြစ်သည်။ အောင်ဆန်းစုကြည်၏ အသိပညာ အတွေးအခေါ်ပိုင်း ဖွံ့ဖြိုးတိုးတက်မှုကို ပို၍သတိပြုမိပြီး စိတ်ဝင်စားခဲ့သူမှာ တချိန်က နာမည်ကြီးခဲ့သော ရန်ကုန်တက္ကသိုလ်သမဂ္ဂ၏ အိုးဝေမဂ္ဂဇင်း အယ်ဒီတာအဖွဲ့ဝင်နှင့် အောင်ဆန်းစုကြည်၏ဖခင် ဗိုလ်ချုပ်အောင်ဆန်းနှင့် အတူ တက္ကသိုလ်ကျောင်းနေဖတ် ဦးညိုမြ (၁၉၁၄–၁၉၈၅) ပင် ဖြစ်သည်။ နောက်ပိုင်းတွင် ဦးညိုမြသည် စာနယ်ဇင်းလောကတွင် အလွန်နာမည်ကြီးခဲ့သော စာအုပ်များစွာကို ရေးသားခဲ့သည့် စာရေးဆရာတဦးဖြစ်လာပါသည်။ သူက တခြားသူများထက်ပင်ပိုပြီး အောင်ဆန်းစုကြည်ဖတ်ရန် အင်္ဂလိပ်နှင့် မြန်မာစာအုပ်ပေါင်းများစွာကို လမ်းညွှန်ပေးခဲ့သည်။ ဦးညိုမြလက်ဆောင်ပေးခဲ့သော အလွန်အဖိုးတန်သည့် ဟားဗတ်ဂန္ထဝင်စာအုပ်တွဲတစုံလုံး (Harvart Classic) ကို အလွန်တန်ဖိုးထားပြီး မကြာခဏဖတ်ခဲ့ကြောင်းလည်း အောင်ဆန်းစုကြည်က ယနေ့တိုင် သတိတရရှိနေပါသည်။ ဤစာအုပ်များဖြင့် အောင်ဆန်းစုကြည်သည် စာပေလောကတံခါးကို ဖွင့်လှစ်နိုင်ခဲ့သည်။ အောင်ဆန်းစုကြည်၏ စာဖတ်ဝါသနာမှာ အိန္ဒိယမရောက်ခင်ကပင် အမြစ်တွယ်ပြီး ဖြစ်ပါသည်။

နယူးဒေလီမြို့ဆင်ခြေဖုန်းအစွန်အဖျားရှိ မေရော်လီ (Mehrauli) ရပ်ကွက်တွင် ဂရုတစိုက်ထိန်းသိမ်းထားနိုင်ခြင်းမရှိသည်မှာကြာပြီဖြစ်၍ ပျက်စီးယိုယွင်းနေသည့် အာသောကဝိဟာရအမည်တွင်သော ဗုဒ္ဓဘာသာဌာနတခုရှိသည်။ ထိုဌာန ပြန်လည်ရှင်သန်လာနိုင်စေရန် ဒေလီရှိဗုဒ္ဓဘာသာဝင်များ၊ အထူးသဖြင့် ဗုဒ္ဓဘာသာ ကိုးကွယ်သောနိုင်ငံများမှ သံအမတ်များ၏ အကူအညီကို ဒေါ်ခင်ကြည်ရယူခဲ့ပါသည်။ ဤလုပ်ဆောင်မှုကြောင့် ဒေလီရှိ ဗုဒ္ဓဘာသာဝင်များနှင့် အိန္ဒိယနိုင်ငံ အခြားဒေသများမှ ဗုဒ္ဓဘာသာဝင်အချို့အတွက် ပြန်လည်အသက်ဝင်လာပြီးဖြစ်သော အာသောကဝိဟာရသည် နှစ်စဉ်ကျရောက်သော ဗုဒ္ဓဘာသာပွဲတော်ကြီးများကျင်းပရာ၊ ဘုရားဝတ်ပြုရာ၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းရာဌာန ဖြစ်လာပါသည်။

ဒေါ်ခင်ကြည်သည် မြန်မာ၊ ထိုင်း၊ ကမ္ဘောဒီးယားနိုင်ငံသား ဗုဒ္ဓဘာသာဘုန်းတော်ကြီးများအား မှန်မှန်ပင့်ဖိတ် ဆွမ်းကပ်တရားနာလေ့ရှိ၏။ အောင်

www.burmeseclassic.com

www.burmeseclassic.com



ဆန်းစုကြည်၏အစ်ကို အောင်ဆန်းဦးလည်း ကျောင်းပိတ်ရက်များအတွင်း အင်္ဂလန်မှရောက်လာသောအခါ ဤကိစ္စများတွင် ပါဝင်ဆောင်ရွက်ပါသည်။ အမေနှင့်သမီးကို မြန်မာများ ချစ်ခင်လေးစားသည့်အတိုင်း ဒေါ်ခင်ကြည်၏ လုပ်ဖော်ကိုင်ဖက်သံတမန်များနှင့် ပန်ဒစ်နေရူးမှအစချီ၍ အိန္ဒိယအစိုးရအဖွဲ့ ဝင်အပေါင်းတို့ကလည်း ချစ်ခင်လေးစားကြပါသည်။ အိန္ဒိယတွင် ရရှိခဲ့သော အတွေ့အကြုံများသည် အောင်ဆန်းစုကြည်အတွက် အင်မတန်အရေးပါ စိတ်အားထက်သန်ဖွယ်ရာ ဖြစ်ခဲ့ပါသည်။ ယခုတိုင် သူမသည် အိန္ဒိယနိုင်ငံအပေါ် ထားရှိသော မေတ္တာနှင့် သံယောဇဉ်တို့မှာ ခိုင်မာလျက်ရှိပါသည်။


ဒေါ်ခင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်

ထိုအချိန်က ဒေလီရှိ ဗြိတိသျှမဟာမင်းကြီးမှာ ဆာပေါလ်ဂိုးဘုသ် (Sir Paul Gore Booth) (နောင်အခါ လော့ဒ်ဘွဲ့ ရ) ဖြစ်ပါသည်။ ယခင် မြန်မာနိုင်ငံတွင် သံအမတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့စဉ်က သူနှင့် သူ၏ဇနီး ပက်ထရီရှာ (Patricia) တို့သည် ဒေါ်ခင်ကြည်နှင့် ကောင်းစွာ သိကျွမ်းခဲ့၏။ ထိုခင်မင်ရင်းနှီးမှုမှာ အိန္ဒိယ၌ ပြန်လည်ဆန်းသစ် ရှင်သန်လာပါသည်။ သို့နှင့် အောင်ဆန်းစုကြည် အောက်စဖို့ဒ်တက္ကသိုလ်သို့ ပညာသင်ရန်သွားသောအခါ ပေါလ်နှင့် ပက်ထရီရှာတို့က မိဘကိုယ်စားစောင့်ရှောက်ရန် တာဝန်ယူခဲ့၏။ အောင်ဆန်းစုကြည်သည် သူတို့၏ မိသားစုဝင်တဦးကဲ့သို့ သူတို့သားနှစ်ယောက်နှင့် သမီးနှစ်ယောက်တို့၏ ညီမရင်းချာတဦးကဲ့သို့ ဖြစ်လာပါသည်။ ထိုမိသားစုအိမ်တွင်ပင် ၄င်းတို့၏မိတ်ဆွေများအပြင် ၄င်းတို့ဖိတ်ကြားဧည့်ခံသော နိုင်ငံရေးသမားများနှင့် အစိုးရအရာရှိများကို အောင်ဆန်းစုကြည် သိကျွမ်းခွင့်ရခဲ့ပါသည်။ ထိုပုဂ္ဂိုလ်များ၏ အသွင်အပြင်၊ အမူအကျင့်၊ အပြောအဆိုနှင့် ထူးခြားသော ဓလေ့စရိုက်ကလေးများကို အောင်ဆန်းစုကြည် စိတ်ဝင်စားစွာ လေ့လာခဲ့၏။ ထိုပုဂ္ဂိုလ်များမှာ သူ

www.burmeseclassic.com

www.burmeseclassic.com



ကျွမ်းဝင်ရတော့မည့် ကျယ်ဝန်းလှသော ကမ္ဘာလောကမှ ပုဂ္ဂိုလ်များပင် မဟုတ်ပါလော။

နွေရာသီကျောင်းပိတ်ရက်များအတွင်း အောင်ဆန်းစုကြည်သည် မိခင်ရှိရာ နယူးဒေလီသို့ ပြန်လေ့ရှိ၏။ သို့သော် တနှစ်တွင် ကျမရှိရာ အယ်ဂျီးရီးယားမြို့ (Algiers) သို့လာနေပါသည်။ ကျမသည် နယူးဒေလီ ကုလသမဂ္ဂပြန်ကြားရေးဌာနမှ အယ်ဂျီရီးယားနိုင်ငံ၊ အယ်ဂျာရီးယား (Algeria) မြို့တော်သို့ပြောင်းရွှေ့ကာ အလားတူဌာနတခုဖွင့်ရန် တာဝန်ပေးခြင်းခံရပါသည်။ အယ်ဂျီးရီယားသည် ၁၉၆၂ ခုနှစ်တွင် ချားလ်ဒီဂေါလ် (Charles de Gaulle) အစိုးရနှင့် အေဗီယန်စာချုပ် (Treaty of Evian) ကို လက်မှတ်ထိုးပြီး လွတ်လပ်ရေးရခဲ့သည်မှာ မကြာသေးပါ။ ပြင်သစ်ထံမှ လွတ်လပ်ရေးရရန် ရှစ်နှစ်ကြာ ရုန်းကန်မှုနောက်ပိုင်း တဖြေးဖြေးနာလန်ထူဆဲနိုင်ငံဖြစ်ပါသည်။ ထို့ကြောင့် အယ်ဂျီးရီးယားမြို့တွင် နေရာထိုင်ခင်း အလွန်ရှားပါးနေခြင်း၊ ပျက်စီးယိုယွင်းနေသောရပ်ကွက်များ ပေါများနေခြင်း၊ အခြေအနေကောင်းမွန်သောဟိုတယ်များ နည်းပါးနေခြင်းနှင့် ဝန်ဆောင်မှုလုပ်ငန်းများ လွန်စွာမှ ကန့်သတ်ထားခြင်းတို့မှာ အံ့သြဖွယ်ရာမဟုတ်ပါ။

ဖွင့်လှစ်စ သံရုံးများ၊ ကုလသမဂ္ဂရုံးများနှင့် ဝင်ရောက်လာဆဲ စီးပွားရေးလုပ်ငန်းများသာမက အယ်ဂျီးရီးယန်းလူမျိုးများကပါ အိမ်နေရာများနှင့် လုပ်ငန်းခွင်နေရာများရနိုင်ရန် သဲသဲမဲမဲ လုံးပမ်းရှာဖွေနေရပါသည်။ အယ်ဂျီးရီးယားတွင် အချိန်ကြာမြင့်စွာ အခြေချနေထိုင်ခဲ့သော ပြင်သစ်လူမျိုး မြောက်များစွာမှာ တိုင်းပြည်မှ ထွက်ခွာသွားကြပြီ ဖြစ်သော်လည်း အခြားလူသစ်များမှာ ဝင်လာမစဲဖြစ်ပါသည်။ ထိုသူများမှာ စစ်မှုထမ်းမည့်အစား ပရဟိတ လုပ်ငန်းအမျိုးမျိုးတို့တွင် ဝင်ရောက်တာဝန်ထမ်းဆောင်ရန် ရွေးချယ်သော ပြင်သစ်အမျိုးသားလူငယ်များ၊ ကျောင်းဆရာဆရာမများ၊ ထောက်ပံ့ရေးစီမံကိန်း အလုပ်သမားများနှင့် အလည်အပတ်သက်သက်လာသူများ ဖြစ်ကြပါသည်။

အောင်ဆန်းစုကြည် ရောက်ရှိလာချိန်တွင် ဟွာရီဘူမီဒီယန် (Houari Boumedirre) က အာမက်ဘင်ဘဲလား (Ahmed Ben Bella) အား စိန်မှုနာထားလောက်အောင် သွေးထွက်သံယိုမှုကင်းမဲ့သော အာဏာသိမ်းပွဲပြုလုပ်ကာ ဖြုတ်ချပြီး ရက်အနည်းငယ်အတွင်းဖြစ်ပါသည်။ ဖိတ်ကြားခံရသော ဧည့်ခံ

www.burmeseclassic.com

www.burmeseclassic.com



ပွဲများစွာသို့ သွားရမည်ထက် အောင်ဆန်းစုကြည်က အယ်ဂျီးရီးယန်းလူမျိုးများနှင့် တွေ့ဆုံကာ ၄င်းတို့တိုင်းပြည်အတွင်း ဖြစ်ပျက်နေသမျှကိုလေ့လာရန် ပိုမို၍ စိတ်အားထက်သန်ပါသည်။ အောင်ဆန်းစုကြည်မှာ ဖတ်ရှုကျက်မှတ်ရန် စာအုပ်တသေတ္တာလည်း ပါလာပါသည်။ နှစ်ပေါင်းများစွာ လွတ်လပ်ရေးရုန်းကန်မှု၏ဒဏ်ကို ခံခဲ့ရသူများအား ကူညီထောက်ပံ့ရန် စီမံကိန်းများကို ကွပ်ကဲနေသောအဖွဲ့အစည်းတခုနှင့် ကျမတို့ဆက်သွယ်ပါသည်။ စီမံကိန်း တရပ်၏ တာဝန် ခံဖြစ်သူ လူငယ်တဦးလာရောက်၍ ၄င်းတို့လုပ်ငန်းအကြောင်း ရှင်းပြပါသည်။ လွတ်လပ်ရေးတိုက်ပွဲတွင် ကျဆုံးခဲ့သောရဲဘော်များ၏ ကျန်ရစ်သူဇနီးများအတွက် နေအိမ်များဆောက်လုပ်နေကြရာ အယ်ဂျီးရီးယန်းလူမျိုးများသာမက နိုင်ငံတကာမှ လူငယ်များပါ ဝင်ရောက်ကူညီရန် ဖိတ်ခေါ်ကြို ဆိုကြောင်း ပြောပြပါသည်။ အောင်ဆန်းစုကြည်လည်း ထိုဆောက်လုပ်ရေးစခန်းတွင် ရက်သတ္တပတ် အတော်ကြာ သွားရောက်နေထိုင်ကာ လုပ်အားပေးခဲ့ပါသည်။ သွန်သင်ကြီးကြပ်သူမှာ ရုရှားလူမျိုးဖြစ်ပြီး လုပ်ဖော်ကိုင်ဖက်များမှာ အယ်ဂျီးရီးယား၊ ပြင်သစ်၊ လက်ဗနွန်၊ နယ်သာလန်နှင့် ဂျာမနီစသော တိုင်းပြည်များမှ လူငယ်များဖြစ်ပါသည်။ အစားအသောက်နှင့် နေရာထိုင်ခင်းပေးသော်လည်း လုပ်ခမပေးပါ။

အောင်ဆန်းစုကြည်၏ မိတ်ဆွေများသည် သူမအား ကာဗီးလီး (Kabyle) တောင်တန်းများသို့ လက်ထက်မင်္ဂလာတပွဲ တက်ရောက်ကြည့်ရှုရန် ခေါ်သွားဖူးသည်။ ကျမတို့နှစ်ဦးအတူတူ ဆာဟာရသဲကန္တာရအစပ်ရှိ မြို့လေးတမြို့တိုင်အောင်လည်း ခရီးရှည်ထွက်ခဲ့ပါသည်။ နွေရာသီအပူရှိန် ပြင်းထန်လွန်းလှသဖြင့် ထိုထက်လွန်၍ မသွားနိုင်ခဲ့ပါ။ နောက်အလည်အပတ် ခရီးတရပ်အနေနဲ့ ရောမခေတ်က ဆောက်လုပ်ခဲ့သော မြို့ပျက်ကြီးရှိရာသို့ သွားခဲ့၏။ ထိုမြို့ပျက်တွင်းရှိ လဟာပြင်ဇာတ်ရုံကြီး၏ ကျောက်ပြားခင်းထားသော တလင်းပြင်ပေါ်တွင် ဘင်ဘဲလား၏ သစ္စာခံတပ်များက "ဘင်ဘဲလား သက်တော်ရှည်ပါစေ" ဟူသော စာလုံးကြီးများဖြင့် ရေးထားပါသည်။ အောင်ဆန်းစုကြည် မော်ရိုကိုသို့ခရီးထွက်ခဲ့ပြီး စပိန်နိုင်ငံတောင်ဘက်ကမ်းခြေကိုလည်း ခြေချမိသည်ဆိုသလောက် ရောက်ခဲ့ပါသည်။ ထို့နောက် ကျောင်းစာပြန်ကျက်ပြီး ကျောင်းပိတ်ရက်အဆုံးတွင် အောက်စဖို့ဒ်သို့ ပြန်သွားနိုင်ခဲ့ပါသည်။"ဟူ၍

www.burmeseclassic.com

www.burmeseclassic.com





ဒေါ်အောင်ဆန်းစုကြည်
အောက်စဖို့တက္ကသိုလ်၌ ပညာသင်ကြားစဉ်

ရေးသားဖော်ပြထားလေသည်။

၁၉၆၂–၆၃ ခုနှစ်များတွင် ဒေါ်အောင်ဆန်းစုကြည်သည် ဒေလီတက္ကသိုလ်၌ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို လေ့လာဆည်းပူးခဲ့သည်။ ၁၉၆၄ ခုနှစ်မှ ၁၉၆၇ ခုနှစ်အတွင်း အောက်စဖို့ဒ်တက္ကသိုလ်ရှိ ဟူးစ်ကောလိပ်၌ ဒဿနဗေဒ၊ နိုင်ငံရေးသိပ္ပံနှင့် စီးပွားရေးပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး ဝိဇ္ဇာဂုဏ်ထူး (B.A Honour) ဘွဲ့ကိုရရှိခဲ့သည်၊ ဘွဲ့ရရှိ ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်သည် လပိုင်းမျှ ဟူးစ်ကောလိပ်တွင် စာသင်ကြားပို့ချသည်။ ယင်းနောက် သမိုင်းသုတေသီ ဟယူးတင်ကာ (Hugh Tinker) နှင့်အတူ သုတေသနလုပ်ငန်းတို့ ဆောင်ရွက်ခဲ့သည်။ ၁၉၆၈ ခုနှစ်တွင် လန်ဒန်တက္ကသိုလ် အရှေ့ပိုင်းနှင့် အာဖရိက လေ့လာရေးဌာန၊ နိုင်ငံရေးသိပ္ပံဌာန၌ သုတေသန လက်ထောက်အဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။

ထို့နောက် အမေရိကန်ပြည်ထောင်စု နယူးယောက်၌နေထိုင်လျက်ရှိသော ဘိလပ်ပြန်သန်းနှင့်အတူနေထိုင်ရန် နယူးယောက်မြို့သို့ ရောက်ရှိခဲ့သည်။ ဘိလပ်ပြန်သန်း ခေါ် ဒိုရာသန်းအေးသည် အယ်ဂျီးရီးယားတွင် (၄) နှစ်တာမျှ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ကုလသမဂ္ဂဌာနချုပ်သို့ ပြန်လည်ရောက်ရှိနေချိန်ဖြစ်သည်။ ဘိလပ်ပြန်သန်းနှင့် မိသားစုပမာရင်းနှီးနေသော ဖရန့်ထရေဂါ (Frank Trager) က ၄င်း နိုင်ငံတကာ ဆက်ဆံရေးဘာသာရပ်ပါမောက္ခအဖြစ်ဆောင်ရွက်နေသော နယူးယောက်တက္ကသိုလ်၌ ဒေါ်အောင်ဆန်းစုကြည် ဘွဲ့လွန်သင်တန်းတက်ရန် ကူညီစီစဉ်ပေးခဲ့သည်။ ပါမောက္ခ ထရေဂါသည် အမေရိကန်အစိုးရ၏ ထောက်ပံ့ရေးအစီစဉ်ဖြင့် မြန်မာပြည်တွင် နှစ်အတော်ကြာ နေထိုင်ခဲ့ဖူးသည်။ သူသည် အရှေ့တောင်အာရှနှင့် အရှေ့ဖျားနိုင်ငံများတွင် ကျယ်ပြန့်စွာ ခရီးလှည့်လည်ဖူးကာ ထိုဒေသများ၏ ကိစ္စအဝဝတို့တွင် စိတ်ဝင်စားသူတဦး ဖြစ်ပါသည်။ ထိုရေးသားခဲ့သော “ဗားမား

www.burmeseclassic.com

www.burmeseclassic.com



ပဒေသရာဇ်နိုင်ငံမှ သမ္မတနိုင်ငံသို့” အမည်ရှိစာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်မှာ မကြာမြင့်သေးချေ။ သူသည် ဒေါ်အောင်ဆန်းစုကြည်၏ တိုးတက်မှုကို ဂရုတစိုက်လေ့လာ၍ လိုအပ်သည်များကို ကူညီပံ့ပိုးပေးခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့် ဘိလပ်ပြန်သန်းတို့နေထိုင်ရာ မန်ဟက်တင်မှ နယူးယောက်တက္ကသိုလ်သို့သွားရသော ဘတ်စ်ကားခရီးမှာ အတော်အတန် အလှမ်းဝေးပြီး ကားမူးတတ်သော ဒေါ်အောင်ဆန်းစုကြည်အတွက် ပင်ပန်းခက်ခဲပါသည်။ ဘတ်စ်ကားမှတ်တိုင်မှ ပန်းခြံတခုကိုဖြတ်ပြီး ဝါရှင်တန်ရင်ပြင် (Washington Square) သို့ သင်တန်းတက်ရန် ဒေါ်အောင်ဆန်းစုကြည်သွားရသောလမ်း၌ ကျက်စားလေ့ရှိသော လမ်းသရဲ လူရမ်းကားတို့၏ အန္တရာယ်ကလည်း ရှိသေးသည်။ သို့သော် ဒေါ်အောင်ဆန်းစုကြည်တို့နေအိမ်မှ ကုလသမဂ္ဂရုံးကိုမူ ၆ မိနစ်ခန့် လမ်းလျှောက်ရုံဖြင့် ရောက်နိုင်ပေသည်။

ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂတွင် အလုပ်ဝင်ပြီးနောက်မှ ပညာဆက်လက်သင်ကြားရန် စိတ်ကူးပေါ်သည်။ အလုပ်လျှောက်လွှာများ၊ ထောက်ခံစာများ၊ တွေ့ဆုံမေးမြန်းခြင်းများနှင့် ဖြစ်ရိုးဖြစ်စဉ်ကြန့်ကြာမှုနှင့် အခက်အခဲများကို ကျော်လွှားပြီးသောအခါ ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ၌ အလုပ်ရရှိသွားသည်။ ကုလသမဂ္ဂ၌ ၂ နှစ်မျှ ထမ်းရွက်ခဲ့ပြီးနောက် အထွေထွေအတွင်းရေးမှူးချုပ်ရုံး အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များ အကြံပေးကော်မတီတွင် လက်ထောက်အတွင်းရေးမှူးအဖြစ်တာဝန်ထမ်းဆောင်ခွင့် ရရှိခဲ့သည်။

အဆိုပါဌာနမှ ကော်မတီဝင်များသည် မိမိတို့နိုင်ငံများ၏ ကိုယ်စားလှယ်များအဖြစ် ခန့်အပ်ထားရခြင်းမဟုတ်ဘဲ ဘဏ္ဍာရေးဆိုင်ရာကိစ္စများတွင် ကျွမ်းကျင်သူများအဖြစ် ခန့်အပ်ခြင်းခံရသူများဖြစ်ပါသည်။ ကုလသမဂ္ဂနှင့် အရန်အဖွဲ့အစည်းများအားလုံးအပြင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ စားနပ်ရိက္ခာနှင့် လယ်ယာစိုက်ပျိုးရေးအဖွဲ့များကဲ့သို့သော အထူးအေဂျင်စီများ၏ စီမံကိန်းအစီအစဉ်များနှင့် ဘတ်ဂျတ်များကို ထိုကော်မတီက လေ့လာမှတ်ချက်ချ ပြင်ဆင်ပြီး သဘောတူညီမှုရရန် တင်ပြရပေသည်။ အလုပ်မှာ ခက်ခဲသော်လည်း ကုလသမဂ္ဂလုပ်ငန်းများ၏ ကုန်ကျစရိတ်ကို အသေးစိတ်စိစစ်ရခြင်းနှင့် ထူးချွန်ထက်မြက်သောအဖွဲ့ဝင်များတို့ကြောင့် စိတ်ဝင်စားဖွယ်ကောင်းပေသည်။ ထို

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့ဝင်များနှင့် ဒေါ်အောင်ဆန်းစုကြည်သည် ကောင်းစွာသိကျွမ်းလာခဲ့သည်။

ကုလသမဂ္ဂဝန်ထမ်းများသည် ညနေပိုင်းနှင့် သီတင်းပတ်ကုန်ပိုင်း အားလပ်ချိန်များတွင် လုပ်အားပေးလေ့ရှိကြသည်။

ဒေါ်အောင်ဆန်းစုကြည်နေထိုင်သော မန်ဟက်တင်ရှိအိမ်နှင့် သိပ်မဝေးလှသောနေရာတွင် နယူးယောက်ဆေးရုံကြီးမှ ဖွင့်လှစ်ထားသော ဘဲလီဗယူး (Belleview) ဂေဟာ၌ မြို့ကြီးရှိအဆင်းရဲဆုံး၊ ဆေးကုသ၍မရသော ရောဂါစွဲကပ်နေသူများနှင့် ခိုကိုးရာမဲ့များကို ထိန်းသိမ်းစောင့်ရှောက်ထားသည်။ ဘဝကို ရင်မဆိုင်နိုင်တော့ဘဲ ကိုယ်စိတ်နှစ်ဖြာ ပြိုလဲလုမတတ်ဖြစ်နေသူများကို ထိုဆေးရုံသို့ခေါ်လာလေ့ရှိသည်။ မြန်မာများအား စာဖတ်ပြပေးရန်၊ အဖော်ပြုရန် အစီစဉ်များတွင်ပါဝင်ရန် လုပ်အားပေး အမျိုးသမီး၊ အမျိုးသား အမြဲအလိုရှိနေသည်။ ထိုအစီစဉ်တွင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်၍ အပတ်စဉ်နာရီပေါင်းများစွာ လုပ်အားပေးခဲ့သည်။

ဤသည်တို့ကား ဒေါ်အောင်ဆန်းစုကြည်သည် မိခင်ဒေါ်ခင်ကြည်၏ ပရဟိတလုပ်ငန်းကို အမွေဆက်ခံခြင်းပင်ဖြစ်သည်။

ထိုစဉ်က မြန်မာနိုင်ငံမှ ဦးသန့်သည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူး တာဝန်ထမ်းဆောင်နေချိန်ဖြစ်ပါသည်။ ဟဒ်စင်မြစ်ကိုလှမ်း၍ မြင်ရသောသူ၏အိမ်ကြီးသည် ရီးဗားဒေးလ် (River-dale) အရပ်တွင်ရှိပြီး ဒေါ်စုအိမ်မှ ကားနှင့် တစ်နာရီခန့်သွားရပါသည်။ ဦးသန့်အိမ်၌ တည်ခင်းကျင်းပသော တနင်္ဂနွေနေ့ထမင်းစားပွဲများမှာ ဒေါ်စုအဖို့ အလွန်စိတ်ရွှင်လန်းဖွယ်ရာများဖြစ်ခဲ့ပါသည်။ အခြားဦးသန့်၏ မိတ်ဆွေများလည်း လာရောက်ကြပြီး မြန်မာလူမျိုးတို့အကြိုက်တွေ့စေမည့် မြန်မာဟင်းလျာများနှင့် မြန်မာအစားအစာမျိုးစုံကို တည်ခင်းကျွေးမွေးလေ့ရှိသည်။ ဦးသန့်၏ မြေးတဦးဦး၏ မွေးနေ့ကဲ့သို့သော အထူးဧည့်ခံပွဲများ၌ မြန်မာများအပြင် နိုင်ငံတကာမှ ကုလသမဂ္ဂအမြဲတမ်းကိုယ်စားလှယ်များကိုပါ ဖိတ်ကြားဧည့်ခံတတ်သည်။

မြန်မာနိုင်ငံမှ ကုလသမဂ္ဂအမြဲတမ်းသံကိုယ်စားလှယ်ဦးစိုးတင်၏ ဖိတ်ကြားဧည့်ခံပုံများမှာမူ အနည်းငယ်ကွာခြားပါသည်။ သူသည် ရီးဗားဒေးလ်၌ပင် ဦးသန့်၏နေအိမ်လောက် ကြီးကျယ်ခမ်းနားခြင်းမရှိသော အိမ်တလုံး၌နေသည်။ အထွေထွေညီလာခံကြီး ကျင်းပချိန်ဖြစ်သော စက်တင်ဘာလ ဒုတိ

www.burmeseclassic.com

www.burmeseclassic.com



ယပတ်မှ ဒီဇင်ဘာလလယ်ခန့်ဆိုလျှင် ဦးစိုးတင်သည် အလုပ်ကိစ္စများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့် အခြားကိုယ်စားလှယ်အဖွဲ့များကို ဧည့်ခံကျွေးမွေးရခြင်းဖြင့် မအားမလပ်အောင်ရှိပေသည်။ သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် ဘာသာရေးဆိုင်ရာ နေ့ကြီးအခါကြီးများ၌ နယူးယောက်မြို့ရှိ မြန်မာမိတ်ဆွေများကို သူ၏အိမ်သို့ ဖိတ်ခေါ်ဧည့်ခံလေ့ရှိသည်။ ဦးစိုးတင် သဘောထားကြီးသူဖြစ်သည့်အလျောက် မြန်မာများကို သိုးများ၊ ဆိတ်များဟူ၍ ခွဲခြားမဆက်ဆံပေ။ ဆိတ်များဆိုသည်မှာ စစ်အာဏာရှင်ဖိုလ်နေဝင်းလက်အောက် မြန်မာနိုင်ငံ၏ အခြေအနေကို ဝေဖန်ထောက်ပြသူတို့ဖြစ်ပြီး ယင်းတို့ကို မြန်မာ သံရုံးအသိုင်းအဝိုင်းက ပယ်ထားခြင်းကို ခံရတတ်ပါသည်။ ဦးစိုးတင်၏ နေအိမ်၌ မည်သူမဆို လွတ်လပ်ပွင့်လင်းစွာ မိမိတို့မတူကွဲပြားသော သဘောထားများကို တင်ပြဆွေးနွေးငြင်းခုံခွင့် ပြုနိုင်ပေသည်။



ဘိလပ်ပြန်သန်း
ဒေါ်ဒိုရာသန်းအေး

တနေ့ ကုလသမဂ္ဂအထွေထွေ ညီလာခံကျင်းပနေချိန်၌ ဒေါ်အောင်ဆန်းစုကြည်နှင့် ဘိလပ်ပြန်သန်းတို့ကို ဦးစိုးတင်က နေအိမ်သို့ ထမင်းစားချိန်းခဲ့ရာ ထိုစဉ်အဖြစ်အပျက်ကို ဘိလပ်ပြန်သန်းက ဤသို့ပြန်ပြောင်း ပြောပြခဲ့သည်။

“ဦးစိုးတင်၏ ရီးဗားဒေးလ် နေအိမ်သို့ ကျမတို့ နေ့လယ်လောက် ရောက်သွားခဲ့ပါတယ်။ ပန်းများ၊ ရွက်လှပန်းများနှင့် ရွှေရောင်ခြယ် မြန်မာယွန်းထည်များနှင့် ပြည့်နေသော လေးထောင့်ပုံဧည့်ခန်းမကြီးအတွင်းရှိ ဆိုဖာများ၊ ကုလားထိုင်များကို အခန်းနံရံ ကပ်၍ ကော်ဖီပန်းကန်တင်၍ စားပွဲကြီးများကို ထိုင်ခုံရှေ့တွင် အစီအစဉ်ချထားပါသည်။ ဆိုဖာများနှင့် ကုလားထိုင်များပေါ်တွင် အထွေထွေညီလာခံ တက်ရောက်ရန် ရောက်ရှိနေသော မြန်မာသံ အမတ်ကြီးများ တသီတတန်းကြီး ထိုင်နေကြပါသည်။ ကျမတို့နှင့် မတွေ့ဖူးသေး

www.burmeseclassic.com

www.burmeseclassic.com



သော သူများအား မိတ်ဆက်ပေးပြီး 'စု' ကို အခန်းတဖက်စွန်းရှိ လူကြီးနှစ်ဦး ကြားတွင် ထိုင်စေပါသည်။ ကျမကိုမူ ကိုယ်စားလှယ်အဖွဲ့ဦးဆောင်လာခဲ့ သော ဗိုလ်မှူးကြီးမောင်လွင်ရှိရာနှင့် မနီးမဝေးတွင် ထိုင်စေပါသည်။ ဦးစိုးတင်၏ ဇနီးက သစ်သီးဖျော်ရည်များ၊ အာလူးကြော်များကို စားပွဲ ပေါ်သို့ချပြီး နောက် ချက်ပြုတ်ရေးကိစ္စများကို အပြီးသတ်စီမံရန် ကပ်လျက်အခန်းထဲသို့ ဝင်သွားပါသည်။ အားလုံး တယောက်တပေါက် အလ္လာပ၊ သလ္လာပ စကား ပြောပြီးနောက် ကိုယ်စားလှယ်အဖွဲ့အကြီးအကဲက 'စု' ကို မည်ကဲ့သို့ ကုလသမဂ္ဂ၌ အလုပ်လုပ်ပါသနည်း။ မည်သည့်နိုင်ငံကူးလက်မှတ်ကို ကိုင်ဆောင်ထားသနည်း။ သူမမိခင်သည် သံအမတ်ကြီးမဟုတ်တော့သဖြင့် 'စု' အနေနှင့် သံတမန်များဆိုင်ရာ နိုင်ငံကူးလက်မှတ်ကို ပြန်အပ်ရမည်၊ ယခုအထိ ပြန်မအပ်ရသေးသည်ဆိုသည်မှာ မှန်ပါသလား။ သံတမန်ဆိုင်ရာနိုင်ငံကူးလက်မှတ်ကို ဆက်လက်ကိုင်ထားခြင်းမှာ ဥပဒေနှင့်မညီကြောင်း၊ သူမ သိမည်ဖြစ်ကြောင်း၊ အလွန်မှနည်းလမ်းမကျသောကိစ္စဖြစ်သဖြင့် အမြန်ဆုံး ပြင်ဆင်ရန်လိုကြောင်း ဇယ်ဆက်သလိုပြောကာ ဦးဆောင်တိုက်ခိုက်ပါတော့သည်။

မြန်မာသံတမန်လောကမှ ပုဂ္ဂိုလ်များက ဦးလွင်ပြောသမျှ မျက်နှာလို မျက်နှာရအသွင်ဖြင့် ထောက်ခံသံများပြုကာ 'စု' ကို မလိုသည့်မျက်နှာများဖြင့် ဝိုင်းကြည့်နေကြပါတော့သည်။ 'စု'က ဟန်မပျက် တည်ငြိမ်စွာရှိနေခြင်းမှာ ကျမအတွက် အတော်စိတ်သက်သာရာဖြစ်စေပါသည်။ ထို့နောက် 'စု' က တ္ကန္ဒြေရှိရှိ လန်ဒန်ရှိမြန်မာသံရုံး၌ သူမလျှောက်ထားသည်မှာ အချိန်အတော်ကြာနေပြီဖြစ်သော်လည်း ယခုတိုင် အကျိုးအကြောင်း ဘာတခုမှ မသိသေးကြောင်း၊ မည်ကဲ့သို့သောအကြောင်းကြောင်းကြောင့် ဤမျှအထိ ထူးထူးခြားခြား ကြန့်ကြာနေသည်ကို သူနားမလည်နိုင်ဖြစ်ရကြောင်း၊ နယူးယောက်သို့ သူမပညာသင်ရန်လာခဲ့ရာ၌ လက်ရှိနိုင်ငံကူးလက်မှတ်ကိုပင် ကိုင်ဆောင်နေရကြောင်း၊ စားဝတ်နေရေးအတွက် အလုပ်ရှာခဲ့ရာ ကံကောင်းထောက်မစွာဖြင့် ကုလသမဂ္ဂ၌ အလုပ်ရရှိခဲ့ကြောင်း၊ မြန်မာနိုင်ငံသား ဖြစ်ကြောင်း အထောက်အထားပြရန် နိုင်ငံကူးလက်မှတ်မှာ လိုအပ်ချက်ဖြစ်ကြောင်း၊ လပေါင်းများစွာကပင် လျှောက်ထားခဲ့သော နိုင်ငံကူးလက်မှတ်ကို လန်ဒန်သံရုံးမှပို့ပေးရန် စောင့်နေလျက်ပင်ဖြစ်ကြောင်း၊ နိုင်ငံကူးလက်မှတ် အ

www.burmeseclassic.com

www.burmeseclassic.com



သစ်ရောက်လာသည်နှင့် အဟောင်းကို ကြည်ဖြူစွာ ပြန်အပ်မည်ဖြစ်ကြောင်း၊ နိုင်ငံခြား၌ အလုပ်လုပ်ကိုင်နိုင်ရန် နိုင်ငံကူးလက်မှတ် (သံတမန်ဆိုင်ရာပဲဖြစ်စေ၊ ရိုးရိုးပဲဖြစ်စေ) တခုခုလိုအပ်သည်ကို အခုတက်ရောက်လာတဲ့ ဦးလေး အားလုံးနားလည်လိမ့်မည်ဟု သူယူဆကြောင်း 'စု' က ယဉ်ကျေးသိမ်မွေ့စွာ အချက်ကျကျ ပြောသွားပါသည်။

လန်ဒန်မှရောက်ရှိနေသော မြန်မာသံအမတ်ကြီးက 'စု'အနေနှင့် နိုင်ငံကူးလက်မှတ်အသစ်ရရန် လျှောက်ထားခဲ့သည်မှာ လပေါင်းများစွာ ရှိပြီဖြစ်ကြောင်းကို အတည်ပြုကာ ထုံးစံအတိုင်း လျှောက်လွှာကို ရန်ကုန်သို့ပို့ထားပြီးဖြစ်ကြောင်းပြောပါတော့သည်။ အဘယ့်ကြောင့် လပေါင်းများစွာကြာပြီဖြစ်သော်လည်း အကြောင်းမပြန်သေးသည်ကို သူ မသိရှိပါကြောင်း ထပ်လောင်းပြောကြားခဲ့သည်။ အမှန်အားဖြင့် မြန်မာပြည်၌ ဤသို့ ထုံးစံအတိုင်း နှောင့်နှေးကြန့်ကြာမှုများကို ဖြစ်ပေါ်စေသော ရှုပ်ထွေးပွေလီလှသည့် ဗျူရိုကရက်ယန္တရားနှင့် ကြိုးနီစနစ်အဆင့်ဆင့်ကြောင့် အလုပ်မတွင်ကျယ်နေမှုများ အကြောင်းကို အခန်းတွင်းရှိ ကျမတို့အားလုံး သိရှိပြီးဖြစ်ပါသည်။ ထိုအခါမှ အခြားသံအမတ်များကလည်း 'စု' အနေနှင့် ဤကဲ့သို့လုပ်ရုံမျှလွဲ၍ အခြားရွေးချယ်ရာလမ်းမရှိခဲ့ကြောင်း နားလည်သဘောပေါက်ခဲ့ပါတော့သည်။ ကိုယ်စားလှယ် အဖွဲ့အကြီးအကဲ၏ မျက်နှာထားကား မြတ်လေးပြောသလို "ငို၍ ရီ၍မရသောမျက်နှာထား" ဖြင့် တိုးလျှိုတောင်းပန်သောလေသံနှင့် အစကအခြေအနေကို လုံးစေ့ပတ်စေ့ နားမလည်ခဲ့ကြောင်း၊ ရန်ကုန်ရောက်သောအခါ နိုင်ငံကူးလက်မှတ်ရုံးက လုပ်စရာရှိသည်များကို လျင်မြန်စွာလုပ်ရန် သူကိုယ်တိုင်ညွှန်ကြားလိုက်မည်ဖြစ်ကြောင်း ပြောကြားသွားသည်။ ဤပုဂ္ဂိုလ်များမှာ ' စု ' ထက် အသက်အားဖြင့် ကြီးကြသူများဖြစ်သော်လည်း ကောင်းသောအရည်အချင်းဖြင့် အချိန်စီးသည့် 'လူကြီး' များမဟုတ်ဟု ကျမ ထင်မြင်မိပါသည်။ ကျမလည်း အခွင့်ကြုံနေသည်နှင့် ချက်ကောင်းယူကာ "နိုင်ငံကူးလက်မှတ်တွေ လုံးလုံးမကိုင်တဲ့နေ့ မြန်မြန်ရောက်ပါစေလို့ ကျမတို့ မျှော်လင့်ရမှာပဲ"ဟု ပြောလိုက်မိပါသည်။ ထို့နောက် ကျမတို့ နေ့လယ်စာ အတူတကွစားသောက်ကြပါသည်။

အမြဲတမ်းကိုယ်စားလှယ်အဖွဲ့ထဲတွင် မြန်မာပြည်အခြေအနေကို ကျမ

www.burmeseclassic.com

www.burmeseclassic.com



တို့ ပွင့်ပွင့်လင်းလင်း ပြောဆိုဆွေးနွေးသောမိတ်ဆွေတဦးလည်း ပါသည်။ ထိုမိတ်ဆွေက "စု" ၏ ဝေဖန်ချက်များ သိပ်ရဲလွန်းသည်ဟု ပြောသောအခါ၊ 'စု' က "ယုံကြည်ချက်အရ သတ္တိရှိရုံမက အဆက်အနွယ်အရလည်း သတ္တိရှိတာကိုး" ဟု ပြန်လည်ချေပခဲ့ပါသည်။ သူမဆိုလိုသည်မှာ 'စု' သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်ဒေါ်ခင်ကြည်တို့၏ ရင်သွေးဖြစ်သဖြင့် သူ့ကိုတော်ရုံတန်ရုံ နှိပ်လို့ရမည်မဟုတ်ဟု ဆိုလိုဟန်တူနေပါသည်။ ကျမအထင်တော့ 'စု' သည် ဗိုလ်ချုပ်အောင်ဆန်းသမီးမို့ သွေးသားအရတော်စပ်နေသည်သာမက စိတ်ဓါတ်ကလည်း အောင်ဆန်းစိတ်ဓါတ်အပြည့်ရှိသည့် ဖအေတူသမီးပီသသည်ဟု ထင်မြင်နေမိပါတော့သည်။"



**ဒေါ်အောင်ဆန်းစုကြည်နှင့် သူ့ခင်ပွန်းဒေါက်တာ မိုက်ကယ်အဲရစ်**

ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂရုံး၌ တာဝန်ထမ်းဆောင်နေစဉ်မှာပင် ဒေါ်အောင်ဆန်းစုကြည်သည် တက္ကသိုလ်၌ စတင်ဖူးစာဆုံခဲ့သော ဒေါက်တာမိုက်ကယ်အဲရစ် (Dr.Michael Viallancourt Aris) နှင့် ၁၉၇၁ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် လက်ထက်ထိမ်းမြားခဲ့သည်။ မိုက်ကယ်အဲရစ်သည် ဗြိတိသျှလူမျိုးတဦးဖြစ်ပြီး အောက်စဖို့ဒ်တက္ကသိုလ်၌ မြောက်ပိုင်း ဗုဒ္ဓဘာသာ မ ဟာယာန၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာသမိုင်းကြောင်းကို အထူးပြုလေ့လာနေသော သုတေသီတဦးဖြစ်သည်။ သူသည် ယင်းပညာ

www.burmeseclassic.com

www.burmeseclassic.com



ရပ်ဆိုင်ရာ စာအုပ်စာတမ်းအများအပြားကိုလည်း ရေးသားပြုစုထုတ်ဝေခဲ့သည်။

ကုလသမဂ္ဂရုံး၌ ၃ နှစ်မျှ တာဝန်ထမ်းဆောင်ခဲ့ပြီးနောက် ဒေါ်အောင်ဆန်းစုကြည်သည် ဆက်လက်အမှုမထမ်းတော့ဘဲ သားသမီးများနှင့် သိုက်သိုက်ဝန်းဝန်းရှိမည့် အိမ်ထောင်သည်ဘဝကို ရွေးချယ်ရန် ဆုံးဖြတ်လိုက်ပါသည်။ သို့နှင့် ဘဝသစ်တရပ် စပါတော့သည်။ ဤအချိန်မှစသော ဖြစ်စဉ်များမှာ အများသိပြီးဖြစ်သည်။ ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ်သည် နှစ်အတော်ကြာကပင် ဟိမဝန္တာနိုင်ငံလေးဖြစ်သော ဘူတန်နိုင်ငံ၌ ဘုရင့်သားတော်၊ သမီးတော်များ စာပြဆရာအဖြစ်လည်းကောင်း၊ အစိုးရဘာသာပြန်ဌာနအကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ဘူတန်၌ တနှစ်ခန့်နေခဲ့သည်။ ဘူတန်သည် ကုလသမဂ္ဂအဖွဲ့ကြီး၏အဖွဲ့ဝင်အဖြစ် မကြာသေးမီကမှ ဝင်ခဲ့သဖြင့် ဒေါ်အောင်ဆန်းစုကြည်သည် ချက်ခြင်းပင် ဘူတန်နိုင်ငံခြားရေးရုံး၌ ကုလသမဂ္ဂကိစ္စများဆိုင်ရာ အကြံပေးအရာရှိအဖြစ် အလုပ်ရခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်တို့ ဇနီးမောင်နှံသည် သားဦး မြင့်ဆန်းအောင်ခေါ် အလက်ဇန္ဒား (Alexander John Chirstopher Aris) ကို မျက်နှာမြင်ရန် အင်္ဂလန်သို့ပြန်လာသည်။ သားအကြီး မြင့်ဆန်းအောင်ကို ၁၉၇၃ ခုနှစ် ဧပြီလ ၁၂ ရက် ကြာသပတေးနေ့တွင် ဖွားမြင်ခဲ့သည်။ မိုက်ကယ်က လန်ဒန်တက္ကသိုလ်၌ ပါရဂူဘွဲ့သင်တန်းစတင်ပြီး မျှားမကြာမီ အောက်စဖို့ဒ်တက္ကသိုလ် ပညာရှင်အလုပ်ခွင်ထဲ ဝင်လိုက်ပါသည်။ ဒုတိယ သားငယ် ထိန်လင်းခေါ် ကင်မ် (Dannaian Kim Arundel Aris) ကို ၁၉၇၇ ခုနှစ်၊ စက်တင်ဘာ ၂၄ ရက် စနေ့နေတွင် ဖွားမြင်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ကလေးများအားပြုစုပျိုးထောင်ခြင်း၊ ရန်ကုန်ရှိမိခင်ထံသို့အလည်အပတ်သွားခြင်းတို့ဖြင့် မိမိဘဝကို အေးချမ်းစွာ ဖြတ်သန်းလာခဲ့သည်။

အိမ်ထောင့်တာဝန်ကိုထိမ်းသိမ်းရန် ဒေါ်အောင်ဆန်းစုကြည်သည် စာပေများ စ၍ရေးသားလာခဲ့သည်။ စာဖတ်ဝါသနာသန်သည့်အလျောက် သူမသည် အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာ စာအုပ်အမြောက်အများ စုဆောင်းခဲ့သည်။ မိုက်ကယ်၏ တိဘက်ဆိုင်ရာစာအုပ်များနှင့် သုတေသနဆိုင်ရာ စာအုပ်စာတမ်းများကလည်း တနေ့ထက်တနေ့များပြားလာခဲ့ရာ အိမ်၌ ထားစ

www.burmeseclassic.com


www.burmeseclassic.com



ရာပင်မရှိအောင် ပြည့်လျှံနေပါတော့သည်။ ကလေးများကလည်း စာဖတ်ဝါသနာပါသူများအဖြစ် ကြီးပြင်းလာခဲ့ကြပါသည်။

၁၉၇၅ ခုနှစ်မှ ၁၉၇၇ ခုနှစ်အထိ (၂) နှစ်ခန့် အောက်စဖို့ဒ်တက္ကသိုလ် ဘောဒလီယန်စာကြည့်တိုက် (Bolein Library) ၌ မြန်မာစာအုပ်နှင့် ပေ၊ ပုရပိုဒ် ကတ်တလောက်ပြုစုသူ စာကြည့်တိုက်လက်ထောက်အဖြစ် တာဝန်ထမ်းရွက်ခဲ့သည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် သူမ၏ဖခင် ဗိုလ်ချုပ်အောင်ဆန်း အတ္ထုပ္ပတ္တိကိုရေးသားရန် စတင်စဉ်းစားလာခဲ့သည်။ သို့ဖြင့် ဂျပန်ဘာသာစကားကို ဇွဲကြီးစွာဖြင့် စူးစူးစိုက်စိုက်သင်ပါတော့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝတစိတ်တပိုင်းနှင့် ဂျပန်နိုင်ငံ ဆက်စပ်နေသောကြောင့် ဂျပန်နှင့် ဆက်သွယ်ပုံ၊ ဂျပန်နိုင်ငံသို့ ရဲဘော်သုံးကျိပ်များခေါ်ဆောင်သွားခဲ့ပုံအစ၊ ဂျပန်၌ စစ်ပညာသင်ကြားခဲ့ပုံအလယ်၊ ဂျပန်တို့နှင့်အတူ မြန်မာ့လွတ်လပ်ရေးကြိုးပမ်းခဲ့ပုံအဆုံး ဂျပန်ဆိုင်ရာအထောက်အထားများလေ့လာရန်ဖြစ်သည်။ ထို့ပြင် မြန်မာပြည်အကြောင်း ရေးသားထားသော အင်္ဂလိပ်မြန်မာစာအုပ်များ၊ ဂျပန်ပြည်အကြောင်းရေးသားထားသော အင်္ဂလိပ်နှင့် ဂျပန်ဘာသာစာအုပ်



ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏ဂျပန်စာ ဆရာမ မီချိုကိုတာရီ

www.burmeseclassic.com

www.burmeseclassic.com



များကိုပါ တဖြေးဖြေးစုဆောင်းလာခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်း၏ အတ္ထုပ္ပတ္တိကို အထောက်အထားခိုင်ခိုင်လုံလုံဖြင့် ပြုစုရန်ရည်သန်ထားရာ စနစ်တကျ သုတေသနပြုပါတော့သည်။

တဖက်မှလည်း ၁၉၈၅–၈၆ နှစ်များတွင် ဂျပန်အစိုးရ၏ ပညာသင်ဆုကိုလက်ခံကာ ဂျပန်နိုင်ငံကျိုတိုတက္ကသိုလ်၊ အရှေ့တောင်အာရှဆိုင်ရာ လေ့လာရေးဌာနတွင် သုတေသနပညာရှင်အဖြစ် သွားရောက်သုတေသနပြုခဲ့ပါသည်။ ဂျပန်နိုင်ငံ၌ သုတေသနပြုစုရင်း ဂျပန်–မြန်မာချစ်ကြည်ရေးအသင်းအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ ၎င်းတို့မှတဆင့် သူ့မဖခင်နှင့်သိကျွမ်းခဲ့သော အသက်ရှင်ဆဲ ဂျပန်စစ်ဖက်ဆိုင်ရာ အရာရှိ၊ အရာခံများနှင့် အဆက်သွယ်ရခဲ့သည်။ ထိုအချိန်က မိုက်ကယ်သည် အိန္ဒိယပြည်မြောက်ပိုင်း ဆင်းမလားမြို့ရှိ အိန္ဒိယနိုင်ငံ အဆင့်မြင့် စာပေလေ့လာရေးဌာန သုတေသနပညာရှင်အဖြစ် ရောက်ရှိနေသည်။

ထိုသို့သုတေသနပြုရင်း ၁၉၈၇ ခုနှစ်တွင် အိန္ဒိယနိုင်ငံဆင်းမလားမြို့ရှိ အထူးသုတေသနပြုရေး အိန္ဒိယသိပ္ပံဌာန (Indian Institute of Advanced Study) တွင် သုတေသနပညာရှင် (Resarch Fellow) အဖြစ် လုပ်ကိုင်ခဲ့သည်။

ယင်းသို့လုပ်ကိုင်ရင်း လန်ဒန်မြို့ရှိ လန်ဒန်တက္ကသိုလ် အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးဌာနတွင် ပါရဂူဘွဲ့ယူရန်လည်း ဘွဲ့ယူစာတမ်းတစောင်ကို ပြုစုရန်စီစဥ်ခဲ့သည်။ ထိုအချိန်က သူမ၏ လုပ်ကိုင်လှုပ်ရှားမှုများသည် လုံ့လကြီးခြင်းနှင့် သန္နိဌာန် ခိုင်ခိုင်မာမာချထားခြင်းကို ပြသနေသည်ဟု ဆိုရပေမည်။

ဒေါ်အောင်ဆန်းစုကြည်၏ ဘွဲ့ယူရန် တင်သွင်းခဲ့သည့်စာတမ်းအမည်မှာ **“မြန်မာ့လွတ်လပ်ရေးတိုက်ပွဲတွင် စာနယ်ဇင်းများက အထောက်အကူပြုခဲ့ပုံ (၁၉၁၀–၁၉၄၅)”** ဖြစ်သည်။

ထိုနှစ်တွင်ပင် မိခင်ကြီးဒေါ်ခင်ကြည်သည် မျက်စိမှတိမ်ကို ခွဲစိတ်ကုသရန်အတွက် လန်ဒန်မြို့သို့ ရောက်ရှိလာခဲ့သည်။ ခွဲစိတ်မှုများ အောင်အောင်မြင်မြင်ရှိသဖြင့် ဆေးကုသမှုကြောင့် မသက်မသာရှိရသော်လည်း ဒေါ်ခင်ကြည်အတွက် စိတ်ရွှင်လန်းချမ်းမြေ့ဖွယ်အချိန်ဖြစ်ပါသည်။

လန်ဒန်မြို့တွင် နှစ်လကြာမျှနေထိုင်ပြီးနောက် ဒေါ်ခင်ကြည်သည် ၁၉၈၇

www.burmeseclassic.com

www.burmeseclassic.com



ဇွန်လတွင် မျက်စိ အတော် အခြေအနေကောင်းလာသဖြင့် မြန်မာပြည်သို့ စိတ်ရှင်လန်းစွာပြန်သွားခဲ့သည်။ လန်ဒန်ကို အလည်အပတ်ရောက်ရှိစဉ်က မည်မျှစိတ်ချမ်းမြေ့ခဲ့ကြောင်း၊ ၄င်းတို့နှင့်တွေ့ဆုံခဲ့ရသည်ကိုလည်း ပီတိဖြစ်ရကြောင်း စသည်ဖြင့် မိတ်ဆွေအများအပြားကို စာရေးအသိပေးခဲ့သည်။

သို့သော် ရန်ကုန်ပြန်ရောက်၍ ၁၀ လမပြည့်မီ ၁၉၈၈ ခုနှစ်၊ မတ်လကုန်ပိုင်းတွင် ပြင်းထန်သောလေဖြတ်ခြင်းဒဏ်ကိုခံရပါသည်။ ဒေါ်အောင်ဆန်းစုသည် ဆင်းမလားမှ သူမ၏ အလုပ်ကိုရပ်ထားခဲ့ကာ မိခင်ကိုပြုစုရန် ရောက်လာပါသည်။ အမေရိကန်ပြည်ထောင်စုတွင် နေထိုင်အလုပ်လုပ်နေသော သူမအစ်ကို အောင်ဆန်းဦးလည်း ၁၀ ရက်ခန့် လာရောက်လည်ပတ်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည် အိမ်ထောင်မကျခင်ကလည်းကောင်း၊ အိမ်ထောင်ပြုပြီးသောအခါ၌လည်းကောင်း မိခင်ကြီးထံမှန်မှန် လာရောက် လည်ပတ်နေထိုင်ခဲ့သည်။ မိခင်ဒေါ်ခင်ကြည်သည် မြေးများကို သူမမျက်စိမခွဲမီ တနှစ်အလိုက ရန်ကုန်နေအိမ်တွင် ရှင်ပြုမင်္ဂလာပွဲကို မိသားစုဝင်များနှင့်အတူ ကိုယ်တိုင်ကြီးကြပ်ပြီး ကျင်းပခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၊ မိုက်ကယ်နှင့် သားနှစ်ယောက်သည် အိန္ဒိယမှ လန်ဒန်မြို့သို့ ၁၉၈၇ စက်တင်ဘာလအတွင်း




ဒေါ်ခင်ကြည် ရုပ်အလောင်းကိုပြင်ထားစဉ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ရောက်လာကြပြီး တက္ကသိုလ်ပညာရှင်လောကတွင် ပြန်လည်နေသားတကျအချိန်၌ မိခင်ကြီးဒေါ်ခင်ကြည် လေဖြတ်ကြောင်း သတင်းရောက်လာပါတော့သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ကြေးနန်းရရှိခြင်း ချက်ချင်းပင်ရသည့်လေယာဉ်ဖြင့် မိခင် ကြီးအားပြုစုရန် ရန်ကုန်သို့ လိုက်ပါခဲ့သည်။



**တိုးတက်ရေး**
**သခင်အုန်းမြင့်**

၁၉၈၈ ခုနှစ်တွင် မိခင်ကြီး ဒေါ်ခင်ကြည် နာမကျန်းမှုကြောင့် ပြန်လည်ရောက်ရှိလာသော ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ့နိုင်ငံရေး အလှည့်အပြောင်း တဆစ်ချိုးကွေ့တွင် မမျှော်လင့်ပဲ ထိတွေ့ခဲ့ရပေသည်။ ဤနေရာ၌ သခင်အုန်းမြင့်၊ ဦးထွေးမြင့်၊ သခင်တင်မြတို့ကိုလည်း ရင်းနှီးတွေ့ဆုံခဲ့ရသည်ကို ဖော်ပြရန်လိုပေသည်။

သခင်အုန်းမြင့်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်ပုဂ္ဂိုလ်ရေးအရ ရင်းနှီးသူဖြစ်သည်။ တိုးတက်ရေးနှင့် ဂျာနယ်ကျော်ဂျာနယ်တို့တွင် အယ်ဒီတာအဖြစ် ဆောင်ရွက်ခဲ့သော တို့ဗမာအစည်းအရုံးဝင်တဦးလည်းဖြစ်သည်။ သခင်အုန်းမြင့်ကို ၁၉၁၈၊ မေ ၂၈ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ လက်ပံတန်းမြို့၌ အဖဦးဖိုးကောင်း၊ အမိဒေါ်အေးတင်တို့မှ ဖွားမြင်သည်။ ၁၉၃၃ ခုနှစ်၊ နိုဝင်ဘာလတွင် လက်ပံတန်းမြို့ အစိုးရအထက်တန်းကျောင်း၌ တို့ဗမာအစည်းအရုံး ကြွေးကြော်သံစာရွက်များ ဖြန့်ဝေခြင်းဖြင့် နယ်ချဲ့ဆန့်ကျင်ရေးလှုပ်ရှားမှုများကို စတင်ဆောင်ရွက်ခဲ့သည်။ ဂျနယ်ကျော်ဦးချစ်မောင်မှာ ထိုစဉ်က သူ၏ ကျောင်းဆရာဖြစ်သည်။ ၁၉၃၄ ခု၊ မတ်လတွင် လက်ပံတန်းမြို့ အစိုးရအထက်တန်းကျောင်းမှ ဆယ်တန်းအောင်ခဲ့ရာ ဆေးတက္ကသိုလ်သို့မတက်ရောက်ဘဲ ရန်ကုန်သတင်းစာလောကသို့ ဝင်ရောက်လုပ်ကိုင်ခဲ့ပြီး ရေကျော်ရပ်တွင် ဂျာနယ်ကျော်ဦးချစ်မောင်နှင့် အတူနေထိုင်သည်။

၁၉၃၈ ခုနှစ်၊ ဧပြီလတွင် ပုသိမ်တွင်ကျင်းပသော တတိယအကြိမ် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများကွန်ဖရင့်သို့ တက်ရောက်ခဲ့သည်။ ၁၉၃၈

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်၊ ဇွန်လတွင် တိုးတက်ရေးသတင်းစာအယ်ဒီတာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၃၈ က သူတည်းဖြတ်ထုတ်ဝေခဲ့သော 'ထောင်အရသာ' စာအုပ် ထင်ရှားကျော်ကြားခဲ့သည်။ ဂျာနယ်ကျော်တွင်လည်း ဆောင်းပါးများရေးသားသည်။ ၁၉၃၉ ခုနှစ်၊ ဇန်နဝါရီလတွင် ဆီမီးခွက် ကလောင်အမည်ဖြင့် ရေးသားခဲ့သောဆောင်းပါးတပုဒ်ကြောင့် တိုးတက်ရေးသတင်းစာ အာမခံ အတောင်းခံရသည်။ ထိုနှစ်မှာပင် တို့ဗမာအစည်းအရုံးဌာနချုပ် အမှုဆောင်အဖြစ် ရွေးချယ်ခံရသည်။

၁၉၄၇ ခုနှစ် ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့ပြီးနောက်ပိုင်း၌ ကျန်ရစ်သူ ဒေါ်ခင်ကြည်မိသားစုနှင့် အနေဝေးလာခဲ့ပြီး တနှစ်တခါခန့်သာ သွားလာဆက်သွယ်မှုရှိခဲ့လေသည်။ ၁၉၆၇ ခုနှစ် ဒေါ်ခင်ကြည် အိန္ဒိယသံအမတ်ကြီးအဖြစ်မှ အငြိမ်းစားယူ၍ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာပြီးနောက်ပိုင်းတွင် မကြာခဏဆိုသလို ဆုံဖြစ်ခဲ့သူဖြစ်သည်။ ထိုစဉ်က ဒေါ်အောင်ဆန်းစုကြည် အင်္ဂလန်ပြည်တွင် ပညာသင်ကြားနေဆဲဖြစ်သည်။

၁၉၈၄ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံသို့ခေတ္တပြန်ရောက်ခဲ့စဉ် ဦးအုန်းမြင့်နှင့်ပြန်လည်တွေ့ဆုံခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ပါရဂူဘွဲ့ယူရန် စာတမ်းပြုစုနေစဉ်အတွင်း လိုအပ်သောသမိုင်းအထောက်အထား အချက်အလက်များကို စုဆောင်းပေးရန် ဦးအုန်းမြင့်ကို အကူအညီတောင်းခဲ့သည်။ ဦးအုန်းမြင့်ကလည်း လိုအပ်သောသမိုင်းအချက်အလက်များကို စာကြည့်တိုက်များစွာမှ မိတ္တူကူးတန်ကူး၊ စာအုပ်အဟောင်းဆိုင်များမှ ဝယ်တန်ဝယ်၍ စုဆောင်းပေးခဲ့သည်။

၄င်းနောက်ပိုင်းတွင် ဒေါ်ခင်ကြည်၏ ကျန်းမာရေးအခြေအနေ တစတစ ချို့တဲ့လာသောအခါ ဦးအုန်းမြင့်သည် ဒေါ်ခင်ကြည်အိမ်သို့ နေ့စဉ်လိုလို ဝင်ထွက်၍ လိုအပ်သမျှကို ကူညီပေးခဲ့သည်။ ၁၉၈၆ ခုနှစ် ဒေါ်အောင်ဆန်းစုကြည် ပါရဂူဘွဲ့ရပြီးနောက် မြန်မာနိုင်ငံသို့ခေတ္တပြန်လာစဉ် သူ၏သားနှစ်ယောက်အား မိခင်ကြီးဒေါ်ခင်ကြည်က ရှင်ပြုပေးခဲ့သည်။ ရှင်ပြုပွဲအပြီး မိသားစု စုံစုံလင်လင်ရှိနေစဉ်အတွင်း ဦးအုန်းမြင့်က ဒေါ်အောင်ဆန်းစုကြည်အား တိုင်းပြည်နှင့်လူမျိုးအတွက် တခုခုကို တာဝန်ယူဆောင်ရွက်ပေးစေချင်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ၁၉၈၇ ခုနှစ်၊ မေလတွင် ဒေါ်ခင်ကြည်သည် အင်္ဂလန်သို့ မျက်စိခွဲရန်သွားရောက်ခဲ့ပြီး ဇွန်လဆန်းတွင် မြန်မာနိုင်ငံသို့ ပြန်ရောက်ရှိလာခဲ့သည်။ ၁၉၈၈ ခုနှစ်၊ မတ်လအကုန်တွင် ဒေါ်ခင်ကြည်လေဖြတ်ပြီးနောက် ဧပြီလဆန်းတွင် ဒေါ်အောင်ဆန်းစုကြည် ရန်ကုန်သို့လိုက်ပါခဲ့သည်။ ဦးအုန်းမြင့်က ဒေါ်အောင်ဆန်းစုကြည်အား ဒေါ်ခင်ကြည်၏ ကျန်းမာရေးအခြေအနေနှင့်မီးစာကုန်ဆီခမ်းအရွယ်ရောက်နေသည်မို့ မည်သို့မျှပြန်လည် ကျန်းမာလာလိမ့်မည် သူ မထင်ကြောင်း ဖွင့်ဟပြောကြားခဲ့သည်။ ထိုစဉ်က ဒေါ်ခင်ကြည်သည် အသက် ၇၅ နှစ်ရှိပြီဖြစ်သည်။

အကယ်၍ မိခင်ကြီးတိမ်းပါးခဲ့သော် အင်္ဂလန်သို့မပြန်ဘဲ မြန်မာပြည်မှာနေထိုင်၍ တိုင်းပြည်အတွက် တခုခုကို တာဝန်ယူလုပ်ပေးစေချင်ကြောင်း ထပ်မံပြောကြားခဲ့သည်။ ထို့နောက် မိခင်ကြီးဒေါ်ခင်ကြည်သည် ၁၉၈၈ ခု၊ ဒီဇင်ဘာ ၂၇ ရက်နေ့တွင် ကွယ်လွန်သွားခဲ့လေသည်။

သို့ကလို မြန်မာနိုင်ငံတွင် အစဉ်အမြဲအခြေချနေထိုင်၍ တိုင်းပြည်နှင့်လူမျိုးအတွက် စေတနာသန့်သန့်၊ ရည်ရွယ်ချက်ရှိရှိ၊ ခံယူချက်ပြင်းပြင်းဖြင့် နိုင်ငံရေးလုပ်ဆောင်ပါက သူ၏ကိုယ်ရေးကိုယ်တာစွန့်လွှတ်မှုများ၊ ရင်ဆိုင်ကြုံတွေ့ရမည့်အခက်အခဲများကို ပေးဆပ်ရမည်ကို ကြိုတင်တွက်ဆထားပြီးဖြစ်သည်။ ထိုစဉ် မတ်လကျောင်းသားအရေးအခင်း၏ နောက်ဆက်တွဲ ဒီမိုကရေစီလှုပ်ရှားမှုများ ပေါ်ပေါက်နေပြီဖြစ်သည်။




www.burmeseclassic.com

www.burmeseclassic.com

# အခန်း(၂)
# နောက်ခံသမိုင်း

ပြည်ထောင်စုအဖွဲ့ချုပ်(ပထစ)အစိုးရကို လက်နက်ဖြင့်ဖြုတ်ချ အာဏာသိမ်းခဲ့သော ဗိုလ်ချုပ်ကြီးနေဝင်းဦးဆောင်သည့် စစ်တပ်အာဏာသိမ်း တော်လှန်ရေးကောင်စီက ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီ ခေါ် မဆလပါတီကို ဖွဲ့စည်းထူထောင်ခဲ့သည်။

မဆလ ပါတီသည် ၂၆ နှစ်တာကာလအတွင်း ပြည်သူလူထုကြီး တရပ်လုံးအား မစားရဝခမန်း စိတ်ကူးယဉ်ဆိုရှယ်လစ်ဝါဒများ မှိုင်းတိုက်ကာ မြန်မာ့ဆိုရှယ်လစ်ဝါဒလမ်းစဉ်ကို အတင်းအကြပ်အကောင်အထည်ဖော်ခဲ့မှုကြောင့် အရှေ့တောင်အာရှတွင် သယံဇာတများပေါကြွယ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်နေပြီဖြစ်သော မြန်မာနိုင်ငံသည် စီးပွားရေး၊ နိုင်ငံရေးပြဿနာများ ကြုံတွေ့လာကာ ကမ္ဘာ့မိသားစု၌ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံအဖြစ် စာရင်းဝင်သွားခဲ့ရပေသည်။

ဤသို့အခြေအနေများ ပြည်သူလူထုအတွင်းဖြစ်ပေါ်နေစဉ် စက်မှုတက္ကသိုလ်ကျောင်းသားအချို့နှင့် အင်းစိန်ကြို့ကုန်းအနောက်ရပ်ကွက်မှ လူငယ်အချို့တို့၏ မမျှော်လင့်ဘဲ ခိုက်ရန်ဖြစ်ပွားခဲ့ရသည့် သာမန်ရန်ပွဲလေးတခုကို အကြောင်းပြု၍ ၁၉၈၈ အရေးတော်ပုံ စတင်ဖြစ်ပေါ်ခဲ့လေသည်။

၁၉၈၈ ခု၊ မတ်လ ၁၂ ရက်၊ စနေနေ့ည ၉ နာရီ ၁၅ မိနစ်အချိန်ခန့်တွင် အင်းစိန်မြို့နယ်၊ ကြို့ကုန်းဘူတာအနီး စန္ဒာဝင်းလက်ဖက်ရည်ဆိုင်၌ စက်မှုတက္ကသိုလ် ဒုတိယနှစ်ကျောင်းသားများဖြစ်ကြသော မောင်ကျော်ဆန်းဝင်း၊ မောင်ဝင်းမြင့်အပါအဝင် ကျောင်းသား ၄ ဦးနှင့် အရက်မူးနေသည့် ရပ်ကွက်ကောင်စီဥက္ကဌ၏သား ဇော်ဇော် (ခေါ်) ညီညီလွင်အပါအဝင် အပေါင်းအပါ ၅ ဦးတို့က စိုင်းထီးဆိုင်သီချင်းဖွင့်ခိုင်းရာမှ စကားများခိုက်ရန်ဖြစ်ပွားခဲ့သည်။ ယင်းသို့ကျောင်းသားကိုဝင်းမြင့်အရိုက်ခံရသဖြင့် ဦးခေါင်း၊ ကျောနှင့် လက်မောင်းတို့တွင် ပေါက်ပြဲဖူးရောင်သော ဒဏ်ရာများရရှိခဲ့ကြသည်။ ထို့ကြောင့် ကျောင်းသား ၃ ဦးလည်း ရဲစခန်းသို့သွားရောက်တိုင်ကြားခဲ့သည်။ အင်းစိန်ရဲစခန်းမှလည်း လက်ဖက်ရည်ဆိုင်တွင်ဖြစ်ပွားခဲ့သောအမှုနှင့်ပတ်သတ်၍ ဥ

www.burmeseclassic.com

www.burmeseclassic.com



ပုဒ်မ (၃၂၅၊ ၁၁၄) အရ အမှုဖွင့်အရေးယူပြီး ပြစ်မှုကျူးလွန်ရာတွင် ပါဝင်ခဲ့သည့် ဇော်ဇော် (ခေါ်) ညီညီလွင်နှင့် လူငယ် ၅ ဦးတို့အား ဖမ်းဆီးခဲ့သည်။ သက်ဆိုင်ရာကျောင်းအာဏာပိုင်များနှင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင်များက အရေးယူဆောင်ရွက်ခဲ့ခြင်းကြောင့် ထိုကိစ္စမှာ ထိုညအတွက် ပြီးစီးခဲ့လေသည်။

၁၉၈၈ ခုနှစ်၊ မတ်လ ၁၃ ရက်နေ့တွင် အင်းစိန်ပြည်သူ့ရဲစခန်းမှ ဖမ်းဆီးထားသောဇော်ဇော် (ခေါ်) ညီညီလွင်သည် ရပ်ကွက်ကောင်စီ ဥက္ကဋ္ဌ၏သားဖြစ်နေသောကြောင့် ပြန်လည်လွှတ်ပေးခဲ့သည်။ ယင်းသို့ ဇော်ဇော်ဆိုသူအားပြန်လည်လွှတ်ပေးလိုက်သည်ကို ကျောင်းသားများသိရှိကြသောအခါ စက်မှုတက္ကသိုလ်ကျောင်းသား ၂၀ ခန့် ပြည်သူ့ကောင်စီရုံးသို့ သွားရောက် ကန့်ကွက်ခဲ့ကြသည်။ ရပ်ကွက်ကောင်စီဥက္ကဋ္ဌက ဂရုမစိုက်၊ နားမထောင်လိုကြောင်း ငြင်းပယ်လိုက်၍ ကျောင်းသားများ ဒေါသသူပုန်ထကာ ကောင်စီရုံးကို ခဲများဖြင့်ပစ်ခတ်ခဲ့ကြသည်။ စက်မှုတက္ကသိုလ်ကျောင်းသားများနှင့် ရပ်ကွက်ကောင်စီဥက္ကဋ္ဌသားနှင့် ကြို့ကုန်းအနောက်ပိုင်းသားလူငယ်များ ထပ်မံ ခိုက်ရန်ဖြစ်ပွားခဲ့ကြရာ ကျောင်းသားအချို့ထပ်မံဒဏ်ရာရရှိခဲ့ကြပြန်သည်။ ထိုအခြေအနေ ထိုသတင်းကိုသိရှိကြသည်နှင့်တပြိုင်နက် ကျောင်းသားများ စုစည်းပြီး စန္ဒာဝင်းလက်ဖက်ရည်ဆိုင်နှင့် ကြို့ကုန်းအနောက်ရပ်ကွက်ပြည်သူ့ကောင်စီရုံးတို့အား ခဲများ၊ ခုံများဖြင့်ပစ်ပေါက်ခြင်း၊ အော်ဟစ်ဆဲဆိုခြင်းများ ပြုလုပ်ခဲ့ကြသည်။ ထိုအခြေအနေတွင် ရပ်ကွက်သမဝါယမအသင်းဆိုင် မီးလောင်မှုဖြစ်ပွားရာ ရပ်ကွက်လူထုက မီးငြိမ်းသတ်ပြီး ကျောင်းသားများကို ဝိုင်းလိုက်ရန်ပြုကြသည်။ တင်းမာပြင်းထန်နေသော အခြေအနေ တစတစကြီးထွားလာကာ နောက်ဆုံး၌ အင်းစိန်လမ်းမကြီးပေါ်တွင် တဖက်နှင့်တဖက် ရန်စောင်ခဲ့ကြသည်အထိ ဖြစ်ခဲ့ကြသည်။

ဤသို့ ဆိုးရွားစွာဖြစ်ပျက်နေသည်ကို သက်ဆိုင်ရာအာဏာပိုင်တို့က ငြိမ်းချမ်းပြေလည်စွာမဖြေရှင်းဘဲ လုံခြုံမှုထိန်းသိမ်းရေးတပ် (လုံထိန်း) များကို စေလွှတ်၍ အကြမ်းဖက်ဖြိုခွင်းခိုင်းခဲ့သဖြင့် မတ်လ ၁၄ ရက်နေ့နံနက် ၃ နာရီအချိန်ခန့်တွင် ခေတ္တလူစုကွဲသွားခဲ့သည်။ ယင်းသို့သေနတ်များဖြင့် ပစ်ခတ်လူစုခွဲမှုကြောင့် ကျောင်းသား ၅ ဦးဒဏ်ရာရရှိခဲ့ပြီး ၄င်းတို့အနက် စက်မှုတက္ကသိုလ် နေ့ကျောင်းသားများဖြစ်ကြသော မောင်ဖုန်းမော် ၂၃ နှစ်နှင့်

www.burmeseclassic.com

www.burmeseclassic.com





ရန်ကုန်စက်မှုတက္ကသိုလ်

မောင်စိုးနိုင်တို့ သေဆုံးခဲ့ကြသည်။ မောင်ဖုန်းမော်သည် ယမန်နှစ်မှစ၍ စက်မှုတက္ကသိုလ်ဘောလုံးအသင်း အတွင်းရေးမှူးတာဝန်ယူခဲ့ရာမှ လက်ရှိ အတွင်းရေးမှူးထံ ငွေစာရင်းများသွားရောက်လွှဲအပ်ရန် သွားရောက်စဉ် ဆူပူမှုဖြစ်ပွားစဉ်နှင့်ကြုံတွေ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များပစ်ခတ်မှုကြောင့် သေနတ်ကျည်ထိမှန်ခဲ့ခြင်းဖြစ်သည်။ ဆရာနှင့်ကျောင်းသားများက သေနတ်ထိမှန်သော မောင်ဖုန်းမော်အားပွေ့ယူပြီး စက်မှုတက္ကသိုလ်အတွင်းတွင် ဝှက်ထားခဲ့ကြသည်။ မောင်စိုးနိုင်သည် ဆေးရုံရောက်ပြီးနောက်မကြာမီပင် သေဆုံးသွားခဲ့သည်။

ထို့ကြောင့် မတ်လ ၁၄ ရက်နေ့တွင် စက်မှုတက္ကသိုလ်ကျောင်းသားများသည် သေဆုံးဒဏ်ရာရသူ ကျောင်းသားများကို အကြောင်းပြု၍ ဆက်လက်ဆူပူဆန္ဒပြခဲ့ကြသည်။ ထို့ပြင် ကျောင်းသာများအရေးနှင့် ပတ်သတ်သော တောင်းဆိုချက်များကိုလည်း အစိုးရအားတောင်းဆိုခဲ့ကြသည်။

(က) ကျောင်းမပိတ်ရေး၊

(ခ) ကျောင်းပတ်ဝန်းကျင်လုံခြုံရေးချထားသော ရဲများရုပ်သိမ်းပေးရေး၊

(ဂ) တောင်းဆိုချက်များကို အမြန်ဆုံးဖြေရှင်းပေးနိုင်မည့် တာဝန်ရှိသူတဦးဦးနှင့် ကျောင်းသားကိုယ်စားလှယ် ခေါင်းဆောင်ငါးဦးက

www.burmeseclassic.com

www.burmeseclassic.com



တွေ့ဆုံလက်ခံညှိနှိုင်းပေးရန်နှင့် ဖြေရှင်းမပေးနိုင်ပါက တာဝန်ရှိသူများ အနီးသို့မလာရောက်ရန်၊

ထို့ပြင် ထိုနေ့မွန်းလွဲ ၂ နာရီခန့်တွင် ကျောင်းဝင်းအုတ်နံရံ၊ ကွမ်းယာဆိုင်တို့တွင် အောက်ပါတောင်းဆိုချက်များကိုလည်း ထပ်မံကပ်ခဲ့ကြသည်။

(က) ၁၃၊ ၃၊ ၈၈ နေ့ဖြစ်ရပ်ကို သတင်းစာများထဲ၌ အမှန်အတိုင်း ရေးသားရန်၊

(ခ) သေဆုံးသူကျောင်းသားများကို ကျောင်းသားများကိုယ်တိုင် သင်္ဂြိုဟ်ခွင့်ပြုရန်၊

(ဂ) အပြစ်မဲ့သောသေဆုံးသူ ကျောင်းသားများအား ဝမ်းနည်းကြောင်းမှတ်တမ်းတင်ပေးရန်၊

(ဃ) မျက်ရည်ယိုဗုံး၊ ကျည်ဖြင့်ပစ်သူတို့ကို အရေးယူပေးရန်၊

(င) ကျောင်းသားများလိုလားချက်ကို တရားဝင်အဖွဲ့အစည်းတရပ်ရပ်မှ တာဝန်ယူဆောင်ရွက်ပေးရန်၊

နောက်တနေ့ဖြစ်သော မတ်လ ၁၅ ရက်နေ့တွင် ပညာရေး ဒုတိယဝန်ကြီး ဒေါက်တာမောင်ဒီသည် ကျောင်းသားများကို ချက်ချင်းသွားရောက်ညှိနှိုင်းခဲ့သော်လည်း အဆင်မပြေဘဲ ဆက်လက်တင်းမာနေခဲ့သည်။ ထိုစဉ်မှာပင် လုံထိန်း ၅၀၀ ခန့်သည် ရန်ကုန်စက်မှုတက္ကသိုလ်ကို ဝင်ရောက်စီးနင်းခဲ့ပြီး ကျောင်းသားများကို ဝင်ရောက်ရိုက်နှက်ခဲ့ရာ ကျောင်းသားအများအပြား ဖမ်းဆီးခံရပြီး ဒဏ်ရာရရှိခဲ့ကြသည်။ ထို့ကြောင့် စက်မှုတက္ကသိုလ်ဝင်းအတွင်း၌ ထိန်းမရလောက်အောင် ဆူပူအုံကြွလာခဲ့သည်။ ထိုစဉ်အတွင်း သက်ဆိုင်ရာ အာဏာပိုင်တို့က နေရပ်ပြန်လိုသူကျောင်းသားများ ပြန်နိုင်ကြောင်းဖြင့် ထုတ်ပြန်ကြေညာကာ ကျောင်းများကို ခေတ္တပိတ်လိုက်လေသည်။ ရန်ကုန်စက်မှုတက္ကသိုလ်အရေးအခင်းသည် ရန်ကုန်တက္ကသိုလ်ပင်မသို့ ရောက်ရှိသွားကာ အုံကြွမှုများ ပိုမိုကြီးထွားလာခဲ့သည်။ စက်မှုတက္ကသိုလ်ကျောင်းသားများသည် မတ်လ ၁၆ ရက်နေ့တွင် ရန်ကုန်တက္ကသိုလ် (ပင်မ) ပရဝုဏ်ရှိ ကျောင်းသားများနှင့်ပူးပေါင်းကာ ထိုမှတဆင့် ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) သို့ ကူးလူးရန် စိုင်းပြင်းလာကြသည်။ ယင်းသို့ ကျောင်းသားများ ရန်ကုန်တက္ကသိုလ် (လှိုင်နယ်မြေ) သို့အကူး တံတားဖြူအနီးသို့အရောက်တွင် ရဲတပ်ဖွဲ့ဝင်

www.burmeseclassic.com

www.burmeseclassic.com



များက ပစ်ခတ်ရိုက်နှက်လူစုခွဲကြသည်။ ကျောင်းသားများကို အင်လျားကန်ဘောင်တွင် ချောင်ပိတ်ရိုက်နှက်ခဲ့မှုနှင့်ပတ်သတ်၍ ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးက (၈၊ ၆၊ ၈၈) ရက်စွဲဖြင့် ရေးသားထားသောအိတ်ဖွင့်ပေးစာတွင် ဤသို့ဖော်ပြထားသည်။

"ခေါင်းကိုရိုက်ခွဲ၊ နာနာရိုက်"ဟု စက်ထဲမှာအမိန့်ပေးခဲ့ကြောင်း၊ မိန်းကလေးများကိုဆံပင်ဆွဲရိုက်၊ ရေထဲကန်ချ၊ ထဘီကျွတ်၍ပြေးသည့် မိန်းကလေးကို ဆံပင်ဆွဲ၍ရိုက်ကြောင်း၊ မိန်းကလေးအလောင်းနှစ်လောင်း ရေထဲမှပေါ်လာကြောင်း"စသည်ဖြင့်ဖော်ပြထားသည်။ ၎င်းအပြင် အင်းလျားကန်ဘောင်ပေါ်၌ဖြစ်သည့်ညက လူများစွာသေဆုံးခဲ့ကြောင်း၊ အလောင်းများကိုညတွင်းချင်းမီးရှို့ခဲ့ကြောင်း၊ သေဆုံးသူများနှင့်ပတ်သတ်၍ တလခန့်ကြာမှမိဘများထံ စာဖြင့်အကြောင်းကြားကြောင်း၊ ထောင်ထဲတွင်လည်း လုံထိန်းပုလိပ်များက ဝင်ရိုက်ကြောင်း၊ ကျောင်းသူများကို အဓမ္မကျင့်ကြောင်း၊ ထောင်ထဲတွင် များစွာညှဉ်းပမ်းနှိပ်စက်ကြကြောင်း၊ လူပေါင်း ၂၈၃ ယောက်သေဆုံးခဲ့ကြောင်း အစရှိသည်ဖြင့် ရေးသားထားလေသည်။

အလားတူ မတ်လ ၁၇ ရက်နေ့တွင်လည်း ရန်ကုန်တက္ကသိုလ်အတွင်း စုဝေးရောက်ရှိနေသော ကျောင်းသားများကို လူစုခွဲ အတင်းအဓမ္မ အကြမ်းဖက်ဖြိုခွင်းခဲ့သည်။ မဆလအစိုးရထုတ်သတင်းစာများ၌မူ ဆန္ဒပြကျောင်းသားကျောင်းသူ ၁၅၄ ယောက်ကိုသာ စီစစ်ထိန်းသိမ်းခဲ့သည်။ သေဆုံးသူ၊ ဒဏ်ရာရသူလုံးဝမရှိဟု ရေးသားဖော်ပြကြသည်။

မဆလအစိုးရသည် ကျောင်းသားများ၏ ကျောင်းသားများအရေးနှင့်ပတ်သတ်၍ တောင်းဆိုချက်များကို လုံးဝလျစ်လျူရှု၍မရတော့သဖြင့် မတ်လ ၁၇ ရက်နေ့တွင် စုံစမ်းရေးကော်မရှင်ကို ဖွဲ့စည်းပေးခဲ့ရသည်။ ထိုကော်မရှင်သည် ၁၂၊ ၃၊ ၈၈ ရက်နေ့တွင် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းများ ဖြစ်ပွားခဲ့သော အရေးအခင်းကို စုံစမ်းတင်ပြရမည်ဖြစ်ပေသည်။ ထိုကော်မရှင်အဖွဲ့ကို ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ နိုင်ငံတော်ကောင်စီမှ ၁၉၈၈ ခုနှစ်၊ မတ်လ ၁၇ ရက်စွဲပါ အမိန့်ကြေငြာစာအမှတ် (၄၅/၈၈)ဖြင့် ထုတ်ပြန်ကြေညာခဲ့ရာ ထိုအမိန့်ကြော်ငြာစာအရ ထိုကော်မရှင်တွင်–

(က) ဦးဘမော် (ပြည်သူ့တရားသူကြီးအဖွဲ့ဝင်)–ဥက္ကဋ္ဌ

www.burmeseclassic.com

www.burmeseclassic.com




(ခ) ဦးလှတင့် – ပြည်သူ့ဥပဒေအကျိုးဆောင်–အဖွဲ့ဝင်

(ဂ) ဒေါက်တာမောင်ရှိန် –ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့ဝင်

ထို့အပြင် ယင်းအမိန့်ကြော်ငြာစာတွင် ကော်မရှင်၏ အတွင်းရေးမှူးအဖြစ် ဥက္ကဋ္ဌက တာဝန်ပေးအပ်သူက ဆောင်ရွက်ရမည်ဖြစ်ပြီး စုံစမ်းရေးကော်မရှင်သည် အရေးခင်းမည်ကဲ့သို့စတင်ပေါ်ပေါက်ခဲ့သည်။ အရေးခင်းတွင် ကျောင်းသား ၂ ဦး သေနတ်ဒဏ်ရာဖြင့်သေဆုံးခဲ့ရခြင်းမှာ မည်သည့် သေနတ်ဖြင့် မည်သူ၏လက်ချက်ကြောင့်ဖြစ်သည်ကို အချက်အလက်များ အမှန်ရရှိအောင် စုံစမ်းစစ်ဆေး၍ အစီရင်ခံစာကို (၁၇၊ ၄၊ ၈၈) ရက်နေ့အရောက် နိုင်ငံတော်ကောင်စီသို့ တင်ပြရန်ပါရှိသည်။ ထို့အပြင် အရေးခင်းနှင့် ပတ်သတ်သည့် ကော်မရှင်၏သုံးသပ်ချက်၊ အကြံပြုချက်၊ အလားတူအရေးအခင်းမျိုး မပေါ်ပေါက်စေရန် ဆောင်ရွက်သင့်သည့်အချက်များ လိုပါက ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။

အစိုးရမှ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေစဉ်အတွင်းမှာပင် ကျောင်းသားများနှင့် ပြည်သူလူထုပူးပေါင်းကာ ဆန္ဒပြမှုများ ဆက်လက်ဖြစ်ပွားခဲ့သည်။ မတ်လအရေးအခင်းအတွင်း၌ အစိုးရ၏ အကြမ်းဖက်ဖြိုခွင်းမှုကြောင့် ကျောင်းသားများနှင့် ရဟန်းရှင်လူမြောက်များစွာ သွေးမြေကျခဲ့သလို၊ လူပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိကာ ဖမ်းဆီးခံခဲ့ရလေသည်။



**နာမည်ဆိုးဖြင့် ကျော်ကြားရာ အင်းစိန်အကျဉ်းထောင်**

မတ်လ ၁၈ ရက်နေ့တွင် သိမ်ဖြူလမ်း၌ အေးချမ်းစွာ ဆန္ဒပြနေသူများ

www.burmeseclassic.com

www.burmeseclassic.com



အား ဖမ်းဆီး၍ ထိုနေ့ည သန်းခေါင်ကျော်အချိန်တွင် အချုပ်ကားဖြင့် အင်းစိန် အကျဉ်းထောင်သို့ပို့ဆောင်ခဲ့ရာ အင်းစိန်ထောင်ရောက်ရှိ လာသောအခါ (၇၁) ဦးတင်ဆောင်လာသော အချုပ်ကားတစီးတွင် (၄၁) ဦးသေဆုံးနေသည် ကို တွေ့ရှိခဲ့ရသည်။ အစိုးရထုတ်ပြန်ချက်များတွင်မူ အချုပ်မော်တော်ယာဉ် များ မလုံလောက်မှုကြောင့် ယာဉ်တစီးတွင် တင်ဆောင်ရမည့် အချုပ်သားဦး ရေထက် ပို၍တင်ဆောင်ခဲ့ရခြင်း၊ ၄၅ မိနစ်သာ မောင်းနှင်ရမည့်ခရီးကို လမ်း ပိတ်ဆို့မှုအခြေအနေများအရ ၂ နာရီခန့်ကြာအောင် မောင်းနှင်ရမှုများ ကြောင့် ဖြစ်ရသည်ဟူ၍ ဖော်ပြခဲ့သည်။

သေဆုံးသူများကို ဗိုလ်တထောင်မြို့နယ်၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့မှူးက ၁၉၊ ၃၊ ၈၈ ရက်နေ့တွင် ဗိုလ်တထောင်မြို့နယ်၊ မြို့နယ်တရားသူကြီးအဖွဲ့သို့ သေမှု သေခင်းဖွင့်ပြီး စစ်ဆေးပေးပါရန် တင်ပြခဲ့သည်။ ဗိုလ်တထောင် တရား သူကြီးအဖွဲ့သည် ထိုနေ့တွင်ပင် မြို့နယ်တာဝန်ခံဆရာဝန်၊ သက်ဆိုင်ရာ ပြည် သူ့ရဲအရာရှိများနှင့်အတူ အင်းစိန်အကျဉ်းထောင်သို့ သွားရောက်စစ်ဆေးခဲ့ သည်။ သေမှုသေခင်းဖွင့်လှစ်စစ်ဆေးချက်အရ ၄င်းတို့သည် မျက်ရည်ယိုဗုံး ဓါတ်ငွေ့ ရှုရှိုက်မိ၍သော်လည်းကောင်း၊ အချုပ်ယာဉ်အတွင်း တင်ဆောင်ရ မည့်ဦးရေထက် ပိုမိုတင်ဆောင်ခဲ့သဖြင့် အသက်ရှူမွန်းကျပ်၍လည်းကောင်း သေဆုံးခဲ့ရခြင်းဖြစ်ကြောင်း တွေ့ရှိခဲ့ရသည်။ အဆိုပါကိစ္စနှင့်စပ်လျဉ်း၍ ၁၉၊ ၇၊ ၈၈ နေ့တွင်မှ ထုတ်ပြန်ကြေညာခဲ့ပြီး ထိုသတင်းထုတ်ပြန်ရန် ကြန့်ကြာနေ ရခြင်းမှာ ငြိမ်ဝပ်ပိပြားရေးကို ထောက်ရှု၍ ဆူပူမှုမကြီးထွားစေရန်အတွက် ဖြစ်ကြောင်း ထုတ်ပြန်ခဲ့သည်။

ယင်းသို့သေဆုံးခဲ့မှုကြောင့် ပြည်ထဲရေးနှင့်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဦးမင်းဂေါင် နုတ်ထွက်သွားခဲ့ရသည်။ ထို့ပြင် ၁၉၈၈ မတ်လအတွင်း ဖြစ်ပွားခဲ့သောအရေးအခင်းတွင် ဖြစ်ပေါ်လာခဲ့သောကိစ္စများအတွက် တာဝန် မကင်းကြသည့် ဝန်ကြီးချုပ်ဦးမောင်မောင်ခနှင့် ပြည်သူ့ဥပဒေအကျိုးဆောင် အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်မောင်အား ၁၉၈၈ ဇူလိုင် ၂၆ ရက်နေ့တွင် ရာထူးမှ နုတ် ပါယ်ခဲ့သည်။

၁၉၈၈ မတ်လအတွင်းဖြစ်ပွားခဲ့သော အရေးအခင်းနှင့်ပါတ်သတ်၍ မေလ ၉ ရက်နေ့ နေ့စွဲပါ ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်ကြီး၏ (၄၁) မျက်နှာ

www.burmeseclassic.com

www.burmeseclassic.com



ပါရှိသောစာများသည် လူထုအတွင်း ပျံ့နှံ့ခဲ့သည်။ ထို့ပြင် ဦးအောင်ကြီးသည်

(၁) "ကိုင်း–အခုတော့ကောင်းနိုင်ကြသေးရဲ့လား" ဟူသော စာတစောင်ကို ၁၂၊ ၅၊ ၈၈ ရက်နေ့တွင် လည်းကောင်း၊

(၂) "အင်းလျားကန်ဘောင်ပြဿနာ"ဟူသော စာတစောင်ကို ၈၊ ၆ ၈၈ ရက်နေ့တွင် လည်းကောင်း၊

(၃) "စမ်းချောင်း၊ မြေနီကုန်း ရတနာပုံရုပ်ရှင်ရုံကိစ္စများ" ဟူသောစာကို ၂၂၊ ၇၊ ၈၈ ရက်နေ့တွင်လည်းကောင်း၊

(၄) "ကျွန်တော်တို့နှစ်ဦးထဲအတွက်သာဖြစ်သည်" ဟူသောစာကို ၉၊ ၇၊ ၈၈ ရက်နေ့တွင်လည်းကောင်း

(၅) "လူ့အခွင့်အရေးအပြည့်အဝရရှိရေးကိစ္စ" ဟူသောစာကို ၁၉၊ ၇၊ ၈၈ ရက်နေ့တွင်လည်းကောင်း ဖြန့်ဝေခဲ့သည်။

မည်သို့ပင်ဆိုစေကာမူ ထိုအချိန်ကဖြန့်ဝေခဲ့သော ဦးအောင်ကြီး၏ စာတန်းများသည် ပြည်သူလူထုကို နိုင်ငံရေးနိုးကြားစေခဲ့သည်။ ၄င်းရေးသားထားသောစာတမ်းကို တခုချင်းလေ့လာကြည့်ပါက အောက်ပါအတိုင်း တွေ့ရှိရသည်။

(က) ၁၂၊ ၅၊ ၈၈ ရက်စွဲဖြင့် ရေးသားထားသောစာ၌ တော်လှန်ရေးကောင်စီ အာဏာသိမ်းပြီး ၂၆ နှစ်အကြာ အခြေအနေသည် ယိုယွင်းယုံသာမက ပျက်စီးခြင်းမက ပျက်စီးသွားပြီး နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအားလုံး ကျဆုံးခြင်းမကကျဆုံးခဲ့ကြောင်း၊ လက်အောက်ရှိတာဝန်ရှိသူများက တာဝန်ယူကြရန် ခေါင်းခံလိုကြောင်း၊ မိမိအနေဖြင့် စာတမ်းတစောင် ရေးသားတင်ပြခဲ့ကြောင်း၊ ဗိုလ်မှူးချုပ်အောင်ကြီး နုတ်ထွက်ခါနီး ပါတီဥက္ကဋ္ဌကြီးက သုံးနှစ်လုပ်မယ်၊ မအောင်မြင်လျှင် ဗိုလ်အောင်ကြီးတို့လုပ်ကြပါဟု ပြောခဲ့ကြောင်း၊ နိုင်ငံရေးသမားလုပ်ဖော်ကိုင်ဖက်တွင် ဦးနုနှင့် ပါတီဥက္ကဋ္ဌကြီး၊ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးသာရှိပြီး ကျန်လူများမှာ ကွယ်လွန်ပြီဖြစ်ကြောင်း၊ မကြာမီတိုင်းပြည်ဆန်ပြဿနာဖြစ်တော့မည်ဖြစ်ကြောင်း၊ စက်မှုလုပ်ငန်းအားလုံး လိုလိုပိတ်ထားရပြီဖြစ်ကြောင်း၊ ဒုက္ခရောက်မည့်အရေးကို သတိပေးရကြောင်း ဖော်ပြထားသည်။

(ခ) ၈၊ ၆၊ ၈၈ ရက်စွဲဖြင့် ရေးသားထားသောစာတမ်းတွင် ကျောင်းသား

www.burmeseclassic.com

www.burmeseclassic.com



အရေးအခင်းကို ဦးစားပေး ရေးသားဖော်ပြထားသည်။ စာတမ်း၏ နိဒါန်းအပိုင်းတွင် ယခင်က ကျောင်းသားသမဂ္ဂအဆောက်အအုံကို ဖြိုဖျက်သူတရားခံမှာ ၎င်းမဟုတ်ကြောင်း ရှင်းလင်းရေးသားထားပါသည်။ ၁၉၈၈ မတ်လ ကျောင်းသားအရေးအခင်းနှင့်ပတ်သတ်၍ ပါတီဥက္ကဋ္ဌကြီးအနေဖြင့် တာဝန်မယူရန်၊ ၎င်းကိစ္စ၏တရားခံမှာ ပါတီဥက္ကဋ္ဌကြီးမဟုတ်ကြောင်း၊ ကြို့ကုန်းရပ်ကွက်သမဝါယမဆိုင်ကိုမီးရှို့မှုသည် ကျောင်းသားများမဟုတ်ကြောင်း၊ အလွဲသုံးစားခဲ့သူအား ဖုံးကွယ်ရန်စာရင်းရှင်းလို၍ မီးရှို့ခဲ့ခြင်းဖြစ်ကြောင်း၊ ကျောင်းသားများကိုအင်လျားကန်ဘောင်တွင် ချောင်ပိတ်ရိုက်ကြောင်း၊ မိန်းကလေးများကို ဆံပင်ဆွဲရိုက်၊ ရေထဲကန်ချ၊ ထဘီကျွတ်၍ပြေးသည့် မိန်းကလေးကိုပင် ဆံပင်ဆွဲ၍ ရိုက်ကြောင်း၊ မိန်းကလေးအလောင်းနှစ်လောင်း ရေထဲကပေါ်လာကြောင်း စသည်ဖြင့်ရေးသားထားရာ အမှန်တကယ်သေဆုံးခဲ့ခြင်း၊ ပြင်းထန်စွာဒဏ်ရာရရှိခဲ့ခြင်းမရှိဟု အစိုးရထုတ်သတင်းစာများ၏ မမှန်မကန် ဖော်ပြမှုကို အရှိက်ထိုး တုန့်ပြန်ထားပေသည်။ ၎င်းပြင် ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီး၏စာတမ်း၌ အင်းလျားကန်ဘောင်ပေါ်တွင်ဖြစ်သည့်ညက လူအများအပြားသေဆုံးခဲ့ကြောင်း၊ အလောင်းများကို ညတွင်းချင်းမီးရှို့ခဲ့ကြောင်း၊ သေဆုံးသူများနှင့်ပတ်သတ်၍ တလခန့်ကြာမှ မိဘများထံ စာဖြင့်အကြောင်းကြားကြောင်း၊ ထောင်ထဲတွင်လည်း လုံထိန်းပုလိပ်များက ဝင်ရိုက်ကြောင်း၊ ကျောင်းသူများကို အဓမ္မကျင့်ကြောင်း၊ ထောင်ထဲတွင်များစွာ ညှဉ်းပမ်းနှိပ်စက်ကြကြောင်း၊ လူပေါင်း ၂၈၃ ယောက် သေဆုံးခဲ့ကြောင်းစသည်ဖြင့် ရေးသားထားရာ ဖတ်ရှုရသူများ တုန်လှုပ်ခြောက်ခြားကာ ဒေါသခံပြင်းခဲ့ကြရသည်။

(ဂ) ၇၊ ၃၊ ၈၈ ရက်စွဲဖြင့်ရေးသားထားသည့်စာတမ်းတွင်မူ ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးသည် ဂျပန်နိုင်ငံမှ နိုင်ငံရေးသမားများနှင့် တွေ့ဆုံ၍ တိုင်းပြည်အကျိုးကျေးဇူးရှိမည့်ကိစ္စရပ်များကို တိုင်ပင်ဆွေးနွေးခဲ့ကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်နေကြသောဝန်ကြီးများနှင့် နိုင်ငံခြားဆက်ဆံရေး အဆင်မပြေသဖြင့် ၎င်းထံလာရောက်တွေ့ဆုံပြီး ဥက္ကဋ္ဌကြီးထံတင်ပြပေးရန် ပြောဆိုခြင်း ဖြစ်ကြောင်းစသည်ဖြင့် ရေးသားထားလေသည်။

ဤကဲ့သို့ ဦးအောင်ကြီး၏ ဖြန့်ဝေစာများ ပြင်ပလောက၌ ပျံ့နှံ့နေချိန်အတွင်းမှာပင် ၁၉၈၈ မေလ ၁၃ ရက်နေ့တွင် (၁၇၊ ၃၊ ၈၈ ) ရက်နေ့က ဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



စည်းပေးခဲ့သည့် ရန်ကုန်စက်မှုတက္ကသိုလ်ကျောင်းသားတချို့နှင့် ကြို့ကုန်း အနောက်ရပ်ကွက်လူထုအချို့တို့ ဖြစ်ပွားခဲ့သောအရေးအခင်းနှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို တင်သွင်းခဲ့သည်။ ထိုအစီရင်ခံစာတွင် အခန်း (၁၄) ခန်းခွဲ၍ စာမျက်နှာ ၂၉၂ မျက်နှာဖြင့် အသေးစိတ်စုံစမ်းဖော်ထုတ်ရရှိချက်များကို တင်ပြထားသည်။

ဖုန်းမော်အရေးအခင်းကိုသုံးသပ်ကြည့်လျှင် မဆလ စစ်အာဏာရှင်များ၏ ကြီးမားသည့် ပထမအမှားတခုမှာ ရပ်ကွက်ကောင်စီဥက္ကဋ္ဌကို ဘက်လိုက်ကာကွယ်ပေးမှုနှင့် လုံထိန်းတပ်ဖွဲ့အင်အား အဆမတန်သုံးပြီး ကျောင်းသားများကို အကြမ်းဖက်နှိပ်ကွပ်မှုပင်ဖြစ်သည်။ ဒုတိယအမှားမှာ သတင်းစိစစ်တင်းကြပ်မှုပြုလုပ်ထားသည်သာမက သတင်းလိမ်လည်ကြေညာခြင်းပင်ဖြစ်သည်။ လုံထိန်းတပ်ဖွဲ့ဝင်များအား ပြည်ထဲရေးဝန်ကြီးဌာနနှင့် ရဲချုပ်တို့က အုပ်ချုပ်ရသော်လည်း မဆလ၏ အုပ်ချုပ်ရေးယန္တရားဖွဲ့စည်းပုံအရ အမိန့်ပေးစနစ်သည် ရောနှောနေခဲ့ပြီး အထက်မှ စွက်ဖက်မှုများစွာရှိခဲ့သည်။ ရန်ကုန်တိုင်း၌လည်း ဒေသပါတီဥက္ကဋ္ဌ၊ တိုင်းကောင်စီဥက္ကဋ္ဌနှင့် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးဟူ၍ အမိန့်ပေးနိုင်သည့် အာဏာပိုင် (၃) ဦးရှိသည်။ ရန်ကုန်မြို့လုံခြုံရေးအတွက် တပ်မ (၂၂)၊ (၄၄)၊ (၇၇) တို့ကို ဆွဲခေါ်ရာတွင်လည်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ချက်ချင်းမသိလိုက်ရဘဲ အဓိကရုဏ်း နှိမ်နင်းရာ၌လည်း လုံထိန်းများနှင့် စစ်တပ် ရောထွေးနေသည်ကို တပ်မှူးများက မကြိုက်နှစ်သက်ကြချေ။

၁၉၈၈ မေလ ၃၀ ရက်နေ့တွင် ကျောင်းများပြန်လည်ဖွင့်လှစ်သည့်အခါ အကျဉ်းထောင်ကပြန်လွတ်လာသည့် ကျောင်းသားများက ယင်းတို့ အတွေ့အကြုံများကို ပြန်လည်ရှင်းလင်းကြရာ ဇွန် ၁၅ ရက်နေ့မှ ၂၀ ရက်နေ့အထိ ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင် ဆန္ဒပြပွဲများ ဆက်တိုက်ဖြစ်ပွားခဲ့ပြန်သည်။ ရဟန်းသံဃာတော်များ၊ အလုပ်သမားများ၊ အထက်တန်းကျောင်းသားများပါမကျန် ပြည်သူလူထုပါ အမြောက်အများပါဝင်လာကြသည်။

ဇွန်လ ၂၁ ရက်နေ့တွင် ကျောင်းများကို ပြန်ပိတ်ကြောင်း ကြေညာခဲ့သော်လည်း သပိတ်မှောက်မှုများ တပြည်လုံးသို့ ပျံ့နှံ့သွားခဲ့သည်။ ယင်းနေ့၌

www.burmeseclassic.com

www.burmeseclassic.com



ရန်ကုန်တက္ကသိုလ် (ပင်မ)၊ လိပ်ခုံးဆေးတက္ကသိုလ် (၁) ကျောင်းသားများသည် တက္ကသိုလ်ဝန်းအတွင်းမှ ပြင်ပသို့ထွက်လာပြီး လူထုနှင့်ပူးပေါင်းကာ လှိုင်၊ စမ်းချောင်း၊ ကမာရွတ်၊ မရမ်းကုန်း၊ အင်းစိန်မြို့နယ်များတွင် ဆန္ဒပြခဲ့ကြသည်။ စမ်းချောင်းမြို့နယ်တွင် ရဲတပ်ဖွဲ့ဝင်များက အေးချမ်းစွာ လက်နက်မဲ့ဖြင့် ဆန္ဒပြနေသူများကို ပစ်ခတ်နှိမ်နင်းရာ သေကြေထိခိုက်မှုများရှိခဲ့သည်။ ထိုနေ့မှာပင် ရန်ကုန်မြို့ထဲရှိဆေးတက္ကသိုလ်ကို ကျောင်းသားထုသည် ပြည်လမ်းအတိုင်းဆက်လက်ချီတက်သွားရာ ဟံသာဝတီအဝိုင်းအကျော် မြေနီကုန်းအရောက်၌ လုံထိန်းတပ်ဖွဲ့များ၏တားဆီးမှုကြောင့် ကျောင်းသားများနှင့် လုံထိန်းတပ်ဖွဲ့မှ ပဋိပက္ခဖြစ်ပွားရာ အနီးအနားရှိရပ်ကြည့်နေသည့် ပြည်သူလူထု၏ ပူပေါင်းတိုက်ခိုက်မှုကြောင့် လုံထိန်း ၂၀ နှင့် ပြည်သူတရာကျော် သေဆုံးခဲ့ရသည်။

အစိုးရသတင်းစာများ၌ ဆူပူအကြမ်းဖက်သမားများ လက်နက်မျိုးစုံဖြင့် ထိုးခုတ်တိုက်ခိုက်မှုကြောင့် ပြည်သူ့ရဲတပ်ဖွဲ့ဝင် ၆ ဦး ကျဆုံးပြီး၊ ၂၅ ဦး ပြင်းထန်စွာ ဒဏ်ရာရရှိခဲ့သည်ဟု လိမ်ညာရေးသားထားခဲ့သော်လည်း ပြည်သူလူထုသေကြေထိခိုက်မှုကိုမူ ဖုံးဖိထားခဲ့သည်။

ထိုအတောအတွင်း တောင်ကြီးမြို့နှင့်ပြည်မြို့များ၌လည်း လူထုဆန္ဒပြမှုများဖြစ်ပွားခဲ့ရာ ပုဒ်မ ၁၄၄ ထုတ်ပြန်ခဲ့သည်။သို့သော် ပြည်မြို့၌ ဖြစ်ပွားလျက်ရှိသော အုံကြွဆန္ဒပြမှုများ လုံးဝထိန်းမရတော့သဖြင့် ၁၉၈၈ ခုနှစ်၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် အစိုးရက စစ်အုပ်ချုပ်ရေးကြေညာကာ စစ်တပ်မှ လက်နက်ဖြင့် ဖြိုခွင်းခဲ့သည်။

ယင်းကဲ့သို့ နိုင်ငံအနှံ့ရှိမြို့ကြီးများတွင် ဆူပူအုံကြွမှုများဖြစ်ပွားနေစဉ်မှာ ၁၉၈၈ ဇူလိုင် ၂၃ ရက်နေ့တွင် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီ အရေးပေါ်ညီလာခံ ကျင်းပခဲ့သည်။ ယင်းအစည်းအဝေး၌ ပါတီဥက္ကဋ္ဌ ဦးနေဝင်းသည် ယင်း၌ အပြစ်ရှိမှုကြောင့် နုတ်ထွက်ရသော်လည်း "စစ်တပ်ဆိုတာ မိုးပေါ်ထောင်ပြီးတော့ ပစ်တာမဟုတ်ဘူး။ ပစ်ရင်မှန်အောင်ပစ်တယ်" ဟု လူထုနှင့် ကျောင်းသားများကိုစိန်ခေါ်ပြီး သမိုင်းတွင် အမည်းစက်ကြီးထင်အောင် ပြောကြားသွားခဲ့သည်။ ဇူလိုင် ၂၄ ရက်နေ့တွင် ဆက်လက်ကျင်းပပြုလုပ်ခဲ့သော မဆလပါတီ အရေးပေါ်ညီလာခံဒုတိယနေ့အစည်းအဝေး၌ တပ်မတော် စည်း

www.burmeseclassic.com

www.burmeseclassic.com





**အာဏာရှင်ဟောင်း**
**ဗိုလ်ချုပ်ကြီးနေဝင်း**

ရုံးရေးကော်မတီမှ ညီလာခံ ရဲဘော်မောင်သင့်က ဦးအောင်ကြီး၏ ၄၁ မျက်နှာပါစာနှင့် ပတ်သတ်၍ ထည့်သွင်းပြောကြားသွားခဲ့သည်။ ၎င်း၏ တင်ပြ ပြောဆိုချက်မှာ "တက္ကသိုလ်သမဂ္ဂ အဆောက်အအုံကို ၁၉၆၂ ခုနှစ်၊ ဇူလိုင်လ ၈ ရက်နေ့တွင် ဖောက်ခွဲဖျက်ဆီးသည့်ဖြစ်ရပ်မှန်ကို ရှင်းလင်းပြောကြားခဲ့ခြင်းသည် သမိုင်းတွင် မှန်ကန်သောဖြစ်ရပ်ကို အတိအလင်း မှတ်တမ်းတင်ထားရှိသည့် နိုင်ငံရေးကစားကွက်ဖြစ်ကြောင်း၊ ယင်းကိစ္စတွင် ဗိုလ်မှူးချုပ်ဟောင်း အောင်ကြီးသည် ဥက္ကဋ္ဌကြီးအပေါ် ကျောင်းသားနှင့်ပြည်သူလူထုက အထင်အမြင်လွဲမှားမှုဖြစ်ပေါ်အောင် လှုံ့ဆော်ချက်သာဖြစ်သည်ကိုတွေ့ရှိရကြောင်း၊ ၎င်းသည် တိုင်းပြည်၏ စွမ်းအားစုကြီးသုံးရပ်ဖြစ်သော ပြည်သူ၊ တပ်မတော်နှင့် နိုင်ငံတော်ခေါင်းဆောင်ကြီးများကို ပြိုကွဲအောင်စီမံချက်ဖြင့် ယင်းသမဂ္ဂကိစ္စကို အခွင့်ကောင်းယူကာ ပြည်သူကို ဆူပူထကြွစေရန် ဖန်တီးခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် မတ်လနှင့်ဇွန်လအရေးအခင်းများတွင် ဖြစ်ပေါ်ခဲ့သည့် အခြေအနေများကို မဟုတ်မမှန်လိမ်ညာစွပ်စွဲ၍ ပြည်သူများထင်ယောင်ထင်မှားဖြစ်စေရန် စာတမ်းများကိုရေးသား၍ ပြည်သူနှင့်ကျောင်းသားများကို ဖြန့်ဝေခဲ့ကြောင်း၊ တချိန်တည်းတွင် ခေါင်းဆောင်ပိုင်းနှင့်တပ်မတော်အတွင်း သွေးကွဲအောင်ပြုလုပ်ပြီး ဥက္ကဋ္ဌကြီးအပေါ် သစ္စာစောင့်သိ ချစ်ခင်လေးစားသယောင် ချဉ်းကပ်ကာ ၎င်းအာဏာရရှိရန် ကြိုးပမ်းခဲ့ကြောင်း၊ သူသည်ဥက္ကဋ္ဌကြီးအပေါ် သစ္စာရှိသည်ဟုပြောဆိုရေးသားနေသော်လည်း ဦးနုက နိုင်ငံတော်ကို တော်လှန်ပုန်ကန်ရန် ပြည်ပသို့ထွက်ခွာမည့်ကိစ္စကို ဥက္ကဋ္ဌကြီးအား ဆက်လက်တင်ပြမှုမရှိခဲ့ကြောင်း၊ ၁၉၇၀ ပြည့်နှစ်တွင် ဦးနု၏ ပြည်ပြေးသူပုန်အချို့ မြစ်ဝကျွန်းပေါ်ဒေသသို့ဝင်ရောက်ခဲ့ရာတွင်လည်း တပ်မတော်နှင့်ပြည်သူတို့ပူးပေါင်း၍ ထော်ပိုင်စစ်ဆင်ရေးဖြင့် အပြီးအပိုင်ချေမှုန်းခဲ့သည်ကို တပ်မတော်သည် တပ်ခွဲနှစ်ခွဲ

www.burmeseclassic.com

www.burmeseclassic.com



စာသူပုန်ကို တပ်သားအလုံးအရင်းသုံးပြီး ချေမှုန်းခြင်းသည် မရောင်ရာဆီလူး ဖြစ်နေကြောင်း၊ သူပုန်အင်အားများသောရှမ်းပြည်နယ်ဒေသတွင် တပ်အင်အားနည်းနည်းနှင့် စစ်ဆင်ရေးဝင်နေသည်ဟု ပြောဆိုခဲ့ကြောင်း၊ ၄င်းသည် အေးချမ်းသာယာသော အမာခံနယ်မြေတွင် ပြည်ပြေးသူပုန်များ ကြီးထွားလာစေသောဆန္ဒဖြင့် မရိုးသားသောအကြံအဉာဏ်ကို ဥက္ကဋ္ဌကြီးထံသို့ ရေးသားတင်ပြခဲ့ကြောင်း၊ သူသည် တိုင်းပြည်ကို တကယ်ချစ်မြတ်နိုးသူ မျိုးချစ်ပုဂ္ဂိုလ်အစစ်အမှန်ဖြစ်လျှင် ဤသို့ရှေ့နောက်မညီညွတ်သော ပြောဆိုရေးသားမှုကို မပြုလုပ်သင့်ကြောင်း၊ ဥက္ကဋ္ဌကြီးသည် ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့ရုံမျှသာမက တိုင်းပြည်တွင် အရေးကြုံလာတိုင်း တာဝန်ယူခဲ့သည့်ခေါင်းဆောင်ဖြစ်ကြောင်း၊ အထူးသဖြင့် ၁၉၅၈–၅၉ ခုနှစ်တွင် တိုင်းပြည်တွင်အိမ်စောင့်အစိုးရအဖြစ်ဖြင့် တာဝန်ယူစောင့်ရှောက်ပေးခဲ့ပြီး ၁၉၆၂ ခုနှစ်တွင် တိုင်းပြည်အစိတ်စိတ်ပြိုကွဲမည့် အခြေအနေများကြောင့် ထိန်းသိမ်းစောင့်ရှောက်ခဲ့ရကြောင်း၊ ထို့ကြောင့် ဥက္ကဋ္ဌကြီးအနေဖြင့် ပါတီနုတ်ထွက်ကိစ္စကို ပြန်လည်စဉ်းစားပေးပါရန် တင်ပြပါကြောင်း ဆွေးနွေးသွားသည်။

သို့သော် ဇူလိုင် ၂၅ ရက်နေ့တွင် ကျင်းပခဲ့သော ညီလာခံ တတိယနေ့ အရေးပေါ်အစည်းအဝေး ဆုံးဖြတ်ချက်ချမှတ်ခဲ့ရာ လမ်းစဉ်ပါတီဥက္ကဋ္ဌကြီး ဦးနေဝင်းနှင့် ပါတီအထွေထွေအတွင်းရေးမှူး ဦးစန်းယုတို့အား ပါတီတာဝန်မှ နုတ်ထွက်ခွင့်ပြုပြီး၊ ပါတီဝင်အဖြစ်မှ အနားယူခွင့်ပြုရန်၊ ပြည်သူ့ဆန္ဒခံယူပွဲမပြုလုပ်ရန်တို့အတွက် ဆုံးဖြတ်ခဲ့ကြသည်။

ဇူလိုင် ၂၆ ရက်နေ့တွင် ပါတီဗဟိုကော်မတီ ဒသမအကြိမ် အစည်းအဝေးကို ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ကျင်းပပြုလုပ်ရာ ဗဟို ကော်မတီဝင်များက ဦးစိန်လွင်အား ပါတီဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ကြသည်။ ထို့အပြင် နိုင်ငံတော်ဝန်ကြီးချုပ် ဦးမောင်မောင်ခနှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးမြင့်မောင်တို့အား အချုပ်ကားအတွင်း လူပေါင်း ၄၁ ယောက် လေမွှန်းကျပ်သေဆုံးမှုနှင့်ပတ်သတ်၍ ဖြုတ်ချလိုက်သည်။ ထို့နောက်ဇူလိုင် ၂၇ ရက်နေ့တွင် ဆက်လက်ကျင်းပပြုလုပ်ခဲ့သော စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော် အစည်းအဝေးမှလည်း ဦးစိန်လွင်အား နိုင်ငံတော်ကောင်စီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ထို့အပြင် နိုင်ငံ

www.burmeseclassic.com

www.burmeseclassic.com



တော်ကောင်စီအတွင်းရေးမှူးအဖြစ် ဦးထွန်းတင်တို့ကိုလည်းကောင်း ရွေးချယ်ခဲ့ကြသည်။ ဇူလိုင် ၂၈ ရက်နေ့တွင် ကျောင်းသားများသည် လူစုလူဝေး မပြုလုပ်ရဟု ထုတ်ပြန်ထားသောအမိန့်ကိုဆန့်ကျင်ပြီး ရွှေတိဂုံဘုရား၌ သပိတ်စခန်းဖွင့်လှစ်၍ စုရုံးဆန္ဒပြခဲ့ကြသည်။

ဇူလိုင် ၂၉ ရက်နေ့အရောက်တွင် စစ်အစိုးရမှ ဦးအောင်ကြီးနှင့် အပေါင်းအပါ ၉ ဦး (ဦးကြည်ဟန်၊ အေပီသတင်းထောက်ဦးစိန်ဝင်း၊ ဦးခင်ညို၊ ဦးကြည်မောင်၊ ဦးဘရွှေ၊ ဦးချစ်ကိုကို၊ ဦးထွန်းရွှေ၊ ဦးအောင်မြင့်၊ ဦးဇော်ဝင်းဦး) တို့အား နိုင်ငံတော်ကိုထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်သည့်ပုဒ်မဖြင့် ထိန်းသိမ်းလိုက်သည်။

အခြေအနေမှာ တဖြည်းဖြည်းပိုမိုဆိုးဝါးလာကာ အစိုးရဆန့်ကျင်ရေးကြွေးကြော်သံများသည် လမ်းမများပေါ်သို့ ရောက်ရှိလာခဲ့သည်။ ၁၉၈၈ ဇူလိုင် ၂၈ ရက်နေ့မှစ၍ ရန်ကုန်မြို့တော်စည်ပင်သာယာရေးနယ်နိမိတ် အတွင်းရှိ မြို့နယ်များ၌ပညာသင်ကြားနေသော ကျောင်းများသို့ပျံ့နှံ့ရောက်ရှိလာသည်။ ဆန္ဒပြကျောင်းသားများသည် ယင်းနေ့မှ ဩဂုတ်လ ၂ ရက်နေ့အထိ ရွှေတိဂုံရင်ပြင်တော်ပေါ်တွင် သပိတ်စခန်းများ ဖွင့်လှစ်ခဲ့ကြသည်။ ဆန္ဒပြကျောင်းသားများသည် ဘုရားရင်ပြင်ပေါ်တွင် စုစည်းကာ လာရောက်ကြသော လူထုပရိတ်သတ်အား လက်ကမ်းစာစောင်များဝေငှခြင်း၊ အစိုးရဆန့်ကျင်ရေးဟောပြောခြင်း၊ စာကပ်ခြင်းတို့ကို ပြုလုပ်ခဲ့ကြသည်။

ကျောင်းသားအင်အားစုနှင့် ပြည်သူတို့ စုရုံးမိသောအခါ ဘုရားပေါ်မှတဆင့် ရန်ကုန်မြို့အတွင်းရှိ မြို့နယ်အချို့တွင် လှည့်လည်ဆန္ဒပြခဲ့ကြသည်။

ထို့ကြောင့် မဆလ အစိုးရသည် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက်နေ့တွင် နိုင်ငံတော်ကောင်စီ၏ ကြေညာချက်အမှတ် ၅/၈၈ဖြင့် ရန်ကုန်တိုင်း စစ်အုပ်ချုပ်ရေးဥပဒေကို ထုတ်ပြန်ခဲ့သည်။ ထို့အပြင် နိုင်ငံတော်၏ စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှုအာဏာများကို ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး စောမောင်အား အပ်နှင်းခဲ့သည်။ ကာကွယ်ရေးဦးစီးချုပ်သည် နိုင်ငံတော်ကောင်စီကြေညာချက် ၅/၈၈ ပါ လုပ်ပိုင်ခွင့်အရ ထိုနေ့မှာပင် ကာကွယ်ရေးဦးစီးချုပ်ရုံး၏ စစ်အုပ်ချုပ်ရေးကြေညာချက်အမှတ် (၂)ကို ထုတ်ပြန်၍ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးညွန့်အား မိမိကိုယ်စား

www.burmeseclassic.com

www.burmeseclassic.com



စစ်အုပ်ချုပ်ရေးကို ဆောင်ရွက်ရန် အာဏာလွှဲအပ်ပေးခဲ့သည်။

သို့ဖြင့် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၃ ရက် ည ၇ နာရီမှစ၍ ၁၉၈၈ ဩဂုတ်လ ၂၄ ရက်နေ့အထိ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်အုပ်ချုပ်ရေးအမိန့်များကို အောက်ပါအတိုင်းထုတ်ပြန်ခဲ့သည်။

(က) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့် အမှတ် (၁/၈၈) ဖြင့် စစ်အုပ်ချုပ်ရေးဒေသသတ်မှတ်ခြင်းနှင့် စစ်ဒေသမှူးများခန့်အပ်ခြင်း။

(ခ) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၂/၈၈)ဖြင့် စီမံခန့်ခွဲမှုနှင့် တရားစီရင်မှုတို့နှင့်ပတ်သတ်၍ ညွှန်ကြားချက်ထုတ်ပြန်ခြင်း။

(ဂ) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၃/၈၈)ဖြင့် စစ်အုပ်ချုပ်ရေးဒေသတွင် တရားစီရင်ခြင်း။

(ဃ) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ် (၄/၈၈)ဖြင့် ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့အဆင့်ဆင့်တို့ကို စီမံခန့်ခွဲရေးကိစ္စများ ဆက်လက်ဆောင်ရွက်စေခြင်း။

(င) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၆/၈၈)ဖြင့် ညမထွက်ရ၊ လမ်းများပေါ်တွင် လူငါးယောက်နှင့် ငါးယောက်နှင့်အထက် သွားလာလှုပ်ရှားခြင်းမပြုရအမိန့်များ ထုတ်ပြန်ခြင်း။

(စ) ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၉/၈၈)ဖြင့် စစ်အုပ်ချုပ်ရေးအမိန့်အမှတ်(၆/၈၈)ဖြင့် ထုတ်ပြန်တားမြစ်ချက်များအား ရုပ်သိမ်းခြင်း။

၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၅ ရက်နေ့အတွင်း စစ်အုပ်ချုပ်ရေး အကြံပေးအဖွဲ့အား တပ်မတော်မှအရာရှိကြီးတဦးနှင့် ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့မှ တဦးအပါအဝင် ခုနစ်ဦးဖြင့် ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ ထို့ပြင် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင်သည် ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူးအား ကာကွယ်ရေးဦးစီးချုပ်ရုံး၏ ကြေညာချက်အမှတ်(၂) အရ လွှဲအပ်ထားသောအာဏာအရပ်ရပ်ကိုကျင့်သုံးစေလျက် အောက်ပါအတိုင်းစစ်အုပ်ချုပ်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

(က) ဗိုလ်မှူးချုပ် မျိုးညွှန့် – ဥက္ကဋ္ဌ (တိုင်းမှူး၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်)

(ခ) ဦးရဲဝင်း – အဖွဲ့ဝင် (ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းဒေသပါတီကော်မတီ)

www.burmeseclassic.com

www.burmeseclassic.com



(ဂ) ဦးကျော်သိန်း – အဖွဲ့ဝင် (ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းပြည်သူ့ကောင်စီ)
(ဃ) ဗိုလ်မှူးကြီး အောင်ခင် – အဖွဲ့ဝင် (မြို့တော်ဝန်၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးအဖွဲ့)
(င) ဗိုလ်မှူးကြီး သန့်ဇင် – အဖွဲ့ဝင် (ဒုတိယတိုင်းမှူး၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်)
(စ) ဗိုလ်မှူးကြီး ခင်မြင့် – အဖွဲ့ဝင် (စစ်ဒေသမှူး၊ အမှတ် (၁) စစ်ဒေသ)
(ဆ) ဗိုလ်မှူးကြီး သိန်းထွန်း – အဖွဲ့ဝင် (စစ်ဒေသမှူး၊ အမှတ် (၂) စစ်ဒေသ)
(ဇ) ဗိုလ်မှူးကြီး သာဋ္ဌေး – အဖွဲ့ဝင် (စစ်ဒေသမှူး၊ အမှတ် (၃) စစ်ဒေသ)
(ဈ) ဗိုလ်မှူးကြီး မျိုးဆွေ – အဖွဲ့ဝင် (စစ်ဒေသမှူး၊ အမှတ် (၄) စစ်ဒေသ)
(ည) ဒုတိယဗိုလ်မှူးကြီး သိန်းမြင့် – အဖွဲ့ဝင် (ဥက္ကဋ္ဌ၊ တိုင်းတရားသူကြီး အဖွဲ့)
(ဋ) ဦးမျိုးညွန့် – အဖွဲ့ဝင် (ဥက္ကဋ္ဌ၊ တိုင်းလုပ်ငန်းစစ်ဆေးရေးအဖွဲ့)
(ဌ) ဦးဆန်းမြင့် – အဖွဲ့ဝင် (ရဲထောက်ချုပ်၊ ပြည်သူ့ရဲတပ်ဖွဲ့ဌာနချုပ်)
(ဍ) ဗိုလ်မှူးကြီး ဇော်မင်း– အဖွဲ့ဝင် (ညွှန်ကြားရေးမှူးချုပ်၊ မီးသတ် ဦးစီးဌာန)
(ဎ) ဒေါက်တာ ဦးစိန်ရီ – အဖွဲ့ဝင် (ရန်ကုန်တိုင်းကျန်းမာရေးဦးစီးဌာန)
(ဏ) ဒုတိယဗိုလ်မှူးကြီး အောင်သန်း – အတွင်းရေးမှူး (စစ်ဦးစီးမှူး– ပထမတန်း)
(တ) ဒုတိယဗိုလ်မှူးကြီး တင်အုန်း– တွဲဖက်အတွင်းရေးမှူး (လက် ထောက်စစ်ဥပဒေချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်)

ယင်းကဲ့သို့ စစ်အုပ်ချုပ်ရေး ကြေညာကျင့်သုံးခြင်းကို မဆလ အစိုးရက နိုင်ငံတော်လုံခြုံရေးနှင့် ပြည်သူ့အိုးအိမ်တို့ကို ကာကွယ်စောင့်ရှောက်ရန် အလို့ငှာ ကမ္ဘာ့နိုင်ငံများတွင် ကျင့်သုံးလျက်ရှိသော ကျင့်ထုံးများနှင့်အညီ ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ (၇၆) အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကို သုံးစွဲလျက် ထုတ်ပြန်ခဲ့သော နိုင်ငံတော်ကောင်စီ၏ ကြေညာချက်အမှတ်(၅/၈၈)အရဖြစ်သည်ဟုဆိုသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ စစ်အုပ်ချုပ်ရေး ကြေညာခဲ့ပြီးနောက် ဗမာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂက စစ်ဥပဒေထုတ်ပြန်ချက်ကို ဖီဆန်ကာ ရှစ်လေးလုံး အထွေထွေသပိတ်ကြီးအတွက် လှုံ့ဆော်ရေးစာစောင်များ စတင်ဖြန့်ဝေခဲ့သလို လူပေါင်းမြောက်များစွာကလည်း ဆန္ဒပြခဲ့သည်။



ဤသို့ဖြင့် စစ်အုပ်ချုပ်ရေးစတင်သည့် ၁၉၈၈ ဩဂုတ်လ ၃ ရက်မှ ၈ ရက်နေ့အထိ ရန်ကုန်မြို့အပါအဝင် မြို့ကြီး ၁၉ မြို့၌ ငြိမ်းချမ်းစွာ ဆန္ဒပြ တောင်းဆိုနေသော လူထုကြီးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပစ်ခတ်ရှင်း လင်းမှုကြောင့် ရဟန်းရှင်လူ ကျောင်းသားများ ထောင်ချီသေဆုံးခဲ့ရသည်။ ၁၉၈၈ ဩဂုတ်လ ၈ ရက်နေ့ သမိုင်းတွင်မည့် အထွေထွေသပိတ်ကြီးကို ပြည် သူလူထုသိန်းချီဆင်နွှဲခဲ့ကြသည်။ ထိုနေ့ညနေ ၅ နာရီတွင် မြို့တော်ခန်းမရှေ့ရှိ မြေကွက်လပ်၌ ဆန္ဒပြသူများ စုဝေးရောက်ရှိလာပြီး တောင်းဆိုမှုများကို တောင်းဆိုခြင်း၊ အစိုးရဆန့်ကျင်ရေး ပြောဆိုခြင်းများပြုလုပ်ကာ ရောက်ရှိလာ သော လူထုကြီးအား ဆန္ဒပြခေါင်းဆောင်များက အလှည့်ကျတရားဟော ပြောနေရာ ရန်ကုန်တိုင်း တိုင်းမှူးက အမြန်ဆုံးလူစုခွဲရန် အသံချဲ့စက်မှ ကြေ ငြာခဲ့သည်။ လူထုကြီးက မိမိအစီစဉ်တိုင်း မကြောက်မရွံ့၊ မတုန်မလှုပ် ဆက် လက်ပြုလုပ်ခဲ့ရာ ည ၁၁ နာရီတွင် နည်းဗျူဟာတခုနှင့် ခြေမြန်တပ်ရင်း (၂) ရင်းတို့သည် မြို့တော်ခန်းမမှနေ၍ မောင်းပြန်သေနတ်များဖြင့် တရစပ်ပစ်ခတ်

www.burmeseclassic.com

www.burmeseclassic.com



မှုကြောင့် လူထုထောင်ပေါင်းများစွာ ထပ်မံသွေးမြေကျခဲ့ရပြန်သည်။ ဩဂုတ်လ ၁၁ ရက်နေ့တွင် အဖွဲ့အစည်းပေါင်းစုံ၊ သမဂ္ဂ၊ အသင်းအဖွဲ့များ အေးချမ်းစွာ ဆန္ဒပြနေသည့်လူထုအား စစ်တပ်က ထပ်မံပစ်ခတ်ရာ လူထုထောင်ပေါင်းများစွာ သေကြေဒဏ်ရာ ရရှိခဲ့သည်။

ယင်းသို့ ရက်စက်စွာပစ်မိန့်ပေးခဲ့သော နိုင်ငံတော်သမ္မတ ဦးစိန်လွင်အား ပြည်ပသတင်းစာစောင်တခုဖြစ်သည့် တိုင်းမ် (Time) မဂ္ဂဇင်းကြီးက (၈၊ ၈၊ ၈၈) ထုတ်တွင် သားသတ်သမားသို့မဟုတ် လူသတ်သမား (The Butcheer) အဖြစ် ရေးသားခဲ့လေသည်။

ထိုနေ့မှာပင် နာကျည်းဒေါသဖြစ်နေသော လူထုကြီးက ရန်ကုန်တိုင်းအတွင်း မြို့နယ်ရဲစခန်းများကို စီးနင်းဝင်ရောက်တိုက်ခိုက်ကာ မီးရှို့ဖျက်ဆီးခဲ့ကြသည်။ ထို့အတူ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၁၀ ရက်နေ့တွင် မြန်မာပြည်မြို့ကြီးများ၌ ဆူပူအုံကြွမှုများ ဆက်တိုက်ဖြစ်ပွားခဲ့သည်။

ထိုသို့သော အခြေအနေအရပ်ရပ်ကြောင့် ဩဂုတ်လ ၁၂ ရက်နေ့တွင် ဦးစိန်လွင်သည် မဆလပါတီဥက္ကဋ္ဌအဖြစ်မှလည်းကောင်း၊ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌအဖြစ်မှလည်းကောင်း နုတ်ထွက်သွားခဲ့ရသည်။

ပြည်တွင်းပြည်ပနိုင်ငံများတွင် နာမည်ဆိုးဖြင့်ကျော်ကြားခဲ့သော ဦးစိန်လွင်သည် မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ကော့ကရင်ရွာတွင် အဖဦးရွှေရင်၊ အမိဒေါ်မာကြီးတို့မှ ၁၉၂၄၊ ဇန်နဝါရီလ ၂၂ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ ပညာအရည်အချင်းနိမ့်ပါး၍ ဗမာ့ကာကွယ်ရေးတပ်မတော် တပ်ရင်း (၁) တပ်ခွဲ (၃) ၌ တပ်သားအဖြစ် ဝင်ရောက်စစ်မှုထမ်းရင်း ဂျပန်ခေတ် မင်္ဂလာဒုံ စစ်တက္ကသိုလ်ဗိုလ်သင်တန်းတတိယသို့ တက်ရောက်ခဲ့သူဖြစ်သည်။ ထို့နောက် ခြေလျင်တပ်ရင်း(၃)၊ ချင်းသေနတ်ကိုင်တပ်ရင်း၊ အမှတ် (၄) သေနတ်ကိုင်တပ်ရင်းတို့၌ အသီးသီးထမ်းရွက်ခဲ့သူဖြစ်သည်။

ယင်းနောက် အနောက်တောင်တိုင်းစစ်ဌာနချုပ် ဒုတိုင်းမှူး၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် ဆောင်ရွက်ခဲ့သူဖြစ်သည်။ ထို့မှတဆင့် သမဝါယမဝန်ကြီးဌာန၊ ပို့ဆောင်ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာနတို့၌ ဝန်ကြီးအဖြစ်လည်းကောင်း ထမ်းရွက်ခဲ့သူလည်းဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် နိုင်ငံတော်ကောင်စီဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတော်ကောင်စီအတွင်းရေးမှူးအဖြစ်လည်းကောင်း၊ မဆလပါတီ တွဲဖက်အထွေထွေအတွင်းရေးမှူးအဖြစ်လည်းကောင်း အဆင့်ဆင့်ထမ်းဆောင်ခဲ့သူဖြစ်သည်။ မဆလပါတီ ဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် နုတ်ထွက်သွားခဲ့ပြီးနောက် ၂၀၀၄ ခုနှစ်၊ ဧပြီလ ၉ ရက်နေ့တွင် ကွယ်လွန်သွားခဲ့သည်။

မဆလအစိုးရက ဩဂုတ်လ ၈ ရက်နေ့မှ ဩဂုတ်လ ၁၄ ရက်နေ့အထိ ရှစ်ဆယ့်ရှစ်ဒီမိုကရေစီအရေးတော်ပုံကြီးအား အကြမ်းဖက်ဖြိုခွင်းခဲ့မှုကြောင့် သေဆုံးသူ၊ ဒဏ်ရာရသူ၊ ဖမ်းဆီးထိန်းသိမ်းခံရသူများကို ထိန်ချန်၍ အောက်ပါအတိုင်း ထုတ်ပြန်ခဲ့သည်။

(က) **သေဆုံးသူများ။** ။ အမျိုးသား (၁၀၆) ဦး၊ အမျိုးသမီး (၈) ဦး၊ စုစုပေါင်း (၁၁၄) ဦး။

(ခ) **ဒဏ်ရာရသူများ။** ။ သံဃာ (၆) ပါး၊ အမျိုးသား (၃၀၄) ဦး၊ အမျိုးသမီး (၂၆)ဦး၊ စုစုပေါင်း (၃၃၆)ဦး။

(ဂ) **ဖမ်းဆီးထိန်းသိမ်းခဲ့ရသူများ။** ။ သံဃာ (၂၇) ပါး၊ အမျိုးသား (၂၅၅၇) ဦး၊ အမျိုးသမီး (၃၈၁) ဦး၊ စုစုပေါင်း (၂၉၆၅) ဦးတို့ ဖြစ်သည်။

ထိုကာလတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိခိုက်သေဆုံး ဒဏ်ရာရရှိမှု အခြေအနေများကိုလည်း –

(က) **တပ်မတော်**

(၁) သေဆုံးသူ (၂) ဦး
(၂) ဒဏ်ရာရသူ (၁၀) ဦး
(၃) လက်နက်တလက် ဆုံးရှုံး။

(ခ) **ပြည်သူ့ရဲ**

(၁) သေဆုံး (၁၆) ဦး
(၂) ဒဏ်ရာရ (၄) ဦး
(၃) လက်နက် (၂၇) လက် ဆုံးရှုံးတို့ဖြစ်သည်။

www.burmeseclassic.com

www.burmeseclassic.com



ထိုကာလအတွင်း အကြမ်းဖက်မှုများကြောင့် ပျက်ဆီးဆုံးရှုံးမှုစာရင်းများကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် အောက်ပါအတိုင်း ဖော်ပြခဲ့သည်။

(က) ဆောက်လုပ်ရေးဝန်ကြီးဌာန ကျပ် (၁၈၂၇၂၆၀)
(ခ) ပြန်ကြားရေးဝန်ကြီးဌာန ကျပ် (၈၀၂၂၅၅)
(ဂ) စွမ်းအင်ဝန်ကြီးဌာန ကျပ် (၂၈၄၃၉၈၃)
(ဃ) လယ်ယာနှင့်သစ်တောဝန်ကြီးဌာန ကျပ် (၁၄၁၅၅၀)
(င) အမှတ် (၁) စက်မှုဝန်ကြီးဌာန ကျပ် (၇၂၅၃၄၆)
(စ) သမဝါယမဝန်ကြီးဌာန ကျပ် (၁၀၃၇၃၇၇၈)

၁၉၈၈ သြဂုတ်လတွင် ဖြစ်ပွားခဲ့သော ရှစ်ဆယ့်ရှစ် ဒီမိုကရေစီအရေးတော်ပုံသည် ရန်ကုန်မြို့တခုတည်းတွင်သာမဟုတ်ဘဲ နိုင်ငံအနှံ့၊ မြို့နယ်အများအပြားတွင်ဖြစ်ပွားခဲ့ရာ ဆုံးရှုံးပျက်စီးမှုများ၊ သေကြေဒဏ်ရာရသူ အများအပြားရှိခဲ့သည်။

ဤကဲ့သို့ အခြေအနေများရှုပ်ထွေးနေစဉ်ကာလအတွင်းမှာပင် မဆလပါတီ ပါတီဗဟိုကော်မတီ (၁၁) ကြိမ်မြောက် အစည်းအဝေးကို ၁၉၈၈ သြဂုတ်လ ၁၉ ရက်နေ့တွင် ရန်ကုန်မြို့ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။ ထိုအစည်းအဝေးမှ လစ်လပ်သွားသောပါတီဥက္ကဋ္ဌ နေရာအား ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် ဒေါက်တာမောင်မောင်အား ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ထိုနေ့ နေ့လည်ပိုင်းတွင် ဆက်လက်ကျင်းပသော စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်အစည်းအဝေးမှ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတအဖြစ် ဒေါက်တာမောင်မောင်ကိုပင် ရွေးချယ်လိုက်ကြောင်း ကြေညာခဲ့သည်။

ဒေါက်တာမောင်မောင်သည် နိုင်ငံတော်သမ္မတဖြစ်လာပြီးနောက် နိုင်ငံတော်ကောင်စီ၏ ကြေညာချက်အမှတ် (၇/၈၈) ဖြင့် နိုင်ငံတော်တွင် လက်ရှိဖြစ်ပျက်နေသော နိုင်ငံရေး၊ စီးပွားရေး၊ ပြည်သူ့ရေးရာစီမံခန့်ခွဲရေး အခြေအနေအရပ်ရပ်နှင့်စပ်လျဉ်း၍ ပြည်သူတို့၏ စစ်မှန်သောသဘောထားများကို ရယူနိုင်ရန်အတွက် ပြည်သူ့တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင်ဟိန်း ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်မည့် ပြည်သူ့ဆန္ဒလေ့လာစုံစမ်းရေးကော်မရှင်ကို အဖွဲ့ဝင် ၁၁ ဦးဖြင့် ၁၉၈၈ သြဂုတ်လ ၁၉ ရက်နေ့မှ အစပြု၍ အောက်ပါအတိုင်း ဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



စည်းခဲ့သည်။

(က) ဦးတင်အောင်ဟိန်း – ဥက္ကဌ (ဥက္ကဌ၊ ပြည်သူ့တရားသူကြီး အဖွဲ့)

(ခ) ဦးစန်းမောင် – အဖွဲ့ဝင် (နိုင်ငံတော်ကောင်စီဝင်)

(ဂ) ဦးစိုင်းအောင်ထွန်း – အဖွဲ့ဝင် (နိုင်ငံတော်ကောင်စီဝင်)

(ဂ) ဒေါက်တာ မန်းသက်စံ – အဖွဲ့ဝင် (နိုင်ငံတော်ကောင်စီဝင်)

(င) ဦးဘငြိမ်း – (ဒုတိယဥက္ကဌ၊ အလုပ်သမားအစည်းအရုံး၊ ဗဟိုဦးစီး အဖွဲ့ဌာနချုပ်)

(စ) ဦးချစ်ဆွေ – (ဒုတိယဥက္ကဌ၊ တောင်သူလယ်သမားအစည်းအရုံး

ဗဟိုဦးစီးအဖွဲ့ဌာနချုပ်)

(ဆ) ဒေါက်တာထွန်းသင် – (ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ်မန္တလေး)

(ဇ) ဦးလှထွန်း – (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်၊ ကျောက်တန်း–၂)

(ဈ) ဦးစောလှိုင် – (ကျောင်းအုပ်ကြီး၊ ဟသ်ာတကောလိပ်)

(ည) ဦးအောင်တိုး – အတွင်းရေးမှူး (အဖွဲ့ဝင်၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေးအဖွဲ့)

(ဋ) ဦးခင်မောင်အေး – တွဲဖက်အတွင်းရေးမှူး (ညွှန်ကြားရေးမှူးချုပ်၊ ဗဟိုတရားရုံး၊ ပြည်သူ့တရားသူကြီးအဖွဲ့)

ထိုစဉ်အတွင်း သခင်အုန်းမြင့်သည် ဒေါ်အောင်ဆန်းစုကြည်အား သခင်တင်မြနှင့်မိတ်ဆက်ပေးခဲ့သည်။

သခင်တင်မြသည် သခင်အုန်းမြင့်၏ကမ်းလှမ်းချက်အရ ဒေါ်အောင်ဆန်းစုကြည်သို့ အကူအညီပေးရန်အတွက် သဘောတူညီချက်နှစ်ချက်ကို တောင်းဆိုခဲ့သည်။

(၁) ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးထွေးမြင့်တို့နှစ်ဦး ရေးသားထုတ်ပြန်ထားသော အစိုးရနှင့်ပြည်သူတို့အား မေတ္တာရပ်ခံချက်စာတမ်းတွင် မြန်မာ့ဆိုရှယ်လစ်ပါတီဝင်များအား ဂိုဏ်းဂဏရှိသဘောထားရှိခြင်းသည် မှားယွင်းနေသည်။ ထိုသဘောထားကို ရုပ်သိမ်းရန်။

(၂) နောင် ပါတီစုံဒီမိုကရေစီ အခြေအနေများပေါ်ထွန်းလာပြီး နိုင်ငံရေး

www.burmeseclassic.com

www.burmeseclassic.com



ပါတီများပေါ်ပေါက်လာပါက သူ့ (သခင်တင်မြ) အား နိုင်ငံရေးပါတီများတွင် မပါဝင်မှုကို ခွင့်ပြုရန်။

ထိုသဘောတူညီချက်နှစ်ချက်ကို ဒေါ်အောင်ဆန်းစုကြည်က သဘောတူ လက်ခံခဲ့ကြောင်း ပြန်ကြားခဲ့သဖြင့် သခင်တင်မြက ဒေါ်အောင်ဆန်းစုကြည်ကို ကူညီရန် ဆက်သွယ်ခဲ့ခြင်းဖြစ်သည်။ ထို့နောက်တွင် သခင်တင်မြ အကြံပေးခဲ့ သည့်အတိုင်း ဒေါ်အောင်ဆန်းစုကြည်တို့ ရေးသားထုတ်ဝေခဲ့သော "ပြည်သူ့ အတိုင်ပင်ခံကွန်ဖရင့်ကျင်းပ၍ ပြဿနာများ ညှိနှိုင်းဖြေရှင်းရေး" စာတမ်း တွင်ပါရှိသည့် မဆလပါတီဝင်များအပေါ် ဂိုဏ်းဂဏသဘောထားဖြင့် ရေး သားထားချက်ကို ဖြုတ်ပယ်ရန်စာတမ်းကို ထပ်မံရိုက်နှိပ်ဖြန့်ဖြူးခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်သည် ထိုမေတ္တာရပ်ခံချက်စာတမ်းကို ထိုစဉ်က နိုင်ငံတော်ကောင်စီအတွင်းရေးမှူး သူရဦးကျော်ထင်အားဆက်သွယ်ပြီး ပေးပို့ ခဲ့သည်။ လူချင်းတွေ့ဆုံရန်လည်း ကြိုးစားခဲ့သည်။ သို့သော် တွေ့ဆုံခွင့်မရခဲ့ ပေ။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် သူ၏သဘောထားကို ဒေါက် တာမောင်မောင်ထံတင်ပြရန် သခင်တင်မြအားတင်ပြ၍ ကြိုးစားခဲ့သေးသည်။ သခင်တင်မြက ဒေါ်အောင်ဆန်းစုကြည်၏ အကူအညီတောင်းခံမှုများနှင့် ပတ် သတ်၍ ပထမဦးစွာ သူနှင့်ရင်းနှီးသော တရားသူကြီးအဖွဲ့ဥက္ကဋ္ဌ ဦးတင်အောင် ဟိန်းအား ဆက်သွယ်အကူအညီတောင်းကြည့်မည်။ ဦးတင်အောင်ဟိန်း သဘောတူလျှင် ဦးတင်အောင်ဟိန်းနှင့် ပထမတွေ့ပြီး ဒေါက်တာမောင်မောင် နှင့် ဆက်လက်တွေ့ဆုံရန်တို့ကို အကြံပေးခဲ့သည်ဟုသိရသည်။ ထိုကိစ္စကို ဒေါ်အောင်ဆန်းစုကြည်က သဘောတူသဖြင့် ဦးတင်အောင်ဟိန်းနှင့် တွေ့ဆုံ ရေးအတွက် သခင်တင်မြသည် ဗိုလ်မှူးရဲထွဋ်မြ (ရဲဘောသုံးကျိပ်ဝင်) နှင့် သွား ရောက်ဆွေးနွေးခဲ့သည်။ ဗိုလ်မှူးရဲထွဋ်မြက ဦးတင်အောင်ဟိန်းကို သွားရောက် တွေ့ဆုံခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတ ဒေါက်တာမောင်မောင်တို့ တွေ့ဆုံဆွေးနွေးနိုင်ရေးအတွက် ကြားမှ ပါဝင်ဆောင်ရွက်ပေးရန် ဆွေးနွေးခဲ့ရာ ဦးတင်အောင်ဟိန်းက သဘောတူခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်အောင်ဟိန်းတို့ တွေ့ဆုံရေးအတွက် စီစဉ်ခဲ့ကြရာ ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်နေ့တွင် တွေ့ဆုံဖြစ်ခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်က "ပြည်သူ့အတိုင်ပင်ခံညီလာခံကျင်းပ၍ ပြဿနာ

www.burmeseclassic.com

www.burmeseclassic.com



ညှိနှိုင်းဖြေရှင်းရေး” စာတမ်းပါသဘောထားများကို ဦးတင်အောင်ဟိန်းအား ရှင်းပြပြီး ဒေါက်တာမောင်မောင်နှင့် တွေ့ဆုံဆွေးနွေးတင်ပြခွင့်ရရှိရန် ကြားမှ အကူအညီပေးရေးကိစ္စကို တင်ပြခဲ့သည်။

ထိုရက်အတွင်းမှာပင် ဒေါ်အောင်ဆန်းစုကြည်က သခင်တင်မြကို နိုင်ငံရေးခေါင်းဆောင်းဟောင်းများ၊ တတ်သိပညာရှင်အစုများနှင့် တွေ့ဆုံဆွေးနွေးလိုသည့်အကြောင်း ပြောလာပြန်သဖြင့် သခင်တင်မြက အကောင်အထည်ဖော်ပေးခဲ့သည်။ သခင်တင်မြသည် သူနှင့်သိကျွမ်းသော မောင်ကိုယုနှင့် တွေ့ဆုံပြီး တတ်သိပညာရှင်များနှင့် ဒေါ်အောင်ဆန်းစုကြည်တို့တွေ့ဆုံရေးကို အကူအညီတောင်းခံခဲ့သည်။

ထိုအစီစဉ်အရ ၁၉၈၈ ဩဂုတ်လ ၂၁ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ကြည့်မြင်တိုင်၊ ဗိုလ်သူရလမ်းအနီးရှိ လက်ဖက်ရည်ဆိုင်တဆိုင်၏ အပေါ်ထပ်တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးသမားဟောင်းများဖြစ်ကြသည့် ဝိဓူရသခင်ချစ်မောင်၊ သခင် ခင်အောင်၊ သခင်ထွန်းခင်၊ ရွှေနေအသင်းမှ ဦးဘထွန်း၊ မောင်ကိုယု၊ ဦးထွန်းတင်၊ မုံရွာတင်ရွှေ၊ စာပေပညာရှင်များဖြစ်ကြသည့် ဦးဝင်းတင် (ဟံသာဝတီသတင်းစာ)၊ မောင်သော်က၊ ဦးလှဝင်း(လေသူရဲတဦး)၊ ဒေါ်အောင်ဆန်းစုကြည်၏ ရုံးအဖွဲ့ဝင်များဖြစ်ကြသော သခင်တင်မြ၊ ဗိုလ်စံသာကျော်၊ ဦးသာထွန်း(ကျောက်ဖြူ)၊ ဦးလှတင်တို့တက်ရောက် ဆွေးနွေးပွဲပြုလုပ်ခဲ့ကြသည်။

ယင်းဆွေးနွေးပွဲက ဦးတင်အောင်ဟိန်းဦးဆောင်သော ပြည်သူ့ဆန္ဒခံယူရေးကော်မရှင်ကို အသိအမှတ်ပြုပြီး ပြည်သူ့ဆန္ဒလှုပ်ရှားမှုများကို ဥပဒေဘောင်အတွင်းမှ ငြိမ်းချမ်းစွာလှုပ်ရှားရန်၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်၍ လူထုအစည်းအဝေးပွဲကြီးတခု အမြန်ဆုံးပြုလုပ်ရန်တို့ကို သဘောတူဆုံးဖြတ်ခဲ့ကြသည်။

ထိုစဉ်အတွင်း ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၂၄ ရက်နေ့တွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်ထံသို့ မျိုးချစ်တပ်မှူးဟောင်းကြီးများ၏ အချက် (၁၀) ပါသောတင်ပြချက်တစောင် (၂၃၊ ၈၊ ၈၈) ရက်နေ့တွင် ထွက်ပေါ်လာခဲ့သည်။ အဆိုပါ ၁၀ ချက်တွင် “တပါတီလော၊ ပါတီစုံလော”၊ “ပြည်သူ့ဆန္ဒခံယူနေစရာမလိုတော့ကြောင်း”နှင့် “ကြားဖြတ်အစိုးရ”ဖွဲ့စည်းပေး၍

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီရွေးချယ်တင်မြှောက်ပွဲများ ပြုလုပ်ပေးရန် အဓိက ဖော်ပြခဲ့ကြသည်။ လက်မှတ်ရေးထိုး၍တောင်းဆိုခဲ့ကြသော တပ်မှူးများမှာ –

(၁) ဗိုလ်မှူးချုပ်ဟောင်း ဦးအောင်ရွှေ
(၂) ဗိုလ်မှူးကြီးဟောင်း ဦးစောမြင့်
(၃) ဗိုလ်မှူးကြီးဟောင်း ဦးလွင်
(၄) ဗိုလ်မှူးကြီးဟောင်း သီဟသူရ ဦးလှမော်
(၅) ဗိုလ်မှူးကြီးဟောင်း ဦးကြည်ဝင်း
(၆) ဗိုလ်မှူးကြီးဟောင်း ဦးရွှေ
(၇) ဗိုလ်မှူးကြီးဟောင်း ဦးတင်ဦး
(၈) ဗိုလ်မှူးကြီးဟောင်း ဦးတင်မောင်
(၉) ဗိုလ်မှူးကြီးဟောင်း ဦးသိန်းတုတ်
(၁၀) ဗိုလ်မှူးကြီးဟောင်း ဦးချစ်ခိုင်
(၁၁) ဗိုလ်မှူးကြီးဟောင်း ဦးတင်ထွန်း
(၁၂) ဗိုလ်မှူးကြီးဟောင်း ဦးဘအောင်
(၁၃) ဗိုလ်မှူးကြီးဟောင်း ဦးအေးမောင်
(၁၄) ဗိုလ်မှူးကြီးဟောင်း ဦးကြည်မောင်
(၁၅) ဗိုလ်မှူးကြီးဟောင်း ဦးထွန်းအောင်ကျော်

တို့ဖြစ်ကြသည်။

ဒီမိုကရေစီတိုက်ပွဲဝင်ကော်မတီ (ရန်ကုန်)ကလည်း ယင်းအဖွဲ့၏ သဘောထားကို အောက်ပါအတိုင်းထုတ်ပြန်ခဲ့သည်။

(က) လတ်တလောအခြေအနေအရ ပြည်သူများ၏ဆန္ဒဖော်ထုတ်ပြီး ဖြစ်သဖြင့် ဆန္ဒခံယူပွဲ ပြုလုပ်ရန်မလို။
(ခ) ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲ အရေးပေါ် ပါတီညီလာခံနှင့် အရေးပေါ် လွှတ်တော်တို့ကို သပိတ်မှောက်ရန်။
(ဂ) လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းပေးရန်။
(ဃ) လွှတ်တော်နှင့်တကွ အာဏာပိုင်အဖွဲ့အစည်းများအားလုံးကို ပြည်သူများက ထုတ်ပယ်ပြီးပြီဆိုသည့်အကြောင်း ဒေသ၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာ၊ ဒေသအလိုက် ကြေညာသွားရန်။

www.burmeseclassic.com

www.burmeseclassic.com



(င) ကြားဖြတ်အစိုးရ ချက်ချင်းဖွဲ့စည်းသွားရန်။

(စ) ပါတီစုံရွေးကောက်ပွဲ အမြန်ဆုံးကျင်းပရန်တို့ဖြစ်သည်။

ဤသို့ဖြင့် ပြည်သူလူထုတရပ်လုံးက အုံကြွတောင်းဆိုမှုကြောင့် ပြည်သူ့ဆန္ဒလေ့လာစုံစမ်းရေးကော်မရှင်ကို ဖျက်သိမ်းလိုက်ကြောင်း ကြေညာခဲ့သည်။ သို့ဖြင့် ထိုနေ့မှာပင် သမ္မတ ဒေါက်တာမောင်မောင်က စစ်အုပ်ချုပ်ရေးဥပဒေကို ရုပ်သိမ်းလိုက်ကြောင်း ကြေညာခဲ့သည်။

ထို့ပြင် ထိုနေ့မှာပင် ဦးအောင်ကြီးအပါအဝင် ဖမ်းဆီးထားသူများနှင့် အကျဉ်းသားစုစုပေါင်း ၂၇၅၀ ကို ပြန်လွှတ်ပေးခဲ့သည်။

ယင်းအခြေအနေများကို မဆလ ပါတီဥက္ကဋ္ဌနှင့် သမ္မတ ဒေါက်တာမောင်မောင်က ဩဂုတ်လ ၂၄ ရက်နေ့ည ၈ နာရီတွင် တိုင်းပြည်သို့ အသံလွှင့်မိန့်ခွန်း ပြောကြားခဲ့သည်။ ၄င်းမိန့်ခွန်းတွင် –

"..........နောက်နှစ်ပတ် သုံးပတ်အတွင်းမှာ ပါတီအရေးပေါ်ညီလာခံထပ်ခေါ်ပါမယ်။ တပါတီစနစ်ကို နှစ်သက်သလား၊ ပါတီစုံစနစ်ကိုနှစ်သက်သလား၊ ပြည်သူ့ဆန္ဒခံယူဖို့ အဆိုပြန်တင်ပါ့မယ်၊ ညီလာခံက ပြည်သူ့ဆန္ဒခံယူဖို့ ငြင်းပယ်လျှင် ကျနော်အပါအဝင် ပါတီဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် (၁၄) ဦး အားလုံးပါတီတာဝန်မှ နုတ်ထွက်ကြပါမယ်။ ညီလာခံက ပြည်သူ့ဆန္ဒခံယူဖို့ဆုံးဖြတ်ရင် နောက်နေ့မှာပြည်သူ့လွှတ်တော်က အစည်းအဝေးဆုံး



ဒေါ်အောင်ဆန်းစုကြည် လူထုစည်းဝေးပွဲ၌ မိန့်ခွန်းပြောကြားနေစဉ်

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်ပြီး အမြန်ဆုံး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပဖို့ စီစဉ်ပါ့မယ်။ ပြည်သူ့ဆန္ဒခံယူပွဲကိုကြီးကြပ်ဖို့ ကော်မရှင်တရပ်ကို ပြည်သူတွေ လေးစားယုံကြည်မည့်ပုဂ္ဂိုလ်များဖြင့် ပြည်သူတွေနဲ့ညှိနှိုင်းပြီး ဖွဲ့စည်းပါမယ်။ အဲ့ဒီရွေးကောက်ပွဲတွေမှာတော့ ကျနော်ရော နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့နဲ့ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့တို့မှ ပုဂ္ဂိုလ်များရော ဝင်ရောက်အရွေးခံကြတော့မှာ မဟုတ်ပါဘူး။ ရွေးချယ်တင်မြှောက်ခံရပြီးတဲ့နောက် ဖွဲ့စည်းမည့်အဖွဲ့အစည်းများကို တာဝန်လွှဲပြောင်းပေးဖို့ကိုသာ အခြေခံဥပဒေက အပ်နှင်းထားသည့်တာဝန်နှင့်အညီ စောင့်ထိန်းဆောင်ရွက်သွားကြမှာသာဖြစ်ပါတယ်”ဟူ၍ မိန့်ကြားခဲ့သည်။

ယင်းသို့ စစ်အုပ်ချုပ်ရေးရုပ်သိမ်းကြောင်းကြေညာခဲ့သဖြင့် ရန်ကုန်မြို့တွင်း၌ လုံခြုံရေးတာဝန်ထမ်းရွက်နေသော လုံခြုံရေးတပ်ဖွဲ့များကို ရုပ်သိမ်း၍ ရန်ကုန်မြို့အစွန်၊ မြို့ပြင်နှင့် အရေးကြီးသောအဆောက်အအုံများ၊ စက်ရုံ၊ အလုပ်ရုံများ၊ တက္ကသိုလ်ပရဝုဏ်များသို့ ပြောင်းရွှေ့အခြေပြုစေပြီး အသင့်ဖွဲ့စည်းထားရှိခဲ့သည်။

ထိုကဲ့သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များ ရန်ကုန်မြို့မှ ရုပ်သိမ်းသွားပြီးနောက် အင်းစိန်ထောင်အပါအဝင် အခြားအကျဉ်းထောင်များမှ ရာဇဝတ်အကျဉ်းသားများစွာ ပြစ်ဒဏ်များလျှော့ပေါ့၍ အစိုးရက တရားဝင်လွှတ်ပေးခဲ့သည်။ ထိုသို့ ထောင်အသီးသီးမှ လွှတ်လိုက်သော ရာဇဝတ်အကျဉ်းသားများသည် ဂိုဒေါင်များဖောက်ခြင်း၊ လုယက်သတ်ဖြတ်ခြင်း၊ ပြည်သူပိုင်ပစ္စည်းများ ဖျက်စီးခြင်းများ ဆက်လက်ပြုလုပ်လာခဲ့သည်။ ထို့ကြောင့် ပြည်သူလူထုမှာ မိမိတို့မြို့နယ်အလိုက်၊ ရပ်ကွက်အလိုက်၊ ကင်းအဖွဲ့များဖွဲ့စည်းခြင်း၊ ဝါးကပ်များ၊ ခြံစည်းရိုးများကာရံထားရှိခြင်းတို့ကို ပြုလုပ်ခဲ့ကြပြီး ဓါးလှံ၊ ဝါးချွန်များကိုင်ဆောင်လျှက် နေ့၊ ည မပြတ် လုံခြုံရေးကင်းများ ချထားစောင့်ကြည့်ခဲ့ကြသည်။

ထိုစဉ်အတွင်း ဩဂုတ်လ ၂၄ ရက်နေ့တွင် ပြန်လည်လွှတ်မြောက်လာသော ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီးသည် ဩဂုတ်လ ၂၅ ရက်နေ့ ညနေပိုင်းတွင် စမ်းချောင်းမြို့နယ် ပဒုမ္မာကွင်း၌ လူထု (၅၀၀၀) တက်ရောက်သည့် ဟောပြောပွဲတခုပြုလုပ်ခဲ့သည်။ ထိုဟောပြောပွဲ၌ ဦးအောင်ကြီးက တပ်မတော်ကို မဖြိုခွဲရေး၊ လက်ရှိခေါင်းဆောင်များ နုတ်ထွက်ပေးရေး၊ ယာယီအစိုးရ

www.burmeseclassic.com

www.burmeseclassic.com



ဖွဲ့စည်းရေးနှင့် ဒီမိုကရေစီတို့ကို ဟောပြောခဲ့သည်။

ဩဂုတ်လ ၂၆ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကလည်း ရွှေတိဂုံဘုရား အနောက်ဖက်မုခ်၌ ဟောပြောပွဲပြုလုပ်ခဲ့သည်။ ထိုဟောပြောပွဲသို့ ရဲဘော်သုံးကျိပ်ဝင်ဗိုလ်ရန်နိုင်နှင့် ရုပ်ရှင်မင်းသားဦးထွန်းဝေတို့လည်း တက်ရောက်ခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်က"ရဟန်းရှင်လူ ပြည်သူအပေါင်းတို့၊ အခု လူထုအစည်းအဝေးကြီးဟာ ပြည်သူလူထုရဲ့ဆန္ဒကို တကမ္ဘာလုံးက သိစေရန် ထုတ်ဖော်ပြလိုက်တာပါပဲ။ အဲ့ဒီတော့ လူထုအစည်းအဝေးပွဲကြီးမှာ ပြည်သူလူထုဟာ စည်းကမ်းရှိရှိနဲ့ ညီညီညွတ်ညွတ် ဆက်ပြီး လုပ်သွားကြပါရစေ၊ အခုဒီအစည်းအဝေးပွဲကြီး တနာရီနီးပါးနောက်ကျတာကိုလဲ ကျမတောင်းပန်ပါတယ်၊ ဒီကိုလာတဲ့အခါမှာ လမ်း အင်မတန်ပိတ်နေတာကြောင့်မို့လို့ မရောက်လာနိုင်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီကနေ့ ကျင်းပတဲ့အစည်းအဝေးပွဲကြီးကတော့ ပြည်သူလူထုတရပ်လုံးဟာ ပါတီစုံဒီမိုကရေစီစနစ်ကိုရချင်နေတဲ့ဆန္ဒ ပြင်းပြနေတာကြောင့်မို့ ကျင်းပရတဲ့ အစည်းအဝေးပွဲကြီးဖြစ်ပါတယ်၊ အခုအစည်းအဝေးပွဲကြီး ဖြစ်နိုင်တဲ့ အခြေအနေကို ဘယ်သူတွေကစပြီး ဦးဆောင်ခဲ့တာလဲဆိုတော့ ဗမာပြည်က ကျောင်းသားကျောင်းသူအပေါင်းဖြစ်ပါတယ်။ ဒီကျောင်းသူကျောင်းသားအပေါင်းရဲ့ ဦးဆောင်မှုကြောင့် ဒီကျောင်းသူကျောင်းသားအပေါင်းဟာ အသက်အသေခံပြီး ဦးဆောင်ပေးခဲ့တာကြောင့်မို့ ကျမတို့ ဒီလိုအစည်းအဝေးပွဲကြီး လုပ်နိုင်တဲ့အခြေအနေကို ရောက်ခဲ့ရပါတယ်၊ ဒါကြောင့်မို့လို့ အသက်ပျောက်သွားတဲ့ ကျောင်းသားကျောင်းသူအားလုံးကို တမိနစ်ခန့်ဂုဏ်ပြုပြီးနောက် အမှုဝေတဲ့အနေနဲ့ အားလုံးတိတ်တိတ်ဆိတ်ဆိတ်ငြိမ်ငြိမ် တမိနစ်ခန့်ငြိမ်စေချင်ပါတယ်။

အခမ်းအနားမှူး၏အသံ (ကျဆုံးသွားသော ကျောင်းသားများကို အလေးပြုသောအားဖြင့် တမိနစ်ခန့်ငြိမ်သက်ပါရန် မေတ္တာရပ်ခံပါသည်ခင်ဗျား)။

အခုဆိုလို့ရှိရင် အားလုံး ဒီမှာရောက်နေကြတဲ့ လူထုပရိတ်သတ်ကြီးဟာ ဒီမိုကရေစီစနစ်ကို မျှော်မှန်းပြီးတော့ ဒီမှာရောက်နေတယ်လို့ထင်ပါတယ်၊ အဲ့ဒီတော့ဒီမိုကရေစီပန်းတိုင်ကိုရောက်ဖို့ရာမှာ လူထုအားလုံးက စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ စည်းကမ်းရှိရှိနဲ့ ချီတက်မှပဲ ရောက်နိုင်မှာပါ။ ဒီကိစ္စကို

www.burmeseclassic.com

www.burmeseclassic.com



ကျမအခန်းကဏ္ဍကိုလဲ နည်းနည်းရှင်းပြပါရစေ၊ ဘာဖြစ်လို့လဲဆိုတော့ လူ အပေါင်းက ကျမအကြောင်းကို သိပ်ပြီးတော့ မသိကြပါဘူး၊ မသိကြတဲ့အခါကျတော့ သိချင်တဲ့ဆန္ဒတွေလည်းရှိပါတယ်၊ ဒါက မှန်တဲ့အတိုင်းပါပဲ၊ သိတော့လည်းသိထိုက်ပါတယ်၊ အဲ့ဒီတော့ အချို့ကလည်း ပြောကြတယ်၊ ကျမဟာ နိုင်ငံခြားမှာနေတယ်၊ နိုင်ငံခြားသားနဲ့အိမ်ထောင်ကျနေတယ်၊ မြန်မာပြည်နိုင်ငံ ရေးအကြောင်း ဘာသိသလဲလို့လဲ ပြောကြပါတယ်၊ ပထမ ကျမဒီကနေစပြီးတော့ ပြည်သူလူထုနဲ့ ပွင့်ပွင့်လင်းလင်း ဆက်ဆံပါရစေ၊ ကျမနိုင်ငံခြားမှာ နေခဲ့တယ်ဆိုတာလဲ မှန်ပါတယ်၊ ဒါပေမယ့် ဒါလေးအတွက်ကြောင့်နဲ့ ကျမ တိုင်းပြည်အပေါ်မှာထားတဲ့မေတ္တာဟာ ဘယ်လိုနဲ့မှ ကျဆင်းမသွားနိုင်ပါဘူး။

နောက်တခုပြောချင်တာကတော့ ကျမဟာ မြန်မာပြည်နိုင်ငံရေးအကြောင်း ဘာမှနားမလည်းဘူးတဲ့၊ တကယ်တော့ နားလည်လွန်းလို့ခက်နေတာပဲ၊ မြန်မာ့နိုင်ငံရေး ဘယ်လောက်ရှုပ်ထွေးတယ်၊ ဒီရှုပ်ထွေးမှုဒဏ်ကို ဖေဖေဘယ်လောက်ခံခဲ့ရတယ်ဆိုတာ ကျမတို့မိသားစု အသိဆုံးပါပဲ၊ ဖေဖေ စိတ်ပမ်းကိုယ်ပမ်းနဲ့ ဒီနိုင်ငံရေးကိုလုပ်ဆောင်လာတာဟာ ဘာအကျိုးစည်းစိမ်မှ မခံစားခဲ့ရပါဘူး၊ ဒါကြောင့်မို့လို့လဲ လွတ်လပ်ရေးရပြီးတဲ့အခါကျလို့ရှိရင် ထပ်ပြီးတော့အာဏာလုတဲ့ နိုင်ငံရေးမျိုးကို ဆက်မလုပ်ဘူးဆိုတာ ဖေဖေ အတိအလင်း ပြောသွားပါတယ်။

ဒီလိုပြောသွားမျိုးကြောင့်မို့လဲ ကျမလဲ နိုင်ငံရေးလောကနဲ့ ဝေးဝေး ကင်းကင်းနေချင်ပါတယ်၊ အဲ့ဒီလို ဝေးဝေးကင်းကင်း နေချင်ခဲ့လျက်သားနဲ့ အခုမှ ဘာလို့ဒီလိုအရေးအခင်းမှာ ပါဝင်နေသလဲလို့မေးစရာရှိပါတယ်၊ အဲ့ဒီဟာကတော့ ဒီအရေးအခင်းဟာ တတိုင်းပြည်လုံးနဲ့ဆိုင်တဲ့ အရေးအခင်းဖြစ်နေပါတယ်၊ ကျမလဲ ဖေဖေ့ရဲ့သမီးလုပ်နေပြီးတော့ ခေါင်းရှောင်ပြီးတော့နေလို့ မဖြစ်တော့ဘူး၊ ဒီအရေးအခင်းဟာ တကယ်တော့ ဒုတိယ လွတ်လပ်ရေး တိုက်ပွဲကြီးလို့ ခေါ်ရင်လည်းဖြစ်ပါတယ်၊ ဒီမိုကရေစီလွတ်လပ်ရေးကိုတမျိုးသားလုံး လိုချင်တဲ့ဆန္ဒပြင်းပြလွန်းလို့ ဖြစ်ပေါ်လာတဲ့တိုက်ပွဲကြီးဖြစ်ပါတယ်။

ဒီမိုကရေစီနဲ့ပတ်သတ်ရင် ဖေဖေပြောခဲ့တဲ့အချက်လေးတခုကို ကျမဖတ်ပြချင်ပါတယ်။ ဒီအချက်ကတော့ "ကျနော်တို့ဟာ ဒီမိုကရေစီဝါဒကိုသာ ခေတ်စားအောင်လုပ်ရမယ်၊ အဲ့ဒီဝါဒမျိုးအရသာ လွတ်လပ်တဲ့ဗမာနိုင်ငံ ထူ

www.burmeseclassic.com

www.burmeseclassic.com



ထောင်နိုင်အောင်ကြိုးစားရမယ်၊ ဒါမျိုးမလုပ်နိုင်ရင် ကျနော်တို့မြန်မာပြည်က လူတွေလဲနစ်နာမယ်၊ ကျနော်တို့တိုင်းပြည်ကိုလဲ ကမ္ဘာက ကြည့်နေလို့မရတဲ့ တနေ့ ဂျပန်နဲ့ဂျာမနီ ဝိုင်းပြီးအနှိမ်ခံရသလို အနှိမ်ခံရမယ်ဆိုတာကို သတိရှိကြရမယ်။ ဒီမိုကရေစီဝါဒကသာ လွတ်လပ်ရေးနဲ့ ဆီလျော်တယ်။ ဒီဝါဒသာ ငြိမ်းချမ်းရေးကို အားပေးတယ်။" အဲ့ဒါဟာ ဖေဖေပြောခဲ့တဲ့ စကားတွေပါ၊

ဒါကြောင့်မို့လို့ ကျမဟာ ကျမရဲ့အဖေ အစဉ်အလာအတိုင်း ဒီမိုကရေစီ လွတ်လပ်ရေးတိုက်ပွဲကို ဝင်လို့ နွှဲခဲ့ရပါတယ်။ အဲ့ဒီတော့ ဒီမိုကရေစီရဖို့ရန် ပြည်သူလူထုအားလုံး စည်းလုံးညီညွတ်ဖို့လိုပါတယ်၊ ညီညွတ်ရင် ဘာမဆို ဖြစ်နိုင်ပါတယ်၊ မညီညွတ်ရင် ဘာမှမတတ်နိုင်ဘူး။

ပြည်သူလူထုဟာ ညီညီညွတ်ညွတ်မရှိနိုင်လို့ရှိရင် ဘယ်ဝါဒပဲဖြစ်ဖြစ် တိုင်းပြည်ကို အကျိုးမပေးနိုင်ဘူး။ အဲ့ဒီဟာကို အားလုံးစွဲမှတ်ထားဖို့ လိုပါတယ်။ စည်းကမ်းမရှိလို့ရှိရင်လည်း ဘယ်ဝါဒမှ မအောင်နိုင်ပါဘူး။ အဲ့ဒီတော့ ကျမတို့ နိုင်ငံသူနိုင်ငံသားတွေဟာ ညီညွတ်ဖို့၊ စည်းကမ်းရှိဖို့ အမြဲလိုပါတယ်။

ဒီညီညွတ်ဖို့အကြောင်းတွေပြောနေတုန်းမှာ ကျမတို့တခုပဲပြောချင်ပါတယ်။ ယခု ကျမပြောသွားတဲ့ စကားတွေထဲမှာ တချို့ကလည်း သဘောကျမယ့်စကားတွေပါမယ်၊ မကျမယ့်စကားတွေလည်းပါမယ်၊ ဒါပေမယ့် ကျမ အနေနဲ့ကတော့ ပြည်သူလူထုကို မှန်မှန်ကန်ကန်ပြောသင့်တယ်လို့ ယုံကြည်တယ်၊ ကျမစိတ်ထဲမှာရှိသလို မှန်မှန်ကန်ကန် ပြောသွားမှာပဲ၊ ကြိုက်ရင်လဲ ထောက်ခံကြပါ၊ မကြိုက်ရင်လဲ ကျမစိတ်ထဲမှာ မှန်တဲ့အတိုင်းလုပ်တာပဲ၊ မကြိုက်တာတော့ ဘယ်လိုမှမတတ်နိုင်ဘူး၊ ကျမ တခုပြောချင်တာက အခု အချိန်မှာ တပ်မတော်နဲ့ ပြည်သူလူထုအကြားမှာ စိတ်ဝမ်းကွဲနေကြပါတယ်၊ ဒီစိတ်ဝမ်းကွဲမှုဟာ နောင်တိုင်းပြည်အတွက် အန္တရာယ်အမျိုးမျိုးဖြစ်နိုင်ပါတယ်။ ဗမာ့တပ်မတော်ဆိုတာ ကျမအဖေ ပြုစုပျိုးထောင်ပေးခဲ့တဲ့ တပ်မတော်ပါ။

ဖေဖေ ပျိုးထောင်ခဲ့တဲ့ တပ်မတော်ဆိုတာ စကားအရသာမဟုတ်ပါဘူး၊ အစစ်အမှန်ပါပဲ၊ ဖေဖေကိုယ်တိုင် ခရေစေ့တွင်းကျ အောက်ခြေကနေစပြီးတော့ ဒီတပ်မတော်ကို ထူထောင်ရမယ်ဆိုတာ သူ့လက်ရေးနဲ့ ရေးထားတဲ့ စာရွက်စာတမ်းတွေလဲရှိပါတယ်၊ ဖေဖေက တပ်မတော်အတွက် ဘာရည်မှန်း

www.burmeseclassic.com

www.burmeseclassic.com



ချက်တွေရှိခဲ့သလဲ၊ အဲ့ဒီရည်မှန်းချက်တခုလောက် ကျမ ဖတ်ပြပါရစေ။

“ဒီတပ်မတော်ဟာ ဒီနိုင်ငံ၊ ဒီလူမျိုးအတွက်၊ ဒီလူမျိုးတွေကိုးကွယ်ရာ၊ လဲလျောင်းရာ၊ ဆည်းကပ်ရာဆိုတဲ့ အနေမျိုးဖြစ်စေရမယ်၊ ဒီလိုမဟုတ်ဘဲ တပ်မတော်က နိုင်ငံသူနိုင်ငံသားတွေရဲ့စိတ်ထဲမှာ အောက်နလုံးနာစရာဖြစ်မယ်ဆိုရင် ဒီတပ်မတော်ကိုတည်ထောင်ထားတဲ့ ရည်ရွယ်ချက်တွေဟာ အလကားဖြစ်သွားတော့မှာပဲ။

ကျမ မှန်မှန်ပဲပြောပါရစေ၊ ကျမဟာ တပ်မတော်ရဲ့အပေါ်မှာ အင်မတန်သံယောဇဉ်ကြီးပါတယ်။ ဖေဖေတည်ထောင်ခဲ့တဲ့ တပ်မတော်လည်းဖြစ်တယ်၊ ကျမတို့ဆိုတာလဲ ငယ်ငယ်ကတည်းက ရဲဘော်တွေလက်ထဲမှာ ကြီးလာတာပါပဲ။ ပြည်သူလူထုကြီးကလည်း ဖေဖေ့အပေါ်မှာ အင်မတန်မေတ္တာရှိတယ်ဆိုတာ ကျမသိပါတယ်။ ဒီမေတ္တာတွေအတွက်လည်း ကျမ အင်မတန်ကျေးဇူးတင်ပါတယ်။ ဖေဖေပြုစုပျိုးထောင်ခဲ့တဲ့တပ်မတော်နဲ့ ဖေဖေ့အပေါ်မှာ အင်မတန်မေတ္တာရှိတဲ့လူထုကြီးထဲမှာ ပဋိပက္ခ မဖြစ်စေချင်ပါဘူး၊ တပ်မတော်သားတွေကိုလည်း ကျမ ဒီနေရာကနေပဲ မေတ္တာရပ်ခံပါရစေ။ လူထု အားကိုးနိုင်တဲ့ တပ်မတော်ကြီးဖြစ်ပါစေ၊ တိုင်းပြည်၏ ဂုဏ်သိက္ခာကိုထိန်းသိမ်းနိုင်တဲ့ တပ်မတော်ကြီး ဖြစ်ပါစေ၊ ပြည်သူလူထုကလည်း ဖြစ်ပြီးခဲ့တဲ့ဟာတွေကို ကြိုးစားခွင့်လွှတ်ပြီးတော့ တပ်မတော်အပေါ်မှာ မေတ္တာမပျက်ပါစေနဲ့လို့ တောင်းပန်ပါရစေ။ ကျမတို့အားလုံးဟာ ညီညီညွတ်ညွတ်နဲ့ ဆက်လုပ်သွားမှသာ တည်တံ့ခိုင်မြဲတဲ့ ပြည်ထောင်စုပန်းတိုင်ကြီးကို ရောက်နိုင်မှာပါ။ အခု မရောက်သေးပါဘူး၊ ဒီမိုကရေစီပန်းတိုင်ကိုတောင် မရောက်သေးပါဘူး၊ မရောက်ခင်က ကွဲကွဲပြားပြား မရှိပါနဲ့။ အားလုံးတညီတညွတ်ထဲ ဒီမိုကရေစီပန်းတိုင်ကို ဦးတည်ပြီးတော့ချီတက်သွားကြပါ။ အဲ့ဒီလို ချီတက်သွားတဲ့နေရာမှာ ငြိမ်းချမ်းတဲ့နည်းလမ်းကို သုံးစေချင်ပါတယ်၊ လူမျိုးတမျိုးဟာ နိုင်ငံသူနိုင်ငံသားအပေါင်းတို့ဟာ စည်းကမ်းရှိရှိနဲ့ ငြိမ်းချမ်းတဲ့နည်းတွေနဲ့ ကိုယ်လိုတဲ့ဆန္ဒတွေကို ဖြည့်စွမ်းနိုင်တယ်ဆိုတာ အင်မတန်ဂုဏ်သိက္ခာနဲ့ပြည့်စုံတဲ့အပြုအမူဖြစ်ပါတယ်။

ဒီလှုပ်ရှားမှုကြီးကို ဦးဆောင်ခဲ့တဲ့ကျောင်းသားတွေနဲ့ ပတ်သတ်လို့ ကျမ ပြောစရာလေးတွေရှိပါတယ်၊ ကျောင်းသားလူငယ်များဟာ အင်မတန်မှတော်ပါတယ်။ သူတို့ရဲ့လက်ရုံးရည်ကိုလဲ ပြပြီးပါပြီ၊ အခုလဲ ဆက်ပြီးတော့သူတို့ရဲ့

www.burmeseclassic.com

www.burmeseclassic.com



နှလုံးရည်ကို ပြမယ်ဆိုတာ ကျမယုံကြည်ပါတယ်။

ဒီကျောင်းသားများကိုလည်း အချင်းချင်းညီညီညွတ်ညွတ်နဲ့ ဆက်ပြီး လက်တွဲသွားဖို့ ကျမ မေတ္တာရပ်ခံချင်ပါတယ်၊ အခုဆိုရင် ကျောင်းသားတွေထဲ မှာလည်း အဖွဲ့အစည်းတွေရှိကြပါတယ်၊ ဒီအဖွဲ့အစည်းတွေဟာ အားလုံး စုရုံးပြီးတော့ တညီတညွတ်တည်း ဖြစ်သွားစေချင်ပါတယ်၊ အဲ့ဒီဟာအတွက် လဲ ကျောင်းသားညီလာခံတခုခေါ်မယ်လို့ ကျမကြားနေပါတယ်၊ ဒီညီလာခံ ကြီး ဖြစ်ပေါ်လာတဲ့အခါကျရင် ကျောင်းသားတွေအားလုံး တစုတစည်းတည်း ဖြစ်သွားပါစေလို့ ကျမ ဆုတောင်းလိုက်ပါတယ်။

ကျောင်းသားလေးတွေက ကျမကိုမေးကြတယ်။ ကျမရဲ့နောက်မှာ ဘယ် နိုင်ငံရေးသမားတွေရှိနေသလဲ၊ ဒီနိုင်ငံရေးသမားတွေဟာ ကျမကိုကြိုးဆွဲပြီး တော့ သူတို့ကိုနင်းသွားမှာကို စိုးရိမ်တယ်လို့ပြောကြပါတယ်၊ အဲ့ဒီလို ပွင့်ပွင့် လင်းလင်းပြောတာ ကျမအင်မတန်ဝမ်းသာတယ်၊ ကျောင်းသားလူငယ်များ အင်မတန်ပွင့်လင်းတယ်၊ သွယ်ဝိုက်တဲ့စကားတွေ မပြောတက်ဘူး၊ ကျမကလဲ မှန်တဲ့အတိုင်းပဲ ပြန်ပြီးတော့ပြောလိုက်ပါတယ်၊ ကျမနောက်မှာ ဘယ်နိုင်ငံရေး သမားမှ မရှိပါဘူး။ ကျမ ခုလုပ်နေတဲ့လုပ်ငန်းဟာတော့ ပြည်သူလူထုလိုချင်တဲ့ ဒီမိုကရေစီဖြစ်မြောက်ရေးအတွက်ကို ဝိုင်းပြီးတော့ ကူညီချင်ပါတယ်ဆိုတဲ့ နိုင်ငံရေးသမားဟောင်းကြီးတွေရှိပါတယ်၊ အဲ့ဒီနိုင်ငံရေးသမားဟောင်းကြီးတွေ ကို ကျမကတော့ ရှင်းရှင်းပဲပြောထားပါတယ်။ ဒီလိုကူညီလို့ နောင်နိုင်ငံရေး အမြတ်ထုတ်မယ်ဆိုရင် ကျမလုံးလုံးမထောက်ခံဘူးဆိုတာကျမ အခုကတည်း က ပြောထားပါတယ်။

ပြည်သူလူထုရှေ့မှာ ကျမပြန်ပြီးတော့ ပြောပါမယ်၊ ဒီမိုကရေစီရရှိရေး အတွက် ဝိုင်းဝန်းကူညီတဲ့ နိုင်ငံရေးသမားကြီးတွေဟာ နောင် နိုင်ငံရေး အမြတ် ထုတ်ဖို့ကြိုးပမ်းရင် ကျမကိုယ်တိုင်တက်ပြီးတော့ ဒီလူကြီးတွေကို ရှုံ့ချပေး ပါ့မယ်။

နောက်တခုကတော့ ကျမတို့တိုင်းပြည်မှာ လူကြီးနဲ့လူငယ်ကြားထဲမှာ ကွဲကွာမှုတွေရှိပါတယ်၊ အဲ့ဒီကွဲကွာမှုတွေကိုလည်း ဖြေရှင်းဖို့လိုပါတယ်၊ လူ ငယ်တွေကလူငယ်တွေ၊ လူကြီးတွေကလူကြီးတွေဆိုတဲ့ စိတ်ထားတွေဖြစ်နေပါ တယ်၊ ပြည်သူလူထုရဲ့အင်အားဟာ တနေ့ထက်တနေ့ကြီးလာပါပြီ။ ဒီလို

www.burmeseclassic.com

www.burmeseclassic.com



ကြီးလာလို့လဲ ပိုပြီးတော့ စည်းနဲ့၊ ကမ်းနဲ့ ထိန်းဖို့လိုပါတယ်၊ စည်းမရှိတဲ့ အင်အား၊ အမှန်တရားနဲ့မကိုက်ညီတဲ့အင်အားဆိုတာ ဘယ်တော့မှ ကောင်းကျိုးမပေးနိုင်ပါဘူး။

အမျှားအတွက်ပါ အန္တရာယ်ဖြစ်နိုင်ပါတယ်။ အဲ့ဒါကြောင့်မို့လို့ အမှန်တရားနဲ့ကိုက်ညီတဲ့စွမ်းအားကိုပဲ ဆက်ပြီးတော့သုံးကြပါ၊ အမှန်တရားနဲ့ မကိုက်ညီတဲ့စွမ်းအားကို မသုံးကြပါနဲ့။ အခု လူထုဘက်ကနေ အားကြီးနေတဲ့ အချိန်မှာ အားငယ်တဲ့အပိုင်းကိုလဲ နိုင်ထက်စီးနင်းမလုပ်ကြပါနဲ့၊ ဒီလို နိုင်ထက်စီးနင်းလုပ်တာဟာ အကျင့်မကောင်းပါဘူး၊ ပြည်သူလူထုရဲ့ ဂုဏ်သိက္ခာကိုလည်း ကျဆင်းစေပါလိမ့်မယ်။ ပြည်သူလူထုဖက်ကနေပြီးတော့ ခွင့်လွှတ်နိုင်တဲ့ သဘောထားရှိတယ်ဆိုတာကို ကွက်ကွက်ကွင်းကွင်း ထင်ပေါ်ပါစေ၊ အခုဆိုလို့ရှိရင် ကျမတို့ဟာ အားလုံး ပြည်သူလူထုအပေါင်းက ဘာကိုလိုလားနေသလဲဆိုတာစဉ်းစားလိုက်လို့ရှိရင် အဓိကအချက်ကတော့ ပါတီစုံဒီမိုကရေစီစနစ်ကို လိုလားနေကြပါတယ်၊ တပါတီစနစ်ကို ဖြုတ်ချချင်ကြပါတယ်။

နောက် အခုဆိုလို့ရှိရင် သမ္မတ ဒေါက်တာမောင်မောင်ဟာ လူထုဆန္ဒခံယူပွဲကျင်းပဖို့၊ မကျင်းပဖို့ ညီလာခံခေါ်မယ်လို့ဆိုပါတယ်၊ ကျမအနေနဲ့ပြောရရင်တော့ ဒီလူထုဆန္ဒခံယူပွဲဟာ မလိုတော့ပါဘူး။ တတိုင်းပြည်လုံးရဲ့ ဆန္ဒဟာ ကွက်ကွက်ကွင်းကွင်းပေါ်နေပါပြီ။ အားလုံးဟာ ပါလီမန်ဒီမိုကရေစီစနစ်ကိုပဲ လိုလားနေတယ်ဆိုတာ အင်မတန်မှ ပေါ်လွင်နေပါပြီ။ ဒီစနစ်ကို အမြန်ဆုံးပေါ်လာနိုင်ဖို့ လုပ်ပေးဖို့ဆိုတာ ယခု အာဏာပိုင်အစိုးရတွေရဲ့တာဝန်ဖြစ်ပါတယ်။

ပန်းတိုင်ကိုမရောက်သေးဘူးဆိုတာ မမေ့ကြပါနဲ့။ ဒီမိုကရေစီရတဲ့အခါကျလို့ရှိရင် ဘယ်လိုပြည်ထောင်စုကြီးကို တည်တံ့ခိုင်မြဲအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို စဉ်းစားထားကြပါဦး။ တိုင်းပြည်ရဲ့အနာဂတ်ကို ရှေးရှုကြပါ၊ တိုင်းပြည်ရဲ့အနာဂတ်အရေးကို မတွေးကြလို့ရှိရင် အခုလက်ငင်းဖြစ်ပေါ်လာတဲ့ ပြုပြင်ပြောင်းလဲမှုတွေကလည်း ကိုယ့်တိုင်းပြည်ကို အကျိုးပေးနိုင်မှာ မဟုတ်ပါဘူး။ အဲ့ဒီတော့ ဖေဖေပြောခဲ့သလို ကျမတို့ နိုင်ငံသူနိုင်ငံသားများဟာ စည်းကမ်းရှိသေဖို့၊ ညီညွတ်ဖို့ဆိုတာကို ဘယ်နှစ်ခါပဲပြောပြော ပြောလို့မကုန်နိုင်အောင် ပြောရမယ့်ကိစ္စကြီးတခုဖြစ်နေပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အခုကျမတို့ဟာ လူထုဆန္ဒခံယူပွဲကြီး မလိုတော့ပါဘူး။ ပါတီစုံဒီမိုကရေစီစနစ်ကိုပဲ လိုလားပါတယ်။ ဒီဟာကို မြန်မြန်ဖြစ်အောင်လုပ်ပေးကြပါ၊ ဒီဟာဖြစ်ပေါ်လာအောင်လို့ တရားမျှတတဲ့ ရွေးကောက်ပွဲတွေဖြစ်နိုင်ဖို့ အခြေအနေကို ဖန်းတီးပေးဖို့လိုပါတယ်။ အခုဆိုလို့ရှိရင် ပြည်သူလူထုတရပ်လုံးဟာ လက်ရှိအစိုးရအပေါ်မှာ အယုံအကြည် အင်မတန်ပျက်နေတယ်။ အဲ့ဒီတော့ကာ သန့်ရှင်းစင်ကြယ်တဲ့၊ တရားမျှတတဲ့ရွေးကောက်ပွဲဖြစ်ပေါ်လာဖို့ အရေးကို အကယ်၍များ ဘယ်လိုဖြစ်အောင်လုပ်ရမလဲ၊ လုပ်ပေးဖို့ရာတောင်းပါတယ်။

အဓိကရည်ရွယ်ချက်ကတော့ ဒီအစိုးရလည်းမဟုတ်ဘူး၊ ကြားဖြတ်အစိုးရလည်းမဟုတ်၊ နောက်အစိုးရလည်းမဟုတ်ဘူး၊ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲ သာယာဝဖြိုးရေးအတွက် လုပ်ပေးနိုင်တဲ့အစိုးရပါပဲ၊ ဒီ အဓိကကိစ္စ အပေါ်မှာ မျက်ခြေမပြတ်ပါစေနဲ့၊ တိုင်းပြည်ရဲ့ အနာဂတ်အရေးကို မမေ့ပါနဲ့၊ မေ့သွားလို့ရှိရင် အခုရရှိတဲ့အောင်မြင်မှုဟာ နောင်ကျ ဆုံးရှုံးမှုဖြစ်သွားနိုင်ပါတယ်။ အခုကျမတို့ ဘယ်အခြေအနေမှာရောက်နေပြီလဲ၊ ပန်းတိုင်ကို ကွက်ကွက်ကွင်းကွင်း မြင်နေရပါပြီ။ မြင်နေတဲ့ပန်းတိုင်ကို အားလုံးလက်တွဲပြီးတော့ ချီတက်သွားကြပါစို့၊ စိတ်ဝမ်းမကွဲကြပါနဲ့၊ ကျောင်းသားလေးတွေဖက်က အထူးစိတ်ဝမ်းမကွဲဖို့လိုပါတယ်။ ကျောင်းသားလေးတွေကို စိတ်ဝမ်းကွဲအောင်လည်း ထိုးဆွမပေးကြပါနဲ့။ ကျောင်းသားလေးတွေဟာ တိုင်းပြည်ရဲ့အနာဂတ်ခေါင်းဆောင်ပေးမယ့် လူငယ်လေးတွေဖြစ်ပါတယ်။ ဒီကျောင်းသားလေးတွေရဲ့စိတ်ဓါတ်ကျအောင် လုပ်လိုက်မယ်ဆိုရင် နောင်တိုင်းပြည်ညီညွတ်ရေးအတွက်လဲ ထိပါးသွားပါလိမ့်မယ်။

ညီညွတ်ရေးအကြောင်းပြောနေတဲ့အချိန်မှာ ပြည်ထောင်စုအကြောင်း ခဏလောက်ပြောလိုက်ပါရစေ။ လူမျိုးစုတွေအားလုံးဟာ ညီညွတ်ဖို့လိုပါတယ်။ ခုလူအများစုလူမျိုးစုကတော့ မြန်မာလူမျိုးတွေဖြစ်ပါတယ်၊ လူများစုမြန်မာတွေဟာ လူနည်းစုတွေဖြစ်တဲ့ တိုင်းရင်းသားတွေနဲ့ စည်းစည်းလုံးလုံးဖြစ်ဖို့ အလွန်ကြိုးစားဖို့လိုပါတယ်။ အားများနေတဲ့လူဆိုတာ အားနည်းနေတဲ့လူကို အစဉ်အမြဲလျှော့ပြီးတော့ ညှာပေးဖို့လိုပါတယ်။ အဲ့ဒီနေရာမှာ ဒီတပါတီစနစ်ကို ထောက်ခံနေတဲ့လူတွေနဲ့ပတ်သတ်လို့လဲ ကျမ တခုပြောပါရစေ၊ ပါတီဝင်ပေါင်း အမြောက်အများ ဒီပါတီပေါ်မှာ အယုံအကြည်မရှိတော့ဘူးဆိုတာ

www.burmeseclassic.com

www.burmeseclassic.com



ကျမသိပါတယ်။ အယုံအကြည်မရှိတော့လို့ရှိရင်လဲ ဒီပါတီက ထွက်လိုက်ကြပါ။ ပါတီဝင်ကဒ်ပြားတွေလဲ ပြန်အပ်လိုက်ကြပါ။

ဒါပေမယ့်လည်း သူတို့ရဲ့အယုံအကြည်အရ ပါတီဝင်အနေနဲ့ ဆက်ပြီး ထမ်းဆောင်နေတဲ့လူတွေကိုလည်း အန္တရာယ်မပြုကြပါနဲ့။ ဒီမိုကရေစီဆိုတာ မားမားမတ်မတ် ကိုယ့်ယုံကြည်ချက် ကိုယ်ရှိနိုင်တဲ့စနစ်မျိုးဖြစ်ပါတယ်။ သူတို့က ဆက်ပြီးယုံကြည်မယ်ဆိုလို့ရှိရင် အန္တရာယ်မပြုကြပါနဲ့၊ ကိုယ့်ဘာသာကိုယ်လိုချင်တဲ့ပန်းတိုင်ကိုသာ ညီညီညွတ်ညွတ်တက်ပါ၊ ကိုယ်ကအားကြီးနေလို့ အားနည်းတဲ့သူကို ပြန်ပြီးဂလဲ့စားချေတဲ့ကိစ္စမျိုး မဖြစ်ပေါ်ပါစေနဲ့။ အခုဆိုလို့ရှိရင် ကျမတို့မှန်းထားတဲ့အချိန်ထက် အများကြီးအချိန်လွန်သွားပါပြီ၊ အဲ့ဒီတော့ ကျမစဉ်းစားထားတာထက် နည်းနည်းပိုပြီးတော့ အတိုချုံးပြီးတော့ ပြောရမယ့်အခြေအနေမျိုးဖြစ်နေပါပြီ။ ဒီအစည်းအဝေးပွဲကိုနောက်ဆုံး ကျမပြောချင်တာကတော့ ကျမတို့လူထုဟာ ညီညွတ်ဖို့လိုပါတယ်၊ စည်းကမ်းရှိဖို့လိုပါတယ်၊ အမှန်တရားနဲ့ကိုက်ညီတဲ့စွမ်းအားကို ဆက်ပြီးသုံးသွားဖို့လိုပါတယ်။ အဲ့ဒီလို သုံးသွားမှသာ ကျမတို့လိုတဲ့ပန်းတိုင်ကို ရောက်နိုင်ပါတယ်၊ အဲ့ဒီတော့ ကျမအနူးအညွတ် ပြည်သူလူထုတရပ်လုံးကို တောင်းပန်ပါရစေ၊

ပြည်သူလူထုအားလုံးညီညွတ်ကြပါစေ၊ စည်းကမ်းရှိပါစေ၊ အမှန်တရားနဲ့ကိုက်ညီတဲ့လူမျိုးတရပ်ဖြစ်ပါစေ၊ ပြည်သူလူထုအားလုံး ဘေးဘယာ အဖြာဖြာမှ ဝေးကွာကြပါစေ။ နောက်ဆုံးအနေနဲ့ ကျမတို့ရဲ့ ကြွေးကြော်သံကတော့

– ဆန္ဒခံယူပွဲအလိုမရှိ။
– တပါတီစနစ်ဖျက်သိမ်းပစ်။
– ပါတီစုံဒီမိုကရေစီစနစ် တည်ဆောက်ကြ။
– တရားမျှတသောရွေးကောက်ပွဲ အမြန်ဆုံးကျင်းပပေး။

ဆိုတဲ့ ကြွေးကြော်သံပါပဲ”ဟူ၍ ပြောကြားသွားသည်။ လူထုကလည်း ဒေါ်အောင်ဆန်းစုကြည်၏ အဆိုပြုချက်ကို တခဲနက်ထောက်ခံ၍ ကြွေးကြော်သံများဖြင့် နံနက် ၁၁ နာရီ ၃၀ အချိန်တွင် လူထုအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ထိုစဉ်အတွင်း နိုင်ငံတော် ဝန်ကြီးချုပ်ဟောင်း ဦးနုက နာယကအဖြစ်အမှူးပြုသော “ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေးအဖွဲ့ (ယာယီ)”ကို ၁၉၈၈

www.burmeseclassic.com

www.burmeseclassic.com



ခုနှစ်၊ ဩဂုတ်လ ၂၉ ရက်တွင် ရန်ကုန်တိုင်းဗဟန်းမြို့နယ်၌ အောက်ပါအဖွဲ့ဝင် ၂၁ ဦးဖြင့်ဖွဲ့စည်းခဲ့သည်။

(၁) ဦးနု (ဝန်ကြီးချုပ်ဟောင်း) – နာယက
(၂) မန်းဝင်းမောင် (နိုင်ငံတော်သမ္မတဟောင်း) – ဥက္ကဋ္ဌ
(၃) ဗိုလ်မှူးအောင် (လွှတ်တော်ဥက္ကဋ္ဌဟောင်း) – ဒုဥက္ကဋ္ဌဟောင်း
(၄) သူရဦးတင်ဦး (ဗိုလ်ချုပ်ကြီးဟောင်း) – အထွေထွေအတွင်းရေးမှူး
(၅) ဦးသန်းစိန် (ပါလီမန်အတွင်းဝန်ဟောင်း) – တွဲဖက် အထွေထွေ အတွင်းရေးမှူး
(၆) ဦးအောင် (မြင်းခြံ) – ငွေထိန်း
(၇) သခင်ချစ်မောင် (ဝိဓူရ) – အမှုဆောင်
(၈) သခင် ခင်အောင် (သာယာဝတီ) – အမှုဆောင်
(၉) သခင်သိန်းဖေ (ဝါးခယ်မ) – အမှုဆောင်
(၁၀)ဦးအောင်ရွှေ (အငြိမ်းစားဗိုလ်မှူးချုပ်) – အမှုဆောင်
(၁၁)ဦးစောမြင့် (ဗိုလ်မှူးချုပ်ဟောင်း) – အမှုဆောင်
(၁၂)ဦးခင်မောင် (ဝန်ကြီးဟောင်း) – အမှုဆောင်
(၁၃)ဦးထွန်းစိန် (မြိတ်) – အမှုဆောင်
(၁၄)ဗိုလ်မှူးထွန်းတင် (လျှပ်စစ်အဖွဲ့ ဥက္ကဋ္ဌ) – အမှုဆောင်
(၁၅)ဦးဘဆွေ (ဒုတိယအတွင်းဝန်ဟောင်း) – အမှုဆောင်
(၁၆)ဦးညွန့်အောင် (ပါလီမန်အတွင်းဝန်ဟောင်း) – အမှုဆောင်
(၁၇)သခင်ချစ် (ဒုဥက္ကဋ္ဌ /ဘားကောင်စီ) – အမှုဆောင်
(၁၈)ဦးဘထွန်း (ဥက္ကဋ္ဌ/ရန်ကုန်ရှေ့နေများကောင်စီ) – အမှုဆောင်
(၁၉)ဦးရဲခေါင်ညွန့်(ပါလီမန်အမတ်ဟောင်း) – အမှုဆောင်
(၂၀) ဦးသုဝေ (ယခင်ပါလီမန် ဒီမိုကရေစီပါတီဝင်) – အမှုဆောင်
(၂၁)ဒေါက်တာဝမ်ကိုဟော(အငြိမ်းစားသံအမတ်ကြီး) – အမှုဆောင်

ယင်းဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ (ယာယီ)၏ ရည်ရွယ်ချက်များမှာ

(၁) လက်ငင်းပေါ်ပေါက်လျက်ရှိသောပြဿနာများကို အစွမ်းကုန် ဖြေရှင်းရန်၊
(၂) ဒီမိုကရေစီအတွက် ဆန္ဒပြသူများ၏ တရားဝင်တောင်းဆိုချက်များ

www.burmeseclassic.com

www.burmeseclassic.com



ရရှိရေးကို ဆောင်ရွက်ပေးရန်တို့ဖြစ်သည်။ ဦးနုခေါင်းဆောင်သော အဆိုပါအဖွဲ့အစည်းသည် အရေးအခင်းအတွင်း ပထမဦးဆုံး စတင်ပေါ်ပေါက်ခဲ့သောအဖွဲ့အစည်းဖြစ်သည့်အပြင် စင်ပြိုင်အစိုးရဖွဲ့စည်းနိုင်ရန် ပထမဦးဆုံးခြေလှမ်းလည်းဖြစ်သည်။

အလားတူ ဗမာနိုင်ငံလုံးဆိုင်ရာကျောင်းသားသမဂ္ဂ၊ တက္ကသိုလ်နှင့်ကောလိပ်ပေါင်းစုံဆရာ/မများသမဂ္ဂ၊ ရန်ကုန်မြို့လုံးဆိုင်ရာရဟန်းပျိုများသမဂ္ဂ၊ ကျန်းမာရေးဝန်ထမ်းများသမဂ္ဂ၊ ဆေးတက္ကသိုလ်နှင့် ကျောင်းသားများသမဂ္ဂနှင့် မြောက်ဥက္ကလာပမြို့နယ်ကျောင်းသားများသမဂ္ဂစသည်တို့ ဖွဲ့စည်းပေါ်ပေါက်လာခဲ့ကြသည်။ ထို့ပြင် ရန်ကင်းအမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၊ တောင်ဥက္ကလာပအမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်း၊ ဒဂုံမြို့နယ် ပြည်သူ့ကောင်စီရုံး၊ ဒဂုံမြို့နယ်ပါတီယူနစ်ရုံး၊ လသာမြို့နယ်ပါတီယူနစ်ရုံး၊ လမ်းမတော်မြို့နယ်ပါတီယူနစ်ရုံးနှင့် မြို့နယ်ပြည်သူ့ကောင်စီရုံး စသည်တို့ကို ကျောင်းသားများနှင့် သမဂ္ဂအဖွဲ့အစည်းများက သပိတ်စခန်းများ ဖွင့်လှစ်လှုပ်ရှားလာခဲ့ကြသည်။

ထို့နောက် ၁၉၈၈ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့တွင် အစိုးရဝန်ကြီးအဖွဲ့က ကြေညာချက်အမှတ် ၁/၈၈ ဖြင့် မြို့နယ်ပြည်သူ့ကောင်စီရုံးများ၊ နိုင်ငံတော်ပိုင်အဆောက်အဦများကို သိမ်းပိုက်ကာ သပိတ်စခန်းဖွင့်လှစ်နေသူများကို ဖယ်ရှားကြရန် ထုတ်ပြန်ကြေညာသည်။

ထိုစဉ်အတွင်း နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် –

"မိမိတို့သည် အခြေခံဥပဒေ၊ တရားဥပဒေတို့ကို စောင့်ထိန်းလိုက်နာရမည်ဖြစ်ကြောင်း၊ ဥပဒေများနှင့်အညီ နှစ်သက်ရာစနစ်ကို ပြည်သူများ ရွေးချယ်နိုင်ရန် မကြာမီကျင်းပတော့မည့်ပါတီညီလာခံနှင့် လွှတ်တော်တို့မှ ဆုံးဖြတ်ကြမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒခံယူပွဲနှင့် အထွေထွေရွေးကောက်ပွဲများတွင် လွတ်လပ်သောပြည်သူတို့မှ ဆုံးဖြတ်ကြမည်ဖြစ်ကြောင်း၊ ပြည်သူ့ဆန္ဒခံယူပွဲနှင့် အထွေထွေရွေးကောက်ပွဲများတွင် လွတ်လပ်သော ပြည်သူတို့ လေးစားသောပုဂ္ဂိုလ်များက ကြီးကြပ်၍ ကူညီကြရန် မေတ္တာရပ်ခံလိုကြောင်း၊ ကျောင်းသားသမဂ္ဂဖွဲ့စည်းရေးကို စည်းကမ်းတကျဖွဲ့စည်းရန် သဘောတူ

www.burmeseclassic.com

www.burmeseclassic.com



ကြောင်းနှင့် ၁၉၆၂ ခုနှစ်ဇူလိုင်လ ၈ ရက်နေ့ ဖောက်ခွဲဖြိုချခံရသော ကျောင်းသားသမဂ္ဂအဆောက်အအုံကို ပြန်လည်တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ ပြည်သူ့ဝန်ထမ်းများအားလုံး လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်၍ ပြည်သူ့အကျိုးကို သယ်ပိုးကြစေလိုကြောင်း" စသည်ဖြင့် မိန့်ခွန်းပြောကြားသွားသည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ (၂) ရက်နေ့တွင် ဝန်ကြီးအဖွဲ့ချုပ် ညွှန်ကြားချက် (၃/၈၈) ကို ထုတ်ပြန်၍ ပြည်သူ့ဝန်ထမ်းများအားလုံး အလုပ်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်ခဲ့သည်။ သို့သော် ဝန်ထမ်းများက ထိုညွှန်ကြားချက်များနှင့် အမိန့်များသည် ၄င်းတို့နှင့် မပတ်သက်သလိုနေခဲ့ကြပြီး ယင်းတို့၏ မူလနိုင်ငံရေးရည်မှန်းချက်များကို ဆက်လက်ကော်အထည်ဖော်ခဲ့ကြသည်။

အလားတူ စက်တင်ဘာ (၃) ရက်နေ့တွင် ပညာရေးဝန်ကြီးနှင့် တက္ကသိုလ်၊ ကောလိပ်ဆရာ၊ ဆရာမများနှင့် တွေ့ဆုံခြင်းအခမ်းအနားကို တက္ကသိုလ်များ ဗဟိုကောင်စီခန်းမတွင် ပြုလုပ်ခဲ့ပြီး စက်တင်ဘာ(၂) ရက်နေ့က ထုတ်ပြန်ခဲ့သည့် နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်၏ မိန့်ခွန်းပါ ကျောင်းသားသမဂ္ဂဖွဲ့စည်း ရေး၊ ကျောင်းသားသမဂ္ဂအဆောက်အအုံဆောက်လုပ်ရေးကိစ္စတို့နှင့် စပ်လျဉ်း၍ ကျောင်းသားသမဂ္ဂယာယီအမှုဆောင်အဖွဲ့နှင့် ဆရာ၊ ဆရာမများ ယာယီအမှုဆောင်အဖွဲ့တို့၏ သဘောထားများကို တောင်းခံခဲ့သည်။ ယင်းတို့၏ သဘောထားထုတ်ပြန်ချက်တွင် –

"ကျောင်းသားနှင့်ပြည်သူသည် တသားတည်းဖြစ်၍ ပြည်သူများ၏ တောင်းဆိုချက်ဖြစ်သည့် တပါတီစနစ်ဖျက်သိမ်းရေးနှင့် ကြားဖြတ်အစိုးရ ချက်ချင်းဖွဲ့စည်းရေး၊ ဒီမိုကရေစီရရှိရေးတို့ကို လိုက်လျောခြင်းမရှိသမျှ ကာလပတ်လုံး ကျွန်ုပ်တို့သည် ကျောင်းသားသမဂ္ဂဖွဲ့စည်းခြင်းကိုလည်း လက်ခံလိမ့်မည်မဟုတ်" ဟူ၍ ပါရှိသည်။

ထို့အတူ ယင်းနေ့ (၂ . ၉ . ၈၈) တွင် ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ (ယာယီ) ဗဟိုအလုပ်အမှုဆောင်အဖွဲ့အစည်းအဝေးကို အမှတ် (၁၀) ဝင်္ကဘာလမ်း၌ ပြုလုပ်ခဲ့ကြပြီး ကြေညာချက်အမှတ် (၂) ကို ထုတ်ပြန်ခဲ့ကြသည်။ ယင်းကြေညာချက်တွင် –

www.burmeseclassic.com

www.burmeseclassic.com



“ ပြည်တွင်းပါတီစုံဒီမိုကရေစီအမြန်ဆုံး ပေါ်ထွန်းလာရေးအတွက် ပြည်သူတို့၏ တခဲနက်ဆန္ဒပြ အထွေထွေသပိတ်ကြီးကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၈ ရက်နေ့တွင် ဆင်နွှဲမည်ဖြစ်ကြောင်း၊ ဒီမိုကရေစီနှင့်ငြိမ်းချမ်းရေး(ယာယီ) ၏ သဘောထားနှင့် လုပ်ငန်းစဉ်ကို ထောက်ခံသော ရဟန်းရှင်လူပြည်သူများသည် အဆိုပါအထွေထွေသပိတ်ကြီးတွင် အလုံးအရင်းဖြင့် အစွမ်းကုန်ပါဝင်ဆင်နွှဲကြရန်နှင့် လူထုအတွင်း စိတ်ဝမ်းကွဲပြားမှုမရှိ၊ အထူးသွေးစည်းညီညွတ်ကြရန်၊ အဖျက်သမားများက အမျိုးမျိုးဖျက်ဆီးရန် လုပ်ကြံလိမ့်မည်။ ၄င်းကို ရင်ဆိုင်နိုင်ရန်အတွက် အထူးစည်းကမ်းသေဝပ်ကြရန်၊ ဤတိုက်ပွဲကြီးသည် နှလုံးရည်တိုက်ပွဲဖြစ်ရာ မည်သို့ပင် ရန်စလှုံ့ဆော်သည်ဖြစ်စေ၊ အကြမ်းမဖက်မိကြရန်” တို့ပါရှိသည်။ ဤကြေညာချက်သည် မဆလစစ်အစိုးရဖြုတ်ချရန်အတွက် ပြည်သူလူထုအားလှုံ့ဆော်လိုက်ခြင်းပင်ဖြစ်သည်။

စက်တင်ဘာ ၅ ရက်နေ့ သမဝါယမအသင်း ဝန်ထမ်းများသမဂ္ဂအဖွဲ့ (ယာယီ)၊ တာမွေမြို့နယ်ကျူရှင်ဆရာ/မများ သမဂ္ဂအဖွဲ့ (ယာယီ)၊ မြောက်ဥက္ကလာပမြို့နယ် ရှေ့နေများသမဂ္ဂအဖွဲ့ (ယာယီ)၊ ကျန်းမာရေးဝန်ထမ်းများသမဂ္ဂအဖွဲ့ (ယာယီ)၊ မူဆလင်အခမဲ့ဆေးရုံအလုပ်သမားသမဂ္ဂအဖွဲ့ (ယာယီ)၊ သာကေတမြို့နယ်စာပေလှုပ်ရှားမှုအင်အားစု (ယာယီ)၊ မြန်မာ့အာမခံလုပ်ငန်းကော်ပိုရေးရှင်းအလုပ်သမားသမဂ္ဂအဖွဲ့ (ယာယီ)၊ စာနယ်ဇင်းသမဂ္ဂအဖွဲ့(ယာယီ)၊ လေယာဉ်အင်ဂျင်နီယာများသမဂ္ဂအဖွဲ့ (ယာယီ) နှင့် လူ့အခွင့်အရေးဆိုင်ရာ အမျိုးသားကော်မတီအဖွဲ့တို့ကို ဖွဲ့စည်းခဲ့ကြပြီး တပါတီ အာဏာရှင်ဖျက်သိမ်းရေးနှင့် ကြားဖြတ်အစိုးရ အမြန်ဆုံးဖွဲ့စည်းပေးရေးကို တောင်းဆိုခဲ့ကြသည်။

ထိုနေ့မှာပင် အစိုးရက သပိတ်စခန်းများနှင့် ဆန္ဒပြနေသူများအား တန်ပြန်အဖျက်အမှောင့်လုပ်ငန်းများ လုပ်ကိုင်နိုင်ရန် ရန်ကုန်မြို့ စစ်မှုထမ်းဟောင်းများအများစုနေထိုင်ရာ တောင်ဥက္ကလာပမြို့နယ်စီမံကိန်း (၁) ရပ်ကွက် အတွင်းသို့ ကပစမှ ထုတ်လုပ်ခဲ့သော တုတ်၊ ဓါးလက်နက်များနှင့် ဂျင်ဂလိသေတ္တာများ လာရောက်ချပေးမှုကြောင့် သတင်းပြန့်ကာ ရပ်ကွက်လူထုနှင့် ထိပ်တိုက်ရင်ဆိုင်တွေ့ပြီး အပြန်အလှန်အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည်။ ယင်းတိုက်ခိုက်မှုကြောင့် စစ်တပ်မှစိတ်ကြွဆေးများနှင့် ထုံဆေးများထိုးပေးထား

www.burmeseclassic.com

www.burmeseclassic.com



သောလူပေါင်း (၂၃) ဦး ခေါင်းဖြတ်မီးရှို့သတ်ခြင်းခံရသည်။ စီမံကိန်းရပ်ကွက်ရှိ အိမ်ခြေ(၄၆) လုံးလည်း မီးရှို့ဖျက်ဆီးခံခဲ့ရသည်။ အလားတူပင် ရန်ကုန်မြို့ ကလေးဆေးရုံကြီးသို့ ဖြန့်ဖြူးပေးဝေနေသော ရေတိုင်ကီကို အဆိပ်ခတ်ခဲ့သည့် စစ်တပ်မှ စေခိုင်းခဲ့သူငါးဦးလည်း အသတ်ခံခဲ့ရသည်။

အဆိုပါသတင်းသည် လွတ်လပ်သော ပုဂ္ဂလိကစာစောင်၊ သတင်းစာ၊ ဂျာနယ်တို့တွင် ဓါတ်ပုံများနှင့်တကွ ဖော်ပြပါရှိရာ ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးများအထိ ဂယက်ရိုက်သွားခဲ့လေသည်။

၄င်းဖြစ်ရပ်ကြောင့် ပြည်သူနှင့်တပ်မတော်ကြားတွင်လည်းကောင်း၊ နိုင်ငံတော်ခေါင်းဆောင်များနှင့် ပြည်သူလူထုအကြားတွင်လည်းကောင်း ယုံကြည်မှုကင်းမဲ့လာကာ အစိုးရအား ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်မှုများကို တိုးပွားလာခဲ့သည်။

အလားတူပင် ထောက်လှမ်းရေးတပ်ဖွဲ့ဝင်များနှင့် ဦးနေဝင်း၏သမီး မဂ်လာဒုံစစ်ဆေးရုံမှ ဆေးဝန်ထမ်းအရာရှိ ဗိုလ်မှူးခင်စန္ဒာဝင်းပါဝင်သောအုပ်စုက အများစားသုံးနေသော အစားအစာနှင့် ရေတို့တွင် အဆိပ်ခတ်မှုကြောင့်လည်းကောင်း၊ ရပ်ကွက်များသို့လိုက်လံမီးကွင်းပစ်သူများကြောင့်လည်းကောင်း ပြည်သူလူထုအပေါင်း အထိတ်အလန့်ကြီးလန့်စာစား ဖြစ်စေခဲ့ရသည်။

ယင်းကဲ့သို့ နေရာအနှံ့ဆူပူအုံကြွဆန္ဒပြနေစဉ်အတွင်း စက်တင်ဘာလ ၉ ရက်နေ့တွင် ရန်ကုန်မြို့၊ ဝက်ဘာလမ်း၊ ခြံအမှတ်(၁၀) ၌ ဒီမိုကရေစီနှင့် ငြိမ်းချမ်းရေးအဖွဲ့ (ယာယီ) နာယကဦးနုနှင့် ပြည်တွင်းပြည်ပသတင်းစာဆရာများတွေ့ဆုံ၍ သင်းစာရှင်းလင်းပွဲပြုလုပ်ခဲ့သည်။ သတင်းစာရှင်းလင်းပွဲတွင် ဦးနုက –

" ၁၉၄၇ ခုနှစ်တိုင်းပြုပြည်ပြုလွှတ်တော်က အတည်ပြုခဲ့သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအရ ကျနော်သာလျှင် တရားဝင် ဝန်ကြီးချုပ်ဖြစ်ကြောင်းနှင့် စင်ပြိုင်အစိုးရဖွဲ့စည်းကြောင်း" ကြေညာချက် ထုတ်ပြန်ခဲ့သည်။

၄င်း၏စင်ပြိုင်အစိုးရတွင် သမ္မတမန်းဝင်းမောင်၊ ဝန်ကြီးချုပ်ဦးနု၊ ကာကွယ် ရေးဝန်ကြီး ဦးတင်ဦး စသည်တို့ဖြင့်ဖွဲ့စည်းကြောင်းကြေညာခဲ့သည်။

ယင်းကိစ္စနှင့် ပတ်သက်၍ စက်တင်ဘာလ ၉ ရက် ညနေ ၈ နာရီ ၂၅ မိနစ်အချိန်တွင် ဘီဘီစီအသံလွှင့်ဌာနတွင် ဦးနုသည် အထွေထွေရွေးကောက်

www.burmeseclassic.com

www.burmeseclassic.com



ပွဲများကို တလအကြာတွင် ကျင်းပပေးမည်ဖြစ်ကြောင်း၊ ၎င်းတဦးတည်းသာ တရားဝင်ဝန်ကြီးချုပ်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများက ၎င်းကိုသာ အသိအမှတ်ပြုရန်တောင်းဆိုကြောင်း ထုတ်လွှင့်သွားခဲ့သည်။ ဦးအောင်ကြီးကမူ ဦးနု၏ လုပ်ဆောင်ချက်သည် အလွန်အန္တရာယ်ကြီးကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ကလည်း ဦးနု၏လုပ်ဆောင်ချက်မှာ မလျော်ကန်ကြောင်း၊ လူငယ်အများစုကလည်း ၎င်းတို့၏ကြိုးပမ်းထားသောအောင်ပွဲကို လက်ဝါးကြီးအုပ်အမြတ်ထုတ်သွားသည်ဟု ထင်မြင်ကြောင်း ထုတ်ဖော်ပြောကြားသွားခဲ့ကြသည်။

စင်ပြိုင်အစိုးရဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ အေရှဝိစ် (Asia Weeks) စာစောင်မှ သတင်းထောက်တဦးက ဦးနုနှင့် တွေ့ဆုံမေးမြန်းသည့်အခါ ဦးနုက

" ကျနော်တို့ ဟိုသုံးယောက်နဲ့ ညီညွတ်ဖို့ လူအချို့က သိပ်လိုလားခဲ့ကြပါတယ်၊ ဟိုသုံးယောက်ဆိုတာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် ဦးအောင်ကြီးတို့ဖြစ်ကြပါတယ်။ သူတို့သုံးဦး ကျနော်တို့အဖွဲ့နဲ့ပေါင်းမယ်ဆိုရင် ပေါင်းနိုင်ပါတယ်။ ကျနော်ကတော့ အဖွဲ့ထဲဝင်လာရင် ကျနော့်လမ်းစဉ်မို့ ကျနော်ပဲ ခေါင်းဆောင်ရမှာပဲ။

ကျနော်တခုခုလုပ်ချင်ပြီဆိုရင် တခါတလေ ကျနော့်ရဲဘော်တွေနဲ့တောင် မတိုင်ပင်ဘဲ ချက်ချင်းလုပ်တတ်ပါတယ်။ ဒါပေမယ့် သူတို့က ကျနော်လုပ်တာ မကြိုက်ဘူးဆိုရင် ကျနော်ခေါင်းဆောင်မှုက ဆင်းပေးမယ်။ ကျနော်လုပ်တာဟာ သူတို့လက်ခံတယ်ဆိုရင် ကျနော့်ကို ထောက်ခံကြရမှာပဲ။ အဲဒါဟာ ဒီမိုကရေစီပါပဲ။ ဒါပေမယ့် ကျနော်ဟာ ပရိယာယ်မရှိတဲ့လူ၊ အလောသုံးဆယ် မြန်မြန်ဆန်ဆန်လုပ်တတ်တဲ့လူဆိုပြီး ပြောကြတယ်။ ပရိယာယ်မရှိတဲ့သူဟာ တခါတလေမကောင်းတာဖြစ်တတ်ပေမယ့် တခါတလေကျတော့ ကောင်းတတ်ပါတယ်။

ဦးနေဝင်းက ကျနော့်ဆီက အာဏာကို လုယူလို့ မဖြစ်နိုင်ပါဘူး။ ဒါပေမယ့် ကျနော်ဟာ အခြေခံဥပဒေအရ တရားဝင်ဝန်ကြီးချုပ်ဖြစ်တယ်ဆိုတာ ဗမာပြည်သူတွေရော၊ ဗမာပြည်အပြင်ဘက်ကလူတွေပါ သိအောင် ကျနော်လုပ်ချင်တယ်။ ဟိုလူကတော့ အခြေခံဥပဒေအရ တရားဝင်ထားတဲ့ ခေါင်းဆောင်မဟုတ်ပါဘူး။ ကျနော်သာ အခြေခံဥပဒေအရ ခေါင်းဆောင်ဖြစ်ရုံတင်

www.burmeseclassic.com

www.burmeseclassic.com



မကဘူး၊ ပြည်သူတွေရဲ့ တခဲနက်ထောက်ခံမှုကို ရထားသူဖြစ်ပါတယ်'' ဟူ၍ ရှင်းလင်းပြောကြားသွားသည်။

ထို့နောက် စက်တင်ဘာလ ၁၀ ရက်နေ့တွင် မဆလပါတီ အရေးပေါ်ပါတီ ညီလာခံကို ရန်ကုန်မြို့ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပ ပြု လုပ်ခဲ့သည်။ ထိုညီလာခံက ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲ ကျင်းပ ရန် ဆုံးဖြတ်ချက် ချမှတ်ခဲ့သည်။ ထိုညီလာခံတွင် ပါတီစုံဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်က –

" ပါတီညီလာခံမှ ဆုံးဖြတ်လိုက်သည့်အတိုင်း ပြည်သူ့လွှတ်တော်တွင် ပါတီစုံဒီမိုကရေစီစနစ် လွှဲပြောင်းကျင့်သုံးနိုင်ရန် လွှတ်တော်၏ အဆုံးအဖြတ် ခံယူမည်ဖြစ်ကြောင်း၊ ပါတီစုံဝင်ယှဉ်ပြိုင်နိုင်ကြမည့် အထွေထွေရွေးကောက်ပွဲ ကြီးကို အမြန်ဆုံးနှင့် အမျှတဆုံး၊ အလွတ်လပ်ဆုံးဖြစ်အောင် ကျင်းပပေးရန် စီစဉ်ထားကြောင်း'' ပြောကြားသွားသည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် စတုတ္ထအကြိမ် ပြည်သူ့ လွှတ်တော်အစည်းအဝေးကို ဆက်လက်ကျင်းပခဲ့သည်။ ထို အစည်းအဝေး တွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၏ အကြံပြုတင်ပြချက်များအပေါ် ပြည်သူ့လွှတ်တော်က လက်ခံသဘောတူကာ နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်က –

(က) ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲများကျင်းပရန်၊

(ခ) ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲများ ကျင်းပနိုင်ရေးအ တွက်အဟန့်အတား ဖြစ်နေသော အခြေခံဥပဒေပါ သက်ဆိုင်ပြဋ္ဌာန်းချက် များနှင့် အခြားဥပဒေ၊ နည်းဥပဒေများ ပယ်ဖျက်ပေးနိုင်ရေးအတွက် ပြည်သူ့ လွှတ်တော်က နိုင်ငံတော်ကောင်စီသို့လွှဲအပ်ရန်။

(ဂ) အခြေခံဥပဒေပုဒ်မ ၄၃ (က) အရ စတုတ္ထအကြိမ် ပြည်သူ့လွှတ် တော်၏ ပုံမှန်သက်တမ်းသည် အထွေထွေရွေးကောက်ပွဲကျင်းပပြီး၍ ပြည်သူ့ လွှတ်တော်အသစ် စတင်စည်းဝေးသည့်နေ့အထိသာ ဖြစ်ကြောင်း လျှော့ပေါ့ သတ်မှတ်ရန်။

(ဃ) စတုတ္ထအကြိမ် ပြည်သူ့လွှတ်တော်ပဉ္စမအစည်းအဝေးက ဖွဲ့စည်း ပေးထားသော ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်ကို ဖျက်သိမ်းပေး

www.burmeseclassic.com

www.burmeseclassic.com



ရန်။

(င) တရားမျှတသော အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် အောက်ပါဖော်ပြပါ ပုဂ္ဂိုလ်များကို ရွေးချယ်တာဝန်ပေးအပ်ရန်။

(၁) ဦးဘဌေး (အငြိမ်းစား ဘဏ္ဍာတော်မင်းကြီး)

(၂) ဦးကျော်ညွန့် (အငြိမ်းစားကနေဒါဆိုင်ရာ မြန်မာသံအမတ်ကြီး)

(၃) ဦးစန်းမောင် (အငြိမ်းစားရွေ့တာစုဆောင်းရေးနှင့် အာမခံစာချုပ်မင်းကြီး)

(၄) ဦးစောကြာဒိုး (အငြိမ်းစားဗိုလ်မှူးချုပ်)

(၅) ဆရာချယ် (ယခင်ပါလီမန်အမတ်နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)

(စ) ရွေးကောက်ပွဲကော်မရှင်တွင် အဖွဲ့ဝင်ဦးရေတိုးခြင်း၊ လစ်လပ်သည့်နေရာတွင်အစားထိုးခြင်းကိစ္စများ ဆောင်ရွက်ပိုင်ခွင့်ကို ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီသို့ လွှဲအပ်ရန်။

(ဆ) ပါတီအဖွဲ့အစည်းများကို မှတ်ပုံတင်ခြင်း၊ ရွေးကောက်ပွဲ စည်းမျဉ်းစည်းကမ်းများနှင့် လုပ်ငန်းတာဝန်များ ရေးဆွဲပြဋ္ဌာန်းပေးခြင်းတို့ကို ကော်မရှင်နှင့် ညှိနှိုင်းဆောင်ရွက်ပေးရေးအတွက် ပြည်သူ့လွှတ်တော်က နိုင်ငံတော်ကောင်စီသို့လွှဲအပ်ရန်။

(ဇ) အထွေထွေရွေးကောက်ပွဲကို ပြည်သူ့ လွှတ်တော်အတွက်သာ ကျင်းပရန်။

(ဈ) အထွေထွေရွေးကောက်ပွဲကျင်းပမည့်နေ့သည် ယနေ့မှစ၍ သုံးလပြည့်သောနေ့ဟု သတ်မှတ်ပေးရန်၊ သို့သော် ပေါ်ပေါက်လာမည့် ပါတီအဖွဲ့အစည်းများက ရွေးကောက်ပွဲကော်မရှင်သို့ အကြံပြုချက်အရ ယနေ့မှစ၍ တလခွဲပြည့်သောနေ့ထက် မစောဘဲဖြစ်စေ၊ သုံးလကျော်လွန်သည့်အခါမှ ဖြစ်စေ ပြင်ဆင်သတ်မှတ်ကျင်းပနိုင်သည့် လုပ်ပိုင်ခွင့်ကို ပြည်သူ့လွှတ်တော်ကောင်စီသို့လွှဲအပ်ရန်တို့ဖြစ်ကြသည်။

ထို့နောက် ရွေးကော်ပွဲကော်မရှင်သည် မိမိတို့ကော်မရှင်၏ သဘောထားကို တိုင်းပြည်သို့တင်ပြရန် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ကြေညာချက် အမှတ်(၁) ကို အောက်ပါအတိုင်း ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်လိုက်သည်။

“ ၁။ ဤကော်မရှင်အဖွဲ့ဝင်များသည် အသက်အရွယ်အရ အဖက်ဖက်မှ အနားယူနေကြသော ပုဂ္ဂိုလ်များဖြစ်၍ မည်သည့်ပါတီနိုင်ငံရေးကိုမျှ ဆက်လက်လုပ်ကိုင်ရန် ရည်ရွယ်ချက်ရှိကြသူများမဟုတ်ကြပါ။ မိမိတို့၏ ကိုယ်ရေးကိုယ်တာအတွက်လည်း တစုံတရာ မျှော်မှန်းထားခြင်းရှိကြသူများ မဟုတ်ကြပါ။ သို့ရာတွင် ယနေ့ဖြစ်ပေါ်နေသော တိုင်းပြည်၏အခြေအနေအရ နိုင်ငံတော်ကောင်စီ ကော်မရှင်အဖွဲ့ဝင်များအား အထွေထွေရွေးကောက်ပွဲကြီးကို လွတ်လပ်စွာ ကြားဝင်ဆောင်ရွက်ပေးရန် မေတ္တာရပ်ခံချက်အရလည်းကောင်း၊ ၁၁ ․ ၉ ․ ၈၈ ရက်နေ့က ပြည်သူ့လွှတ်တော်အစည်းအဝေးတွင် နိုင်ငံတော်သမ္မတ၏ မိန့်ကြားချက်အတိုင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကော်မရှင်၏လုပ်ငန်းများကို နိုင်ငံတော်ကောင်စီက တစုံတရာစွက်ဖက်မှု မပြုရုံသာမ ကော်မရှင်၏ လိုအပ်သော အကူအညီများကိုပေးမည်ဟု အာမခံချက်ပေးပြီးလျှင် ရွေးကောက်ပွဲများကို အလွတ်လပ်ဆုံး၊ အမျှတဆုံး၊ အမြန်ဆုံး ပြုလုပ်ပေးရန် မေတ္တာရပ်ခံခဲ့ရာ အထွေထွေရွေးကောက်ပွဲကိစ္စများတွင် ကော်မရှင်သည် လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့်ရှိသည်ဟု ယုံကြည်ခြင်းကြောင့်လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင်များသည် စေတနာအပြည့်အဝနှင့် တတ်စွမ်းသမျှ ဆောင်ရွက်ပေးရန် ကော်မရှင်တွင် ပါဝင်ခဲ့ကြခြင်းဖြစ်ပါသည်။

၂။ သို့ပါ၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို မကြာမီကျင်းပရန်အတွက် ပါတီစုံဒီမိုကရေစီကို တောင်းဆိုနေကြသော ရဟန်းရှင်လူ၊ ကျောင်းသူကျောင်းသားများ၊ ပြည်သူများအပါအဝင် တာဝန်ရှိသော ခေါင်းဆောင်များသည် ဤကော်မရှင်နှင့် ပူးပေါင်းကူညီဆောင်ရွက်ကြပြီး လိုအပ်သော အကြံဉာဏ်များပေးကြပါရန် လေးစားစွာ ဖိတ်ခေါ်အပ်ပါသည်။”

သို့သော် ပြည်သူလူထုနှင့် ဒီမိုကရေစီခေါင်းဆောင်များက အစိုးရ ကျင်းပမည့်ရွေးကောက်ပွဲကို အယုံအကြည်မရှိဘဲ ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရန်ကိုသာ တောင်းဆိုခဲ့ကြသည်။ အစိုးရက သုံးလပြည့်နေသောနေ့တွင် အထွေထွေရွေးကောက်ပွဲများ ကျင်းပပေးမည်ဆိုသောအချက်ကိုလည်း ငြင်းဆိုခဲ့ကြသည်။

၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ဗဟန်းမြို့နယ်၊ အမှတ်

www.burmeseclassic.com

www.burmeseclassic.com



(၉၄) နတ်မောက်လမ်းရှိ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သောရွေးကောက်ပွဲ ကော်မရှင်နှင့် နိုင်ငံရေးခေါင်းဆောင်အဖွဲ့အစည်းများတွေ့ဆုံပွဲသို့ ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးတင်ဦး၊ ရန်ကုန်မြို့လုံးဆိုင်ရာ ရဟန်းပျိုသမဂ္ဂအဖွဲ့ချုပ်၊ မြန်မာနိုင်ငံလုံးဆိုင်ရာ အလုပ်သမားသမဂ္ဂအဖွဲ့ချုပ်(ရန်ကုန်)၊ ဥပဒေရုံးများဆိုင်ရာ အလုပ်သမားသမဂ္ဂ(ရန်ကုန်)၊ တက္ကသိုလ်ဘွဲ့ရ ကျောင်းသားဟောင်းများအဖွဲ့၊ ဒီမိုကရေစီတိုက်ပွဲဝင်ကျောင်းသားများအဖွဲ့၊ တက္ကသိုလ်များ (ရန်ကုန်) တို့မှ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ထိုဆွေးနွေးပွဲတွင် ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးတင်ဦးနှင့် တက်ရောက်လာကြသော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များက ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကော်မရှင်တွင် ပါဝင်သည့်ပုဂ္ဂိုလ်ကြီးများကို မိမိတို့အနေဖြင့် လေးစားယုံကြည်ပါကြောင်း၊ ဂါရဝလည်းပြုပါကြောင်း၊ သို့ရာတွင် ဤကော်မရှင်ကို လက်ရှိအစိုးရက ဖွဲ့စည်းပေးခြင်းဖြစ်၍ တိုင်းပြည်နှင့် ပြည်သူလူထုက အစိုးရအပေါ် လုံးဝအယုံအကြည်မရှိကြတော့သဖြင့် အစိုးရက ရွေးချယ်ခန့်ထားသည့် ကော်မရှင်ကို လုံးဝလက်မခံနိုင်ကြောင်း၊ ယုံကြည်မှုလည်းမရှိကြကြောင်း၊ လက်ရှိအနေအထားတွင် သုံးလအတွင်း ရွေးကောက်ပွဲများကျင်းပပါက ၂၆ နှစ်တာမျှ ဖွဲ့စည်းထားပြီး နိုင်ငံတော်ဘဏ္ဍာဖြင့် စည်းရုံးလှုပ်ရှားနေသည့် အာဏာရပါတီကို ယခုအထိ ပါတီအဖွဲ့အစည်းများ၊ မဖွဲ့ရသေးသော၊ ဘဏ္ဍာငွေလည်းမရှာဖွေရသေးသော အဖွဲ့အစည်းများအနေဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ရပါက မည်သည့်နည်းနှင့်မျှ တရားမျှတသော ရွေးကောက်ပွဲမဖြစ်နိုင်ကြောင်း၊ တပ်မတော်သားများအားလုံးနှင့် အစိုးရဝန်ထမ်းအများစုမှာ လက်ရှိအာဏာရပါတီ၏ ပါတီဝင်များဖြစ်နေသေးရာ တပ်မတော်နှင့်ဝန်ထမ်းများအား မည်မျှပင် ကြားနေပါဟု ညွှန်ကြားချက်ထုတ်နေစေကာမူ ပြည်သူလူထုက ယုံကြည်မှုမရှိကြကြောင်း၊ ယခု အမြို့မြို့အနယ်နယ်တွင် အုပ်ချုပ်ရေးယန္တရားလည်းမရှိ၊ လုံခြုံမှုလည်းမရှိသဖြင့် ရွေးကောက်ပွဲပြုလုပ်ရန်မဖြစ်နိုင်ကြောင်း၊ သို့ဖြစ်၍ ပြည်သူလူထုက ယုံကြည်ကြသည့် ပုဂ္ဂိုလ်များပါဝင်သော "ကြားဖြတ်အစိုးရ" အမြန်ဆုံး ဖွဲ့စည်းပေးသင့်

www.burmeseclassic.com

www.burmeseclassic.com



ကြောင်း ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ၁၅ ． ၉ ． ၈၈ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင်လည်း "ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးတင်ဦးတို့၏ ပြည်သူတရပ်လုံးသို့ပန်ကြားချက်" ခေါင်းစဉ်ပါ စာတစောင်ကိုလည်း (၁၄ ． ၉ ． ၈၈) ရက်စွဲဖြင့် ၎င်းတို့သုံးဦးကိုတိုင် လက်မှတ်ရေးထိုး ထုတ်ဝေထားသည့်အတိုင်း ဖော်ပြထားသည်ကို တွေ့ရသည်။ ထိုပန်ကြားချက်မှာ –

၁။ တနေ့ထက်တနေ့ ကြုံတွေ့လာရသည့် စီးပွားရေးအခက်အခဲ အကျပ်အတည်းကြားမှပင် ပြည်သူတို့၏ ဒီမိုကရေစီတိုက်ပွဲအရှိန်သည် မြင့်မားလာခဲ့သည်။ တနိုင်ငံလုံး မကြုံစဖူး ပြင်းထန်လှသည့် ဒီမိုကရေစီရေးအတွက် ပြည်သူတရပ်လုံးက ဆန္ဒပြုနေပါလျက် အစိုးရက ပထမသော် မသိကျိုးကျွံပြုကာ အချိန်ဆွဲသည့်နည်းပရိယာယ်ကိုသာ ကျင့်သုံးခဲ့ရာမှ ယခုအခါ တထစ်လျော့ပြီး ပါတီစုံစနစ်ဖြင့် ရွေးကောက်ပွဲကို သုံးလအတွင်း ကျင်းပပေးရန် ရွေးကောက်ပွဲကော်မရှင်ကို ပုဂ္ဂိုလ်ငါးဦးဖြင့် ဖွဲ့စည်းပေးခဲ့ပါသည်။

၂။ ပြည်သူတို့က အစိုးရကို မယုံကြည်ပါ။ ထို့ကြောင့်လည်း ရွေးကောက်ပွဲကော်မရှင်ကို မယုံကြည်ပါ။ အလွန်တိုတောင်းလှသော သုံးလဆိုသည့် အချိန်အတွင်း၌ အာဏာရအစိုးရ၏ အထောက်အပံ့ခံပါတီနှင့် ဘာတခုမှ အသင့်မဖြစ်သေးသော အခြားပါတီတို့၏ ယှဉ်ပြိုင်အရွေးခံရမည့် ရွေးကောက်ပွဲဆိုသည်မှာလည်း မည်သို့မျှ တရားမျှတမှုမရှိနိုင်ဟူသည့်အချက်ကိုလည်း ပြည်သူတို့က ကောင်းစွာသိနေကြပါသည်။ ဤအချက်များကိုလည်း ယနေ့ဆန္ဒပြနေကြသည့် ပြည်သူ့အင်အားစုများက အစိုးရကဖွဲ့ပေးသည့် ရွေးကောက်ပွဲကော်မရှင်ရှေ့မှောက်၌ ပြတ်သားစွာ တင်ပြခဲ့ပြီးဖြစ်ပါသည်။

၃။ ဆန္ဒပြအင်အားစုကြီးထဲ၌ ရှေ့တန်းမှ သွေးမြေကျ တိုက်ပွဲဝင်ခဲ့ကြသည့် ကျောင်းသားလူငယ်များသည် အတက်ကြွဆုံး ပါဝင်သူများဖြစ်ကြသည်။ ယခုအခါတွင် ပြည်သူတို့နှင့် လက်တွဲပြီး ငြိမ်းချမ်းစွာ ဆန္ဒပြသည့် ကျောင်းသားများရှိသလို အစိုးရ၏ အချိန်ဆွဲမှုနည်းပရိယာယ်ကို မနှစ်မြို့သဖြင့် ပြင်းပြသောစိတ်ဓါတ်ကြောင့် အစာငတ်ခံဆန္ဒပြကျောင်းသားများကိုလည်းကောင်း တွေ့မြင်လာရသည်။ အများပြည်သူထဲ၌ အားမလိုအားမရဖြစ်ခြင်း၊ ယခုထက် ပြင်းထန်လှသောခြေလှမ်းကိုပင် လှမ်းလိုသောသူများ ရှိ

www.burmeseclassic.com



လာသည်ကိုပင် တွေ့လာပါသည်။

၄။ သို့သော် ဤဒီမိုကရေစီတိုက်ပွဲသည် နှလုံးရည်တိုက်ပွဲဖြစ်ပါသည်။ စည်းကမ်းသေသပ်စွာဆန္ဒပြရင်း ရဲရင့်သောနှလုံးရည်သတ္တိဖြင့် အောင်ပွဲခံယူရမည့်တိုက်ပွဲဖြစ်သည်။ အစိုးရသည် ပြည်သူတွေအလိုရှိသည့် ကြားဖြတ် အစိုးရတရပ် အမြန်ဆုံးဖွဲ့စည်းရန်မှတပါး အခြားနည်းလမ်းမရှိပါ။ ကျောင်းသားထုအပါအဝင် ပြည်သူတရပ်လုံးကလည်း ထက်မြက်သည့်နှလုံးရည် သတ္တိကိုသာ စစ်မှန်သည့်လက်နက်အဖြစ် မလျော့သောဇွဲ၊ မဆုတ်မနစ်သော စိတ်ဓါတ်ဖြင့် ငြိမ်းချမ်းစွာဆန္ဒပြမှုကို မသွေဖယ်လဲစိတ်မရှည်မှု၊ ဆန္ဒပြင်းပြမှုတို့ဖြင့် အကြမ်းဖက်မှု၊ သွေးထွက်သံယိုမှုနှင့် အခြားအနိဋ္ဌာရုံဖြစ်ပေါ်မှုမျိုးများ မဖြစ်ပေါ်စေဖို့ အထူးရှောင်ရှားရန် လိုအပ်ပါသည်။

"စစ်မှန်သောဒီမိုကရေစီတိုက်ပွဲ မုချအောင်မြင်ရမည်။"

(ပုံ) ***** ( ဦးအောင်ကြီး)

(ပုံ) ***** ( ဒေါ်အောင်ဆန်းစုကြည်)

(ပုံ) ***** (သူရဦးတင်ဦး)

ဟူ၍ ဖြစ်သည်။

ထို့အပြင် (၁၃ . ၉ . ၈၈) ရက်နေ့ထုတ် ဗိုလ်တထောင် သတင်းစာတွင်လည်း "လက်ရှိ အစိုးရကို ပြည်သူယုံကြည်မှုလုံဝကင်းမဲ့ကာ ကြားဖြတ် အစိုးရဖွဲ့လျှင် သပိတ်များရပ်စဲမည်။ ဦးအောင်ကြီး၊ သူရဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံဆွေးနွေးပြီး သဘောထားကို နိုင်ငံတော် သမ္မတထံ ပေးပို့" ဟူသောခေါင်းစဉ်ဖြင့် ရေးသားထားလေသည်။

" ပါတီစုံစနစ်ဖြင့် အထွေထွေရွေးကောက်ပွဲကျင်းပမည့်ကိစ္စနှင့် ပတ်သက်၍ ကျွန်ုပ်တို့၏ သဘောထားကို တင်ပြလိုပါသည်။ လက်ရှိအခြေအနေမှာ တတိုင်းပြည်လုံးတွင် အစိုးရအုပ်ချုပ်ရေးယန္တရား ရပ်ဆိုင်းနေပြီး ပြည်သူလူထု တရပ်လုံးမကြုံစဖူး စားဝတ်နေရေး၊ လုံခြုံရေးပြဿနာများနှင့် ရင်ဆိုင်နေရပါသည်။

ကုန်ဈေးနှုန်းများ တရိပ်ရိပ်ကြီးမြင့်လာခြင်း၊ အလုပ်အကိုင်ပျက်၍ ဆင်းရဲဒုက္ခရောက်ခြင်း၊ ရန်ကုန်မြို့တွင်း၌ပင် လုံခြုံမှုကို အစိုးရက တာဝန်မယူနိုင်၍ မိမိတို့ဘာသာလုံခြုံရေးကို တာဝန်ယူနေရသော ပြည်သူလူထုမှာ စိတ်ဆင်းရဲ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ဆင်းရဲနှင့် ပူပန်သောကရောက်နေရပါသည်။

အခြေအနေမှာ နေ့စဉ်နှင့်အမျှ ဆိုးရွားလျက်ရှိပါသည်။ ဤဖြစ်ပေါ်နေသော အခြေအနေတွင် အစိုးရက ရွေးကောက်ပွဲကျင်းပပေးနိုင်မည့် အခြေအနေမရှိပါ။ တနေ့ထက်တနေ့၊ တနာရီထက်တနာရီ ပိုမိုဆိုးရွားနေသော စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေး၊ လုံခြုံရေးအခြေအနေများကို တားဆီးနိုင်ရန်မှာ တိုင်းပြည်က လက်ခံနိုင်မည့်ကြားဖြတ်အစိုးရ အမြန်ဖွဲ့စည်းပေးခြင်းမှအပ အခြားနည်းလမ်းမရှိတော့ပါ။

လက်ရှိအစိုးရအပေါ်တွင် ပြည်သူလူထု ယုံကြည်မှုလုံးဝကင်းနေပြီးဖြစ်၍ အစိုးရဖွဲ့စည်းပေးသောကော်မရှင်က ဦးစီးကျင်းပပေးမည့်ရွေးကောက်ပွဲကို တိုင်းပြည်က ယုံကြည်လက်ခံကြမည်မဟုတ်ပါ။

ပြည်သူလူထုလက်ခံမည့် ကြားဖြတ်အစိုးရဖွဲ့သည်နှင့်တပြိုင်နက် ဆန္ဒပြမှုများ၊ သပိတ်မှောက်မှုများရပ်စဲပြီး အစိုးရယန္တရားများ ပြန်လည် လည်ပတ်ခြင်း၊ ရောင်းဝယ်ဖောက်ကားခြင်းများ ပြန်လည်အသက်ဝင်လာမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပါသည်။

ထို့ကြောင့် စီးပွားရေးပြန်လည်ထူထောင်ရန်နှင့် ဒီမိုကရေစီပြန်လည်တည်ဆောက်၍ အထွေထွေရွေးကောက်ပွဲ ကျင်းပပေးရန် ကြားဖြတ်အစိုးရ အမြန်ဆုံးဖွဲ့စည်းပေးရန်သာ ရှိပါတော့သည်။

အခြေအနေမှာ အချိန်ရှိသရွေ့ ဆိုးရွားသောဘက်သို့ ကူးပြောင်းနေပါသဖြင့် အချိန်မဆိုင်းဘဲ ကြားဖြတ်အစိုးရ အမြန်ဆုံးဖွဲ့စည်းပေးရန် တောင်းဆိုပါသည်" ဟူ၍ ဖော်ပြထားသည်။

ထို့သို့ပန်ကြားချက်များ၊ တောင်းဆိုချက်များ ထုတ်ပြန်ခဲ့ပြီး မကြာမီမှာပင် ပြည်သူလူထုတရပ်လုံး လမ်းမပေါ်ထွက်၍ "တပါတီအာဏာရှင် စနစ်ဖျက်သိမ်းရေး၊ ကြားဖြတ်အစိုးရဖွဲ့စည်းရေး" ကြွေးကြော်သံများ ပိုမိုကျယ်လောင်ခဲ့ပါတော့သည်။

ထိုစဉ်အတွင်း အစိုးရတာဝန်ရှိသူများနှင့် ကော်မရှင်လူကြီးများ တွေ့ဆုံဆွေးနွေးနေချိန်မှာပင် ဗိုလ်မှူးချုပ်ဟောင်းအောင်ကြီး လက်မှတ်ရေးထိုးထားသော ကိုယ်တိုင်လက်ရေးဖြင့်စာကို မိတ္တူကူးစက်ဖြင့် အများပြည်သူအကြားဖြန့်ဝေလာသည်ကို တွေ့ရ၏။ ထိုစာတွင် ဦးအောင်ကြီးက "ရွေးကောက်ပွဲ

www.burmeseclassic.com

www.burmeseclassic.com



ကော်မရှင်ဖွဲ့ပေးခြင်းနှင့် ရွေးကောက်ပွဲကျင်းပမည့်အစိုးရ၏ ကြေညာချက်ကို မိမိယုံကြည်ကြောင်း၊ သို့ဖြစ်ရာ သပိတ်များလည်း ညောင်းလာပြီဖြစ်၍ သပိတ်လှန်ကြရန်တိုက်တွန်းကြောင်း၊ အကယ်၍ မိမိတင်ပြသည့်အတိုင်း ရွေးကောက်ပွဲလုပ်မပေးလျှင် မိမိကိုယ်တိုင်ဆေးရုံရှေ့မှာ အစာတော်ခံကာ မိမိကိုယ်တိုင် ဓါတ်ဆီလောင်းမီးရှို့ပြီး ဆန္ဒပြမည်ဖြစ်သည်" ဟု ရေးသားထားသည်။ ရွေးကောက်ပွဲကော်မရှင်က ဦးအောင်ကြီး၏ ပေးစာသည် အပြုသဘောဆောင်သည်ဟု ယူဆကာ ကျေနပ်ဝမ်းသာခဲ့ကြသည်ဟု သိရသည်။

ထိုစဉ်အတွင်း ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ ကျောင်းသားများသမဂ္ဂသို့ ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးတင်ဦးတို့က အိတ်ဖွင့်ပေးစာတစောင်ကို ပေးပို့ခဲ့သည်။ ထိုစာအပြည့်အစုံမှာ

(၁) ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် အစိုးရ ရွေးချယ်ခန့်အပ်ထားသော ရွေးချယ်တင်မြှောက်ပွဲကော်မရှင်က ယနေ့နိုင်ငံတွင် ဒီမိုကရေစီတိုက်ပွဲဝင်နေကြသော အင်အားစုများကို ဦးဆောင်မှုပေးနေကြသော ဦးနု၊ ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်၊ သူရဦးတင်ဦး၊ ကျောင်းသားများအဖွဲ့နှင့် ရဟန်းအဖွဲ့များအား တွေ့ဆုံဆွေးနွေးခဲ့ပါသည်။

(၂) ထိုသို့တွေ့ဆုံဆွေးနွေးအပြီး၌ လူကြီးမင်းများသမဂ္ဂမှ အဆိုပါ အဖွဲ့အသီးသီးမှ လူ ကြီးများကို ဆေးတက္ကသိုလ် (၁) ကျောင်းခန်းမသို့ ဖိတ်ခေါ်၍ ဆွေးနွေးခဲ့ပါသည်။ အဆိုပါကော်မရှင်၌ မိမိတို့၏ ခိုင်မာသောရပ်တည်ချက်အရ ကြားဖြတ်အစိုးရဖွဲ့စည်းရေးဟူသည့်အခြေခံမှုကိုသာ ဆွဲကိုင်၍ ပြောကြားခဲ့ကြောင်း ကျောင်းသားများအား ရှင်းလင်းပြောကြားခဲ့ပါသည်။

(၃) ကျောင်းသားများက လူကြီးများ၏ ရပ်တည်ချက်ကို လက်ခံကြိုဆိုပါသည်။ သို့ရာတွင် ယခုတိုင် အစိုးရ၏ အချိန်ဆွဲမှုကို စိတ်မရှည်မှု၊ စိတ်ဓါတ်ပြင်းထန်တက်ကြွမှုတို့ဖြင့် ဤဆွေးနွေးပွဲပြုလုပ်သည့်နေရာ၌ပင် လူကြီးများက ကြားဖြတ်အစိုးရတရပ်ကို ဖွဲ့စည်းပေးရန် တင်ပြတောင်းဆိုခဲ့ပါသည်။ လူကြီးအသီးသီးကလည်း ဤကိစ္စကို မိမိတို့၏အဖွဲ့သို့ တင်ပြရန်လိုသည်ဖြစ်၍ ဆိုင်းငံ့ရန် ပြန်လည်ဆွေးနွေးပါသည်။ ကျောင်းသားများကလည်း အစိုးရဖွဲ့မှုကို အချိန်ကြာကြာမဆိုင်းလိုသဖြင့် (၄၈) နာရီအတွင်း ဖြစ်အောင် ပြန်

www.burmeseclassic.com

www.burmeseclassic.com



ကြားပေးပါရန် ပန်ကြားခဲ့ပါသည်။

(၄) ယနေ့ အခြေအနေတရပ်တွင် ကြားဖြတ်အစိုးရဖွဲ့စည်းရန်မှာ အမှန်တကယ် လိုအပ်ချက်ဆိုသည်ကို အဖွဲ့အားလုံးရော၊ ပြည်သူတရပ်လုံးကပါ လိုလားတောင်းတသည့်အချက် ဖြစ်ပါသည်။ သို့ရာတွင် လက်ရှိအစိုးရ မပြုတ်သေးဘဲ အစိုးရသစ်တရပ်ကို မိမိတို့ဆန္ဒအရဖွဲ့စည်းပါက ကြားဖြတ်အစိုးရမဟုတ်ဘဲ စင်ပြိုင်အစိုးရတရပ်ဖြစ်လာနိုင်ပါသည်။ ဤသို့ဖြစ်ပါက တော်လှန်ရေးတွင် အချိန်အခါမသင့်ဘဲ ခြေလှမ်းမိပါက မလိုလားအပ်သော ဟန့်တားနှောင့်ယှက်မှုနှင့် အခြားအန္တရာယ်များ ဖြစ်လာနိုင်ပါသည်။ ထို့ကြောင့် လက်ရှိအစိုးရအား ဖယ်ရှားပြီး ပြည်သူတို့လိုလားသော ကြားဖြတ်အစိုးရ ဖြစ်ပေါ်လာမှသာ ပြည်သူတို့အပ်နှင်းသည့်အာဏာရပ်ဖြင့် ယနေ့ဖြစ်ပေါ်နေသော အခြေအနေ အခက်အခဲအားလုံးကို ဖြေရှင်းဆောင်ရွက်နိုင်မည့်အပြင် ပြည်သူအားလုံးလိုလားသော စစ်မှန်သည့်ဒီမိုကရေစီအစိုးရတရပ် ဖြစ်ပေါ်လာအောင် တရားမျှတသည့် ရွေးကောက်ပွဲပြုလုပ်ပေးနိုင်ရန် လိုအပ်သည့် အစီအမံအားလုံးကို ပြည်သူတို့အလိုကျ ပြုလုပ်ပေးနိုင်ကြပါမည်။

(၅) ဤသို့ဖြစ်ပါ၍ ကျောင်းသားများလိုအင်ဆန္ဒကို ကျနော်တို့ သဘောပေါက်စာနာပါသည်။ လိုလားသောရည်မှန်းချက်ခြင်းလည်း တူညီပါသည်။ သို့ရာတွင် ဖော်ပြပြီးခဲ့သည့်အချက်အလက်များအပေါ် လေးနက်စွာ စဉ်းစားရမည်ဖြစ်ပါသောကြောင့် ယခုအချိန်တွင် ဆန္ဒမစောမိဖို့ လေးစားစွာ မေတ္တာရပ်ခံပါသည်''ဟူ၍ ဖော်ပြထားသည်။

ထို့နောက် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလတွင် ကော်မရှင်လူကြီးများသည် နိုင်ငံတော်သမ္မတဒေါက်တာမောင်မောင်အမှူးပြုသော နိုင်ငံတော် ကောင်စီဝင်များနှင့် တွေ့ဆုံခဲ့ကြသည်။ အဆိုပါပုဂ္ဂိုလ်များနှင့် တွေ့ဆုံခဲ့စဉ် ကော်မရှင်အဖွဲ့ဝင်လူကြီးများက မဆလပါတီတွင် တပ်မတော်၊ ပြည်သူ့ရဲနှင့် ဝန်ထမ်းများပါဝင်နေသည့်ကိစ္စကိုစုံစမ်းရာ နိုင်ငံတော်သမ္မတ ဒေါက်တာမောင်မောင်က ကော်မရှင်အနေဖြင့် မည်သို့ဆောင်ရွက်စေလိုကြောင်း အကြံပေးပါ၊ အကြံပေးသည့်အတိုင်း ဆောင်ရွက်ပါမည်ဟု ပြောကြားခဲ့သည်။

ထို့နောက် ကော်မရှင်လူကြီးများအကြံပြုသည့်အတိုင်း နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သည် ကြေညာချက် ၁၄/၈၈ ကို ထုတ်

www.burmeseclassic.com

www.burmeseclassic.com



ပြန်ကာ "ပြည်သူ့ဝန်ထမ်းများသည် နိုင်ငံတော်အပေါ်သစ္စာထား၍ ပြည်သူ့ဝန်ကိုသာ ထမ်းဆောင်ရမည်ဖြစ်သဖြင့် ပါတီစုံစနစ်တွင် ကျင့်သုံးခဲ့သည့် အစဉ်အလာနှင့်အညီ ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲတပ်ဖွဲ့ စသော ကာကွယ်ရေးတပ်ဖွဲ့ဝင်များ၊ ပြည့်သူ့ဝန်ထမ်းအဖွဲ့အစည်းအသီးသီး၊ နိုင်ငံပိုင်စီးပွားရေး၊ ဘုတ်ကော်ပိုရေးရှင်းအဖွဲ့အစည်းအသီးသီးမှ ဝန်ထမ်းများနှင့် နိုင်ငံတော်ဘဏ္ဍာမှ လစာခံစားကြသော အခြားဝန်ထမ်းများသည် ယနေ့မှစ၍ မဆလပါတီအပါအဝင် မည်သည့်နိုင်ငံရေးပါတီအဖွဲ့အစည်းဝင်မျှ မဖြစ်စေရ" ဟူ၍ ထုတ်ပြန်ခဲ့သည်။

ထို့နေ့မှာပင် မဆလပါတီအထွေထွေအတွင်းရေးမှူး ဦးအေးကိုသည် ပြည်သူ့တပ်မတော်၊ ပြည်သူ့ရဲနှင့် ဝန်ထမ်းများအား လမ်းစဉ်ပါတီ ပါတီဝင်အဖြစ်မှ နုတ်ထွက်ခွင့်ပြုခဲ့သည်။

★★★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၃)
# စစ်တပ်အာဏာသိမ်းပိုက်ခြင်း

ထို့နောက် ပြည်သူလူထု၏ ဆန္ဒပြမှုများသည် လုံးဝရပ်တန့်ခြင်းမရှိဘဲ ဆက်လက်၍ ကြားဖြတ်အစိုးရဖွဲ့စည်းရေးကို တောင်းဆိုနေသဖြင့် မဆလ ပါတီဥက္ကဋ္ဌနှင့် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သည် နိုင်ငံတော်အာဏာကို လုံးဝထိန်းသိမ်းနိုင်စွမ်းမရှိသည့်အတွက် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးစောမောင် (နောင်ဗိုလ်ချုပ်မှူးကြီး) အား စစ်တပ်မှ အာဏာသိမ်းပိုက်ရန် အချက်ပြလိုက်တော့သည်။

ဤသို့ဖြင့် ပြည်သူတရပ်လုံးတောင်းဆိုနေသည့် ကြားဖြတ်အစိုးရ ဖွဲ့စည်းပေးရေးကို မျက်ကွက်ပြုကာ ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံအာဏာကို လက်နက်အားကိုးဖြင့် သိမ်းပိုက်လိုက်တော့သည်။ မြန်မာ့နိုင်ငံရေးသမိုင်းတွင် စစ်တပ်အာဏာသိမ်းမှု သုံးကြိမ်ရှိခဲ့သည်။ ၁၉၅၈ ခုနှစ်တွင်တကြိမ်၊ ၁၉၆၂ ခုနှစ်တွင် တကြိမ်နှင့် ယခု ၁၉၈၈ ခုနှစ်တွင်တကြိမ် ဖြစ်သည်။

ယင်းသို့ အာဏာသိမ်းပိုက်ခဲ့ပြီးနောက် ယင်းနေ့မှာပင် အမိန့်အမှတ် ၁/၈၈ ဖြင့် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ခေါ် နဝတကို ဖွဲ့စည်းကြောင်း ကြေညာခဲ့သည်။ နဝတအဖွဲ့တွင် –

(၁) ဗိုလ်ချုပ်ကြီးစောမောင် – ဥက္ကဋ္ဌ
(၂) ဒုဗိုလ်ချုပ်ကြီးသန်းရွှေ – အဖွဲ့ဝင်
(၃) ဗိုလ်ချုပ်မောင်မောင်ခင် – အဖွဲ့ဝင်
(၄) ဗိုလ်ချုပ်တင်ထွန်း – အဖွဲ့ဝင်
(၅) ဗိုလ်မှူးချုပ် အောင်ရဲကျော် – အဖွဲ့ဝင်
(၆) ဗိုလ်ချုပ် ဘုန်းမြင့် – အဖွဲ့ဝင်
(၇) ဗိုလ်ချုပ် စိန်အောင် – အဖွဲ့ဝင်
(၈) ဗိုလ်ချုပ် ချစ်ဆွေ – အဖွဲ့ဝင်
(၉) ဗိုလ်မှူးချုပ် ကျော်ဘ – အဖွဲ့ဝင်
(၁၀) ဗိုလ်မှူးကြီး မောင်သင့် – အဖွဲ့ဝင်
(၁၁) ဗိုလ်မှူးချုပ် မောင်အေး – အဖွဲ့ဝင်

www.burmeseclassic.com

www.burmeseclassic.com



(၁၂)ဗိုလ်မှူးချုပ် ဥာဏ်လင်း – အဖွဲ့ဝင်
(၁၃)ဗိုလ်မှူးချုပ် မြင့်အောင် – အဖွဲ့ဝင်
(၁၄)ဗိုလ်မှူးချုပ် မြသင်း – အဖွဲ့ဝင်
(၁၅)ဗိုလ်မှူးချုပ်ထွန်းကြည် – အဖွဲ့ဝင်
(၁၆)ဗိုလ်မှူးချုပ် အေးသောင် – အဖွဲ့ဝင်
(၁၇)ဗိုလ်မှူးချုပ် မျိုးညွန့် – အဖွဲ့ဝင်
(၁၈)ဗိုလ်မှူးချုပ် ခင်ညွန့် – အတွင်းရေးမှူး (၁)
(၁၉)ဗိုလ်မှူးကြီးတင်ဦး – အတွင်းရေးမှူး (၂)

စသည် ပါဝင်ခဲ့သည်။

၁၉၈၈ စက်တင်ဘာလ ၁၈ တွင် နဝတအဖွဲ့ကြီးသည် ကြေညာချက်အမှတ် ၂/၈၈ ဖြင့် ပြည်သူ့လွှတ်တော်၊ နိုင်ငံတော်ကောင်စီ၊ ဝန်ကြီးအဖွဲ့၊ ပြည်သူ့တရားသူကြီးအဖွဲ့၊ ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့၊ ပြည်သူ့လုပ်ငန်းစစ်ဆေးရေးအဖွဲ့၊ ပြည်သူ့ကောင်စီအဆင့်ဆင့်များကို ဖျက်သိမ်းလိုက်ကြောင်း ကြေညာလိုက်ပြီး ဒုဝန်ကြီးအားလုံးကိုပဲ တာဝန်မှရပ်စဲကြောင်း ကြေညာခဲ့သည်။

ယင်းနောက် ထိုနေ့မှာပင် ကြေညာချက်အမှတ် ၃/၈၈ ဖြင့် မြန်မာနိုင်ငံသည် လွတ်လပ်၍တက်ကြွသောနိုင်ငံခြားရေးဝါဒကို ဆက်လက်ကျင့်သုံးမည်ဟု ကြေညာခဲ့သည်။ တဆက်တည်းမှာပင် အမိန့်အမှတ် ၂/၈၈ ဖြင့် ပြည်သူလူထုတရပ်လုံး လိုက်နာရန်နှင့် ဌာနဆိုင်ရာဝန်ထမ်း၊ အမှုထမ်းများကို ဆက်လက်တာဝန်ထမ်းဆောင်ရန် အမိန့်အမှတ် ၃/၈၈ တို့ကို ထုတ်ပြန်ခဲ့သည်။ အမိန့် ၃/၈၈ အရ ဝန်ထမ်းအားလုံးသည် ၁၉၈၈ စက်တင်ဘာလ ၁၉ ရက်နေ့မှစ၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ကြရန်နှင့် စက်တင်ဘာလ ၂၆ ရက်နေ့အထိ လုပ်ငန်းခွင်မဝင်ပါက တာဝန်မှရပ်စဲမည်ဆိုသည့်အမိန့်များကို ဆက် တိုက်ထုတ်ပြန်ခဲ့သည်။

စက်တင်ဘာလ ၁၈ ရက် တနေ့တည်းမှာပင် ကြေညာချက် (၁/၈၈)၊ (၂/၈၈)၊ (၃/၈၈) နှင့် အမိန့်အမှတ် (၁/၈၈)၊ (၂/၈၈)၊ (၃/၈၈) တို့ကို ဆက်တိုက်ထုတ်ခဲ့ပြီး နဝတစစ်အစိုးရအဖြစ် စတင်သက်ဝင်လှုပ်ရှားလာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



နဝတဥက္ကဋ္ဌဗိုလ်ချုပ်ကြီးစောမောင်သည် ဝန်ကြီးချုပ်အဖြစ်လည်းကောင်း၊ နိုင်ငံတော်အကြီးအကဲအဖြစ်လည်းကောင်း၊ ကာကွယ်ရေးဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ်အဖြစ်လည်းကောင်း ယူထားသည့်အပြင် နိုင်ငံခြားရေးဝန်ကြီးအဖြစ်ပါ ယူထားလိုက်သေးသည်။

နဝတစစ်အစိုးရသည် အာဏာသိမ်းပိုက်ပြီးပြီးချင်း အရေးတော်ပုံကြီးကို မင်းမဲ့စရိုက်လုပ်ရှားမှုကြီးအဖြစ် ရှုမြင်အပုပ်ချ ကင်ပွန်းတပ်ကာ နည်းလမ်းပေါင်းစုံဖြင့်ဖြိုခွင်းကာ ဖမ်းဆီးအရေးယူမှုများကို ဆက်တိုက်လုပ်ဆောင်ခဲ့သည်။ အာဏာသိမ်းအစိုးရဖြစ်သော်လည်း မဆလနှင့် မဆလခေါင်းဆောင်များအားလုံး စာရင်းဝင်များဖြစ်ခဲ့သောကြောင့် မဆလဖက်မှ အကြီးအကျယ်ခုံကာကွယ်ပေး၍ ရပ်တည်ခဲ့ကြသည်။ ယင်းသို့ မဆလပါတီအား ခုံကာကွယ်ပေးရပ်တည်ခဲ့သောကြောင့် နဝတအား 'နေဝင်းတပ်' ဟုပင် ပြည်သူတို့က လှောင်ပြောင်ခေါ်ဝေါ်ခဲ့ကြသည်။ ထို့ပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ကြီးကို လူထုက 'ငြိမ်ပိ' အဖွဲ့ဟု ကင်ပွန်းတပ်ခဲ့ကြသလို ယင်းတို့ချမှတ်လုပ်ကိုင်နေသည့် လမ်းစဉ်ပေါ်လစီနှင့် လုပ်ဆောင်ချက်မှန်သမျှကိုလည်း 'ကလိန်စေ့ငြမ်းဆင် ငြိမ်ပိလမ်းစဉ်' ဟုပင် လှောင်ပြောင် ခေါ်ဝေါ်ခဲ့ကြသည်။

ထို့နောက် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ဒဂုံရိပ်သာ၌ နဝတအဖွဲ့က ကော်မရှင်အဖွဲ့ဝင်များအား ဖိတ်ကြား၍ အစည်းအဝေးကျင်းပခဲ့သည်။ ယင်းအစည်းအဝေးသို့ နဝတ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးစောမောင် (နောင်ဗိုလ်ချုပ်မှူးကြီး၊ ယခုကွယ်လွန်) အမှူးပြုသည့် အဖွဲ့ဝင်များဖြစ်ကြသော ဒုတိယဗိုလ်ချုပ်ကြီးသန်းရွှေ (ယခုနအဖဥက္ကဋ္ဌဗိုလ်ချုပ်မှူးကြီး)၊ ဗိုလ်ချုပ်မောင်မောင်ခင်(ရေ)၊ ဗိုလ်ချုပ်တင်ထွန်း (လေ)၊ ဗိုလ်ချုပ် စိန်အောင် (ယခုကွယ်လွန်)၊ ဗိုလ်ချုပ် ချစ်ဆွေ၊ အတွင်းရေးမှူး (၁) ဗိုလ်မှူးချုပ်ခင်ညွန့်၊ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးတင်ဦး (လုပ်ကြံခံရ) တို့နှင့် ကော်မရှင်ဥက္ကဋ္ဌ ဦးဘဖြေအမှူးပြုသည့် ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးစောကြာဒိုး၊ ဦးစန်းမောင်၊ ဦးကျော်ညွန့်နှင့် ကော်မရှင်အတွင်းရေးမှူး ဦးအေးမောင်တို့ တက်ရောက်ခဲ့ကြသည်။ အဖွဲ့ဝင် ဆရာချယ်သည် အစည်းအဝေးသို့တက်ရောက်ရန် လမ်းပိတ်နေသည့်အတွက် ခွင့်ပန်ခဲ့သည်။ အစည်း

www.burmeseclassic.com

www.burmeseclassic.com



အဝေးတွင် နဝတ ဥက္ကဋ္ဌက မိမိတို့တပ်မတော်နှင့် ဝန်ထမ်းများသည် မည်သည့်နိုင်ငံရေးအဖွဲ့အစည်း၏ အဖွဲ့ဝင်များမဟုတ်တော့ကြောင်း၊ မိမိတို့သည် ကြားနေအဖွဲ့အစည်းများဖြစ်ပြီး ပြည်သူများကို အလုပ်အကျွေးပြုရမည့် အဖွဲ့အစည်းများဖြစ်ကြောင်း၊ ယခုပြည်သူများ လိုလားတောင့်တနေသည့် ပါတီစုံဒီမိုကရေစီကို အမြန်ဆုံးအကောင်အထည်ဖော်ပေးနိုင်ရေးအတွက် ပါတီစုံ ဒီမိုကရေစီအ ထွေထွေရွေးကောက်ပွဲကြီးကို အလွတ်လပ်ဆုံး၊ အမျှတဆုံးနှင့် အမြန်ဆုံးပြုလုပ်ပေးရန် ကော်မရှင်အဖွဲ့ဝင်လူကြီးများကို မေတ္တာရပ်ခံကြောင်း၊ ကော်မရှင်၏လုပ်ငန်းများနှင့်စပ်လျဉ်းပြီး ကော်မရှင်အဖွဲ့ဝင်လူကြီးများက မည်သူ၏မျက်နှာကိုမျှ မထောက်ထားဘဲ သမာသမတ်ကျကျ ဓမ္မဓိဋ္ဌာန်ကျကျ တရားအမျှတဆုံးဆောင်ရွက်ပေးစေလိုပါကြောင်း၊ ကော်မရှင်၏ လုပ်ငန်းများနှင့် စပ်လျဉ်း၍ မိမိတို့သည် အဖွဲ့အစည်းအနေဖြင့်သော်လည်းကောင်း၊ တဦးချင်းအနေဖြင့်သော်လည်းကောင်း၊ ကြိုးကိုင်မှု၊ လမ်းညွှန်မှုလုံးဝပြုလုပ်မည် မဟုတ်ကြောင်း၊ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများရေးဆွဲရာတွင် ကော်မရှင်အဖွဲ့ဝင်လူကြီးက တွေ့ဆုံဆွေးနွေးလိုသော အဖွဲ့အစည်းကိုဖြစ်စေ လူကြီးများက တွေ့ဆုံဆွေးနွေးလိုသော အဖွဲ့အစည်းကိုဖြစ်စေ၊ ပုဂ္ဂိုလ်တဦးချင်းကို ဖြစ်စေ တွေ့ဆုံဆွေးနွေးအကြံဉာဏ်များရယူပြီး လွတ်လွတ်လပ်လပ်ရေးဆွဲနိုင်ကြောင်း၊ ကော်မရှင်က ရေးဆွဲထောက်ခံပေးပို့သည့်ဥပဒေများကို အမြန်ဆုံး ပြဋ္ဌာန်းပေးမည်ဖြစ်ပါကြောင်း၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာကျင်းပနိုင်မည့် လိုအပ်သည့်အကူအညီများကိုလည်း အပြည့်အဝပေးသွားမည်ဖြစ်ပါကြောင်း ပြောကြားသွားသည်။

ဤသို့ဖြင့် နဝတအဖွဲ့သည် ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၁၈ ရက်စွဲပါ ကြေညာချက်အမှတ် ၁/၈၈ ဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီးကို ကြီးမှူးကျင်းပပေးရန် ဒေါက်တာမောင်မောင် လက်ထက်က ဖွဲ့စည်းခဲ့သော ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ကို ဆက်လက်တာဝန်ပေးအပ်ခဲ့ရာ ကော်မရှင်သည် မိမိ၏လုပ်ငန်းများကို အကောင်အထည်ဖော်နိုင်ရေးအတွက် နဝတအဖွဲ့က ၁၉၈၈ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးမှရင်ဥပဒေ (နဝတအဖွဲ့ ဥပဒေအမှတ် ၁/၈၀) ကို ပြဋ္ဌာန်းပေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် ကော်မရှင်သည် ပြည်သူများနှင့် နိုင်ငံရေးပါတီများ၏ အကြံပြုချက်များကိုအ သေးစိတ်လေ့လာပြီး ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေသည် ကျင်းပရန်ရှိသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအတွက် တကြိမ်သာအသုံးပြုရန် ရည်ရွယ်၍လည်းကောင်း၊ နောင်တွင် ကျင်းပမည့် ရွေးကောက်ပွဲများနှင့် ကြားဖြတ်ရွေးကောက်ပွဲများအတွက်ကိုမူ ထိုအချိန်တွင်မှ စဉ်းစားရေးဆွဲကြစေရန် ရည်ရွယ်၍လည်းကောင်း၊ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေကို ပြုပြင်ရေးဆွဲပြီးနောက် နစတအဖွဲ့သို့ တင်ပြခဲ့သည်။

နဝတအဖွဲ့သည် ယင်းဥပဒေကြမ်းကို ၁၉၈၉ မေလ ၂၅ ရက်နေ့တွင် ကော်မရှင်နှင့် ညှိနှိုင်းစိစစ်ပြီးနောက် ၁၉၈၉ မေ ၃၁ ရက်နေ့၌ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နဝတဥပဒေ အမှတ်၁၄/၈၉) ကို ပြဋ္ဌာန်းပေးခဲ့သည်။ ယင်းဥပဒေတွင် အခန်းပေါင်း(၁၅)ခန်းနှင့် ပုဒ်မပေါင်း (၈၂) ခု ပါဝင်သည်။

နည်းဥပဒေပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ရာတွင် ဆောင်ရွက်ရမည့် အသေးစိတ်နည်းစနစ်ဥပဒေများကို ၁၉၈၉ ဇွန် ၃၀ တွင် ပြဋ္ဌာန်းပေးခဲ့သည်။ ထို့နောက် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်း ဥပဒေများကို ပြဋ္ဌာန်းပြီးနောက် ကော်မရှင်သည် ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်လိုသော နိုင်ငံရေးပါတီအဖွဲ့အစည်းများကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၃၀ ရက်နေ့မှစ၍ မှတ်ပုံတင်ခွင့်ပြုခဲ့ပြီးနောက် နောက်ဆုံးရက်မှ ၁၉၈၉ ဖေဖော်ဝါရီ ၂၈ ရက်နေ့ကို ကော်မရှင်မှ သတ်မှတ်ကြေညာပေးခဲ့သည်။

သို့ကလို နိုင်ငံရေးပါတီများ တရားဝင်မှတ်ပုံတင် ဖွဲ့စည်းခွင့်ပြုလိုက်ပြီးနောက် " အောင် – စု – တင်" အဖြစ် အထူးပူးတွဲလှုပ်ရှားနေရာမှ ဦးအောင်ကြီးဘက်မှ (၄) ဦး၊ ဒေါ်အောင်ဆန်းစုကြည်ဘက်မှ (၄) ဦး၊ ဦးတင်ဦးဘက်မှ (၄) ဦး စုစုပေါင်း (၁၂) ဦးပါဝင်သည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ၁၉၈၈ ခုနှစ်၊ စက်တင်ဘာ ၂၇ ရက်နေ့တွင် စတင်ဖွဲ့စည်းလိုက်ပြီး တရားဝင်မှတ်ပုံတင်ခဲ့ရာ ရွေးကောက်ပွဲကော်မရှင်က ၁၉၈၈ အောက်တိုဘာ ၃ နေ့စွဲပါ ကြေညာချက်အမှတ် (၃) ဖြင့် တရားဝင်နိုင်ငံရေးပါတီအဖြစ် အတည်ပြု ထုတ်ပြန်ကြေညာပေးခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ဘက်မှ (၄) ဦးမှာ ဒေါ်အောင်ဆန်းစုကြည်၊ ဦးဝင်းတင်၊ ဒေါ်မြင့်မြင့်ခင်နှင့် ဦးအောင်လွင် (ရုပ်ရှင်သရုပ်ဆောင်၊ ဒါရိုက်တာ)

www.burmeseclassic.com

www.burmeseclassic.com



တို့ ဖြစ်သည်။ ပထမဆုံး စတင်ဖွဲ့စည်းစဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှာ –

(၁) ဦးအောင်ကြီး – ဥက္ကဌ
(၂) ဦးတင်ဦး – ဒုဥက္ကဌ
(၃) ဒေါ်အောင်ဆန်းစုကြည် – အထွေထွေတွင်းရေးမှူး
(၄) ဦးကြည်ဟန် – အတွင်းရေးမှူးအဖွဲ့ဝင်
(၅) ဦးချစ်ခိုင် – အတွင်းရေးမှူးအဖွဲ့ဝင်
(၆) ဦးဝင်းတင် – အတွင်းရေးမှူးအဖွဲ့ဝင်
(၇) ဒေါ်မြင့်မြင့်ခင် – လူထုလူတန်းစားဌာနမှူး
(၈) ဦးလွင် – ဘဏ္ဍာရေးဌာနမှူး
(၉) ဦးအောင်လွင် – ပြန်ကြားရေးဌာနမှူး
(၁၀) ဦးအောင်ရွှေ – စည်းရုံးရေးဌာနမှူး
(၁၁) ဦးကြည်မောင် – သုတေသနမှူး
(၁၂) ဦးဘရွှေ – အုပ်ချုပ်ရေးဌာနမှူး

တို့ ဖြစ်ကြသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် စတင်ဖွဲ့စည်းစမှာပင် လူထုအကြား ရေပန်းအစားဆုံး နိုင်ငံရေးအဖွဲ့အစည်းဖြစ်လာခဲ့သည်။ တိုတောင်းလှသည့် ကာလအတွင်းမှာပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွင်း ပါတီအဖွဲ့ဝင်ဦးရေ တိုးတက်များပြားလာသည်။

ထို့နောက် အဖွဲ့ဝင်ဦးရေ (၃၀) ပါဝင်သော ဗဟိုဦးစီးအဖွဲ့ကို ထပ်မံဖွဲ့စည်းသည်။ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ စတင်ဖွဲ့စည်းစဉ်ကဲ့သို့ ဗဟိုဦးစီးအဖွဲ့ကိုလည်း "အောင်–စု–တင်" တဦးချင်းစီမှ တဖက်လျှင် (၁၀) ဦးကျစီ နှုန်းထားဖြင့် ဖွဲ့စည်းခဲ့သည်။

ဗဟိုဦးစီးအဖွဲ့ဝင်သစ်များမှာ

(၁) ဦးခင်ညို
(၂) ဦးဇော်ဝင်းဦး
(၃) ဦးမင်းဒင်
(၄) ဦးကျော်မြင့်လေး

www.burmeseclassic.com

www.burmeseclassic.com



(၅) ဦးသာထို
(၆) ဦးသိန်းနိုင် (ဂုဏ်ထူး)
(၇) ဦးခင်မောင်မောင်မြင့်
(၈) ဦးမောင်မောင်
(၉) ဦးနန်းနွယ်
(၁၀) ဦးဘိုးအောင်
(၁၁) ဦးသောင်းအုန်
(၁၂) ဦးလှမောင်
(၁၃) ဦးစောမြင့်
(၁၄) ဦးရွှေ
(၁၅) ဦးအေးမောင်
(၁၆) ဦးတင်အေး
(၁၇) ဗိုလ်ရဲထွဋ် (ရဲဘော်သုံးကျိပ်)
(၁၈) ဦးသန်းထွန်း
(၁၉) ဦးချိန်ပိုး
(၂၀) ဦးလှမောင်
(၂၁) ဦးထွန်းတင်
(၂၂) ဦးသော်က (မောင်သော်က)
(၂၃) ဦးကိုယု (မောင်ကိုယု)
(၂၄) ဦးမိုးသူ (မောင်မိုးသူ)
(၂၅) ဦးချမ်းအေး(မောင်စူးစမ်း)
(၂၆) ဒေါက်တာတင်မျိုးဝင်း
(၂၇) ဒေါက်တာသက်မင်း
(၂၈) ဦးဝင်းခက်
(၂၉) ဦးတင်ရွှေ
(၃၀) ဦးခင်မောင်ဆွေ

တို့ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဖွဲ့စည်းပြီးစကာလမှာပင် ရန်ကုန်

www.burmeseclassic.com

www.burmeseclassic.com



အပါအဝင် တနိုင်ငံလုံးဒေသအသီးသီးက တက်ရောက်လာကြသည့်ပါတီဝင်သူများနှင့် ဆက်လက်စည်းရုံး လှုပ်ရှားလိုသူများကို ပါတီဝင် (အဖွဲ့ချုပ်ဝင်) လျှောက်လွှာပုံစံ (၂၅) စောင်နှုန်းစီထုတ်ပေးပြီး ယာယီစည်းရုံးရေးမှူးများ အဖြစ်အသိအမှတ်ပြုပေးခဲ့သည်။ သို့ဖြင့် အဖွဲ့ချုပ်ဝင်ဦးရေသည် အချိန်တို အတွင်းမှာပင် အဆမတန်တိုးပွားလာခဲ့ပေသည်။ အခြားသောနိုင်ငံရေးပါတီ အဖွဲ့အစည်းများအားလုံးက အံ့သြယူရလောက်အောင် အချိန်တိုအတွင်း ရေပန်းစားလာမှုသည် အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်း စုကြည်အပေါ် လူထု၏ မျှော်လင့်အားထားယုံကြည်မှုနှင့် လေးစားမှုပင်ဖြစ် သည်။

ယင်းသို့ လူထုထောက်ခံမှုကြီးမားလာသော အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ်ကြီးအတွင်း ပထမဆုံးပေါ်ထွက်ခဲ့သည့် ပြဿနာမှာ အဖွဲ့ချုပ်၏ ဥက္ကဋ္ဌ ဦးအောင်ကြီးကိုယ်တိုင်က စတင်ဖန်တီး ဖော်ထုတ်ခဲ့သည်။ "အဖွဲ့ချုပ်အတွင်း ကွန်မြူနစ်များ ရောက်ရှိနေပါပြီ။ ယင်းကို အမြန်ဆုံးဖယ်ရှားပစ်ရေး" ဆိုသည့် ပြဿနာပင် ဖြစ်သည်။ ထိုစဉ်က ဦးအောင်ကြီး၏ ၁၉၈၈ နိုဝင်ဘာ ၂၉ ရက်စွဲ ပါ အရေးပေါ်သုံးသပ်ချက်မှာ အောက်ပါအတိုင်းဖော်ပြထားသည်။

အရေးပေါ်သုံးသပ်ချက်

(၁) ယခုလက်ရှိအခြေအနေအရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တွင် ကွန်မြူနစ်နှင့် ကွန်မြူနစ်လိုလားသူအုပ်စု ကြီးထွားလာသည်။

(၃) ထို့ကြောင့် (၁) အိုဂျီ/ယူဂျီနှင့် ကွန်မြူနစ်လှုပ်ရှားမှုကို အကြောင်း ပြု၍ အနီးအနား (ရွေးကောက်ပွဲရွေးချိန်) တွင် ဒေါက်ဖြုတ်၍ ပယ်နိုင်သည်။ (၂) အခြား ပယ်နိုင်သောအချက်မှာ ငွေရေးကြေးရေးဖြစ်သည်။ တိုင်းနှင့်ပြည် နယ်များ တွင် ငွေစာရင်းစစ်ပြီး ဖြစ်နေရန်လိုသည်။

(၄) ထို့ကြောင့် 'အောင်–စု–တင်' မကွဲရန် လိုသည်။ အထူးဂရုစိုက်၍ ကြိုးစားရန်လိုသည်။

(၅) ထိုကြောင့် 'အောင်–စု–တင်' အဖွဲ့အတွင်းမှ ကွန်မြူနစ်များ၊ ကွန် မြူနစ်လိုလားသူများကို အနားယူရန် မေတ္တာရပ်ခံသင့်သည်။

(၆) ခြေကမမြဲ လက်ကမြဲ၊ လက်ကမမြဲခြေကမြဲရန်၊ အကယ်၍ အမျိုး

www.burmeseclassic.com

www.burmeseclassic.com



သားဒီမိုကရေစီအဖွဲ့ချုပ်အားပယ်လျှင် အရန်အဖွဲ့ရှိရန်လိုသည်။

(၇) ပြည်ထောင်စုအမျိုးသားဒီမိုကရေစီပါတီ (Union National Democracy Party – UNDP ) သည် အရန်အဖွဲ့သာဖြစ်၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ အလံတော်အောက်တွင်ရှိသည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို မည်သည့် အကြောင်းကြောင့်မှ မကွဲအောင် အဘက်ဘက်မှ ကြိုးစားရမည်။ အခြားအဖွဲ့ များက အထင်မှား၊ အမြင်မှားဖြစ်အောင် သွေးထိုးခြင်းကို အမြန်ဆုံး ရှင်းပြ ရန်လိုသည်။

(၈) ပြည်ထောင်စုအမျိုးသားဒီမိုကရေစီပါတီသည် လွတ်လပ်ရေးကာလ (ဖဆပလ) အဖွဲ့ချုပ်အလံတော်အောက်တွင် ပြည်သူ့ရဲဘော်၊ ဆိုရှယ်လစ် တသီးပုဂ္ဂလများ လှုပ်ရှားမှုပုံစံ၊ ယခုမျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ လှုပ်ရှား မှုပုံစံအတိုင်း အမျိုးသားတပ်ပေါင်းစုအဖွဲ့အစည်းတခုအဖြစ်ဖြင့် လှုပ်ရှားကြ ရမည်ဖြစ်သည်။

(ပုံ) အောင်ကြီး
၉ – ၁၁ – ၈၈

ယင်းသို့ ဦးအောင်ကြီးက ကွန်မြူနစ်တံဆိပ်ခပ်နှိပ်ပြီး ဖယ်ရှားပစ်လိုသည့် ပုဂ္ဂိုလ် (၈) ဦးမှာ ဦးဝင်းတင်၊ ဒေါ်မြင့်မြင့်ခင်၊ ဦးအောင်လွင်(မင်းသား)၊ ဦးထွန်း တင်၊ ဦးကိုယု(မောင်ကိုယု)၊ ဦးချမ်းအေး (မောင်စူးစမ်း)၊ ဦးတင်ရွှေ (မုံရွာ) နှင့် ဦးဝင်းခက်တို့ ဖြစ်သည်။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် ဗဟိုဦးစီးအဖွဲ့ဝင်အများစုကြီးက ယင်းကိစ္စနှင့် ပတ်သက်ပြီး ယင်းသို့မဖြစ်သင့်ကြောင်း ဖျောင့်ဖျနားချခဲ့သော် လည်း ပြဿနာပြေလည်မှုမရရှိဘဲ သက်ရှင်းပွဲကြီးကို မဲခွဲအဆုံးအဖြတ် ပြု လုပ်ရသည်အထိ ပြုလုပ်ခဲ့ရသည်။ မဲခွဲရာ၌ ဦးအောင်ကြီးဘက်မှ ရှုံးနိမ့်ပါက နုတ်ထွက်ပေးရေးနှင့် (၈) ဦးဘက်က ရှုံးနိမ့်လျှင် (၈) ဦးစလုံး နုတ်ထွက်ပေး ရေးကို သဘောတူညီမှုဖြင့် ဗဟိုအလုပ်အမှုဆောင် (၁၂) ဦး၊ ဗဟိုဦးစီးအဖွဲ့ဝင် (၃၀) အပါအဝင် စုစုပေါင်း (၄၂) ဦးဖြင့် မဲခွဲရာ ဦးအောင်ကြီး၏လုပ်ရပ်အပေါ် ဦးအောင်ကြီး၏ အစုဖက်မှ ပါဝင်သောပုဂ္ဂိုလ်များပင် ကန့်ကွက်ခဲ့သဖြင့် ဦး

www.burmeseclassic.com

www.burmeseclassic.com



အောင်ကြီး ရှုံးနိမ့်သွားခဲ့သည်။ ထို့ကြောင့် ဦးအောင်ကြီးသည် အဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ်မှ နုတ်ထွက်ပေးလိုက်ရသည်။ ဦးအောင်ကြီးနှင့်အတူ ဦးအောင်ကြီးဘက်မှ ဦးကြည်ဟန်၊ ဦးဘရွှေ၊ ဦးနန်းနွယ်၊ ဦးခင်မောင်မောင်၊ ဦးသာထို၊ ဦးသိန်းနိုင်၊ ဦးမင်းဒင်၊ ဦးခင်ညို၊ ဦးကျော်မြင့်လေး၊ ဦးဘိုးအောင်၊ ဦးမောင်မောင်၊ ဦးဇော်ဝင်းဦးတို့ (၁၂) ဦးလည်း နုတ်ထွက်သွားခဲ့ကြသည်။

ယင်းနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလအတွင်းမှာပင် ဗဟိုအလုပ်အမှုဆောင်ကော်မတီကို ပြန်လည်ဖွဲ့စည်းခဲ့ရာ ဗဟိုအလုပ်အမှုဆောင်ကော်မတီသစ်မှာ အောက်ပါအတိုင်းဖြစ်သည်။

| | |
|---|---|
| (၁) ဦးတင်ဦး | – ဥက္ကဋ္ဌ |
| (၂) ဒေါ်အောင်ဆန်းစုကြည် | – အထွေထွေအတွင်းရေးမှူး |
| (၃) ဦးဝင်းတင် | – အတွင်းရေးမှူး |
| (၄) ဦးချစ်ခိုင် | – အတွင်းရေးမှူး |
| (၅) ဦးကြည်မောင် | – သုတေသနမှူး |
| (၆) ဦးအောင်ရွှေ | – စည်းရုံးရေးမှူး |
| (၇) ဦးလွင် | – ဘဏ္ဍာရေးမှူး |
| (၈) ဦးအောင်လွင် | – ပြန်ကြားရေးမှူး |
| (၉) ဒေါ်မြင့်မြင့်ခင် | – လူထုလူတန်းစားဌာနမှူး |

တို့ဖြစ်သည်။

ဦးအောင်ကြီးနှင့် (၁၂) ဦးတို့က အဖွဲ့ချုပ်မှ နုတ်ထွက်ကြောင်း ကြေညာခဲ့ပြီး အဖွဲ့ချုပ်ကမူ ဦးအောင်ကြီးနှင့် (၁၂) ဦးတို့ကို အဖွဲ့ချုပ်မှ ထုတ်ပယ်လိုက်ကြောင်း ကြေညာခဲ့ပါတယ်။ ဦးအောင်ကြီးနှင့်အဖွဲ့ဝင်များသည် "ပြည်ထောင်စု အမျိုးသားဒီမိုကရေစီပါတီ" အဖြစ် သီးခြားခွဲထောင်ခဲ့ကြသည်။

ဦးအောင်ကြီးနှင့်အဖွဲ့ နုတ်ထွက်သွားပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အင်အားလျော့နည်းမသွားသည့်အပြင် ပို၍ပင် အင်အားကြီးထွားလာခဲ့သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် မဟာမိတ်ဖွဲ့လာကြသည့်ပါတီပေါင်းမှာ (၄၆) ပါတီအထိ တိုးပွားလာခဲ့သည်။ မျိုးချစ်ရဲဘော်များအဖွဲ့နှင့် အမျိုးသားဒီမိုကရေစီပါတီတို့သည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ဘယ်တောင်ပံနှင့် ညာတောင်ပံသဖွယ် ဖြစ်ပေါ်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ပြန်ကြားရေးလုပ်ငန်းတခုအဖြစ် 'မှတ်တမ်းလွှာ' စာစဉ်ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။ ယင်းမှတ်တမ်းလွှာတွင် တပြည်လုံး ဒေသအသီးသီးက မတော်မတရားအဖမ်းအဆီးခံရမှုများ၊ အပြစ်ပေး အရေးယူခံရမှုများနှင့် တရားမျှတမှုမရှိသည့် အဖြစ်အပျက်ကိစ္စများအပေါ် ကန့်ကွက်ခြင်း၊ ရှုံ့ချခြင်းကို ဖော်ပြခဲ့သည်။

ထို့ကြောင့် နဝတ အစိုးရ၏ ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနက "ပုံနှိပ်သူများနှင့် ထုတ်ဝေသူများ ဗဟိုမှတ်ပုံတင်အဖွဲ့ညွှန်ကြားချက်(၃၈)" ကို ထုတ်ပြန်၍ ၁၉၆၂ ခုနှစ် ပုံနှိပ်သူ၊ ထုတ်ဝေသူများ မှတ်ပုံတင်သူများ မှတ်ပုံတင်ဥပဒေကို လိုက်နာခြင်းမရှိပါက ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာလိုက်သောအခါ နဝတ အစိုးရအပေါ် ပို၍ အမြင် မကြည်လင်ဖြစ်ခဲ့သည်။

ထိုကာလအတွင်း ၁၉၈၉ ခုနှစ်၊ မေလ ၁၂ ရက်နေ့တွင် ကျောက်တံတားမြို့နယ်၊ ၃၇ လမ်း အမှတ် ၁၄၅ ရှိ မဟာနန္ဒာပုံနှိပ်တိုက်အား စစ်အစိုးရက တရားမဝင်စာစောင်များရိုက်နှိပ်မှုဖြင့် အရေးယူဆောင်ရွက်ခဲ့ရာတွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ရိုက်နှိပ်ဆဲ စာရွက်စာတမ်းများ ပါရှိသွားခဲ့သည်။ ထိုအဖြစ်အပျက်တို့သည် NLD အား အာဏာဖီဆန်ရေးလမ်းကြောင်းပေါ်သို့ တွန်းတင်လိုက်သလို ဖြစ်သွားခဲ့ရသည်။

ထို့နောက် ၁၉၈၉ ခုနှစ်၊ ဇွန်လ ၆ ရက်နေ့ တွင် ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၏ ကြေညာချက်အမှတ် ၃၈ အပေါ် မလိုက်နာနိုင်ကြောင်း NLD က အကြောင်းကြားခဲ့သည်။

ထိုစဉ်အတွင်း ဇွန်လ ပထမပတ်အတွင်း၌ ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ တတ်သိပညာရှင်များဖြစ်ကြသည့် မောင်သော်က၊ ဒေါ်မြင့်မြင့်ခင်၊ သာယာဝတီစမ်းစမ်းနွဲ့၊ မောင်ကိုယု၊ မောင်ဝံသ၊ မောင်ခက်ပန်၊ ဦးတင်မိုးတို့အဖွဲ့ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထိုဆွေးနွေးပွဲတွင် တတ်သိပညာရှင်အဖွဲ့က ဒေါ်အောင်ဆန်းစုကြည်ကို ဟင်နရီဒေးဗစ် သော်ရိုး၏စာပိုဒ်ကို စာရေးဆရာမောင်သော်က ရွတ်ပြခဲ့သည်။ အဖွဲ့ဝင်အားလုံးက သဘောကျ၍ NLD မြန်မာလိုကိုက်ညီမည့်စာသားကို ဝိုင်း၍ အကြံပြုပေးကြသည်။ ဒေါ်အောင်ဆန်းစုကြည်က ၎င်းတို့၏အကြံပြုချက်ကို သဘောကျ၍

www.burmeseclassic.com

www.burmeseclassic.com



NLD အစည်းအဝေးတွင် အာဏာဖီဆန်ရေးလိုင်းကို ဆွေးနွေးရန် ဦးဝင်းတင်အားတာဝန်ပေးအပ်ခဲ့သည်။ ဦးဝင်းတင်က အလုပ်အမှုဆောင် အစည်းအဝေးတွင် "အများသဘောမတူတဲ့ အမိန့်အာဏာဟူသမျှ တာဝန်အရဖီဆန်ကြ" ဆိုသည့်ကြွေးကြော်သံကို တင်ပြခဲ့ရာ အားလုံးကသဘောတူ၍ NLD ၏ဆောင်ပုဒ်အဖြစ် စာတမ်းများရိုက်နှိပ်ရာတွင် "ဤစာစောင်သည် နဝတ အစိုးရ ပြည်ထဲရေးဝန်ကြီးဌာန၏ ဖိနှိပ်ချုပ်ချယ်သော အမိန့်အာဏာကို ဖီဆန်၍ထုတ်ဝေသောစာစောင်ဖြစ်သည်" ဟု ရဲရဲဝံ့ဝံ့ ဖော်ထုတ်ပြသခဲ့သည်။

ယင်းကိစ္စနှင့်ပတ်သက်၍ ဒေါ်အောင်ဆန်းစုကြည်က –

"အာဏာဖီဆန်ရေးဆိုတာလည်း ကျမတို့ကြေညာခဲ့ပြီးပြီ။ မတရားတဲ့အမိန့်အာဏာဖီဆန်ရေး၊ ဒါကိုလည်း 'နဝတ' အသိအမှတ်ပြုပါတယ်။ ကျမတို့ဟာ မတရားတဲ့အမိန့်အာဏာ ဖီဆန်မှုစီစဉ်တယ်ဆိုတာ အရေးကြီးတာက ဘာလဲ၊ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေပိုင်ခွင့်ပဲ၊ အရင်အပတ် သတင်းစာရှင်းလင်းပွဲတုန်းက ဒီကိစ္စနဲ့ပတ်သက်လို့ ကျမတို့ ပြောပြီးသွားပြီးပါပြီ။ ၁၉၆၂ ခုနှစ် ပုံနှိပ်ထုတ်ဝေသူများနှင့် မှတ်ပုံတင်ဥပဒေအရဆိုလို့ရှိရင် ကျမတို့ အဖွဲ့အစည်းဟာ လွတ်လွတ်လပ်လပ်ထုတ်ဝေပိုင်ခွင့်ရမယ့် အဖွဲ့အစည်းပါ။ ဒါပေမယ့် ဒီအခွင့်အရေးကို ပိတ်ပင်ပြီးတော့ ကျမတို့ကို အမိန့်အာဏာနဲ့ ပိတ်ပင်ပြီးတော့ လွတ်လွတ်လပ်လပ်ပုံနှိပ်ထုတ်ဝေခွင့်မရှိပါဘူး၊ ပုံနှိပ်ထုတ်ဝေခြင်း မလုပ်ရဘူးလို့ပြောတဲ့အခါကျတော့ ကျမတို့အနေနဲ့ တဖြေးဖြေးရသင့်ရထိုက်တဲ့ အခွင့်အရေးတွေဟာ မရတဲ့အပြင် လျော့လာပါလားဆိုတာ ကွက်ကွက် ကွင်းကွင်းမြင်လာပါတယ်။ ဒါကြောင့်မို့လို့ ဒီအမိန့်အာဏာကိုတော့ ဖီဆန်ရမယ်၊ ကျမတို့ ထုတ်သင့်ထုတ်ထိုက်တဲ့စာရွက်စာတမ်းတွေ ဆက်ပြီး ထုတ်ရမယ်။

အခု သုံး၊ လေးရက်အတွင်းမှာဖြစ်တဲ့ကိစ္စတွေကို ကြည့်ခြင်းအားဖြင့် ကျမတို့အနေနဲ့ စာရွက်စာတမ်းထုတ်ဖို့ဆိုတာ ဘယ်လောက်လိုလဲဆိုတာ ထင်ရှားပါတယ်။ နဝတအနေနဲ့ သတင်းစာရှင်းလင်းပွဲလုပ်လိုက်တယ်၊ မြန်မာ့အသံကနေ ကြေညာလိုက်တယ်။ လုပ်သားပြည်သူ့ နေ့စဉ်ထဲမှာ ထည့်လိုက်တယ်၊ နှစ်ရက်ဆက်ပြီးထည့်လို့ မကျေနပ်သေးဘူး၊ ဒီနေ့ဆိုလို့ရှိရင် အပို စာရွက်ကလေးအနေနဲ့တောင်မှ ထည့်လိုက်သေးတယ်၊ ဒါဟာ ကျမတို့အပေါ်မှာ စေတနာရှိလို ဝါဒဖြန့်ချိရေး လုပ်ပေးချင်တာလားဆိုတာ အချို့ကတော့ ထင်

www.burmeseclassic.com

www.burmeseclassic.com



မှာပေါ့လေ၊ ရေးထားတာကြည့်လိုက်လို့ရှိရင်တော့ စေတနာနဲ့လုပ်တာ မဟုတ်ပါဘူးဆိုတာ ထင်ရှားပါတယ်။

ဒီတော့ လုပ်သားပြည်သူ့နေ့စဉ်သတင်းစာနဲ့ မြန်မာ့အသံကို တဖက်သတ် ကျမတို့ကို တိုက်ခိုက်ဖို့သုံးစွဲနေရင် ကျမတို့မှာ လွတ်လပ်စွာပုံနှိပ်ထုတ်ဝေပိုင်ခွင့်လိုနေတယ်ဆိုတာ ထင်ရှားပါတယ်။ 'နဝတ' အနေနဲ့ တကယ်ပဲ မှန်မှန်ကန်ကန်လုပ်ချင်တယ်ဆိုရင် ကျမ အခု သတင်းစာရှင်းလင်းပွဲမှာ ပြောသွားတဲ့အချက်တွေကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ သတင်းစာထဲမှာ ပါလာမယ်။ မြန်မာ့အသံမှာ ပါလာမယ်ဆိုလို့ရှိရင်တော့ ကျမတို့အနေနဲ့ ဩော် ကျမတို့ကတော့ မှားပြီပဲ၊ 'နဝတ'ဟာ တကယ်ပဲ စေတနာမှန်မှန်နဲ့ လုပ် နေတာပဲလို့ပြောဖို့ ကျမအဆင်သင့်ပါပဲ။ ဒီတော့ ဒီမှာ လုပ်သားပြည်သူ့နေ့စဉ်က လူကြီးများလည်းရှိပါတယ်၊ ကျမပြောတဲ့အချက်အလက်များကို မှန်မှန်ကန်ကန် ပြည့်ပြည့်စုံစုံ ထည့်ပေးလို့ရှိရင် ကျမ နဝတကို ထပ်ပြီးတော့ တောင်းပန်လိုက်ဦးမယ်၊ ကျမအထင်မှားသွားပါပြီ၊ အထင်လွဲသွားပါပြီ၊ နဝတဟာ စေတနာမှန်မှန်နဲ့ လုပ်သွားပါလားဆိုပြီး ကျမပြောရပါတယ်" ဟူ၍ အဖွဲ့ချုပ်ရုံး၌ ၁၉၈၉ ခုနှစ်၊ ဇွန်လအတွင်းပြုလုပ်ခဲ့သော သတင်းစာရှင်းလင်းပွဲ၌ ပြောကြားသွားသည်။

ယင်းနောက် မကြာမီမှာပင် နဝတအစိုးရက ကြေညာချက် (၂/၈၉) ဖြင့် အာဇာနည်နေ့ ကျင်းပမည့်ကိစ္စနှင့် ပတ်သက်၍ ထုတ်ပြန်ကြေညာလာခဲ့သည်။

ကြေညာချက်အပြည့်အစုံမှာ –

(၁) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲများဖြစ်မြောက်အောင်မြင်ရေးကို မဖြစ်မနေ ရည်မှန်းချက် ချမှတ်ဆောင်ရွက်နေပါသည်။ ထို့အပြင် နိုင်ငံတော်အစိုးရသည် နိုင်ငံတော်နှင့်ပတ်သက်သည့် နေ့ကြီးရက်ကြီးများကို အခမ်းအနားဖြင့် ကျင်းပလျက်ရှိရာ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်မည့် (၄၂) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားကိုလည်း ယခင်နှစ်များကဲ့သို့ နိုင်ငံတော်မှ ကြီးမှူးကျင်းပမည်ဖြစ်ပါသည်။

(၂) နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့မှ စ၍ နိုင်ငံတော်

www.burmeseclassic.com

www.burmeseclassic.com



အဖွဲ့အစည်းများ၊ နယ်ချဲ့လက်ပါးစေတို့၏ လုပ်ကြံခံရသဖြင့် ကျဆုံးခဲ့သော အာဇာနည်ခေါင်းဆောင်ကြီးများ၏မိသားစုများ၊ သံတမန်အဖွဲ့ အစည်းများနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေးကော်မရှင်တွင် မှတ်ပုံတင်ခဲ့သည့် နိုင်ငံရေးပါတီများက ယင်းအခမ်းအနားသို့ တက်ရောက်အလေးပြုကြမည် ဖြစ်ပါသည်။

(၃) (၄၂) နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားသို့ တက်ရောက်ရန် အာဇာနည်ခေါင်းဆောင်ကြီးများ၏မိသားစု ကိုးစုအား ကျင်းပရေးကော်မတီက ဖိတ်ကြားခဲ့ရာ အောက်ပါ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုရှစ်စုက အခမ်းအနားသို့တက်ရောက်ရန် စာဖြင့် ပြန်ကြားခဲ့ပြီး ဖြစ်ပါသည်။

(က) ဝန်ကြီးသခင်မြ၏ မိသားစု
(ခ) ဝန်ကြီး ဦးဘချို၏ မိသားစု
(ဂ) ဝန်ကြီး ဦးရာဇတ် ၏မိသားစု
(ဃ) ဝန်ကြီး ဦးဘဝင်း ၏မိသားစု
(င) ဝန်ကြီး မန်းဘခိုင် ၏မိသားစု
(စ) ဝန်ကြီး မိုင်းပွန်စော်ဘွား စဝ်စံထွန်း၏ မိသားစု
(ဆ) အတွင်းဝန် ဦးအုန်းမောင်၏ မိသားစု
(ဇ) ရဲဘော်ကိုထွေး၏ မိသားစု

(၄) ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၁၆ ရက်နေ့တွင် ကျင်းပသည့် (၄၂) နှစ်မြောက် အာဇာနည်နေ့ ဝတ်စုံပြည့် အခမ်းအနားလေ့ကျင့်သည့် အခမ်း အနားသို့ အာဇာနည်ခေါင်းဆောင်ကြီးများ၏ အထက်ဖော်ပြပါ မိသားစုရှစ်စုက တက်ရောက်ခဲ့ကြသော်လည်း ဗိုလ်ချုပ်အောင်ဆန်း၏ မိသားစုသည် ဝတ်စုံပြည့်လေ့ကျင့်မှုအခမ်းအနားသို့ တက်ရောက်ခဲ့ခြင်းမရှိသည့်အပြင် (၄၂) နှစ်မြောက်အာဇာနည်နေ့အခမ်းအနားသို့တက်ရောက်မည်ဟုလည်း ယခုချိန်အထိ အကြောင်းပြန်ကြားခြင်းမပြုသေးကြောင်း တွေ့ရှိရပါသည်။

(၅) ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်တွင် မှတ်ပုံတင်ထားသောနိုင်ငံရေးပါတီများအား ကျင်းပရေးကော်မတီက ဖိတ်ကြားခဲ့ရာ၊ နိုင်ငံရေးပါတီ (၇၀) က ၄၂ နှစ်မြောက် အာဇာနည်နေ့အခမ်း

www.burmeseclassic.com

www.burmeseclassic.com



အနားသို့ တက်ရောက်ရန် စာရင်းပေးထားပြီးဖြစ်ပါသည်။ အခမ်းအနားသို့ တက်ရောက်မည့်နိုင်ငံရေးပါတီများ၏ အမည်စာရင်းကို နေ့စဉ်ထုတ် သတင်းစာများတွင် ဖော်ပြထားပြီးဖြစ်ပါသည်။

(၆) နိုင်ငံတော်မှ ကြီးမှူးကျင်းပသည့် အခမ်းအနားပြီးစီးသောအခါ အစဉ်အလာရှိသည်နှင့်အညီ ပြည်သူလူထုမှလည်း မိမိဆန္ဒအလျောက် အာဇာနည်ဗိမာန်တွင် အာဇာနည်ခေါင်းဆောင်ကြီးများအား အလေးပြုနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်ပါသည်။ သို့ပါ၍ အေးချမ်းစွာဂါရဝပြုလိုသော ပြည်သူလူထုအနေဖြင့် မိမိတို့ဆန္ဒအရ တဦးချင်းသော်လည်းကောင်း၊ အများဆုံး ငါးဦး စုပေါင်း၍သော်လည်းကောင်း အာဇာနည်ဗိမာန်သို့လာရောက်၍ ဂါရဝပြုနိုင်ပါသည်။

(၇) အာဇာနည်ခေါင်းဆောင်ကြီးများအား ပြည်သူလူထုမှ အေးချမ်းစွာ ဂါရဝပြုနိုင်ရန် လိုအပ်ပါသည်။ ထို့ကြောင့် နိုင်ငံရေး အမြတ်ထုတ်လိုသောအကြောင်းဖြင့် စီတန်းလှည့်လည်ချီတက်ခြင်း၊ ကြွေးကြော်အော်ဟစ်ခြင်း၊ ဆုပူရန်လှုံ့ဆော်ခြင်း၊ ဆူပူလှုပ်ရှားခြင်း၊ ပြည်သူလူထုအား အဓမ္မစည်းရုံး ခေါ်ငင်ခြင်း၊ စုရုံးခြင်းများမပြုလုပ်ရန် တားမြစ်လိုက်သည်။ ဤတားမြစ်ချက်ကို ဖောက် ဖျက်ကျူးလွန်ပါက တရားဥပဒေအရ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

အမိန့်အရ
(မောင်ကို)
အတွင်းရေးမှူး
ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့

ထို့အပြင် (၁၉–၇–၈၉) ရက်နေ့တွင် လုပ်သားပြည်သူ့နေ့စဉ် သတင်းစာ၌လည်း "ဗိုလ်ချုပ်အောင်ဆန်း၏ အာဏာဖီဆန်ရေးလမ်းစဉ်မှာ နယ်ချဲ့အင်္ဂလိပ်ခေတ်က ချပေးခဲ့သောလမ်းစဉ်ဖြစ်၊ တပ်မတော်သည် နယ်ချဲ့ကို ဆန့်ကျင်ပြီး လွတ်လပ်ရေးကိုကာကွယ်နေသောအဖွဲ့ဖြစ်၊ အာဇာနည်ဗိမာန်သို့ ပြည်သူများ လာရောက်အလေးပြုရာတွင် မိမိတို့၏လုံခြုံရေးအစီအစဉ် အ

www.burmeseclassic.com

www.burmeseclassic.com



တွင်းမှဖြစ်ရမည်” ဟူသော ခေါင်းစဉ်ဖြင့် ဖော်ပြထားကြောင်း တွေ့ရှိရပြန်သည်။

ထို့နောက် ၁၉၈၉ ဇူလိုင် ၁၉ ရက်နေ့ နံနက်တွင် ဒေါ်အောင်ဆန်းစုကြည်က ပြည်သူလူထု မလိုအပ်သော ထိခိုက်နစ်နာမှုများ မပေါ်စေရန်အတွက် အာဇာနည်နေ့ ချီတက်မည့်အစီအစဉ်ကို ဖျက်သိမ်းလိုက်သည်။ အာဇာနည်နေ့အခမ်းအနားကို အဖွဲ့ချုပ်ရုံး၌သာ ကျင်းပပြုလုပ်သွားရန် ညွှန်ကြားခဲ့သည်။

★★★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)
# ပထမဆုံးနေအိမ်အကျယ်ချုပ်ကာလ

ထို့နောက် နေ့တနေ့ ၁၉၈၉ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့အား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၀ (ခ) အရ နေအိမ်တွင် တားဆီးမိန့်ထုတ်၍ တားဆီးထားခြင်း ခံခဲ့ရသည်။

ထိုသို့ အရေးယူခြင်းနှင့်ပတ်သက်၍ ဇူလိုင်လ ၂၁ ရက်နေ့တွင် နဝတ၏ အကြိမ် ၅၀ မြောက် သတင်းစာရှင်းလင်းပွဲ၌ –

“ ၁၉၈၉ ခုနှစ်၊ ဇူလိုင် ၂၀ ရက်နေ့ နံနက်မှစ၍ ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးတင်ဦးတို့အား နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေအရ အရေးယူလိုက်ရကြောင်း၊ ဤဥပဒေသည် နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံတော်လုံခြုံရေးကိုဖြစ်စေ၊ အများပြည်သူတို့၏ အေးချမ်းသာယာရေးကိုဖြစ်စေ ထိပါးမည့်အန္တရာယ်မှ ကြိုတင်ကာကွယ်နိုင်ရန်လည်းကောင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို မထိခိုက်စေဘဲ နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်ရန်လည်းကောင်း၊ ပြဋ္ဌာန်းထားသောဥပဒေဖြစ်ကြောင်း။

ယင်းပုဂ္ဂိုလ်နှစ်ဦးအား အဆိုပါ ဥပဒေပုဒ်မ ၁၀ (ခ) အရ လုပ်ပိုင်ခွင့်များကို ကျင့်သုံးပြီး တားဆီးမှုပြုလုပ်ထားကြောင်း၊ ဤပုဒ်မ ၁၀ (ခ) အရ အရေးယူခြင်းခံရသူအား တနှစ်အထိ တားဆီးမှုပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားကြောင်း” ဤသို့တားဆီးမှုများ ပြုလုပ်ခြင်းဆိုရာ၌ –

(က) မည်သည့်နေရာဒေသတွင် မနေထိုင်ရဟု သတ်မှတ်ခြင်း၊

(ခ) မည်သည့်နေရာဒေသတွင်သာ နေထိုင်ရမည်ဟု သတ်မှတ်ခြင်း၊

(ဂ) သွားလာမှုကို လိုအပ်သလို တားဆီးခြင်း၊

(ဃ) သတ်မှတ်သည့်အရာဝတ္ထုများကို လက်ဝယ်ထားရှိခြင်း (သို့မဟုတ်) အသုံးပြုခြင်းကို ပိတ်ပင်တားဆီးခြင်းတို့ကို ပြုလုပ်နိုင်ကြောင်း။

ဖော်ပြပါဥပဒေအရ ၎င်းတို့အား အရေးယူရာတွင် ကာယကံရှင်များသည် လက်ရှိနေထိုင်လျက်ရှိသော အိမ်အသီးသီးတွင်သာ နေထိုင်၍ အိမ်ခြံ

www.burmeseclassic.com

www.burmeseclassic.com



ပြင်ပသို့ထွက်ခွာသွားလာခွင့်မပြုပါကြောင်း၊ ၎င်း၏ အိမ်ထောင်စုထဲတွင် ပါရှိသော တရားဝင်မိသားစုများသာ ပြင်ပသို့ အစောင့်အရှောက်ဖြင့် သွားရောက်နိုင်ကြောင်း၊ သို့သော်လည်း ယင်းတို့အား နိုင်ငံခြားသံရုံးများ၊ နိုင်ငံရေးပါတီများ၊ နိုင်ငံရေးပါတီများနှင့် ဆက်သွယ်သူများထံသို့ သွားရောက်ခွင့်မပြုပါကြောင်း၊ ပြင်ပပုဂ္ဂိုလ်များကိုလည်း လူကိုယ်တိုင်သော်လည်းကောင်း၊ တယ်လီဖုန်းဖြင့်သော်လည်းကောင်း လာရောက်ဆက်သွယ်ခြင်းမပြုရန် ကန့်သတ်တားမြစ်ထားကြောင်း၊ ကာယကံရှင်များအား လိုအပ်သည့် ဆေးဝါးကုသမှုနှင့် ကျန်းမာရေးကိစ္စများကို ဆောက်ရွက်ပေးရန် နိုင်ငံတော်က တာဝန်ယူထားကြောင်း။

ဤကဲ့သို့ အရေးယူဆောင်ရွက်ခဲ့ရခြင်းသည် ဖော်ပြပါပုဂ္ဂိုလ်နှစ်ဦး၏ ဥပဒေချိုးဖေါက်လုပ်ရပ်များကြောင့်ဖြစ်ကြောင်း၊ အထူးအားဖြင့် နိုင်ငံတော်ကို အန္တရာယ်ဖြစ်စေမည့်အခြေအနေများဖြစ်ပေါ်အောင် ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ ၎င်းအပြင် တိုင်းရင်းသားပြည်သူများနှင့် တပ်မတော်ကို သွေးခွဲပြီး တိုင်းရင်းသားပြည်သူများက တပ်မတော်အပေါ် မုန်းတီးအောင် ဆောင်ရွက်ခဲ့ခြင်းများကြောင့် ဖြစ်ကြောင်း၊

၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့ ညနေ ၆ နာရီတွင် VOA မြန်မာပိုင်းအစီအစဉ်၌ ဒေါ်အောင်ဆန်းစုကြည်၏ကြေညာချက်၌ –

"ဒါကြောင့်မို့လို့ ပြည်သူလူထု အသက်ပျောက်အောင်လို့ ကျမတို့ဘယ်တော့မှ မလုပ်ပါဘူး၊ ပြည်သူလူထုရဲ့အသက်ကို အများကြီး တန်ဖိုးထားပါတယ်။ နဝတလို တန်ဖိုးမထားတဲ့ အုပ်စုမဟုတ်ပါဘူး။ ဒါကြောင့်မို့လို့ ကျမတို့နိုင်ငံမှာဆိုလို့ရှိရင် စစ်အစိုးရအုပ်ချုပ်မှုဆိုပြီး ကြေညာချက်ဟာ ဖက်ဆစ်ဝါဒတွေစိုးမိုးနေပြီဆိုတာ အင်မတန်မှ ထင်ရှားပါတယ်။ ကျမတို့ ပြည်သူ ပြည်သားတွေဟာ ဖက်ဆစ်ဝါဒအောက်မှာ ရုန်းကန်ရမှာပဲ။ ဒီမိုကရေစီရဖို့အတွက် ဒီဖက်ဆစ်ဝါဒအောက်မှာသတ္တိရှိရှိနဲ့ ဆက်ပြီးရုန်းကန်သွားဖို့ဖြစ်ပါတယ်" ဟု ပါရှိကြောင်း၊

ဤသို့ မဟုတ်မမှန်စွပ်စွဲချက်မှာ ပြည်သူ့တပ်မတော်ကို ဖက်ဆစ်နှင့် နှိုင်းယှဉ်ထားသဖြင့် အလွန်နာကြည်းစရာကောင်းကြောင်း၊ ပြည်သူနှင့်တပ်မတော်သည် ဖက်ဆစ်ကို များစွာရွံရှာ မုန်းတီးကြောင်း၊ ထို့ကြောင့် ပြည်သူ

www.burmeseclassic.com

www.burmeseclassic.com



နှင့်တပ်မတော် လက်တွဲပြီး ဖက်ဆစ်ကိုဆန့်ကျင်တိုက်ခိုက်ခဲ့ကြကြောင်း၊ ၎င်း၏ပြောဆိုမှုများသည် ဖက်ဆစ်နယ်ချဲ့ကို သွေးစည်းညီညွတ်စွာ တိုက်ခိုက်ခဲ့ကြသော ပြည်သူနှင့် တပ်မတော်ကို သွေးကွဲအောင် တမင်ဖန်တီးပြောဆိုမှုများဖြစ်ကြောင်း။

ဤသို့သော တပ်မတော်ကို ဖက်ဆစ်တပ်မတော်ဟု ခေါ်ဝေါ်သမုတ်လိုက်ခြင်းသည် တပ်မတော်နှင့်ပြည်သူအား ရန်တိုက်ပေးခြင်း၊ မသမာသော ရည်ရွယ်ချက်ဖြင့် လိမ်ညာစွပ်စွဲပုတ်ခတ်ခြင်းပင်ဖြစ်ကြောင်း၊ နိုင်ငံတော်အား အန္တရာယ်သို့ကျရောက်စေရန် ကြံဆောင်ဖန်တီးခြင်းဖြစ်ကြောင်း။

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၉ ဇူလိုင် ၁၀ ရက်နေ့တွင် ပန်းဘဲတန်းမြို့နယ် အမှတ် ၁၆၃၊ အနော်ရထာလမ်းရှိ လူ့ဘောင်သစ်ဒီမိုကရက်တစ် ပါတီရုံးခန်းတွင် မိန့်ခွန်းပြောကြားရာ၌လည်း –

"နိုင်ငံသူနိုင်ငံသားများကို နောက်ထပ်လက်နက်နှင့် နှိမ်နင်းမယ်ဆိုရင်တော့ ကျမတို့က ဖက်ဆစ်အစိုးရလို့ ကြေညာရမှာပဲ" ဟု ပြောဆိုခဲ့ကြောင်း၊ ဤသို့ပြောဆိုခြင်းသည် န၀တအဖွဲ့ အစိုးရသည် တပ်မတော်အစိုးရပင်ဖြစ်၍ တပ်မတော်အား ပြည်သူက အမုန်းပွားစေရန် ပြောဆိုခြင်းဖြစ်သည်မှာ ထင်ရှားပါကြောင်း။

ဒေါ်အောင်ဆန်းစုကြည်က –

" ဒီတပ်မတော်ဟာ လူတယောက်အတွက်မဟုတ်ဘူး၊ အဖွဲ့အစည်းအတွက် မဟုတ်ဘူးဆိုတာလဲ ထပ်တလဲလဲပြောခဲ့တယ်၊ တပ်မတော် လမ်းမှားသွားမှာကိုလဲ ဖေဖေအင်မတန်မှ စိုးရိမ်သွားတယ်၊ ဒီလောက်တောင်မှ စိုးရိမ်နေရက်နဲ့ ဘာဖြစ်လို့ လမ်းမှားသွားရတာလဲ။ ဦးနေဝင်းဟာ တပ်မတော်ကို လမ်းမှားပေါ်မှာ တင်ပေးလိုက်တယ်။ အဲဒီတော့ ယခု တပ်မတော်ထဲမှာရှိတဲ့ တပ်မတော်သားများ၊ အရာရှိများ စဉ်းစားပါ။ တပ်မတော်ရဲ့ဖခင်ဆိုတာ ဗိုလ်ချုပ်အောင်ဆန်းဆိုပြီးတော့ အတိအလင်းကြေညာထားပြီး၊ ဗိုလ်ချုပ်အောင်ဆန်းဟာ တပ်မတော်ကို ဘယ်လိုအနေအထားမှာ ဘယ်လိုဖြစ်စေချင်သလဲဆိုတာ ပြန်ပြီးသုံးသပ်ပါ။ ဗိုလ်ချုပ်အောင်ဆန်းတပ်မတော်လား၊ ဗိုလ်နေဝင်းတပ်မတော်လားဆိုတာ ဆုံးဖြတ်ရတော့မယ်" ဟုလည်း အထက်ပါ မိန့်ခွန်းတွင် ပြောဆိုခဲ့ကြောင်း၊

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၉ ခု၊ ဇူလိုင်လ ၈ ရက်နေ့ တွင် ၎င်း၏ နေအိမ်၌ ထိုင်းနိုင်ငံမှ နေးရှင်း (Nation) သတင်းစာ သတင်းထောက် ကွန်နာ ဂေါစကီးနှင့် တွေ့ဆုံဆွေးနွေးရာ၌လည်း ဦးနေဝင်းသည် တပ်မတော်အား ကြိုး ကိုင်လျက်ရှိသည်။ ဗိုလ်ချုပ်ကြီးစောမောင်သည် ဦးနေဝင်း၏ လိုလားချက် အတိုင်း လိုက်၍လုပ်ကိုင်နေရသည်မှာ ထင်ရှားနေသည်။ တပ်မတော်သည် လူမိုက်အလုပ်ကို လုပ်ကိုင်နေရသည်။ လူအိုတစု အာဏာတည်မြဲရေး အ တွက် လုပ်ကိုင်နေရသည်ဟု ပြောဆိုခဲ့ကြောင်း၊ ၎င်းပြောဆိုချက်အား ၁၉၈၉ ဇူလိုင် ၁၅ ရက်ထုတ် နေးရှင်းသတင်းစာတွင် ဖော်ပြထားသည်။

ဒေါ်အောင်ဆန်းစုကြည်သည် တပ်မတော်၏ ဂုဏ်သိက္ခာကျဆင်းအောင် နှင့် တပ်မတော်ကို ပြည်သူများက ဆန့်ကျင်လှုပ်ရှားကာ လှုံ့ဆော်သွေးထိုး ပြောဆိုခဲ့သည်များ အမြောက်အမြားရှိခဲ့ကြောင်း၊ ဤကဲ့သို့ တိုင်းပြည် ဖရို ဖရဲဖြစ်စေရန် ကြံဆောင်မှုများနှင့်ပတ်သက်၍ တပ်မတော်က အကြိမ်ကြိမ် သည်းညည်းခံချုပ်တည်းခဲ့ကြောင်း၊ ဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ဦးဆောင်သောအဖွဲ့က ဇူလိုင်လ ၁၉ ရက်နေ့တွင် ပြည်သူများအား အာဇာ နည်များအား ဂုဏ်ပြုမည့်အစီအစဉ်ကို စစ်ဝါဒီတို့က လက်နက်အားကိုးဖြင့် ချေမှုန်းရန်ကြိုးပမ်းနေကြောင်း၊ အာဇာနည်နေ့ကို ထပ်မံသွေးစွန်းစေရန် ပတ် စက်စွာကြံနေသည်ဟုလှုံ့ဆော်ပြီး တပ်မတော်ကို ပြည်သူနှင့် ရန်တိုက်ပေး ခဲ့ကြောင်း။

“ ဦးတင်ဦးသည် ကချင်ပြည်နယ်သို့ လှည့်လည်စဉ်က တွေ့ရှိခဲ့ရသော ကိစ္စများနှင့် ပတ်သက်၍ တပ်မတော်နှင့် တိုင်းရင်းသားပြည်သူများ သွေးကွဲ အောင်နှင့် တပ်မတော်အပေါ်တွင် ပြည်သူလူထုက နာကြည်းမုန်းတီးအောင် ၎င်း တို့အဖွဲ့၏ ၅ ကြိမ်မြောက်သတင်းစာရှင်းလင်းပွဲ၌ ပြောဆိုသွားခဲ့သည်ကို တွေ့ရပါကြောင်း၊ ထိုသတင်းစာရှင်းလင်းပွဲတွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ဦးတင်ဦးတို့သည် ရှေ့တန်းလုပ်အားရှင်များအသုံးပြုသောကိစ္စနှင့် ပတ်သက် ၍ တပ်မတော်အား လူမဆန်သော၊ ရက်စက်ကြမ်းကြုတ်သော၊ စီးပွားရေး သောင်းကျန်းသောအဖွဲ့အစည်းတခုသဖွယ်ရုပ်လုံးပေါ်ပေါက်စေရန် ပြောဆိုခဲ့ ကြောင်း၊ ထို့အပြင် ဦးတင်ဦးသည် မူခင်းတပ်ဖွဲ့မှ တရားစွဲဆိုထားသော စိုးသိမ်းပါ ခြောက်ဦးအမှုကို စစ်ဆေးနေသည့် အင်းစိန်အကျဉ်းထောင်အနီးရှိ

www.burmeseclassic.com

www.burmeseclassic.com



အထူးတရားရုံးသို့ ၁၉၈၉ ခုနှစ်၊ ဇူလိုင်လ ၄ ရက်နေ့တွင် လာရောက်ပြီး ဦးထွေလှိုင်အား ချက်ချင်းအာမခံမပေးမှုနှင့် ပတ်သက်၍ "လက်နက်အားကိုးဖြင့် အနိုင်ကျင့်နေခြင်းဖြစ်သည်" ဟု တပ်မတော်နှင့် ပြည်သူကို သွေးကွဲအောင် ပြောဆိုခဲ့ကြောင်း၊ ဦးတင်ဦးသည် တိုင်းပြည်အတွင်း တည်ငြိမ်မှုပျက်ပြားစေရန်၊ ဆူပူမှုများဖြစ်ပွားစေရန် ပြောဆိုခဲ့သည်များ အများအပြားရှိခဲ့ကြောင်း၊ ထို့ကြောင့် နိုင်ငံတော်နှင့် ပြည်သူတို့၏အကျိုးစီးပွား၊ အသက်အိုးအိမ်စည်းစိမ် လုံခြုံတည်တံ့ရေးအတွက် ယခုကဲ့သို့ ၎င်းတို့နှစ်ဦးအား တားဆီးအရေးယူလိုက်ရခြင်းဖြစ်ကြောင်း" ပြောကြားသွားသည်။

နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းခြင်းခံနေရစဉ် ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၉ ခုနှစ်၊ ဒီဇင်ဘာလ (၂၂) ရက်နေ့တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ် ပြိုင်မည်ဖြစ်ကြောင်း ကြေညာခဲ့သည်။

ကြေညာချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

"နိုင်ငံရေးကြိုးပမ်းမှုများကြောင့် ၁၉၈၉ ဇူလိုင် ၂၀ ရက်နေ့မှစ၍ ထိန်းသိမ်းခံခဲ့ရပါသည်။ အထိန်းသိမ်းခံနေရလျက်နှင့်ပင် မိမိအဖွဲ့ချုပ်၏ ဒီမိုကရေစီနည်းလမ်းအရ ဆုံးဖြတ်ချက်ကို လေးစားသောအားဖြင့်လည်းကောင်း။ တိုင်းသူပြည်သားတို့၏ အမှန်တရားနှင့် ကိုက်ညီသောလိုအပ်ချက်များကို တတ်စွမ်းသရွေ့ကူညီဖြည့်စွက်လိုသောကြောင့်လည်းကောင်း၊ ဒီမိုကရေစီကိုလိုလားသော ပြည်သူလူထု၏ဇွဲသတ္တိကို ဂုဏ်ပြုသောအားဖြင့်လည်းကောင်း၊ ၁၉၈၉ ခု ဒီဇင်ဘာလတွင် ဗဟန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်း စိစစ်ရွေးချယ်ရေးအဖွဲ့၏ဆုံးဖြတ်ချက်ကိုလိုက်နာ၍ ရွေးကောက်ပွဲတွင် ပါဝင် ယှဉ်ပြိုင်လိုသူတဦးအဖြစ် အမည်စာရင်း တင်သွင်းလိုက်ပါသည်။" ဟူ၍ ထုတ်ပြန်ခဲ့သည်။

သို့သော် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး (တစည) ပါတီအား ကိုယ်စားပြု၍ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ယှဉ်ပြိုင်ရန်အဆိုပြုထားခြင်းခံရသူ ဦးလဘန်ဂရောင်မှ ကန့်ကွက်လွှာတင်သွင်းခဲ့ရာ၊ ပန်းဆိုးတန်းအမှတ် (၁) တွင် ဖွင့်လှစ်စစ်ဆေးခဲ့သည့် ရန်ကုန်တိုင်း ရွေးချယ်တင်မြှောက်ပွဲကျင်းပရေးကော်မရှင်မှ လက်ခံစစ်ဆေး၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀(င) ဖြင့်ငြိစွန်းသည်ဟုဆိုကာ ဒေါ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



စုကြည်၏ အမည်စာရင်းတင်သွင်းလွှာကို ပယ်ချခဲ့သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့်မရရှိဘဲ ဖြစ်ခဲ့ရသည်။

နောက်ဆုံးမှတ်ပုံတင်ခွင့်ပြုရက်ဖြစ်သည့် ၁၉၈၉ ဖေဖော်ဝါရီ ၂၈ အထိ (၅)လ ခန့်အတွင်း မှတ်ပုံတင်ခွင့်ပြုခဲ့သည့် နိုင်ငံရေးပါတီအဖွဲ့အစည်းပေါင်းမှာ ၂၃၄ ဖွဲ့ဖြစ်သည်။ ထို့နောက် မှတ်ပုံတင်ထားသည့် နိုင်ငံရေးပါတီအဖွဲ့အစည်းများသည် ပါတီတွင် စည်းရုံးရေးတို့ကို ဆောင်ရွက်ခဲ့ကြရာ၌ ပါတီအချို့သည် ပါတီတွင်းအခြေအနေအရလည်းကောင်း၊ အခြား နိုင်ငံရေးပါတီအဖွဲ့အစည်းများနှင့် ပူးပေါင်းဖွဲ့စည်းလို၍ မိမိတို့ နိုင်ငံရေးပါတီမှတ်ပုံတင်ထားခြင်းကို ပယ်ဖျက်ခွင့်ပြုရန် ကော်မရှင်သို့လျှောက်ထားသဖြင့် နိုင်ငံရေးပါတီ အဖွဲ့အစည်းပေါင်း (၁၀၂) ဖွဲ့ကို ပယ်ဖျက်ပေးခဲ့သည်။

ထို့ပြင် လွှတ်တော်မဲဆန္ဒနယ် ၃ နယ်အထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခြင်းမရှိသည့် (၆) ပါတီနှင့် နိုင်ငံတော်အား လက်နက်စွဲကိုင်၍ တော်လှန်ပုန်ကန်နေသော ဗမာပြည်ကွန်မြူနစ်ပါတီ အဖွဲ့အစည်း၏ မြေပေါ်အဖွဲ့ အစည်းများဖြစ်သည်ဟုထုတ်ပြန်၍ အမျိုးသားနိုင်ငံရေးတပ်ပေါင်းစု (မနတ) မန္တလေးမြို့၊ ပြည်သူ့တိုးတက်ရေးပါတီ ရန်ကုန်မြို့၊ အမြဲစိမ်းလူငယ်များအဖွဲ့ မုံရွာမြို့စသည့် (၃) ပါတီအားလည်း နဝတအဖွဲ့က ပယ်ဖျက်ခဲ့သည်။

ယင်းနောက် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက် တနင်္ဂနွေနေ့၌ တပြည်လုံးတွင် တပြိုင်နက် နံနက် ၆ နာရီမှ ညနေ ၄ နာရီအတွင်း ကျင်းပခဲ့သည်။

နဝတစစ်အစိုးရသည် ၁၉၉၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးကို ကျင်းပပြုလုပ်သည်အထိ နိုင်ငံရေးပါတီအဖွဲ့အစည်းများတင်ပြတောင်းဆိုခဲ့သည့် မတရားချုပ်ချယ်ကန့်သတ်မိန့်များဖြစ်သော (၂/၈၈)၊ (၈/၈၈) တို့ကို လုံးဝရုတ်သိမ်းပေးခြင်းမရှိဘဲ ကျင်းပခဲ့သလို တစညပါတီကို ဘက်လိုက်မျက်နှာသာပေးခဲ့ရန် အမျိုးသားဒီမိုကရေစီအဖွဲ့၏ စည်းရုံးလှုပ်ရှားမှုများကို အမျိုးမျိုးအဖုံဖုံ ကန့်သတ်ချုပ်ချယ်ထားပြီးမှ (အဓိကပြိုင်မြင်းကို ကြိုးတုပ်ထားပြီး တခြားပြိုင်မြင်းတွေကို လွှတ်ပေးပြီး အပြိုင်ခိုင်းသလို) တဖက်သတ်စီမံခန့်ခွဲ ကျင်းပခဲ့ခြင်းဖြစ်သည်။ သို့သော် ပြည်သူလူထုကြီးတရပ်လုံးကမဲများမကွဲသွားစေရေးအတွက် အဖမ်းဆီးခံထားရသည့် ဒေါ်အောင်ဆန်းစု

www.burmeseclassic.com

www.burmeseclassic.com



ကြည်ခေါင်းဆောင်သည့် NLD အဖွဲ့မှ တစည အပေါ် စီးချင်းထိုးအနိုင်ယူ အောင်ပွဲခံနိုင်ရေးအတွက် မိမိတို့၏ အသည်းကြားက မဲတပြားကို မှန်မှန် ကန်ကန်အသုံးချပြီး အသံတိတ်ဆန္ဒပြပွဲကြီးတရပ်ပမာ ပြတ်ပြတ်သားသား ဖော်ပြခဲ့ကြသည်။ သို့ကလို ပြည်သူလူထုကြီး၏ တခဲနက် ထောက်ခံအားပေး မှုကြောင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မြန်မာနိုင်ငံ ရွေးကောက်ပွဲ ကော်မရှင်သမိုင်း၌ မည်သည့်အခါမှ ရရှိခဲ့ဖူးသော အောင်မြင်မှုမျိုးဖြင့် ရွေး ကောက်ပွဲကြီးတွင် အပြတ်အသတ် အောင်ပွဲခံနိုင်ခဲ့ပေသည်။

ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်သည့် နိုင်ငံရေးပါတီ အဖွဲ့အစည်း ၉၃ ဖွဲ့အနက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည့် ၄၄၇ မဲဆန္ဒနယ်၌ ၃၉၂ ဦး အနိုင်ရရှိခဲ့သည်။ တပြည် လုံးတွင် မဲဆန္ဒနယ် ၄၈၅ နေရာရှိသည့်အနက် NLD ပါတီသည် ၃၉၂ ဦး အနိုင် ရရှိသည့်အတွက် တပြည်လုံးတွင် ၈၂ ရာခိုင်နှုန်းအနိုင်ရရှိကာ မော်ကွန်း ထုနိုင်ခဲ့သည်။

၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် အ နည်းဆုံးတဦးနှင့်အထက်ရွေးကောက်တင်မြှောက်ခံရသည့် နိုင်ငံရေးပါတီ အဖွဲ့ အစည်းပေါင်း (၂၇) ဖွဲ့ ရွေးကောက်တင်မြှောက်ခံရသည်။ ရွေးကောက်ပွဲ တင် မြှောက်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ အောက်ပါအတိုင်းဖြစ်သည်။

| | | |
|---|---|---|
| (၁) | အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | – ၃၉၂ ဦး |
| (၂) | ရှမ်းတိုင်းရင်းသား ဒီမိုကရေစီအဖွဲ့ချုပ် | – ၂၃ ဦး |
| (၃) | ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ် | – ၁၁ ဦး |
| (၄) | တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ | – ၁၀ ဦး |
| (၅) | မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ | – ၅ ဦး |
| (၆) | အမျိုးသားလူ့အခွင့်အရေးဒီမိုကရက်တစ်ပါတီ | – ၄ ဦး |
| (၇) | ချင်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် | – ၃ ဦး |
| (၈) | ကချင်ပြည်နယ်အမျိုးသားဒီမိုကရေစီကွန်ဂရက် | – ၃ ဦး |
| (၉) | ပြည်ထောင်စုပအိုဝ့် အမျိုးသားအဖွဲ့ချုပ် | – ၃ ဦး |
| (၁၀) | အမျိုးသားဒီမိုကရေစီပါတီ | – ၃ ဦး |
| (၁၁) | ဇိုမီးအမျိုးသားကွန်ဂရက် | – ၂ ဦး |

www.burmeseclassic.com

www.burmeseclassic.com



(၁၂)နာဂတောင်တန်းဒေသတိုးတက်ရေးပါတီ – ၂ ဦး

(၁၃)ကယားပြည်နယ်လူမျိုးပေါင်းစုံဒီမိုကရေစီအဖွဲ့ချုပ် – ၂ ဦး

(၁၄)တအောင်း (ပလောင်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် – ၂ ဦး

(၁၅)ကယန်းအမျိုးသားများ စည်းလုံးညီညွတ်ရေးဒီမိုကရေစီအဖွဲ့ – ၂ ဦး

(၁၆)ဒီမိုကရေစီပါတီ – ၁ ဦး

(၁၇) ဒီမိုကရက်တစ်တက္ကသိုလ်တွဲ့ရနှင့် ကျောင်းသားဟောင်းများ အဖွဲ့ – ၁ ဦး

(၁၈)မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့ – ၁ ဦး

(၁၉)ကရင်ပြည်နယ်အမျိုးသားများအဖွဲ့ချုပ် – ၁ ဦး

(၂၀)ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ – ၁ ဦး

(၂၁)ပြည်ထောင်စုမနေအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် – ၁ ဦး

(၂၂)ကမန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် – ၁ ဦး

(၂၃)မရာပြည်သူ့ပါတီ (မပပ) – ၁ ဦး

(၂၄)ပြည်ထောင်စုအမျိုးသားများဒီမိုကရေစီပါတီ – ၁ ဦး

(၂၅)မြို (ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့(မခမညဖ) – ၁ ဦး

(၂၆)လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ – ၁ ဦး

(၂၇)ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဒီမိုကရေစီအဖွဲ့ချုပ် – ၁ ဦး

ထို့နောက် ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ပြီး လွှတ်တော် ကိုယ်စားလှယ်တဦးမျှ ရွေးကောက်တင်မြှောက်ချင်းမခံရသော နိုင်ငံရေးပါတီ (၆၃) ပါတီအား နဝတမှ ၁၉၉၂ ဇန်နဝါ ရီ ၂၂ ရက်နေ့ရက်စွဲပါ အမိန့်အမှတ် ၂/၉၂ ဖြင့် ဖျက်သိမ်းခဲ့သည်။ ထို့ပြင် ရွေးကောက်ပွဲတွင် လွှတ်တော်ကိုယ်စားလှယ် အနည်းဆုံးတဦးနှင့်အထက် ရွေးကောက်တင်မြှောက်ခံရသည့် နိုင်ငံရေးပါတီ (၂၀) အား နဝတအဖွဲ့မှ ၁၉၉၂ မတ်၁၁ ရက်နေ့ ရက်စွဲပါ အမိန့်အမှတ် ၇/၉၂ ဖြင့် ဖျက်သိမ်းခဲ့ပြန်သည်။

သို့သော် ရွေးကောက်ပွဲတွင် တဦးမျှအရွေးမခံရသော်လည်း နဝတအစိုးရက တရားဝင် ရပ်တည်ခွင့်ပေးခဲ့သောပါတီ (၃) ခုမှာ ကိုးကန့်ဒီမိုကရေစီနှင့်

www.burmeseclassic.com

www.burmeseclassic.com



ညီညွတ်ရေးပါတီ (Kokang Democracy and Unity Party)၊ 'ဝ' အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ (Wa National Development Party)၊ ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ် (Union Karen League) တို့ဖြစ်သည်။ ထို့ကြောင့် တရားဝင်ရပ်တည်လျက်ရှိသော နိုင်ငံရေးပါတီ (၁၀) ပါတီမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
(၂) တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ
(၃) ရှမ်းတိုင်းရင်းသားများဒီမိုကရေစီအဖွဲ့ချုပ်
(၄) ပြည်ထောင်စုပအိုဝ့်အမျိုးသားများအဖွဲ့ချုပ်
(၅) ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ
(၆) မြို (ခေါ်) ခမီအမျိုးသားညီညွတ်ရေးအဖွဲ့
(၇) လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ
(၈) ပြည်ထောင်စု ကရင်အမျိုးသားများအဖွဲ့ချုပ်
(၉) ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီ
(၁၀) 'ဝ' အမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီ

စသည်တို့ ဖြစ်သည်။

၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲတွင် တသီးပုဂ္ဂလအမတ်လောင်း ခြောက်ဦးအရွေးခံရသည်။ ယင်းတို့မှာ –

(၁) ဒေါက်တာမှုထန် ၊ ထန်းတလန်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်၊ ချင်းပြည်နယ်။
(၂) ဦးဝင်းရှိန် ၊ မြောင်မြို့နယ်၊ ပြည်သူ့လွှတ်တော် မဲဆန္ဒနယ် အမှတ် (၁) စစ်ကိုင်းတိုင်း။
(၃) ဦးပီတာလင်းပင်၊ ပြင်ဦးလွင်မြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ် အမှတ်(၂) မန္တလေးတိုင်း။
(၄) ဒေါက်တာစန်းအောင်၊ အင်္ဂပူမြို့နယ် ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်အမှတ် (၂) ဧရာဝတီတိုင်း။
(၅) ဦးလျှန်အုပ်၊ ဟားခါးမြို့နယ် မဲဆန္ဒနယ်၊ ချင်းပြည်နယ်။
(၆) ဦးသိန်းဖေ၊ ကန့်ဘလူမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) စစ်ကိုင်းတိုင်း

www.burmeseclassic.com

www.burmeseclassic.com



တို့ ဖြစ်ကြသည်။

နဝတစစ်အစိုးရသည် မည်သို့မှ မျှော်လင့်မထားမိသည့် ရလဒ်မျိုးဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က အပြတ်အသတ်အနိုင်ရရှိသွားမှုအပေါ် အံ့သြတုန်လှုပ်သွားခဲ့ရပြီးနောက် အဖွဲ့ချုပ်အပေါ် နည်းမျိုးစုံဖြင့် ဖိနှိပ်ရေးကို စောင်းပေးလုပ်ဆောင်လာခဲ့ပေသည်။

နဝတစစ်အစိုးရက ရွေးကောက်ပွဲအပြီး၌ ရွေးကောက်ပွဲတွင် အနိုင်ရရှိခဲ့သော နိုင်ငံရေး အင်အားစုများသည် –

(၁) ငွေကြေးအင်အားဖြင့် အမတ်နေရာများ ဝယ်ယူထားနိုင်သည့် ဘာသာရေးအစွန်းရောက်များက ဘာသာရေးနယ်မြေ ခွဲထွက်ရေးကို ပြင်ဆင်လာကြသည်။ မအောင်မြင်လျှင် လက်နက်ကိုင်တိုက်မည်။

(၂) လူမျိုးရေးအမြင်ကျဉ်းမြောင်းသည့်ပါတီများကလည်း နယ်မြေများကို ခွဲထွက်ရန်ပြင်ဆင်လာကြသည်။ ခွင့်မပြုလျှင် သောင်းကျန်းသူများနှင့် ပေါင်းမည်၊ လက်နက်ကိုင်တိုက်မည်။

(၃) အာဏာရလာမည်ဟု မျှော်လင့်နေသောနိုင်ငံရေးပါတီများသည် အနောက်အုပ်စုသံရုံးများ၊ ပြည်ပမှ အနောက်အုပ်စု ကိုယ်စားလှယ်များနှင့် ရင်းရင်းနှီးနှီးဆက်ဆံလာကြပြီး အနောက်အုပ်စုကို အလွန်အကျွံ မှီခိုအားကိုးရန် ပြင်ဆင်လာကြသည်။

(၄) အနောက်အုပ်စုအကြိုက် လိုက်လုပ်နေသော်လည်း လက်ဝဲဝါဒီများ လွှမ်းမိုးနေသော်ပါတီများသည် အာဏာရှင်စနစ်ကို ထူထောင်ရန် ကြိုးစားနေကြသည်။

(၅) တပ်မတော်က အာဏာမသိမ်းနိုင်ရန်အတွက် စစ်ရုံးကို ရန်ကုန်မြို့အပြင်ဘက် အင်းတိုင်သို့ရွှေ့ရန် ကြည်း၊ ရေ၊ လေ၊ တပ်မတော်ကို ကြည်းတပ်၊ ရေတပ်၊ လေတပ် သီးခြားစီ ခွဲထုတ်ဖွဲ့စည်းရန်၊ ဒုတိယဗိုလ်မှူးကြီးနှင့် အထက် အဆင့်များကို တပ်မတော်မှထုတ်ပယ်ပစ်ပြီး အချို့ကို ခုံရုံးတင်၍ အရေးယူရန်တို့ကို ဆွေးနွေးကြကာ တပ်မတော်ကို ဖြိုခွဲပစ်ရန်၊ ဖျက်သိမ်းပစ်ရန်အထိ ကြံစည်လာကြသည်ဟူ၍ အခြေအမြစ်မရှိ စွပ်စွဲပြီး ဖွတ်လျှာသဏ္ဌာန် နှစ်ခွဥာဏ်ဖြင့် ကလိမ်စွေငြမ်းစင်ကာ အနိုင်ရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အား အာဏာလွှဲပြောင်းပေးရေးကို ခါးခါးတူးတူး ငြင်းဆန်ခဲ့သည်။ ထို့နောက်

www.burmeseclassic.com

www.burmeseclassic.com



"ယခုကျင်းပခဲ့သော ရွေးကောက်ပွဲသည် အာဏာ (၃) ရပ်စလုံးကို ရရှိမည့် လွှတ်တော်မျိုးမဟုတ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရန်သာဖြစ်သည်။ အရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များသည် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲဖို့သာတာဝန်ရှိသည်။ အာဏာကို အလိုအလျောက် ရရှိမည် မဟုတ်" ဟုဆိုပြီး ပထမဆုံးအကြိမ် ပြောင်လိမ်ပြောင်စား ပြောဆိုခဲ့သည်။

အကယ်၍ တစည ခေါ် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီသာ အနိုင်ရရှိမည်ဆို လျှင် ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် ၁၉၇၄ ဖွဲ့စည်းပုံဥပဒေကိုလိုအပ်သလို ယာယီပြင်ဆင်မှုပြုလုပ်ပြီး အာဏာကို မြန်မြန်ဆန်ဆန်လွှယ်လွှယ်ကူကူ လွှဲပြောင်းအပ်လိုက်၍ ပေါ်ပေါက်လာသည့် လွှတ်တော်သစ်မှဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသစ်ကို ရေးဆွဲစေမည်ဖြစ်သော်လည်း အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီက ယခုကဲ့သို့ အပြတ်အသတ် အနိုင်ရရှိသည်သည့်အပေါ် နဝတ စစ်အစိုးရသည် ပေါ်ပေါ်ထင်ထင် ညစ်ပတ်လာခြင်း ဖြစ်သည်။

စစ်အစိုးရ၏ အာဏာလွှဲပြောင်းရေးငြင်းဆန်နေမှုကို ဒေါ်အောင်ဆန်းစုကြည်က –

"ရွေးကောက်ပွဲကျင်းပြီးရန် ရွေးကောက်ပွဲရလဒ်ကို အကောင်အထည် ဖော်ပေးဖို့လည်း လိုသေးတယ်ဆိုတဲ့အချက်ပါပဲ။ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်တာဟာ ထမင်းစားဖိတ်၊ ထမင်းပွဲပြင်၊ စားပွဲမှာ ထိုင်ခိုင်းပြီးမှ မစားရဘူးဆိုပြီး ထမင်းဟင်းတွေပြန်သိမ်းသွားသလိုပါပဲ။ ဧည့်သည်တွေကို စော်ကားတဲ့လုပ်ရပ်ပါ။ ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အ ကောင်အထည် မဖော်ပေးတာဟာ ပြည်သူတရပ်လုံးကို လိမ်လည်လှည့်ဖြား စော်ကားရာ ရောက်ပါတယ်။"

"အာဏာပိုင်တွေဟာ မိမိတို့သဘောမကျတဲ့ ရွေးကောက်ပွဲရလဒ်ဆိုရင် လျစ်လျူရှုလိုက်၊ လိုချင်တဲ့ရလဒ်ဖြစ်လာနိုးနိုး ရွေးကောက်ပွဲအသစ်တွေ ကျင်းပလိုက်နဲ့ လုပ်နေမယ်ဆိုရင်တော့ တိုင်းပြည်ရဲ့အနာဂတ်နဲ့ ကစားရာ ရောက်ပါလိမ့်မယ်။ တိုင်းပြည်ရဲ့အနာဂတ်ဆိုတာဟာ ကစားရမယ့်အရာ မဟုတ်ပါဘူး။ တလေးတစားနဲ့ စောင့်ရှောက်သွားရမယ့်အရာသာဖြစ်ပါတယ်။ ဒါကြောင့် ၁၉၉၀ ရွေးကောက်ပွဲရလဒ်ကို အကောင်အထည်မဖော်ဘဲ နောက်

www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်ပွဲအသစ်ကျင်းပရေးကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က လုံးဝလက်ခံမှာမဟုတ်ဘူးလို့ ဆုံးဖြတ်ထားတာဖြစ်ပါတယ်” ဟူ၍ တိတိလင်းလင်းပြောကြားခဲ့သည်။

NLD အား မဲထည့်ပေးခဲ့သောပြည်သူလူထုအားလည်း ဒေါ်အောင်ဆန်းစုကြည်က –

“၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှာ လူထုဟာ တာဝန်ကျေခဲ့ပါတယ်။ ကျမတို့နိုင်ငံနဲ့ နိုင်ငံကပြည်သူလူထုနဲ့ တခြား ဒီမိုကရေစီအတွက် လှုပ်ရှားရုန်းကန်နေရတဲ့နိုင်ငံက ပြည်သူလူထုနဲ့စာလို့ရှိရင် ကျမတို့ရဲ့လူထုဟာ နိုင်ငံရေးအရအင်မတန်မှ ရင့်ကျက်တယ်လို့ ကျမတို့ သတ်မှတ်ရမှာပါ။ ဘာဖြစ်လို့ ကျမတို့ ဒီလိုပြောရလဲဆိုတော့ ကျမတို့ရဲ့နိုင်ငံ ဒီမိုကရေစီလိုချင်တဲ့ ပြည်သူလူထုဟာ ဒီမိုကရေစီကို ရယူပေးနိုင်တဲ့အဖွဲ့တခုကို ထောက်ခံမယ်၊ ပံ့ပိုးမယ်၊ ဒီလိုလုပ်မှ ကျမတို့ရဲ့ဒီမိုကရေစီဟာ တိုးတက်နိုင်မယ်ဆိုတာကို မြင်တယ်၊ ဟိုအဖွဲ့ကိုပေး၊ ဒီအဖွဲ့ကိုပေး၊ ကျမတို့ရဲ့နိုင်ငံရေးပါတီတွေ အများကြီးရှိပါတယ်။ အဲဒီတော့ နိုင်ငံရေးပါတီတွေ အများကြီးရှိတဲ့အထဲမှာ အဲဒီနိုင်ငံရေးပါတီတွေမှာလည်း မိမိတို့ရဲ့တန်ဘိုးနဲ့ မိမိတို့ရှိပြီးသားပါ။ သို့သော်လည်း ပြည်သူလူထုဟာ ဒီလိုမဲတွေပြန့်သွားလို့ရှိရင် ဒီမိုကရေစီအတွက် နစ်နာနိုင်တယ်ဆိုတာနားလည်လို့ မဲတွေကို မပြန့်စေဘဲ ကျမတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အတွက် မဲပေးခဲ့တယ်ဆိုတာ ဒါပြည်သူလူထုအနေနဲ့ ထိုက်ထိုက်တန်တန်လုပ်ခဲ့တယ်ဆိုတာ ကျမ ဒီလိုပြောရမှာပဲ။ ဒါ နိုင်ငံရေးရင့်ကျက်မှုကို ပြတယ်လို့ကျမကတော့ယုံကြည်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျမတို့ ဒီ (၈၂) ရာခိုင်နှုန်းရတာကိုတောင်မှ အာဏာမလွှဲပေးတာ၊ ကျမတို့မျှားသာ (၅၀) ရာခိုင်နှုန်းတည်းတည်းလေးရတယ်ဆိုလို့ရှိရင် ဘယ်လောက်ပိုပြီးတော့ အခက်အခဲဖြစ်ရမလဲဆိုတာ စဉ်းစားကြည့်။ ကျမတို့ရဲ့အဖွဲ့ဟာ ဒီလိုတခါတည်း ၈၀ ရာခိုင်နှုန်းကျော်နဲ့ နိုင်ခဲ့လို့လည်း တကမ္ဘာလုံးက အသိအမှတ်ပြုရတယ်။ ဘယ်လိုမှ ကမ္ဘာကိုမျက်လှည့်ပြပြီးတော့ အဖွဲ့ချုပ်ကို ပြည်သူလူထုရွေးကောက်ပွဲတုန်းက အားပေးတာမဟုတ်ပါဘူး။ တည်းတည်းကလေးနိုင်တာပါလို့ မပြောနိုင်ဘူး။ အဲလိုတောင်မှ မဲ ၆၀ ရာခိုင်နှုန်းပဲရှိပါတယ်၊ ညာတယ်ဆိုပြီးတော့ အမျိုးမျိုးပြောဖို့ကြိုးစားတာတွေ အခုရှိနေတာ သိကြတာပဲ၊ ဒီလောက်

www.burmeseclassic.com

www.burmeseclassic.com



တောင်မှ ပြတ်ပြတ်သားသားနိုင်ထားလို့ ဒီလောက်သူတို့ပြောနိုင်တာ။ အဲလိုသာ ကျမတို့သာ ပြတ်ပြတ်သတ်သတ်မနိုင်ခဲ့လို့ရှိရင် အမျိုးမျိုး တခါတည်း မျက်လှည့် ကွက်တွေနဲ့လုပ်အုံးမယ်။ ကမ္ဘာကိုလည်း လှည့်စားဖို့၊ ကျမတို့ ပြည်သူလူထုအနေနဲ့ ၁၉၉၀ ရွေးကောက်ပွဲမှာ ဒီမိုကရေစီကို ရယူပေးနိုင်တယ်လို့ ပြည်သူလူထုက ယုံကြည်တဲ့အဖွဲ့အစည်းကို နိုင်ငံရေးရင့်ကျက်တဲ့အမြင်နဲ့ မဲပေးခဲ့တာဟာတော့ တာဝန်ကျေပါတယ်။ ထိုက်ထိုက်တန်တန်နဲ့ လုပ်ခဲ့တာပဲလို့ ကျမပြောချင်ပါတယ်" ဟူ၍ ပြောကြားခဲ့သည်။

နဝတစစ်အစိုးရသည် ရွေးကောက်ပွဲမတိုင်မီကပင် သူရဦးတင်ဦးနှင့် ဒေါ်အောင်ဆန်းစုကြည်တို့ကို မတရားသဖြင့် ဖမ်းဆီးချုပ်နှောင်ခြင်း ခံထားရသည့်အတွက် ယာယီဥက္ကဋ္ဌအဖြစ် တာဝန်ယူထားသော ဦးကြည်မောင် ဦးဆောင်သည့် NLD ဗဟိုအလုပ်မှုဆောင်အဖွဲ့ဝင်များက ၉၀ ပြည့်နှစ် ရွေးကောက်ပွဲအနိုင်ရသော NLD အား နဝတအစိုးရထံ လွှတ်တော်ခေါ်ယူပေးရေးကို ဥပဒေနှင့်အညီ တင်ပြတောင်းဆိုခဲ့သည်။

ရွေးကောက်ပွဲအပြီး ရက်ပေါင်း (၆၀) အတွင်း ခေါ်ပေးရိုးထုံးစံရှိသည့် လွှတ်တော်ကို ခေါ်ယူမပေးသည့်အတွက် အဖွဲ့ချုပ်သည် ရွေးကောက်ပွဲ ကျင်းပခဲ့သည့် မေ ၂၇ ရက်မှ ရက်ပေါင်း ၆၀ အကြား ၁၉၉၀ ပြည့်နှစ် ဇူလိုင် ၂၈၊ ၂၉ ရက်နေ့များတွင် NLD ဗဟိုဦးစီးအဖွဲ့နှင့် လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကို ကျင်းပရန် ခေါ်ယူခဲ့သည်။

စစ်အစိုးရသည် NLD ၏ အစည်းအဝေးမတိုင်ခင် တရက်အလို (ဇူလိုင်လ ၂၇ ရက်) တွင် နဝတအတွင်းရေးမှူးချုပ် ဗိုလ်ချုပ်ခင်ညွန့် (နောင်ဗိုလ်ချုပ်ကြီး၊ အကျယ်ချုပ်ဖမ်းဆီးခံထားရသူ) လက်မှတ်ဖြင့် ကြေညာချက်အမှတ် (၁/၉၀) ကို ကမန်းကတန်းထုတ်ပြန်ပြီး အဖွဲ့ချုပ်၏အစည်းအဝေးကြီးကို ကြိုတင်ကန့်သတ်ချုပ်ချယ်ဟန့်တားမှုကို ပြုလုပ်ခဲ့သည်။

နဝတအစိုးရ၏ ကြေညာချက်အမှတ် ၁/၉၀ အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) မြန်မာနိုင်ငံသည် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီ (၄) ရက်နေ့တွင် လုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်သည်။

(၂) ၁၉၈၈ ခုနှစ်အတွင်း အရေးအခင်းများဖြစ်ပေါ်ခဲ့သဖြင့် နိုင်ငံတဝှမ်း

www.burmeseclassic.com

www.burmeseclassic.com



လုံးတွင် အခြေအနေအရပ်ရပ်ယိုယွင်းပျက်ပြားခဲ့သည်။ ထိုသို့ ယိုယွင်းပျက်ပြားခဲ့သည့် အခြေအနေအရပ်ရပ်ကို အချိန်မီထိန်းသိမ်းနိုင်ရန်အတွက် ပြည်သူပြည်သားအားလုံးအကျိုးငှာ တပ်မတော်က နိုင်ငံတော်အာဏာအရပ်ရပ်ကို လုံးဝတာဝန်ယူခဲ့သည်။ ပြည်သူ့လွှတ်တော်အပါအဝင် နိုင်ငံတော် အာဏာပိုင်အဖွဲ့အစည်းများကို ဖျက်သိမ်းလျက် နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းကာ တာဝန်ကြီး (၄) ရပ်ကို ဆောင်ရွက်မည်ဖြစ်ကြောင်း ကြေညာပြီး နိုင်ငံတော်၏ အရေးကိစ္စအဝဝကို တာဝန်ယူဆောင်ရွက်ခဲ့သည်။

(၂) နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်အတွင်း ငြိမ်ဝပ်ပိပြားရေး၊ တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေးတို့ကို ထိရောက်စွာထိန်းသိမ်းနိုင်ရန် လိုအပ်သောဥပဒေ၊ အမိန့်၊ ကြေညာချက်၊ ဥပဒေကဲ့သို့အာဏာတည်သောအမိန့်များကို ထုတ်ပြန်ခဲ့သည်။

(၄) ပြည်သူများ၏ စားဝတ်နေရေးချောင်လည်စေရန် ပုဂ္ဂလိက၊ သမဝါယမ၊ ဖက်စပ်လုပ်ငန်းများ လုပ်ကိုင်နိုင်စေရန်အတွက် အဟန့်အတားဖြစ်စေသော ဥပဒေများကိုပယ်ဖျက်ပြီး လိုအပ်သောဥပဒေ၊ အမိန့်ညွှန်ကြားချက်၊ ဥပဒေကဲ့သို့ အာဏာတည်သောအမိန့်များကိုလည်း ထုတ်ပြန်လျက် လက်တွေ့ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် နိုင်ငံတော်၏ ရေရှည်အကျိုးစီးပွားကို မျှော်မှန်း၍ လုပ်ဆောင်သင့်သည်များကိုလည်း လုပ်ဆောင်လျက်ရှိသည်။

(၅) နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတဝန်းလုံးတွင် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရန်နှင့် တိုးတက်ကောင်းမွန်စေရန် အတွက် ဆောင်ရွက်သင့်သည်များကိုလည်း ဆောင်ရွက်လျက်ရှိသည်။

(၆) နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့သည် မည်သည့်ဖွဲ့စည်းပုံအခြေခံဥပဒေကိုမျှ လိုက်နာကျင့်သုံးသောအဖွဲ့အစည်းမဟုတ်ဘဲ နိုင်ငံတော်ကို မာရှယ်လော (Martial Law) ဖြင့် အုပ်ချုပ်နေသော အဖွဲ့အစည်းဖြစ်ကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့အစိုးရသည် စစ်အစိုးရအဖြစ် အုပ်ချုပ်လျက်ရှိကြောင်းနှင့် ကုလသမဂ္ဂအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးမှ လက်ခံထားသည့် အစိုးရဖြစ်ကြောင်း အားလုံးအသိပင်ဖြစ်သည်။

(၇) နိုင်ငံတကာဆက်ဆံရေးနှင့် ပတ်သက်၍ နိုင်ငံတော်ငြိမ်ဝပ်မှု တည်

www.burmeseclassic.com

www.burmeseclassic.com



ဆောက်ရေးအဖွဲ့သည် လွတ်လပ်၍ တက်ကြွသော နိုင်ငံခြားရေးဝါဒကို ကျင့်သုံးမည်ဖြစ်ကြောင်း ကြေညာခဲ့ပြီး နိုင်ငံအသီးသီးနှင့် ချစ်ကြည်စွာ ဆက်ဆံလျက်ရှိသည်။ နိုင်ငံအချင်းချင်း သံတမန်ဆက်ဆံရေး တိုးတက်ကောင်းမွန်စေရန် မြန်မာနိုင်ငံရှိ မည်သည့်သံရုံးကိုမျှ ယခုအချိန်အထိ ပိတ်ပင်ခြင်းမရှိဘဲ ဆက်လက်ထားရှိခွင့်ပြုပြီး ပုံမှန်ဆက်ဆံနေသည့်နည်းတူ နိုင်ငံခြားတိုင်းပြည်များတွင် မြန်မာသံရုံးများကိုလည်း ရုပ်သိမ်းခြင်းမပြုဘဲ ဆက်လက်ဖွင့်လှစ်ထားရှိကာ ပုံမှန်ဆက်လက် လည်ပတ်လျက်ရှိသည့်အပြင် ယခင်က သံရုံးမရှိခဲ့သော နိုင်ငံတနိုင်ငံတွင် သံရုံးအသစ်တရုံး တိုးချဲ့ဖွင့်လှစ်ခဲ့သည်။

(၈) မြန်မာနိုင်ငံသည် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့နိုင်ငံရေးကိစ္စရပ်များနှင့် ကုလသမဂ္ဂဆိုင်ရာ လုပ်ငန်းတာဝန်များ ဆောင်ရွက်ရာတွင် ကုလသမဂ္ဂဆိုင်ရာ မြန်မာသံရုံးသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးဝါဒကို တိကျစွာ လိုက်နာဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာနှင့် ဆက်ဆံရာတွင် မြန်မာနိုင်ငံသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူနှင့်အညီ လိုက်နာကျင့်သုံးလျက်ရှိသည်။ ထို့အပြင် မြန်မာနိုင်ငံသည် မိမိ၏ လွတ်လပ်မှုကို ထိန်းသိမ်းကာကွယ်လျက် မိမိ၏ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းများကိုလည်း ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းနှင့်အညီ လိုက်နာကျင့်သုံးလျက်ရှိသည်။

(၉) နိုင်ငံအချင်းချင်း ဆက်ဆံရေးပျက်ပြားစေမှုကို ရှောင်ရှားရန် သံတမန်တချို့၏ သံတမန်ကျင့်ဝတ်ဖောက်ဖျက်မှုများကိုလည်း သဘောထားကြီးစွာဖြင့် သံတမန်အမည်နှင့် နိုင်ငံအမည်များကို ထုတ်ဖော်ခြင်းမပြုဘဲ မိမိတို့ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းမပြုရန် အကြိမ်ကြိမ် ပြောကြားခဲ့သည်။ ထို့ပြင် သံတမန်နည်းလမ်းများနှင့်အညီ သက်ဆိုင်ရာသံရုံးများသို့လည်း အကြောင်းကြားခဲ့သည်။ ယင်းသို့ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအချင်းချင်း၊ အစိုးရအချင်းချင်း ဆက်ဆံရေးပျက်ပြားစေမည့်ကိစ္စရပ်များကို ရှောင်ရှားနိုင်ခဲ့သောကြောင့် ယနေ့အထိ မည်သည့်ပြဿနာမှ ပေါ်ပေါက်ခဲ့ခြင်းမရှိပါ။ သံတမန်တချို့၏ လုပ်ရပ်ကြောင့် မိမိတို့အစိုးရအပေါ် အထင်အမြင်လွဲမှားမှုများကိုလည်း သဘောထားကြီးစွာထား၍ သံတမန်နည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



(၁၀)နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံတော်၏ တာဝန်ကို ယူခဲ့သည့်အချိန်မှစ၍ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေးတို့ကို စွဲမြဲစွာ ကိုင်စွဲဆောင်ရွက်လျက်ရှိသည်။ တဖက်တွင်လည်း လက်နက်စွဲကိုင် ဆူပူသောင်းကျန်းသူမျိုးစုံကို တပ်မတော်သားများ၏ အသက်၊ သွေး၊ ချွေး မြောက်များစွာပေးလှူလျက် ထိုးစစ်ကြီးများဖြင့် ချေမှုန်းခဲ့သည်မှာ အားလုံးအသိပင်ဖြစ်သည်။ တပ်မတော်သည် နိုင်ငံရေးအဖွဲ့အစည်းမဟုတ်သဖြင့် ဆူပူသောင်းကျန်းသူများနှင့် နိုင်ငံရေးနည်းအရ ဆွေးနွေးခြင်း ပြုလုပ်ခဲ့ခြင်း မရှိပါ။ သို့ရာတွင် လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ အလင်းဝင်လာသူများကိုမူ ကောင်းမွန်စွာ လက်ခံကြိုဆို၍ ပြန်လည်နေရာချထားပေးရေး လုပ်ငန်းများကို အဖွဲ့အစည်းဖြင့် ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့သည် နိုင်ငံရေးအစိုးရမဟုတ်သဖြင့် မည်သည့် လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့အစည်းနှင့်မျှ နိုင်ငံရေးနည်းအရ ဆွေးနွေးခြင်းပြုလုပ်ရန် အကြောင်းမရှိပေ။

(၁၁)နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့သည် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကျင်းပနိုင်ရန် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပရေးကော်မရှင်ဥပဒေကို ပြဋ္ဌာန်းလျက် ပါတီစုံဒီမိုကရေစီ အထွေ ထွေရွေးကောက်ပွဲကော်မရှင်ကို ဖွဲ့စည်းပေးခဲ့သည်။ ရွေးကောက်ပွဲဝင်လိုသော နိုင်ငံရေးပါတီများ မှတ်ပုံတင်နိုင်ရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ထို့ပြင် လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရန် ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကိုလည်း ပြဋ္ဌာန်းပေးခဲ့သည်။

(၁၂)ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ (၃)တွင် "လွှတ်တော်ကိုမဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်" ဟူ၍ ပြဋ္ဌာန်းပါရှိသည်။ ယင်းပြဋ္ဌာန်းချက်နှင့်အညီ လွှတ်တော်ခေါ်ယူဖွဲ့စည်းခြင်းကို နိုင်ငံတော် ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့က ဆောင်ရွက်ပေးမည်။ ထိုသို့ လွှတ်တော်ခေါ် ယူနိုင်ရေးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်

www.burmeseclassic.com

www.burmeseclassic.com



မရှင်က ဆောင်ရွက်ရန်ကိစ္စရပ်များ၊ ရွေးကောက်ပွဲတွင် အရွေးခံရသည့် ပါတီများနှင့် ရွေးကောက်ပွဲတွင် အရွေးခံရသည့် ပုဂ္ဂိုလ်များက ဆောင်ရွက်ရန် ကိစ္စရပ်များကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ထားကြရန် အခါအားလျော်စွာ သတင်းထုတ်ပြန်ရေးအဖွဲ့က ရှင်းလင်းခဲ့ပြီးဖြစ်သည်။

(၁၃) ယနေ့ ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြီးစီးသည့်နောက်ပိုင်းတွင် လွှတ်တော်ခေါ်ယူရေး၊ အာဏာလွှဲပြောင်းရေးကိစ္စများနှင့် စပ်လျဉ်း၍ စာစောင်များထုတ်ဝေနေခြင်း၊ဆွေးနွေးငြင်းခုံခြင်း၊ ပြည်ပအသံလွှင့်ဌာနများမှ ရှေ့ဆောင်လမ်းပြလုပ်ခြင်း၊ သွေးထိုးလှုံ့ဆော်ခြင်း၊ တရားမဝင်စာရွက်စာတမ်းထုတ်ဝေခြင်းများ ပြုလုပ်နေကြသည်။

(၁၄) လွှတ်တော်ခေါ်ယူရေးနှင့် ပတ်သက်၍ အထက်တွင် ရှင်းလင်းဖော်ပြခဲ့ပြီးဖြစ်သည်။ အာဏာလွှဲပြောင်းရေးကိစ္စနှင့် စပ်လျဉ်း၍ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ က တိုင်းမှူးများ၊ တပ်မမှူး၊ ပြည်နယ်နှင့် တိုင်းငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌများအား အခါအားလျော်စွာ ပြောကြားခဲ့သည့်မိန့်ခွန်းများတွင် ညွှန်ပြခဲ့ပြီးဖြစ်သည်။ နိုင်ငံတော် ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ အတွင်းရေးမှူး (၁) အနေဖြင့်လည်း ၁၉၉၀ ပြည့်နှင့် ဇူလိုင်၁၃ ရက်နေ့တွင် ကျင်းပသည့် (၁၀၀) ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲ၌ တိတိလင်းလင်းပြောဆိုခဲ့ပြီး ဖြစ်သည်။

(၁၅) နိုင်ငံရေးအဖွဲ့အစည်းတရပ်သည် ပြည်သူ့လွှတ်တော်တရပ် ပေါ်ပေါက်လာရုံဖြင့် ဥပဒေပြုမှုအာဏာ၊ စီမံခန့်ခွဲမှုအာဏာနှင့် တရားစီရင်မှု အာဏာဟူသော အချုပ်အခြာအာဏာ (၃) ရပ်ကို အလိုအလျောက်မရရှိဘဲ ဖွဲ့စည်းပုံအခြေခံဥပဒေတရပ်အပေါ် အခြေပြု၍သာ ရယူနိုင်ကြောင်း အထူးရှင်းလင်းရန် လိုမည်မဟုတ်ပါ။ ၁၉၄၇ ခုနှစ်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေသည် ၁၉၄၇ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်နေ့တွင် တိုင်းပြည်ပြုလွှတ်တော်ကလက်ခံ၍ ဥပဒေအဖြစ် အတည်ပြုခဲ့သည်။ သို့သော် ထိုအခြေခံဥပဒေအာဏာတည်ပြီး အမှန်တကယ် အကျိုးသက်ရောက်သည်မှာ မြန်မာနိုင်ငံလုံးဝလွတ်လပ်သော အချုပ်အခြာအာဏာပိုင်နိုင်ငံတော်ဖြစ်ကြောင်း ကြေညာသည့် ၁၉၄၈ ခုနှစ်၊ ဇန်နဝါရီလ (၄) ရက်နေ့တွင်မှဖြစ်သည်ကို ဥပဒေကြောင်းအရ အထင်အရှားတွေ့နိုင်သည်။ နိုင်ငံတခု၏ ဖွဲ့စည်းပုံအခြေခံဥပဒေ

www.burmeseclassic.com

www.burmeseclassic.com



တရပ်သည် လွတ်လပ်ရေးမရမီ ရေးသားထားသည့် ဥပဒေနှင့် လွတ်လပ်ရေး ရရှိသည့်နောက်မှ ရေးသားထားသည့် ဥပဒေဟူ၍ နှစ်မျိုးရှိသည်။ လွတ်လပ်ရေးရရှိခဲ့ကြသည့် ကမ္ဘာ့နိုင်ငံအသီးသီးတွင် အချုပ်အခြာအာဏာကို လက်ဆုပ်လက်ကိုင်ရပြီးမှသာ တိုင်းပြည်ပြုလွှတ်တော်ကိုခေါ်ယူ၍ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရေးဆွဲကြသည့် အစဉ်အလာရှိသည်။ မြန်မာနိုင်ငံတွင်မူ တိုင်းပြည်ပြုလွှတ်တော်တွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြီးမှ လွတ်လပ်ရေး ကြေညာခဲ့ရသည်။ ထိုသို့ ဆောင်ရွက်ခဲ့ခြင်းသည် ထိုအချိန်က နိုင်ငံခေါင်းဆောင်များအနေဖြင့် ဗြိတိသျှတို့ထံမှ ငြိမ်းချမ်းသောနည်းဖြင့် လွတ်လပ်ရေးကို အမြန်ရယူလိုသောဆန္ဒကြောင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း မှာ ထင်ရှားသည်။

(၁၆)၁၉၇၄ ခုနှစ် အခြေခံဥပဒေကို လေ့လာပါက လွတ်လပ်ရေးရပြီးနောက်ရေးဆွဲခြင်းဖြစ်ပြီး ပြည်သူ့ဆန္ဒခံယူပွဲဖြင့် ပြဋ္ဌာန်းခဲ့သောဥပဒေဖြစ်သည်ကို မည်သူမျှငြင်းဆိုခြင်းပြုနိုင်မည်မဟုတ်ပါ။

(၁၇)၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်ရေးမရမီ ရေးဆွဲသည့် ဥပဒေဖြစ်ပြီး ၁၉၇၄ ခုနှစ်ဖွဲ့စည်းပုံအခြေခံဥပဒေသည် လွတ်လပ်ရေးရပြီးမှ ရေးဆွဲသည့်ဥပဒေဖြစ်ကြောင်း ကွာခြားချက်ကို အထူးသတိပြုရန်လိုသည်။

(၁၈)ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည့် နိုင်ငံရေးပါတီအများစု၏ဆန္ဒမှာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲရေးဖြစ်ကြောင်း ယင်းတို့၏ သဘောထားကြေညာချက်များအရ သိရှိနိုင်သည်။ ၁၉၄၇ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲစဉ်က တိုင်းရင်းသားများအရေးနှင့်ပတ်သက်၍ ပင်လုံညီလာခံတွင် ရှမ်း၊ ကချင်၊ ချင်းလူမျိုးစုများနှင့်သာ ဆွေးနွေးညှိနှိုင်းခဲ့ပြီး မွန်၊ ရခိုင်စသောလူမျိုးစုများနှင့် ဆွေးနွေးညှိနှိုင်းမှု မရှိကြောင်း တွေ့ကြရမည်ဖြစ်သည်။ ယနေ့မြန်မာနိုင်ငံတွင် နိုင်ငံရေးနိုးကြားလာသော တိုင်းရင်းသားလူမျိုးများ အများအပြားရှိရာ ၎င်းတိုင်း၏ဆန္ဒ သဘောထားများကို ညှိနှိုင်းရယူပြီး ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တရပ် ရေးဆွဲပြဋ္ဌာန်းရန် အထူးလိုအပ်နေကြောင်း ထင်ရှားနေသည်။

(၁၉)နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် စစ်အစိုးရတရပ်ဖြစ်သည်နှင့်အညီ မာရှယ်လော (Martial Law) ဥပဒေကို ကိုင်စွဲသုံးနေသည့် အစိုးရဖြစ်သည်။ ထိုသို့ဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံအား အောက်ပါအတိုင်း

www.burmeseclassic.com

www.burmeseclassic.com



အာဏာသုံးရပ်ဖြင့် ကျင့်သုံးလျက်ရှိသည်။

(က) ဥပဒေပြုမှုအာဏာ။ ။နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့ကသာ ကျင့်သုံးပိုင်ခွင့်ရှိသည်။

(ခ) စီမံခန့်ခွဲမှုအာဏာ။ ။နိုင်ငံတော်ငြိမ်ဝပ်မှု တည်ဆောက်ရေးအဖွဲ့က ကျင့်သုံးပိုင်ခွင့်ရှိသည်။ သို့ရာတွင် ယင်းအာဏာကို အစိုးရအဖွဲ့နှင့်တကွ ပြည်နယ်၊ တိုင်း၊ မြို့နယ်စု၊ မြို့နယ်၊ ရပ်ကွက်ကျေးရွာအုပ်စု ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့အဆင့်ဆင့်အား ခွဲဝေပေးလျက် စီမံခန့်ခွဲရေးကိစ္စရပ်များကို စုပေါင်းခေါင်းဆောင်မှုဖြင့် တာဝန်ပေး ဆောင်ရွက်စေလျက်ရှိသည်။ ယင်းသို့ ဆောင်ရွက်စေခြင်းမှာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ပေါ်ပေါက်လာမည့်အစိုးရလက်ထက်တွင် ဝန်ထမ်းများသည် ဌာနဆိုင်ရာလုပ်ငန်းများကို နိုင်ငံရေးပါတီများနှင့်ကင်းရှင်းစွာ ဆောင်ရွက်နိုင်စေရန် လေ့ကျင့်ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

(ဂ) တရားစီရင်မှုအာဏာ။ ။နိုင်ငံတော်ငြိမ်ဝပ်မှုတည် ဆောက်ရေးအဖွဲ့က ကျင့်သုံးပိုင်ခွင့်ရှိသည်။ သို့ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်လာသည့်အချိန်တွင် အလေ့အကျင့်ရစေရန် သာမန်ရာဇဝတ်မှုနှင့် တရားမမှုစသည်များကို တရားရုံးအဆင့်ဆင့်ဖွဲ့စည်းပြီး စစ်ဆေးစီရင်စေလျက်ရှိသည်။

(၂၀)ထို့ကြောင့် ယနေ့အခြေအနေတွင် ပြည်သူများက ရွေးကောက်တင်မြှောက်လိုက်သော ကိုယ်စားလှယ်များသည် အနာဂတ်ဒီမိုကရေစီ နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲကြရန် တာဝန်ရှိသည့်ပုဂ္ဂိုလ်များ ဖြစ်သည်။

(၂၁)နိုင်ငံတော်အာဏာရယူရေးအတွက် ယာယီဖွဲ့စည်းပုံ အခြေခံ ဥပဒေရေးဆွဲ၍ အစိုးရဖွဲ့စည်းခြင်းကို မည်သည့်နည်းနှင့်မျှ လက်ခံနိုင်မည် မဟုတ်သည့်အပြင် ထိုသို့ဆောင်ရွက်ပါက ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူမည်ဖြစ်ကြောင်းနှင့် ပြည်သူ့ဆန္ဒနှင့်အညီ ခိုင်မာသောဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ပေါ်ပေါက်လာမည့် အစိုးရတရပ်မဖွဲ့စည်းမီ ကြားကာလတွင် နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့အနေဖြင့်

(က) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြို

www.burmeseclassic.com

www.burmeseclassic.com



ကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသည့် အရေး(၃) ပါး။

(ခ) နိုင်ငံတော်ငြိမ်ဝပ်မှု တည်ဆောက်ရေးအဖွဲ့ ကြေညာချက်အမှတ် (၁/၈၈)တွင် ပါရှိသော တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေအေးချမ်းသာယာရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး၊ ပြည်သူများ၏ စားဝတ်နေရေး ချောင်လည်စေရေးနှင့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပရေး စသည့် လုပ်ငန်းတာဝန်ကြီး (၄) ရပ်အနက် ပါတီစုံဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲကျင်းပရေးတာဝန်မှအပ ဖြစ်သော လုပ်ငန်းတာဝန်ကြီး (၃) ရပ်နှင့်

(ဂ) မြန်မာနိုင်ငံအတွင်းရှိ တိုင်းရင်းသားလူမျိုးအားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက်ဆောင်ရွက်ရန် လုပ်ငန်းတာဝန်များကို အလေးဂရုပြု ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**အမိန့်အရ**

**(ပုံ) ခင်ညွန့်**

**ဗိုလ်ချုပ်**

**အတွင်းရေးမှူး (၁)**

**နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့**

၁၉၉၀ ပြည့်နှစ်၊ ဇူလိုင် ၂၈ ရက်နေ့တွင် ယာယီဥက္ကဋ္ဌ ဦးကြည်မောင် ဦးစီးကျင်းပသည့် "ဂန္ဓီခန်းမအစည်းအဝေးကြီး" ကို ကျင်းပခဲ့သည်။ အရွေးချယ်ခံအဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်အားလုံးနီးပါး အပါအဝင် အဖွဲ့ချုပ်အဖွဲ့ဝင်ပေါင်း (၅၀၀) ကျော်တက်ရောက်ကြသည့် ဂန္ဓီခန်းမအစည်းအဝေးကြီးကို ပြည်သူလူထုတစ်သောင်းခန့်က လူထုအင်းအားဖြင့် ဝိုင်းရံစောင့် ကြည့်နေခဲ့ကြပြီး ပြည်တွင်းပြည်ပနေရာပေါင်းစုံမှ အလေးထား မျှော်လင့်ခဲ့ကြသည်။

သို့သော် ထွက်ပေါ်လာခဲ့သည့် ဂန္ဓီခန်းမဆုံးဖြတ်ချက်သည် အများမျှော်လင့် တောင့်တခဲ့သည့်အတိုင်းမဟုတ်ဘဲ နောက်ထပ်ရက်ပေါင်း ၆၀ အတွင်း (စက်တင်ဘာလ နောက်ဆုံးထားပြီး) လွှတ်တော်ခေါ်ပေးရေး၊ အထွေထွေ သဟဇာတဖြစ်ရေး၊ အာဃာတကင်းစင်ရေးမှုများနှင့် ချောမွေ့စွာ အာဏာလွှဲပြောင်းပေးရေးတို့အတွက် နဝတအစိုးရနှင့် NLD တွေ့ဆုံဆွေးနွေးရေးကို သာ တောင်းဆိုကြေညာနိုင်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဇူလိုင်လ ၂၉ ရက်နေ့တွင် ထုတ်ပြန်ခဲ့သော ဂန္ဓီခန်းမကြေညာစာတမ်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်။

၁။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြကုန် သော ကျွန်ုပ်တို့သည် မြန်မာသက္ကရာဇ် ၁၃၅၂ ခုနှစ်၊ ဝါခေါင်လဆန်း (၇) ရက်နှင့် (၈) ရက် (၁၉၉၀ပြည့်နှစ်၊ ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်) နေ့များတွင် ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်ရှိ ဂန္ဓီခန်းမဆောင်၌ စုဝေးရောက်ရှိကြပြီး တိုင်းရင်းသားပြည်သူတရပ်လုံး၏ အကျိုးငှာ နိုင်ငံတော်ရေးရာအဖြာဖြာနှင့် ပြည်သူ့လွှတ်တော်ခေါ်ဆိုဖွဲ့စည်းရေးကိစ္စအဝဝတို့ကို ဆွေးနွေးညှိနှိုင်းတိုင်ပင်ကြပြီး သကာလ တညီတညွတ်တည်းဆုံးဖြတ်ကာ ဤ **'ဂန္ဓီခန်းမကြေညာစာတမ်း'** ကို ထုတ်ပြန်ကြေညာလိုက်ကြပေသည်။

၂။ မြန်မာနိုင်ငံတွင် နှစ်ပေါင်း(၃၀) အတွင်း ပထမဆုံးအကြိမ်အဖြစ် ၁၉၉၀ ပြည့်နှစ် မေလ ၂၇ ရက်နေ့၌ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ (၄၈၅) နေရာအတွက် ကျင်းပခဲ့ရာ၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အများပြည်သူလူထုကြီး၏ တခဲနက်သော ထောက်ခံမှုတို့ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ (၃၉၂) နေရာတွင် အနိုင်ရရှိခဲ့ပေသည်။ သို့ရာတွင် အမျိုးသားဒီမိုကရေစီဖွဲ့ချုပ်သည် ကမ္ဘာ့ဒီမိုကရေစီနိုင်ငံများ၏ ကျင့်ထုံးများအတိုင်း ဖွဲ့စည်းရမည့် အစိုးရတရပ်ကို ခိုင်မာစွာဖွဲ့စည်းနိုင်လောက်သည့် ထက်ဝက်ကျော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အင်အားထက် ကျော်လွန်ရုံမျှမက လွှတ်တော်ကိုယ်စားလှယ်အရေတွက်၏ ရာခိုင်နှုန်း (၈၀) ကျော်အထိ လုံးလုံးလျားလျားအနိုင်ရရှိခဲ့သဖြင့် ပြည်သူ့လွှတ်တော်အား ဦးဆောင်နိုင်သော အနေအထား အခိုင်အမာရရှိထားပြီး ဖြစ်ပေသည်။

၃။ ယခုအခါ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပပြီးခဲ့ပြီးဖြစ်လေသည်။ အထွေထွေရွေးကောက်ပွဲကြီးပြီးလျှင် ပြည်သူ့လွှတ်တော်ကို မရှေးမနှောင်းကာလ၌ အမြန်ဆုံးဖွဲ့စည်းပေးရမည်မှာ ဓမ္မတာပင်ဖြစ်လေသည်။ ပြည်သူလူထုကလည်း ဤအတိုင်း မျှော်လင့်နေကြပေသည်။ သို့သော် ရွေးကောက်ပွဲကြီးပြီး၍ ရက်ပေါင်း (၆၀) ကြာလာသည့်တိုင်အောင် ပြည်သူ့လွှတ်တော်ကို မဖွဲ့စည်းရသေးပေ။

www.burmeseclassic.com

www.burmeseclassic.com



ရွေးကောက်ပွဲတွင် လုံးလုံးလျားလျားအများစုအနိုင်ရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် နိုင်ငံတော်အတွက် လောလောဆယ် အကျိုးစီးပွားနှင့် ရေရှည်အနာဂတ်ကာလအကျိုးစီးပွားများကို အခြေခံထား၍၊ တမျိုးသားလုံး ပြန်လည်သင့်မြတ်ရေးစိတ်ဓါတ်ဖြင့် ပွင်းလင်းသော၊ ရိုးသားသော၊ စေတနာအပြည့်ပါသော နှစ်ဦးနှစ်ဖက်ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှုများ ပြုလုပ်သွားရန် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဗဟိုအလုပ်အမှုဆောင်အဖွဲ့မှ အဆိုပြုချက်ကိုလည်း နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့က တစုံတရာ အကြောင်းပြန်ကြားခြင်းမရှိခဲ့ပေ။

၄။ ရဟန်းရှင်ပြည်သူများ၊ လယ်သမားများ၊ အလုပ်သမားများ၊ ကျောင်းသားလူငယ်များ၊ ဝန်ထမ်းများအပါအဝင်ဖြစ်သော တိုင်းရင်းသားပြည်သူ လူထုကြီးသည် နိုင်ငံတော်ဒီမိုကရေစီအခွင့်အရေးများ ကန့်သတ်ခံထားမှုကြောင့် လက်ရှိမျက်မှောက်ပြုနေရသော စားဝတ်နေရေးကြပ်တည်းမှု၊ စိုးရိမ်ထိတ်လန့်နေရမှုနှင့် သောကဗျာပါဒဘေးမှ ကင်းလွတ်ရေးတို့အတွက် ဒီမိုကရေစီအုပ်ချုပ်ရေးစနစ်ကို အမြန်ဆုံးကူးပြောင်းရောက်ရှိရန် ဆန္ဒပြင်းပြလျက် ရှိနေပေသည်။

၅။ ဒီမိုကရေစီစနစ်ကိုကျင့်သုံးသည့် ယဉ်ကျေးသော လူ့အဖွဲ့အစည်း၊ တိုင်းနိုင်ငံတိုင်းတွင် ပြည်သူ့လွှတ်တော်ကို အမြင့်ဆုံးသော မဏ္ဍိုင်ကြီးတရပ်အဖြစ် ပြည်သူလူထုတရပ်လုံးက အလေးအမြတ်ပြုထားခြင်းအားဖြင့် နိုင်ငံတော်ဂုဏ်ကျက်သရေကို မြှင့်တင်ကြစမြဲဖြစ်လေသည်။ ကျွန်ုပ်တို့ မြန်မာနိုင်ငံတွင်လည်း ဒီမိုကရေစီပြည်သူ့လွှတ်တော်ကြီးတရပ် ငွားငွားစွင့်စွင့် တည်ရှိနေမှသာ ကျက်သရေမင်္ဂလာ ထည်ဝါပြည့်စုံပြီး ကမ္ဘာ့အလယ်တွင် လေးစားခံထိုက်သော ဂုဏ်အင်္ဂါအပေါင်းဖြင့် တင့်တယ်ပေမည်ဟု ကျွန်ုပ်တို့က အလေးအနက် ယုံကြည်ကြပေသည်။

၆။ ယနေ့ ပြည်သူတို့ ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး စသော အကြပ်အတည်းများသည် ပြည်သူတို့က ယုံကြည်ကိုးစားစွာ ရွေးချယ်တင်မြှောက်လိုက်သည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းသော ပြည်သူ့လွှတ်တော်ကသာ ဦးဆောင်၍ ပြည်သူ့ဆန္ဒနှင့်အညီ ဖြေရှင်းအပ်ပေသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ဖြစ်ရာ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ အခန်း (၂) ပုဒ်မ (၃) ၌ ပြဋ္ဌာန်းထားသော "လွှတ်တော်ကို မဲဆန္ဒနယ်များမှ ဤဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်လိုက်သော လွှတ်တော်ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းရမည်" ဟူသော ပြဋ္ဌာန်းချက်နှင့်အညီ ပြည်သူ့လွှတ်တော်ကို အမြန်ဆုံး ခေါ်ယူဖွဲ့စည်းပေးရန် အရေးတကြီး လိုအပ်နေပေသည်။

၇။ ပြည်သူ့လွှတ်တော်ဖွဲ့စည်းရေးသည် တာဝန်ရှိကြကုန်သော သက်ဆိုင်ရာများအဖို့ တရားဥပဒေအရလည်းကောင်း၊ ကျင့်ဝတ်အရလည်းကောင်း ပျက်ကွက်ခြင်းငှာ လုံးဝမဖြစ်နိုင်သည့်အပြင် ဖြစ်ပေါ်နေသော ပြည်သူတို့၏ ဆန္ဒနှင့် တိုင်းပြည်၏ အကျပ်အတည်း အခြေအနေ အရပ်ရပ်တို့ကို ထောက်ထားပါလျှင်လည်း ပြည်သူ့လွှတ်တော်ခေါ်ယူဖွဲ့စည်းရေးကို ပျက်ကွက်ခြင်းငှာ လုံးဝမသင့်လျော်၊ ပျက်ကွက်ခြင်းငှာ လုံးဝမထိုက်ဟု ကျွန်ုပ်တို့ ခံယူပေသည်။

၈။ သို့ဖြစ်ရကား ပြည်သူ့လွှတ်တော်ကို အမြန်ဆုံး မဖြစ်မနေ မွေးဖွားသန့်စင်ပေးရပေတော့မည်။ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ အခန်း (၁)၊ ပုဒ်မ ၂ (က) တွင် "လွှတ်တော်ဆိုသည်မှာ ပြည်သူ့လွှတ်တော်ကိုဆိုသည်" ဟု ပြဋ္ဌာန်းထားချက်အရ ယခု ပေါ်ပေါက်လာမည့် ပြည်သူ့လွှတ်တော်သည် တိုင်းပြုပြည်ပြုလွှတ်တော်မဟုတ်ကြောင်းကိုလည်း ကျွန်ုပ်တို့ အလေးအနက် ခံယူထားပေသည်။

ဥပဒေနှင့်အညီ ဖြစ်အပ်သောအာဏာ (သို့တည်းမဟုတ်) ဥပဒေနှင့်အညီ ဖြစ်အပ်သောအာဏာလွှဲပြောင်းရေးကိစ္စတို့နှင့်ပတ်သက်၍ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ်ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ အသင့်ရေးဆွဲထားရှိပြီးဖြစ်ကြောင်းသိရှိရ၍ ကျွန်ုပ်တို့က ကြိုဆိုပေသည်။

အဆိုပါ ၁၉၉၀ ပြည့်နှစ် ယာယီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေ (မူကြမ်း) ကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့် အခြားအဖွဲ့အစည်း အသီးသီးနှင့် ညှိနှိုင်းဆွေးနွေးမည့် အစီအစဉ်ကိုလည်း ကျွန်ုပ်တို့က ထောက်ခံပေသည်။

ဤယာယီဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေအားဖြင့် ဥပဒေနှင့်အညီ အာဏာလွှဲပြောင်းရေးကို ဖြစ်မြောက်အပ်သည်ဟု ကျွန်ုပ်တို့က တညီတညွတ်တည်း ယူဆကြပေသည်။

www.burmeseclassic.com

www.burmeseclassic.com



၉။ ထို့နောက် ဒီမိုကရေစီပြည်ထောင်စုသစ်အတွက် ရည်သန်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ကို ကျွန်ုပ်တို့ပါဝင်သော ပြည်သူ့လွှတ်တော်ကသာလျှင် ရေးဆွဲပြဋ္ဌာန်းအတည်ပြုရန် တာဝန်ရှိပေသည်။ ကျွန်ုပ်တို့ကလည်း ထိုတာဝန်ကို ထမ်းဆောင်သောအခါ၌ ကျယ်ပြန့်စွာ ညှိနှိုင်း ဆောင်ရွက်သွားကြမည်ဖြစ်ပေသည်။

သို့သော် ပြည်သူ့လွှတ်တော်၏ အာဏာအပ်နှင်းမှုမရှိဘဲ ပြည်သူ့လွှတ်တော်၏ အာဏာစက်မရှိဘဲ၊ ပြည်သူ့လွှတ်တော်၏ အဆောင်အယောင် အရှိန်အဝါမရှိဘဲ၊ ပြည်သူ့လွှတ်တော်က အတည်ပြုပြဋ္ဌာန်းခြင်းမရှိဘဲ၊ ပြည်သူ့လွှတ်တော်မှ အခြားမည်သည့်နေရာ၊ မည်သည့်အချိန်၌မဆို၊ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေကို ရေးဆွဲခွင့်လည်းမရှိ၊ ပြဋ္ဌာန်းအတည်ပြုခွင့်လည်းမရှိ၊ သို့ရေးဆွဲကြမည်ဆိုလျှင် လွှတ်တော်အာဏာစက်မရှိသဖြင့် ဥပဒေအာဏာစက်လည်း ရှိလိမ့်မည်မဟုတ်ပေ။ ဤလမ်းကြောင်းအတိုင်း ဆောင်ရွက်မှုသည် သိက္ခာပင် ရှိလိမ့်မည်မဟုတ်ဟု ကျွန်ုပ်တို့ယူဆသည်။

ထို့ကြောင့် ပြည်သူလူထု လိုလားတောင့်တနေသော ဒီမိုကရေစီပြည်ထောင်စုသစ်ကြီး ထူထောင်ရန်အတွက် ရည်သန်သော ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေသစ်ရေးဆွဲရန်အလို့ငှာပင် ပြည်သူ့လွှတ်တော်ကို ဆောလျှင်စွာ ခေါ်ယူဖွဲ့စည်းရန် အထူးလိုအပ်ကြောင်းမှာ ထင်ရှားပေသည်။

၁၀။ ဤနေရာတွင် ဒီမိုကရေစီအစိုးရ မပေါ်ပေါက်မီ ကာလတလျှောက် မလွှဲမသွေ၊ မရှောင်မလွှဲသာပေါ်ပေါက်မည့် ဒီမိုကရေစီအခွင့်အရေးများ ပြဿနာကိုလည်း ချောမောစွာ ကိုင်တွယ်ဖြေရှင်းကြလိမ့်မည်ဟု ကျွန်ုပ်တို့ သဘောရရှိပေသည်။

ဒီမိုကရေစီအစိုးရ ပေါ်ထွန်းသည့်အခါကျမှသာ ဒီမိုကရေစီအခွင့်အရေးတွေရရှိစေ၊ ဤသို့မပေါ်ထွန်းမီကာလ၌မူ ဒီမိုကရေစီအခွင့်အရေးများ ဆိတ်သုဉ်းနေဆိုသည့်အဖြစ်မျိုးကား လုံးဝမလိုလားအပ်ပေ။

ဒီမိုကရေစီအစိုးရမပေါ်ပေါက်မီကာလတွင် ဒီမိုကရေစီ အခြေအနေများ ဖန်တီးပေးမှုဟာ ဒီမိုကရေစီပြည်ထောင်စုသစ်ထူထောင်ရေးအထိ၊ အေးချမ်းသာယာစွာ ညင်သာသောအသွင်ဖြင့် အထောက်အကူပြု ဖြစ်ထွန်းသွားလိမ့်မည်ဟု ကျွန်ုပ်တို့ယုံကြည်ပေသည်။ ဒီမိုကရေစီအခြေအနေများ ရှိပါမှလည်း

www.burmeseclassic.com

www.burmeseclassic.com



ပြည်သူလူထုသည် တထိတ်ထိတ်တလန့်လန့်နှင့် ကျီးလန့်စာစားနေရသော ဗျာပါဒဘေးတို့မှ ကင်းဝေးကြသည်ဖြစ်၍ ကိုယ်စိတ်နှစ်ပါးချမ်းသာကာ ဒီမိုကရေစီပြည်ထောင်စုသစ် ထူထောင်ရေးကို တက်ညီလက်ညီ ကိုယ်စီအသိစိတ်ဓါတ်ဖြင့် ဆောင်ရွက်သွားနိုင်ကြပါမည်။

ဤကာလများအတွင်း အများပြည်သူလူထုအတွက် အနိမ့်ဆုံးအားဖြင့် ခံစားထိုက်သော လွတ်လပ်စွာ ရေးသားပုံနှိပ်ထုတ်ဝေခွင့်၊ လွတ်လပ်စွာယူဆတင်ပြခွင့်တို့သည် စည်ပင်နေရပါမည်။ ပြည်သူ့လွှတ်တော်တွင် အစိုးရတရပ်ကို လွတ်လွတ်ကျွတ်ကျွတ် ဖွဲ့စည်းနိုင်လောက်အောင် လွှတ်တော်ကိုယ်စားလှယ် လုံးလုံးလျားလျားအများစုရရှိထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကိုယ်တိုင်က အနိမ့်ဆုံး ဒီမိုကရေစီအခွင့်အရေးတို့ကိုပင် ဆုံးရှုံးအနစ်နာခံနေရသည်ဟုဆိုလျှင် ဖြစ်ရိုးဖြစ်စဉ်နိုင်ငံရေးသဘာဝယုတ္တိများနှင့် လုံးဝ ဖီလာဖြစ်နေပေမည်။ ပြည်သူလူထုအပြင် ကမ္ဘာ့အမြင်တို့၌ အလွန်တရာမှ အကျည်းတန်နေမည်မှာ သေချာပေသည်။

ကျွန်ုပ်တို့သည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးမှတဆင့် မဲဆန္ဒရှင် ပြည်သူလူထု၏ ဆန္ဒအဆုံးအဖြတ်ကို ရယူထားသူများဖြစ်၍ ထိုသဘာဝနှင့် လိုက်လျောညီထွေစွာ သင့်တင့်လျောက်ပတ်သော အဆင့်အတန်းကို ရရှိကြရပေမည်။ ယုတ်စွအဆုံး ကျွန်ုပ်တို့အား အနှောင့်အယှက်၊ အဟန့်အတား ခြိမ်းခြောက်မှုတို့မှ ကင်းဝေးစေရမည်။

၁၁။ လောလောဆယ် အခြေအနေအရ ကျွန်ုပ်တို့နိုင်ငံတွင် တပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်သို့ ကူးပြောင်းရမည်ဖြစ်သဖြင့် ဖြေရှင်းဆောင်ရွက်ကြရမည့်အကျပ်အတည်း၊ အခက်အခဲပြဿနာများရှိမည်ကို ကျွန်ုပ် အကျပ်တည်းများကိုလည်း ဒီမိုကရေစီအခြေခံတရားများကို မထိပါးမပျက်ယွင်းစေဘဲ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့် နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့သည် တမျိုးသားလုံးပြန်လည်သင့်မြတ်ရေးဦးတည်ချက်ဖြင့် ရိုးသားမှု၊ ပွင့်လင်းမှု၊ အပြန်အလှန်လေးစားမှုတို့ကို အခြေခံကာ တွေ့ဆုံဆွေးနွေး အဖြေရှာခြင်းအားဖြင့် မုချဖြေရှင်းနိုင်ရမည်ဟု ကျွန်ုပ်တို့ မျှော်လင့်ကြပေသည်။

ယနေ့ ကမ္ဘာတွင် အလွန်ရှုပ်ထွေးနက်နဲသော၊ လူသားအားလုံးကို ပျက်ပြုန်းစေမည့် အဏုမြူစစ်ပွဲကြီးအန္တရာယ်ကိုပင် တွေ့ဆုံဆွေးနွေး အဖြေရှာခြင်း

www.burmeseclassic.com

www.burmeseclassic.com



နည်းဖြင့် ယနေ့အချိန်အထိ ဟန့်တားထားနိုင်ခဲ့ပြီးဖြစ်ရာ ကျွန်ုပ်တို့နိုင်ငံတွင် အချင်းချင်းဖြစ်ပွားနေရသော ပြဿနာဟူသမျှသည်လည်း မျက်နှာချင်းဆိုင်တွေ့ဆုံဆွေးနွေးခြင်းဖြင့် ချောမောပြေတည်ရမည်ဟု ကျွန်ုပ်တို့ ယုံကြည်ပေသည်။ ယင်းသို့ တွေ့ဆုံရာတွင် –

(က) ပွင့်လင်းရိုးသားမှုနှင့် အပြန်အလှန် လေးစားလိုက်နာရေးမှု၊

(ခ) တမျိုးသားလုံး ပြန်လည်သင့်မြတ်ရေးမှု၊

(ဂ) ငြိမ်းချမ်းချောမွေ့သောနည်းကို အသုံးချရေးမှု၊

(ဃ) အာဃာတကင်းစင်သော အထွေထွေသဟဇာတဖြစ်မှုကို ရှေ့ရှုရေးမှု စသည်တို့ကို ကိုင်စွဲရမည်ဟုလည်း ကျွန်ုပ်တို့ခံယူထားပေသည်။

၁၂။ ပြည်သူ့ကိုယ်စားလှယ်များဖြင့် ပါဝင်ဖွဲ့စည်းသည့် ပြည်သူ့ လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းရန် တောင်းဆိုပိုင်ခွင့်မှာ ပြည်သူလူထု၏ အခြေခံမှု အကျဆုံးသော တရားဝင်ပိုင်ခွင့်တရပ် ဖြစ်ပေသည်။ ယင်း ပိုင်ခွင့်တောင်းဆိုရန် ပြည်သူ့ကိုယ်စားလှယ်များဖြစ်ကြကုန်သော ကျွန်ုပ်တို့၌ တာဝန်ရှိပေသည်။

၁၃။ သို့ဖြစ်ရကား ပြည်သူလူထုကြီး၏ ဆန္ဒနှင့်အညီ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲ ဥပဒေ အခန်း (၂)၊ ပုဒ်မ (၃) အရလည်းကောင်း၊ ဒီမိုကရေစီ၏ အနှစ်သာရများအရလည်းကောင်း၊ နိုင်ငံတကာကျင့်ထုံးကျင့်နည်းများနှင့် လျော်ညီစွာလည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလအတွင်း ပြည်သူ့လွှတ်တော်ကို ခေါ်ယူဖွဲ့စည်းပေးရန် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြကုန်သာ ကျွန်ုပ်တို့က နိုင်ငံတော်ငြိမ်ဝပ်မှုတည်ဆောက်ရေးအဖွဲ့အား ဤနေ့ဤရက်မှစ၍ တညီတညွတ်တည်း တောင်းဆိုလိုက်ပြီဖြစ်ကြောင်း ကြေညာအပ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ
မဟာဂန္ဓာရုံကျောင်းတိုက်
ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့

www.burmeseclassic.com

www.burmeseclassic.com



သို့ကလို ဂန္ဒီအစည်းအဝေးကြီးကို လွှတ်တော်အဖြစ် ပြောင်းလဲ ကြေညာနိုင်ခဲ့ခြင်းမရှိသည့်အတွက် အားမလိုအားမရဖြစ်သူများ ရှိခဲ့လေသည်။ ဂန္ဒီအစည်းဝေးကြီးနောက်ပိုင်း၌ အဖွဲ့ချုပ်သည် လွှတ်တော်ခေါ်ပေးရေး၊ အာဏာလွှဲပြောင်းရေးကို အကြိမ်ကြိမ်တောင်းဆို ပြောကြားသံမှန်သမျှကို နဝတစစ်အစိုးရက 'သူခိုးလူပြန်ဟစ်' ဆိုသလို 'အာဏာရူးများ' ၊ '၁/၉၀ ကို ချိုးဖောက်ဆန့်ကျင်နေမှုများ' အဖြစ် တုန့်ပြန်ရန်စောင်ရင်း NLD ကိုအဓိကဦးတည်ရန်သူကြီးအဖြစ် သတ်မှတ်ပြီး ဖက်ပေါင်းစုံမှ ချိုးနှိမ်နှိပ်ကွပ်မှုများ တိုးမြှင့်လာခဲ့သည်။

ထို့နောက် နဝတစစ်အစိုးရသည် ယာယီဥက္ကဋ္ဌ ဦးကြည်မောင်အပါအဝင် အဖွဲ့ချုပ်ခေါင်းဆောင်များ၊ အမြို့မြို့အနယ်နယ်က လွှတ်တော်ကိုယ်စားလှယ်များ ဖမ်းဆီးခဲ့ရသလို၊ ခေါ်ယူစစ်ဆေးမေးခံမှုများ၊ ထိန်းသိမ်းကန့်သတ်အရေးယူခံရမှုများကို ဆက်တိုက်ပြုလုပ်လာခဲ့သည်။

နဝတစစ်အစိုးရ၏ လွှတ်တော်ခေါ်ယူပေးရေး ငြင်းဆန်နေမှုကြောင့် တက်ကြွသော လွှတ်တော်ကိုယ်စားလှယ်အချို့က ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာ၊ အောက်တိုဘာအတွင်း အမရပူရနှင့် မန္တလေးမြို့များ၌ လျှို့ဝှက်တွေ့ဆုံဆွေးနွေးမှုများ လုပ်ဆောင်ခဲ့ကြပြီး စင်ပြိုင်အစိုးရဖွဲ့စည်းနိုင်ရေးကို ကြိုးပမ်းလှုပ်ရှားခဲ့မှုများ ပေါ်ပေါက်လာခဲ့သည်။ စစ်အစိုးရထောက်လှမ်းရေးက ဖော်ထုတ်ဖမ်းဆီးပြီး ပြင်းပြင်းထန်ထန် အရေးယူခဲ့သည့်အတွက် အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်အချို့ ထောင်ဒဏ်ချမှတ်ခံရသည့်အပြင် လွှတ်တော်ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ကြောင်း ရွေးကောက်ပွဲကော်မရှင်မှ မတရားသဖြင့်ကြေညာခြင်းကို ခံခဲ့ရသည်။ လွှတ်တော်ကိုယ်စားလှယ်တချို့ ဖမ်းဆီးခံရာမှ ထောင်ထဲ၌ပင်သေဆုံးခဲ့ရသည်။ (ဥပမာ ခရမ်းလွှတ်တော် ကိုယ်စားလှယ် ဦးတင်မောင်ဝင်းသည် အင်းစိန်ထောင်တွင်း၌ နဝတ စစ်ထောက်လှမ်းရေးများ၏ ညှဉ်းပန်းနှိပ်စက်မှုကြောင့် ၁၉၉၁ ခုနှစ်၊ ဇန်နဝါရီလ (၁၈) ရက်နေ့တွင် ထောင်တွင်း၌ သေဆုံးသွားခဲ့ရသည်။ ဦးတင်မောင်ဝင်း၏ ဇနီးမှာ စာရေးဆရာမယုဝတီခင်လှိုင်ကြူဖြစ်ပြီး သားသမီး (၂) ဦးကျန်ရစ်ခဲ့သည်။) တချို့ နယ်စပ်ဒေသ တော်လှန်ရေးနယ်မြေများအတွင်း ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။

www.burmeseclassic.com

www.burmeseclassic.com



ယာယီဥက္ကဋ္ဌဦးကြည်မောင်ဖမ်းဆီးထောင်ချခံလိုက်ရပြီးနောက် အဖွဲ့ချုပ်၏ ယာယီဥက္ကဋ္ဌအဖြစ် ဗိုလ်မှူးဟောင်းဦးအောင်ရွှေ ဖြစ်လာခဲ့သည်။ အငြိမ်းစား ဗိုလ်မှူးချုပ်အောင်ရွှေသည် မရမ်းကုန်းမြို့နယ်၊ မဲဆန္ဒနယ်အမှတ် (၁) တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အား ကိုယ်စားပြု၍ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ရွေးချယ်တင်မြှောက်ခြင်းခံရသည်။ ဦးအောင်ရွှေကို ၁၉၁၈ ခုနှစ်၊ မေလ ၁၉ ရက်နေ့တွင် အဖဦးဖိုးကွန်း၊ အမိဒေါ်သိန်းတင်တို့မှ ဖွားမြင်ခဲ့သည်။ ၁၉၄၀ ပြည့်နှစ်တွင် ရန်ကုန်တက္ကသိုလ် ဘီအေ (ဝိဇ္ဇာ) ဘွဲ့ရရှိခဲ့ပြီး ၁၉၄၂ မှ ၁၉၄၅ အထိ ဗိုလ်ချုပ်အောင်ဆန်းဦးဆောင်သော ဗမာ့လွတ်လပ်ရေးတပ်မတော် (ဘီအိုင်အေ)၊ ဗမာ့ကာကွယ်ရေးတပ်မတော်(ဘီဒီအေ) နှင့် ဗမာ့မျိုးချစ်တပ်မတော် (ပီဘီအက်ဖ်) တို့တွင် ပါဝင်ခဲ့သည်။ ၁၉၄၅ မှစ၍ တပ်မတော် (ကြည်း) တွင် ကိုယ်ပိုင်အမှတ် ၃၅၀၅ ဖြင့် ဗိုလ်ကြီးအဆင့်မှစ၍ တာဝန်ထမ်းရွက်ခဲ့ရာ ၁၉၅၀ တွင် ဗိုလ်မှူးကြီးအဆင့်ဖြင့် စစ်ထောက်ချုပ်၊ ၁၉၅၅ တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူးအဖြစ် တိုးမြှင့်ခြင်းခံရသည်။ ၁၉၅၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၅ ရက်နေ့မှ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၅ ရက်နေ့အတွင်း တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် ဗိုလ်မှူးချုပ်အဆင့်ဖြင့် တိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်နေစဉ် ရွေးကောက်ပွဲ၌ ဘက်လိုက်လုပ်ခဲ့ကြောင်း စိစစ်တွေ့ရှိရသဖြင့် ဆိုကာ ၁၉၆၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၃) ရက်နေ့တွင် ရာထူးခန့်ထားရေးအဖွဲ့အစည်းအဝေးမှ တပ်မတော်တွင် စစ်မှုထမ်းခြင်းမှ အငြိမ်းစားယူခွင့်ပြုခဲ့သည်။ ၁၉၆၁ မှ ၁၉၇၅ အထိ မြန်မာနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် သြစတေးလျ၊ (နယူးဇီလန်) ပါပူးတွဲ၍ အီဂျစ်၊ ပြင်သစ်၊ (စပိန်နှင့် ယူနက်စကို) အဖွဲ့တို့ပါပူးတွဲတာဝန်ယူ၍ ၁၉၇၅ တွင် အငြိမ်းစားယူခဲ့သည်။ ၁၉၈၀ ပြည့်နှစ်၊ ဇွန်လ ၇ ရက်နေ့တွင် နိုင်ငံ့ဂုဏ်ရည်ဘွဲ့ (ပထမဆင့်) ချီးမြှင့်ခြင်းခံရသည်။ မျိုးချစ်ရဲဘော်ဟောင်းများအဖွဲ့နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်တို့တွင် ဗဟိုအလုပ်အမှုဆောင်နှင့် ဥက္ကဋ္ဌ တာဝန်ယူခဲ့သည်။

ယာယီဥက္ကဋ္ဌဦးအောင်ရွှေကို နဝတစစ်အစိုးရ ပြစ်မှုကျင့်ထုံး ပုဒ်မ (၁၆၅) အရ ဆင့်ခေါ်ပြီး (၁/၉၀) ကို လိုက်နာရန် ဆင့်ခေါ်အကြောင်းကြားခဲ့ရာ ဦးအောင်ရွှေက ၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၂ ရက်တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးကာ NLD ၏ ကြေညာချက်

www.burmeseclassic.com

www.burmeseclassic.com



အမှတ် (၃၀/၉၀) ထုတ်ပြန်ပေးခဲ့သည်။ ကြေညာချက် အပြည့်အစုံမှာ –

၁။ နဝတအဖွဲ့၏ (၂၇ . ၇ . ၉၀) နေ့စွဲပါ ကြေညာချက်အမှတ် (၁/၉၀) အပေါ် အမျိုးသားထောက်လှမ်းရေးအဖွဲ့က ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ခဲ့ ကြသည့် နိုင်ငံရေးပါတီများ၏ သဘောထားကို တွေ့ဆုံမေးမြန်းကာ အောက်ပါအချက်များကို တာဝန်ခံလက်မှတ်ရေးထိုးစေခဲ့ပါသည်။

(က) ကြေညာချက် (၁/၉၀) ကို သေချာစွာဖတ်ရှုလေ့လာ သိရှိပြီး ဖြစ်ပါသည်။

(ခ) ကြေညာချက် (၁/၉၀) ကို လိုက်နာမည်/ မလိုက်နာမည်။

(ဂ) ကြေညာချက်(၁/၉၀)ကို မလိုက်နာပါက ဥပဒေအရ အရေးယူခံရမည်ကို သိရှိပါသည်။

(ဃ) ကြေညာချက် (၁/၉၀) ကို မလိုက်နာပါက ပါတီအဖွဲ့အစည်းများ ဖျက်သိမ်းခံရမည်ကို သိရှိပါသည်။

၂။ ယင်းမေးမြန်းချက်များကို ကျင့်ထုံးပုဒ်မ (၁၆၀) အရ ခေါ်ယူမေးမြန်းနိုင်ခွင့်ရှိသည်ဖြစ်၍ ပါတီအဖွဲ့အစည်းများမှ ၎င်းတို့တာဝန်ပေးအပ်လိုက်သည့် ကိုယ်စားလှယ်ပုဂ္ဂိုလ်များကို ခေါ်ယူမေးမြန်းသည်ဟု ဆိုင်ရာက ဆိုပါသည်။ ဤအချက်ကို သက်ဆိုင်ရာပါတီက လက်မှတ်ရေးထိုးရမည့်စာရွက်တွင် အတိအလင်း ရေးသားဖော်ပြတားပါသည်။ ထို့အပြင် ၎င်းလက်မှတ်ရေးထိုးရမည့် စာရွက်တွင် သက်ဆိုင်ရာအဖွဲ့အစည်းပါတီ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ၏ အမည်စာရင်းကိုလည်း ပူးတွဲထားပါသည်။

၃။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ (၁၆၀) မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

Police Officer Power of Require Attendance of Witnesses

Any police officer making an investigation under this chapter, by order in writing, require the attendance before himself of any person being within the limit of his own or any adjoining station who, from the information given or other wise, appear to be acquainted with the circumstances of the case, and such person shall attend as so required.

www.burmeseclassic.com

www.burmeseclassic.com



သက်သေများရောက်ရှိစေရန် ရဲအရာရှိက ဆင့်ဆိုနိုင်သည့်အာဏာ

၁၂။အမိန့်အရ စုံစမ်းထောက်လှမ်းခြင်းပြုသော မည်သည့်ရဲအရာရှိမဆို၊ ပေးထားသောသတင်းအရဖြစ်စေ၊ အခြားနည်းအရဖြစ်စေ၊ အမှုအဖြစ်အပျက် အကြောင်းအရာများကို သိကျွမ်းပုံပေါ်သော မိမိ၏စခန်းနယ်မြေအတွင်း (သို့ မဟုတ်) ဆက်စပ်နေသော ရဲစခန်းမြေအတွင်းရှိ မည်သူ့ကိုမဆို မိမိရှေ့သို့ ရောက်ရှိစေရန် အမိန့်စာဖြင့် ဆင့်ဆိုနိုင်သည်။

၄။ ထို့အပြင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့က ထုတ်ပြန်ချက်မှန်သမျှတို့သည် (Martial Law) အရ ထုတ်ပြန်ခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့သည် ဥပဒေပြုအာဏာ၊ အုပ်ချုပ်မှုအာဏာ၊ တရားစီရင်မှုအာဏာသုံးရပ်ကို သုံးစွဲနေသည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ ၎င်းတို့ထုတ်ပြန်သည့် ကြေညာချက်များကို အများကလိုက် နာရန်ဖြစ်ကြောင်း သက်ဆိုင်ရာက ပြောကြားပါသည်။

၅။ အကယ်၍ ကြေညာချက် (၁/၉၀) ကို မလိုက်နာပါက –

(က) လက်မှတ်ရေးထိုးရမည့်စာတွင် ပူးတွဲထားသည့်ပုဂ္ဂိုလ်များအား ပုဒ်မ (၁၆၀) အရ အရေးယူအပြစ်ပေးနိုင်သည်။

(ခ) ထို့အပြင် အထက်ပါအပိုဒ်ခွဲ (ဃ) အရ သက်ဆိုင်ရာပါတီကိုလည်း ဖျက်သိမ်းခြင်းခံရနိုင်ပါသည်။

၆။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မိမိအဖွဲ့ချုပ်တွင် ပါဝင်ဆောင်ရွက်နေကြသူများအား ပုဂ္ဂိုလ်အရ အရေးယူအပြစ်ပေးခံရခြင်းထက် ၁၉၈၈ ခု ဩဂုတ်လ ၈ ရက်နေ့ ဒီမိုကရေစီတောင်းခံမှုများအရ တည်ဆောက်ခဲ့ပြီး ပြည်သူတို့ ယုံကြည်ကိုးစားသည့်အဖွဲ့ချုပ် ပျက်ပြုန်းသွားမည့်အဖြစ်ကို လုံးဝ (လုံးဝ) လက်မခံနိုင်ပေ။

၇။ မိမိတို့အဖွဲ့ချုပ်ကို စတင်တည်ထောင်ခဲ့သည့်နေ့မှစ၍ ယနေ့ထက်တိုင်အောင် ကြီးစွာသောအကြပ်အတည်း၊ အလှည့်အပြောင်းများ အကြားမှပင် ရပ်တည်မှုမပျက်ပြားအောင် တရားဥပဒေအရ ရုန်းကန်လှုပ်ရှားခဲ့ရပါသည်။ ပထမအားဖြင့် နိုင်ငံရေးအဖွဲ့အစည်းတရပ်အဖြစ် လှုပ်ရှားနိုင်ရန် မှတ်ပုံတင်ခဲ့သည်။ ဒုတိယအားဖြင့် (နဝသ) ကို ယူခဲ့သည်။ တတိယအားဖြင့် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင် အရွေးခံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



၈။ အကယ်၍ အဖွဲ့ချုပ်အား ဖျက်သိမ်းခြင်းခံရပါက ပြည်သူတို့ကိုယ်တိုင် ပေးအပ်ထားသည့် ဒီမိုကရေစီရေးတာဝန်များကို မထမ်းဆောင်နိုင်တော့ဘဲ မိမိတို့အဖွဲ့ချုပ်၏ လုပ်ငန်းကိစ္စအဝဝကိုလည်း မည်သို့မျှ ဆက်လက်ဆောင်ရွက်နိုင်တော့မည်မဟုတ်ပေ။ ဤသို့အားဖြင့် အဖွဲ့ချုပ်အနေဖြင့် တရားဝင်နိုင်ငံရေးလှုပ်ရှားမှုများ နိဂုံးချုပ်သွားမည်သာ ဖြစ်ပေသည်။

၉။ အဖွဲ့ချုပ်သည် ဆက်လက်၍ ရှင်သန်အသက်ဝင်နေမှသာလျှင် နိုင်ငံရေးအရ ဆက်လက်၍ စည်းရုံးလှုပ်ရှားနိုင်ခွင့်ရှိသည်ဖြစ်ပေသည်။ သို့ဖြစ်၍ အဖွဲ့ချုပ် ရှင်သန်နေခြင်းက အကျိုးရှိမည်ကို အလေးအနက်ထားပါသည်။

၁၀။ တကယ့်ပကတိဖြစ်ရပ်ကို ဓမ္မဓိဋ္ဌာန်ကျကျ ဆင်ခြင်သုံးသပ်ခဲ့ကြပါသည်။ ကမ္ဘာ့သမိုင်းတွင် မည်သည့်နိုင်ငံမှ အကြပ်အတည်း အခက်အခဲများ ရှိနေပါက ဒီမိုကရေစီကို လွယ်လင့်တကူဖြင့် ရရှိနိုင်ခဲ့သည့်သာဓကကို မတွေ့ရှိရပါ။

၁၁။ အကယ်၍ အဖွဲ့ချုပ် ပျက်သုဉ်းသွားလျှင် အဖွဲ့ချုပ်ကို ကိုယ်စားပြုပြီး ဝင်ရောက်အရွေးခံခဲ့ကြသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များသည်လည်း တရားဝင်ရပ်တည်ခွင့်ရတော့မည်မဟုတ်ဟု ယူဆပါသည်။

၁၂။ အဖွဲ့ချုပ်သည် အမျိုးသားတရပ်လုံးက လိုလားတောင့်တနေကြသော ဒီမိုကရေစီရေးကို စည်းကမ်းနည်းလမ်းတကျ ငြိမ်းချမ်းသောနည်းလမ်းများဖြင့် ရရှိရေးအတွက် ကြိုးပမ်းလုပ်ဆောင်ကြမည်ဟူသော သန္နိဋ္ဌာန်ဖြင့်ပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဟူ၍ အမည်ပေး လှုပ်ရှားခဲ့ခြင်းဖြစ်ပါသည်။

၁၃။ မည်သို့သော အခက်အခဲအကြပ်အတည်းများ ရှိနေစေကာမူ ဒီမိုကရေစီရေးကို ဦးထိပ်ပန်ဆင်လျက် အခြေအနေနှင့်အချိန်အခါအရ ယုံကြည်ချက်နှင့် အမှန်တရားကို သိမြင်ခြင်းဟူသောမူ၊ မှန်ကန်စွာ ကြံစည်တွေးဆခြင်းနှင့် လုံ့လ၊ ဝီရိယ၊ သတိစိုက်ထုတ်သည့်မူတို့နှင့်ယှဉ်၍ လှုပ်ရှားစည်းရုံးကြမည်သာ ဖြစ်ပေသည်။

၁၄။ ဤကိစ္စကို မြို့နယ်များနှင့် အခြေခံအဖွဲ့အစည်းများတို့သို့ ကြိုတင်ချပြရန် ရည်ရွယ်ပါသော်လည်း အချိန်အကန့်အသတ်ရှိမှုနှင့် ပုဒ်မ ၁၆၀ အရ ဆောင်ရွက်နိုင်စွမ်း မရှိခဲ့ပါ။

၁၅။ ထို့ကြောင့် အထက်တွင်ဖော်ပြခဲ့သည့်အကြောင်းများကို သေချာ

www.burmeseclassic.com

www.burmeseclassic.com



စွာ လေ့လာဆွေးနွေးကြပြီး ဤအဖွဲ့ချုပ် ဗဟိုဦးစီးအဖွဲ့က အဖွဲ့ချုပ်၏ ရပ်တည်နိုင်ရေးနှင့် ရေရှည်အကျိုးအတွက် (၉ . ၁၁ . ၉၀) နေ့ ဗဟိုဦးစီးအဖွဲ့ အစည်းအဝေး (၇/၉၀) တွင် အဓိက အလေးထား၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပေသည်။

ဗဟိုဦးစီးအဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်
၁၉၉၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၁၂) ရက်။

သို့ကလို ရွေးကောက်ပွဲတွင် အရွေးခံရသော လွှတ်တော်ကိုယ်စားလှယ်များအား ပြည်တွင်း၌နေထိုင်ရပ်တည်လှုပ်ရှားမှုမရှိအောင် စစ်ထောက်လှမ်းရေးအဖွဲ့က နည်းမျိုးစုံဖြင့် ဆန့်ကျင်တိုက်ခိုက် မတရားဖမ်းဆီး၍ ထောင်ချနေမှုကြောင့် NLD ပါတီဝင်အချို့နှင့် ရွေးချယ်ခံလွှတ်တော်ကိုယ်စားလှယ်များ တောတွင်းသို့ရောက်ရှိကာ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ကရင်ပြည်နယ်ရှိ KNU ဌာနချုပ် မာနယ်ပလောဒေသ၌ အမျိုးသားဒီမိုကရေစီ အဖွဲ့ ချုပ် (လွတ်မြောက်နယ်မြေ) (NLD – LA) စတင်ဖွဲ့စည်း ပေါ်ပေါက်လာခဲ့သည်။

ပထမဆုံးစတင်ဖွဲ့စည်းလိုက်သည့် ဗဟိုစည်းရုံးရေးကော်မတီဥက္ကဋ္ဌမှာ ဒေါက်တာစိန်ဝင်းဖြစ်သည်။ ၎င်းသည် အာဇာနည်ဦးဘဝင်း၏သား ဖြစ်သောကြောင့် ဒေါ်အောင်ဆန်းစုကြည်နှင့် အစ်ကိုဝမ်းကွဲတော်စပ်သည်။ အတွင်းရေးမှူးမှာ ဦးဝင်းခက်ဖြစ်ပြီး ဗဟိုစည်းရုံးရေးကော်မတီဝင်များအဖြစ် မန္တလေးတိုင်းမှ ဦးမောင်မောင်အေး၊ ဦးသိန်းဦး၊ ဦးမြင့်အောင်တို့ဖြစ်သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏အလံတော်ကို မြင့်မြင့်မားမား ဆက်လက်လွှင့်ထူရန်၊ စစ်အာဏာရှင်စနစ်ကို အပြီးတိုင် တိုက်ဖျက်ဖယ်ရှားရန်၊ စစ်မှန်သော၊ ခိုင်မြဲသောပြည်တွင်းငြိမ်းချမ်းရေးကို တည်ထောင်ရန်ဟူသည့် ဦးတည်ချက်များဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၆ ရက်နေ့တွင် ပဲခူးတိုင်း ဦးအောင်စောဦး၊ ဦးရန်အောင်၊ ဦးသန်းထွဋ်၊ ရောဝတီတိုင်း အင်္ဂပူမြို့နယ် မဲဆန္ဒနယ်အမှတ် (၂) မှ တသီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာစန်းအောင်တို့ဖြင့် ထပ်မံထိုးချဲ့ဖွဲ့စည်းခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



မကြာမီမှာပင် အိန္ဒိယ–မြန်မာနယ်စပ်ရောက် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာတင့်ဆွေ၊ မန္တလေးတိုင်းမှ ဦးမြညို တို့ဦးဆောင်သည့် 'အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်' (လွတ်မြောက်နယ်မြေ) အနောက်ဘက်ဒေသရုံးခွဲကို ဖွင့်လှစ်နိုင်ခဲ့သည်။ ထို့နောက် ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာ ၂၃ ရက်နေ့တွင် အဖွဲ့ချုပ် ကချင်ပြည်နယ် စည်းရုံးရေးကော်မတီဥက္ကဋ္ဌ ဦးတင်အောင်၊ ပြည်နယ်စည်းရုံးရေးကော်မတီအဖွဲ့ဝင် ဦးရန်နောင်မြင့်၊ လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးကျော်မောင်၊ ဦးကြာမြ၊ ဦးရောစီ၊ ဦးမဖန်းဆင်၊ ဦးအင်နန်းဂမ်နှင့် မြို့နယ်စည်းရုံးရေးကော်မတီဝင် (၃) ဦး အပါအဝင် စုစုပေါင်း ၁၀ ဦးသည် KIA ဒေသ ပါဂျောင်သို့ ရောက်ရှိလာခဲ့ပြီးနောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မြောက်ပိုင်းဒေသ ရုံးခွဲကိုလည်း ဖွင့်လှစ်နိုင်ခဲ့သည်။

၁၉၉၂ ခုနှစ်၊ မေလအတွင်း၌ NLD – LA (မြောက်ပိုင်း) အဖွဲ့မှ ဦးတင်အောင်နှင့် လွှတ်တော်ကိုယ်စားလှယ် ဦးအင်နန်းဂမ်တို့မာနယ်ပလောရှိ NLD – LA ဗဟိုရုံးကို ရောက်ရှိလာပြီးနောက် ၁၉၉၂ ခုနှစ်၊ မေလ ၁၈ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(လွတ်မြောက်နယ်မြေ) ဗဟိုစည်းရုံးရေး ကော်မတီကို ထပ်မံပြင်ဆင်တိုးချဲ့ဖွဲ့စည်းသည်။ NLD-LA . ဗဟိုစည်းရုံးရေး ကော်မတီအလုပ်အမှုဆောင်အဖွဲ့ဝင်များမှာ –

| | |
|---|---|
| (၁) ဒေါက်တာစိန်ဝင်း | – ဥက္ကဋ္ဌ |
| (၂) ဦးဝင်းခက် | – ဒုဥက္ကဋ္ဌ |
| (၃) ဦးတင်အောင် | – အတွင်းရေးမှူး |
| (၄) ဦးမောင်မောင်အေး | – အဖွဲ့ဝင် |
| (၅) ဦးသိန်းဦး | – အဖွဲ့ဝင် |
| (၆) ဒေါက်တာစန်းအောင် | – အဖွဲ့ဝင် |
| (၇) ဦးဝင်းကို (စစ်ကိုင်းတိုင်း) | – အဖွဲ့ဝင် |
| (၈) ဦးမြင့်အောင် | – အဖွဲ့ဝင် |
| (၉) ဦးအောင်စောဦး | – အဖွဲ့ဝင် |
| (၁၀)ဦးသန်းထွဋ် | – အဖွဲ့ဝင် |
| (၁၁)ဦးရန်အောင် | – အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



တို့ ဖြစ်ကြသည်။

၁၉၉၅ ခုနှစ်တွင် စစ်တပ်၏ ထိုးစစ်ဆင်တိုက်ခိုက်မှုများကြောင့် မာနယ်ပလောကျဆုံးသွားပြီးနောက်ပိုင်းတွင် NLD-LA ဌာနချုပ်သည် ထိုင်းနိုင်ငံအတွင်းသို့ပြောင်းရွှေ့ခဲ့သည်။ ထို့နောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) သည် များမကြာမီမှာပင် NLD-LA ဂျပန်ဌာနခွဲ၊ တောင်ကိုရီးယားဌာနခွဲ၊ အမေရိကန်ဌာနခွဲ၊ သြစတြေးလျဌာနခွဲ၊ မလေးရှားဌာနခွဲ၊ နော်ဝေးဌာနခွဲ၊ ဗြိတိန်ဌာနခွဲများကို ဖွင့်လှစ်နိုင်ခဲ့သည်။ ၁၉၉၆ ခုနှစ်၊ ဇူလိုင်လ ၇ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် လွတ်မြောက်နယ်မြေ (လူငယ်) အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး ၁၉၉၈ ဇန်နဝါရီလတွင် လူငယ် အထူးအစည်းအဝေးကိုခေါ်ယူ၍ ဗဟိုလူငယ်လုပ်ငန်းအဖွဲ့ကို ပြင်ဆင်တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့သည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) ၏ ဗဟိုဥက္ကဋ္ဌအ ဖြစ် ဒေါက်တာစိန်ဝင်း၊ ဦးဝင်းခက်၊ ဦးတင်အောင်တို့က အသီးသီးတာဝန်ယူခဲ့သလို အတွင်းရေးမှူးတာဝန်ကိုလည်း ဦးသန်းထွဋ်၊ ဦးအေးသန်း၊ ဦးမြင့်သိဏ်း၊ ဒေါ်စန်းစန်းနှင့် ဦးမြင့်စိုးတို့က ယူခဲ့သည်။

NLD-LA ၏ နောက်ဆုံးညီလာခံကို ၂၀၀၉ စက်တင်ဘာ ၁၅ မှ ၁၇ အထိ ကျင်းပပြုလုပ်၍ လက်ရှိဥက္ကဋ္ဌတာဝန်ကို ဦးဗိုလ်သောင်း၊ ဒုဥက္ကဋ္ဌအဖြစ် ဒေါက်တာအေးကျော်နှင့် အတွင်းရေးမှူးအဖြစ် ဦးမြင့်စိုးတို့က တာဝန်ယူထားသည်။ NLD – LA ကို ဗဟိုကော်မတီဝင် (၁၅) ဦး၊ အရန်ဗဟိုကော်မတီဝင် (၂) ဦး စုစုပေါင်း (၁၇) ဦးဖြင့် ဖွဲ့စည်းထားသည်။

NLD-LA ပေါ်ပေါက်ပြီး မကြာမီမှာပင် အာဇာနည်ခေါင်းဆောင်တဦး ဖြစ်သူ ဦးဘဝင်း၏ သား ဒေါက်တာစိန်ဝင်းဦးဆောင်သော 'ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားညွန့်ပေါင်းအစိုးရ' (National Coalition Government Union of Burma- NCGUB) ခေါ်စင်ပြိုင်အစိုးရ ပေါ်ပေါက်လာခဲ့သည်။

NCGUB ကို နယ်စပ်ဒေသသို့ ထွက်ပြေးတိမ်းရှောင်လာသော ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အချို့နှင့် KNU ဌာနချုပ် မာနယ်ပလောဒေသတွင် ၁၉၉၀ ပြည့်နှစ်၊ ဒီဇင်ဘာ ၁၈ ရက်နေ့၌ စတင်ဖွဲ့စည်းခဲ့သည်။ အဖွဲ့ကိုအမျိုးသားဒီမိုကရေစီပါတီမှ ဒေါက်တာစိန်ဝင်း၊ အမျိုးသားဒီမို ကရေစီအဖွဲ့ချုပ်မှ ဦးဘိုလှတင့်၊ ဦးသန်းကြွယ်၊ ဦးမြင့်အောင်၊ ဦးဝင်းကို၊

www.burmeseclassic.com

www.burmeseclassic.com



ဦးမောင်မောင်အေး၊ ဦးသိန်းဦး၊ ဦးလှဖေ၊ တသီးပုဂ္ဂလလွှတ်တော်ကိုယ်စား လှယ် ဦးပီတာလင်းပင်၊ ဒေါက်တာစန်းအောင်တို့ဖြင့် ဖွဲ့စည်းခဲ့သည်။

NCGUB သည် အစိုးရအဖွဲ့ဖြစ်သည့်အတွက် ဝန်ကြီးချုပ်တာဝန်ကို ဒေါက်တာစိန်ဝင်း၊ ဝန်ကြီးများအဖြစ် ဦးပီတာလင်းပင်၊ ဦးဝင်းကို၊ ဦးဘိုလှတင့်၊ ဦးသိန်းဦး၊ ဦးလှဖေ၊ ဦးသန်းကြွယ်၊ ဦးမြင့်အောင်၊ ဦးမောင်မောင်အေး၊ ဒေါက် တာစန်းအောင်တို့က တာဝန်ယူခဲ့ကြသည်။

NCGUB ကို

(၁) စစ်အာဏာရှင်အုပ်စု နအဖအစိုးရ အမြန်ဆုံးချုပ်ငြိမ်းရေး၊

(၂) ၁၉၉၀ ပြည့်နှစ်ရွေးကောက်ပွဲမှ ရွေးကောက်ခံပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ၊ မဒမခအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ ဒီမိုကရေစီအင်အား စုများပါဝင်သော အမျိုးသားညီလာခံတရပ်ခေါ်ယူရေး

(၃) စစ်မှန်သောဒီမို ကရေစီအစိုးရတရပ်ပေါ်ထွန်းရေး

တာဝန်ကြီး (၃) ရပ်ကို အကောင်အထည်ဖော်ရန် ဖွဲ့စည်းခဲ့ခြင်းဖြစ် သည်ဟု ဆိုသည်။

၁၉၉၂ ခု၊ ဇူလိုင်လ ၃၁ ရက်နေ့ NLD-LA, DAB ခေါ် မဒမခ အဖွဲ့ချုပ်၊ NDF ခေါ် အမျိုးသားဒီမိုကရေစီတပ်ပေါင်းစုတို့နှင့်အတူ ပူးတွဲ၍ မာနယ်ပ လောဌာနချုပ်တွင် 'မာနယ်ပလောစာချုပ်' ကို ချုပ်ဆိုရာ၌ NCGUB သည် အရေးပါသည့်အဖွဲ့ကြီးအဖြစ် ပါဝင်လက်မှတ်ရေးထိုးခဲ့သည်။ မာနယ်ပလော စာချုပ်သည် 'ဖက်ဒရယ်ပြည်ထောင်စု မြန်မာနိုင်ငံတော်တည်ဆောက်ရေး' အတွက် သဘောတူခဲ့သည့်စာချုပ်ဖြစ်သည်။ တနည်းဆိုရသော် တိုင်းရင်း သားလူမျိုးအားလုံး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရှိသည့် ဒီမို ကရေစီနှင့် အခြေခံလူ့အခွင့်အရေးအပြည့်အဝရှိသည့် ဖက်ဒရယ်ပြည်ထောင် စုကို တည်ဆောက်သွားမည့် သဘောတူစာချုပ်ပင်ဖြစ်သည်။

မာနယ်ပလောစာချုပ်ချုပ်ဆိုအပြီး၌ မြန်မာပြည်ဒီမိုကရက်တစ်အဖွဲ့ချုပ် (DAB)၊ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု (NDF)၊ အမျိုးသားဒီမိုကရေစီအဖွဲ့ ချုပ် (လွတ်မြောက်နယ်မြေ)၊ အမျိုးသားညွန့်ပေါင်းအစိုးရ (NCGUB) အဖွဲ့အ စည်း (၄) ခုကို အဆက်အစပ်မိမိ လှုပ်ရှားနိုင်စေရန်အတွက် ပြည်ထောင်စု မြန်မာနိုင်ငံ အမျိုးသားကော်စီ (NCUB) ကို ၁၉၉၂ စက်တင်ဘာလ ၂၂ ရက်

www.burmeseclassic.com

www.burmeseclassic.com



နေ့တွင် စတင်ဖွဲ့စည်းခဲ့သည်။ ယင်းအဖွဲ့အစည်းကြီး ပေါ်ပေါက်စေရာ၌လည်း NCGUB သည် အဓိက မဏ္ဍိုင်ကြီးအဖြစ် ပါဝင်လှုပ်ရှားခဲ့သည်။ NCGUB ပေါ်ပေါက်လာပြီးနောက် အမျိုးသားညွန့်ပေါင်းအစိုးရ၏ အာဘော်အဖြစ် 'ဒီမိုကရက်တစ်မြန်မာ့အသံ' (DVB) ကို ၁၉၉၂ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့မှ စတင်၍ အသံလွှင့်ခဲ့သည်။

ထိုစဉ်အတွင်း ၁၉၉၁ ခုနှစ်၊ အောက်တိုဘာလ ၁၄ ရက်နေ့တွင် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအဖွဲ့ကြီးမှ ဒေါ်အောင်ဆန်းစုကြည်အား "လူ့အခွင့်အရေးဆာခါရော့ဗ်ဆု" ကို ပေးအပ်ချီးမြှင့်ကြောင်း ကြေညာခဲ့လေသည်။



သားကြီးမြင့်ဆန်းအောင် မိခင်ကိုယ်စား ဆာခါရော့ဗ်ဆု လက်ခံယူနေစဉ်

အဆိုပါ အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးဥပဒေအဖွဲ့မှ ချီးမြှင့်ခဲ့သောဆုကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား သားကြီး မြင့်ဆန်းအောင် (အလက်ဇန္ဒား) က ဒေါ်အောင်ဆန်းစုကြည်ရေးသားပေးပို့ခဲ့သောစာကို ၁၉၉၂ ခုနှစ်၊ မေလ ၁၄ ရက်နေ့တွင် ဝါရှင်တန်မြို့တော် ၌ ဖတ်ကြားခဲ့ပါသည်။ အပြည့်အစုံမှာ –

"အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအဖွဲ့မှ နှစ်စဉ်ချီးမြှင့်သော လူ့အခွင့်အရေးဆုကို သမ္မတ ပက်ထရီရှိုအယ်ဝင် (Patricio Aydwin) နှင့်အတူ တချိန်တခါက လက်ခံရယူရသည်ကို များစွာဂုဏ်ယူမိပါသည်။ ဤဆုသည် ယခုအခါ၌ မြန်မာနိုင်ငံတွင် အလွန်အရေးကြီးလှသောကိစ္စရပ်များကို အားရုံစိုက်စေရန် မီးမောင်းထိုးသကဲ့သို့ဖြစ်ရပါသည်။ ချီလီနိုင်ငံသမ္မတကြီးသည်

www.burmeseclassic.com

www.burmeseclassic.com



အမှန်တရားနှင့် ပြန်လည်သင့်မြတ်ရေးတရားတို့အကြား ခိုင်မြဲသော ဆက်စပ်မှုရှိ နေပုံကို တနေ့တခြား လူအများပိုမိုသိရှိ သဘောပေါက်စေရန် ဆောင်ရွက်ရာတွင် ကျယ်ပြန့်စွာ ရိုသေလေးစားခြင်းခံရသော ထူးခြားလှသည့် ခေါင်းဆောင်တဦးပင်ဖြစ်ပါသည်။

လှည့်ဖြားမှု၊ မတရားမှု၊ လူ့ဂုဏ်သိက္ခာကို မလေးစားမှုတို့မှ ဖြစ်ပေါ်လာသော ကြောက်ရွံ့မှုနှင့် သံသယဖြစ်မှုတို့သည် လူ့အခွင့်အရေး ဖောက်ဖျက်မှုကြောင့် ကွဲအက်နေသော လူ့အဖွဲ့အစည်းများအပေါ်၌ လောင်းရိပ်ထိုးလျက်ရှိပါသည်။ ဤသို့သော လူ့အဖွဲ့အစည်းများတွင် ဖြစ်ပေါ်နေသော နာကျည်းချက်ဒဏ်ရာများကို ပျောက်ကင်းအောင်ကုသရာတွင် ပြန်လည်သင့်မြတ်ရေးသည် အဓိကပင်ဖြစ်ပါသည်။ ဤသို့ပြုလုပ်နိုင်ရန် တပြည်လုံး၏ ချမ်းမြေ့သာယာရေးကို ပုဂ္ဂလိကနှင့် အုပ်စုတို့၏ ကျဉ်းမြောင်းသောအကျိုးစီးပွားတို့ထက် ရှေ့တန်းမှထားလိုသော ဖြူစင်သောစေတနာရှိရမည်ဖြစ်ပါသည်။ တဦးနှင့်တဦး ပို၍ အပြန်အလှန်ယုံကြည်စိတ်ချရသော အခြေအနေလည်းရှိရန် လိုအပ်ပါသည်။

ခါးသီးလှသော ရန်ငြိုးဖွဲ့မှုများ အချိန်ကြာမြင့်စွာဖြစ်ပွားပြီးနောက် တဦးနှင့်တဦး ပြန်လည်ယုံကြည်စိတ်ချလာနိုင်အောင် ပြန်လည်ပြုလုပ်ရာတွင် စိတ်သဘောကွဲလွဲမှုနှင့် သောကဒုက္ခအပေါင်းကို ပေါ်ပေါက်စေသော အပြုအမူများ၊ စိတ်သဘောထားများ၊ ခံစားချက်များကို ဓမ္မဓိဋ္ဌာန်ကျကျ အမှန်ကို အမှန်အတိုင်း သုံးသပ်ဆင်ခြင်ရပါလိမ့်မည်။ အမှန်တရားကို ရင်ဆိုင်ရသော အလုပ်မှာ မလွယ်ကူလှပါ။ သတ္တိရှိရန် လိုအပ်ပါသည်။ သန့်စင်သောစေတနာနှင့် ရိုးဖြောင့်သောစိတ်ထားများမွေးမြူခြင်းဖြင့် နောက်ဆုံးတွင် မလိုမုန်းတီးမှုနှင့် လိမ်လည်မှုတို့မှ ဖြစ်ပေါ်လာသော ပျောက်ခဲလှသောအကျိုးဆက်များကို အောင်မြင်စွာ ကျော်လွှားနိုင်မည်ဟု ယုံကြည်သောသဒ္ဓါစိတ်ကိုလည်း မွေးရန်လိုပါသည်။

အမှန်တရားကို ဦးတည်၍ လုပ်ကိုင်ရန်လိုအပ်ကြောင်း လက်ခံလိုက်ခြင်းသည် ချွေးသိပ်ခြင်းမျှသာဖြစ်သော အပေါ်ယံကြောသက်သက် လုပ်ဆောင်ချက်များကို ကျော်လွန်၍ ကိုယ်စိတ်နှလုံးပါညီညွတ်စွာဖြင့် ဘုံပြဿနာများကို ဖြေရှင်းနိုင်စေမည့် စစ်မှန်သော ပြန်လည်သင့်မြတ်ရေးလမ်းကို ပွင့်စေနိုင်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



မြန်မာနိုင်ငံတွင် ပြည်သူပြည်သားများသည် နိုင်ငံရေးလုပ်ငန်းစဉ်အရပ်ရပ်တွင် ပြည့်ဝစွာ ပါဝင်ဆင်နွှဲပိုင်ခွင့်မရှိ။ လွတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲမှတဆင့် ပြသခဲ့သော လူထုဆန္ဒကို တကယ်လေးစားမှုရှိ၊ မရှိ။ တရားဥပဒေစိုးမိုးရေးကို မြှင့်တင်ခြင်းဖြင့်လည်းကောင်း၊ လွတ်လပ်သော တရားစီရင်ရေးမဏ္ဍိုင်တည်ထောင်ခြင်းဖြင့်လည်းကောင်း၊ လူ့အခွင့်အရေးကို ထိရောက်စွာ အကာအကွယ်ပေးခြင်းရှိ၊ မရှိ စသည်တို့ကို ကမ္ဘာက ယနေ့ စောင့်ကြည့်လေ့လာနေပါသည်။

အမျိုးသားပြန်လည်ပေါင်းစည်းညီညွတ်သောအခါ၌ မြန်မာနိုင်ငံသူနိုင်ငံသားတို့သည် လိုလားအပ်သော အပြောင်းအလဲများကို အကောင်အထည်ဖော်နိုင်လိမ့်မည်ဟု ကျွန်မအစဉ်အမြဲယုံကြည်ထားပါသည်။ ကာလကြာရှည်စွာ ခံစားခဲ့ကြရသော ကိုယ်ပိုင်အကျိုးစီးပွားကို ခိုင်မြဲအောင်ကာကွယ်ရန် နည်းပရိယာယ်များထက်ပို၍ အမှန်တရားနှင့် နားလည်မှုရရှိရေးကို တန်ဖိုးထားခြင်းဖြင့် လိုလားအပ်သော အပြောင်းအလဲများ လျင်မြန်စွာ ဖြစ်မြောက်နိုင်လိမ့်မည်ဟု ကျွန်မမျှော်လင့်ပါသည်။

လူ့အခွင့်အရေး သို့မဟုတ် ဒီမိုကရေစီအရေးနှင့် သက်ဆိုင်သော ဆုချီးမြှင့်ခြင်းခံရသည်ဟု သိရှိရသည့်အခါတိုင်း၌ ချက်ချင်းဆိုသလိုပင် ကျွန်မ၏ အတွေးများသည် မိမိတို့ယုံကြည်ချက်များအတွက် အမျိုးမျိုးအနစ်နာခံကြ၊ စွန့်လွှတ်ခဲ့သော ရဲရင့်တည်ကြည်လှသည့် လုပ်ဖော်ကိုင်ဖက်များထံသို့ ရောက်ရှိသွားတတ်ပါသည်။ မိမိတို့နိုင်ငံ၏ ကံကြမ္မာကို မိမိတို့ဆုံးဖြတ်ပိုင်ခွင့် ရရှိရေးအတွက်ကြိုးပမ်းနေသော ပြည်သူလူထုကိုလည်း အစဉ်မပြတ် သတိရလျက်ရှိပါသည်။ ယနေ့ချီးမြှင့်သောဆုကို မြန်မာပြည်သူပြည်သားများနှင့် လုပ်ဖော်ကိုင်ဖက်များကိုယ်စား ကျေးဇူးတင်စွာ လက်ခံပါသည်။

ကျွန်မ၏ တိုင်းပြည်နှင့် ကျွန်မကို ဤကဲ့သို့ဂုဏ်ပြုလိုက်သော အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးဥပဒေအဖွဲ့၏ ဆောင်ရွက်ချက်များကို လွန်စွာလေးစားချီးမွမ်းမိပါကြောင်း ပြောကြား၍ နိဂုံးချုပ်လိုက်ပါသည်။

အောင်ဆန်းစုကြည်
ရန်ကုန်
၁၂၊ မေလ၊ ၁၉၉၂

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၅)
# နိုဘယ်ဆုချီးမြှင့်ခံရ

ထို့နောက် နော်ဝေနိုင်ငံ အော်စလိုမြို့ရှိ နိုဘယ်ဆုချီးမြှင့်ရေး ကော်မတီက ၁၉၉၁ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ဒေါ်အောင်ဆန်းစုကြည်အား ချီးမြှင့်ကြောင်း ၁၉၉၁ အောက်တိုဘာ ၁၄ တွင် ထုတ်ပြန်ကြေညာခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည် ရရှိခဲ့သည့်ဆုများအနက် ငြိမ်းချမ်းရေး နိုဘယ်ဆုသည် အမြင့်ဆုံးဆုဖြစ်သည်။ ဆုချီးမြှင့်ရေးကော်မတီဝင်များက "ဒေါ်အောင်ဆန်းစုကြည်၏ သတ္တိသည် အာရှနိုင်ငံများ၏ အထူးအံ့သြဖွယ်၊ ချီးကျူးဖွယ်ဥပမာများထဲမှ တခုဖြစ်ပါသည်။ သူမသည် ဖိနှိပ်ချုပ်ချယ်ခြင်းမှ လွတ်မြောက်ရေးအတွက် တိုက်ပွဲဝင်နေသော အခါက အရေးပါသည့် ပုံရိပ်တခုဖြစ်ပါသည်။ ယခု ၁၉၉၁ ခုနှစ်အတွက် ငြိမ်းချမ်းရေး နိုဘယ်ဆုအား ဒေါ်အောင်ဆန်းစုကြည်ကို ချီးမြှင့်ရင်း၊ ကမ္ဘာတဝှမ်းတွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးများအတွက် ငြိမ်းချမ်းစွာတိုက်ပွဲဝင်နေကြသည့် ပြည်သူများအား ထောက်ခံအားပေးရန်နှင့် သူမ၏ အလံမလှဲငြိမ်းချမ်းရေး တိုက်ပွဲဝင်မှုများကို ဂုဏ်ပြုသည့်အနေဖြင့် ဤဆုကို ချီးမြှင့်လိုက်ပါသည်" ဟူ၍ ဆုံးဖြတ်ခဲ့သည်။ ၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌ အော်စလိုမြို့တော်တွင် ကျင်းပခဲ့သော ၁၉၉၁ ငြိမ်းချမ်းရေး နိုဘယ်ဆုချီးမြှင့်ပွဲသို့ ဒေါ်အောင်ဆန်းစုကြည်သည် ကိုယ်တိုင် မတက်ရောက်နိုင်သဖြင့် သားကြီးဖြစ်သူ မြင့် ဆန်းအောင်က မိခင်ကိုယ်စား တက်ရောက်ဆုယူခဲ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com



၁၉၉၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ဆုချီးမြှင့်ပွဲအခမ်းအနား၌ နော်ဝေးနိုင်ငံ နိုဘယ်ကော်မတီ၏ ဥက္ကဋ္ဌ ပါမောက္ခ ဖရန်စစ်စီဂျာစကတ် (Francis Sejersted) က ဒေါ်အောင်ဆန်းစုကြည်ကို ဤကဲ့သို့ ချီးမွမ်းစကား ဆိုခဲ့သည်။



ငြိမ်းချမ်းရေးနိုဘယ်ဆုတံဆိပ်

"ဘုရင်မင်းမြတ်၊ မိဘုရားကြီး၊ အစိုးရအဖွဲ့ဝင်များ၊ သံတမန်များနှင့် အမျိုးသမီး၊ အမျိုးသားများခင်ဗျား။

ယနေ့ နေရာတွင် ကျနော်တို့စုဝေးကြသည်မှာ အောင်ဆန်းစုကြည်သည် ထင်ရှားသောလူ့အခွင့်အရေးနှင့် ဒီမိုကရေစီဆောင်ရွက်မှုများကို ဂုဏ်ပြုရန်နှင့် သူ့အား ၁၉၉၁ ခုနှစ်အတွက်ဖြစ်သော နိုဘယ်ငြိမ်းချမ်းရေးဆုကို ချီးမြှင့်ရန်ပင်ဖြစ်ပါသည်။ ခံစားချက် အမျိုးမျိုးအဖုံဖုံဖြစ်ပေါ်နေရသည့် အခါသမယလည်းဖြစ်ပါသည်။ ငြိမ်းချမ်းရေးဆုရှင်ကိုယ်တိုင် မလာရောက်နိုင်ဘဲ ဖြစ်နေရပါသည်။ ကျနော်တို့ သူမ၏ ယုံကြည်ချက်အတိုင်း ဖြစ်မြောက်ရန် တိုက်ပွဲဝင်နေဆဲပင်ဖြစ်ပါသည်။ သူမ၏စွမ်းရည်သတ္တိနှင့် တာဝန်ယူ ဆောင်ရွက်မှုများကြောင့် သူမသည် မြန်မာပြည်၌ယုံကြည်ချက်၏ အကျဉ်းသားဘဝ၌ ရောက်ရှိနေပါသည်။ သူ မလာရောက်နိုင်သည့်အတွက် ကျနော်တို့စိုးရိမ် ကြောင့်ကြစိတ်များဖြစ်ပေါ်လာသော်လည်း သူ၏မိသားစု ခံစားနေရသော စိုးရိမ်ပူပန်မှုနှင့်စာလျှင် ပြောပလောက်မည်မဟုတ်ပါ။ သူ၏ မိသားစုဖြစ်သော ခင်ပွန်း

www.burmeseclassic.com

www.burmeseclassic.com



သည် မိုက်ကယ်အဲရစ်နှင့် သားများဖြစ်ကြသော အလက်ဇန္ဒားနှင့် ကင်မ်တို့အား အလွန်ပင် ကိုယ်ချင်းစာနာမိကြောင်း ဤအခမ်းအနားတွင် ပြောလိုပါသည်။ ကျနော်တို့သည် သင်တို့နှင့်အတူခံစားကြရပြီး သင်တို့၏ ဇနီးနှင့် မိခင်ဖြစ်သူကိုယ်စား အော်စလိုမြို့သို့လာရောက်၍ နိုဘဲလ်ဆု လက်ခံယူသည်ကို ကျနော်တို့များစွာ ကျေးဇူးတင်ရှိပါသည်။




ငြိမ်းချမ်းရေးနိုဘယ်ဂုဏ်ပြုမှတ်တမ်းလွှာ

"…. ကျနော်တို့၏ စိုးရိမ်ကြောင့်ကြမှုများသည် ယုံကြည်အားထားမှု၊ မျှော်လင့်မှုတို့ဖြင့်လည်း ရောထွေး၍ ပေါ်နေပါသည်။ ငြိမ်းချမ်းရေးနှင့် စေ့စပ်ဖျန်ဖြေရေးကိုရယူရန် တိုက်ပွဲဝင်ကြိုးပမ်းရာတွင် ကျနော်တို့ စံနမူနာအဖြစ်ထားရမည့်ပုဂ္ဂိုလ်များသည် ကျနော်တို့ရယူရန် ကြိုးပမ်းနေသည့်အရာများ၏သင်္ကေတအဖြစ်ရပ်တည်ပြီး ကျနော်တို့တွင် ရှိသမျှ အရကောင်းဆုံးစွမ်းအင်ကို လှုပ်ရှားတက်ကြွစေသော ပုဂ္ဂိုလ်မျိုးတို့ကို အားထားကြရပါသည်။ အောင်ဆန်းစုကြည်သည် ဤသို့သော ပုဂ္ဂိုလ်ပင်ဖြစ်ပါသည်။ သူသည် လေးနက်စွာတာဝန်ယူမှုနှင့် ဇွဲသတ္တိခိုင်မြဲမှုတို့ကို ဦးတည်ချက်နှင့် နည်းလမ်းတို့တသားတည်းဖြစ်သော စိတ်ကူးအမြင်ဖြင့် ပေါင်းစပ်ပေးထားပါသည်။ ယင်းအမြင်၏အရေးကြီးဆုံးသော အင်္ဂါအစိတ်အပိုင်းများမှာ ဒီမိုကရေစီနှင့် လူ့အခွင့်အ

www.burmeseclassic.com


www.burmeseclassic.com



ရေးများကို ရိုသေလေးစားမှု အုပ်စုများအကြား စေ့စပ်ဖျန်ဖြေမှု၊ အကြမ်းမဖက်မှုနှင့် တဦးချင်းအနေဖြင့်လည်းကောင်း၊ စုပေါင်း၍လည်းကောင်း စည်းကမ်းကျနမှုစသည်တို့ပင် ဖြစ်ပါသည်”

သူမအားစတင် စိတ်ဓါတ်တက်ကြွလှုပ်ရှားစေသော အထင်ကရ ပုဂ္ဂိုလ်များမှာ မဟာတ္တမဂန္ဒီနှင့်သူမ၏ဖခင် မြန်မာ့လွတ်လပ်ရေးဗိသုကာ ဗိုလ်ချုပ်အောင်ဆန်းပင်ဖြစ်ကြောင်း သူမကိုယ်တိုင်ထုတ်ဖော်ပြောကြားခဲ့ပါသည်။ အကြမ်းမဖက်ရေး အတွေးအမြင်ရှိသူနှင့် စစ်အာဏာရှင်ဗိုလ်ချုပ်ကြီးတို့ကြားကွဲပြားခြားနားချက်များ အများအပြားရှိသော်လည်း အခြေခံတူရှုချက်များကိုတွေ့ရှိရပါသည်။ ၄င်းတို့နှစ်ဦးစလုံးတွင် စစ်မှန်သောလွတ်လပ်ရေးစိတ်ထား၊ စစ်မှန်သောနိဝါတတရားနှင့် အောင်ဆန်းစုကြည်က သူ့ဖခင်နှင့် ပတ်သတ်၍ရေးသားရာတွင် အသုံးပြုခဲ့သော စကားအတိုင်းပြောရလျှင် “နက်ရှိုင်းလှသော ရိုးသားဖြူစင်မှု”တို့ကို တွေ့ရှိရပါသည်။ ဗိုလ်ချုပ်အောင်ဆန်းအဖို့ ခေါင်းဆောင်မှုသည် တာဝန်ဖြစ်၍ မိမိခေါင်းဆောင်မည့် ပြည်သူလူထု၏ ယုံကြည်ကိုးစားမှုနှင့် ရိုသေလေးစားမှုတို့ကို အရယူ၍ ထမ်းရွက်ရာတွင် နိဝါတတရားရှိမှ တာဝန်ကျေပွန်မည် ဖြစ်ပါသည်။

ဂန္ဒီနှင့် ဖခင်ဖြစ်သူတို့ထံမှ အားကျနမူနာယူစရာ စိတ်ဓါတ်ခွန်အားများ



www.burmeseclassic.com

www.burmeseclassic.com



ကို ရယူခဲ့သော်လည်း အောင်ဆန်းစုကြည်တွင် လွတ်လပ်သော အတွေးအမြင်များရှိပြီး ယင်းတို့သည် သူမ၏နိုင်ငံရေးဝါဒများ ဖြစ်လာပါတော့သည်။ အဓိကအခြေခံမှာ သူမ၏ဖခင်၌ သူမြင်တွေ့ခဲ့ရသော အနိုင်းမဲ့ရိုးသားမှုပင် ဖြစ်ပါသည်။ သူ၏အတွေးအမြင်တွင် လူ့အခွင့်အရေးကို အလယ်ဗဟို၌ နေရာပေးထားသည်မှာ လူ့ဂုဏ်သိက္ခာကို ကာကွယ်ရန် တကယ်တမ်း လိုအပ်သည့်သဘောကို ရောင်ပြန်ဟပ်ခဲ့ပုံရပါသည်။ လူသားတိုင်းသည် လွတ်လပ်သောလူ့အဖွဲ့စည်းတွင် နေထိုင်ခွင့်ရှိသည်သာမက ရိုသေလေးစားခံပိုင်ခွင့်လည်း ရှိရမည်ဖြစ်ပါသည်။ ဤအယူအဆပေါ်တွင် အမြင့်ဆုံးမျှော်မှန်းချက် စိတ်ကူးအမြင်နှင့် တည်ငြိမ်သောလက်တွေ့ဝါဒတို့ကို ထူးခြားစွာပေါင်းစပ်ထားသော လမ်းစဉ်တရပ်ကို သူမက ချမှတ် တည်ဆောက်ထားပါသည်။ သူမအဖို့ ဤသည်မှာ အမှန်တရား အယူအဆမျှသာ မဟုတ်ပါ။ ဤသို့သော အယူအဆကို လက်တွေ့နိုင်ငံရေး၌ ကျင့်သုံးနိုင်သည်ကို ပြသရာတွင် သူမသည်များစွာ အထောက်အကူပြုသူ ဖြစ်နေပါသည်။

ငြိမ်းချမ်းရေးနှင့် စေ့စပ်ဖြန်ဖြေရေးမူဝါဒကို လက်တွေ့အကောင်အထည်ဖော်ရာတွင် လုံးဝမရှိမဖြစ်သော လိုအပ်ချက်တရပ်မှာ "ကြောက်ရွံ့ခြင်း ကင်းမဲ့မှု" ပင်ဖြစ်ပါသည်။ ဤအချက်ကို အောင်ဆန်းစုကြည် သိနားလည်ပါသည်။ သူမရေးသားခဲ့သော Freedom from Fear (ကြောက်ရွံ့ခြင်းမှ ကင်းဝေးခြင်း) စာအုပ်၌ သူတို့သည် အာဏာကြောင့်မဟုတ်ဘဲ ကြောက်ရွံ့မှုကြောင့်သာ လူသားတိုင်း ဖောက်ပြန်ကြခြင်းဖြစ်သည်ဟု ရေးသားဖော်ပြထားပါသည်။ သူမ၏တိုင်းပြည်မှ အာဏာရှင်စနစ်အားရည်ရွယ်၍ ဝေဖန်ထားခြင်းပင် ဖြစ်ပါသည်။ စစ်ဗိုလ်ချုပ်များသည် ပြည်သူလူထုကို ဦးဆောင်ဦးရွက် လမ်းပြရမည့်အစား ယင်းတို့က ပြည်သူလူထုကို ကြောက်ရွံ့နေသဖြင့် ဖောက်ပြန်စေခဲ့ခြင်းဖြစ်သည်။ ဤအတွက် ၄င်းတို့သည် မကောင်းမှုသံသရာ လည်နေကြရပါသည်။ သို့သော်လည်း သူမ၏ အတွေးအမြင်တွင် ကြောက်ရွံ့မှုကင်းမဲ့ရန် လှုံ့ဆော်ထားချက်သည် ဦးစွာပထမအနေဖြင့် အများနှင့်သက်ဆိုင်သော နှိုးဆော်ချက်ပင်ဖြစ်ပါသည်။ ကျနော်တို့အားလုံး ကြောက်ရွံ့ခြင်းကင်းမဲ့ကြရန် တောင်းဆိုခြင်းဖြစ်ပါသည်။ သူကိုယ်တိုင်လည်း ကြောက်ရွံ့မှုကင်းမဲ့ကြောင်းကိုလည်း လက်တွေ့ပြသခဲ့ပါသည်။ သူမသည် သေနတ်များဖြင့်ချိန်ထားသည်ကို တ

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တည်း ဆန့်ကျင်ခဲ့သူဖြစ်ပါသည်။ ဤသို့သောသတ္တိကို မည်သည့်အရာက ခံနိုင်ပါမည်နည်း။ သူမအား မပစ်ရန် နောက်ဆုံးအမိန့်ပေးလိုက်သူ ဗိုလ်မှူး၏စိတ်ထဲတွင် မည်သို့ရှိပါသနည်း။ သူမ၏သတ္တိကို လေးစား၍လည်း ဖြစ်နိုင်ပါသည်။ ကြမ်းတမ်းသောအင်အားဖြင့် မည်သည့်အရာကိုမျှ အောင်မြင်နိုင်မည်မဟုတ်သည်ကို ယင်းပုဂ္ဂိုလ်က သဘောပေါက်၍လည်း ဖြစ်နိုင်ပါသည်။

အကြမ်းဖက်မှု၏ အဆိုးဝါးဆုံးသော ရန်သူသည် အကြမ်းဖက်မှုပင်ဖြစ်၍ ယင်းတို့ကို တိုက်ဖျက်ရာတွင် ကြောက်ရွံ့မှုကင်းမဲ့ခြင်းသည် အထက်မြက်ဆုံး လက်နက်ဖြစ်ပါသည်။ သူမ၏အားကျဖွယ်ရာ ရဲစွမ်းသတ္တိကြောင့် အောင်ဆန်းစုကြည်သည် ဂန္ဒီနှင့် ဖခင်ဖြစ်သူ ဗိုလ်ချုပ်အောင်ဆန်းကဲ့သို့ ဩဇာတိက္ကမကြီးမားလှသောသင်္ကေတ၏ အမှတ်အသားအဖြစ်သို့ ရောက်ရှိလာခြင်း ဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် ၄င်း၏ လွတ်လပ်ရေး ကြိုးပမ်းဆောင်ရွက်မှုများ မပြီးပြတ်သေးမီ လုပ်ကြံသတ်ဖြတ်ခြင်းခံရပါသည်။ ဤသို့ သူရဲဘောကြောင်စွာလုပ်ဆောင်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းအား မြန်မာ့နိုင်ငံရေး ဖြစ်စဉ်ထဲမှ ဖယ်ရှားနိုင်မည်ဟု လုပ်ကြံသတ်ဖြတ်သူများက ယူဆခဲ့ပါလျှင် တကယ်တက်စင်လွဲမှားမှုသာဖြစ်ပါသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် လွတ်လပ်သော မြန်မာပြည်သူအတွက် စည်းလုံးညီညွတ်မှု၏ သဘောဖြစ်လာပြီး လွတ်လပ်သော လူ့အဖွဲ့အစည်းကို ဆောင်ရွက်နိုင်ရန် ယခုတိုက်ပွဲဝင်ကြိုးပမ်းနေသူများအား စိတ်ဓါတ်တက်ကြွစေသည့် ပုဂ္ဂိုလ်များဖြစ်လာပါတော့သည်။ ဤသို့ နမူနာထားစရာ၊ စိတ်ဓါတ်တက်စရာအပြင် ပြည်သူလူထုစိတ်နှလုံးတွင် ဗိုလ်ချုပ်အောင်ဆန်း ရယူထားသည့်နေရာကြောင့် ၄င်းသေဆုံးပြီး နှစ်ပေါင်း ၄၀ ကျော်အကြာတွင် အောင်ဆန်းစုကြည်သည် နိုင်ငံရေး စတင်လုပ်ကိုင်ရန် လိုအပ်သောအခြေခံကို ရရှိနိုင်ခဲ့ပါသည်။ သူမသည် ဖခင်၏အမွေအနှစ်ကို ဆက်ခံခဲ့ပြီး ယခုအခါ သူမကိုယ်တိုင် မြန်မာပြည်တွင်သာမကဘဲ အာရှတိုက် တခွင်လုံးနှင့် အခြားကမ္ဘာ့နေရာ အနှံ့အပြားတွင် အကြမ်းဖက်မှုကို တော်လှန်၍ လွတ်လပ်သော လူ့အဖွဲ့အစည်း တည်ထောင်ရန် သင်္ကေတဖြစ်နေပါသည်။

အောင်ဆန်းစုကြည်၏ ရဲစွမ်းသတ္တိနှင့် မြင့်မားသောမျှော်မှန်းချက်တို့သည် ကျွန်ုပ်တို့တွင်ရှိသော အကောင်းဆုံးစွမ်းရည်ကို ပေါ်ထွက်လာမည်ဟု ကျနော်တို့ကဲ့သို့သော သာမန်ပုဂ္ဂိုလ်တို့ခံစားကြသည်ဟု ကျနော်ယုံကြည်ပါ

www.burmeseclassic.com

www.burmeseclassic.com



သည်။ အနာဂတ်တွင် ယုံကြည်မှုရှိနေသေးရန်အတွက် သူမကဲ့သို့သော ပုဂ္ဂိုလ်မျိုးကို ကျနော်တို့လိုအပ်သည်ဟု ခံစားမိပါသည်။ ယင်းအချက်သည် သူမကြိုးပမ်းမှု၏ စွမ်းအားကြီးသော သင်္ကေတတရပ်ဖြစ်ပြီး သူမကို မတရားလုပ်တိုင်း ကျနော်တို့နှလုံးသားတွင် အမြတ်တနိုးထိန်းသိမ်း ထားသည့်အရာကို ချိုးဖောက်ခံရသကဲ့သို့ပင် ခံစားကြရပါသည်။ နေအိမ်တွင် ဖမ်းဆီးခြင်းခံရသူ အောင်ဆန်းစုကြည်သည် မျှော်လင့်ချက်ရောင်ခြည်ဖြစ်ပါသည်။ သူမ ထိုနေရာ၌ရှိနေခြင်းဖြင့် ကောင်းမှုကုသိုလ်၏ အင်အားကို ကျနော်တို့ ပို၍ယုံကြည်ကိုးစားလာကြပါသည်။

ပြည်တွင်း၌ နိုင်ငံရေးအဖိနှိပ်ခံနေရသဖြင့် နိုဘယ်ငြိမ်းချမ်းရေးဆုရှင် ကိုယ်တိုင် မလာရောက်နိုင်သည်မှာ ဤအကြိမ်သည် ပထမဆုံးအကြိမ် မဟုတ်သလို နောက်ဆုံးအကြိမ်ဖြစ်မည် မထင်ပါ။ ဟစ်တလာ၏ တခုသော အကျဉ်းစခန်းတွင် ဖျားနာနေသူ ကားလ်ဖွန်အော်စီအက်စကီ (Carl von Ossietzky) သည်လည်း ၁၉၃၆ ခုနှစ်က မလာရောက်နိုင်ခဲ့ပါ။ အာဒရေဆာခါရော့ဗ် (Andrei Sakharov) နှင့် လက်ဘိုဝင်စာ (Lech Walesa) တို့သည်လည်း ထိုနည်းတူပင်ဖြစ်ခဲ့ရပါသည်။ အော်စီအက်စကီသည်လည်း နာဇီအစိုးရမပြုတ်ကျမီ သေဆုံးသွားရပြီး ဆာခါရော့ဗ်နှင့် ဘိုဝင်စာတို့မှာမူ ၎င်းတို့၏ကြိုးပမ်းမှုများ အောင်ပွဲခံသည်ကို တွေ့မြင်ကြရပါသည်။ အောင်ဆန်းစုကြည်သည်လည်း သူမ၏ ကြိုးပမ်းမှု အောင်ပွဲခံခဲ့သည်ကို မြင်ရမည်ဟု ကျနော်တို့ မျှော်လင့်ပါသည်။

သို့သော်လည်း ငြိမ်းချမ်းရေးဆုရှင်ကိုယ်တိုင် ရောက်မလာနိုင်သည်မှာ ဤအကြိမ်သည် နောက်ဆုံးဖြစ်ချင်မှဖြစ်မည်ဟူသော အလားအလာကိုလည်း ကျနော်တို့ သိရှိထားရမည် ဖြစ်ပါသည်။ ကျနော်တို့နေထိုင်ရာ ကမ္ဘာမျိုးတွင် ငြိမ်းချမ်းရေးနှင့် စေ့စပ်ဖြန်ဖြေရေးကို တခါတည်းနှင့် မရနိုင်သည်ကိုလည်း သတိပြုကြရမည် ဖြစ်ပါသည်။

ကျနော်တို့၏ စံသတ်မှတ်ချက်များကိုလည်း နိမ့်ကျသွားအောင် ပြုလုပ်နိုင်မည်မဟုတ်ပါ။ ထိုသို့မလုပ်ဘဲ ပိုမိုကောင်းမွန်သောလောကကို လိုအပ်ပါက ကျနော် ပို၍ နိုးကြားဖျတ်လတ်ရန်၊ ကြောက်ရွံ့မှုမှ ပို၍ကင်းဝေးရန် ယခုနှစ်ဆုရှင်ပြောသကဲ့သို့ "နက်ရှိုင်းသောရိုးသားမှု"ရှိကြရန် ကျနော်တို့ ကြိုးစားကြရမည်ဖြစ်ပါသည်။ ဤသည်မှာ ကျနော်တို့အားလုံး တစ်ဦးစီပြုလုပ်ရမည့်

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စဖြစ်သော်လည်း အာဏာရာထူးအဆင့်ရှိသူများ ကျင့်သုံးရန် အထူး လိုအပ်ပါသည်။ အောင်ဆန်းစုကြည်ကဲ့သို့ပင် ရိုးသားနှိမ့်ချမှုနှင့် ကြောက်ရွံ့ခြင်းကင်းဝေးမှုကို ပြကြပါ။ ပို၍နေချင်ဖွယ်ကောင်းသော ကမ္ဘာလောကကြီး ပေါ်ပေါက်လာမည်မှာ မလွဲကေန်ဖြစ်ပါသည်။

အားလုံးကို ကျေးဇူးတင်ပါသည်။

ဆုချီးမြှင့်ပွဲ၌ ဒေါ်အောင်ဆန်းစုကြည် မတက်ရောက်နိုင်သဖြင့် ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား သားကြီးဖြစ်သူမြင့်ဆန်းအောင် (အလက်ဇန္ဒားအဲရစ်) က အောက်ပါအတိုင်း ပြောကြားခဲ့သည်။

ဘုရင်မင်းမြတ်၊ မိဘုရားကြီး၊ အစိုးရအဖွဲ့ဝင်များ၊ သံတမန်များနှင့် အမျိုးသမီး၊ အမျိုးသားများခင်ဗျား။

ဆုများထဲတွင်အကြီးကျယ်ဆုံးသော ဤနိုဘယ်ငြိမ်းချမ်းရေးဆုကို ကျနော့်မိခင် ဒေါ်အောင်ဆန်းစုကြည်၏ကိုယ်စားလက်ခံရန် လူကြီးမင်းများ ရှေ့မှောက်တွင် ကျနော် ယနေ့ရောက်ရှိနေခြင်းဖြစ်ပါသည်။ ကျနော့်မိခင်သည် အခြေအနေ အကြောင်းကြောင်းကြောင့် ကိုယ်တိုင်မလာရောက်နိုင်သဖြင့် သူမအနေဖြင့် ထုတ်ဖော်ပြောဆိုမည့်ခံစားချက်ဟု ကျနော်ယုံကြည်ယူဆသော ခံစားမှုများကို ဖော်ပြနိုင်ရန် ကျနော် အစွမ်းကုန်ကြိုးစားပါမည်။

ပထမဦးစွာ သူမသည် နိုဘယ်ငြိမ်းချမ်းရေးဆုကို သူမအနေဖြင့် မဟုတ်ဘဲ မြန်မာပြည်သူပြည်သားအားလုံးကို ကိုယ်စားလက်ခံကြောင်းပြောဆို၍ စတင်လိမ့်မည်ဟု ကျနော်သိရှိနားလည်ပါသည်။ ဤဆုသည် သူမနှင့် မသက်ဆိုင်ဘဲ ကျနော် ယခုစကားပြောဆိုနေစဉ်၌ပင် မြန်မာပြည်ဒီမိုကရေစီရရှိရေးအတွက် ၎င်းတို့၏ ကိုယ်ကျိုးကောင်းစားမှု၊ ကိုယ်ပိုင်လွတ်လပ်မှုနှင့် အသက်တို့ကို ဆက်လက်အနစ်နာခံနေကြသော အမျိုးသား၊ အမျိုးသမီး၊ ကလေးသူငယ်များနှင့်သာ သက်ဆိုင်သောဆုဖြစ်ကြောင်း သူမက ပြောမည်ဖြစ်ပါသည်။ ဤဆုသည် ၎င်းတို့၏ ဆုဖြစ်သကဲ့သို့ မြန်မာပြည်ငြိမ်းချမ်းရေး၊ လွတ်လပ်ရေးနှင့် ဒီမိုကရေစီအတွက်ဖြစ်သော ရေရှည်တိုက်ပွဲတွင် နောက်ဆုံးရရှိမည့်အောင်ပွဲမှာလည်း ၎င်းတို့၏ အောင်ပွဲပင်ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်လည်း သူမ၏သားအနေနှင့် ကျနော်ဖြည့်စွက်ပြောလိုသည်မှာ သူမကိုယ်တိုင်စိတ်ရောကိုယ်ပါမြှုပ်နှံလုပ်ကိုင်ခြင်း၊ ကိုယ်တိုင် အနစ်နာခံခြင်း စသည်တို့ကြောင့် သူမသည် မြန်မာပြည်သူပြည်သားအားလုံး၏ ဆိုးဝါးသော အခြေအနေကို အများက အသိအမှတ်ပြုလာစေရန် အားလုံးကိုယ်စား ရပ်တည်ထိုက်သော သင်္ကေတဖြစ်လာရပါသည်။

ယင်းအခြေအနေဆိုးများကို မည်သူမျှလျှော့မတွက်သင့်ပါ။ မြို့ရွာ၊ ကျေးလက်တွင် ဆင်းရဲမွဲတေချို့တဲ့နွမ်းပါးနေကြခြင်း၊ အကျဉ်းထောင်ထဲတွင် အရိုက်အနှက်ခံ၊ အနှိပ်စက်ခံနေကြရခြင်း၊ မြန်မာပြည်၏ မျှော်လင့်ချက်ဖြစ် သောလူငယ်လူရွယ်များ၊ ၄င်းတို့ ထွက်ပြေးရာတောထဲ၌ ငှက်ဖျားမိပြီး ဒုက္ခရောက်နေကြခြင်း၊ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများ အရိုက်ခံ၊ သိက္ခာချခံနေရခြင်း စသည့်အခြေအနေဆိုးများပင် ဖြစ်ပါသည်။ ကျနော့်မိခင်အပြင် အထူးရှိသေလေးစားခဲ့ရသော ဝါရင့်ခေါင်းဆောင်များသည်လည်း အကျဉ်းချခံနေရသည်ကို ကျနော်တို့ မမေ့သင့်ပါ။

ဤသို့ အမြင့်ဆုံးဂုဏ်ပြုခံရသည်ကိုက ၄င်းတို့ကိုယ်စား ကျနော်က လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်ကြောင်းပြောအပ်ပါသည်။ ဤကဲ့သို့ အလွန်ဝေးလံသောတိုင်းပြည်တွင် မိမိတို့၏ ဒုက္ခဝေဒနာခံစားနေရမှုများကို နားစိုက်ဂရုပြုနေသောကြောင့် မြန်မာပြည်သူတို့အနေဖြင့် ယနေ့ အနည်းငယ် ခေါင်းမော့နိုင်မည်ဖြစ်ပါသည်။

အစောင့်ထူထပ်စွာချထားသော ရန်ကုန်မြို့နေအိမ်တွင် တဦးတည်း ဆင်နွှဲနေသောတိုက်ပွဲသည် စိတ်ဓာတ်ရေးရာနှိပ်ကွပ်မှုနှင့် နိုင်ငံရေး အဓမ္မအနိုင်ကျင့်မှုတို့မှ လူသားတို့ လွတ်မြောက်အောင် ကမ္ဘာနှင့် ချီ၍ ကျယ်ပြန့်စွာကြိုးပမ်းနေသော တိုက်ပွဲကြီး၏ တစိတ်တပိုင်းပင်ဖြစ်ကြောင်း ကျနော်တို့ သတိရကြရမည်ဖြစ်ပါသည်။ ဤဆုသည် ဤတိုက်ပွဲကြီးထဲတွင် မည်သည့်အရပ်မှမဆို ပါဝင်နေသူများကိုလည်း ဂုဏ်ပြုရန် ရည်ရွယ်သည်ဟု ကျနော်ယုံကြည်မိပါသည်။ ယနေ့ အော်စလိုမြို့တွင် ပြုလုပ်သော ဤအခမ်းအနားကို တကမ္ဘာလုံးတွင်ကျင်းပနေသော ကမ္ဘာ့လူ့အခွင့်အရေးနေ့၌ ကျင်းပရသည်မှာလည်း အကြောင်းရှိပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား၊ လူကြီးမင်းတို့ကော်မတီ၏ ရွေးချယ်ချက်ကို ကမ္ဘာ့မိ

www.burmeseclassic.com

www.burmeseclassic.com



သားစုတခုလုံးက ကောင်းချီးသြဘာပေးနေကြပါသည်။ လွန်ခဲ့သော ရက်အနည်းငယ်ခန့်က ကုလသမဂ္ဂသည် တညီတညွတ်တည်း သမိုင်းဝင်ဆုံးဖြတ်ချက်တရပ်ချမှတ်ကာ ဤဆုစ၏အရေးပါပုံနှင့် ပတ်သတ်သော အထွေထွေ အတွင်းရေးမှူးချုပ်ပဲရစ်ဒီကွေးလျား (Perez de cyellar) ၏ထုတ်ပြန်ချက်ကို ကြိုဆိုကျပြီး ကျနော့်မိခင်လွတ်မြောက်ရေးအတွက် ၄င်းက ထပ်တလဲလဲ ပန်ကြားထားသည်များကိုလည်း ထောက်ခံလိုက်ပါသည်။ မြန်မာပြည်၏ လူ့အခွင့်အရေး အခြေအနေ အလွန်စိုးရိမ်ဖွယ်ရာများဖြစ်နေသည်ကို တကမ္ဘာလုံးက သိရှိနားလည်ထားကြသည်ကိုလည်း ကင်းကွာ၍ အထီးကျန်နေခဲ့သော ရန်ကုန်အစိုးရထံမှသာ တခုတည်းသော သဘောထားကွဲလွဲသံကို ကြားရပါသည်။ နောက်ကျ ကျန်ရစ်ပြီး အားနည်းနေသောအသံပင်ဖြစ်၏။

လက်ရှိစစ်အစိုးရသည် နှစ်ပေါင်း (၃၀) နီးပါး မတရားသဖြင့် အုပ်ချုပ်လာခဲ့သည့်အတွက် တချိန်ကကြီးပွားချမ်းသာတိုးတက်လာခဲ့သော မြန်မာ့ရွှေဝါမြေသည် စီးပွားရေးတွင် ကမ္ဘာ့အဆင်းရဲဆုံးနိုင်ငံတစ်နိုင်ငံဘဝသို့ ရောက်ရှိသွားရပါသည်။ သြဇာအာဏာကို ထိရောက်စေရန် ခြိမ်းခြောက်မှု၊ ကြောက်ရွံ့ဖိနှိပ်မှု၊ မုန်းတီးမှုတို့ကို အသုံးပြုခဲ့သော အခြားအာဏာရှင်စနစ်များ၏ ကံကြမ္မာကဲ့သို့ နောက်ဆုံးတွင် ၄င်းတို့၏ကံကြမ္မာသည်လည်း ဖြစ်ပေါ်လာမည်ကို ရန်ကုန်ရှိအာဏာပိုင်တို့၏ အတွင်းစိတ်ထဲ၌ သိရှိကြရမည် ဖြစ်ပါသည်။ လက်ရှိ မြန်မာ့ဒီမိုကရေစီကြိုးပမ်းမှုတိုက်ပွဲ ၁၉၈၈ ခုနှစ်က လမ်းမများပေါ်၌ ပေါက်ကွဲထွက်ပေါ်လာခြင်းသည် အရှေ့ဥရောပ၊ အာရှနှင့် အာဖရိကတို့တွင် ပေါ်ပေါက်လာမည့် အပြည်ပြည်ဆိုင်ရာ ဒီမိုကရေစီရေလှိုင်းကြီး၏ ပထမဆုံးသောလှုပ်ရှားမှုတရပ်ပင်ဖြစ်ပါသည်။ ယနေ့ ၁၉၉၁ ခုနှစ်တွင် မြန်မာနိုင်ငံသည် ဖိနှိပ်ချုပ်ချယ်သော၊ ခေါင်းမာသော နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ လက်အောက်တွင် ဆက်လက်ဒုက္ခခံနေရသဖြင့် မြန်မာနိုင်ငံသည် သိသာ ထင်ရှားနေပါသည်။ သို့သော်လည်း အခြားနိုင်ငံများတွင် ဒီမိုကရေစီ အောင်ပွဲခံသွားသော သာဓကသည် မြန်မာပြည်သူတို့အတွက် အရေးကြီးသော သတင်းပါးချက်ပင်ဖြစ်သည်။ အာဏာရှင်စနစ် စီးပွားရေးသည် လုံးဝစွမ်းဆောင်နိုင်ခြင်းမရှိသည့်အတွက် လက်ရှိအစိုးရသည်လည်း ကျဆုံးရမည်ဟူသော အကြောင်းကြားချက်ဖြစ်ပါသည်။ ယခုအခါတွင် မြင့်တက်နေသော

www.burmeseclassic.com

www.burmeseclassic.com



ငွေကြေးဖောင်းပွမှု၊ အလွဲလွဲအမှားမှားဖြစ်နေသော စီးပွားရေးနှင့် တန်ဖိုးမရှိသောကျပ်ငွေတို့နှင့် ရင်ဆိုင်နေရသော မြန်မာအစိုးရသည် မိမိတို့ ပြုလုပ်ခဲ့သည့်အတိုင်း ခံစားနေရသည်မှာ သံသယဖြစ်စရာမလိုပါ။

သို့သော်လည်း လက်ရှိအာဏာရ အစိုးရကျဆုံးသွားခြင်းသည် စီးပွားရေး လုံးဝပြိုကျ ပျက်ပြားသွားရသောကြောင့် မဖြစ်ပါစေနှင့်ဟု ကျနော် လေးနက်စွာ မျှော်လင့်ပါသည်။ ယခုနှစ်အတွက် ဆုကြေငြာစဉ် နိုဘယ်ကော်မတီက ဖော်ပြထားသည့်အတိုင်း လူ့အခြေခံဂရုဏာတရားအရ ပန်ကြားထားသည်ကို အာဏာရအစိုးရက ဂရုပြုကောင်း ပြုမိပါလိမ့်မည်။ ဖိနှိပ်ချုပ်ချယ်၍ ကြောက်ရွံ့ထိတ်လန့်အောင်ပြုလုပ်နေသော လက်ရှိလမ်းစဉ်များသည် မြန်မာ့ ဗုဒ္ဓဘာသာအစဉ်အလာ၏ မွန်မြတ်သောကိုယ်ကျင့်တရားများကို ချိုးဖောက်နေခြင်းဖြစ်သည်ဟုယူဆကာ ရွံမုန်းနေသူများလည်း စစ်အစိုးရအဖွဲ့တွင် ပါရှိကြောင်း ကျနော်သိပါသည်။ ဤသည်မှာ အချည်းနှီး ကိုယ်လိုရာကိုယ်ဆွဲပြီး တွေးခေါ်ခြင်းမဟုတ်ဘဲ ကျနော့်မိခင်ကိုယ်တိုင် အာဏာအဆင့်ရှိ ပုဂ္ဂိုလ်များနှင့် ထိတွေ့ဆက်ဆံရင်း ရရှိလာသောယုံကြည်မှုပင်ဖြစ်ပါသည်။ စစ်မှုထမ်းများနှင့် ၎င်းတို့မိသားစုများသာ အဓိကအားဖြင့် နေထိုင်သော မဲဆန္ဒနယ်မြေများတွင် သူမ၏ပါတီ အနိုင်ရရှိသည်မှာလည်း ဤအချက်ကို ထင်ရှားစွာ သာဓကပြခြင်းပင်ဖြစ်ပါသည်။ အာဏာပိုင်များထဲမှ ယင်းတို့မျှတလိုသော၊ သင့်မြတ်လိုသော ပုဂ္ဂိုလ်များက မြန်မာပြည်၏ အလိုအပ်ဆုံးသော အချိန်ကာလ၌ ၎င်းတို့၏ခံစားချက်များကို ထိထိရောက်ရောက် အကျိုးသက်ရောက်မှုရှိနိုင်ရန် လုပ်နိုင်ပါစေဟု ကျနော်လေးနက်စွာ ဆန္ဒပြုပါသည်။

ကျနော့် မိခင်သာ ယနေ့ လွတ်လပ်နေပါက လူကြီးမင်းများကို ကျေးဇူးတင်ရှိကြောင်း ပြောဆိုရင်း ဖိနှိပ်သူနှင့် ဖိနှိပ်ခံနေရသူတို့သည် ၎င်းတို့၏ လက်နက်များကို စွန့်လွှတ်၍ အတူတကွပူးပေါင်းကာ ငြိမ်းချမ်းရေးစိတ်ဓါတ်နှင့် ကရုဏာတရားတို့အပေါ်တွင် အခြေခံသော တိုင်းပြည်ကို တည်ဆောက်စေနိုင်ရန် အတွက်ပါ ဆုတောင်းပေးပါရန် လူကြီးမင်းတို့အား ပန်ကြားမည်ဟု ကျနော် သိပါသည်။

ကျနော့်မိခင်အား ဒီမိုကရေစီအပြောင်းအလဲများကို ငြိမ်းချမ်းသောနည်းလမ်းဖြင့်ရယူလိုသော နိုင်ငံရေးအတိုက်အခံဟု မကြာခဏ ထုတ်ဖော်ပြော

www.burmeseclassic.com

www.burmeseclassic.com



ဆိုရေးသားကြသော်လည်း သူမကြိုးစားရှာဖွေနေသည်မှာ အခြေခံအားဖြင့် စိတ်ဓါတ်ရေးရာ ပြောင်းလဲမှုဖြစ်သည်ကို ကျနော်တို့ သတိရသင့်ပါသည်၊ “အစစ်မှန်ဆုံးသော တော်လှန်ရေးသည် စိတ်ဓါတ်တော်လှန်ရေးဖြစ်ပြီး ယင်းသို့ ကြိုးပမ်းအားထုတ်ရာတွင် လိုအပ်သော စိတ်ဓါတ်ရေးရာ အဓိကရည်မှန်းချက်များနှင့်ပတ်သတ်၍လည်း သူမရေးသားထားချက်များ ရှိပါသည်၊ ယင်း စိတ်ဓါတ်တော်လှန်ရေး အောင်မြင်ရန်မှာ လူ့တာဝန်ဝတ္တရားပေါ်တွင် လုံးဝ မူတည်နေပါသည်။ လူ့တာဝန်ဝတ္တရားအသိစိတ်၏ မူလအရင်းမြစ်မှာ လုံးဝ အပြစ်ကင်းစင်ခြင်းဟူသော သဘောတရားကိုနားလည်၍ အပြစ်ကင်းစင်လိုသော စိတ်ဆန္ဒ၊ အပြစ်ကင်းစင်ရန်နည်းလမ်းရှာနိုင်သော အသိဉာဏ်နှင့် ယင်းနည်းလမ်းများကို လိုက်နာလိုသောစိတ်ဓါတ်၊ ယင်းနည်းလမ်းကို အဆုံးတိုင် မလိုက်နိုင်သည့်တိုင်အောင် မိမိ၏ ချို့ယွင်းချက် အကန့်အသတ်ကို ကျော်လွှန်ရန် လိုအပ်သောအတိုင်းအတာအထိ အနည်းဆုံးရောက်ရှိအောင် ကြိုးစားလိုခြင်းတို့ပင်ဖြစ်ပါသည်။ ဘဝတွင် မကြောင့်မကျ ကုံလုံပြည့်စုံစွာနေထိုင်နိုင်ရန်အတွက် သူတပါး၏လိုအပ်ချက်တာဝန်များကို ထမ်းဆောင်လိုသော သတ္တိရှိမည် ဖြစ်ပေသည်။ ဤတာဝန်ကို ထမ်းဆောင်ချင်စိတ် ရှိရမည်ဟု သူမကဆိုခဲ့ပါသည်။ ဤအချက်ကို သူမ၏ ယုံကြည်မှုနှင့် ဆက်စပ်ယူရာတွင် သတ္တဝါအပေါင်းတို့အနက် လူသားစင်စစ်သာလျှင် အဆင့်အမြင့်ဆုံး အခြေအနေဖြစ်သော ဘုရားအဖြစ်ကို ရရှိနိုင်သဖြင့် လူသားအား အလွန်တန်ဖိုးထားသည့် မြန်မာ့ရိုးရာ ယဉ်ကျေးမှုအခြေခံဖြစ်သော ဗုဒ္ဓဝါဒအရ လူတိုင်းသည် မိမိစိတ်ဆန္ဒကြိုးပမ်းအားထုတ်ခြင်းဖြင့် သစ္စာတရားကို သိနိုင်စွမ်းရှိပြီး သူတပါးကို သိစေရန်အတွက်လည်း ကူညီနိုင်သော အလားအလာရှိသည်ဟု ရေးသားထားပါသည်။

နောက်ဆုံးတွင် သူမက မြန်မာနိုင်ငံတွင် ဒီမိုကရေစီရှာပုံတော်သည် ပြည်သူတို့က ကမ္ဘာ့အဖွဲ့အစည်းအတွင်း လွတ်လပ်သော တန်းတူညီတူအဖွဲ့ဝင်များအဖြစ် ပြည့်ဝစွာ အဓိပ္ပာယ်ရှိရှိနေထိုင်နိုင်ရန် ရုန်းကန်ခြင်းပင်ဖြစ်ပါသည်။ ဤသည်မှာ မိမိတို့၏စိတ်ဓါတ်သည် မိမိ၏သဘာဝ ချို့ယွင်းချက်များအား ကျော်လွှားနိုင်ကြောင်းကို ထင်ရှားစေရန် လူသားတို့က အဆက်မပြတ် ကြိုးပမ်းအားထုတ်နေမှု၏ အစိတ်အပိုင်းတခုပင် ဖြစ်ပါသည်ဟု ရေးသားထားပါသည်။

www.burmeseclassic.com

www.burmeseclassic.com



နော်ဝေးနိုင်ငံတွင် မိခင်အတွက် ကျနော်နှင့် ကျနော့်ညီတို့ ဂုဏ်သိက္ခာကြီးမားလှသည့် ကမ္ဘာကျော်ဆုထူးကြီးကို လက်ခံရသည်မှာ ဤအကြိမ်သည် ဒုတိယ အကြိမ်ပင် ဖြစ်ပါသည်။ ယမန်နှစ်ကလည်း သိုရောဖ့်ရာဖ်တို (Thorolf Rafto) လူ့အခွင့်အရေးဆုကို လက်ခံရန် ဘာဂင် (Bergen) မြို့သို့ ကျနော်တို့ သွားရောက်ခဲ့ပါသည်။ ယခုနှစ် အခမ်းအနား၏ ပမာဏပင်ဖြစ်ပါသည်။ ယခုအခါ ကျနော်တို့တွင် နော်ဝေးပြည်သူများအတွက် အထူးခံစားချက်များ ရှိနေကြပြီဖြစ်ပါသည်။ မကြာမီအတွင်း ကျနော်တို့မိခင်သည်လည်း ဤ ခံစားချက်များကို မျှဝေခံစားနိုင်ပြီး ကျနော်တို့မှတဆင့် သို့မဟုတ် မိမိကိုယ်တိုင် တိုက်ရိုက်စကားပြောနိုင်လိမ့်မည်ဟု ကျနော်မျှော်လင့်ပါသည်။ ဤအတောအတွင်း သူမနှင့် ဗမာပြည်သူပြည်သားတို့အား ဤသို့ ကြီးမားထူးခြားစွာ ထောက်ခံခြင်းသည် ကမ္ဘာ့အစွန်ဆုံး ဆန့်ကျင်ဘက်နေရာများတွင် နေထိုင်နေကြသော ပြည်သူနှစ်ရပ်အား ပိုမိုနီးကပ်အောင် စုပေါင်းပေးရာကျပြီး ယခုကဲ့သို့ ဖြစ်ပေါ်လာသော ဆက်သွယ်မှုမှ မြောက်မြားစွာသော အကျိုးဆက်များ ပေါ်ထွက်လာမည်ဟု ကျနော်ယုံကြည်ပါသည်။

လူကြီးမင်းအားလုံးကို ကျနော့်အနေဖြင့် စိတ်ထဲနှလုံးသားထဲမှ ကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါသည်။ ယနေ့မှစ၍ နာကြည်းချက်များ၊ အာဃာတတရားများ၊ စတင်ပျယ်ပျောက်၍ မြန်မာပြည် ငြိမ်းချမ်းရေးရရှိရာတွင် ၁၉၉၁ နိုဘယ်ငြိမ်းချမ်းရေးဆုသည် သမိုင်းတွင် ခြေတလှမ်းဖြစ်စေရန် ကျနော်တို့ ဆုတောင်းရ၊ မျှော်လင့်ရမည်ဖြစ်ပါသည်။ အတိတ်၏ သင်ခန်းစာများကို မေ့လျော့မည်မဟုတ်သော်လည်း အနာဂတ်မျှော်လင့်ချက်အတွက် ကျနော်တို့သည် ယနေ့အခမ်းအနားစီရင်ကျင်းပခြင်းဖြစ်သည်ဟု ထင်မြင်မိပါသည်၊

အားလုံးကိုကျေးဇူးတင်လျက်

၁၉၉၂ ခုနှစ်၊ မေလ ၁၄ ရက် ရက်စွဲဖြင့် ဒေါ်အောင်ဆန်းစုကြည်ကလည်း နေအိမ်မှတဆင့် နိုဘယ်ကော်မတီသို့ ပေးစာတစ်စောင်ပေးပို့ခဲ့သည်။

အဆိုပါစာ၌–

ပါမောက္ခလွန်ဒီစတက်ရှင့်

www.burmeseclassic.com

www.burmeseclassic.com



၁၉၉၁ ခုနှစ်အတွက် နိုဘယ်လ်ငြိမ်းချမ်းရေးဆု ကျမကိုပေးအပ်ရန် ဆုံးဖြတ်လိုက်ကြောင်း ကျမ ပထမကြားသိရသောအခါတွင် ချက်ချင်းဖြစ်ပေါ်လာသောခံစားချက်များမှာ လေးနက်သောနိဝါတစိတ်နှင့် အထူးကျေးဇူးတင်မှုတို့ပင်ဖြစ်ပါသည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီရရှိရန် ကြိုးပမ်းအားထုတ် တိုက်ပွဲဝင်နေကြသူများ၏ အနစ်နာခံမှုနှင့် ဆင်းရဲဒုက္ခခံစားရမှုများကြောင့်သာ ကျမကို ဤသို့ဂုဏ်ပြုခြင်းဖြစ်သည်ကို သိရှိရသဖြင့် မုဒိတာတရား ပွားများရခြင်း ဖြစ်ပါသည်။ ဤသို့ ကြိုးပမ်းအားထုတ် တိုက်ပွဲဝင်နေကြသည်ကို လူကြီးမင်းများက အသိအမှတ်ပြုခြင်းဖြင့် ဒီမိုကရေစီတိုက်ပွဲကို အလွန်အဖိုးတန်လှသော အထောက်အပံ့ပေးလိုက်သည့်အတွက် လွန်စွာမှပင် ကျေးဇူးတင်မိပါသည်။

ကျမတို့၏ စုပေါင်းကြိုးပမ်းမှုတွင် ပါဝင်သူများအားလုံးကိုယ်စား ဤဆုကြီးကို လက်ခံရယူကြောင်း ကျမသားကြီး အလက်ဇန္ဒား(မြင့်ဆန်းအောင်) က ပြောကြားခဲ့သည်မှာ ကျမ၏ခံစားချက်ကို တိတိကျကျဖော်ပြခြင်းပင် ဖြစ်ပါသည်။ ကျမတို့ မြန်မာပြည်သူပြည်သားများ၏ အရေးကို ဂရုပြုကြောင်း ပြသသည့်အတွက် ကျမ လှိုက်လှိုက်လှဲ လှဲ ကျေးဇူးတင်ကြောင်း ပြောလိုပါသည်။

ကျမရရှိသောဆုငွေများဖြင့် မြန်မာပြည်ပညာရေးနှင့် ကျန်းမာရေးဘဏ္ဍာတည်ထောင်ရန်လည်း ကျမခင်ပွန်း မိုက်ကယ်အဲရစ်အား ပြောကြားထားပါသည်။ ကျမကိုယ်တိုင် ယင်းဘဏ္ဍာထိန်းအဖွဲ့ကို အပြည့်အဝ ကြီးကြပ်နိုင်မည့် အချိန်ကာလမတိုင်မီ ဤဘဏ္ဍာထိန်းလုပ်ငန်းနှင့်ဆိုင်သော ဥပဒေရေးရာကိစ္စရပ်များအားလုံးကို ကျမခင်ပွန်း အား ကျမကိုယ်စား ဆောင်ရွက်ပိုင်ခွင့်ပေးထားပါသည်။

ကျမအနေနှင့်ပြောရမည်ဆိုပါက ကျမသားကြီးက နော်ဝေးပြည်သူပြည်သားများအကြောင်း၊ ချစ်ခင်ရင်းနှီးစွာ နွေးထွေးသောမေတ္တာစိတ်ဖြင့် ပြောကြားသွားသည်ကို ကြားသိလိုက်ရသည့်အတွက်လည်း ကျမ များစွာ နှစ်သက်ကြည်နူးမိပါသည်။ ဆုပေးပွဲအ ခမ်းအနားကို ကြည်နူးဖွယ်ရာ၊ မမေ့နိုင်ဖွယ်ရာဖြစ်ရပ်အနေဖြင့် အထူးသဖြင့် တက်ရောက်ကြသော မြန်မာများ အတွက် ပြုလုပ်ပေးရန် ကြိုးစားဆောင်ရွက်ပေးကြသည်များကို ကြားသိရသောအခါတွင် ကျမစိတ်လှုပ်ရှားရသည်အထိ ကြည်နူးမိခဲ့ပါသည်။

www.burmeseclassic.com

www.burmeseclassic.com





နော်ဝေးနိုင်ငံရှိ တောင်စောက်တောင်ကြားအတွင်းမှ ပင်လယ်ကမ်းမြှောင်များအကြောင်းကို ကျမကလေးဘဝတွင် ဖတ်ရှုခဲ့ရစဉ်ကတည်းကမှစ၍ နော်ဝေးနိုင်ငံသည် ကျမစိတ်အာရုံကို အထူးဆွဲဆောင်စေခဲ့ပါသည်။ ကျမကိုယ်တိုင် တနေ့နေ့တချိန်ချိန်တွင် ကိုယ်တိုင်လာရောက်၍ နိုဘယ်ငြိမ်းချမ်းရေးဟောပြောပွဲကို ပြုလုပ်နိုင်မည့်အချိန်အခါကို စိတ်အားထက်သန်စွာ စောင့်မျှော်နေပါသည်။

အောင်ဆန်းစုကြည်

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၆)
# အမျိုးသားညီလာခံ

၁၉၉၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် စစ်အစိုးရအာဏာလွှဲပြောင်းပေးရန် အကြိမ်ကြိမ်တောင်းဆိုခဲ့သော်လည်း လုံးဝလက်မခံဘဲ ပယ်ချခဲ့သည်။

ထို့နောက် စစ်အစိုးရသည် ၁၉၉၃ ခုနှစ်၊ ဇန်နဝါရီလ ၉ ရက်နေ့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အတုအယောင် အမျိုးသားညီလာခံကို စတင်ကျင်းပခဲ့သည်။

ယင်းညီလာခံသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ရွှေသည် နဝတ စီစဉ်ထားသည့်အတိုင်း ခွဲတမ်းကျဦးရေဖြင့် အတုအယောင်အမျိုးသားညီလာခံကို ပါဝင်တက်ရောက်ရန် ဆုံးဖြတ်ခဲ့သည်။ ဤသို့ဖြင့် ဦးအောင်ရွှေဦးဆောင်သော NLD မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် (၈၆) ဦးသည် နဝတ၏ အမျိုးသားညီလာခံသို့ တက်ရောက်ခဲ့ကြသည်။ စစ်အစိုးရအား ပြန်လည် တုန့်ပြန်တိုက်ပွဲဝင်နိုင်စွမ်း အခြေအနေမရှိသည့်အတွက် မျှောလိုက်နေသလို ဖြစ်ခဲ့ရသည်။

နဝတစစ်အစိုးရသည် အမျိုးသားညီလာခံ၏ ဦးတည်ချက် (၆) ရပ်၊ အခန်းလိုက်ခေါင်းစဉ် (၁၅) ခု၊ အခြေခံရမည့်မူ (၁၀၄) ချက်ကို ညီလာခံကိုယ်စားလှယ်များအား အတင်းချမှတ်ခိုင်းခဲ့သည်။

စင်စစ် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုသည်မှာ တိုင်းပြည်၏ အသက်ဖြစ်သလို၊ အခြေခံအုတ်မြစ်လည်းဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ပြည်တွင်းစစ်မီးကို ပိုပြီးတောက်လောက်သွားစေနိုင်သကဲ့သို့ နှစ်ပေါင်း ၆၀ တောက်လောင်နေသော ပြည်တွင်းစစ်မီးကိုလည်း အကုန်အစင်ငြိမ်းသတ်ပေးနိုင်စွမ်း ရှိပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံသားတဦးစီ တဦးစီတိုင်း၏ ကိုယ်ရေးလုံခြုံမှု၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးတို့ကို အပြည့်အဝအာမခံနိုင်သည့် အနေအထားကို ဖန်တီးပေးနိုင်သကဲ့သို့ နိုင်ငံသားတဦးစီ၊ တဦးစီတိုင်း၏ ကံကြမ္မာကို လှုပ်လို့မရအောင် တုပ်နှောင်ချုပ်တည်းထားနိုင်စွမ်းလည်း ရှိပါသည်။

ထို့ကြောင့် ဤဖွဲ့စည်းပုံအခြေခံဥပဒေအတွက် အခြေခံမူများချမှတ်ခြင်း၊

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေခံမူများပေါ် မူတည်၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (မူကြမ်း) ကို ရေးဆွဲခြင်း၊ ထိုရေးဆွဲထားသော (မူကြမ်း) အား လူထုထံချပြပြီး ပြင်ဆင်ခြင်း၊ ဖြည့်စွက်ခြင်းတို့ကို အကြိမ်ကြိမ်အလီလီပြုလုပ်ခြင်း စသည့်ကိစ္စရပ်တိုင်းတွင် ပြည်သူတရပ်လုံးက လွတ်လပ်စွာပါဝင်ပြီး ဆောင်ရွက်ကြရပေလိမ့်မယ်။ တနည်းဆိုရလျှင် ထိုဖြစ်စဉ်တိုင်းတွင် ပြည်သူများက တိုက်ရိုက်ပါဝင်၍သော်လည်းကောင်း၊ ပြည်သူတို့မှ တာဝန်အပ်နှင်းထားသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်၍သော်လည်းကောင်း တိကျစွာ ဆောင်ရွက်ကြရမည်ဖြစ် သည်။

ထိုသို့ ဆောင်ရွက်ရာတွင်လည်း ပြည်သူလူထုကြီး၏ ဆန္ဒ၊ နိုင်ငံသားတဦးစီတိုင်း၏ ဆန္ဒနှင့် နိုင်ငံသားတဦးစီတ၊ ဦးစီတိုင်း၏ အကြံပြုချက်၊ ဖြည့်စွက်တင်ပြချက်တိုင်းကို အလေးအနက်ထား ဖြည့်ဆည်းပေါင်းစပ်ပေးကြရမည် ဖြစ်သည်။ မည်သူတဦးတယောက်ကမျှ အာဏာဖြင့် ထိန်းချုပ် ကာဆီးထားပိုင်ခွင့်မရှိပါ။

မိမိတို့၏ ကံကြမ္မာကို ပဲ့ကိုင်ထိန်းကျောင်းပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲရာတွင်လည်းကောင်း၊ ရေးဆွဲနိုင်ရန် အခြေခံမူများချမှတ်ရာတွင်လည်းကောင်း၊ ရေးဆွဲပြီး ဖွဲ့စည်းပုံအား ပြန်လည်သုံးသပ်ပြီး မူချောပြုရာတွင်လည်းကောင်း မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော လူမျိုးပေါင်းစုံ ပြည်သူတရပ်လုံး၏ အကျိုးစီးပွားကို တည့်မတ်စွာ မျက်နှာမူ၍ ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သို့သော် နဝတစိတ်ကြိုက် ရွေးချယ်ထားသည့် ညီလာခံကိုယ်စားလှယ်များက အများစုဖြစ်ပြီး ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်များက ၁၄ ရာခိုင်နှုန်းမျှသာ တက်ရောက်ခွင့်ရခဲ့သည်။ ယင်းအတုအယောင် အမျိုးသားညီလာခံတွင် နဝတစစ်အစိုးရက ‘ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေးဦးဆောင်မှုကဏ္ဍ၌ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေး’ ဆိုသည့် အချက်ကို အတင်းအကျပ်သွတ်သွင်းလာပြီး ပြည်သူလူထုက ရွေးချယ်တင်မြှောက်ရန်မလိုဘဲ စစ်တပ်ကို ၂၅ ရာခိုင်နှုန်း အလိုအလျောက်ပေးရမည်ဆိုသည့် မဖွယ်မရာတောင်းဆိုမှုကြီးကို မူတရပ်အဖြစ် တင်သွင်းလာသည့်အတွက် အဖွဲ့ချုပ်က မဖြစ်သင့်မဖြစ်ထိုက်ကြောင်း တုန့်ပြန်ဆွေးနွေးခဲ့သည်။ သို့ကလို

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီအခြေခံမှုများနှင့် မကိုက်ညီမှုများအပေါ် ညီလာခံအတွင်း တင်ပြဆွေးနွေးခဲ့သော်လည်း နဝတအစိုးရသည် လေးစားလိုက်နာခြင်းမရှိချေ။

ထိုစဉ်အတွင်း ၁၉၉၅ ခုနှစ်၊ ဇူလိုင်လ ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား ဥပဒေမဲ့အကျယ်ချုပ်ဖြင့် ထိန်းသိမ်းဖမ်းဆီးထားရာမှ ပြန်လည်လွှတ်ပေးခဲ့သည်။ ဒေါ်အောင် ဆန်းစုကြည်သည် လွှတ်မြောက်လာလာချင်း ယာယီဥက္ကဋ္ဌအဖြစ်ဆောင်ရွက်နေသည့် ဦးအောင်ရွှေ၊ ပါတီမူလ ဥက္ကဋ္ဌ ဦးတင်ဦး၊ ဦးကြည်မောင်တို့အပါအဝင် အဖွဲ့ချုပ် အမှုဆောင်လူကြီးများနှင့် ညှိနှိုင်းဆွေးနွေးမှုများလုပ်ဆောင်သလို၊ ဖရိုဖရဲဖြစ်နေသည့် ပါတီစည်းရုံးရေးနှင့် တည်ဆောက်ရေးကိစ္စများကို စနစ်တကျ ပြန်လည်တွန်းတင်နိုင်ရေး၊ အဖွဲ့ချုပ် အတွင်း စိတ်ဓါတ်ကြံ့ခိုင်မြင့်မားရေးများကို မြို့နယ်အဖွဲ့ချုပ်ရုံးများအထိ အနှံ့သွား၍ အားပေးစည်းရုံးလှုံ့ဆော်မှုကို ဆက်တိုက်လုပ်ဆောင်ခဲ့သည့်အတွက် အဖွဲ့ချုပ်အတွင်း ပြန်လည်လှုပ်ရှား နိုးကြားအားသစ်လာခဲ့သည်။ အဖွဲ့ချုပ်ဆက်လက်ရပ်တည် တည်ရှိရေးကိုပဲ ဇောင်းပေးလုပ်ဆောင်လာခဲ့ရသလို ရပ်တည်လုပ်ဆောင်လာခဲ့သည့် ဦးအောင်ရွှေကိုပင် အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် ဆက်လက်နေရာပေးထားသည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် ၎င်း၏ ခြံရှေ့တရားပွဲများကို အပတ်စဉ်မပျက် ဖော်ဆောင်နိုင်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ ထက်မြက်သည့်အရည်အသွေး၊ တည်ကြည်ခိုင်မာသည့် အရှိန်သြဇာများကြောင့် ဒေါ်အောင်ဆန်းစုကြည်ခြံရှေ့တရားဟောပြောပွဲများသည် လူထုကြား ရေပန်းစားခဲ့သလို၊ လူထုကြီး၏ ယုံကြည်ချစ်ခင်မှုကိုလည်း ရယူနိုင်ခဲ့သည်ဟု ဆိုရပေမည်။

ဤသို့ဖြင့် အဖွဲ့ချုပ်သည် လူထုကြား၌၊ ပြည်တွင်းပြည်ပ၌ ရေပန်းအစားဆုံး၊ လူထုထောက်ခံမှုအရဆုံးအဖွဲ့ကြီးအဖြစ် ဆက်လက်ပေါ်လွင် ထင်ရှားခဲ့သည်။ အဖွဲ့ချုပ်သည် တွေ့ဆုံဆွေးနွေးရေး၊ ၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် ညှိနှိုင်းဆောင်ရွက်သွားရေးများကို နဝတစစ်အစိုးရထံ တောက်လျှောက်တင်ပြတောင်းဆိုခဲ့သော်လည်း စစ်အစိုးရ၏ ဆန့်ကျင်ဖက်တုန့်ပြန်မှုများကိုသာ ရရှိခဲ့သည်။

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားညီလာခံ၌ တဖက်သတ် ချမှတ်ထားသောဦးတည်ချက် (၆) ချက်နှင့် အခြေခံမူ (၁၀၄) ချက်ကို လုံးဝ မကြိုက်နှစ်သက်ပေ။

ထို့ကြောင့် ၁၉၉၅ခုနှစ်၊ နိုဝင်ဘာလ ၂၈ ရက်နေ့၌ ကျင်းပသော အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် (၂၇–၁၁–၉၅) ရက်စွဲတပ်လျက် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေလက်မှတ် ထိုးထားသော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သဘောထားမူဝါဒစာတစောင်ကို အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌဦးအောင်တိုးထံ လိပ်မူပြီးပေးပို့ခဲ့သည်။ ထို့ပြင် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီသို့လည်း သဘောထားပြန်ကြားရန် စာဖြင့် ထပ်မံအကြောင်းကြားခဲ့သည်။ အကြောင်းပြန်ကြားစာမရရှိသဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် အမျိုးသားညီလာခံကျင်းပရေးဥက္ကဋ္ဌထံ ပေးစာတစောင် ထပ်မံပေးပို့ခဲ့ပြန်သည်။

အဖွဲ့ချုပ်ပေးပို့သောစာ၌–

(၁) အမျိုးသားညီလာခံက ချမှတ်ထားသောအခြေခံမူများကို ပြန်လည်သုံးသပ်ရန်။

(၂) ရွေးကောက်ပွဲတွင် အပြတ်အသတ်အနိုင်ရရှိခဲ့သော အဖွဲ့ချုပ်၏ လွှတ်တော် ကိုယ်စားလှယ်အများစုဖြင့် အမျိုးသားညီလာခံကိုယ်စားလှယ်များကို ပြန်လည်ဖွဲ့စည်းပေးရန်။

(၃) ညီလာခံတွင် ချမှတ်ကျင့်သုံးနေသောနည်းလမ်းများ၊ လုပ်ထုံးလုပ်နည်းများကို ပြန်လည်သုံးသပ်၍ ပြင်ဆင်ပေးရန်။

(၄) အထက်ပါကိစ္စရပ်များကို ဆောင်ရွက်နိုင်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရေးအတွက် အလေးထားဆောင်ရွက်ရန် စသည့်အချက်များကို ဖော်ပြထားသည်။

သို့သော် အမျိုးသားညီလာခံစုံညီအစည်းအဝေး၌ အမျိုးသားညီလာခံကျင်ပရေးကော်မရှင်ဥက္ကဋ္ဌ၏ မိန့်ခွန်းပါအချက်များကို လေ့လာခြင်းဖြင့် အဖွဲ့ချုပ်၏ လိုလားသော တွေ့ဆုံဆွေးနွေးရေးကိစ္စ လုံးဝမပါရှိကြောင်း သိရှိရသဖြင့် ယင်းနေ့ (၂၈–၁၁–၉၅) မှာပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် စစ်အစိုးရ ပြုလုပ်ကျင်းပသည့် အတုအယောင်အမျိုးသားညီလာခံကို ယင်းပုံစံ

www.burmeseclassic.com

www.burmeseclassic.com



အတိုင်းပင် ဆက်လက်ကျင်းပနေမည်ဆိုပါက

(၁) အမျိုးသားပြန်လည်ရင်ကြားစေ့ရေး၊

(၂) စစ်မှန်သောပါတီစုံဒီမိုကရေစီနိုင်ငံတော်ဖြစ်ပေါ်လာနိုင်ရေး၊

(၃) အများပြည်သူတို့၏ ယုံကြည်လက်ခံနိုင်သော ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတရပ် ပေါ်ထွန်းရေးများကို အထောက်အကူပြုနိုင်လိမ့်မည် မဟုတ်ဟု သဘောထားကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ညီလာခံကိုယ်စားလှယ်များက ညီလာခံတက်ရောက်နေမှုကို ရပ်ဆိုင်းလိုက်သည်။ တဆက်တည်းမှာပင် တွေ့ဆုံဆွေးနွေးရေးနှင့် ညှိနှိုင်းအဖြေရှာရေးကိုလည်း တောင်းဆိုခဲ့ပါသည်။ နဝတစစ်အစိုးရက အဖွဲ့ချုပ်၏ ဆုံးဖြတ်ချက်အပေါ် တုံးတုံးခါးခါးတုန့်ပြန်ခဲ့သည်။

"ဦးအောင်ရွှေခေါင်းဆောင်သည့် အဖွဲ့ချုပ်သည် ညီလာခံကို တက်ရောက်နေရာက ဒေါ် အောင်ဆန်းစုကြည် အကျယ်ချုပ်က လွတ်မြောက်လာမှ အခုလို ဖြစ်ပေါ်လာရသည်ဖြစ်သည့်အကြောင်း၊ ယင်းသည် တင်ကူးကြံစည်မှုသာဖြစ်ကြောင်း" ဟူ၍ ပြောဆိုပြီး ဒေါ်အောင်ဆန်းစုကြည်အပေါ် ခါးခါးသည်းသည်း အပြစ်ဖို့ခဲ့ကြသည်။

ထို့နောက် စစ်အစိုးရသည် အဖွဲ့ချုပ်အပေါ် နည်းမျိုးစုံဖြင့် ရန်ရှာပိတ်ပင်ကန့်သတ်မှုများကို ဆက်တိုက်ပြုလုပ်လာခဲ့သည်။

## အမျိုးသမီးထူးချွန်ဆုရရှိ

ထိုစဉ်အတွင်း နယူးယောက်အခြေစိုက် 'မစ်' (Ms) မဂ္ဂဇင်းမှ ၁၉၉၅ ခုနှစ်အတွက် အမျိုးသမီးထူးချွန်ဆု (၁၂) ဆုရွေးချယ်ခဲ့ရတွင် ဒေါ်အောင်ဆန်းစုကြည်ပါဝင်ခဲ့သည်။

## ခေါင်းဖြတ်ပြီးကိုယ်ယူ

နဝတစစ်အစိုးရသည် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို 'ခေါင်းဖြတ်ပြီးကိုယ်ယူ' ဆိုသည့် နည်းဗျူဟာမျိုးကို တိုးမြှင့်ကျင့်သုံးကာ ဦးဆောင်သူ ထိပ်ပိုင်းအဆင့်နှင့် အောက်ခြေစည်းရုံးရေး အဆင့်ဆင့်အကြား အဆက်အစပ်မဲ့အောင် လုပ်ရှားမှုမရှိအောင် အစီအစဉ်ရှိရှိတိုးမြှင့် လုပ်ဆောင်လာခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သာဓကအားဖြင့် ပါတီဆိုင်းဘုတ်များဖြုတ်ချခြင်း၊ ဆိုင်းဘုတ်လက်ခံတင်ထားသည့်အိမ်ရှင်များကို ဆက်လက်မတင်ဝံ့စေရန် နည်းမျိုးစုံဖြင့် ဟန့်တား၊ ခြိမ်းခြောက်၊ ဖိအားပေးဖြုတ်ချခိုင်းခြင်း၊ အဖွဲ့ချုပ်ဝင်ရွှေ့နေများ၊ ဆရာဝန်များကို ရွှေ့နေလိုက်ခွင့်နှင့် ဆေးကုသခွင့်မရရှိစေရန်အတွက် လိုင်စင်ရုပ်သိမ်းခြင်း၊ အဖွဲ့ဝင်များ၏မိသားစုဝင်များ ဌာနဆိုင်ရာဝန်ထမ်းများဖြစ်နေပါက မိသားစုဝင်များကို ခြိမ်းခြောက်ဖိအားပေး၍ အဖွဲ့ချုပ်ဝင်အဖြစ်မှ နုတ်ထွက်ခိုင်းခြင်း၊ အဖွဲ့ချုပ်ဝင်များကို အမျိုးစုံအကြောင်းရှာ၍ မတရားဖမ်းဆီးအရေးယူခြင်း၊ ပုဒ်ထီးပုဒ်မမျိုးစုံတပ်၍ နှစ် ရှည်ထောင်များချမှတ်ခြင်း စသည်တို့ကို ယုတ်မာကောက်ကျစ်စွာ ပြုလုပ်လာခဲ့သည်။

## အတိုက်အခိုက်ခံရ

ဒေါ်အောင်ဆန်းစုကြည်၏ ပါတီစည်းရုံးရေးခရီးစဉ်များအပေါ်၌လည်း ပေါ်ပေါ်ထင်ထင် အနှောင့်အယှက်ပြု ဟန့်တား တားမြစ်ခဲ့ပြီး စစ်အစိုးရဖွဲ့စည်းထားသည့် လက်ကိုင်တုတ် ခါးပိုက်ဆောင်အဖွဲ့အစည်းဖြစ်သည့် ကြံ့ခိုင်ရေးအသင်းဝင်များကိုအသုံးပြုကာ အသက်အန္တရာယ်ပြုသည်အထိ ပြောင်ပြောင်တင်းတင်း ဖိနှိပ်စော်ကားလာခဲ့သည်။

နိုင်ငံရေးပါတီသည် ပြည်သူလူထု၏လိုလားချက်နှင့်ဆန္ဒကို ညီညွတ် စုစည်းမှုပြုနိုင်ရေးအတွက် နိုင်ငံရေးအရ စနစ်တကျ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းတခုဖြစ်ရာ နိုင်ငံရေးပါတီတရပ်သည် ဒီမိုကရေစီကို မှန်ကန်စွာ ကျင့်သုံးနိုင်ခွင့်နှင့် ပြည်သူလူထုကို စစ်မှန်စွာ ကိုယ်စားပြုခွင့်ရရှိရန် လိုအပ်ပေသည်။ ထို့ပြင် နိုင်ငံရေးပါတီများသည် အရှည်သဖြင့် တည်တည်ငြိမ်ငြိမ် ခိုင်မာစွာ ရပ်တည်နိုင်ရေးအတွက် စည်းရုံးရေးစွမ်းရည်များအပေါ် တည်မှီနေသောကြောင့် နိုင်ငံတော်အတွင်း လွတ်လပ်စွာ စည်းရုံးလှုပ်ရှားခွင့် ရရှိရမည်ဖြစ်သည်။

၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်နေ့တွင် ပါတီစည်းရုံးရေးခရီးစဉ်အဖြစ် ခရီးထွက်စဉ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒုဥက္ကဌ သူရဦးတင်ဦး၊ ဒုဥက္ကဌ ဦးကြည်မောင်တို့ စီးနင်းလိုက်ပါခဲ့သည့်ကားကို ကြံ့ဖွံ့လူရမ်းကား ၂၀၀ ကျော်က တုတ်၊ ခဲ၊ ကျောက်ခဲလက်နက်များစွာကိုင်ပြီး ရန်ကုန်မြို့လယ်ခေါင် ဗ

www.burmeseclassic.com

www.burmeseclassic.com



ဟန်းမြို့နယ်ရှိ ဆရာစံနှင့် ဂွတ်တလိတ်လမ်းဆုံ၌ ဝိုင်းဝန်းအကြမ်းဖက် တိုက်ခိုက်သည်အထိ ပြောင်ကျကျပြုလုပ်လာခဲ့ကြသည်။ အဆိုပါနေရာသည် ပြည်ထဲရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံရဲချုပ်ရုံးတည်ရှိရာနေရာအနီးတွင် နေ့ခင်းကြောင်တောင် လူစည်ကားရာ၌ တိုက်ခိုက်ခံရခြင်းဖြစ်သည်။

၁၉၉၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ (နဝတ)သည် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (နအဖ) အဖြစ် အမည်ပြောင်းလဲလိုက်ပြီး နောက်ပိုင်းတလျှောက်လုံး၌လည်း အဖွဲ့ချုပ်သည် နအဖ၏နည်းပေါင်းစုံဖြင့် ဆက်လက်ဖိနှိပ်စော်ကားမှုကို ခံခဲ့ရရုံသာမက နအဖ၏ အဓိက ဦးတည်ရန်သူအဖြစ်ပါ သတ်မှတ်ခံခဲ့ရသည်။

၁၉၉၈ ခုနှစ်၊ ဇွန်လ ၂၃ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဦးအောင်ရွှေသည် နည်းမျိုးစုံဖြင့် ဖိနှိပ်ခံနေရသည့်ကြားမှ ရက်ပေါင်း(၆၀) အတွင်း လွှတ်တော်ခေါ်ယူပေးရေးကို ထပ်မံတောင်းဆိုခဲ့သည်။ သို့သော် စစ်အစိုးရ လုံးဝပယ်ချလိုက်သည်။

ထို့ကြောင့် ၁၉၉၆ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ' ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ' (Committee Representing The People's Parliament-CRPP) ကို စတင်ဖွဲ့စည်းခဲ့သည်။ ၁၉၉၀ ပြည့်နှစ် ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပပြုလုပ်ပြီးနောက် မလွှဲမသွေခေါ်ယူပေးရမည့် ပြည်သူ့လွှတ်တော်ကို နဝတ တဖြစ်လဲ နအဖစစ်အစိုးရက လုံးဝခေါ်ယူပေးခြင်းမရှိသည့်အတွက် ပြည်သူ့လွှတ်တော်ခေါ်ယူရေးသည် နအဖအတွက်သာ တာဝန်ရှိသည်မဟုတ်၊ ပြည်သူကရွေးချယ်တင်မြှောက်ထားသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၌လည်း တာဝန်ရှိသည်ဟု သုံးသပ်၍ ' ပြည်သူ့လွှတ်တော် ခေါ်ယူရေးရည်ရွယ်ချက်ဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီကို ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။ ပြည်သူ့လွှတ်တော် ကိုယ်စားပြု ကော်မတီကို ဖွဲ့စည်းခဲ့ပြီးနောက် ၁၉၉၈ ခုနှစ်၊ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ပထမအကြိမ်အစည်းအဝေးကို တရားဝင်ကျင်းပခဲ့သည်။

၁၉၉၀ ပြည့်နှစ် ပါတီစုံအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်တင်မြှောက်ခံခဲ့ရသည့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၈၅ ဦးရှိခဲ့ပြီး ကွယ်

www.burmeseclassic.com

www.burmeseclassic.com



လွှန်သွားသူ (၂၆) ဦးကိုဖယ်လိုက်ပါက ကျန်ရှိသူ ၄၅၉ ဦးရှိရာ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်နှင့် မဟာမိတ်နိုင်ငံရေးပါတီများမှ အနိုင်ရပြည်သူ့လွှတ် တော် ကိုယ်စားလှယ်ပေါင်း ၂၅၁ ဦး၏ ၎င်းတို့၏လုပ်ပိုင်ခွင့်ကို အဖွဲ့ချုပ် ဗဟို အလုပ်အမှုဆောင်အဖွဲ့သို့ အာဏာအပ်နှင်းထားသည့်လုပ်ပိုင်ခွင့်များအရ (ရွေးကောက်ခံလွှတ်တော်ကိုယ်စားလှယ်စုစုပေါင်း၏ ၅၂ ％ကို ကိုယ်စားပြု



**ဝဲမှယာ (ပထမတန်း) – ဦးလွင်၊ဦးအေးသာအောင်၊ဦးအောင်ရွှေ၊ဦးသန်းထွန်း၊ဦးတင်ဦး**

**ဝဲမှယာ (ဒုတိယတန်း) – ဦးလှဖေ၊ဦးစိုးမြင့်၊ဦးလွန်းတင်၊ဦးညွန့်ဝေ၊ဒေါ်အောင်ဆန်းစုကြည်**

လျက်) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကမကထပြု ဦးဆောင်ကာ ပြည်သူ့ လွှတ်တော်ကိုယ်စားပြုကော်မတီကို အောင်မြင်စွာ ဖွဲ့စည်းနိုင်ခဲ့ခြင်း ဖြစ်သည်။

စတင်ဖွဲ့စည်းစဉ်က ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီဝင်များမှာ

| | | |
|---|---|---|
| (၁) | ဦးအောင်ရွှေ | – ဥက္ကဋ္ဌ |
| (၂) | ဦးသန်းထွန်း | – အတွင်းရေးမှူး (၁) |
| (၃) | ဦးအေးသာအောင် | – အတွင်းရေးမှူး (၂) |
| (၄) | သူရဦးတင်ဦး | – အဖွဲ့ဝင် |
| (၅) | ဒေါ်အောင်ဆန်းစုကြည် | – အဖွဲ့ဝင် |
| (၆) | ဦးလွင် | – အဖွဲ့ဝင် |
| (၇) | ဦးလှဖေ | – အဖွဲ့ဝင် |
| (၈) | ဦးစိုးမြင့် | – အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



(၉) ဦးလွန်းတင် – အဖွဲ့ဝင်
(၁၀)ဦးညွန့်ဝေ – အဖွဲ့ဝင်

စသည်တို့ ဖြစ်သည်။

စတင်ဖွဲ့စည်းစဉ်က အတွင်းရေးမှူးဦးအေးသာအောင်သည် (၁) ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်၊ (၂) ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၃) မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (၄) ဇိုမီးအမျိုးသားကွန်ဂရက် စသည့်အဖွဲ့ (၄) ဖွဲ့၏ ကိုယ်စားလှယ်ဖြစ်သည်။

CRPP ပထမ အကြိမ်အစည်းအဝေး ပထမနေ့မှာပင် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ အဖြစ် ဒေါက်တာဦးစောမြအောင်ကို ရွေးချယ်တင်မြှောက်ခဲ့ကြသည်။ ဒေါက်တာဦးစောမြအောင်သည် ရခိုင်ဒီမိုကရေစီအဖွဲ့ချုပ်မှဖြစ်ပြီး ရခိုင်ပြည်နယ် မြောက်ဦးမဲဆန္ဒနယ်အမှတ် (၁) မှ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဖြစ်သည်။

CRPP အစည်းအဝေး၌ ကော်မတီ၏ ကြေညာချက်အမှတ်(၁) ထုတ်ပြန်ခဲ့သည်။ ကြေညာချက်၌ ဤကော်မတီသည် ၁၉၉၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ဥပဒေနှင့်အညီ လွှတ်တော်ခေါ်ပေးရေးမူအရ လွှတ်တော်ခေါ်ယူပေးရေးဖြစ်မြောက်သည်အထိ လွှတ်တော်ကိုယ်စား ဆောင်ရွက်သွားမည်ဟု အတိအလင်းဖော်ပြကြေညာခဲ့သည်။

ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီ ဖွဲ့စည်းလိုက်သည့်အပေါ် တော်လှန်ရေးနယ်မြေနှင့် ပြည်ပရောက် အရွေးချယ်ခံ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကလည်း အားတက်သရော ထောက်ခံလိုက်ကြပြီး ပြည်ပရောက်လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဒေါက်တာစိန်ဝင်း၊ ဦးဘိုလှတင့်၊ ဦးလျန်အုပ်၊ ဦးမောင်မောင်အေး၊ ဦးလှဦး၊ ဦးသိန်းဦး၊ ဒေါက်တာတင့်ဆွေ၊ ဒေါက်တာဇလပ်ထန်၊ ဦးကယ်ဒီဘူးရီး၊ ဦးခွန်မတ်ရ်ကိုဘန်၊ ဦးဒယ်နီရယ်အောင်၊ ဦးတင်ထွတ်၊ ဦးထန်လျန်းပေါင်၊ ဦးသန်းစိန်၊ ဦးသာနိုး၊ ဒေါက်တာစန်းအောင်၊ ဦးဗိုလ်သောင်း၊ ဦးထွန်းဦး စသည့် လွှတ်တော်ကိုယ်စားလှယ် (၁၉) ဦးက ယင်းတို့ကိုယ်စား ဆောင်ရွက်ပိုင်ခွင့်အာဏာကို CRPP သို့ အပ်နှင်းလိုက်ကြောင်း လက်မှတ်ရေးထိုးကြေညာချက်ထုတ်ပြန် ထောက်ခံခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်အစိုးရသည် CRPP ဖွဲ့စည်းမှုကို လုံးဝလက်မခံဘဲ နည်းမျိုးစုံဖြင့် ဒုက္ခပေးလုပ်ဆောင်ခဲ့သည်ကို တွေ့ရပေသည်။ လွှတ်တော်ခေါ်ယူရေးကို ထောက်ခံခဲ့ကြသည့် အပစ်ရပ် ငြိမ်းချမ်းရေးအဖွဲ့ဖြစ်သည့် ရှမ်းပြည်လူမျိုးပေါင်းစုံ လွတ်မြောက်ရေးအဖွဲ့(ရလလဖ)၊ ကယန်းပြည်သစ်ပါတီနှင့် ကရင်နီပြည် လူမျိုးပေါင်းစုံ ပြည်သူ့လွတ်မြောက်ရေးတပ်ဦး (ကလလတ) အဖွဲ့တို့ကို ခေါ်ယူ ဖိအားပေးရုံမက မထောက်ခံကြောင်းကြေညာချက် ပြန်လည်ထုတ်ခိုင်းခဲ့သည်။ ထို့ပြင် ပြည်တွင်းရှိ ရွေးကောက်ခံ လွှတ်တော်ကိုယ်စားလှယ်များကို ခေါ်ယူစစ်ဆေးခြင်း၊ ခြေချုပ်ခံဝန်အက်ဥပဒေများနှင့် နေစေခြင်း၊ အချို့ကို ဖမ်းဆီးချုပ်နှောင်ခြင်း စသည်တို့ကို ပေါ်ပေါ်ထင်ထင်လုပ်ဆောင်လာခဲ့သည်။ စစ်အစိုးရသည် လွှတ်တော်ကိုယ်စားလှယ်များကို ခေါ်ယူစစ်ဆေး ဖမ်းဆီးချုပ်နှောင်ထားမှုများကိုပင် "ဖမ်းဆီးချုပ်နှောင်ထားခြင်းမဟုတ်၊ ခေါ်ယူဆွေးနွေးနေခြင်းသာဖြစ်သည်" ဟု ဝါဒဖြန့်ခဲ့သည်။ တဆက်တည်းမှာ နအဖစစ်အစိုးရ၏ လက်ကိုင်တုတ်အဖွဲ့အစည်းဖြစ်သည့် ကြံ့ခိုင်ရေးအဖွဲ့ကို အသုံးချကာ ပြည်နယ်၊ တိုင်းအသီးသီးရှိ မြို့ကြီးများတွင် ပြည်သူ့ဆန္ဒဖော်ထုတ်ပွဲများကို အတင်းအဓမ္မလုပ်ဆောင်လာခဲ့သည်။ ယင်းလူထုအစည်းအဝေးကြီးများမှ NLD ၏ လွှတ်တော် ခေါ်ယူရေးကြေညာချက်ကို ဆန့်ကျင်ရှုတ်ချရေး၊ NLD ကို မတရားသင်းအဖြစ်ကြေညာဖျက်သိမ်းရေး၊ CRPP, NLD (၁၀) ဦးဂိုဏ်းကို အရေးယူ ရှင်းလင်းပစ်ရေးစသည့်တောင်းဆိုချက်များကို အော်ဟစ် အင်အားပြစေခဲ့သည်။ တဖက်မှလည်း CRPP ဖျက်သိမ်းပေးလျှင် ဖမ်းဆီးချုပ်နှောင်ထားသည့် နိုင်ငံရေးအကျဉ်းသားများနှင့် လွှတ်တော်ကိုယ်စားလှယ်များကို ပြန်လည် လွှတ်ပေးမည်ဟု မီးစတဖက် ရေမှုတ်တဖက် ကမ်းလှမ်းလာခဲ့သည်။

CRPP နှင့်ပတ်သက်၍ ၁၉၉၈ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်က သတင်းစာရှင်းလင်းပွဲတရပ်ပြုလုပ်ရင်း "၉၀ ပြည့်နှစ်ရွေးကောက်ပွဲရလဒ်ကို သဘောမကျလို့ ရွေးကောက်ပွဲ အသိအမှတ်မပြုတော့ခြင်းဟာ လက်မခံနိုင်၊ မဖြစ်သင့်၊ လွှတ်တော်ခေါ်ယူရေးကို ဆက်လက်ကြိုးပမ်းသွားမယ်။ CRPP ကို လွှတ်တော်ပေါ် ၌သာဖျက်သိမ်းသွားမယ်" ဟု ရှင်းလင်းပြောကြားခဲ့သည်။

၁၉၉၈ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြည်သူ့လွှတ်တော်ကိုယ်စားပြု

www.burmeseclassic.com

www.burmeseclassic.com



ကော်မတီ အစည်းအဝေးကို ကျင်းပခဲ့ပြီး 'ပြည်သူ့လွှတ်တော်ရေးရာ ကော်မတီ' ကို ထပ်မံဖွဲ့စည်းလိုက်သည်။ ပြည်သူ့လွှတ်တော်ရေးရာကော်မတီများမှာ

(က) တိုင်းရင်းသားရေးရာကော်မတီ ၊ ဥက္ကဋ္ဌ – ဦးအေးသာအောင်
အတွင်းရေးမှူး – ဒေါ်အောင်ဆန်းစုကြည်

(ခ) ဘဏ္ဍာရေး၊ စီးပွားရေး၊ ကုန်သွယ်ရေးရာကော်မတီ ၊ ဥက္ကဋ္ဌ – ဦးညွန့်ဝေ

(ဂ) ဥပဒေရေးရာကော်မတီ ၊ ဥက္ကဋ္ဌ – သူရဦးတင်ဦး

(ဃ) ပညာရေးရာကော်မတီ ၊ ဥက္ကဋ္ဌ – ဒေါ်အောင်ဆန်းစုကြည်

(င) ကျန်းမာရေး၊ လူမှုရေးကော်မတီ ၊ ဥက္ကဋ္ဌ – ဦးလွင်

(စ) နိုင်ငံတကာဆက်ဆံရေးကော်မတီ ၊ ဥက္ကဋ္ဌ – ဦးအောင်ရွှေ

(ဆ) တောင်သူလယ်သမားရေးရာကော်မတီ ၊ ဥက္ကဋ္ဌ – ဦးစိုးမြင့်

(ဇ) အလုပ်သမားရေးရာကော်မတီ ၊ ဥက္ကဋ္ဌ – ဦးသန်းထွန်း
အတွင်းရေးမှူး – ဦးလွန်းတင်

(ဈ) လွှတ်တော်ရေးရာကော်မတီ ၊ ဥက္ကဋ္ဌ – ဦးလှဖေ

(ည) ကာကွယ်ရေးရာကော်မတီ ၊ ဥက္ကဋ္ဌ – သူရဦးတင်ဦး

စသည်တို့ဖြစ်သည်။

## လွတ်လပ်ရေးဆု

၂၀၀၀ ပြည့်နှစ်၊ မတ်လ ၁၈ ရက်နေ့တွင် အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့တွင် ဒေါ်အောင်ဆန်းစုကြည်အား ဒဗ္ဗလင်မြို့တော်၏ 'လွတ်လပ်ရေးဆု' ကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။ ဆုကို သူ့ကိုယ်စား သားငယ်ထိန်လင်း ခေါ် ကင်အဲရစ်က ဆုလက်ခံယူခဲ့သည်။ ဂုဏ်ပြုမှတ်တမ်းလွှာအား ဒေါ်အောင်ဆန်းစုကြည် ကိုယ်တိုင်တက်ရောက်လက်မှတ်ရေးထိုးနိုင်သည့်အချိန်အထိ စောင့်ဆိုင်းထားမည်ဖြစ်သည်။ တောင်အာဖရိကသမ္မတဟောင်း မန်ဒဲလားအား ဆုချီးမြှင့်ခဲ့စဉ်ကလည်း အလားတူ ကိုယ်တိုင်လက်မှတ်ရေးထိုးနိုင်သည်အထိ မှတ်တမ်းလွှာတွင် ချန်လှပ်ထားခဲ့ဖူးသည်။ အဆိုပါဆုကို အမေရိကန်သမ္မတဟောင်းများဖြစ်ကြသည့် ဂျွန်အက်ဖ်ကနေဒီ၊ ဘီလ်ကလင်တန်၊ ဒုတိယမြောက်ပုတ်ရဟန်းမင်းကြီး ဂျွန်ပေါလ်နှင့် မာသာထရီဆာတို့အား ဆုချီးမြှင့်ခဲ့ပြီးဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သည်။

## ဂုဏ်ပြုတေး

ခရစ် ၂၀၀၀ ပြည့်နှစ်အတွက် အိုင်ယာလန်နိုင်ငံ၊ မြို့တော် ဒဗ္ဗလင် အုပ်ချုပ်ရေးအဖွဲ့မှပေးအပ်သည့် မြို့တော်ဂုဏ်ထူးဆောင်ဆု ဒေါ်အောင်ဆန်းစုကြည်နှင့် ပူးတွဲရရှိခဲ့သူ ရော့ခ်တေးသံရှင် ဘိုနိုနှင့်အဖွဲ့မှ ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ပြုစပ်ဆိုထားသည့် "Walk On" တေးသီချင်းကို ၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်နေ့၌ အမေရိကန်ပြည်ထောင်စု ဂရမ်မီတေးဂီတဆုပေးပွဲတွင် အကောင်းဆုံးဆုချီးမြှင့်ခံခဲ့ရသည်။

## ဒုတိယအကြိမ် နေအိမ်အကျယ်ချုပ်

၂၀၀၀ ပြည့်နှစ်၊ ဩဂုတ်လ (၂၄) ရက်နေ့တွင် ဒုတိယဥက္ကဋ္ဌ သူရဦးတင်ဦး၊ ရန်ကုန်တိုင်း စည်းရုံးကော်မတီဥက္ကဋ္ဌ သခင်စိုးမြင့်၊ ရန်ကုန်တိုင်း စည်းရုံးရေးအဖွဲ့ဝင် ဒေါက်တာမျိုးအောင်၊ အဖွဲ့ချုပ်လူငယ်(၁၆) ဦး [ယာဉ်မောင်း နှစ်ဦးအပါအဝင်] တို့နှင့်အတူ ရန်ကုန်တဖက်ကမ်း ဒလမြို့မှတဆင့် ရန်ကုန်တိုင်း၊ ကွမ်းခြံကုန်းမြို့နှင့် ကော့မှူးမြို့များသို့ စည်းရုံးရေးကိစ္စများ ဆောင်ရွက်ရန် ရန်ကုန်မြို့ပန်းဆိုးတန်းဆိပ်ကမ်းမှတဆင့် ခရီးထွက်ရန် စီစဉ်ခဲ့ရာ ပန်းဆိုးတန်းဆိပ်ကမ်းတွင် တနာရီခွဲခန့် အာဏာပိုင်များမှ ပိတ်ဆို့ထားခဲ့ပြီးမှ တဖက်ကမ်းသို့ကူးခွင့်ရခဲ့သည်။ ဒလမြို့သို့ ရောက်ရှိသည့်အခါ ကြိုတင်စောင့်ဆိုင်းနေသည့် အဖွဲ့ချုပ်ကားနှစ်စီးဖြင့် ကွမ်းခြံကုန်းသို့ ခရီးထွက်လာစဉ် ဒလမြို့မှ အထွက် (၃) မိုင်ခန့်အရောက် ကျန်စစ်သားရပ်ကွက်တွင် အာဏာပိုင်များမှ ရှေ့ခရီးမဆက်နိုင်ရန် အတင်းအဓမ္မပိတ်ဆို့တားမြစ်ထားသဖြင့် အဆိုပါ နေရာ၌ပင် ခရီးဆက်ထွက်နိုင်သည်အထိ အခြေချစောင့်ဆိုင်းနေခဲ့ရာ (၉) ရက်မြောက်နေ့ဖြစ်သည့် စက်တင်ဘာလ (၁) ရက်ည ၁၁း၁၅ နာရီတွင် ရဲတပ်ဖွဲ့နှင့် စစ်ထောက်လှမ်းရေးအင်အား ၃၀၀ ကျော်က ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့အား ဝင်ရောက်စီးနင်းပြီး အတင်းအကြပ်ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်ပြီး ရန်ကုန်မြို့သို့ပြန်ပို့၍ ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁ ရက်နေ့မှ ၁၄ ရက်နေ့အထိ ဒုတိယနေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းထားခြင်း ခံခဲ့ရ

www.burmeseclassic.com

www.burmeseclassic.com



သည်။

## တတိယအကြိမ် နေအိမ်အကျယ်ချုပ်

ထို့နောက် ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၀ ရက်နေ့တွင် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့်အတူ အဖွဲ့ဝင်များလိုက်ပါလျက် အဖွဲ့ချုပ်လှုပ်ရှားမှုမရှိနိုင်ရန် ပိတ်ပင်တားဆီးမှုများ၊ အဖွဲ့ချုပ်ရုံးများပိတ်စေခြင်း၊ ဆိုင်းဘုတ်များချစေခြင်းများကို စုံစမ်းလေ့လာရန် ပထမခရီးစဉ်အဖြစ် ညနေမီးရထားဖြင့် မန္တလေးသို့ သွားရောက်ရန် စီစဉ်ခဲ့ရာ မီးရထားလက်မှတ်ကုန်နေသည်ဟု အကြောင်းပြ၍ လက်မှတ်ရောင်းမပေးဘဲ နောက်တနေ့ နံနက်စောစော ၂၀၀၀ ပြည့်နှစ်၊ စက်တင်ဘာ ၂၂ ရက်နေ့တွင် ရန်ကုန်ဘူတာကြီးမှ အဓမ္မနေအိမ်ပြန်ပို့ပြီး တတိယအကြိမ် နေအိမ်အကျယ်ချုပ်ဖြင့် ဖမ်းဆီးထိန်းသိမ်းခြင်း ခံခဲ့ရပြန်သည်။

## မိတ်ဖက်နိုင်ငံများ ပေါင်းစည်းရေးဆိုင်ရာဆု

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၀၁ ခုနှစ်အတွက် ဂျာမနီနိုင်ငံ အခြေစိုက် နိုင်ငံတကာ နိုင်ငံရေးနှင့် ယဉ်ကျေးမှုများ လွတ်လပ်စွာ ပေါင်းစည်းရေးဆိုင်ရာ ဆုပေးရေးအဖွဲ့ကြီး၏ မိတ်ဖက်နိုင်ငံများ ပေါင်းစည်းရေးဆိုင်ရာဆု (Collegue United Nations) ဆုကို ရရှိခဲ့သည်။ အဆိုပါဆုရရှိသူများအနက် ဒေါ်အောင်ဆန်းစုကြည်သည် ပထမဆုံးအမျိုးသမီးဖြစ်သည်။ ၁၉၉၉ ခုနှစ်တွင် ပိုလန်နိုင်ငံသမ္မတ၊ ၂၀၀၀ ပြည့်နှစ်တွင် ဟန်ဂေရီနိုင်ငံဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနဝန်ကြီး မစ္စတာဟွန်းတို့ရရှိခဲ့ပြီး ဒေါ်အောင်ဆန်းစုကြည်သည် တတိယမြောက် ဆုရရှိခဲ့သူဖြစ်သည်။

## ပြန်လည်လွတ်မြောက်

ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်အဖြစ် ၁ နှစ် ၅ လ ၁၄ ရက်ကျခံခဲ့ရပြီးနောက် ၂၀၀၂ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် နေအိမ် အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။

လွတ်မြောက်လာပြီးနောက် ဝါရှင်တန်ပို့စ်သတင်းစာတွင် ပူးတွဲထုတ်ဝေသည့် Parade သတင်းစုံမဂ္ဂဇင်းတွင် မြန်မာ့ဒီမိုကရေစီမိခင်ကြီး ဒေါ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



စုကြည်က "All We Want is Our Freedom" (လွတ်လပ်ရေးကိုပဲ ကျမတို့ လိုချင်တယ်) ခေါင်းစဉ်ဖြင့် ဆောင်းပါးတပုဒ်ရေးသားခဲ့သည်။

အဆိုပါဆောင်းပါး၌" မြန်မာနိုင်ငံတဝန်း ခရီးသွားလာရင်း ကျမက လူတွေကို ဘာလို့ ဒီမိုကရေစီကို လိုချင်တာလဲလို့မေးကြည့်မိပါတယ်။ မကြာခဏဆိုသလို အကြားရဆုံးအဖြေကတော့ ကျနော်တို့ ကျမတို့ လွတ်မြောက်ချင်လို့ဆိုတာ ကျမနားလည်ပါတယ်။ သူတို့ရဲ့ကံကြမ္မာကို သူတို့ကိုယ်တိုင် ပုံဖော်ဆုံးဖြတ်ခွင့်မရှိဘဲ ဖိနှိပ်ခံနေရတာက လွတ်မြောက်လိုချင်ကြပါတယ်။ လက်နက်အင်အား၊ အခြေခံတဲ့အမိန့်တွေနဲ့ ထင်ရာစိုင်းမှုတွေအောက်မှာ ရောက်နေရတဲ့ သူတို့ရဲ့နိစ္စဓူဝကြုံတွေ့နေရတဲ့အဖြစ်တွေကို ရှိတဲ့အတိုင်း ရင်ဖွင့်ပြောပြချင်တာလို့ဆိုပါတယ်။ သူတို့အသိဉာဏ်ပညာရဲ့စိန်ခေါ်မှုကို ဖြည့်ဆည်းမပေးနိုင်တဲ့ပညာရေးစနစ်အပေါ် မကျေနပ်ချက်တွေကို သူတို့ ထုတ်ဖော် ပြောလိုကြပါတယ်။ ဝေဖန်၊ ဆွေးနွေး၊ ငြင်းခုံနိုင်သူတွေဖြစ်ပြီး စုရုံး သီဆို၊ အော်ဟစ်၊ ဩဘာပေးပိုင်ဖို့ ထောင်သောင်းသိန်းမက စုဝေးနိုင်သူတွေဖြစ်လိုကြပါတယ်။

မြန်မာနိုင်ငံက လူငယ်တွေဟာ ကျယ်ပြန့်လွန်းတဲ့မျှော်လင့်ချက်တွေနဲ့ အံ့မခန်းမှုတွေပြည့်စေတဲ့ လူငယ်ဘဝရဲ့ နိုးကြားတက်ကြွတဲ့အရွယ်တွေကို အပြည့်အဝပိုင်ဆိုင်ချင်တယ်။ မရေရာမှုတွေ၊ ကြီးကျယ်မှုတွေနဲ့ စိတ်ကူးယဉ်မှုတွေ၊ တောက်ပခမ်းနားမှုနဲ့ ဖီလာဆန့်ကျင်မှုတွေ၊ ကြမ်းတမ်းခက်တန်မှုနဲ့ သိမ်မွေ့မှုတွေ တန်းစီပြည့်နေတဲ့လူငယ်ဘဝကို အပြည့်အဝရယူလိုကြပါတယ်။

မြန်မာအမျိုးသမီးတွေအနေနဲ့ရော ဘာတွေလိုအပ်ပါသလဲ။ ကုန်ဈေးနှုန်းကြီးမြင့်မှုရဲ့ဖိစီးမှုဒဏ်ကြောင့် အားပျက်ငြီးငွေ့လောက်အောင် အိမ်မှုထိန်းသိမ်းနေရတဲ့ဘဝက လွတ်မြောက်ချင်ကြပါတယ်။ လွတ်လပ်စွာတွေးတောကြံဆမိလို့ ခင်ပွန်းဖြစ်သူ အပြစ်ပေးအရေးယူခံရမလား၊ ဒါမှမဟုတ် ကလေးတွေများ ဘဝရဲ့အခွင့်အလမ်းတွေဆုံးပါးသွားမလားဆိုတဲ့ စိုးရိမ်ကြောင့်ကြမှုတွေက ကင်းလွတ်ချင်ကြပါတယ်။ မိသားစုကို ထောက်ပံ့နိုင်အောင် ခန္ဓာကိုယ်ကိုရင်းနေရတဲ့ဘဝက လွတ်မြောက်ဖို့ တောင့်တနေကြတဲ့အမျိုးသမီးတွေလည်း တော်တော်များများ အများကြီးကို ရှိပါတယ်။

ကျမတွေ့ဆုံခဲ့တဲ့ လယ်သမား၊ ယာသမားတွေဆိုရင် သူတို့ဆန္ဒအတိုင်း စိုက်ပျိုးထွန်ယက်ချင်ကြတယ်။ မတော်မတရားဈေးနှိမ်ခံရပြီး အစိုးရကို မ

www.burmeseclassic.com

www.burmeseclassic.com



ရောင်းမနေရခြိမ်းခြောက်ခံရတာမျိုးတွေက ကင်းလွတ်ပြီး သူတို့ထွက်ကုန်တွေကို ကိုယ့်ဆန္ဒနဲ့ကိုယ် ဈေးကွက်တင် ရောင်းချလိုကြပါတယ်။

သူတို့ဟာ နိစ္စဓူဝ မြေနဲ့ဖက်ပြီး ဘဝကို ရုန်းကန်ရပ်တည်သူတွေပါ။ ဒီလို ကြမ်းတမ်းတဲ့ဘဝတွေအပေါ်မှာ ကျိုးကြောင်းမဆီလျော်တဲ့အမိန့်တွေနဲ့ နားလည်ရခက်တဲ့အာဏာပိုင်တွေကြောင့် နောက်ထပ် ဝန်ထုပ်ဝန်ပိုး ပြန်မဖြစ်ချင်ကြတော့ပါဘူး။

ဒါနဲ့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်တွေ ကျမတို့ရောလို့ မေးစရာရှိပါတယ်။ ကျမတို့တတွေ တိုင်းပြည်လွတ်မြောက်ဖို့ ခက်ခက်ခဲခဲ လုပ်ကိုင်နေပါတယ်။ ဒီလိုလုပ်ကိုင်နေတာဟာ ဒီမိုကရေစီအပေါ် မရေမရာနဲ့ အကောင်းမြင်မျှော်လင့်ပြီး ထင်ရာလုပ်ကိုင်နေတာ မဟုတ်ပါဘူး။ ဒီမိုကရေစီဆိုတာ သူရဲ့ တောက်ပမှုကို ကြာရှည်ထိန်းနိုင်အောင် အမြဲတစေ အရောင်တင်ပေးရတဲ့ ရတနာတပါး ဖြစ်တယ်ဆိုတာ ကျမတို့ သိပါတယ်။ ပျက်စီးဆုံးရှုံးတာ၊ အခိုးခံရတာတွေမဖြစ်အောင် ကာကွယ်ဖို့ ဒီမိုကရေစီကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုနေရပါလိမ့်မယ်။ လွတ်လပ်တဲ့ မြန်မာပြည်ကသာ လူ့ဂုဏ်သိက္ခာကို တန်ဖိုးထား လေးစားတဲ့နိုင်ငံ တည်ထောင်နိုင်မှာမို့ လွတ်မြောက်ရေးအတွက် က ကျမတို့တတွေ ပင်ပင်ပန်းပန်း ကြိုးစားနေကြတာ ဖြစ်ပါတယ်။

တိုင်းပြည်တဝန်း လှည့်လည်သွားတဲ့အခါ လူတွေက ကျမနေအိမ် အကျယ်ချုပ်နဲ့ နေရတဲ့အချိန်တွေမှာ ဘယ်လိုခံစားရသလဲလို့ မေးကြပါတယ်။ ပထမအကြိမ် (၆) နှစ်နဲ့ ဒုတိယအကြိမ် (၁၉) လ ကျမ နေခဲ့ရပါတယ်။ မိသားစု မိတ်ဆွေအပေါင်းအသင်းတွေနဲ့ ခွဲခွာပြီး ကျမ ဘယ်လိုနေခဲ့သလဲပေါ့။ မေးမှ မေးကြပါလေတယ်။ ဒီအာဏာရှင်နိုင်ငံမှာ ယုံကြည်ချက်အတွက် အကျဉ်းချခံရသူကသာ အမှန်တကယ် လွတ်လပ်သူဖြစ်တယ်လို့ကျမက ပြန်ဖြေပါတယ်။ မှန်ပါတယ်။ ကျမတို့ဟာ ကျမတို့ရဲ့ သာမန်ဘဝလွတ်လပ်ခွင့်တွေကို ပေးဆပ်ထားရတယ်။ ဒါပေမဲ့ လူသားဘဝရဲ့တန်ဖိုးအရှိဆုံးဖြစ်တဲ့ ယုံကြည်ချက် အမှန်တရားအပေါ် ကျမတို့ကြဲ့ကြဲ့ခံရပ်နေခဲ့ကြပါတယ်။ ဒီနေရာမှာ ပြည်သူလူထုအတွက် ကျမအလိုချင်ဆုံးကတော့ စစ်မှန်တဲ့လွတ်လပ်ခွင့်ကို အာမခံကာကွယ်ပေးနိုင်ဖို့နဲ့ အမှန်တကယ် လုံလုံခြုံခြုံကာကွယ်ပေးနိုင်ဖို့ အတွက် လွတ်လပ်ခွင့်ပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## ဂုဏ်ပြုချီးမြှင့်ပွဲ

နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ပြီး ရက်ပိုင်းအတွင်းမှာပင် ၂၀၀၂ ခုနှစ်၊ မေလ ၂၃ ရက်နေ့၌ ဗိုလ်မှူးအောင် (ရဲဘော်သုံးကျိပ်) ဦးဆောင်နေသည့် ဝါရင့်နိုင်ငံရေးသမားကြီးများက နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသော ဒေါ်အောင်ဆန်းစုကြည်အား ဝါရင့်နိုင်ငံရေးသမားကြီးသခင်သိန်းဖေ (ဝါးခယ်မ) နေအိမ်တွင် ဂုဏ်ပြုပွဲကျင်းပ၍ ပန်းကုံးစွပ်ဂုဏ်ပြုကာ ရှေ့ဆက် ဆောင်ရွက်ရမည့် ဒီမိုကရေစီရေးတိုက်ပွဲအတွက် လွတ်လပ်ရေးကြိုးပမ်းကာလအတွင်း အင်္ဂလိပ်နယ်ချဲ့တို့အား တိုက်ခိုက်ရာတွင် ဗိုလ်ချုပ်အောင်ဆန်း ကိုင်စွဲခဲ့သော သုံးရောင်ခြယ်ဒေါင်းအလံနှင့် ဖက်ဆစ်ဂျပန်တို့အား တိုက်ခိုက်ရာတွင် ကိုင်စွဲခဲ့သည့် အနီရောင်အောက်ခံထောင့်တွင် ကြယ်ဖြူတပ်ထားသော အလံတို့ကို အမှတ်တရပေးအပ်ခဲ့သည်။

## ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခံရ

၂၀၀၂ ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် ကျင်းပသည့် အမေရိကန်ပြည်ထောင်စု၊ နယူးယောက်မြို့ရှိ ဘာ့ဒ်ကောလိပ်၏ (၁၄၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင် ပါရဂူဘွဲ့ကို ချီးမြှင့်အပ်နှင်းခဲ့သည်။ အလားတူ ဝါရှင်တန်ဒီစီရှိ အမေရိကန် တက္ကသိုလ်၏ ၁၉၉၆ ခုနှစ် ဆောင်းရာသီဘွဲ့နှင်းသဘင် အခမ်းအနား၌လည်း ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်ခဲ့ဖူးသည်။

## ဒေါ်လာတစ်သန်းတန် လွတ်လပ်သောစိတ်ဓါတ်ဆု

အမေရိကန်ပြည်ထောင်စုရှိ ဖရီးဒမ်းဖိုရမ်အဖွဲ့ကြီး (Freedom Forum Foundation) ကလည်း ဒေါ်အောင်ဆန်းစုကြည်အား 'လွတ်လပ်သော စိတ်ဓါတ်ဆု' ချီးမြှင့်ပေးခဲ့သည်။ လေဟုန်စီးပျံကြွနေဟန် အတောင်ပံနှစ်ခုပါရုပ်တုနှင့် ဆုငွေအမေရိကန်ဒေါ်လာတစ်သန်းကို ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုသည် ပြည်သူလူထု၏နှလုံးသားတွင် စွဲမက်လောက်အောင် သတ္တိပြောင်မြောက်စွာ လှုပ်ရှားဆောင်ရွက်သူများအား ရွေးချယ်ပေးအပ်သည့်ဆု ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်အားလည်း ဒီမိုကရေစီအသွင်ကူးပြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရေးနှင့် လူ့အခွင့်အရေးရရှိရန်အတွက် လွတ်လပ်သည့်စိတ်ဓာတ်ဖြင့် အကြမ်းမဖက်ဘဲ ကြိုးစားလှုပ်ရှားဆောင်ရွက်သည်များကို ဂုဏ်ပြုသည့်အနေဖြင့် ဆုချီးမြှင့်ခဲ့ခြင်းဖြစ်သည်ဟု ဆုရွေးချယ်ကော်မတီက ကြေညာခဲ့ သည်။

## အေသင် နိုင်ငံတကာ ဒီမိုကရေစီဆု

၂၀၀၂ ခုနှစ်သည် ဒေါ်အောင်ဆန်းစုကြည်အတွက် ဆုအများဆုံးရရှိသောနှစ်ဟု ဆိုရပေမည်။ ၂၀၀၂ ခုနှစ်၊ စက်တင်ဘာလ ၂၀ ရက်နေ့တွင် ဂရိနိုင်ငံ အေသင်မြို့တော်မှ 'အေသင်နိုင်ငံတကာဒီမိုကရေစီဆု' (Athens International Prize for Democracy) ရရှိခဲ့သည်။ ဆုအဖြစ် ဒီမိုကရေစီဖခင်ကြီး Pedicles ၏ ကိုယ်တပိုင်းပုံရုပ်တုတစ်ခုနှင့် Honorary Citizen of Athens ဟု စာတမ်းရေးထိုးထားသည့် ရွှေတံဆိပ်တခုဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါဆုရရှိသည့် ကမ္ဘာ့ပထမဆုံးပုဂ္ဂိုလ်ဖြစ်ပါသည်။

၂၀၀၂ ခုနှစ်၊ နိုဝင်ဘာလ ၁၆ ရက်နေ့တွင်လည်း ပြင်သစ်နိုင်ငံပါရီမြို့၌ ဒေါ်အောင်ဆန်းစုကြည်အား ယူနက်စကိုအဖွဲ့ကြီး၏ သည်းခံစိတ်ရှည်မှုနှင့် အကြမ်းမဖက်မှုမြှင့်တင်ရေးဆိုင်ရာ Madanjeel Singh ဆု ချီးမြှင့်ခံရသည်။ အဆိုပါသည် ဆုငွေဒေါ်လာတစ်သိန်းပါရှိသည်။

၂၀၀၂ ခုနှစ်အတွက် စီအန်အန် (CNN) နိုင်ငံတကာသတင်းဌာန၏ အာရှဒေသ သတင်းအရေးကြီးဆုံး ထိပ်တန်းသတင်း ၁၀ ပုဒ်တွင် ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာသည့် သတင်းပါရှိခဲ့သည်။ အခြားသတင်းများမှာ အင်ဒိုနီးရှားနိုင်ငံ ဘာလီကျွန်းတွင် ဗုံးခွဲခံရသည့်သတင်း၊ အရှေ့တီမောနိုင်ငံသစ် ပေါ်ထွန်းလာသည့်သတင်း၊ ပါကစ္စတန်တွင် စစ်အုပ်ချုပ်ရေးမှ အရပ်သားအုပ်ချုပ်ရေးသို့ ပြောင်းလဲလာသည့်သတင်း၊ တရုတ်ပြည်၌ ခေါင်းဆောင်အပြောင်းအလဲသတင်း၊ ကိုရီးယားကျွန်းဆွယ်တင်းမာမှုသတင်းများပင် ဖြစ်ပါသည်။

ဗြိတိန်နိုင်ငံမှ ထုတ်လွှင့်နေသည့် BBC မျက်မှောက်ရေးရာအစီအစဉ်မှ ဗြိတိန်နိုင်ငံ သောတရှင်များ၏ ဆန္ဒမဲပေးသည့် အစီအစဉ်တွင် " ဂုဏ်ထူးဆောင် ဗြိတိန်နိုင်ငံသားအဖြစ် နိုင်ငံတကာမှ ပုဂ္ဂိုလ်များထဲမှ မည်သူ့အား ပေးမည်နည်း" ဟူသည့် ဆန္ဒမဲစစ်တမ်းတွင် သောတရှင် (၅၁) ရာခိုင်နှုန်းက

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်အား ဆန္ဒမဲပေးခဲ့ကြသည်။ အမေရိကန် သမ္မတဟောင်း ဘီလ်ကလင်တန်အား ဆန္ဒမဲပေးသူ ၁၈ ရာခိုင်နှုန်းသာ ရှိခဲ့သည်။



## ရခိုင်ပြည်နယ် စည်းရုံးရေးခရီးစဉ်

၂၀၀၂ ခုနှစ်၊ ဒီဇင်ဘာလ ၂၅ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့်အဖွဲ့သည် ရခိုင်ပြည်နယ်စည်းရုံးရေးခရီးစဉ်ထွက်ခဲ့သည်။ သက်ဆိုင်ရာအာဏာပိုင်များက ဒေါ်အောင်ဆန်းစုကြည်တို့၏ ယာဉ်တန်းကို သွားလာ၍ မရအောင် နည်းမျိုးစုံ နှောက်ယှက်ဟန့်တားခဲ့သည့်အပြင် သံဆူးကြိုးများ၊ ထရပ်ကားများ၊ မြေတူးကားများဖြင့် ပိတ်ဆို့ထားခဲ့သည်။ ရပ်ကွက်နေလူထုအားလည်း ဒေါ်အောင်ဆန်းစုကြည်၏ တရားပွဲသို့ မတက်ရန် ခြိမ်းခြောက် ဟန့်တားခဲ့သည်။

★★★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၇)
## ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှု

၂၀၀၃ ခုနှစ်၊ မေလတွင် ဒေါ်အောင်ဆန်းစုကြည်၊ ဦးတင်ဦးနှင့် NLD အဖွဲ့ဝင်များ စစ်ကိုင်းတိုင်းသို့ စည်းရုံးရေးခရီး သွားရောက်ခဲ့သည်။ ထိုခရီးစဉ်အတွင်း မေလ ၃၀ ရက်နေ့တွင် ရွှေဘိုခရိုင်၊ ဒီပဲယင်းမြို့အနီး ကျီရွာ၌ နအဖ၌ စစ်အစိုးရစေခိုင်းချက်အရ ယင်းတို့လက်ပါးစေများက ချောင်းမြောင်း တိုက်ခိုက်ခဲ့ကြသည်။ ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှု၌ အကြမ်းဖက်ခံခဲ့ရသူ ဒေါ်ညွန့်ညွန့်က ထိုစဉ်က အဖြစ်အပျက်ကို အောက်ပါအတိုင်း အသေးစိတ် မှတ်မိသမျှ ပြန်လည်ပြောပြခဲ့လေသည်။

"မေလ ၃၀ ရက်နေ့မနက် ၉ နာရီ မုံရွာမြို့ NLD ရုံးရှေ့မှာ ဒေါ်အောင်ဆန်းစုကြည်က တက်ရောက်လာခဲ့တဲ့ လူထုပရိတ်သတ်ကို မိန့်ခွန်းပြောကြားပါတယ်။ မိန့်ခွန်းပြောပြီး ပြန်အထွက်မှာ လူထုက ဒေါ်စုနဲ့လိုက်ပြီး သူ့ရဲ့မိန့်ခွန်းတွေကို လိုက်နားထောင်ချင်တယ်လို့ ပြောတယ်။ အဲဒီမှာပဲ ကြံ့ဖွံ့နဲ့စွမ်းအားရှင်တွေ နောက်က ထပ်လိုက်တာတွေ့ရပါတယ်။ အဲဒီတုန်းက မုံရွာမြို့ထဲမှာ ပုံမှန်သွားလာနေတဲ့ကားတွေလည်း မတွေ့ရတော့ဘူး။ ကျမတို့အုပ်စုတွေရဲ့ကားနဲ့ ကြံ့ဖွံ့ရဲ့ကားတွေပဲ ရှိပါတယ်။"

"နေ့လယ် ၁ နာရီလောက်မှာ ဒေါ်စုက ဘုတလင်မြို့က လူထုနဲ့ တွေ့ဆုံပြီး နှုတ်ခွန်းဆက်စကားပြောခဲ့ပါတယ်။ ပြီးတော့ NLD လူငယ်အဖွဲ့ကို ဖွဲ့စည်းပေးခဲ့ပါတယ်။ ကျမတို့ စိုင်းပြင်ကနေထွက်လာတော့ ည ၇ နာရီ ထိုးနေပါပြီ။ အဲဒီကနေထွက်လာပြီး မိနစ် ၂၀လောက်မှာပဲ ကျမတို့ ကျီရွာ ရောက်လာတယ်။ အဲဒီရွာမှာ ဒေါ်စုက အဲဒီရွာနားတဝိုက်မှာနေကြတဲ့ ရွာသားတွေကို နှုတ်ခွန်းဆက်စကား အနည်းငယ်ပြောပါတယ်။ အချိန်ကလည်း နောက်ကျနေပြီဖြစ်လို့ ဒေါ်စုက မိန့်ခွန်းမပြောတော့ဘူးလို့ တောင်းပန်စကား ပြောခဲ့ပါတယ်။ ဒီပဲယင်းမြို့ကိုလည်း အချိန်မီရောက်ဖို့ကိုတော့ ကျမတို့တွေ အဲဒီရွာကနေ ပြန်ထွက်လာခဲ့ကြပါတယ်။"

"ထွက်လာပြီးသိပ်မကြာဘူး ကျမတို့ရဲ့ကားတန်းကို မော်တော်ဆိုင်ကယ်တစီး ရောက်လာပြီး ရွာသားတွေကို ရိုက်နေတဲ့အကြောင်း လာပြောပါတယ်။ ဒေါ်စုကိုကြိုဆိုဖို့စောင့်နေကြတဲ့ ကလေး၊ မိန်းမအပါအဝင် ရွာသား

www.burmeseclassic.com

www.burmeseclassic.com



တွေကို စွမ်းအားရှင် ဒိုင်ယာနာကားတစီးက အတင်းဝင်တိုက်ပြီး ကားကို ထိုးရပ်လိုက်ပါတယ်။ ပြီးတော့ ကားပေါ်က လူတွေဆင်းလာပြီး ရွာသားတွေကို ဆင်းရိုက်နေတာကို လှမ်းမြင်နေရပါတယ်။ ဒေါ်စုကို ထွက်ပြီးမကြိုဆိုဖို့ အစိုးရက ကြိုတင်အမိန့်ထုတ်ထားတယ်လို့ သိရပါတယ်။

ကျမအနောက်လှမ်းကြည့်လိုက်တော့ ကားတွေအကုန်လုံး ရပ်နေတာကို တွေ့ရပါတယ်။ ခေါင်းမှာလက်ကိုင်ပဝါတွေစီးထားတဲ့ ဘုန်းကြီးအတုနှစ်ပါးနဲ့ တခြားလူသုံးယောက် ဒေါ်စုကားနားကိုသွားပြီးတော့ ဒေါ်စုကို တခုခုပြောတာ တွေ့လိုက်ပါတယ်။ နောက်ပိုင်းမှ ကျမတို့သိရတာက အဲဒီလူတွေက ဒေါ်စုကို ကားပေါ်ကဆင်းပြီး သူတို့ကို မိန့်ခွန်းပြောဖို့ ပြောတာဖြစ်ပါတယ်။ ပြီးတော့ သူတို့တွေက ဒေါ်စုကိုတွေ့ဖို့စောင့်နေတာ တော်တော်ကြာပြီလို့ ပြောတယ်။ ဒါက ကျမတို့ကားတန်းကို ဆက်မသွားနိုင်အောင် အချိန်ဆွဲထားတာဖြစ်ပါတယ်။ အဲဒီအချိန်မှာပဲ ဒေါ်အောင်ဆန်းစုကြည်ကလည်း ရွာသားတွေကို ရိုက်နှက်နေတဲ့အတွက် ဒီအတိုင်းထွက်မသွားရက်ဘူးလို့ ပြောပါတယ်။

သိမကြာပါဘူး၊ ကြံ့ဖွံ့နဲ့စွမ်းအားရှင်တွေ အပြည့်တင်ထားတဲ့ ဘတ်စ်ကား ၁၀ စီး လောက် ကျမတို့ဆီကို ရောက်လာပါတယ်။ အဲဒီမှာ ကျမတို့ ဒေါ်စုရဲ့ကားကို ရန်ကုန်ကပါလာတဲ့လူကတဝိုင်း၊ မန္တလေးကတဝိုင်းဆိုပြီး သုံးဆင့်ဝန်းရံပြီး ကာထားကြတယ်။ သူတို့ရဲ့ ဘတ်စ်ကားတွေထဲက (၅) စီးက သင်တန်းပေးထားသလိုပဲ တညီတည်းရပ်ပြီး ကျမတို့ရဲ့ကားတန်းကို မီးဆလိုက်တွေနဲ့ ထိုးထားတယ်။ အဲဒီမှာပဲ ဘတ်စ်ကား ၁၀ စီးပေါ်မှ လက်ပတ်ဖြူများတပ်ဆင်ထားတဲ့ လူ ၅၀၀၀ ခန့် သစ်သားတုတ်တွေ၊ သံချွန်တွေ၊ သံတုတ်တွေ၊ လေးခွတွေကိုယ်စီနဲ့ ဆင်းလာကြပြီး ဝေသာလီမြို့ထဲ ဘီလူးဝင်သလို ကျမတို့ကို ရိုက်ကြ၊ နှက်ကြ၊ သတ်ကြတော့တာပါပဲ။ သူတို့ တွေ့သမျှလူကို ရိုက်ပြီး တွေ့သမျှဆွဲကြိုး၊ လက်ကောက်၊ နာရီတွေ အတင်းဆွဲချွတ်ယူပြီး ကားတွေ၊ ဆိုင်ကယ်တွေကို ဖျက်ဆီးကြပါတယ်။

ကျမတို့ကားထဲမှာရှိနေတဲ့သူတွေအားလုံး ကားထဲမှာကြောက်ပြီး ဝပ်နေကြတယ်။ ကားပေါ်မှာပါလာတဲ့ အဘဦးချစ်တင်က ကျမတို့ အမျိုးသမီး သုံးယောက်ကိုယ်ပေါ်မှာ ကန့်လန့်ခံပြီး ကာထားပေးတယ်။ အဲဒီလို လက်မှာ

www.burmeseclassic.com

www.burmeseclassic.com



ပိတ်ဖြူပတ်ထားတဲ့ ကြံ့ဖွံ့နဲ့စွမ်းအားရှင်တွေက တယောက်ချင်းစီကို ဆွဲထုတ်ပြီး ရိုက်ကြတယ်။ သူတို့က ကျမတို့ရဲ့ပင်နီအင်္ကျီတွေကို အတင်း ဆွဲဖြဲကြတယ်။ ဆွဲကြိုး၊ လက်ကောက်၊ လက်ဆွဲအိတ်တွေကို လုယူကြတယ်။ ကျမတို့ရဲ့ထမီကိုလည်း ဆွဲချွတ်ကြတယ်။ ဒါပေမယ့် ကျမတို့တကိုယ်လုံးက သွေးတွေနဲ့ ရွှဲနေတော့ သူတို့ကျမရဲ့အဝတ်အစားတွေကို ဆွဲချွတ်လို့မရဘူး။

ကျမနဲ့ ခပ်လှမ်းလှမ်းမှာရှိနေတဲ့ အမိုးမပါတဲ့ကားပေါ်က လူတွေကိုလည်း တက်ရိုက်ကြပြီး လူနှစ်ယောက် ပွဲချင်းပြီးသေဆုံးသွားတာကိုလည်း တွေ့ရပါတယ်။ ကျမအနီးမှာလည်း ဆိုင်ကယ်နဲ့ လိုက်လာတဲ့ကလေးတွေကိုလည်း လူ ၄၊ ၅ ယောက်က ဝိုင်းရိုက်နေတာကို တွေ့ရပါတယ်။

ကြံ့ဖွံ့နဲ့စွမ်းအားရှင်တွေက ကျမကို ရိုက်လဲရိုက်တယ်။ ရိုင်းလည်း ရိုင်းစိုင်းတယ်။ “နင်တို့က နိုင်ငံခြားသားမိန်းမကို ထောက်ခံကြတယ်ပေါ့၊ နင်တို့လည်း သူတို့လိုပဲ ကုလားမယားဖြစ်ချင်တာလား၊ မသိရင်မှတ်ထား၊ ငါတို့က စွမ်းအား”လို့ပြောပြီးတော့ ကျမတို့ကို ဝါးလုံးနဲ့ ရိုက်ကြပါတယ်။ ဆံပင်ကို ဆွဲထားပြီးတော့ မြေကြီးနဲ့ ခေါင်းကိုဆောင့်တယ်။ တုတ်နဲ့ ခေါင်းကို ရိုက်တဲ့အတွက် ကျမခေါင်းကွဲသွားပြီး သတိလစ်သွားပါတယ်။ ကျမတို့ကိုရိုက်တဲ့ လူနှစ်ယောက်ဟာ ဘုန်းကြီးလို သင်္ကန်းဝတ်ထားတဲ့သူပါ။ နောက်နှစ်ယောက်ကတော့ ဦးထုပ်ဆောင်းထားပြီး ဘောင်းဘီကို ဝတ်ထားပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ကားမောင်းသမားက အတင်းကားမောင်းပြေးတော့ ဒေါ်အောင်ဆန်းစုကြည် လွတ်သွားခဲ့ပါတယ်။

ကျမ သတိမလစ်ခင်လေးမှာ ကျမတို့ကို (၂) နာရီလောက် တိုက်ခိုက်တဲ့လူတွေက မီး၊ ရေဆိုတဲ့ အချက်ပေးသင်္ကေတနဲ့ ပြန်ဆုတ်သွားကြပါတယ်။ ကျမသတိပြန်လည်လာတော့ အရမ်းကို မှောင်မည်းနေတယ်။ အော်ဟစ် အကူအညီတောင်းသံတွေ ကြားနေရတယ်။ ကျမ ကားဆီကိုသွားဖို့ ကြိုးစားတော့ ကျမရဲ့ဘေးပတ်ပတ်လည်မှာ အသက်မရှိတော့တဲ့လူတွေနဲ့ ပြည့်နေတာပဲ။ ကျမ ကားပေါ်မှာ ခဏနားတဲ့အချိန်မှာ ဘုန်းကြီးနဲ့ ရွာသား လေးယောက်က ကယ်ဖို့ရောက်လာတဲ့အတွက် သူတို့မှာပါလာတဲ့ ဓါတ်မီးနဲ့ လျှောက်ထိုးကြည့်တော့ ကျမတို့စီးလာတဲ့ကားကိုမောင်းတဲ့ ကားမောင်း သမားကတော့ မျက်လုံးအပြင်ထွက် သေဆုံးနေပါတယ်။ သေတဲ့အထိ အကြီး

www.burmeseclassic.com

www.burmeseclassic.com



အကျယ် အရိုက်ခံထားရတဲ့ပုံပါပဲ။ အခြားလူတွေ လဲနေတာလည်း တွေ့ရပါတယ်။ တချို့လည်း အသက်မရှိတော့ပါဘူး။ ကျမတို့ကို အကာအကွယ်ပေးခဲ့တဲ့ အဘဦးချစ်တင်ဟာလည်း ခေါင်းဟက်တက်ကြီးကွဲနေတာကို တွေ့လိုက်ရတယ်။ ဆိုင်ကယ်နဲ့ လိုက်လာတဲ့ကလေးတွေလည်း သေကုန်ပြီလို့တော့ ထင်တာပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ ဘာလှုပ်ရှားမှုမှ မရှိကြတော့လို့ပါပဲ။ တချို့လူတွေဆိုရင် သူတို့ရဲ့ခန္ဓာကိုယ်ထဲကနေပြီး သွေးတွေ အဆက်မပြတ်ပန်းထွက်နေတာကိုလည်း တွေ့ရပါတယ်။ အရမ်းကြောက်စရာကောင်းတဲ့ အသံတွေလည်း ကြားနေရပါတယ်။

ဘုန်းကြီးနဲ့ရွာသားတွေက ကျမနဲ့အဖွဲ့ဝင်နှစ်ယောက်၊ ကျောင်းသားတစ်ယောက် ပေါင်း (၄) ယောက်တို့ကို အဲဒီအနီးပတ်ဝန်းကျင်မှာရှိတဲ့ ဘုန်းကြီးကျောင်းကို ပို့ပေးလိုက်ကြပါတယ်။ ကျမတို့အားလုံး လုံခြုံရေးအတွက် ဘုန်းကြီးကျောင်းရဲ့အပြင်ဘက်မှာ ပုန်းနေကြရပါတယ်။ ဘုန်းကြီးကျောင်းက လူသတ်မှုဖြစ်တဲ့နေရာနဲ့ သိပ်မဝေးပါဘူး။ ည ၁၂ နာရီလောက်မှာ စစ်ကားတွေရောက်လာပြီး ကားမီးထိုးပြီးတော့ ဒဏ်ရာရနေတဲ့သူတွေကို ကားတစီး၊ သေနေတဲ့သူတွေကို ကားတစီး (၂) စီးခွဲပြီး ကားပေါ်ပစ်တင်ပြီး ခေါ်သွားတာကို တွေ့ရပါတယ်။ ကျန်ကားတွေက သတ်ကွင်းကို လူတွေမမြင်အောင် ဖျောက်ဖျက်နေပါတယ်။ မေလ ၃၁ ရက်နေ့မှာ ဆရာတော်တပါး ကျမတို့ကို ပိုက်ဆံပေးပြီး ထွက်ပြေးခိုင်းပါတယ်။ နောက်နေ့မနက် ၅ နာရီခွဲလောက်ရောက်တော့ ဆရာတော်က ကျမတို့လေးယောက်ကို ဘုန်းကြီးကျောင်းနဲ့ ၅ မိုင်လောက်ဝေးတဲ့ ရထားဘူတာကို လိုက်ပို့ပေးပါတယ်။ ကျမတို့ ရထားနဲ့ မုံရွာပြန်ပါတယ်။ မုံရွာတစ်မြို့လုံးကိုလည်း စစ်တပ်က သိမ်းထားပါတယ်။ ကျမရထားပေါ်က ဆင်းတော့ လုံးဝလမ်းမလျှောက်နိုင်ဘူး။ ကျမတို့လေးယောက် ဆိုက်ကားငှားပြီးတော့ မုံရွာထဲမှာရှိတဲ့ ဘုန်းကြီးကျောင်းကိုသွားတယ်။ ဘုန်းကြီးက ကျမတို့ကို ဝှက်ထားပေးတယ်။ ညနေ ၅ နာရီလောက်မှာ ကျမတို့ရဲ့ ဒဏ်ရာတွေကိုဆေးကုဖို့ ဆရာဝန်ခေါ်ပေးတယ်။ ကျမရဲ့ခေါင်းက ၂ လက်မလောက်ကွဲနေပြီးတော့ အချိန်လွန်သွားလို့ အနာကိုချုပ်လို့ မရတော့ဘူး။ ဆရာဝန်က ကျမကို ခင်ဗျား အရမ်းအသက်ပြင်းတယ်။ ဒီလောက်ဒဏ်ရာနဲ့ ဒီလောက်ကြာကြာနေနိုင်တာကို တော်တော်အံ့သြတယ်လို့ ပြောပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီနောက် ဆရာဝန်က ကျမကိုဆေးထိုးပေးပြီး ဆေးတိုက်ပါတယ်။ တပတ်လောက်နေပြီးတော့ ကျမတို့ မန္တလေးကို ပြန်သွားတယ်။ ဒါပေမဲ့ စစ်တပ်က အဲဒီ ဒီပဲယင်းမှာပါတဲ့သူတွေကို လိုက်ရှာနေတယ်ကြားလို့ ကျမ တခြားရွာမှာ တစ်လလောက် သွားပုန်းနေရသေးတယ်။

နောက်တော့ ဒီပဲယင်းလူသတ်မှုအဖြစ်အပျက်ကို စုံစမ်းစစ်ဆေးတဲ့ အရေးပေါ်ကော်မရှင်က လူတယောက်ကနေပြီး ကျမကို ကျမတို့ ကြုံတွေ့ခဲ့ရတဲ့အကြောင်းတွေပြောပြဖို့ ဆက်သွယ်တောင်းဆိုလာပါတယ်။ ဒါနဲ့ ကျမလည်း ထုတ်ဖော်ပြောဆိုဖို့ ဆုံးဖြတ်လိုက်ပြီး ၂၀၀၄ ခုနှစ်၊ ဩဂုတ်လမှာ ထိုင်းနိုင်ငံ မဲဆောက်မြို့ကို ထွက်လာခဲ့ပါတယ်”

(လက်ရှိအချိန်တွင် ဒေါ်ညွန့်ညွန့်သည် အမေရိကန်ပြည်ထောင်စု ဖို့ဝိန်းမြို့တွင် နေထိုင်လျက်ရှိပြီး နယူးယောက်မြို့တွင် ကျင်းပပြုလုပ်ခဲ့သည့် နိုင်ငံတကာကြားနာပွဲတွင် ဒီပဲယင်းလူသတ်ပွဲအကြောင်း သက်သေထွက်ဆိုခဲ့သည်။ စာရေးသူ)

အနောက်မြောက်တိုင်းစစ်ဌာနချုပ် ထိန်းချုပ်ထားသည့် နယ်မြေအတွင်းရှိ ဒီပဲယင်းမြို့အနီး ကျီရွာလမ်းမပေါ်တွင် ဖြစ်ပွားခဲ့သော ဒီပဲယင်း လုပ်ကြံသတ်ဖြတ်မှုကို မြန်မာအာဏာပိုင်များက လူ (၄) ဦးသေဆုံးပြီး ၅၀ ဦး ဒဏ်ရာရရှိခဲ့သည်ဟုဆိုသော်လည်း မျက်မြင်သက်သေများ၏ အဆိုအရ သေဆုံးသူပေါင်း ၂၈၂ ဦး ရှိသည်ဟု ဆိုသည်။

အခင်းဖြစ်ပွားရာသို့ (၂) ရက်အကြာ ဇွန်လ ၁ ရက်နေ့တွင် ရောက်ရှိစုံစမ်းခဲ့သော ရန်ကုန်မြို့အမေရိကန်သံရုံးမှ အရာရှိများက ဒီပဲယင်း တိုက်ခိုက်မှုသည် အစီအစဉ်ရှိရှိကြံစည်ခဲ့ပုံရသော အဓိကရုဏ်းကို စစ်အစိုးရလိုလားသူ လူရမ်းကားများက ကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း၊ သေဆုံးသူများသည် အစိုးရထုတ်ပြန်သည်ထက် ပို၍များပြားနိုင်ကြောင်း ဆိုပါသည်။

ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုတွင် ဒေါ်အောင်ဆန်းစုကြည်သည် အသက်မသေဘဲ လွတ်မြောက်ခဲ့ပြီး ရေဦးမြို့အဝင်ဂိတ်အရောက်တွင် အာဏာပိုင်များမှ ဖမ်းဆီးခဲ့ပြီး ရေဦး ရဲစခန်းတွင် ယာယီထိန်းသိမ်းထားခဲ့သည်။ ရေဦးရဲစခန်းမှ နောက်တစ်နေ့ (၃၁–၅–၂၀၀၃) နံနက် ၁ နာရီတွင် ရဲမေများမှ ကားတစ်စီးပေါ်သို့ အတင်းအကြပ်တင်ဆောင်၍ ခေါ်ဆောင်လာခဲ့ရာ အမှတ် (၆) တင့်ကား

www.burmeseclassic.com

www.burmeseclassic.com



တပ်ရင်း ဌာနချုပ်သာတွင်တစ်ကြိမ်၊ မင်းဘူးမြို့ရှိ စစ်တပ်ဌာနချုပ်သာတွင် တစ်ကြိမ်ရပ်နားပြီးနောက် ဇွန်လ (၂) ရက်နေ့ နံနက် ၈ နာရီ ၂၀ မိနစ်တွင် အင်းစိန်ထောင်သို့ ပို့ဆောင်ထိန်းသိမ်းခြင်း ခံခဲ့ရသည်။ ဇွန်လ ၂၄ ရက်နေ့အထိ အင်းစိန်ထောင်အတွင်းရှိ အိမ်ငယ်တစ်လုံးတွင် ထိန်းသိမ်းထားခဲ့သည်။ ဇွန်လ ၂၄ ရက်နေ့တွင် အင်းစိန်ထောင်မှ ရဲမွန်တပ်စခန်းရှိ ရဲခေါင်ရိပ်သာသို့ ပြောင်းရွှေ့ထားခဲ့ရာမှ စက်တင်ဘာလ ၁၆ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသမီးရောဂါဖြစ်ပွားခဲ့ရာ ဆေးရုံတက်ရောက်ခွဲစိတ်ကုသရန် လိုအပ်၍ ရန်ကုန်မြို့ အာရှတော်ဝင်ဆေးရုံသို့ တင်ပို့ခဲ့သည်။ ဆေးရုံတွင် မီးယပ်နှင့် သားဖွားဆိုင်ရာရောဂါကို ခွဲစိတ်ကုသမှုခံယူပြီးနောက် နိုင်ငံတကာ၏ ဖိအားပေးမှုကြောင့် စစ်အစိုးရသည် ဒေါ်အောင်ဆန်းစုကြည်အား စက်တင်ဘာလ ၂၃ ရက်နေ့တွင် သက်ဆိုင်ရာဆရာဝန်ကြီးများက ဆေးရုံမှဆင်းခွင့်ပြုသောအခါ နေအိမ်သို့ပြန်ပို့၍ စတုတ္ထအကြိမ်နေအိမ်အကျယ်ချုပ်ဖြင့် ထိန်းသိမ်းထားခဲ့သည်။ ၂၀၀၄ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် ကုလသမဂ္ဂ အထူး ကိုယ်စားလှယ် အီဘရာဂမ်ဘာရီသည် နေအိမ်အကျယ်ချုပ်ချထားခြင်းခံရသော ဒေါ်အောင်ဆန်းစုကြည်နှင့် သွားရောက်တွေ့ဆုံခဲ့သည်။ သတင်းစာရှင်းလင်းပွဲ၌ စစ်အစိုးရက သတင်းထောက်များအား ၎င်း၏လုံခြုံရေးအရ နေအိမ်တွင် ခေတ္တနေထိုင်ရန် ကန့်သတ်ထားခြင်းသာဖြစ်ပါသည်ဟု ပြောကြားခဲ့သော်လည်း ၂၀၀၄ ခုနှစ်၊ နိုဝင်ဘာ ၂၇ ရက်နေ့တွင် ၁၉၇၅ ခုနှစ်တွင် ပြဋ္ဌာန်း၍၊ ၁၉၉၁ တွင် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် ‘နိုင်ငံတော်အား နှောင့်ယှက် ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေ’ ပုဒ်မ ၁၀ (ခ) ဖြင့် ပြစ်ဒဏ်ချမှတ်ခဲ့သည်။

မည်သည့်ရာဇဝတ်မှုကိုမျှ ကျူးလွန်ခြင်းမရှိပါဘဲလျက် ဖမ်းဆီးထိန်းသိမ်းခြင်းခံလိုက်ရ၍ ဖြစ်ပေါ်လာသော နစ်နာဆုံးရှုံးမှုသည် လူတယောက်အဖို့ ဤမျှထက်ကြီးမားသော နစ်နာဆုံးရှုံးမှုဟူ၍ မရှိနိုင်ပေ။ ထို့ပြင် ယင်းသို့ ထိန်းသိမ်းခံလိုက်ရသည့်အတွက် ထိုပုဂ္ဂိုလ်၏ ပုဂ္ဂလိက လွတ်လပ်မှုလည်း ဆုံးရှုံးသွားတော့သည်။ အထူးသဖြင့် နှစ်ရှည်လများ ထိန်းသိမ်းခံလိုက်ရပါက ထိုသူ၏ ရုပ်ဝတ္ထုပိုင်းဆိုင်ရာနာစ်နာဆုံးရှုံးမှုနှင့် စိတ်ပိုင်းဆိုင်ရာထိခိုက်ဆုံးရှုံးမှုလည်း ဖြစ်ခဲ့ရပေသည်။ အမှန်စင်စစ် နိုင်ငံတော်အား နှောက်ယှက်ဖျက်ဆီးလိုသူများ

www.burmeseclassic.com

www.burmeseclassic.com



ဘေးအန္တရာယ်မှ ကာကွယ်သောဥပဒေ (နိုင်ငံတော်ကာကွယ်သည့်ဥပဒေ) သည် အရေးပေါ်ကာလအတွက်သာ ဖြစ်သင့်ပေသည်။ အရေးပေါ်ကာလ သည်လည်း အချိန်အကန့်အသတ်သာ ရှိသင့်သည်။ ထို့ပြင် ယခုဖြစ်စဉ်ကို လေ့လာကြည့်ရှုပါက ဥပဒေမဲ့ လက်နက်ဖြင့် သတ်ဖြတ်၊ ရိုက်နှက်ခံခဲ့ရသောသူ များကိုသာ ဖမ်းဆီးအပြစ်ပေးခြင်းသည် ဥပဒေနှင့်အညီ ဖြစ်ပါသလားဆိုသည် မှာ မေးစရာဖြစ်နေပါတော့သည်။ လက်ရှိကာလ မြန်မာနိုင်ငံတွင် နိုင်ငံရေးတွင် ပါဝင်သတ်သက်သူမှန်သမျှကို အဆိုပါဥပဒေဖြင့် ဖမ်းဆီးထိန်းသိမ်းလျက်ရှိ သည်။ ဥပဒေက မည်သို့ပင်ဆိုစေ၊ မည်သူများ မည်သို့ပင် ပျက်စီးပါစေ၊ မည်မျှ ပင်ထိခိုက်နစ်နာပါစေ၊ နအဖစစ်အစိုးရသည် ၎င်းတို့အာဏာတည်မြဲရေး အ တွက် နိုင်ငံတော်လုံခြုံရေးကိုအကြောင်းပြကာ ရေးဆွဲထားသော အဆိုပါ ဥပ ဒေကို ဒိုင်းအဖြစ် ကောင်းစွာအသုံးချနေသည်မှာ ထင်ရှားလှပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ ဒုတိယ ဥက္ကဋ္ဌသူရဦးတင်ဦးသည် ဒီပဲယင်းသွေးချောင်းစီး လုပ်ကြံသတ်ဖြတ်မှုအတွင်း အသက်မသေဘဲ ထိုနေ့မှာပင် ဖမ်းဆီးထိန်းသိမ်းခံခဲ့ရပြီး စစ်ကိုင်းတိုင်း ကလေး ထောင်တွင် ထိန်းသိမ်းထားခဲ့သည်။ ထို့နောက် ဦးတင်ဦးအား ၂၀၀၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၄ ရက်နေ့ ညပိုင်းတွင် ရန်ကုန်မြို့နေအိမ်သို့ အကျယ်ချုပ်ဖြင့် ဆက်လက်ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ၂၀၀၅ ခုနှစ်၊ ဖေဖော်ဝါရီ ၁၄ ရက်နေ့တွင် ၁၉၇၅ ခုနှစ်တွင်ပြဋ္ဌာန်း၍ ၁၉၉၁ ခုနှစ်တွင် ပြင်ဆင်ထုတ်ပြန်ခဲ့သည့် " နိုင်ငံ တော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ အန္တရာယ်မှ ကာကွယ်စောင့် ရှောက်သည့်ဥပဒေ" ပုဒ်မ ၁၀ (ခ) ဖြင့် ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက် နေ့အထိ နေအိမ်အကျယ်ချုပ် သက်တမ်း (၁) နှစ် ထပ်တိုးခဲ့သည်။ ပြစ်ဒဏ် ပြည့်မြောက်သည့် ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၃ ရက်နေ့တွင် နောက်ထပ် ပြစ်ဒဏ်သက်တမ်း (၁) နှစ် ထပ်မံတိုးခဲ့ပြန်သည်။

## ဂွမ်ဂျူး လူ့အခွင့်အရေးဆု

၂၀၀၄ ခုနှစ်၊ ဧပြီလ ၂၇ ရက်နေ့၌ ကိုရီးယားသမ္မတနိုင်ငံ (တောင်ကိုးရီး ယား) နိုင်ငံ၊ ဆိုးလ်မြို့တွင် 'မေ ၁၈ အောက်မေ့ဖွယ် ဖောင်ဒေးရှင်းအဖွဲ့' မှ ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၄ ခုနှစ်အတွက် 'ဂွမ်းဂျူးလူ့အခွင့်အရေး

www.burmeseclassic.com

www.burmeseclassic.com



ဆု’ ကို ချီးမြှင့်ခဲ့လေသည်။ ကိုရီးယားသမ္မတ ချွန်ဒူးဝှမ်လက်ထက် ၁၉၈၀ ပြည့်နှစ်၊ မေလ ၁၈ ရက်နေ့က ဆိုးလ်မြို့တော်တောင်ဘက် ဂွမ်ဂျူးမြို့တွင် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် တောင်းဆိုဆန္ဒပြကြသည့် ကျောင်းသားများနှင့် ပြည်သူများအား စစ်တပ်မှ ပစ်ခတ်သတ်ဖြတ်ခဲ့သဖြင့် အပြစ်မဲ့ ပြည်သူ ထောင်နှင့်ချီ၍ သေဆုံးခဲ့ရသည့်အရေးအခင်းအား အမှတ်တရဖြစ်စေရန် ‘ဂွမ်ဂျူး မေ ၁၈ ဖောင်ဒေးရှင်း’ ကို ဖွဲ့စည်းခဲ့ခြင်းဖြစ်ပြီး အဆိုပါ ဖောင်ဒေးရှင်းမှ ဒေါ်အောင်ဆန်းစုကြည်ကဲ့သို့ပင် ယခင်က အဆိုပါဆုကို အရှေ့တီမောသမ္မတ ဇာနာနာဂုတ်စ်မာအို၊ ဟောင်ကောင်လူ့အခွင့်အရေးအဖွဲ့မှ ဖာစီဖာနာတို့အား ချီးမြှင့်ခဲ့ဘူးသည်။

## ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုအရေးယူဆောင်ရွက်ရေး ကော်မရှင်

ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှု အရေးယူဆောင်ရွက်ရေးကော်မရှင်သည် ဒီပဲယင်းသတ်ဖြတ်မှုအတွက် အမှန်တရားဖော်ထုတ်ရေး၊ ဒီပဲယင်းသတ်ဖြတ်မှုနှင့်ဆက်စပ်၍ ပြည်တွင်းပြည်ပနှင့် အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းတွင် ဥပဒေရေးရာအခြေခံ၍ လူထုတိုက်ပွဲနှင့်ပေါင်းစပ်လုပ်ဆောင်သွားရန် ရည်ရွယ်ချက်ဖြင့် ဖွဲ့စည်းခဲ့ပြီး အဖွဲ့ဝင်လေးဦးပါဝင်သည်။ ကော်မရှင်အား မြန်မာနိုင်ငံရှေ့နေများကော်စီနှင့် မြန်မာနိုင်ငံအမျိုးသားကောင်စီတို့ ပူးပေါင်း၍ ၂၀၀၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့တွင် ထိုင်းမြန်မာနယ်စပ်တနေရာ၌ ဖွဲ့စည်းခဲ့ပြီး ဇူလိုင်လ ၄ ရက်နေ့တွင် ကြိုတင် (ကနဦးအကြမ်းဖျင်း) အစီရင်ခံစာ တစ်စောင်ကို ထုတ်ပြန်ခဲ့ပါသည်။

ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှု အရေးယူဆောင်ရွက်ရေးကော်မရှင် အပါအဝင် နိုင်ငံတကာမှ လူအများက ထိုလုပ်ကြံသတ်ဖြတ်မှုသည် အစီအစဉ်ရှိရှိ ကျူးလွန်သော ရာဇဝတ်မှုဖြစ်ကြောင်း အချက်အလက်များဖြင့် အခိုင်အမာ စွပ်စွဲထားသည်။

လုပ်ကြံသတ်ဖြတ်မှုနှင့် ပတ်သက်၍ လုပ်ဆောင်မှုများသည် နိုင်ငံရေးသက်သက်မဟုတ်ဘဲ နစ်နာခဲ့သူများအတွက် တရားမျှတမှုရှာဖွေပေးရန် ဖြစ်ကြောင်း၊ ထိုလုပ်ကြံသတ်ဖြတ်မှုသည် ဒေါ်အောင်ဆန်းစုကြည်နှင့် အမျိုးသား

www.burmeseclassic.com

www.burmeseclassic.com



ဒီမိုကရေစီအဖွဲ့ချုပ်အဖွဲ့ဝင်များနှင့်သာ အဓိက သက်ဆိုင်သည် မဟုတ်ဘဲ မြန်မာပြည်လူ့အဖွဲ့အစည်းတခုလုံးနှင့် သက်ဆိုင်နေကြောင်း ကော်မရှင်၏ ကြိုတင်အစီရင်ခံစာတွင် ဖော်ပြထားသည်။

ထို့ပြင် ဒီပဲယင်းလုပ်ကြံသတ်ဖြတ်မှုတွင် ပြစ်မှုကျူးလွန်သူများကို စုံစမ်းဖော်ထုတ်ပြီး အသက်သေဒဏ်ရာရရှိခဲ့သည့် နစ်နာဆုံးရှုံးခဲ့သူများကို ကျေနပ်မှုရှိသည်အထိ တောင်းပန်မှုများပြုလုပ်ရမည်ဟု ဒီပဲယင်းဖြစ်စဉ်တွင် အသက်မသေကျန်ရစ်ခဲ့သူများက ထုတ်ဖော်ပြောကြားခဲ့ပါသည်။

## ဂုဏ်ထူးဆောင် ပါရီမြို့သူဆု

၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့ နံနက် ၁၀ နာရီတွင် ပါရီမြို့၌ အခမ်းအနားတရပ်ကျင်းပ၍ ဒေါ်အောင်ဆန်းစုကြည်အား ပြင်သစ်နိုင်ငံ၏ 'ဂုဏ်ထူးဆောင်ပါရီမြို့သူဆု' (The Honorary Citizen of Paris) ကို ချီးမြှင့်ခဲ့လေသည်။ အဆိုပါဆုအား ၂၀၀၄ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် ရွေးချယ်ခဲ့ခြင်း ဖြစ်ပြီး ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့၌ ဒေါ်အောင်ဆန်းစုကြည် နိုဘယ်ငြိမ်းချမ်းရေးဆုရရှိခဲ့သည့် (၁၄) နှစ်မြောက်နှစ်တွင် ဆုပေးပွဲကျင်းပခဲ့ခြင်းဖြစ်သည်။ အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းက ဆုလက်ခံရယူခဲ့သည်။

## ရန်စစ်တက္ကသိုလ်မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့

ဒေါ်အောင်ဆန်းစုကြည်၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေး တိုက်ပွဲဝင်နေသူများအား လေးစားအသိအမှတ်ပြုသည့်အနေဖြင့် ထိုင်းနိုင်ငံ ရန်စစ်တက္ကသိုလ် (Rang sit University) မှ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Honorary Doctorate in Politics, Philosophy and Economics) ကို ပေးအပ်ချီးမြှင့်ခဲ့သည်။ နိုင်ငံရေးသိပ္ပံ၊ ဒဿနဗေဒနှင့် စီးပွားရေးဘာသာတို့တွင် ဂုဏ်ထူးဆောင်ဘွဲ့ ရရှိခဲ့ခြင်းဖြစ်သည်။ ဘွဲ့ချီးမြှင့်ပွဲကို ၂၀၀၄ ခုနှစ်၊ ဒီဇင်ဘာ ၂၆ ရက်နေ့တွင် ရန်စစ်တက္ကသိုလ်ဆုနှင်းသဘင်ပွဲနှင့်အတူ ပြုလုပ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်၏ မြန်မာပြည်အနာဂတ်အရေးကို ငြိမ်းချမ်းစွာတိုက်ပွဲဝင်နေမှုအတွက် ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း ရန်စစ်တက္ကသိုလ်၏ ထုတ်ပြန်ချက်၌ ဖော်ပြထား

www.burmeseclassic.com

www.burmeseclassic.com



သည်။ "သူမဟာ တရားမျှတတဲ့ ကမ္ဘာလောကကြီးဖြစ်ရန်အတွက် ဒီမိုက ရေစီအရေးနှင့်လူ့အခွင့်အရေး မရှိမဖြစ်လိုအပ်သည်ကို ညွှန်းဆိုသော သင်္ကေ တတခုဖြစ်သည်" ဟုလည်း အဆိုပါတက္ကသိုလ်၏ အဓိပတိက ဒေါ်အောင် ဆန်းစုကြည်ထံ ပေးပို့သောစာတွင် ဖော်ပြထားပေသည်။

ရန်စစ်တက္ကသိုလ်အဓိပတိဒေါက်တာအာသစ်မှ ဒေါ်အောင်ဆန်းစုကြည် ထံ ဒီဇင်ဘာလ ၁၃ ရက်နေ့စွဲဖြင့် ပေးပို့သည့်အကြောင်းကြားစာတွင် သူမ အား ဂုဏ်ထူးဆောင်ဆုပေးမည်ဟု ဖော်ပြထားသော်လည်း သူမကိုယ်တိုင် လာရောက်နိုင်မည် မဟုတ်သည်ကိုလည်း ကြိုတင် နားလည်ထားပါသည်ဟု ပေးစာ၌ ရေးသားဖော်ပြထားသည်။

ရန်စစ်တက္ကသိုလ်သည် ဘန်ကောက်မြို့အနီး ပသုံဌာနီအရပ်တွင်ရှိပြီး ရန်စစ်တက္ကသိုလ်နှင့်လက်အောက်ခံကောလိပ်အသီးသီးတွင် ကျောင်းသား ပေါင်း (၁၄,၀၀၀) ခန့် နှစ်စဉ် တက်ရောက်လေ့လာသင်ကြားလျက်ရှိသည်။ အဆိုပါတက္ကသိုလ်မှ ဥပဒေဘွဲ့၊ ဆေး၊ ဗိသုကာဘွဲ့၊ အနုပညာဘွဲ့များ၊ ဂီတပ ညာဘွဲ့များ၊ ကွန်ပြူတာသိပ္ပံဘွဲ့၊ အိုင်တီ ခေါ် သတင်းနည်းပညာဘွဲ့၊ အင်ဂျင်နီ ယာဘွဲ့နှင့် ဧည့်ကြိုလုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုပညာရပ်များအတွက် သင်ကြား ပေးလျက်ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်အား ပေးအပ်ချီးမြှင့်ခဲ့သည့် ဂုဏ် ထူးဆောင်ပါရဂူဘွဲ့ကို ယခင်က ထိုင်းနိုင်ငံဝန်ကြီးချုပ်ဟောင်း ချွန်လိပိုင်နှင့် ထိုင် ဝမ်နိုင်ငံဝန်ကြီးချုပ်ဟောင်း မစ္စတာဗင်ဆင့်တို့အား ပေးအပ်ခဲ့ဘူးသည်။

ထို့ပြင် ထိုင်းနိုင်ငံ သမာဆတ်တက္ကသိုလ် (Thammasat University) ကလည်း ၂၀၀၅ ခုနှစ်၊ ဇွန်လ ၁၉ ရက်နေ့တွင်ကျရောက်သော ဒေါ်အောင်ဆန်းစုကြည် အသက် ၆၀ ဆယ်ပြည့် မွေးနေ့ပွဲအခမ်းအနား၌ ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ (Honorary Degree in Political Science) ကို ထပ်မံပေးအပ်ခဲ့လေသည်။

## လွတ်လပ်သောလူသားဆု

၂၀၀၅ ခုနှစ်၊ ဇွန်လ ၁၆ ရက်နေ့ညပိုင်းတွင် အိုင်ယာလန်နိုင်ငံ၏ ဒုတိယ မြို့တော် ဂိုဝေးမြို့တွင် ဒေါ်အောင်ဆန်းစုကြည်အား 'လွတ်လပ်သော လူ သားဆု' ကို ပေးအပ်ခဲ့သည်။ ဂိုဝေးမြို့တော်ဝန်ကိုယ်တိုင်ပေးအပ်သည့် အဆို

www.burmeseclassic.com

www.burmeseclassic.com



ပါဆုကို ဒေါ်အောင်ဆန်းစုကြည်၏ ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ်၏ညီက တက်ရောက်လက်ခံယူခဲ့သည်။

မြို့တော်ဝန်မစ္စကက်သလင်းကိုနိုရီက "မြန်မာနိုင်ငံတွင် ဒီမိုကရေစီ ရရှိရန် ဒေါ်အောင်ဆန်းစုကြည်မှ အကြမ်းမဖက် ငြိမ်းချမ်းသည့်နည်းဖြင့် တိုက်ပွဲဝင်နေသူတယောက်ဖြစ်သကဲ့သို့ မြန်မာပြည်သူများသာမက ကမ္ဘာတဝှမ်းက ပါ လေးစားယုံကြည်မှုရရှိသူတယောက်ဖြစ်သည့်အတွက် ယခုကဲ့သို့ ဂိုဝေးမြို့တော်၏ အဆင့်အမြင့်ဆုံးဆုဖြစ်သည် ဂိုဝေးမြို့တော်ဝန်၏ လွတ်လပ်သော လူသားဆု ချီးမြှင့်ရခြင်းဖြစ်သည်" ဟု ရှင်းပြခဲ့လေသည်။

## အိုလော့ဖ်ပမ်းဆု

၂၀၀၆ ခုနှစ်၊ မတ်လ (၁) ရက်နေ့တွင် ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့၌ မြန်မာ့ ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား လုပ်ကြံသတ်ဖြတ်ခြင်း ခံရသော ဆွီဒင်နိုင်ငံဝန်ကြီးချုပ် အိုလော့ဖ်ပမ်းအထိမ်းအမှတ်ဆု (Olof Palm Prize-2005) ကို ပေးအပ်ချီးမြှင့်ခဲ့လေသည်။ အဆိုပါဆုကို အိုလော့ဖ်ပမ်း အမှတ်တရအဖွဲ့က ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်းဖြစ်ပြီး လွန်ခဲ့သည့်နှစ် ၂၀ ခန့်က လူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးအတွက် တက်ကြွစွာလှုပ်ရှားခဲ့သော ဆွီဒင်ဝန်ကြီးချုပ် အိုလော့ဖ်ပမ်း လုပ်ကြံခံရခြင်းအား အောက်မေ့သတိရနေစေရန် အိုလော့ဖ်ပမ်း မိသားစုများနှင့် ၎င်း၏ဆိုရှယ်ဒီမိုကရက်တစ်ပါတီတို့ ပူးပေါင်း၍ အိုလော့ဖ်ပမ်းအထိမ်းအမှတ်အဖွဲ့အား တည်ထောင်ခဲ့ခြင်းဖြစ်သည်။ အဆိုပါဆုကို အိုလော့ဖ်ပမ်း၏ဇနီး အယ်လစ္စဘတ်ပမ်းကိုယ်တိုင် ချီးမြှင့်ခဲ့ခြင်းဖြစ်သည်။ ယင်းဆုကို ဒေါ်အောင်ဆန်းစုကြည်ကိုယ်စား ဝန်ကြီးချုပ် ဒေါက်တာစိန်ဝင်းမှ လက်ခံရယူပေးခဲ့သည်။ ဆွီဒင်ဝန်ကြီးချုပ်အိုလော့ဖ်ပမ်း လုပ်ကြံသတ်ဖြတ်ခံရပြီး တနှစ်အကြာ ၁၉၈၇ ခုနှစ်မှစ၍ နှစ်စဉ် အိုလော့ဖ်ပမ်းဆုကို ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ၂၀၀၅ ခုနှစ်အတွက် မြန်မာနိုင်ငံတွင် လူ့အခွင့်အရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးနှင့် ဒီမိုကရေစီရေးအတွက် ငြိမ်းချမ်းသည့်နည်းဖြင့် တိုက်ပွဲဝင်နေသည့် ဒေါ်အောင်ဆန်းစုကြည်အား ရည်ရွယ်၍ ပေးအပ်ခဲ့ခြင်း ဖြစ်ပြီး ဂုဏ်ပြုလွှာမှတ်တမ်းနှင့်အတူ ဆုငွေအဖြစ် အမေရိကန်ဒေါ်လာ ငါးသောင်းချီးမြှင့်ခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ကလို မြန်မာနိုင်ငံလူ့အခွင့်အရေးနှင့် ဒီမိုကရေစီရေးတို့အတွက် ပြည်သူလူထုအား ဦးဆောင်တိုက်ပွဲဝင်နေသော ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံအသီးသီးမှ ပါရဂူဘွဲ့များ၊ ဂုဏ်ထူးဆောင်ဆုတံဆိပ်များ ပေးနေသော်လည်း နအဖစစ်အစိုးရသည် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ကိုဖီအာနန်က စစ်အစိုးရခေါင်းဆောင်ဗိုလ်သန်းရွှေအား ချွင်းချက်မရှိ ပြန်လည်လွှတ်ပေးရန် တိုက်ရိုက်မေတ္တာရပ်ခံနေသည့်ကြားမှ နေအိမ်အကျယ်ချုပ်ကို ၂၀၀၆ ခုနှစ်၊ မေလ ၂၇ ရက်နေ့တွင် ထပ်မံတိုးမြှင့်လိုက်လေသည်။ ဤသည်ကို ကြည့်ခြင်းဖြင့် ရက်စက်ကြမ်းကြုတ်ဖောက်ပြန်ကာ အရည်အချင်းမရှိသော နအဖစစ်အစိုးရခေါင်းဆောင် ဗိုလ်သန်းရွှေသည် မိမိအာဏာတည်မြဲမှုလွဲ၍ မည်သည့်ခေါင်းဆောင်၊ မည်သည့်နိုင်ငံ၊ မည်သည့်အဖွဲ့အစည်း၏စကားကိုမျှ လေးစားတန်ဖိုးထား တုန့်ပြန်မည်မဟုတ်ဘဲ အမုန်းတရားကိုသာ ရင်ဝယ်ပိုက်၍ အာဃာတတရားကိုသာ တွန်းအားသဖွယ်ပြုမူနေသည်မှာ သိသာထင်ရှားလှပေသည်။

မဆလပါတီအာဏာရှင်စနစ်အောက်၌ ၂၆ နှစ်လုံးလုံး မျက်စိပိတ်၊ နားပိတ်၊ လက်ပိုက်၊ ခေါင်းညိတ်လုပ်ခဲ့ရသောလူထုသည် ဒေါ်အောင်ဆန်းစုကြည်ကြောင့် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို နားလည်သဘောပေါက်ကာ မြန်မာ့ဒီမိုကရေစီအရေးအတွက် ပြည်သူလူထုနှင့်အတူ ဆင်းရဲဒုက္ခခံ၍ ရဲရဲဝံ့ဝံ့ ဦးဆောင်တိုက်ပွဲဝင်လျက်ရှိနေသော ဒေါ်အောင်ဆန်းစုကြည်လွှတ်မြောက်ရေး၊ ဒေါ်အောင်ဆန်းစုကြည်ချုပ်နှောင်ခံရခြင်းသည် မိမိ၏လွတ်လပ်ပိုင်ခွင့်နှင့် ဒီမိုကရေစီရေးကို ချုပ်နှောင်ထားသည်ဟု မှတ်ယူကာ ပြည်တွင်းပြည်ပ တောင်းဆိုတိုက်ပွဲဝင်လျက်ရှိပေသည်။

မှန်လေသည်။ နိုင်ငံရေးဆိုသည်မှာ လူတိုင်းနှင့်ဆိုင်သည့်ကိစ္စဖြစ်သည်။ နိုင်ငံတစ်နိုင်ငံတိုးတက်ရန်နှင့် တည်တံ့ခိုင်မြဲဖို့ဆိုသည်မှာ အားလုံးညီညီ ညွတ်ညွတ်ကြိုးစားကြမှသာ ဖြစ်နိုင်ပေသည်။ မိမိအဖွဲ့အစည်းအကျိုး၊ မိမိ အသိုင်းအဝိုင်းအကျိုးကိုသာ ကွက်၍လုပ်ကိုင်နေလျှင် စစ်အစိုးရသည် သက်ဆိုးရှည်နေမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ထို့နောက် ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်နေ့တွင် ကမ္ဘာနှင့်မြန်မာပြည်သူလူထုအား လှည့်စားရန်အတွက် နအဖစစ်အစိုးရသည် အလုပ်

www.burmeseclassic.com

www.burmeseclassic.com



သမားဝန်ကြီးချုပ်အောင်ကြည်အား စစ်အစိုးရ၏ ဆက်ဆံရေးဝန်ကြီးခန့်အပ်ကာ ဒေါ်အောင်ဆန်းစုကြည်နှင့်အစိုးရညှိနှိုင်းဟောတွင် ပထမဆုံး တွေ့ဆုံဆွေးနွေးစေခဲ့သည်။

'ဒိုင်ယာလော့' (Dialogue) ဆိုသည်မှာ အကြောင်းအရာတစ်ခု၊ ပြဿနာတရပ်ကို ချစ်ကြည်ငြိမ်းချမ်းစွာ အဖြေရှာနိုင်ရန်အတွက် တဖက်နှင့်တဖက် အတွေးအခေါ်၊ အယူအဆ၊ သဘောထားအမြင်များကို ဖလှယ်ပြီး ဆွေးနွေးသည့်နေရာဖြစ်ပါသည်။ ဒိုင်ယာလော့လုပ်သည့် ရည်ရွယ်ချက်သည် ကွဲလွဲမှု၊ သဘောတူညီမှုမရှိသည့်အချက်များကို ပွင့်ပွင့်လင်းလင်းဆွေးနွေးပြီး အဖြေရှာရန်ဖြစ်သည်။ Webster's New World အင်္ဂလိပ်အဘိဓါန်အရ Dialogue ကို interchange of ideas by open discussion ဟု အနက်ဖွင့်ထားသောကြောင့် မြန်မာဘာသာဖြင့် "အပြန်အလှန်နားလည်မှုနှင့် အဆင်ပြေလိုက်ဖက်ညီမှုများကို ပွင့်ပွင့်လင်းလင်း ရှာဖွေ ဖလှယ်ရန်ဖြစ်သည်" ဟု သုံးနှုန်းထားသည်။

တနည်းဆိုသော် 'ဒိုင်ယာလော့' ဆိုသည်မှာ အောင်မြင်သည့်ဆက်ဆံရေးတည်ဆောက်မှု၏ လမ်းကြောင်းပင်ဖြစ်သည်။ ထို့ပြင် ဒိုင်ယာလော့ဆိုသည်မှာ လူအများတန်ဖိုးထားသည့်အကြောင်းတရားအနက် တခုဖြစ်သည်။ ဒိုင်ယာလော့ဆိုသည်မှာ လူအနည်းငယ်သာ၊ နားလည်နိုင်ပြုလုပ်နိုင်သည့် လျှို့ဝှက်နက်နဲသည့် ကိစ္စတရပ်လည်းမဟုတ်ပေ။ ထို့ပြင် သာမန်စကားဝိုင်းသို့မဟုတ် ဆွေးနွေးပွဲတရပ်လည်းမဟုတ်သကဲ့သို့ စကားရည်လုပွဲ၊ ကျဘန်းစကားပြောပြိုင်ပွဲလည်း မဟုတ်ပေ။ ဒိုင်ယာလော့တွင်ပါဝင်သူတိုင်းသည် သာတူညီမျှဖြစ်ရမည့်အပြင် ခြိမ်းခြောက်မှု၊ အကျပ်ကိုင်မှုကင်းရမည်ဖြစ်သည့် အပြင် လွတ်လပ်ပွင့်လင်းမြင်သာမှုရှိရန်လည်း လိုပေသည်။ ဒိုင်ယာလော့တွင် တဦးတယောက်ကနိုင်သည်၊ ရှုံးသည်ဆိုသည်မှာ မရှိချေ။ ပါဝင်သူအားလုံးရှုံးလည်းရှုံး သို့မဟုတ် နိုင်ရင်လည်းနိုင် ဖြစ်ရပါသည်။ ယနေ့လူထုခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်စစ်အစိုးရနှင့် စကားပြောဆွေးနွေးရန် တောင်းဆိုနေသည်မှာ ဒိုင်ယာလော့ဒ်မှတဆင့် တိုင်းပြည်၌ ကြုံတွေ့ရင်ဆိုင်နေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးပြဿနာအဖုံဖုံကို ငြိမ်းချမ်းသည့်နည်းဖြင့် အဖြေရှာရန် တခုတည်းသာမဟုတ်ပေ။ လက်ရှိ အာဏာဆုပ်ကိုင်ထားသည့် စစ်အာဏာရှင်အပါအဝင် နှစ်ဦးနှစ်ဖက်စလုံးအနိုင်ရစေချင်သည့် အခြေအနေတရပ်

www.burmeseclassic.com

www.burmeseclassic.com



ကို ဖန်တီးချင်၍ဖြစ်သည်။ သို့သော် စစ်အစိုးရခေါင်းဆောင်များသည် အကြီးအကျယ်စိုးရိမ်နေသောကြောင့် ဒိုင်ယာလော့ သို့မဟုတ် တွေ့ဆုံဆွေးနွေးရေးကို မိမိသေတွင်း မိမိတူးရသည့်အလုပ်၊ မိမိလည်ပင်းကြိုးကွင်းစွပ်ရမည့်ကြိုးစင်ဟု သဘောထားကာ သူတို့အတွက် ဆုံးရှုံးမှုတရပ်ဟု ရှုမြင်နေကြပါသည်။ စစ်အာဏာရှင်များသည် လူ့အခွင့်အရေး ချိုးဖောက်မှုများနှင့် ဆက်တိုက်မှားခဲ့သောအမှားများ၊ ကျူးလွန်ခဲ့သောရာဇဝတ်မှုများ၊ လာဘ်စားမှုများ၊ အာဏာအလွဲသုံးစားပြုမှုများအပေါ် အပြစ်ပေးအရေးယူခံရမည်ကို ကြောက်ရွံ့နေကြပေသည်။ ထို့အပြင် စစ်ဗိုလ်ချုပ်များသည် ယင်းတို့၏ အရည်အချင်း၊ လုပ်ငန်းတာဝန်ထမ်းဆောင်မှုများနှင့် နှိုင်းစာလိုက်လျှင် အဆပေါင်း မြောက်များစွာ ပိုမိုရရှိနေသည့် လုပ်ပိုင်ခွင့်အာဏာများ၊ စည်းစိမ်ဥစ္စာများကို ဘိန်းစွဲသလို တပ်မက်စွဲလန်းနေကြပြီး ယင်းတို့ကိုစွန့်လွှတ်ရန်အတွက် အိပ်မက်ထဲမှာပင် မစဉ်းစားနိုင် ဖြစ်နေပေသည်။ ဒီမိုကရေစီနိုင်ငံများ ကာကွယ်ရေးဦးစီးချုပ်ရာထူးသည် အာဏာတန်းစီဇယားတွင် နံပါတ် ၁၀ အပြင်ဘက်တွင်သာရှိသော ရာထူးတခုဖြစ်သည်။ ထို့ကြောင့် မည့်သည့်အခါမှ တိုင်းပြည်အကျိုး "နာစရာရှိလျှင် လွမ်းစရာ နှင့်ဖြေ" ဆိုသလို အတိတ်၏ နာကျည်းမှု၊ မုန်းတီးမှုကို ရှေ့ရှုမည့် တွေ့ဆုံဆွေးနွေးရေးကို ပြုလုပ်မည်မထင်ပေ။ ဟန်ပြ တွေ့ဆုံဆွေးနွေးမှုများကိုသာ ပြုလုပ်မည်ဖြစ်ပါသည်။

ထို့ကြောင့် ပြဿနာများကို အတူတကွအဖြေရှာရန်နှင့် မတူကွဲပြားမှုများကို သဟဇာတဖြစ်စေရန်အတွက် ဒိုင်ယာလော့ဒ်ကို လူတိုင်း အပြန်အလှန် လေးစားတန်ဖိုးထားရမည် ဖြစ်ပေသည်။

တဖက်နှင့်တဖက် အပြန်အလှန်လေးစားနားလည်မှု၊ ယုံကြည်မှုရှိမှလည်း အပေးအယူ လုပ်၍ရပေမည်။ တဦးနှင့်တဦး သံသယများကို ချေဖျက်၍ အနာဂတ်ကို ရှေးရှုဦးတည်ကာ ပွင့်လင်းရိုးသားစွာ အဖြေရှာချင်သည့်စိတ်ကောင်း၊ စေတနာကောင်းရှိကြောင်းကိုလည်း ပြသရပေမည်။ အရေးကြီးဆုံးအချက်သည် လက်ရှိနိုင်ငံရေးပြဿနာများကို စုပေါင်းဆွေးနွေး အဖြေရှာ၍ ဒိုင်ယာလော့ဒ်ပါဝင်သူများအားလုံး အနိုင်ရနိုင်မည့်အခြေအနေ (Win Win Situation) ကို ဖန်တီးနိုင်သည်ကို လက်ခံရန်ပင် ဖြစ်ပေသည်။

ထို့ကြောင့်လည်း ဒေါ်အောင်ဆန်းစုကြည်က ဒိုင်ယာလော့နှင့် ပတ်သက်

www.burmeseclassic.com

www.burmeseclassic.com



၍ "ကျမတို့ကတော့ တိုင်းပြည်အတွက်အကျိုးပြုစေမယ့်ရလဒ်တခုလို့ပဲ မျှော်လင့်ထားပါတယ်။ ဘာပဲပြောပြော၊ ဘာပဲလုပ်လုပ် ကျမတို့ရဲ့ရည်ရွယ်ချက်က နိုင်ငံနှင့် အကျိုးအတွက် အကျိုးရှိဖို့ကိုပဲ မျှော်လင့်ပါတယ်" ဟု ပြောကြားခဲ့ဖူးသည်။

ဒေါ်အောင်ဆန်းစုကြည်နှင့် ဆက်ဆံရေးဝန်ကြီး ဦးအောင်ကြည်တို့ တွေ့ဆုံခဲ့မှုများမှာ အောက်ပါအတိုင်းဖြစ်သည်။

(၁) ၂၀၀၇ ခုနှစ်၊ အောက်တိုဘာလ ၂၅ ရက်
(၂) ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၉ ရက်
(၃) ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်
(၄) ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၁၁ ရက်
(၅) ၂၀၀၈ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်
(၆) ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ၃ ရက်
(၇) ၂၀၀၉ ခုနှစ်၊ အောက်တိုဘာလ ၇ ရက်
(၈) ၂၀၀၉ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်
(၉) ၂၀၁၀ ခုနှစ်၊ ဇန်နဝါရီလ ၁၅ ရက်
(၁၀) ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၂၅ ရက်

ထို့နောက် ၂၀၀၇ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်သည် (၃) နှစ်အတွင်း ပထမဆုံး သူမ၏ပါတီ ဗဟိုအလုပ်အမှုဆောင်အဖွဲ့နှင့် တွေ့ဆုံခွင့်ရရှိခဲ့ပေသည်။

## အမှန်တရားစိတ်ဓါတ် နှိုးဆော်သူဆု

၂၀၀၉ ခုနှစ်၊ ဇန်နဝါရီလ ၁၉ ရက်နေ့တွင် မြန်မာလူထုကို ဦးဆောင်၍ စစ်အာဏာရှင်အစိုးရပြုတ်ကျရေးကို တိုက်ပွဲဝင်နေသော ဒေါ်အောင်ဆန်းစုကြည်အား လူ့အခွင့်အရေးခေါင်းဆောင် မာတင်လူသာကင်း၏ သမီးများနှင့် မိတ်ဆွေများ ပူးပေါင်းဖွဲ့စည်းထားသည့် အမေရိကန်ပြည်ထောင်စုရှိ Realizing the Dream အဖွဲ့က 'အမှန်တရားစိတ်ဓါတ်နှိုးဆော်သူဆု' (Trumpet of Conscience Award) ကို ချီးမြှင့်ခဲ့လေသည်။

အမှန်တရားစိတ်ဓါတ်နှိုးဆော်သူဆုဆိုသည်မှာ ကွယ်လွန်သူ လူမည်း

www.burmeseclassic.com

www.burmeseclassic.com



ခေါင်းဆောင် ဒေါက်တာမာတင်လူသာကင်း၏ ၁၉၆၇ ခုနှစ်၊ နိုဝင်ဘာလနှင့် ဒီဇင်ဘာလတွင်ဟောပြောခဲ့သည့် နာမည်ကျော် လူ့အခွင့်အရေးဆိုင်ရာ မိန့်ခွန်းပေါင်းချုပ်ကို ခေါ်ဆိုသည့်အမည့်ဖြစ်သည်။ ၁၉၈၆ ခုနှစ်တွင် ဒေါက်တာမာတင်လူသာကင်းလုပ်ကြံခံရပြီးနောက်ပိုင်း သူ၏မိန့်ခွန်းပေါင်းချုပ်ကို ' အမှန်တရားစိတ်ဓါတ်နိုးဆော်သူ' Trumpet of Conscience အမည်ဖြင့် စာအုပ်ထုတ်ဝေနိုင်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ အမေရိကန်ဆီးနိတ် လွှတ်တော်အမတ်တက်ကနေဒီ (Ted Kennedy)၊ အောက်လွှတ်တော်အမတ်ဂျွန်းလူးဝစ် (John Lewis) နှင့် ဘုန်းတော်ကြီး ကလောဒီဘလက် (Claude Black) တို့ကိုလည်း ယုံကြည်ချက်အတွက် အိပ်မက်များကို အကောင်အထည်ဖော်သူများဆု (Realizing the Dream) ကိုချီးမြှင့်ခဲ့သည်။

## ယုံကြည်ချက်သံတမန်ဆု

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၀၉ ခုနှစ်အတွက် ယုံကြည်ချက်သံတမန် (Ambassador of Conscience) ဆုကို ပေးအပ်ချီးမြှင့်လိုက်ကြောင်း၊ ၂၀၀၉ ခုနှစ်၊ ဇူလိုင်လ ၂၇ ရက်နေ့တွင် နိုင်ငံတကာ လွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ (AI) က ထုတ်ပြန်ကြေညာခဲ့သည်။

လူတဦးတယောက်၏ ထူးချွန်သည့်ခေါင်းဆောင်အရည်အသွေးနှင့် အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရာတွင် ကမ္ဘာပေါ်ရှိ လူအများ၏ စိတ်ဓါတ်ကို တက်ကြွစေသည့်စွမ်းဆောင်ချက်များကြောင့် အဆိုပါဆုကို ပေးအပ်ခြင်းဖြစ်သည်ဟု ဆိုသည်။

ယင်းဆုကို အိုင်ယာလန်နိုင်ငံဒပ်ဘလင်မြို့တွင် AI အဖွဲ့က ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီး ၂၀၀၈ ခုနှစ်က အိုင်ယာလန်နိုင်ငံရှိ U 2 တေးဂီတအဖွဲ့ကိုလည်း ပေးအပ်ချီးမြှင့်ခဲ့ဖူးသည်။

ဆုပေးပွဲအခမ်းအနား၌ AI အဖွဲ့၏ အထွေထွေအတွင်းရေးမှူး Irene Khan က "ရှည်လျားခက်ခဲတဲ့လူ့အခွင့်အရေးတိုက်ပွဲတွေမှာ မြန်မာနိုင်ငံက လူများအတွက်သာမက ကမ္ဘာတဝှမ်းလုံးက လူများအတွက်ပါ ဒေါ်အောင်ဆန်းစုကြည်ဟာ မျှော်လင့်ချက်နဲ့ သတ္တိရဲ့သင်္ကေတ အမှတ်အသားတခုပါ" ဟူ၍

www.burmeseclassic.com

www.burmeseclassic.com



ပြောကြားသွားသည်။

## စစ်အစိုးရကို အရေးယူရန် နိုဘယ်ဆုရှင်များ လုံခြုံရေးကောင်စီသို့ စာပို့

ဒေါ်အောင်ဆန်းစုကြည်အား ယုံကြည်ချက်သံတမန်ဆုပေးအပ်ပြီး မကြာမီမှာပင် ၂၀၀၉ ခုနှစ်၊ သြဂုတ်လ ၁၁ ရက်နေ့တွင် ဗုဒ္ဓဘာသာ ဘုန်းတော်ကြီး ဒလိုင်းလားမာနှင့် ခရစ်ယာန်ဘုန်းတော်ကြီး ဒက်စမွန်တူတူး၊ ဂျိုးဒီဝီလျံ၊ မီခေးလ်ဂေါ်ဘာချော့၊ ကင်ဒေးဂျုံတို့ပါဝင် သည့် နိုဘယ်ဆုရှင် (၁၄) ဦးက ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ မြန်မာစစ်အစိုးရ၏ စစ်ရာဇဝတ်မှုများ၊ လူသားအဖြစ်ကို ဆန့်ကျင်သည့်ရာဇဝတ်မှုများကို စုံစမ်းစစ်ဆေးပြီး ပြင်းပြင်းထန်ထန်အရေးယူရန်အတွက် အိတ်ဖွင့်ပေးစာတစောင် ပေးပို့ခဲ့သည်။

နိုဘယ်ဆုရှင် ဂျိုးဒီဝီလျံက ဒေါ်အောင်ဆန်းစုကြည်အပေါ် မတရားချမှတ်ထားသောပြစ်ဒဏ်များသည် မြန်မာပြည်သူများ၏ တရားမျှတရေး၊ လုံခြုံရေးနှင့် ဒီမိုကရေစီကို မထီမဲ့မြင် ပြုလိုက်တာပဲဖြစ်ကြောင်း၊ စစ်အစိုးရ၏ ရက်စက်ကြမ်းကြုတ်မှုများ၊ ဥပဒေမဲ့ထင်သလိုပြုမူနေမှုများကို လျစ်လျူရှုနေ၍ မဖြစ်တော့ကြောင်း၊ မြန်မာပြည်သူများအပေါ် ကျူးလွန်နေသည့်ရာဇဝတ်မှုများကို ကိုင်တွယ်ရန် လုံခြုံရေးကောင်စီ၌ တာဝန်ရှိကြောင်း၊ ကိုင်တွယ်ရမည့်အချိန်သည် ယခုအခါကျနောက်ကျပြီးဖြစ်ကြောင်း ပြောကြားသွားသည်။


ထိုနည်းတူစွာ ဒေါ်အောင်ဆန်းစုကြည်အား စီရင်ချက်ချခဲ့သည့် တရားသူကြီး ၂ ဦးနှင့် တရားလိုရှေ့နေတို့အား ၂၀၀၉ ခုနှစ်၊ သြဂုတ် ၁၄ ရက်နေ့တွင် ဥရောပသမဂ္ဂက အရေးယူ၊ ဒဏ်ခတ်လိုက်သည့်အတွက် စစ်အာဏာရှင်ဘက်တော်သား (Black List) ဝင်သွားပေသည်။ ၎င်းတို့မှာ ရန်ကုန်မြောက်ပိုင်းခရိုင်တရားရုံး၏ ရုံးထိုင်တရားသူကြီးများဖြစ်ကြသော ဦးသောင်းညွန့်၊ ဦးညီညီစိုး၊ ခရိုင်ဥပဒေအရာရှိ ဦးမြင့်ကြိုင်တို့ဖြစ်ကြသည်။

တရာသူကြီးနှစ်ဦးသည် ဒေါ်အောင်ဆန်းစုကြည်အပြင် မစုစန္ဒေးကိုလည်းကောင်း၊ ၈၈ ကျောင်းသားခေါင်းဆောင်များကိုလည်းကောင်း ထောင်ဒဏ် အများအပြားချမှတ်ခဲ့သူများဖြစ်သည်။ ခရိုင်ဥပဒေအရာရှိ (အစိုးရရှေ့နေ သို့မဟုတ် ဆွဲချ) ဦးမြင့်ကြိုင်သည် နိုင်ငံရေးသမားများနှင့် ယုံကြည်ချက်

www.burmeseclassic.com

www.burmeseclassic.com






Freedom from fear

**စာအုပ်မျက်နှာဖုံး**

ကြောင့် ဒီမိုကရေစီရေးလှုပ်ရှားသူများကို အင်းစိန်ထောင်တရားရုံးအတွင်း တရားစီရင်ရာတွင် အစိုးရဘက်မှ လိုက်ပါဆောင်ရွက်ခဲ့သူဖြစ်သည်။ တရားရေးဝန်ထမ်း၃ ဦး အပါအဝင် လက်ရှိတာဝန်ထမ်းဆောင်နေသည့် စစ်အစိုးရထိပ်ပိုင်းနှင့် ဌာနဆိုင်ရာအဆင့်ခေါင်းဆောင်များ၊ ၎င်းတို့၏ အိမ်ထောင်ဘက်များ၊ သားသမီးများ၊ ၎င်းတို့နှင့်နီးစပ်သည့်လုပ်ငန်းရှင်များသည် ဥရောပသမဂ္ဂက စစ်အစိုးရအပေါ် ချမှတ်ထားသည့် တားဆီးမှုများအရ ဥရောပ (၂၇) နိုင်ငံသို့ ဝင်ရောက်ခွင့်ရမည်မဟုတ်ပေ။ ထိုစာရင်းတွင် တရားရေးဌာနမှ ၁၅ ဦး ပါဝင်ပြီး ထိပ်ဆုံးပုဂ္ဂိုလ်မှာ တရားသူကြီးချုပ်ဦးအောင်တိုးဖြစ်သည်။

ဒဏ်ခတ်ပိတ်ဆို့ခံရသူ ၅၀၀ ကျော်စာရင်း၏ ထိပ်ဆုံးပုဂ္ဂိုလ်များတွင် စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ၎င်း၏ဇနီးဒေါ်ကြိုင်ကြိုင်၊ သားသမီး၊ မြေးတို့၏အမည်များကို တွေ့ရသည်။

★★★


www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၈)
# ဒေါ်အောင်ဆန်းစုကြည်၏ စာပေလက်ရာများ

လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် စာရေးဝါသနာပါသူ တဦးဖြစ်သည့်အလျောက် သူရေးခဲ့သည့် စာပေလက်ရာများရှိပါသည်။ သူ၏ စာပေလက်ရာများကို ဖတ်ရှုပါက သူမ၏ စာပေရေးသားဟန်နှင့် အတွေးအခေါ်များကို သိရှိရမည့်အပြင် စာပေဗဟုသုတ လိုက်စားကြသော တိုင်းရင်းသားပြည်သူလူထုအတွက်လည်း အကျိုးရှိပေသည်။ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာ၊ အင်္ဂလိပ်နှစ်ဘာသာစလုံးတွင် အရေးရော အပြောပါ ကျွမ်းကျင် နိုင်နင်းသည်။ စာရေးစာဖတ်လည်း အတော်ဝါသနာကြီးပုံရပါသည်။ စာဖတ်ဝါသနာကြီးရုံသာမက စာအုပ်အတော်များများကိုလည်း ဝယ်ယူစုဆောင်းတတ်သည်ဟု ကြားသိရပါသည်။

ဒေါ်အောင်ဆန်းစုကြည်၏နိုင်ငံရေးစာပေများသည် ရသသဘော သက်ဝင်သော စာပေလက်ရာများဖြစ်သည်။ ထို့ကြောင့်လည်း သူ့စာပေများက




Letters from Burma

**စာအုပ်မျက်နှာဖုံး**

www.burmeseclassic.com

www.burmeseclassic.com



စာဖတ်သူများ၏ နှလုံးအိမ်ကို ဆွဲယူသိမ်းပိုက်နိုင်သည်ဟု ဆိုနိုင်ပေသည်။ ယင်းမှာ ဘာသာစကားပိုင်နိုင်မှုကြောင့်ဖြစ်သည်။ အချို့ပုဂ္ဂိုလ်များသည် မြန်မာစကားပြောရာ၌ အင်္ဂလိပ်စကားများ ညှပ်သုံးနှုန်းလေ့ရှိသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အင်္ဂလိပ်စကားကို ကျွမ်းကျင်စွာပြောတတ်သော်လည်း မြန်မာလိုပြောသောအခါ မည်သည့်အခါမှ အင်္ဂလိပ်စကားကို ရောနှော သုံးလေ့မရှိချေ။

ထို့ပြင် သူ၏ အခြားအရည်အချင်းတခုမှာ ရိုးသားခြင်းပင်ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် သူ မသိသည့်အကြောင်းအရာတခုကို မည်သည့်အခါမှ သိသလို၊ တတ်သလို ဖြီးဖြန်းလေ့မရှိချေ။ မသိဘူးဟုပင် ပွင့်ပွင့်လင်းလင်းပြောလေ့ရှိသည်ဟု ဆိုသည်။ သူ့အား မေးမြန်းခဲ့ သည့်အကြောင်းအရာနှင့်ပတ်သက်၍ အလွတ်မရပါက ကျမ မှတ်တမ်းမှတ်ရာပြန်ကြည့်ပြီးမှ ဖြေပါရစေဟု ရိုးသားစွာ ဝန်ခံလေ့ရှိသည်။ ပြောသည့်အတိုင်းလည်း အချက်အလက်များကို အသေးစိတ်လေ့လာပြီးမှ ပြန်လည်ဖြေကြားသည်။ သူသည် ပြောသည့်အတိုင်းလုပ်ပြီး လုပ်သည့်အတိုင်းလည်း ပြောလေ့ရှိသူဖြစ်သည်။

ဒေါ်အောင်ဆန်းစုကြည်၏ နိုင်ငံရေးစာပေများသည် သူ၏ယုံကြည်ချက်၊ ခံယူချက်၊ မြန်မာပြည်သူများ၏ လိုလားချက်နှင့် ခေတ်စနစ်၏ ပုံရိပ်များကို ထင်ဟပ်နေပေသည်။ နိုင်ငံရေးအယူအဆနှင့်ဖြစ်စေ၊ အတွေးအမြင် အယူအဆနှင့် ပတ်သက်သည်ဖြစ်စေ သူ၏လေ့လာအားထုတ်မှု မည်သည့် အတိုင်းအတာရှိသည်ကို သူ၏အရေးအသားကို လေ့လာပါက တွေ့မြင်ရပေမည်။

ဒေါ်အောင်ဆန်းစုကြည်ရေး သားခဲ့သည့်စာပေများအနက် Freedom from Fear (ကြောက်ရွံ့မှုမှ လွတ်ကင်းရေး) ၁၉၉၁ ခုနှစ်က La Haule Books စာအုပ်တိုက်မှ ပထမအကြိမ် ထုတ်ဝေ၍ ပင်ဂွင်းစာအုပ်တိုက်က ဒုတိယ အကြိမ် ထုတ်ဝေဖြန့်ချိခဲ့သည်။ အဆိုပါစာအုပ်၌ ၁၉၈၄ ခုနှစ်မှ ၁၉၉၁ ခုနှစ်အတွင်း ဒေါ်အောင်ဆန်းစုကြည်ရေးသားခဲ့သောစာတမ်းများနှင့် အထွေထွေမိန့်ခွန်းများကို စုစည်းဖော်ပြထားရာ အပိုင်း (က)၌ ကျမဖခင်၊ ကျမ တိုင်းပြည်နှင့် ပြည်သူ၊ မြန်မာနှင့် အိန္ဒိယပညာတတ်များအကြောင်း၊ မြန်မာပြည်၏ စာပေနှင့် အမျိုးသားရေးအကြောင်း၊ အပိုင်း (ခ) ၌ ဒီမိုကရေစီ ရှာပုံတော်၊ ကြောက်ရွံ့ခြင်းမှလွတ်ကင်းရေး၊ 'ဗိုလ်'၏ အဓိပ္ပါယ်အစစ်အမှန်၊ ရွှေတိဂုံ

www.burmeseclassic.com

www.burmeseclassic.com



စေတီတော်အနောက်ဖက်မုခ် လူထုစည်းဝေးပွဲမိန့်ခွန်း ရည်မှန်းချက်များ၊ တော်လှန်ရေး၏ အလယ်ဗဟိုတွင်၊ လူ့အခွင့်အရေးအဖွဲ့သို့ပေးစာနှစ်စောင်၊ ဒီမိုကရေစီနှင့် ပြည်သူများ၏ အခန်းကဏ္ဍ၊ ကုလသမဂ္ဂလူ့အခွင့်အရေးအဖွဲ့သို့ အိတ်ဖွင့်ပေးစာ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ ပြည်သူလူထုက လွတ်မြောက်ရေးကိုလိုချင်သည်၊ ရွေးကောက်ပွဲအတွက် သဘောတူညီချက်၊ ၁၉၉၁ ငြိမ်းချမ်းရေးနိုဘယ်ဆု၊ နိုဘယ်ဆုရှင်ကိုယ်စားပြောသောမိန့်ခွန်း၊ စစ်မှန်သော လုံခြုံရာသို့၊ တွေ့ဆုံဆွေးနွေးရေး၊ အပိုင်း (ဂ) ၌ ဒေါ်သန်းအေးရေးသားသော 'စု' နှင့် မိတ်ဆက်ခြင်း၊ အန်းပါစတာနက်စလာတာ (Ann Pasternak Silverstein) ၏ ဗမာပြည်မှစု၊ ဂျိုးဇက်ဆီဗားစတိန်း (Josef Silverstein) ၏ အောင်ဆန်းစုကြည် သို့မဟုတ် ကြမ္မာဆိုး ကြုံတွေ့နေသော မြန်မာအမျိုးသမီးတဦး၊ အောင်ဆန်းစုကြည်နှင့် မြန်မာ့လူ့အခွင့်အရေးကို ငြိမ်းချမ်းစွာ တိုက်ပွဲဝင်နေသူ၊ အမျိုးသားရင်ကြားစေ့ရေး စသည်တို့ပါဝင်သည်။

အဆိုပါစာအုပ်ကို ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်များဖြစ်ကြသော ဗားကလစ်ဟာဗဲလ်နှင့် ဘုန်းတော်ကြီး ဒက်စမွန်တူတူးတို့က အမှာစာ ရေးပေးထားသည်။ စာအုပ်မှာ ၁၀ ချိုးဆိုဒ်ရှိ၍ စာမျက်နှာ ၃၇၄ ရှိသည်။ ရောင်းဈေးမှာ စတာလင်ပေါင် ၉ ဒသမ ၉၉ (အမေရိကန်ဒေါ်လာ ၁၄ ဒသမ ၉၅) သတ်မှတ်ထားသည်။ ဒေါက်တာအောင်ခင် (လန်ဒန်)၏

'ကြောက်ရွံ့ခြင်းမှလွတ်ကင်းရေး' မြန်မာပြန်စာအုပ်တွင် ဒေါ်အောင်ဆန်းစုကြည်က အောက်ပါအတိုင်း အမှာစာရေးပေးထားသည်။

"စာရေးခြင်း၊ မိန့်ခွန်းပြောကြားခြင်း၊ စကားပြောခြင်းစသော လုပ်ရပ်များ၏ အဓိက ရည်ရွယ်ချက်တခုကား လူအချင်းချင်းနားလည်မှု တိုးပွားစေရန်ဖြစ်သည်ဟု ကျမယူဆပါသည်။မြန်မာ့လူမှုရေး၊ နိုင်ငံရေးနှင့် ဒီမိုကရေစီအရေးတို့ကို ကမ္ဘာကပိုမို၍ သိရှိနားလည်စေရန် ရည်ရွယ်၍ ဤစာအုပ်ပါ ဆောင်းပါးများကို ရေးသားခဲ့ခြင်းဖြစ်ပါသည်။

နိုင်ငံတနိုင်ငံကို အမှန်တကယ်အကျိုးပြုနိုင်မည့်စီးပွားရေး၊ နိုင်ငံရေး၊ လုပ်ငန်းစဉ်များ အကောင်အထည်ဖော်နိုင်ရန် ပြည်သူပြည်သားအပေါင်းတွင် ပွင့်လင်းပြတ်သားစွာ သုံးသပ်ဝေဖန်ပိုင်ခွင့်နှင့် အသိအမြင်၊ အတွေးအခေါ်များကို လွတ်လပ်စွာ ဆွေးနွေးဖလှယ်ပိုင်ခွင့်များရှိရမည်ဟုလည်း ကျမယုံကြည်ပါ


www.burmeseclassic.com

www.burmeseclassic.com



သည်။ ၁၉၈၈–၈၉ ခုနှစ်များအတွင်း ကျမပြောကြားခဲ့သော မိန့်ခွန်းများနှင့် သတင်း စာရှင်းလင်းပွဲများ၏ဦးတည်ချက်သည် ဒီမိုကရေစီသဘောတရားများ နှင့် ဒီမိုကရေစီနစ်ကိုတည်ဆောက်လိုသူတို့၏ အတွေးအခေါ် အမြင်တို့ကို အများပြည်သူ ဝေဖန်သုံးသပ်နိုင်ရေးပင်ဖြစ်ပါသည်။

ဆောင်းပါးများ၊ မိန့်ခွန်းများ၊ သတင်းစာရှင်းလင်းပွဲများကို စုပေါင်း၍ စာအုပ်ထုတ်ဝေလိုက်ခြင်းဖြင့် မြန်မာ့နိုင်ငံရေးနှင့် ဒီမိုကရေစီရေးများကို နားလည်သုံးသပ်လိုသူများအတွက် အထောက်အကူဖြစ်နိုင်မည်ဟု မျှော်လင့်ပါသည်။”




ယင်းနောက် Letters from Burma (မြန်မာပြည်မှ ပေးစာများ) ဟု ခေါင်းစဉ်တပ်ထားသည့် စာအုပ်သည် ၁၉၉၅ ခုနှစ်၊ နိုဝင်ဘာလမှ ၁၉၉၆ ခုနှစ် ဒီဇင်ဘာလအထိ ဂျပန်နိုင်ငံထုတ် Mainichi သတင်းစာ၌ ဖော်ပြခဲ့သည့် ဆောင်းပါး ၅၂ ပုဒ်ကို စုစည်းထားသည့်စာအုပ်ဖြစ်သည်။ အဆိုပါစာအုပ်ကို ၁၉၉၅ ခုနှစ်တွင် စတင်ထုတ်ဝေခဲ့ပြီး ၁၉၉၆ ခုနှစ်အတွက် ‘ဂျပန်သတင်းစာအသင်း၏ စာပေဆု (Japanese Newspaper Association’s Award) ကို ရရှိခဲ့သည်။ ယင်းစာအုပ်၌ Fergal Keane (O. B. E) က မိတ်ဆက်အမှာစာရေးသားပေးထားပြီး၊ မြန်မာပန်းချီကျော် ဟိန်းထက်က ခဲဖြင့် သရုပ်ဖော်ပုံများ ရေးဆွဲပေးခဲ့သည်။ စာအုပ်တန်ဖိုးမှာ စတာလင်ပေါင် ၈.၉၉ (အမေရိကန် ၁၆ ဒေါ်လာ) ဖြစ်သည်။

စာအုပ်၌ မြန်မာပြည်၏ လူမှုဘဝများ၊ ပွဲလမ်းသဘင်နှင့်ဆက်စပ်နေသော ဓလေ့ထုံးတမ်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဖြတ်သန်းခဲ့ရသည့် အခြေအနေ၊ စည်းရုံးရေးခရီးစဉ်အတွင်း ဟန့်တားနှောင့်ယှက်ခံရမှု၊ နေအိမ်အကျယ်ချုပ်၊ စစ်အစိုးရ၏ဥပဒေမဲ့လုပ်ရပ်များ၊ နိုင်ငံရေးအကျဉ်းသားများ စသည့် အကြောင်းအရာများကို ထည့်သွင်းရေးသားထားလေသည်။ သို့

www.burmeseclassic.com

www.burmeseclassic.com



သော် အကြောင်းအရာများမှာ မည်သူ့ကိုမှ အပြစ်ဖို့ရေးသားထားခြင်း မဟုတ်ဘဲ အကောင်းမြင်စိတ်ထားဖြင့် ဝေဖန်ထောက်ပြထားသည်ကို တွေ့ရပေသည်။

သာဓကအားဖြင့် "အကျဉ်းထောင်ထဲ၌ သေဆုံးခဲ့ရသည့် နိုင်ငံရေး အကျဉ်းသားများအကြောင်း ရေးသားရာ၌ပင် သူ့ကြောင့် မည်သူမည်ဝါ သေဆုံးရသည်ဟု စွပ်စွဲရေးသားထားခြင်းမျိုးမဟုတ်ဘဲ အကျဉ်းထောင်ထဲ၌ သေဆုံးခဲ့ရသည့် အကျဉ်းသားအရေအတွက်ကို အတိအကျ ရရှိဖို့ရန် မလွယ်ကူပါ။ သို့သော် အဆိုပါအရေအတွက်သည် မနည်းလှသလို အချိန်နှင့်အမျှ တိုးနေပါသည်။ လွတ်လပ်မှုအတွက် ပေးဆပ်ရသည့်အဖိုးအခသည် နည်းပါးသည်ဟု ဘယ်သောအခါမှ မရှိခဲ့ချေ။ မြန်မာပြည်၌ အထူးပင် မြင့်မားလှပေသည်" ဟု ရေးသားထားလေသည်။

ဒေါ်အောင်ဆန်းစုကြည်၏ အခြားထင်ရှားသောစာအုပ်မှာ The Random House Group Limited မှ ၁၉၉၇ ခုနှစ်က ထုတ်သော The Voice of Hope (မျှော်လင့်ချက်အသံ) စာအုပ်ဖြစ်ပြီး အမေရိကန်စာရေးဆရာ အလန်ကလီးမင့်စ် (Alan Clement) နှင့် တွေ့ဆုံပြောဆိုချက်များကို စုစည်းဖော်ပြထားသည့် စာအုပ်ဖြစ်သည်။ အခန်း (၁၃)ပါဝင်၍ စာမျက်နှာ ၃၃၆ ရှိသည်။ အဆိုပါ စာအုပ်ကို မြန်မာပြန်ဆိုထားခြင်း မရှိသေးချေ။

ထို့ပြင် ကမ္ဘာ့စာနယ်ဇင်းအသီးသီး၌ ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်းပါးများကိုလည်း မြောက်များစွာ တွေ့ရှိရပေသည်။ ယင်းတို့အနက် အမေရိကန်ပြည်ထောင်စုမှ ထုတ်ဝေသော Parade သတင်းစုံမဂ္ဂဇင်း၌ ဒေါ်အောင်ဆန်းစုကြည်၏ "လွတ်လပ်မှုကိုပဲ ကျမတို့လိုချင်တယ်" (All We want is our Freedom) ဆောင်းပါးသည် ထင်ရှားပေသည်။ အဆိုပါဆောင်းပါး၌ မြန်မာပြည်သူများ မည်မျှအထိ လွတ်လပ်မှုကို လိုလားကြသည်ကို ရေးသားထားလေသည်။


ဒေါ်အောင်ဆန်းစုကြည်အကြောင်းကို ပြည်ပနိုင်ငံများမှ စာရေးဆရာများ ဘာသာပေါင်းစုံဖြင့် ရေးသားခဲ့ကြသည့်စာအုပ်များမှာလည်း မနည်းလှပေ။ အဆိုပါစာအုပ်များအနက် ၁၉၉၈ ခုနှစ်က 'ဘာဘရာဗစ်တာ' (Barbara Victor) ရေးသားခဲ့သည့် The Lady (ဂုဏ်သရေရှိအမျိုးသမီးကြီး) စာအုပ်နှင့် ၂၀၀၇ ခုနှစ်က ထုတ်ဝေသော ဂျပ်စတင်ဝင်တယ် Justin Wintle ၏ Perfect Hostage : A Life of Aung San Suu Kyi (ဓါးစာခံအစစ်) စာအုပ်နှစ်အုပ်သည်

www.burmeseclassic.com

www.burmeseclassic.com



ထင်ရှားပေသည်။




**IF**

If you can keep your head when all about you
Are losing theirs and blaming it on you.
If you can trust yourself when oll men doubt you,
But make allowance for their doubting too;
If you can wait and not be tired by waiting,
Or being lied about, don't deal in lies.

www.burmeseclassic.com

www.burmeseclassic.com



Or being heard, don't give way to hating,
And yet don't look too good, nor walk too wise:
If you can dream- and make dreams your master;
If you can think - and not make thoughts your aim;
If you can meet with Triumph and Disaster
And treat those two impostors just the same;
If you can bear to hear the truth you've spoken
Twisted by knaves to make a trap for fools,
Or watch the things you gave your life to, broken,
And stoop and build'em up with worn-our tools;
If you can make one heap of all your winnings
And risk it on one trun of pitch-and-toss,
And loose, and start again at your beginnings
And never breathe a word about your loss;
If you can force your heart and never and sinew
To serre your turn long ofter they are gone,
And so hold on when there is nothing in you
Except the will which says to them: "Hold on !"
If you can talk with crowds and keep your virtue,
Or walk with Kings-nor lose the common touch,
If neither foes nor loving friends can hurt you,
If all men count with you, but none too much;
If you can fill the unforgiving minute
With sixty seconds' worth of distance run,
Yours is the Earth and everything that's in it,
And-which is more-you'll be a Man, my son!

**Rudyard Kipling**

www.burmeseclassic.com

www.burmeseclassic.com



# အကယ်၍

အကယ်၍
မင်းအသိုင်းအဝိုင်းက တုန်လှုပ်ခြောက်ခြားပြီး
ဒါတွေဟာ မင်းကြောင့်လို့ ဝိုင်းဝန်းအပြစ်တင်ကြတဲ့အခါ
မင်းဟာ ခေါင်းအေးအေးနဲ့ ရင်ဆိုင်နိုင်မယ်ဆိုရင်။

အကယ်၍
အားလုံးက မင်းကိုမယုံသင်္ကာဖြစ်လာတဲ့အခါ
သူတို့ကိုနားလည်စွာ ခွင့်လွှတ်ရင်းနဲ့
မင်းကိုမင်း ယုံကြည်မှုအပြည့်ရှိမယ်ဆိုရင် ။

အကယ်၍
စောင့်သင့်တဲ့အချိန်ကို စောင့်နိုင်ပြီး
အဲ့ဒီအတွက်လည်း မမောမပန်းနေနိုင်မယ်ဆိုရင်။

ဒါမှမဟုတ်
မင်းရဲ့အကြောင်း မဟုတ်တရား မုသားစကားကြားရတဲ့အခါ
မင်းကလည်း အလိမ်အညာတွေနဲ့ မတုန့်ပြန်ဘူးဆိုရင်။

ဒါမှမဟုတ်
မင်းကိုလူတကာက ဝိုင်းဝန်းမုန်းတီးတဲ့အခါ
မင်းကလည်း အမုန်းတွေ ပြန်မပွားဘူးဆိုရင်။

အကယ်၍
စိတ်ကူးယဉ် အိပ်မက်တွေဟာ
မင်းအပေါ်မှာ မလွှမ်းမိုးစေဘဲ စိတ်ကူးနိုင်မယ်ဆိုရင်။

www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့
အတွေးအခေါ် စိတ်ကူးတွေဟာ
မျှော်မှန်းချက်သက်သက်သာ မဖြစ်စေဘဲ တွေးခေါ်နိုင်မယ်ဆိုရင်။

အကယ်၍
အောင်မြင်မှုသုခနဲ့ ဆုံးရှုံးမှုဒုက္ခတွေကို ကြုံတွေ့ရတဲ့အခါ
တူညီသော လောကဓံတရားတွေပါလားရယ်လို့
ခံယူထားနိုင်မယ်ဆိုရင်။

အကယ်၍
မင်းရဲ့အမှန်စကားတွေကို
လူလိမ်လူညစ်တွေက လှည့်စားပြောင်းလဲပြီး
မုသားအဖြစ် ထောင်ချောက်ဆင် ညစ်တဲ့အခါ
မင်းဟာ တည်ငြိမ်စွာနဲ့ နာကြားနိုင်မယ်ဆိုရင်။

အကယ်၍
မင်းဘဝတခုလုံးပေးပြီး
အရိပ်တကြည့်ကြည့်နဲ့ ဖြည့်ဆည်းခဲ့ရတဲ့ အရာရာကို
ဖျက်ဆီးခံလိုက်ရပြီးတဲ့နောက်မှာ
အင်မတန်မှ သေးငယ်တဲ့ တန်ဆာပလာ အရာရာနဲ့
ပြန်လည်တည်ဆောက်နိုင်မယ်ဆိုရင် ။

အကယ်၍
မင်းနိုင်ခဲ့သမျှတွေအားလုံးဟာ
ကြွေတလှည့် ကြက်တခုန်ပမာ
တလှည့်တခါတည်းနဲ့ ဆုံးရှုံးသွားခဲ့ရင်။

ပြီးတော့

www.burmeseclassic.com

www.burmeseclassic.com



အစကနေ ပြန်စနိုင်မယ်ဆိုရင်။

ပြီးတော့ တခါ
ဆိုးလှတဲ့ကံကြမ္မာကိုရယ်လို့
ဘယ်သောအခါမှ ညီးညူမနေဘူးဆိုရင် ။

အကယ်၍
သူများတကာတွေ လုပ်ပြီးသွားကြလို့
အချိန်အတော်ကြာမှ မင်းအလှည့်ရောက်လာတဲ့အခါ
မင်းတယောက်တည်းနဲ့ပဲ
အားနဲ့မာန်နဲ့ ဖွဲ့သတ္တိရှိရှိ ဆက်ကြိုးစားနိုင်မယ်ဆိုရင်။

အဲ့ဒီလိုပဲ
မင်းမှာ စိတ်အင်အားကလွဲလို့ ဘာဆိုဘာမှမရှိတော့တဲ့အခါ
အဲ့ဒီစိတ်အင်အားကို ခိုင်မာစွာနဲ့ပဲ
လက်ဆုပ်လက်ကိုင်ထားနိုင်မယ်ဆိုရင်။

အကယ်၍
လူတွေနဲ့ထိတွေ့ဆက်ဆံ ပြောဆိုရတဲ့အခါ
ကိုယ်ကျင့်သိက္ခာကို စောင့်ထိန်းနိုင်မယ်ဆိုရင်။

ဒါမှမဟုတ်
မင်းဧကရာဇ်တွေနဲ့ အတူလမ်းလျှောက်နေရပေမယ့်
မာန်မာန သွေးမကြွဘူးဆိုရင် ။

အကယ်၍
ရန်သူကဖြစ်စေ မိတ်ဆွေကဖြစ်စေ
မင်းကိုသိပ်ပြီး နာကြည်းအောင် မလုပ်နိုင်စေရင်။

www.burmeseclassic.com

www.burmeseclassic.com




အကယ်၍
လူတိုင်းကိုတန်ဖိုးထား လေးစားရပေမယ့်
စွဲလမ်းမှု သံယောဇဉ်တွေ ထားမနေဘူးဆိုရင်။

အကယ်၍
တိုတောင်းလှတဲ့ မပစ်ပယ်နိုင်တဲ့ တမိနစ်အတွင်းမှာ
အဓိပ္ပါယ်ရှိလှတဲ့ စက္ကန့်ခြောက်ဆယ်အဖြစ်
အသုံးချနိုင်မယ်ဆိုရင်။

ငါ့သားရေ
မင်းဟာအရာရာရှိတဲ့ အရာရာဖြစ်တဲ့
ကမ္ဘာကြီးကို ဆုပ်ကိုင်လို့
အရာရာ ဘာမဆို မင်းစွမ်းနိုင်ပြီပေါ့။

အဲဒီတော့မင်းဟာလည်း
ယောက်ျားကောင်းတယောက်ပေါ့။



**အောင်ဆန်းစုကြည်**

★★★

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)
## အကွက်ဆင် ထပ်မံဖမ်းဆီးခံရမှု

ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်သက်တမ်းပြည့်ခါနီး၌ ၂၀၀၉ ခုနှစ်၊ မေလ ၆ ရက်နေ့တွင် စစ်အစိုးရ၏စီစဉ်ပေးမှုဖြင့် အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်တောသည် ဒေါ်အောင်ဆန်းစုကြည်၏နေအိမ်အချုပ်သို့ တိတ်တဆိတ်ဝင်ရောက်နိုင်ခဲ့သည်။ ဂျွန်ဝီလျံယက်တောဝင်ရောက်ခဲ့မှုကို အကြောင်းပြု၍ ဒေါ်အောင်ဆန်းစုကြည်အား အမှုဆင်ကာ ဥပဒေချိုး ဖောက်သည်ဟု တဖက်သတ်စွပ်စွဲ၍ နေအိမ်အကျယ်ချုပ်စည်းကမ်းဖောက်ဖျက်မှု ဥပဒေပုဒ်မ (၂၂) ဖြင့် တရားဆိုင်ရန် စစ်အစိုးရက ဒေါ် အောင်ဆန်းစုကြည်ကို မေလ ၁၃ ရက်နေ့တွင် အင်းစိန်ထောင်တွင်းသို့ ပြောင်းရွှေ့ချုပ်နှောင်လိုက်သည်။ မေလ ၁၈ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်ကို နေအိမ်အကျယ်ချုပ် စည်းကမ်းဖောက်ဖျက်မှု ပုဒ်မ (၂၂) ဖြင့် အင်းစိန်ထောင်တွင်းရှိ မြောက်ပိုင်းခရိုင် အထူးတရားက ရုံးတင်တရားစွဲဆိုခဲ့ သည်။ ယင်းနောက် ဩဂုတ်လ ၁၁ ရက်နေ့တွင် အလုပ်ကြမ်းနှင့်ထောင်ဒဏ် (၃) နှစ်ဒဏ်ချမှတ်ခဲ့သည်။ ဒေါ်အောင်ဆန်းစုကြည်အား ပြစ်ဒဏ်ချမှတ်သည့်နေ့၌ စစ်အစိုးရ၏ မတရား အမှုဆင်ကာ ပြစ်ဒဏ်ချမှုကို အကြောင်းပြု၍ လူထုအုံကြွမှုတရပ် ပေါ်ပေါက် လာမည်ကို ကြိုတင်သိရှိထားသည့် အစိုးရသည် အစိုးရိမ်လွန်ကာ စစ်အာဏာရှင် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အမိန့် ဖြင့် ပြစ်ဒဏ်ထက်ဝက်ကို ဆိုင်းငံ့ထား ပြီး ကျန်ပြစ်ဒဏ် ၁၈ လကို နေအိမ်တွင် ဆက်လက်ထိန်းသိမ်းရန် ပြောင်းလဲ အမိန့်ချမှတ်လိုက်သည်။ ဤသို့ ဒေါ်အောင်ဆန်းစုကြည်သည် လွတ်ရက်စေ့ခါနီး၌ စစ်အစိုးရ၏ မတရားအမှု



ဒေါ်စုအားနေအိမ်သက်တမ်းတိုးစေရန်
ဂြိုဟ်မွှေခဲ့သော "ယက်တော"

www.burmeseclassic.com

www.burmeseclassic.com



ဆင်မှုဖြင့် နေအိမ်အကျယ်ချုပ် ထပ်မံ တားဆီးခံရပြန်သည်။

မြန်မာနိုင်ငံတွင် တရားဥပဒေ စိုးမိုးရေးမရှိသာကြောင့် လူထုအဖို့ လွတ်လပ်ခွင့်နှင့် လုံခြုံခွင့်များ ကင်းမဲ့နေသည်မှာ ဆယ်စုနှစ်ပေါင်း အတော်ကြာခဲ့ပြီးဖြစ်သည်။ နိုင်ငံသားပေါင်း မြောက်များစွာသည် လွတ်လပ်ခွင့် အခွင့်အရေးများ ပိတ်ပင်ခံခဲ့ရကာ အကျဉ်းထောင်များ၌ စံမြန်းနေရရှာသည်။ စင်စစ် ယင်းတို့တွင် မည်သည့် ရာဇဝတ်မှုကိုမျှ ကျူးလွန်ခြင်းမရှိပါဘဲလျက် ဥပဒေမဲ့ဖမ်းဆီးခံရကာ အကျဉ်းကျခံနေသူရများဖြစ်သည်။ မြန်မာနိုင်ငံတွင် နိုင်ငံသားများ၏ လွတ်လပ်မှုနှင့် လုံခြုံမှုကို အကာအကွယ်ပေးသောဥပဒေများ မရှိ၍လော။ ပွင့်လင်းစွာဆိုရပါမူ စစ်အစိုးရ အုပ်ချုပ်နေသောကာလများတွင် ထိုဥပဒေများ မရှိပေ။

၁၉၄၇ ခုနှစ် အခြေခံဥပဒေတွင် လွတ်လပ်ခွင့်နှင့်လုံခြုံခွင့်ကို အကာအကွယ်ပေးသောပြဋ္ဌာန်းချက်ကို လွတ်လပ်ခွင့်အရေးအောက်တွင် ပြဋ္ဌာန်းထားပေသည်။ အခြေခံဥပဒေပုဒ်မ ၁၆ တွင် “တရားဥပဒေအရမဟုတ်လျှင် မည်သည့်နိုင်ငံသားမျှ မိမိလွတ်လပ်မှုကို ရုပ်သိမ်းခြင်းမခံရစေရ” ဟု ပြဋ္ဌာန်းကာ လွတ်လပ်မှုနှင့်လုံခြုံမှုအတွက် အကာအကွယ်ပေးထားသည်။ ထိုနည်း တူစွာပင် ၁၉၇၄ ခုနှစ် အခြေခံဥပဒေ ပုဒ်မ ၁၅၉ တွင်လည်း နိုင်ငံသားတိုင်းသည် ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် လုံခြုံမှုအတွက် အာမခံချက်ရှိစေရမည်ဟူ၍ ပြဋ္ဌာန်းထားပေသည်။ ဤပြဋ္ဌာန်းချက်ရှိခြင်းသည် နိုင်ငံသားများ၏ လွတ်လပ်မှုနှင့်လုံခြုံမှုကို အကာအကွယ်ပေးရန် ပြဋ္ဌာန်းချက်ရှိသည်ဟု ဆိုနိုင်၏။

အထက်တွင်ဆိုခဲ့သည့်အတိုင်း လူတို့သည် အစုအဝေးနှင့်နေထိုင်နေကြသောကြောင့် လူတဦး၊ အဖွဲ့အစည်းတခုအတွက် အကာအကွယ်ပြုပြီး အများအကျိုး၊ အများ၏လွတ်လပ်မှုကို ထိခိုက်စေသော ဥပဒေသည်ကား တရားမျှတသော ဥပဒေမျိုးမဟုတ်ပေ။ ဥပဒေသည် လူအ များကို အကာအကွယ်ပေးသော ဥပဒေသာ ဖြစ်သင့်သည်။ လူအများကိုနှိပ်ကွပ်သောဥပဒေ မဖြစ်စေသင့်ပါ။

မြန်မာနိုင်ငံတွင် ကျော်ကြားလှသော အရေးပေါ်စီမံမှု အက်ဥပဒေသည် ၁၉၅၀ ပြည့်နှစ် ပါလီမန်ဒီမိုကရေစီအစိုးရလက်ထက်တွင် ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရကာစ ရှုပ်ထွေးနေသော နိုင်ငံရေးအခြေအနေ အောက်

www.burmeseclassic.com

www.burmeseclassic.com



တွင် နိုင်ငံရေးပါတီကြီးတခု၏ ဩဇာလွှမ်းမိုးမှုဖြင့် ပြဋ္ဌာန်းခဲ့သည်ဟု ယူဆနိုင်သည်။ ဖဆပလအစိုးရလက်ထက်ပြဋ္ဌာန်းခဲ့သော ထိုအရေးပေါ်စီမံမှု အက်ဥပဒေ (၁၉၅၀ ပြည့်နှစ်) ပါ ပုဒ်မ ၅ အား မြန်မာပြည်သူအများစုက အမြင်ကပ်ပုဒ်မဟူ၍ ကင်ပွန်းတပ်ကြသည်။ အာဏာရပါတီအစိုးရနှင့် သဘောထားချင်းကွဲလွဲကာ အတိုက်အခံပြုကြသော နိုင်ငံရေးလုပ်ရှားသူများအား ဟန့်တားဖိနှိပ်နိုင်မည့်အချက်ပေါင်းစုံကို ထိုပုဒ်မအောက်တွင် ထည့်သွင်းပြဋ္ဌာန်းထားပေသည်။ ထို့ကြောင့် အတိုက်အခံများအနေနှင့် နိုင်ငံရေးလှုပ်ရှားမှု လုပ်လိုက်သည်နှင့် ပုဒ်မ ၅ နှင့် ညိတော့သည်။ ထို့ကြောင့်လည်း ထိုပုဒ်မကို အမြင်ကပ်ပုဒ်မဟု ကင်ပွန်းတပ်ခေါ်ဆိုကြခြင်းဖြစ်သည်။ ထိုဥပဒေကို ပယ်ဖျက်ပြင်ဆင်နေဆဲ၊ ဗိုလ်နေဝင်းခေါင်းဆောင်သော စစ်အာဏာရှင်အုပ်စုက ပါလီမန်ဒီမိုကရေစီအစိုးရကိုဖြုတ်ချကာ အာဏာသိမ်းပိုက်လိုက်သောကြောင့် ထိုဥပဒေကို ပယ်ဖျက်ရန် အခွင့်အလမ်းကင်းမဲ့သွားရုံမက အာဏာသိမ်း တော်လှန်ရေးကောင်စီအတွက် အတိုက်အခံနိုင်ငံရေးသမားများကို နှိပ်ကွပ်ရန် အကောင်းဆုံးဥပဒေဖြစ်ခဲ့သည်။ ထို့ကြောင့်လည်း တော်လှန်ရေးကောင်စီ စစ်အစိုးရသည် ၁၉၄၇ ခုနှစ်အခြေခံဥပဒေအား ပယ်ဖျက်ခဲ့သော်လည်း ထိုအရေးပေါ်စီမံမှုအက်ဥပဒေကို မပယ်ဖျက်ဘဲ ယနေ့တိုင် ဆက်လက်ကျင့်သုံးခဲ့သည်။

၁၉၇၄ အခြေခံဥပဒေပြဋ္ဌာန်းပြီး တနှစ်ခန့်အကြာတွင် ၁၉၇၅ ခုနှစ် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအန္တရာယ်မှ ကာကွယ်ဟန့်တားသည့်ဥပဒေ (နိုင်ငံတော်ကာကွယ်သည့်ဥပဒေ) ကို ပြည်သူ့လွှတ်တော်မှ ပြဋ္ဌာန်းခဲ့ခြင်းဖြစ်သည်။ ထိုဥပဒေမှာ အရေးပေါ်စီမံမှုအက်ဥပဒေထက် ပိုဆိုးရွားသောဥပဒေဖြစ်သည်။ မည်သူ့ကိုမဆို နိုင်ငံတော်လုံခြုံရေးအတွက် အန္တရာယ်ရှိသည်ဟု သံသယရှိရုံမျှဖြင့် ဤဥပဒေအရ ဖမ်းဆီးထိန်းသိမ်းနိုင်ခွင့်ရှိပေသည်။ ဤဥပဒေအရမူ ရုံးတင်တရားစွဲဆိုရန်မလိုဘဲ စွပ်စွဲခံရသူတဦးအား ရက်ပေါင်း ၁၈၀ အထိ ထိန်းသိမ်းထားနိုင်ပြီး သက်ဆိုင်ရာဘုတ်အဖွဲ့၏ ခွင့်ပြုချက်ဖြင့် အများဆုံး ၃ နှစ်အထိ ထိန်းသိမ်ထားလျက်ရှိသည်။ ထို့ပြင် ၁၉၉၁ ခုနှစ်တွင် စစ်စိုးရသည် ပြင်ဆင်ချက်ဖြင့် နိုင်ငံတော်လုံခြုံရေးဥပဒေပါ ဖမ်းဆီးထိန်းသိမ်းထားနိုင်သောသက်တမ်းကို ၅ နှစ်သို့ တိုးမြှင့်ထားသည်။

www.burmeseclassic.com

www.burmeseclassic.com



စစ်စိုးရသည် ဒီပဲယင်းနိုင်ငံရေးလုပ်ကြံခံရပြီးနောက် ဒေါ်အောင်ဆန်းစုကြည်အား လုံခြုံရေးအရ နေအိမ်၌ ခေတ္တနေထိုင်စေခဲ့ခြင်းသာဖြစ်သည်ဟု ထုတ်ပြန်ခဲ့ပြီးနောက် များမကြာမီမှာပင် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်ဟန့်တားသည့်ဥပဒေဖြင့် နေအိမ်အကျယ်ချုပ် ထိန်းသိမ်းခြင်းခံလိုက်ရသည်။ ဒေါ်အောင်ဆန်းစုကြည်သည် အဆိုပါဥပဒေဖြင့် (၄) ကြိမ်တိုင်တိုင် အကျယ်ချုပ်ဖြင့် နေအိမ်တွင် ၁၀ နှစ်ကျော် ထိန်းသိမ်းခြင်းခံခဲ့ရသည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ် သက်တမ်းကို စစ်အစိုးရက တနှစ် ထပ်မံတိုးလိုက်ပြန်သည်။ ထိုဥပဒေဖြင့် နေအိမ်အကျယ်ချုပ်သက်တမ်းပြည့်ခါနီး၌ပင် ဂျွန်ဝီလျံယက်တောဝင်ရောက်မှုကို အကြောင်းပြု၍ စစ်အစိုးရသည် အမှုဆင်ကာ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်သက်တမ်းကို ထပ်မံချမှတ်ခဲ့သည်။

နေအိမ်အကျယ်ချုပ် (၁၈) လ ချမှတ်ခံပြီးနောက် ၂၀၀၉ စက်တင်ဘာ ၄ ရက်တွင် ဒေါ်အောင်ဆန်းစုကြည်အမှုအတွက် သူမ၏ ရှေ့နေများက ရန်ကုန်တိုင်းတရားရုံးသို့ အယူခံလျှောက်လွှာကို တင်သွင်းခဲ့ကြသည်။ အယူခံလျှောက်ထားမှု၌ ဒေါ်အောင်ဆန်းစုကြည်သည် ဥပဒေကြောင်းအရ အပြစ်မရှိကြောင်း အချက် (၁၁) ချက်ကို အခိုင်အလုံဖော်ပြထားပြီး ၁၉၈၈ ခုနှစ်ကတည်းက ချုပ်ငြိမ်းသွားခဲ့ပြီးဖြစ်သည့် ၁၉၇၄ ခုနှစ်အခြေခံဥပဒေနှင့် ဒေါ်အောင်ဆန်းစုကြည်ကို ထိန်းသိမ်းထားမှုကို ရုပ်သိမ်းပေးရန် တင်ပြတောင်းဆိုထားသည်။

ဒေါ်အောင်ဆန်းစုကြည်၏ရှေ့နေ ဦးကြည်ဝင်းက "ကွင်းလုံးကျွတ် လွှတ်ကိုလွှတ်ပေးရမယ်။ လွှတ်ပေးတဲ့အခါကျတော့ ဘယ်အတိုင်းအတာထိအောင်ဖြစ်သွားလဲဆိုတော့ သူ့ကို ၁၉၈၉ ခုနှစ်ကတည်းက ၆ နှစ်နီးပါးထိန်းသိမ်း ၁၉၉၅ ကျမှ ပြန်လွှတ်ခဲ့တယ်။ အဲဒီအကျယ်ချုပ်က နံပါတ်တစ်၊ နောက်တစ်ခါ ၂၀၀၀ ပြည့်နှစ်မှာ ရန်ကုန်ဘူတာကြီးမှဖြစ်တဲ့တနှစ်နဲ့ ၂ လ အကျယ်ချုပ်လုပ်လိုက်တာက နံပါတ်နှစ်၊ နောက် အခု ၂၀၀၃ ခုနှစ်ဒီပဲယင်းကစပြီး အခုထိအောင် အကျယ်ချုပ်ထိန်းသိမ်းထားတာက နံပါတ်၃၊ အဲဒါတွေအားလုံးဟာ Unlawful Illegal Detention (ဥပဒေမဲ့ဖမ်းဆီးမှု) တွေပါပဲ" ဟူ၍ ပြောဆိုခဲ့သည်။

နေအိမ်အကျယ်ချုပ်သက်တမ်းအတွင်း ဒေါ်အောင်ဆန်းစုကြည်သည်

www.burmeseclassic.com

www.burmeseclassic.com



၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလ (၄) ရက်နေ့တွင် အမေရိကန်ပြည်ထောင်စု အရှေ့အာရှနှင့် ပစိဖိတ်ရေးရာလက်ထောက် နိုင်ငံခြားရေးရာဝန်ကြီး မစ္စတာ ကာ့ကမ်ဘဲလ်နှင့် တွေ့ဆုံခဲ့သည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် စိမ်းလဲ့ကန်သာဧည့်ရိပ်သာတွင် ကျန်းမာရေးမကောင်းသော NLD ခေါင်းဆောင်များဖြစ်ကြသည့် အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးအောင်ရွှေ၊ ဗဟိုအလုပ်အမှုဆောင်အတွင်းရေးမှူး ဦးလွင်၊ ဗဟို အလုပ်အမှုဆောင်အဖွဲ့ဦးလွန်းတင်တို့ကို ဂါရဝပြုတွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့သည်။ တွေ့ဆုံခဲ့စဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်က NLD ဗဟိုအလုပ် အမှုဆောင် အဖွဲ့ကို တိုးချဲ့ဖွဲ့စည်းခွင့်ပြုရန် မေတ္တာရပ်ခံခဲ့ရာ ခွင့်ပြုချက်ရရှိခဲ့သဖြင့် အကျိုးဆောင်ရှေ့နေမှတဆင့် ၂၀၁၀ ဇန်နဝါရီလ ၁၄ ရက်နေ့တွင် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို တိုးချဲ့ပြန်လည်ဖွဲ့စည်းစေခဲ့သည်။ တိုးချဲ့ပြန်လည်ဖွဲ့စည်းခဲ့သော ဗဟိုအလုပ်အမှုဆောင်များမှာ –

(၁) ဦးအောင်ရွှေ – ဥက္ကဋ္ဌ
(၂) ဦးတင်ဦး – ဒုဥက္ကဋ္ဌ
(၃) ဒေါ်အောင်ဆန်းစုကြည် – အထွေထွေအတွင်းရေးမှူး
(၄) ဦးလွင် – အတွင်းရေးမှူး
(၅) ဦးဝင်းတင် – အဖွဲ့ဝင်
(၆) ဦးခင်မောင်ဆွေ – အဖွဲ့ဝင်
(၇) ဦးသန်းထွန်း – အဖွဲ့ဝင်
(၈) ဦးစိုးမြင့် – အဖွဲ့ဝင်
(၉) ဦးလှဖေ – အဖွဲ့ဝင်
(၁၀) ဦးထွန်းတင် – အဖွဲ့ဝင်
(၁၁) ဦးညွန့်ဝေ – အဖွဲ့ဝင်
(၁၂) ဒေါက်တာသန်းငြိမ်း – အဖွဲ့ဝင်
(၁၃) ဦးအုန်းကြိုင် – အဖွဲ့ဝင်
(၁၄) ဦးဝင်းမြင့် – အဖွဲ့ဝင်
(၁၅) ဦးထွန်းထွန်းဟိန် – အဖွဲ့ဝင်
(၁၆) ဒေါက်တာဝင်းနိုင် – အဖွဲ့ဝင်

www.burmeseclassic.com

www.burmeseclassic.com






အဖွဲ့ချုပ်ရုံး၌ လူထုအား မိန့်ခွန်းပြောကြားနေစဉ်။

(၁၇)ဦးဉာဏ်ဝင်း – အဖွဲ့ဝင်
(၁၈)ဦးဟံသာမြင့် – အဖွဲ့ဝင်
(၁၉)ဦးသိန်းညွန့် – အဖွဲ့ဝင်
(၂၀)ဒေါက်တာဒေါ်မေဝင်းမြင့် – အဖွဲ့ဝင်

စသည်တို့ဖြစ်သည်။

ထို့နောက် ဒေါ်အောင်ဆန်းစုကြည်၏အယူခံတင်သွင်းမှုကို ရန်ကုန်တိုင်းတရားရုံးက ပယ်ချခဲ့သည့်အတွက် ပြစ်မှုဆိုင်ရာ ပြင်ဆင်မှုလျှောက်လဲချက်ကို ဗဟိုတရားရုံးသို့ ၂၀၁၀ ပြည့်နှစ် ဇန်နဝါရီလ ၁၈ ရက်နေ့တွင် ထပ်မံတင်သွင်းခဲ့သည်။

သို့သော် ၂၀၁၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့တွင် နအဖ ပြည်ထဲရေးဝန်ကြီးဗိုလ်ချုပ်မောင်ဦးက ဒေါ်အောင်ဆန်းစုကြည်အား လာမည့် နိုဝင်ဘာလတွင် ပြန်လွှတ်ပေးမည်ဟု ပြောကြားခဲ့ရာ ဒေါ်အောင်ဆန်းစုကြည်က ရှေ့နေကြီးဦးဉာဏ်ဝင်းနှင့် နေအိမ်တွင်တွေ့ဆုံစဉ် "ဒါ မတရားတဲ့ ပြောဆိုချက်ပါပဲ" ဟု ပြန်လည်တုံ့ပြန်ခဲ့သည်ဟုဆိုသည်။ ဦးဉာဏ်ဝင်းက "နိုဝင်ဘာမှာ ဒေါ်စုကို လွှတ်ပေးမယ်လို့ ပြည်ထဲရေးဝန်ကြီးက ပြောကြားတာနဲ့ပတ်သက်ပြီး ဒေါ်စုက ဒါမတရားတဲ့ပြောကြားချက်ပဲတဲ့။ ဘာလို့လည်းဆိုတော့ သူ့ကို အပြစ်ချထားတဲ့ပြစ်မှုနဲ့ ပတ်သက်ပြီးတော့ နိုင်ငံတော်တရားရုံးချုပ်က အမိန့်မချ

www.burmeseclassic.com

www.burmeseclassic.com



ရသေးဘူး။ မပြီးပြတ်သေးဘူး။ မပြီးပြတ်ခင်အတွင်းမှာ ဒီလိုပြောတာဟာ တရားရုံးရဲ့လုပ်ငန်းကို လွှမ်းမိုးစွက်ဖက်ရာရောက်ပါတယ်လို့ အဲဒီလိုပြောပါတယ်။ ပြီးတော့ ဒေါ်စုကို နိုဝင်ဘာလမှာလွှတ်ပေးမယ်ဆိုတာ နိုင်ငံရေး ပြက်လုံးတစ်ခုပဲ။ အစိုးရက တာဝန်ရှိသူဝန်ကြီးတယောက်ကနေပြီးတော့ ပြောလိုက်တာဟာ ဟာသပြက်လုံးလိုဖြစ်နေတယ်။ သူ့လွှတ်ရက်က နိုဝင်ဘာလမှာ ပြည့်မှာဆိုတာ အားလုံးကသိနေတဲ့ကိစ္စမို့ ဘာမှမထူးခြားဘူး။ ဒ့ါအပြင် ဒီနိုဝင်ဘာလ ၁၄ မှလွှတ်မယ့် ဒေါ်အောင်ဆန်းစုကြည်ဟာ ရွေးကောက်ပွဲဝင်နိုင်တယ် ဆိုတာကလည်း ရွေးကောက်ပွဲက နိုဝင်ဘာလ (၇) ရက်မှာကျင်းပပြီး ဖြစ်နေတော့ ဒီစကားမျိုးပြောတာဟာ အတော့်ကိုရီစရာကောင်းတဲ့ နိုင်ငံရေးပြက်လုံးလို ဖြစ်ပါတယ်” ဟူ၍ ပြောကြားသွားသည်။

## အဲန်အယ်လ်ဒီ၏ အထူးကြေညာချက်

၂၀၁၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့တွင် NLD အဖွဲ့ချုပ်သည် အထူးကြေညာချက် အမှတ် ၂/၀၃/၁၀ ကို ထုတ်ပြန်ခဲ့ရာ ကြေညာချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း ဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့ကို ပြဋ္ဌာန်းလိုက်သည်။

အထက်ပါဥပဒေများကို ဖတ်ရှုလေ့လာသုံးသပ်ကြည့်လျှင် ဒီမိုကရေစီကျင့်စဉ်များ၊ လွတ်လပ်မှုများ၊ တရားမျှတမှုများ၊ မရှိကြောင်းတို့ကို အထင်အရှား တွေ့မြင်နေရပါသည်။ အဓိကကျသော သာဓကအချို့မှာ

(၁) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၏ ပုဒ်မ(၄)တွင် “နိုင်ငံရေးပါတီများကို ဥပဒေနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်ခြင်း၊ ကြီးကြပ်စေခြင်းနှင့် လမ်းညွှန်ခြင်း” ဟု ကော်မရှင်အား တာဝန်နှင့် လုပ်ပိုင်ခွင့်များ ပေးအပ်ထားပါသည်။ ဤသည်မှာ ဒီမိုကရေစီကျင့်စဉ်နှင့်အညီ လွတ်လပ်စွာ စည်း

www.burmeseclassic.com

www.burmeseclassic.com



ရုံးခွင့်၊ ဖွဲ့စည်းခွင့်၊ စုဝေးခွင့်စသည့်လုပ်ငန်းစဉ်များတွင် နိုင်ငံရေးပါတီများကို ကော်မရှင်က ကန့်သတ်ချုပ်ချယ်ထားခြင်းဖြစ်ပါသည်။

(၂) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၏ပုဒ်မ ၄ (င) တွင် ပါတီတည်ဆောက်လိုသူများသည် "ထောင်ဒဏ်ကျခံနေရသူများမဟုတ်ခြင်း" ဟု သတ်မှတ်ထားပါသည်။ ဤသည်မှာ နိုင်ငံရေးပါတီတခု၏ အခွင့်အရေးကို ငြင်းဆန်ခြင်းဖြစ်သလို ဒီမိုကရေစီကျင့်စဉ်ကို ချိုးဖောက်ခြင်းလည်းဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အခန်း (၁၀) တွင် "နိုင်ငံရေးပါတီများဖွဲ့စည်းခြင်း" နှင့် "နိုင်ငံရေးပါတီများ ဆက်လက်ရပ်တည်ခွင့်မရှိခြင်း" ပြဋ္ဌာန်းချက်များနှင့် ကွဲလွဲဆန့်ကျင်နေပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၉ တွင် ဤဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံတော်အတွင်းရှိ ဥပဒေအားလုံး၏ အခြေခံဥပဒေဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ထို့ကြောင့် ဥပဒေတရပ်ကို ပြဋ္ဌာန်းရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ဆန့်ကျင်ပြီး ပြဋ္ဌာန်းထားပါသည်။ ထို့အပြင် နောက်ကြောင်းပြန် အာဏာသက်ရောက်ခြင်းဖြစ်နေပါသည်။ ဥပဒေတရပ်ရပ်သည် ပြဋ္ဌာန်းပြီးသည့်နေ့မှစ၍ အာဏာသက်ရောက်နေရမည်ဖြစ်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ စကားရပ်များ အနက်အဓိပ္ပါယ်ဖွင့်ဆိုရေးဥပဒေပုဒ်မ –၃(င) ၌ "ဥပဒေတရပ်ရပ်တွင် နောက်ကြောင်းပြန်၍ အာဏာသက်ရောက်မှုမရှိစေရ" ဟုလည်းကောင်း ရှင်းလင်းစွာပြဋ္ဌာန်းထားပါသည်။ တဖန်ပြစ်ဒဏ်ကျခံနေရသူကို နောက်ထပ်ပြစ်ဒဏ်ပေးသလိုလည်း ဖြစ်နေပါသည်။

(၃) နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ၏ ပုဒ်မ ၁၀ ၌ ပါတီဝင်များကို စည်းရုံးရာတွင်ရှိရမည့် အရည်အချင်းများကို သတ်မှတ်ခြင်း၊ ပုဒ်မ–၂၃တွင် "ကော်မရှင်သည် ပါတီများကိုတည်ဆဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်စေရန် ကြီးကြပ်နိုင်သည်။ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အား ကော်မရှင်ကိုယ်စား ကြီးကြပ်ရန် တာဝန်ပေးအပ်နိုင်သည်" ဟု သတ်မှတ်ထားခြင်း၊ ပုဒ်မ ၂၄ (ခ) တွင် "ပါတီတခု၏ ပါတီတွင်းကိစ္စရပ်များနှင့် စပ်လျဉ်း ၍ တဦးဦးက ကော်မရှင်သို့ တင်ပြတိုင်ကြားလာပါက ကော်မရှင်သည် စုံစမ်းစစ်ဆေး၍ လိုအပ်လျှင် နိုင်ငံတော်၏အကျိုးငှာ ထိုပါတီများလိုက်နာဆောင်ရွက်ရမည့်

www.burmeseclassic.com

www.burmeseclassic.com



အချက်များကို အချိန်ကာလသတ်မှတ်၍ ညွှန်ကြားနိုင်သည်” ဟု သတ်မှတ်ထားခြင်းတို့သည် နိုင်ငံရေးပါတီတခု၏ လုပ်ပိုင်ခွင့်များကို ကော်မရှင်က လွှမ်းကဲစွာ ဝင်ရောက်စွက်ဖက်နေခြင်းဖြစ်ပါသည်။

(၄) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၏ ပုဒ်မ ၁၁ (ဃ) တွင် “လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခြင်းသည် မဲဆန္ဒရှင် ပြည်သူလူထု၏ ဆန္ဒသဘောထားကို မျက်ကွယ်ပြုရာ ရောက်ပါသည်။ (အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော်) သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေတို့တွင် ထိုနည်းတူဖြစ်ပါသည်။

(၅) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၏ ပုဒ်မ ၈၂ တွင် “ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်အပါအဝင် ရွေးကောက်ပွဲနှင့်သက်ဆိုင်သည့် တာဝန်ဝတ္တရားများကို ထမ်းဆောင်သောပုဂ္ဂိုလ်သည် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည်” ဟု ယေဘုယျသာ ပြဋ္ဌာန်းထားပါသည်။ မလိုက်နာပါက မည်သည့်ပြစ်ဒဏ်မျှ သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိပါ။ ထို့ပြင် ပုဒ်မ ၈၇ တွင် “ကော်မရှင်နှင့်ကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံမှူးအပါအဝင် မဲရုံအဖွဲ့ဝင်များ၏ လုပ်ဆောင်ချက်များအတွက် တရားမကြောင်းအရဖြစ်စေ၊ ပြစ်မှုကြောင်းအရဖြစ်စေ တရားစွဲခြင်းမခံထိုက်စေရ” ဟုလည်း ပြဋ္ဌာန်းထားပါသည်။ ဤသည်မှာ ရွေးကောက်ပွဲကို လွတ်လပ်ပြီးတရားမျှတမှုမရှိအောင်၊ အာဏာပိုင်တို့စိတ်ကြိုက်လုပ်ဆောင်နိုင်အောင် အာဏာပိုင်တို့က ရွေးချယ်ခန့်ထားမည့်ပုဂ္ဂိုလ်များအား အကာအကွယ်ပေးသလိုဖြစ်နေပါသည်။ (အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေနှင့် တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေတို့တွင်လည်း ထိုနည်းတူဖြစ်ပါသည်။

(၆) ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၏ ပုဒ်မ –၉၁ (က) တွင် “ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ (နိုင်ငံငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥပဒေအမှတ် ၁၄/၈၉) ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်” နှင့် ပုဒ်မ –၉၁ (ခ) တွင် “ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်” ဥပဒေအရ ကျင်းပခဲ့သော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေနှင့် လိုက်လျောညီထွေမရှိတော့သည့်အတွက် ယင်းရွေးကောက်ပွဲရလဒ်

www.burmeseclassic.com

www.burmeseclassic.com



များသည် အလိုအလျောက်ပျက်ပြယ်သည်ဟုမှတ်ယူရမည်” ဆိုသည့်ပြဋ္ဌာန်းချက်တို့မှာ လုံးဝ တရားနည်းလည်းမကျပါ။ ပြည်ထောင်စုမြန်မာနိုင်ငံ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၄၆ တွင် “တည်ဆဲဥပဒေများသည် ပြည်ထောင်စုလွှတ်တော်က ပယ်ဖျက်ခြင်း၊ ပြင်ဆင်ခြင်းမပြုသေးမီ ဤဖွဲ့စည်းပုံအခြေခံဥပဒေနှင့် မဆန့်ကျင်သမျှ အတည်ဖြစ်သည်” ဟု အတိအလင်း ပြဋ္ဌာန်းထားပါသည်။ ဤပုဒ်မ ၄၄၆ နှင့်အညီ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ပေါ်ပေါက်လာသည့် ပြည်ထောင်စုလွှတ်တော်က ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေ (ဥပဒေအမှတ် ၄/၈၉) တို့ကို ပယ်ဖျက်ခြင်းမဟုတ်ဘဲ ဥပဒေပြုသူက ဥပဒေကိုချိုးဖောက်ပြီး ပယ်ဖျက်ခြင်းသည် လုံးဝတရားနည်းလမ်းမကျပါ။ ၁၉၉၀ ပြည့်နှစ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲရလဒ်အားလွှတ်လပ်၍တရားမျှတသော ရွေးကောက်ပွဲဟု သတင်းထုတ်ပြန်၍ မြန်မာနိုင်ငံပြန်တမ်းတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ လွှတ်တော်ခေါ်ယူဖွဲ့စည်းပေးခြင်းမရှိသေးသည့်အတွက် ယင်းရွေးကောက်ပွဲရလဒ်သည် အလိုအလျောက် ပျက်ပြယ်ခြင်းမရှိပါ။

(၇) ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေများကို ပြဋ္ဌာန်းနိုင်ရန်အတွက် ပြည်သူလူထုထံ ဥပဒေမူကြမ်းများ ချပြရှင်းလင်းခြင်းမရှိဘဲ ပြည်သူလူထုထံမှ အကြံပြုချက်များ သဘောထားဆန္ဒများကို တောင်းခံခြင်းမရှိဘဲ အာဏာပိုင်တို့ စိတ်ကြိုက် တစ်ဖက်သတ်ရေးဆွဲခဲ့ခြင်းဖြစ်ပါ၍ တရားမျှတမှုလုံးဝမရှိပါ။

သို့ပါ၍ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌက နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌအပေါ် ၂၀၁၀ ပြည့်နှစ်တရားစီရင်ရေးဥပဒေပုဒ်မ ၅(က)(ဇ)(ည) နှင့် ၁၈၈၇ ခုနှစ် သီးခြား သက်သာခွင့် အက်ဥပဒေပုဒ်မ ၄၅ နှင့် ၅၄ အရ ရန်ကုန်မြို့တရားရုံးချုပ်တွင် ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၂၃ ရက်နေ့၌ တရားစွဲဆိုပါသည်။ တရားရုံးတရားမဌာနမှ တာဝန်ရှိသူက “ကျမတို့၌ စီရင်ပိုင်ခွင့်မရှိလို့” ဟု ပြောပြီး အမှုတွဲကို နေ့လယ်

www.burmeseclassic.com

www.burmeseclassic.com



၁၂း၃၀ နာရီခန့်တွင် ပြန်ပေးလိုက်ကြောင်း ကြေညာလိုက်ပါသည်။

၂၂ –၃–၂၀၁၀ နေ့တွင် ကျင်းပသော ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်အရ။

ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်။

ဒေါ်အောင်ဆန်းစုကြည်ကလည်း ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီအစည်းအဝေးသို့ အချက် (၆) ချက်ပါ ၎င်း၏သဘောထားတရပ်ကို ပေးပို့လိုက်သည်။ ပေးပို့ခဲ့သော သဘောထား (၆) ချက်မှာ –

(၁) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို လုံးဝလက်မခံနိုင်၊ အဖွဲ့ချုပ်၏ ရွှေဂုံတိုင်ကြေညာချက်ကို စွဲကိုင်ရမည်။

(၂) တရားမျှတမှုမရှိသော တဖက်သတ်ရေးဆွဲထားသည့် ဥပဒေအရ မှတ်ပုံတင်ခြင်းကို လုံးဝလက်မခံနိုင်ပါ။ ဥပဒေပါ စည်းကမ်းချက်များမှာ ဒီမိုကရေစီနည်းမကျ။

(၃) အဖွဲ့ချုပ်သည် ကျမ၏ ကိုယ်ပိုင်ပစ္စည်းမဟုတ်၊ မည်သူတဦးတယောက်၏ ကိုယ်ပိုင်ပစ္စည်းလည်းမဟုတ်။

(၄) အဖွဲ့ချုပ်အတွင်း လူမွေးသည့်အလုပ်၊ လူမွေးသည်ဟု ယူဆနိုင်သည့် အလုပ်များကို လုံးဝမကြိုက်၊ လက်မခံ။

(၅) ပြည်သူလူထုကို ပြောကြားလိုသည်မှာ မိမိတတ်နိုင်သလောက် ဒီမိုကရေစီရရှိရေး ကြိုးပမ်းမှုကို ဆက်လက်ဆောင်ရွက်သွားမည်။

(၆) အဖွဲ့ချုပ်ဖျက်သိမ်းခံရလျှင် အဖွဲ့ချုပ်ပျက်စီးသည်ဟု မယူဆ၊ ပျက်စီးခြင်းမဟုတ် ဟူ၍ ဖြစ်သည်။

## ကာ့တ်ကမ်ဘဲလ်ထပ်မံတွေ့ဆုံခွင့်ရ

၂၀၁၀ ပြည့်နှစ်၊ မေလ ၁၀ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်အား အမေရိကန်ပြည်ထောင်စု အရှေ့အာရှနှင့်ပစိဖိတ်ရေးရာ လက်ထောက်နိုင်ငံခြားရေးရာဝန်ကြီး ကာ့တ်ကမ်ဘဲလ် သည် ထပ်မံတွေ့ဆုံဆွေးနွေးခွင့်ရရှိခဲ့

www.burmeseclassic.com

www.burmeseclassic.com




မစ္စတာကကာ့တ်ကမ်ဘဲလ်
ဒေါ်အောင်ဆန်းစုကြည်အားတွေ့ဆုံစဉ်။

သည်။ မစ္စတာကမ်ဘဲလ်က ဒေါ်အောင်ဆန်းစုကြည်နှင့် NLD ဗဟိုအလုပ်အဖွဲ့ဝင်များအား "သူ့အနေနဲ့ လက်ရှိ အတိုက်အခံအင်အားစုဖြစ်သည့် NLD သည် မည်သည့်ပုံစံဖြင့် တည်ရှိနေသည်ဖြစ်စေ၊ မှတ်ပုံတင်သည်ဖြစ်စေ၊ မတင်သည်ဖြစ်စေ၊ တရားဝင်ပါတီ ဖြစ်သည်ဖြစ်စေ၊ မဖြစ်သည်ဖြစ်စေ NLD ကို အမေရိကန်ပြည်ထောင်စုသည် ဆက်လက် အားပေးထောက်ခံကူညီ ပူးပေါင်းဆောင်ရွက်သွားမည်" ဟု ပြောကြားသွားသည်။

## အတုအယောင်ရွေးကောက်ပွဲ

ထို့နောက် ၂၀၁၀ ပြည့်နှစ်၊ မတ်လ ၂၉ ရက်နေ့တွင် NLD ဗဟို အလုပ်အမှုဆောင်အဖွဲ့က နအဖစစ်အစိုးရ ထုတ်ပြန်ခဲ့သော ရွေးကောက်ပွဲဆိုင်ရာ ဥပဒေများသည် ဆိတ်ခေါင်းကိုချိတ်၍ ခွေးသားရောင်းမည့်ဒီမိုကရေစီ (ဝါ) တရားမျှတမှုလုံးဝမရှိသဖြင့် နိုင်ငံရေးပါတီအဖြစ် ထပ်မံ မှတ်ပုံတင်မည်မဟုတ်ကြောင်း NLD ကိုယ်စားလှယ် (၁၁၃) ဦးတို့က ကန့်ကွက်သူမရှိ ဆုံးဖြတ်လိုက်ကြသည်။

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၃ ရက်နေ့တွင် နေအိမ်အကျယ်ချုပ်သက်တမ်းစေ့တော့မည်ဖြစ်သောကြောင့် နအဖ စစ်အစိုးရသည် ရွေးကောက်ပွဲကို သူမ မလွတ်မီ တပတ်အလို နိုဝင်ဘာလ ၇ ရက်နေ့တွင်ကျင်းပရန် တက်သုတ်ရိုက်စီစဉ်လိုက်တော့သည်။ နေအိမ်အကျယ်ချုပ်ကျခံနေရသည့် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာပြည်သူလူထုအား ရှေ့နေ ဦးဉာဏ်ဝင်းမှတဆင့်"မဲဆန္ဒရှင်များအနေဖြင့် မဲပေးခွင့်ရှိသလို၊ မဲမပေးဘဲနေနိုင်ခွင့်ရှိသည်" ဟူ၍ မှာကြားလိုက်လေသည်။

★★★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၀)
# ဒေါ်အောင်ဆန်းစုကြည် လွတ်ပြီ

ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်နေ့ ကျယ်ချုပ်ကျခံရသော ဒေါ်ခင်ခင်ဝင်းနှင့် မဝင်းမမ (ခ) မယ်တို့လည်း ပြန် ညနေ ၅း၁၅ နာရီတွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွတ်မြောက်လာခဲ့ သည်။ ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ ဒေါ်အောင်ဆန်းစုကြည်နေအိမ်၌ အ လည်လွတ်မြောက်ခဲ့ကြသည်။

ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီသည် နိုဝင်ဘာလ ၁၃ ရက် ညနေ ၅ နာရီတွင် ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက်၊ တက္ကသိုလ်ရိပ်သာလမ်း၊ ခြံအမှတ်(၅၄/၅၆) ရှိ ဒေါ်အောင်ဆန်းစု ကြည်၏ နေအိမ်သို့သွားရောက်၍ ဒေါ်အောင်ဆန်းစုကြည်အား လျှော့ပေါ့ ပြောင်းလဲလိုက်သော ပြစ်ဒဏ်ကာလပြည့်သည့် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၃ ရက်နေ့တွင် ပြစ်ဒဏ်အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့်ပြုလိုက်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန၏အမိန့်ကို ရှင်းလင်းဖတ်ကြားသည်။

ယင်းနောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီသည် ရန်ကုန် မြောက်ပိုင်းခရိုင် တရားရုံးက ပြစ်မှုဆိုင်ရာအမှုကြီးအမှတ် ၄၇/၂၀၀၉ ဖြင့် နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးသူများ၏ ဘေးအန္တရာယ်မှ ကာကွယ် စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၂၂ အရ မတရားအပြစ်ပေးခြင်းခံရသော ဒေါ် ခင်ခင်ဝင်း (ဘ) ဦးတင်အုန်းနှင့် မဝင်းမမ (ခ) မယ်လေး (ဘ) ဦးဉာဏ်လင်း တို့နှစ်ဦးအားလည်း ဆိုင်းငံ့ထားသည့် လျှော့ပေါ့ပြောင်းလဲလိုက်သော ပြစ် ဒဏ်ကာလပြည့်သည့် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာလ ၁၃ ရက်တွင် ပြစ်ဒဏ် အားလုံးကို လွတ်ငြိမ်းချမ်းသာခွင့် ပြုလိုက်သည့်အမိန့်ကို ဖတ်ကြားသည်။ ယင်းသို့ ရှင်းလင်းဖတ်ကြားရာတွင် မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ်ဗိုလ်မှူးချုပ်ခင်ရီ နှင့်အတူ ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့ရဲချုပ်ကြီးအောင်ဒိုင်း၊ သတင်းတပ်ဖွဲ့ ဒုတိယသတင်းတပ်ဖွဲ့မှူး ရဲမှူးကြီးဝင်းနိုင်ထွန်း၊ တိုင်းတရားသူကြီး ဦးမြင့် အောင်၊ တိုင်းဥပဒေအရာရှိဦးအောင်သန်းမြင့်နှင့် တာဝန်ရှိသူများ လိုက်ပါလာ ခဲ့ကြသည်။

လွတ်ငြိမ်းချမ်းသာခွင့်အမိန့်များကို ဖတ်ကြားပြီးနောက် ရဲချုပ် ဗိုလ်မှူး

www.burmeseclassic.com

www.burmeseclassic.com



ချုပ်ခင်ရီသည် ဒေါ်အောင်ဆန်းစုကြည်အား ကျန်းကျန်းမာမာတွေ့ရသဖြင့် ဝမ်းသာပါကြောင်း၊ မိမိတို့၏ အဓိကလုပ်ငန်းတာဝန်မှာ တရားဥပဒေ စိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ ရှေ့ခရီးတွင် အေးအေးချမ်းချမ်း၊ တည်တည်ငြိမ်ငြိမ်ရှိစေလိုကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်အားပြောကြားရာ ဒေါ်အောင်ဆန်းစုကြည်က ဗိုလ်မှူးချုပ်ခင်ရီ၏ မျက်နှာကို စေ့စေ့ကြည့်၍ အပြုံးဖြင့် တုံ့ပြန်ခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာသည်ကို ကြိုတင်စောင့်ဆိုင်းနေကြသောလူထုကြီးက ကန့်သတ်ဇရိယာကို သက်ဆိုင်ရာမှ ဖယ်ရှားပေးအပြီးတွင် ကန့်သတ်ဇရိယာထိပ်မှ ခြံဝသို့ အပြေးအလွှားသွားရောက်ကာ ဒေါ်အောင်ဆန်းစုကြည်ကျန်းမာပါစေဟု အားပေးအော်ဟစ်ဆုတောင်းခဲ့ကြသည်ကို တွေ့ရပေသည်။ ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်ခြံဝသို့ထွက်၍ လူထုအား နှုတ်ခွန်းဆက်စကား ပြောကြားခဲ့သည်။ သို့သော် အသံချဲ့စက်များတပ်ဆင်ထားခြင်းမရှိသောကြောင့် စောင့်ကြိုနေရသောလူထုသည် အသံကိုကောင်းစွာမကြားနိုင်သောကြောင့် ဒေါ်အောင်ဆန်းစုကြည်က နက်ဖြန် ၁၂ နာရီတွင် ရွှေဂုံတိုင်လမ်းရှိ အဖွဲ့ချုပ်ရုံး၌ လူထုကြီးကို မိန့်ခွန်းပြောစရာရှိသည်ဟူ၍ မှာကြားခဲ့သည်။ ယင်းနောက် နေအိမ်အတွင်း၌ NLD အဖွဲ့ချုပ်ခေါင်းဆောင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ထို့နောက် နိုဝင်ဘာလ ၁၄ ရက်နေ့တွင် အမှတ် ၉၇/ခ၊ အနောက်ရွှေဂုံတိုင်လမ်း၊ ဗဟန်းမြို့နယ်ရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့၌ နေ့လယ် ၁၂ နာရီတွင် လူထုပရိသတ် ၁ သိန်းကျော်ကို မိန့်ခွန်းပြောကြားရာတွင်

"ပြည်သူတွေမပါဘဲနဲ့ ဘာကိစ္စမှ မအောင်မြင်ဘူး၊ ဘာမှလုပ်လို့မရဘူး။ ကျမတို့ အလုပ်ကိုလုပ်ကြရမယ်။ ကျမတို့က ကံ... ကံလို့ပြောတယ်။ ကျမတို့ အလုပ်ကိုလုပ်ကြရမယ့်တာဝန်တွေကို မကြောက်ဘူး။ တာဝန်မကျေမှာကိုဘဲ ကြောက်ပါတယ်။ ကျမ ပြည်သူတွေကို မေတ္တာရပ်ခံပါရစေ၊ ကျမတို့နဲ့ ဆက်ဆံတဲ့အခါမှာ ပွင့်ပွင့်လင်းလင်း သတ္တိရှိရှိ ပြောဆိုဆက်ဆံကြပါ။ ဒါဟာ ဒီမိုကရေစီအခြေခံပါပဲ။ လွတ်လပ်စွာပြောဆိုပိုင်ခွင့်၊ လွတ်လပ်စွာပြောဆိုပိုင်ခွင့်ဆိုတာ လွတ်လပ်စွာဆဲဆိုပိုင်ခွင့်နဲ့မတူဘူး။ ကျမ ပြည်သူတွေကို မေတ္တာရပ်ခံချင်တာကတော့ စောစောက ကျမပြောသလိုပါပဲ၊ ကိုယ့်စိတ်ထဲမှာရှိတာတွေ

www.burmeseclassic.com

www.burmeseclassic.com



ကို ကျမတို့ကိုအသိပေးပါ။ စာရေးပြီးတော့ပို့လို့လည်းရပါတယ်။ စာတိုက်ကို စိတ်မချရရင် ဒီမှာပဲ လာပေးပါ။ ပြည်သူတွေစိတ်ထဲမှာ ဘာရှိသလဲဆိုတာ ကျမ သိချင်တယ်။

အလုပ်စလုပ်တဲ့ခါမှာ ဝီရိယထုတ်ရမယ်၊ အလုပ်အလယ်ပိုင်း ရောက်တဲ့အခါမှာ ဝီရိယ ထုတ်ရမယ်၊ အလုပ်နောက်ဆုံးပိုင်းရောက်ခါနီးမှာ ဝီရိယ ထုတ်ရမယ်။ အလုပ်ဆိုတာ ပြီးတယ်ရယ်လို့ မရှိဘူး။ အလုပ်တခုပြီးလည်း နောက်အလုပ်က ပေါ်လာမှာပဲ။ လောကကြီးမှာ ကျေနပ်စရာ၊ ကျေနပ်စရာအချိန်တွေဆိုတာ ဘယ်တော့မှမရှိဘူး။ ဒါပေမယ့် မကြိုးစားပဲနဲ့ မရဘူး။ ကျမအနေနဲ့တော့ ကျမကတော့ လုပ်ပေးမယ်လို့ ကျမ မပြောနိုင်ဘူး။ ပြည်သူရဲ့ ယုံကြည်မှုရှိရင်၊ ပြည်သူရဲ့အားကိုးမှုရှိရင်၊ ပြည်သူရဲ့ထောက်ခံမှုရှိလို့ရှိရင် ကျမတို့လုပ်အားတွေ အများကြီးတက်လာမယ်။ ကျမတယောက်ထဲ လုပ်လို့မရဘူး။ ကျမတယောက်ထဲလဲ မလုပ်ချင်ဘူး။ တယောက်ထဲလုပ်တယ်ဆိုတာ ဒီမိုကရေစီမဟုတ်ဘူး။ ကျမတို့ ဘာပဲလုပ်ဖို့ဆုံးဖြတ်၊ ဆုံးဖြတ် ပြည်သူကို အသိပေးပါ့မယ်။

ကျမ အမျိုးသားရင်ကြားစေ့ရေးအတွက် ဆက်လက်လုပ်သွားပါ့မယ်။ ရင်ကြားစေ့ရေးအတွက် ပြည်သူတွေအနည်းဆုံး နာမယ့်နည်းနဲ့ လုပ်သွားမယ်၊ လုံးလုံးမနာဘူးလို့လည်း ကျမ မပြောနိုင်ဘူး။ သည်းခံနေတာ ကြာပြီဆိုတာ မဟုတ်တဲ့ဟာတွေကို သည်းခံနေတာလား။ သည်း ခံသင့်တာတွေကို သည်းခံနေတာလား။ အမှားနဲ့အမှန်ကို ခွဲခြားပြီးတော့ သိရမယ်။ အမှန်ဘက်ကနေ ရပ်တည်ရဲတဲ့သတ္တိရှိရမယ်။ ဖေဖေပြောခဲ့တဲ့စကားတခွန်းရှိပါတယ်။ သူ့လိပ်ပြာရဲ့ခုံရုံးရှေ့မှာ သူမားမားမတ်ရပ်ပြီးတော့ အစစ်ခံရဲတယ်တဲ့။ ကျမရဲ့ လိပ်ပြာခုံရုံးရှေ့မှာလည်း နေ့တိုင်းမတ်တပ်ရပ်ရဲပါတယ်။ ပြည်သူတွေလဲ ဒီလိုပဲ ကိုယ့်ရဲ့လိပ်ပြာခုံရုံးရှေ့မှာ နေ့တိုင်းမတ်တပ်ရပ်ပြီးတော့ မားမားမတ်မတ် အစစ်ခံရဲကြပါ။

ကျမယုံကြည်တာဟာ လူ့အခွင့်အရေးကိုယုံကြည်တယ်၊ တရားဥပဒေစိုးမိုးရေးကို ယုံကြည်တယ်၊ အဲဒါတွေအတွက် ကျမတို့ အမြဲတမ်း လုပ်ဆောင်သွားရမယ်၊ ပုဂ္ဂိုလ်ရေးအရ ဘယ်သူ့ကိုမုန်းလို့၊ ဘယ်ဝါ့ကိုမုန်းလို့ဆိုပြီးတော့ လုပ်နေတာမဟုတ်ဘူး။

www.burmeseclassic.com

www.burmeseclassic.com



ကျမပြောနေတာလဲ နိုင်ငံရေးပဲ၊ အားလုံးနိုင်ငံရေးပဲ၊ ကျမတို့ ပြည်သူတွေ အားလုံး နိုင်ငံရေးကို နားလည်အောင် လုပ်ကြပါ။ အရှေ့ကလုပ်နေတဲ့သူတွေကို အနောက်ကလူတွေက ထိန်းနိုင်ရမယ်။ ဒါဟာ ဒီမိုကရေစီပဲ။ ကျမကတော့ ပြည်သူတွေ ကျမကို ထိန်းသိမ်းတာကိုခံပါ့မယ်။ အခြားသူတွေ ထိန်းသိမ်းတာကို မခံနိုင်ဘူး" ဟူ၍ ပြောကြားသွားသည်။

ယခုအခါ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို နအဖစစ်အစိုးရ၏ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၁၀ ပြည့်နှစ်၊ စက်တင်ဘာလ ၁၄ ရက်နေ့တွင် ဖျက်သိမ်းလိုက်ပြီးနောက် NLD ဆက်လက်ရပ်တည်ခွင့် အယူခံမှုကို နေပြည်တော်တရားရုံးချုပ်သို့ ဦးတိုက်လျှောက်ထားခဲ့ရာ ပယ်ချခံရသည်။ ထို့နောက် ဥပဒေကြောင်းအရ နောက်ဆုံးအထူးအယူခံမှုကိုလည်း ဆက်လက်လျှောက်ထားခဲ့ရာတွင် ပယ်ချခံရပြန်သည်။

ဒီမိုကရေစီသည် မည်သည့်လူမျိုး သို့မဟုတ် မည်သည့်ယဉ်ကျေးမှုနှင့်သာ သက်ဆိုင်သည်မဟုတ်။ အားနည်းသူနှင့် အားကောင်းသူများအားလုံး၏ အခွင့်အရေးများကို ကာကွယ်ဖို့ရန် ဒီမိုကရေစီစနစ်က အာမခံချက်ပေးထားပေသည်။ ဒီမိုကရေစီသည် ပြီးပြည့်စုံသောစနစ် မဟုတ်သော်လည်း လွတ်လပ်မှုနှင့် လုံခြုံမှုကို အကောင်းဆုံး၊ အမြတ်ဆုံးဖြစ်အောင် လက်တွေ့လုပ်ဆောင်ထားသည့်စနစ်တခုဖြစ်ရာ လူတိုင်းလူတိုင်းသည် မိမိတို့ ရသင့်ရထိုက်သည့် အခွင့်အရေးအတွက် တိုက်ပွဲဝင်ရမည်ဖြစ်ပေသည်။ တချိန်တည်းမှာပင် ယင်းတိုက်ပွဲသည် လူသားအားလုံး၏ တရားသောတိုက်ပွဲ၊ အမှန်တရားကို မြတ်နိုးသူများအားလုံး၏ တိုက်ပွဲလည်း ဖြစ်ပေသည်။

★★★

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၁)
# လွတ်မြောက်ပြီးကာလ နိုင်ငံရေးဆောင်ရွက်ချက်များ

ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ၂၀၁၀ ပြည့်နှစ်၊ နိုဝင်ဘာ ၁၄ ရက် ညနေပိုင်းတွင် ဘီဘီစီ မြန်မာပိုင်း သီးသန့်ဆက်သွယ်မေးမြန်းမှုကို ဤကဲ့သို့ ဖြေကြားသွားခဲ့သည်။

"ကျမ အမြဲပြောခဲ့ပါတယ်၊ မျှော်လင့်ချက်ဆိုတာ အလုပ်နဲ့တွဲမှ မျှော်လင့်ချက်လို့ ခေါ်လို့ရမယ်၊ အလုပ်နဲ့ တွဲမထားတဲ့မျှော်လင့်ချက်ကတော့ စိတ်ကူးယဉ်အိပ်မက်တွေပဲ၊ ကျမအနေနဲ့ကတော့ ဒီမျှော်လင့်ချက်တွေကို အလုပ်ဖြစ်အောင် လုပ်ရမှာဖြစ်ပါတယ်၊ ကျမတို့ကလည်း အလုပ်လုပ်ရမယ်၊ ဒီမျှော်လင့်ချက်တွေ အကောင်အထည်ဖော်ဖို့အတွက် ပြည်သူလူထုကိုယ်တိုင်က ပါဝင်ပြီးလုပ်ရမယ်ဆိုတာ နားလည်အောင် ကျမတတ်နိုင်သမျှ ပြည်သူလူထုကို ပြောချင်ပါတယ်၊ ပြည်သူ့အင်အားကို ကျမတို့အားကိုးတယ်၊ ပြည်သူတွေကလည်း ကျမတို့ကို အားကိုတယ်ဆိုရင် တဖက်နဲ့တဖက် အားပေးရမယ်၊ အားဖြည့်ပေးရမယ်၊ ယုံကြည်စိတ်ချမှုတည်ဆောက်သွားရမယ်၊ အဲဒီလို လုပ်သွားရင် ရမယ်လို့ ကျမယုံကြည်ပါတယ်။

စစ်စိုးရဟာ ၂၂ နှစ်မကလို့ နှစ်၂၂၀ ပဲဖြစ်ဖြစ် ပြည်သူလူထုရဲ့ ယုံကြည်မှုကို မရယူနိုင်လို့ရှိရင် ရေရှည်မှာ ဘာမှမအောင်မြင်နိုင်ဘူးလို့ ယုံကြည်တယ်၊ ပြည်သူလူထုရဲ့ယုံကြည်မှုနဲ့ စစ်မှန်တဲ့စေတနာအင်အားပါရမယ်၊ အဲဒါမပါလို့ကတော့ ဘယ်အရာကိုမှ ရေရှည်တည်ထောင်လို့ရမှာမဟုတ်ဘူး။

NLD ရဲ့ ရပ်တည်ပိုင်ခွင့်မရှိတော့ဘူးဆိုတာ ကျမတို့ ဒီအချိန်မှာ ပြောလို့မရပါဘူး၊ အဲဒါက တပိုင်းပါ၊ နောက်တပိုင်းက ကျမတို့ရဲ့ အဓိကလုပ်ငန်းဟာ NLD ရှင်သန် အားသန်ရေးအတွက်မဟုတ်ဘူး၊ ပြည်သူလူထုရှင်သန်ရေး အတွက် ကျမတို့အမြဲဆက်လုပ်နေမှာပဲ"

ကုလမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းကလည်း ဒေါ်အောင်ဆန်းစုကြည် ပြန်လည်လွတ်လာမှုကို ကြိုဆိုကြောင်းနှင့် ကျန်နိုင်ငံရေး အကျဉ်းသားများအားလုံးကို ပြန်လွှတ်ပေးရန် စစ်အစိုးရထံ တောင်းဆိုခဲ့သည်။

အမေရိကန်သမ္မတ ဘားရက်အိုဘားမားက ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုကို ဝမ်းမြောက်ဝမ်းသာဖြစ်ရကြောင်းနှင့် ဒေါ်အောင်ဆန်း

www.burmeseclassic.com

www.burmeseclassic.com



စုကြည်သည် သူ၏သူရဲကောင်းဟုပြောပြီး လွတ်သင့်တာကြာလှပြီဟု ဆိုသည်။

ဗြိတိသျှဝန်ကြီးချုပ်ဒေးဗစ်ကင်မရွန်းကလည်း ဒေါ်အောင်ဆန်းစုကြည်သည် ဒီမိုကရေစီ၊ လူ့အခွင့်အရေးနှင့် လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်များကို ယုံကြည်သူ၊ တကမ္ဘာလုံး၏ လူသားအားလုံး အားကျအတုယူစရာပုဂ္ဂိုလ်ဟု ၎င်းကိုယ်တိုင် တယ်လီဖုန်းဖြင့် ဝမ်းမြောက်ဝမ်းသာပြောကြားသွားသည်။

ပါကစ္စတန်ဝန်ကြီးချုပ် ယူဆွတ်ရာကာဂီလာနီ၊ ထိုင်ဝမ်သမ္မတ မရင်ကျိုး၊ အာဆီယံဥက္ကဋ္ဌ စူရင်ပစ်စုဝမ်၊ ဥရောပကော်မရှင်ဥက္ကဋ္ဌ ဟိုဆေးမန်ဝယ်ဘာရိုစို၊ The Elders အဖွဲ့ဥက္ကဋ္ဌ ဘုန်း တော်ကြီးအက်စမွန်တူးတူး၊ အိန္ဒိယနိုင်ငံခြားရေးဝန်ကြီး အက်စ်အမ်ကရစ်ရှနား၊ ဩစတြေးလျဝန်ကြီးချုပ် Julis Gilland အမေရိကန်နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တန်၊ တိဗက်ဘုန်းတော်ကြီး ဒလိုင်းလားမား၊ ပြစ်သစ်သမ္မတကတော် ကာလာဘရူနီဆာကိုဇီနှင့် နိုင်ငံပေါင်း ၁၅၅ နိုင်ငံမှ ပါလီမန်အမတ်အဖွဲ့ (IPU) တို့ကလည်း ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုအတွက် ဝမ်းသာစကားများ အသီးသီးပြောကြားခဲ့ကြသည်။

ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုကို တိုင်းရင်းသားခေါင်းဆောင်များကလည်း ဝမ်းမြောက်ဝမ်းသာကြိုဆိုခဲ့ကြသည်။ တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်တော် (DKBA) တပ်မဟာ (၅) တပ်မှူးဗိုလ်မှူးချုပ် စောလားဘွယ် (ဗိုလ်နှုတ်ခမ်းမွေး) က ဒေါ်အောင်ဆန်းစုကြည် လွတ်မြောက်လာမှုနှင့်ပတ်သက်၍ –

"ဒေါ်အောင်ဆန်းစုကြည်လွတ်မြောက်လာတာကို ဝမ်းမြောက်ဝမ်းသာကြိုဆိုလက်ခံပါတယ်၊ ဒေါ်စုအနေဖြင့် ဒီမိုကရေစီရရှိရေးအတွက် ပြည်သူလူထု၊ တိုင်းရင်းသားလူမျိုးများ၊ လက်နက်ကိုင်အဖွဲ့အစည်းများအပေါ်တွင် နိုင်ငံရေးနည်းလမ်းဖြင့် အမျိုးသားရင်ကြားစေ့ရေး၊ ငြိမ်းချမ်းစွာဖြေရှင်းနိုင်ရေးအတွက် မှန်ကန်သော ယုံကြည်ချက် ချမှတ်လုပ်ဆောင်နိုင်လိမ့်မည်ဟု ဒီကေဘီအေအဖွဲ့အစည်းအနေနဲ့ ယုံကြည်ကြောင်း ထောက်ခံပါတယ်" ဟူ၍ ပြောခဲ့သည်။

စစ်အစိုးရအား လက်နက်ကိုင်တော်လှန်နေသော ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ၏ ဥက္ကဋ္ဌ ခူးထဲဘူးဖဲကလည်း –

"ဒေါ်အောင်ဆန်းစုကြည်ဟာ ထောင်ဒဏ်အနှစ်နှစ်အလလ ကျခံခဲ့ရတဲ့ ဒီမိုကရေစီခေါင်းဆောင်တဦးဖြစ်ပါတယ်၊ ဒါကြောင့်မို့လို့ သူလွတ်မြောက်လာ

www.burmeseclassic.com

www.burmeseclassic.com



တာကို လိုက်လှဲကြိုဆိုပါတယ်၊ ဒေါ်အောင်ဆန်းစုကြည်ဟာ ဒီမိုကရေစီခေါင်းဆောင်တဦးလည်းဖြစ်တယ်၊ တကမ္ဘာလုံးကလည်း လေးစားတဲ့ပုဂ္ဂိုလ်ဖြစ်တယ်၊ လွတ်လာပြီဆိုတော့ ဗမာပြည်မှာ ဒီမိုကရေစီရအောင် သူ တနည်းတဖုံနဲ့ ကြိုးစားပေးမယ်လို့ မျှော်လင့်ပါတယ်။ တိုင်းရင်းသားတွေအပေါ်မှာလည်း သူက ပုံမှန်ဆက်ဆံမှုရှိပါတယ်။ သူ့အနေနဲ့ စစ်မှန်တဲ့ ဖက်ဒရယ် ပြည်ထောင်စုကိုလည်း တည်ဆောက်ဖို့ ပိုင်းဖြတ်ခံယူထားသူဖြစ်ပါတယ်။ အားလည်းပေးတယ်။ လုပ်ဆောင်လိမ့်မယ်လို့လည်း မျှော်လင့်ပါတယ်။” ဟူ၍ ပြောကြားသွားသည်။

ကရင်အမျိုးသားအစည်းအရုံး (KNU) ၏ ဒုဥက္ကဋ္ဌ ဖဒိုဒေးဗစ်သာကပေါကလည်း–

“ ဒေါ်စုအနေနဲ့ ပြန်ပြီးတော့ နိုင်ငံရေးလှုပ်ရှားမှုမှာ ချက်ချင်းမပါဝင်ဘဲ ပြန်သုံးသပ်ဖို့ လိုလိမ့်မယ်လို့ထင်ပါတယ်၊ ဘာလို့လဲဆိုတော့ နှစ်ရှည်လများ အချုပ်ခံခဲ့ရတဲ့အခါမှာ စိတ်ရော၊ လူရော ပင်ပမ်းခဲ့တဲ့ဒဏ်တွေရှိပါတယ်။ အဲဒီဒဏ်တွေကနေပြီး ပြန်ပြီးတော့ ကောင်းလာအောင် ပြန်ပြီးတော့ နားသင့်တယ်လို့ ထင်ပါတယ်။ အခုရွေးကောက်ပွဲပြီးပြီ၊ အပြောင်းအလဲကတော့ အပြင်ပန်းအားဖြင့်တော့ အရပ်သားအစိုးရပုံစံမျိုးဖြစ်ပေမယ်လို့ တကယ့် အနှစ်သာရကတော့ ဖိနှိပ်တဲ့စစ်အစိုးရ ဆက်လက်တည်ရှိနေမှာဖြစ်ပါတယ်။ အဲဒီလို လူထုဆန္ဒကိုလည်း ဂရုမစိုက်၊ နိုင်ငံတကာသဘောထားကိုလည်း အလေးမထား၊ အဲ့ဒီလို အစိုးရအောက်မှာ ရှေ့ကို ဘယ်လိုနိုင်ငံရေးလှုပ်ရှားရမယ်၊ ဒီမိုကရေစီရေး၊ ပြည်ထောင်စုအရေးအတွက် ဘယ်လိုလှုပ်ရှားရမယ်ဆိုတာ ပြန်ပြီးတော့ အချိန်ယူသုံးသပ်ဖို့လိုတယ်။ အနားယူဖို့လည်း လိုတယ်လို့ မြင်ပါတယ်” ဟူ၍ ပြောကြားခဲ့သည်။

မွန်ပြည်သစ်ပါတီ အထွေထွေအတွင်းရေးမှူး နိုင်ဟံသာကလည်း –

“ပထမဦးဆုံး ဒေါ်အောင်ဆန်းစုကြည်လွတ်လာတဲ့အတွက် ကျနော်တို့ ဝမ်းသာတယ်၊ ကြိုဆိုတယ်၊ ဒုတိယအနေနဲ့ သူ့ရဲ့ရပ်တည်ချက် အမျိုးသားပြန်လည်သင့်မြတ်ရေးကို ဇောင်းပေးပြီးတော့၊ အဓိကထားပြီးတော့ လုပ်ဆောင်ချင်တယ်ဆိုတဲ့ကိစ္စအပေါ်မှာ ကျနော်တို့အနေနဲ့ သိပ်ကိုဝမ်းသာအားရ ဖြစ်မိပါတယ်” ဟူ၍ ပြောကြားသွားသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှမ်းပြည်တပ်မတော် (တောင်ပိုင်း)၏ ပြောရေးဆိုခွင့်ရှိသူ စိုင်းလောင်ဝ် စိုင်းကလည်း –

“ကျနော်တို့နိုင်ငံရဲ့မပြေလည်သေးတဲ့ နိုင်ငံရေးပြဿနာများကို လည်းကောင်း၊ အများတောင့်တနေတဲ့ဒီမိုကရေစီရေး၊ နောက်ပြီး တိုင်းရင်းသားများရဲ့ တန်းတူအခွင့်ရေး စသည့်အရေးများကို သူမက ကျနော်တို့ လက်ရှိခေါင်းဆောင်များနဲ့ကြိုးပမ်းပြီး ဖြေရှင်းပေးသွားနိုင်မယ်လို့ ကျနော်တို့မျှော်လင့်ပါတယ်။ ဒီအများတောင်းဆိုနေတဲ့ သုံးပွင့် ဆိုင်ဆွေးနွေးပွဲဖြစ်မြောက်ရေး အတွက် သူမရဲ့အခန်းကဏ္ဍက အရေးကြီးပါတယ်။ သူမရဲ့စွမ်းရည်နဲ့ သတ္တိတွေကိုလည်း ကျနော်တို့လေးစားပါတယ်။ သူရဲ့ဦးဆောင်မှုနဲ့ ညှိနှိုင်းအဖြေရှာရေးတွေမှာ ကျနော်တို့တိုင်းရင်းသားခေါင်းဆောင်များအားလုံးက လက်တွဲပြီး ဆောင်ရွက်ပါဝင်ဖို့ရှိတယ်ဆိုတာ ပြောကြားလိုပါတယ်” ဟူ၍ ပြောကြားသွားသည်။

ကချင်နိုင်ငံရေးသမားကြီးဒေါက်တာတူးဂျာကလည်း –

“ဒေါ်အောင်ဆန်းစုကြည်ကို အမျိုးသားခေါင်းဆောင်တဦးအနေနဲ့ တိုင်းပြည်ပြဿနာတွေကို ဖြေရှင်းတာကို လိုလားပါတယ်၊ ဒေါ်စုလွတ်မြောက်လာပြီးနောက်ပိုင်း ညှိနှိုင်းဆွေးနွေးရေးကို နိုင်ငံရေးပါတီများနဲ့ရော၊ လက်ရှိအစိုးရအနေနဲ့ရော၊ ပြည်သူထဲက တာဝန်ရှိတဲ့ပုဂ္ဂိုလ်များအားလုံးနဲ့ရော ညီအစ်ကိုစိတ်ဓာတ်နဲ့ ပြည်ထောင်စုသားစိတ်ဓာတ်နဲ့လုပ်ကိုင်ဆောင်ရွက်နိုင်မယ်ဆိုရင် အဖြေတခုရရှိလိမ့်မယ် ကျနော်တို့မျှော်လင့်ပါတယ်၊ ဒါကြောင့်မို့လို့ ပါတီ တခုရဲ့အနေအထားမျိုးထက် ပြည်ထောင်စုတခုလုံးဆိုင်ရာ၊ နိုင်ငံလုံးဆိုင်ရာ အနေနဲ့ လုပ်ကိုင်ဆောင်ရွက်နိုင်မယ်ဆိုရင် ပိုပြီးတော့ထိရောက် အောင်မြင်နိုင်မယ်လို့ ကျနော်မြင်ပါတယ်” ဟူ၍ ပြောကြားသွားသည်။

ဒေါ်အောင်ဆန်းစုကြည် နိုဝင်ဘာလ ၁၉ ရက်နေ့တွင် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံခဲ့၍ ရှုံးနိမ့်ခဲ့ကြသော တသီးပုဂ္ဂလ ကိုယ်စားလှယ် ၁၂ ဦးကိုလည်း သီးခြားတွေ့ဆုံ၍ တိုင်းပြည်ကောင်းကျိုး အတွက် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် ၁၀ နှစ် တာမျှ ကွဲကွာနေရသော သားငယ်ကင်မ်အဲရစ်ခေါ် ကိုထိန်လင်းကို နိုဝင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



လ ၂၃ ရက်နေ့တွင် ပြန်လည်တွေ့ဆုံခွင့်ရခဲ့သည်။

ဗြိတိန်နိုင်ငံ၌ နေထိုင်လျက်ရှိသော ကင်မ်သည် မိခင်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်နိုင်သည်ဟုယူဆပြီး နိုဝင်ဘာလဆန်းကတည်းက ထိုင်းနိုင်ငံ၊ ဘန်ကောက်ရှိ မြန်မာသံရုံးတွင် ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားခဲ့ရာ ၃ ပတ်အကြာ နိုဝင်ဘာလ ၂၂ ရက်နေ့တွင် ဗီဇာရရှိခြင်း မိခင်ထံ လာရောက်လည်ပတ်ခဲ့ခြင်းဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်၏သားကြီး အလက်ဇန္ဒားခေါ် ကိုမြင့်ဆန်းအောင်သည် အမေရိကန်ပြည်ထောင်စု၌ နေထိုင်လျက်ရှိသည်။

၂၀၁၀ ပြည့်နှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့တွင် ရန်ကုန်တိုင်း ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံး၌ ဒေါ်အောင်ဆန်းစုကြည်သည် လူငယ်များနှင့်တွေ့ဆုံကာ ဩဝါဒစကားပြောကြားပြီးနောက် လူငယ်ကွန်ယက်တခုကို ဖွဲ့စည်းလိုက်သည်။ ပြည်သူလူထု၏ ပညာရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးကိစ္စများ ကျယ်ကျယ်ပြန့်ပြန့် ကျစ်ကျစ်လစ်လစ် ဆွေးနွေးလုပ်ဆောင်နိုင်ရေးနှင့် NLD ၏ဆွေးနွေးလုပ်ဆောင်မှုတိုင်း၌ လူငယ်များသိရှိပါဝင်ဆောင်ရွက်နိုင်ရေးအတွက် လူငယ်ကွန်ယက် ဖွဲ့စည်းခဲ့ခြင်း ဖြစ်သည်ဟု ဆိုသည်။

လူငယ်များနှင့် တွေ့ဆုံရာ၌ ဒေါ်အောင်ဆန်းစုကြည်က –

"ဒီနိုင်ငံမှာလုပ်ရမယ့် လူမှုရေး၊ နိုင်ငံရေးကိစ္စတွေဟာ အားလုံးနဲ့ သက်ဆိုင်နေတယ်ဆိုတာကို ကျမတို့နားလည်ဖို့လိုပါတယ်၊ အဲဒါကြောင့် ဒီလို ဆွေးနွေးပွဲလုပ်တာပါ၊ အဓိကအားဖြင့် ကျမတို့ရဲ့အခြေအနေတွေ၊ ကျမရဲ့ အတွေးအခေါ်တွေကို ပြောပြဖို့မဟုတ်ပါဘူး၊ ကျမတို့လူငယ်တွေရဲ့ စိတ်ထဲမှာ ဘာရှိတယ်၊ ဘယ်လိုနည်းတွေနဲ့ ကျမတို့နိုင်ငံ တိုးတက်အောင်လုပ်နိုင်မယ်လို့ လူငယ်တွေက ထင်သလဲ၊ ကျမတို့နိုင်ငံအတွက် အားနည်းချက်တွေဟာ ဘာတွေလဲ၊ ဒီအားနည်းချက်တွေကို ဘယ်လိုကျမတို့က ပြုပြင်နိုင်မလဲဆိုတဲ့ လူငယ်တွေရဲ့ အတွေးအမြင်တွေကို ကျမတို့သိချင်လို့ပါ။

ကျမ နိုဝင်ဘာလ ၁၃ ရက်နေ့အကျယ်ချုပ်က ထွက်လာတဲ့အချိန်ကစပြီး ပြည်သူတွေရဲ့အသံကို ကျမကြားချင်တယ်ဆိုပြီး ပြောခဲ့ပါတယ်၊ အဲဒီထွက်လာတဲ့နေ့ကပဲ ကျမသတိထားမိတာကတော့ ကျမတို့ရဲ့လှုပ်ရှားမှုထဲမှာ ထောက်ခံနေတဲ့ ပုဂ္ဂိုလ်အများစုဟာ တော်တော်ငယ်တဲ့ လူငယ်တွေဖြစ်ပါ

www.burmeseclassic.com

www.burmeseclassic.com



တယ်၊ အဲဒါကို ကျမအင်မတန်မှ သဘောကျပါတယ်၊ ဒီလိုလူငယ်တွေရဲ့ အင်အားရှိမှသာလျှင် ကျမတို့ရဲ့အနာဂတ်အတွက် ကျမတို့ လုံခြုံမှုရနိုင်မှာပါ။




လူငယ်တွေဟာ တကယ်ပဲ ဒီတိုင်းပြည်ရဲ့ နိုင်ငံရေးဖြစ်စဉ်၊ လူမှုရေးဖြစ်စဉ်တွေမှာ စိတ်ပါဝင်စားတယ်။ ဒီတိုင်းပြည်ကို ပြောင်းလဲဖို့ဟာ လူငယ်တွေက မိမိတို့ရဲ့တာဝန်ဖြစ်တယ်ဆိုတဲ့ အစွဲရှိပြီဆိုရင် ကျမတို့တိုင်းပြည်အတွက် စိတ်ချရပါပြီ၊ ဒီလိုအခြေအနေမရှိရင်တော့ မနက်ဖြန် ဒီမိုကရေစီရလို့ရှိရင်တောင်မှ စိတ်ချရဦးမှာမဟုတ်ပါဘူး၊ အနာဂတ်ကိုထိန်းသိမ်းသွားရမှာက လူငယ်တွေရဲ့ တာဝန်ဖြစ်ပါတယ်။ အဲဒါကြောင့် လူငယ်တွေအနေနဲ့ ဒီတာဝန်ကို ဘယ်လိုမြင်သလဲ၊ ဒီတာဝန်ကို ဘယ်လိုထမ်းဆောင်မယ်လို့ စိတ်ကူးထားသလဲဆိုတာ ကျမတို့သိဖို့အများကြီးလိုပါတယ်၊ ဒီတော့ ကျမတို့ အတူတူလက်တွဲပြီး လုပ်လို့ရမယ်၊ ကျမတို့အနေနဲ့ ပံ့ပိုးသင့်တဲ့နေရာက ပံ့ပိုးပေးလို့ရမှာဖြစ်ပါတယ်။" ဟူ၍ ပြောကြားသွားသည်။

၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် ပြည်သူလူထုကြီးအား အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်က နှစ်သစ်ကူးနှုတ်ခွန်းဆက်သဝဏ်လွှာပေးပို့ခဲ့သည်။ နှုတ်ခွန်းဆက် သဝဏ်လွှာ၌ –

"နှစ်ဟောင်းလွန်မြောက်နှစ်သစ်ရောက်ချိန်တွင် ကျမ၏ နိုင်ငံရေးဘဝ

www.burmeseclassic.com

www.burmeseclassic.com



ဖြတ်သန်းမှုကို ပြန်လည်သုံးသပ်ကြည့်သောအခါ ပြည်သူလူထု၏ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးအတွက် ကြိုးပမ်းသည့်ကာလ၊ နေအိမ်အကျယ်ချုပ် ကျခံသည့်ကာလ၊ ပြန်လည်လွတ်မြောက်လာသည့်ကာလဟူ၍ ကာလသုံးပါးကို တွေ့မြင်ရပါသည်။

ယင်းကာလသုံးပါးစလုံးတွင် ကျမအတွက်လည်းကောင်း ကျမ၏ရည်မှန်းချက်အတွက်လည်းကောင်း၊ ကျမ၏ကြိုးပမ်းဆောင်ရွက်မှုများအတွက် လည်းကောင်း၊ ထောက်ခံသူ၊ အား ပေးသူ၊ ကူညီသူ အမြောက်အမြားရှိပါသည်။ နိုင်ငံခေါင်းဆောင်များ၊ ဘာသာရေးခေါင်းဆောင်ကြီးများ၊ ငြိမ်းချမ်းရေး နိုဘယ်ဆုရှင်များအပါအဝင်ပုဂ္ဂိုလ်များ၊ ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ အပြည်ပြည် ဆိုင်ရာလွတ်ငြိမ်းချမ်းသာခွင့်အဖွဲ့ စသည်ပါဝင်သောအဖွဲ့အစည်းများ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥပရောပနိုင်ငံအများအပြားမှ နိုင်ငံသူနိုင်ငံသားများ၊ ပြည်တွင်းပြည်ပမှ ကျမတို့တိုင်းရင်းသားပြည်သူများ ပါဝင်ကြပါသည်။

ထိုသူများသည် ကာယကံအားဖြင့်၊ ဝစီကံအားဖြင့်၊ မနောကံအားဖြင့် ရိုင်းပင်းကူညီခဲ့သူများအတွက် ကျမက အထူးတလည် ကျေးဇူးဥပကာရ တင်ရှိပါကြောင်း အထူးတလည်ဖော်ပြအပ်ပါသည်။

အထူးသဖြင့် ယခုတကြိမ်ပြန်လွတ်ရာတွင် ပိုမိုတက်ကြွနေသော လူငယ်များအပါအဝင် ပြည်သူများမှ အင်တိုက်အားတိုက် ထောက်ခံအားပေးမှုကြောင့် ကျမအလွန်ဝမ်းမြောက်ကြည်နူးရပါသည်။ အမျိုးသားပြန်လည်သင့်မြတ်မှုရရှိရေး၊ စစ်မှန်သောပြည်ထောင်စုစိတ်ဓါတ်တဖန် နိုးထရှင်သန်လာရေးတို့အတွက် ပြည်သူ့နိုင်ငံရေး လူမှုကွန်ယက်ကြီးတရပ် ထူထောင်ခြင်းဖြင့် ကျမတို့မဖြစ်မနေကြိုးပမ်းရပါဦးမည်။ မင်္ဂလာနှစ်သစ်တွင် ခွန်သစ် အားသစ် လုပ်ငန်းပုံစံသစ်ဖြင့် တိုင်းရင်းသားပြည်သူအားလုံး လက်တွဲကြိုးပမ်းကြပါစို့ဟု နှိုးဆော်ရင်း နှုတ်ခွန်းဆက်သလိုက်ပါသည်။”

အောင်ဆန်းစုကြည်
ရက်စွဲ ၁ – ၁ – ၂၀၁၁

၂၀၁၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၂ ရက်နေ့တွင် အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ်ရုံး၌ ကျင်းပ သော (၆၄) နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားတွင်

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်အောင်ဆန်းစုကြည်တက်ရောက်၍ အမှာစကားပြောကြားခဲ့ရာ –

"(၆၄) နှစ်မြောက် ပြည်ထောင်စုနေ့မှာ အားလုံးဟာ ပိုပြီးညီညွတ်ဖို့နဲ့ တဦးအပေါ်တဦးနားလည်မှုရှိပြီး စည်းလုံးမှုရှိကြဖို့ အခုအချိန်မှာ အရေးအကြီးဆုံးပဲလို့ ကျမထင်ပါတယ်။ ကျမတို့နိုင်ငံဟာ တကယ့်ပြည်ထောင်စု စစ်စစ်ဖြစ်ဖို့ လူတိုင်းမှာတာဝန်ရှိပါတယ်။ ဒါ့ကြောင့် ဒုတိယပင်လုံညီလာခံ မလွဲမသွေ လိုအပ်ပါတယ်" ဟူ၍ ပြောကြားသွားခဲ့သည်။

ထိုနေ့မှာပင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် ကြေညာချက်အမှတ် ၂/၀၂/၁၁ ကို ထုတ်ပြန်ခဲ့သည်။ ကြေညာချက်အပြည့်အစုံမှာ –

မိမိတို့ မြန်မာနိုင်ငံတွင် ကချင်၊ ကယား၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသော တိုင်းရင်းသားလူမျိုးများ၊ လူမျိုးစုများသည် ကာလရှည်ကြာစွာကပင် တမြေတည်းနေ၊ တရေတည်းသောက် အတူတကွ ဆိုးတူကောင်းဘက် နေထိုင်လာခဲ့ကြပါသည်။ တိုင်းတပါး၏ကျေးကျွန်ဘဝသို့ အတူတကွ ကျဆင်းခဲ့ကြရသကဲ့သို့ ကျွန်ဘဝမှ လွတ်မြောက်ရေးအတွက်လည်း အတူတကွ ရုန်းကန်ကြိုးပမ်းခဲ့ကြရသည်။

ယင်းကဲ့သို့ နိုင်ငံ၏လွတ်လပ်ရေးအတွက် ကြိုးပမ်းခဲ့ရာတွင် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများသည် အမြော်အမြင်ကြီးမားမှု၊ အပြန်အလှန်လေးစားယုံကြည်မှု၊ မိသားစုစိတ်ဓါတ်ရှိမှုတို့ဖြင့် အပြေအလည်ဆွေးနွေးညှိနှိုင်းကြကာ ပြည်ထောင်စုသားအားလုံးတို့၏ စည်းလုံးညီညွတ်မှုကို ရယူခဲ့ပါသည်။ ထို့ကြောင့် မိမိတို့နိုင်ငံ လွတ်လပ်ရေး ပြန်လည်ရရှိရေးအတွက် ၁၉၄၇ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၂) ရက်နေ့တွင် ရှမ်းပြည်တောင်ပိုင်း၊ ပင်လုံမြို့၌ သမိုင်းမော်ကွန်းဝင် 'ပင်လုံစာချုပ်' ကို လက်မှတ်ရေးထိုးချုပ်ဆိုနိုင်ခဲ့သည်။

ယင်းပင်လုံစာချုပ်တွင် –

"...နယ်စပ်ဒေသများအတွက် နယ်တွင်းအုပ်ချုပ်ရေးတွင် ကိုယ်ပိုင်အုပ်ချုပ်ရေး ရာခိုင်နှုန်းအပြည့်ရှိစေရမည်ဟူသောမူကို သဘောတူညီကြသည်။" (စာချုပ်အပိုဒ် – ၅)

"နယ်စပ်ဒေသများ၏ နယ်သူနယ်သားများတို့သည် ဒီမိုကရေစီနိုင်ငံများတွင် အခြေခံမူများအဖြစ် အသိအမှတ်ပြုထားသော အခွင့်အရေးတို့ကို ခံစား

www.burmeseclassic.com

www.burmeseclassic.com



နိုင်ခွင့်ရှိစေရမည်” (စာချုပ်အပိုဒ် – ၇) ဟူသော မိမိတို့တိုင်းပြည်အတွက် အဓိကအရေးကြီးသည့် သဘောတူညီချက်များပါရှိခဲ့သည်။

သို့သော် တိုင်းပြည်၏ အခြေအနေနှင့် တိုင်းရင်းသားသွေးစည်း ညီညွတ်မှုတို့သည် တပ်မတော်ဖခင်ကြီး၊ လွတ်လပ်ရေးဗိသုကာကြီး ဗိုလ်ချုပ်အောင်ဆန်းနှင့် တိုင်းရင်းသားခေါင်းဆောင်ကြီးများ မျှော်မှန်းခဲ့သည့်အချက်များ၊ တိုင်းရင်းသားတို့၏လိုအင်ဆန္ဒများနှင့် ဝေးကွာလျက်ရှိနေသေးသည်ကို တွေ့မြင်နေရသည်။ ပင်လုံစာချုပ်ပါရည်ရွယ်ချက်များ ဆိတ်သုဉ်းနေသလို၊ ဒီမိုကရေစီအခွင့်အရေးများဆုံးရှုံးပြီး တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးများလည်း ကင်းမဲ့နေပါသည်။ ထို့ကြောင့် ပြည်ထောင်စုစိတ်ဓါတ် သို့မဟုတ် ပင်လုံစိတ်ဓါတ်လည်း ပျောက်ကွယ်လျက်ရှိပါသည်။ ပင်လုံစိတ်ဓါတ်ဆိုသည်မှာ တိုင်းရင်းသားလူမျိုးများအားလုံး၊ တန်းတူညီတူရေးနှင့် ယင်းတန်းတူညီတူရေးအပေါ် အခြေခံသော စည်းလုံးညီညွတ်မှုကို ရှေးရှုသည့် စိတ်ဓါတ်ဖြစ်ပါသည်။

မိမိတို့နိုင်ငံကို တည်ငြိမ်အေးချမ်းပြီး သာယာဝပြောသည့် စစ်မှန်သော ဒီမိုကရေစီပြည်ထောင်စုနိုင်ငံအဖြစ် အမှန်တကယ် တည်ဆောက်မည်ဆိုပါလျှင် တိုင်းရင်းသားလူမျိုးအားလုံး၏ သွေးစည်းညီညွတ်မှုသည် မရှိမဖြစ် လိုအပ်ပါသည်။

ယင်းညီညွတ်မှုမျိုးရရှိရန် လူမှုရေး တရားမျှတမှု၊ စီးပွားရေး တရားမျှတမှု၊ နိုင်ငံရေး တရားမျှတမှု၊ ပညာရေး တရားမျှတမှု၊ ကျန်းမာရေး တရားမျှတမှု၊ လွတ်လပ်စွာ တွေးခေါ်ကြံဆနိုင်မှု၊ လွတ်လပ်စွာဖွင့်ဟ ရေးသားထုတ်ဖော်နိုင်မှု၊ လွတ်လပ်စွာယုံကြည်ကိုးကွယ်နိုင်မှု၊ လွတ်လပ်စွာ ပရိယေသန ရှာမှီးနိုင်မှု၊ အဆင့်အတန်းညီမျှမှု၊ အခွင့်အလမ်းညီမျှမှု၊ တရားဥပဒေအရာတွင် ညီမျှမှုတို့ကို ပြည်ထောင်စုဖွားတိုင်းရင်းသားလူမျိုးများအားလုံး ခံစားနိုင်ကြစေရန် အခိုင်အမာ သန္နိဋ္ဌာန်ပြုကြရမည်ဖြစ်ပါသည်။ သို့မှသာ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်၍ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးများကို အာမခံနိုင်မည့် စစ်မှန်သည့် ဒီမိုကရေစီပြည်ထောင်စုနိုင်ငံသစ်ကို တည်ထောင်နိုင်မည်ဖြစ်ပါသည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသား သွေးစည်းညီညွတ်ရေး ပိုမိုခိုင်မြဲစေရန်နှင့် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်

www.burmeseclassic.com

www.burmeseclassic.com



လျက် –

"တတိုင်းပြည်လုံး ကြီးပွားစေချင်ရင် ... ဗမာကတမျိုး၊ ကရင်တဖုံ၊ ရှမ်း၊ ကချင်၊ ချင်းတို့က တခြား အကွဲကွဲအပြားပြားလုပ်နေကြရင် အကျိုးရှိမှာ မဟုတ်ဘူး၊ စုပေါင်းလုပ်ကြမှာသာ အကျိုးရှိနိုင်မယ်။"ဟု မိန့်ကြားခဲ့ပါသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် အထွေထွေအတွင်းရေးမှူး ဒေါ်အောင်ဆန်းစုကြည်ကလည်း အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် စပ်လျဉ်း၍ ကျမတို့အနေနဲ့ အမြဲတမ်းပဲ အမျိုးသားပြန်လည်သင့်မြတ်ရေးကို ယုံကြည်ပါကြောင်း၊ ကျမတို့မြန်မာစစ်အစိုးရနှင့်အတူတူ ပြောင်းလဲမှုတွေ လုပ်ချင်ပါကြောင်းဟုလည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုနှင့် စပ်လျဉ်း၍ တိုင်းရင်းသားများရဲ့ ပြင်းပြတဲ့ဆန္ဒ၊ မျှော်လင့်ခြင်းတွေနဲ့ ဦးတည်ချက်တစ်ခုကိုသွားပြီး အဲဒီပြင်းပြတဲ့ဆန္ဒကို အခြေခံတဲ့ ပြည်ထောင်စုစိတ်ဓာတ်တစ်ခုကို တည်ဆောက်ရမှာဖြစ်ကြောင်းဟု လည်းကောင်း၊ တိုင်းပြည်နှင့် ပြည်သူလူထု၏ ပစ္စုပ္ပန်နှင့် အနာဂတ်အမျိုးသား အကျိုးစီးပွားများကို မျှော်ကိုး၍ ပြောကြားခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် (၁၉၈၉)ခုနှစ်၊ ဖေဖော်ဝါရီလ(၁၂)ရက်နေ့တွင် ပင်လုံမြို့၌ ကျင်းပသော ပြည်ထောင်စုနေ့အခမ်းအနား၌ တိုင်းရင်းသားလူမျိုးအားလုံး လက်တွဲမဖြုတ်စတမ်း သွေးစည်းညီညွတ်မှုဖြင့် ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေး၊ ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်ထောင်စုကြီး ငြိမ်းချမ်းသာယာရေးကို ဦးတည်ရှေးရှုကြောင်းကို အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြေညာချက်အမှတ် – (၉) ဖြင့် အတိအလင်းဖတ်ကြား ကြေငြာခဲ့ပြီးလည်း ဖြစ်ပါသည်။

သို့ပါ၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ တိုင်းရင်းသားလူမျိုးများ သွေးစည်းညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် သို့မဟုတ် ပင်လုံစိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတို့အတွက်–

(က)အမျိုးသားရင်ကြားစေ့ရေးကို အကောင်အထည်ဖော်နိုင်ရန် နိုင်ငံရေးအဓိပ္ပါယ် ပြည့်ဝသော တွေ့ဆုံဆွေးနွေးခြင်းကို အမြန်ဆုံးကျင်းပရန်။

(ခ) မိမိတို့၏ နိုင်ငံရေးယုံကြည်ချက်ကြောင့် ပြစ်ဒဏ်ကျခြင်း ခံနေကြရသော ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များ၊ တိုင်းရင်းသားခေါင်း

www.burmeseclassic.com

www.burmeseclassic.com



ဆောင်များအပါအဝင် နိုင်ငံရေးအကျဉ်းသားအားလုံးကို ချွင်းချက်မရှိ အမြန်ဆုံး ပြန်လွှတ်ပေးရန်” စသည်တို့ကို အာဏာပိုင်တို့က အမြန်ဆုံး ဆောင်ရွက်ပေးပါရန် ဤပြည်ထောင်စုနေ့မြတ်ကြီးတွင် တောင်းဆိုလိုက်သည်။

၂၄ – ၁ – ၁၁ နေ့တွင် ကျင်းပသော ဗဟိုအလုပ်မှုဆောင်အဖွဲ့ အစည်း အဝေးဆုံး ဖြတ်ချက်အရ။

ရန်ကုန်မြို့
ဗဟိုအလုပ်အမှုဆောင်အဖွဲ့
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်

၂၀၁၁ ခုနှစ်၊ မေလ ၁၉ ရက် ညနေပိုင်းတွင် ဒေါ်အောင်ဆန်းစုကြည်သည် အမေရိကန်ပြည်ထောင်စု ဒုတိယလက်ထောက် နိုင်ငံခြားရေးဝန်ကြီး ဂျိုးဇက်ယွန်းနှင့် သူမနေအိမ်၌ အရင်ဆုံး သီးခြားတွေ့ဆုံဆွေးနွေးခဲ့သည်။ ထို့နောက် ဂျိုးဇက်ယွန်းသည် NLD ဗဟိုကော်မတီဝင်များ၊ CRPP ခေါ် ပြည်သူ့လွှတ်တော် ကိုယ်စားပြုကော်မတီဝင်များကို သီးခြားတွေ့ဆုံခဲ့သည်။

၂၀၁၁ ခုနှစ်၊ မေလ ၂၀ ရက်နေ့တွင် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ အချိန်ပြည့်အထူးကိုယ်စားလှယ်တဦးထားရှိဖို့ မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်က လိုလားကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် မစ္စတာဗီဂျေးနမ်ဘီးယားက လုံခြုံရေးကောင်စီ ဆွေးနွေးပွဲ၌ လုံခြုံရေးကောင်စီကို အစီရင်ခံခဲ့ကြောင်း ပြောကြားခဲ့သည်။ ထို့အပြင် မြန်မာအစိုးရသစ်သည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂ လူ့အခွင့်အရေး ကိုယ်စားလှယ် မစ္စတာ သောမတ်စ်ကင်တားနားကို ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံခွင့်ပြုရန် တောင်းဆိုမှုကို ငြင်းပယ်ခဲ့ခြင်းနှင့်ပတ်သက်၍လည်း မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့်ပတ်သက်ပြီး စုံစမ်းရေးကော်မရှင် တရပ် ဖွဲ့စည်းပေးရန် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသို့ တင်ပြတောင်းဆိုနေသူလည်းဖြစ်သည်။

မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ကို မြန်မာနိုင်ငံအမျိုးသမီးများနေ့ဟူ၍ မြန်မာနိုင်ငံနှင့် ကမ္ဘာတဝှမ်း၌ နှစ်စဉ်ကျင်းပ လာခဲ့သည်မှာ ယခုအခါ (၁၅) နှစ် တိုင်ခဲ့ပြီးဖြစ်သည်။ ၂၀၁၁ ခု ဇွန်လတွင် မြန်မာ

www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံအမျိုးသမီးများနေ့အထိမ်းအမှတ် ရိုးရာယဉ်ကျေးမှုဂီတပွဲတော်ကို ၂၀၁၁ ခု ဇွန်လ ၁၀ ရက်မှ ၁၉ ရက်နေ့အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။

ယနေ့ ဇွန်လ ၁၉ ရက် တနင်္ဂနွေနေ့သည် ဒေါ်အောင်ဆန်းစုကြည်၏ (၆၆) နှစ်မြောက်မွေးနေ့ဖြစ်သည်။ ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၈၈ ခုနှစ်မှစ၍ မြန်မာ့နိုင်ငံရေးလောကသို့ ခြေစုန်ပစ်ဝင်ရောက်ကာ မြန်မာနိုင်ငံတွင် စစ်အာဏာရှင်အစိုးရအား ဖြုတ်ချ၍ ဒီမိုကရေစီရရှိရေးအတွက် လူထုကြီးနှင့်အတူ ဦးဆောင်တိုက်ပွဲဝင်နေသည်မှာ (၂၃) နှစ်တိုင်ခဲ့ပြီဖြစ်သည်။ သို့သော် ၂၃ နှစ်ကာလအတွင်း စစ်အစိုးရ၏ နေအိမ်အကျယ်ချုပ် အကြိမ်ကြိမ်ချထားခြင်းခံရသည့်အတွက် သူမ၏မွေးနေ့ပွဲများကို နှစ်စဉ် မကျင်းပနိုင်ခဲ့ချေ။

ယခုနှစ် ဒေါ်အောင်ဆန်းစုကြည်မွေးနေ့ပွဲ၌ ပြည်နယ်နှင့်တိုင်းအသီးသီးမှ တိုင်းရင်းသားများ၏ ရိုးရာအကများ၊ ရိုးရာဓလေ့များ၊ စာပေအနုပညာ၊ ယဉ်ကျေးမှုပြပွဲများ၊ ဈေးရောင်းပွဲတော်နှင့် ဂီတပြိုင်ပွဲများ၊ ဖြေဖျော်ပွဲများကိုလည်း စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်ပြည့်မွေးနေ့ပွဲသို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မှလည်း သဝဏ်လွှာတစောင်ပေးပို့ခဲ့သည်။ ယင်းသဝဏ်လွှာ၌ –

၂၀၁၁ ခုနှစ်၊ ဇွန်လ (၁၉) ရက်နေ့၊ ဤနေ့တွင် ကျရောက်သော အမျိုးသားခေါင်းဆောင် ၁၉၉၁ ခုနှစ် ကမ္ဘာ့ငြိမ်းချမ်းရေးနိုဘယ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်၏ (၆၆) နှစ်ပြည့်မွေးနေ့အခါသမယတွင် ဒေါ်အောင်ဆန်းစုကြည် ကျန်းမာရွှင်လန်းပါစေကြောင်းနှင့် စိတ်ချမ်းသာကိုယ်မာကျန်းစွာဖြင့် အသက်ရာကျော်ရှည်ပါစေကြောင်း ဦးစွာပထမ ဆုမွန်ကောင်းတောင်း မေတ္တာပို့သအပ်ပါသည်။

စစ်မှန်သော ဒီမိုကရေစီရရှိရေး၊ လူ့အခွင့်အရေးများကို အာမခံမှုရရှိစေရေး စသည့် ပြည်သူလူထု၏စစ်မှန်လုံခြုံသည့်ဘဝများ ခံစားစံစားနိုင်ရန်အတွက် နှစ်ပေါင်း ၂၀ ကျော်ကြာ မမောမပမ်း အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသော ကျွန်ုပ်တို့၏ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်၏ ဆောင်ရွက်ချက်များကို မိမိတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) မှ ဦးညွှတ်ဂုဏ်ပြုလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အချိန်ပေါင်းများစွာ မတရားအကျဉ်းချထားမှု၊ အကြိမ်ပေါင်းများစွာ ကန့်သတ်နှောင့်ယှက်မှုများအကြားမှ မေတ္တာတရားကို ရင်ဝယ်ထားပြီး ငြိမ်းချမ်းသောနည်းလမ်းကို အခိုင်အမာစွဲကိုင်ပြီး မကြောက်မရွံ့ နောက်မဆုတ်ဘဲ ရှေ့တန်းမှ ဦးဆောင်လျှောက်လမ်းနေသည့် ဒေါ်အောင်ဆန်းစုကြည်၏ ရပ်တည်ချက်သဘောထားများသည် မိမိတို့အတွက် ခွန်အားတရပ်ကို ဖြစ်စေပါသည်။ မိမိတို့အတွက် အတုယူ စံနမူနာထားစရာလည်း ဖြစ်ပေသည်။

မပြီးဆုံးသေးသော ပြည်သူလူထု၏ မျှော်လင့်ချက်များ၊ မရောက်ရှိသေးသော ဒီမိုကရေစီပန်းတိုင်အတွက် အောင်မြင်ချောမွေ့စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကျွန်ုပ်တို့၏ ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်နှင့်အတူ မိမိတို့ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ) အနေဖြင့် ကိုယ်စွမ်းရှိသမျှ၊ ဉာဏ်စွမ်းရှိသလောက် အစွမ်းကုန်ဝန်းရံကြိုးပမ်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း လေးနက်တည်ကြည်စွာ ကတိသစ္စာပြုရင်း ဤမွေးနေ့သဝဏ်လွှာကို ပေးပို့လိုက်ပါသည်။

ဒေါ်အောင်ဆန်းစုကြည်ကျန်းမာပါစေ။<br>ဒေါ်အောင်ဆန်းစုကြည် သက်တော်ရာကျော် ရှည်ပါစေ။

ဗဟိုကော်မတီ<br>အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)<br>ရက်စွဲ ၂၀၁၁ ခုနှစ်၊ ဇွန်လ ၁၉ ရက်

၁၅ ကြိမ်မြောက် မြန်မာနိုင်ငံ အမျိုးသမီးများနေ့နှင့် ဒေါ်အောင်ဆန်းစုကြည်၏ (၆၆) နှစ်မြောက်မွေးနေ့အထိမ်းအမှတ်ကို မြန်မာနိုင်ငံ အမျိုးသမီးထုလှုပ်ရှားမှုကော်မတီက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (လွတ်မြောက်နယ်မြေ)၊ လူ့ဘောင်သစ်ဒီမိုကရက်တစ်ပါတီ (အလုပ်သမားဌာန) တို့က ပူးပေါင်း၍ ထိုင်းနိုင်ငံ၊ မဲဆောက်မြို့၌ ကျင်းပခဲ့ပြီး မွေးနေ့အထိမ်းအမှတ် ကြေညာချက်တရပ်ကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါကြေညာချက်၌ –

လူထုခေါင်းဆောင်ဒေါ်ဆောင်ဆန်းစုကြည်၊ အမျိုးသားဒီမိုကရေစီအဖွဲ့

www.burmeseclassic.com

www.burmeseclassic.com



ချုပ်နှင့်ပြည်သူ့လွှတ်တော်ကိုယ်စားပြုကော်မတီတို့အပေါ် ယခုလက်ရှိ အရပ်သားအယောင်ဆောင် စစ်အစိုးရ၏ အလေးမထားပြောဆိုတုံ့ပြန်မှုများကို ပြင်းထန်စွာ ကန့်ကွက်ရှုတ်ချပြီး လက်ရှိဦးသိန်းစိန်အစိုးရအနေဖြင့် –

★ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများအပါအဝင် လူ့အခွင့်အရေးချိုးဖောက်နေမှုများကို ချက်ချင်းရပ်တန့်ပေးရန်။

★ အမျိုးသမီးနိုင်ငံရေးအကျဉ်းသူ (၁၄၃) ဦးအပါအဝင် နိုင်ငံရေး အကျဉ်းသားများအားလုံးကို ခြွင်းချက်မရှိ အမြန်ဆုံးလွှတ်ပေးရန်။

★ တိုင်းရင်းသားဒေသများသို့ ထိုးစစ်ဆင်တိုက်ခိုက်ရန် ပြင်ဆင်နေခြင်းများနှင့် လက်တွေ့ထိုးစစ်ဆင်တိုက်ခိုက်နေခြင်းများကို ချက်ချင်းရပ်တန့်ပေးရန်။

★ နိုင်ငံရေးပြဿနာများကို နိုင်ငံရေးနည်းလမ်းအရ အင်အားစုအသီးသီးပါဝင်ပြီး တွေ့ဆုံဆွေးနွေးအဖြေရှာခြင်းဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ်များကို ချက်ချင်းအကောင်အထည်ဖော်ရန်။

မိမိတို့မြန်မာနိုင်ငံအမျိုးသမီးထုလှုပ်ရှားမှုကော်မတီက တောင်းဆိုလိုက်ပါသည်'' ဟူ၍ ဖော်ပြထားပေသည်။

## (၆၄) နှစ်မြောက် အာဇာနည်နေ့

တပ်မတော်ဖခင်ကြီးနှင့် လွတ်လပ်ရေးဗိသုကာဗိုလ်ချုပ်အောင်ဆန်းနှင့် အာဇာနည်ခေါင်းဆောင်ကြီးများအား နောင်လာနောင်သားများနှင့် လူငယ်များ အမှတ်တရရှိစေခြင်းငှာ နှစ်စဉ် ဇူလိုင်လ ၁၉ ရက်တိုင်းတွင် 'အာဇာနည်နေ့' အဖြစ် ကျင်းပလာခဲ့သည်မှာ ယခုနှစ် ၂၀၁၁ ခုနှစ်၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ၆၄ နှစ်မြောက် ပြည့်ခဲ့ပြီးဖြစ်သည်။ သို့သော် စစ်အာဏာရှင်တို့သည် အာဇာနည်နေ့ကို တဖြည်းဖြည်း မေးမှိန်ပျောက်ကွယ်သွားရန် ရည်ရွယ်၍ နိုင်ငံတော်အဆင့်ကျင်းပခဲ့ရာမှ ယခုအခါ တိုင်းဒေသကြီးစည်ပင်သာယာရေး ကော်မတီအစီအစဉ်ဖြင့်သာ ကျင်းပလာခဲ့ပါသည်။ ထို့အပြင် မြန်မာနိုင်ငံရှိ နိုင်ငံခြားသံတမန်များ၊ ကုလသမဂ္ဂဌာနေကိုယ်စားလှယ်များနှင့် အခြားအစိုးရမဟုတ်သော လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများကို အာဇာနည်နေ့၌ သွားရောက်လွှမ်းသူပန်းခွေချခြင်းနှင့် အလေးပြုမှု အစီအစဉ်များအားလုံးကို

www.burmeseclassic.com

www.burmeseclassic.com



ပိတ်သိမ်းပစ်ခဲ့သည်။ အစိုးရဌာနများ၌လည်း ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံများကို ချိတ်ဆွဲခြင်းမပြုတော့ဘဲ လက်ရှိထုတ်ဝေသုံးစွဲနေသောငွေစက္ကူများ၌ ဗိုလ်ချုပ်အောင်ဆန်း၏ ဓာတ်ပုံ၊ ရုပ်ပုံများကို ဖယ်ရှားပစ်ခဲ့သည်။ အာဇာနည်နေ့အကြောင်း စာသင်ကျောင်းများ၌ ဟောပြောပွဲ များပြုလုပ်ခြင်း၊ စာစီစာကုံးပြိုင်ပွဲကျင်းပခြင်း၊ ပြုလုပ်ခြင်းတို့ကိုလည်း ပိတ်ပင်တားဆီးခဲ့သည်။ ထို့အပြင် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်သော အစိုးရဧည့်သည်တော်များကို အာဇာနည်ကုန်း၌ လွမ်းသူ့ပန်းခွေချ၍ ဂါရဝပြုမှု အစီအစဉ်များအားလုံးကို ပိတ်ပင်ခဲ့သည်။ ဗိုလ်ချုပ်အောင်ဆန်းပြတိုက်ကိုလည်း အာဇာနည်နေ့ တရက်မှလွဲ၍ ကျန်ရက်များတွင် မဖွင့်လှစ်တော့ပေ။

မြန်မာစစ်အာဏာရှင်များသည် အာဇာနည်နေ့ကို မေးမှိန်အောင် ပြုလုပ်နေသည့် ရည်ရွယ်ချက်မှာ –

(၁) အာဇာနည်ခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်းသည် လူထုတရပ်လုံးအား စုစည်း၍လွတ်လပ်ရေးအရယူပေးသည့် အမျိုးသားခေါင်းဆောင်ကြီးဖြစ်သကဲ့သို့ ၎င်း၏သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ကလည်း လူထုအား ဦးဆောင်ဦးရွက်ပြုကာ ဒီမိုကရေစီနိုင်ငံတော် တည်ထောင်နေသည်ကို မလိုလားခြင်း။

(၂) မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ် အခြေတည်သွားပါက စစ်မှန်သော အုပ်ချုပ်ရေး၊ ဥပဒေပြုရေး၊ တရားစီရင်ရေးစသည့် မဏ္ဍိုင်ကြီး (၃) ရပ် ပေါ်ထွန်းလာပါက စစ်အာဏာရှင်အဆက်ဆက် ကျူးလွန်ခဲ့သော၊ ကျူးလွန်ဆဲဖြစ်သောအပြစ်များကို တန်ပြန်အရေးယူမည်ကို စိုးရိမ်နေကြခြင်း။

(၃) လူထုတရပ်လုံးကို စုစည်းနိုင်မည့် NLD နှင့် ဒေါ်အောင်ဆန်းစုကြည်ကို ဖယ်ရှားနိုင်ပါက မြန်မာနိုင်ငံကို စစ်အာဏာရှင်ခေါင်းဆောင်များ စိတ်ကြိုက် ဆက်လက်ကြိုးကိုင်နိုင်မည်ဟု ထင်မြင်ယူဆနေခြင်း။

(၄) အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရင်သွေးများနှင့် လူငယ်များသည် လက်ရှိစစ်အာဏာရှင်အစိုးရ၏ စစ်အမြင်၊ စစ်ရပ်တည်မှု၊ စစ်အာဏာရှင်စနစ်တည်တံ့ခိုင်မြဲရေးကို ဆန့်ကျင်တိုက်ပွဲဝင်နေသည့် လူထုခေါင်းဆောင်များ ဖြစ်နေခြင်း။ စသည့်အချက်များကြောင့် ဖြစ်ပေသည်။

သို့သော် ယခုနှစ် ၂၀၁၁ ခု၊ ဇူလိုင်လ ၁၉ ရက်နေ့တွင် ကျရောက်ခဲ့သော

www.burmeseclassic.com

www.burmeseclassic.com



(၆၄) နှစ်မြောက် အာဇာနည်နေ့အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည် သည် နံနက် (၈) နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစီအစဉ်ဖြင့် ပထမအကြိမ်၊ နေ့လယ် ၁ နာရီခန့်တွင် NLD ၏အစီအစဉ်ဖြင့် ဒုတိယအကြိမ် စုစုပေါင်း (၂) ကြိမ်တက်ရောက်၍ လွမ်းသူ့ပန်းခွေချကာ ဂါရဝပြုခဲ့သည်။



၆၄ နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားတွင် ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခွေချရန် ရောက်ရှိလာစဉ်

ဒေါ်အောင်ဆန်းစုကြည်သည် ၁၉၄၇ ခုနှစ် ၊ ဇူလိုင်လ ၁၉ ရက် နံနက် ၁၀ း ၃၅ နာရီ တွင် ကျဆုံးသွားသော တပ်မတော်ဖခင်ကြီးနှင့် အမျိုးသား ခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းအား ရည်စူး၍ သံဃာတော်များအား အာရုံဆွမ်း ဆက်ကပ်လှူဒါန်းပြီး နေ့လယ် ၁၁ နာရီတွင် NLD အဖွဲ့ချုပ်ရုံး၌ ကျင်းပသည့် အာဇာနည်နေ့အခမ်းအနားကို CRPP ခေါင်းဆောင်များ၊ အဖွဲ့ ချုပ်ခေါင်းဆောင်များ၊ ဝါရင့်နိုင်ငံရေးခေါင်းဆောင်များ၊ နိုင်ငံခြားသံတမန်များ နှင့်အတူ တက်ရောက်ခဲ့လေသည်။

၂၀၁၁ ဇူလိုင်လ ၂၅ ရက်နေ့တွင် အစိုးရသစ်အဖွဲ့မှ ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည် (အလုပ်သမားဝန်ကြီးနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီး) နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် နေ့လယ် ၁ နာရီမှ ၂ း ၁၀ နာရီအထိ ရန်ကုန်မြို့ ဇပာန်းမြို့နယ်ရှိ အစိုးရဧည့်

www.burmeseclassic.com

www.burmeseclassic.com



ဂေဟာ စိမ်းလဲ့ကန်သာ၌ တွေ့ဆုံပြီး ယနေ့မြန်မာနိုင်ငံ၏ နိုင်ငံရေးအခြေအနေများအပေါ်အခြေခံ၍ တွေ့ဆုံဆွေးနွေးခဲ့သည်။ ယခင် နအဖအစိုးရလက်ထက်တွင် အလုပ်သမားဝန်ကြီးနှင့် ဆက်သွယ်ရေးဝန်ကြီးဖြစ်ခဲ့သူ ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့သည် ၉ ကြိမ်တိုင်တိုင် တွေ့ဆုံဆွေးနွေးခဲ့သော်လည်း ထင်သာမြင်သာရှိသည့်တိုးတက်မှု တစုံတရာမရှိခဲ့ချေ။ ယခုအစိုးရသစ်လက်ထက်၌လည်း အလုပ်သမားဝန်ကြီးအဖြစ် ဆက်လက်ထမ်းရွက်နေသော ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့၏ (၁၀) ကြိမ်မြောက်တွေ့ဆုံဆွေးနွေးမှုအပေါ် ၌လည်း နိုင်ငံရေးလေ့လာသုံးသပ်သူများနှင့် ကမ္ဘာ့ခေါင်းဆောင်များက သတိထားစောင့်ကြည့်နေကြပေသည်။ အစိုးရသစ်သည် သက်တမ်းကာလ ၄ လနီးပါးရှိပြီဖြစ်သော်လည်း မြန်မာနိုင်ငံ၌ ရင်ဆိုင်တွေ့ကြုံနေရသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးပြဿနာများအပြင် ကလေးစစ်သားအရေး၊ လက်နက်ကိုင်အဖွဲ့ အစည်းများအား နယ်ခြားစောင့်တပ်အသွင်ပြောင်းလဲရေး၊ တိုင်းရင်းသားများအရေး၊ ကလေးသူငယ်များနှင့် အမျိုးသမီးများ လူကုန်ကူးခံရမှု၊ ပေါ်တာဆွဲခံရမှု၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်တို့၌ ဖြစ်ပွားနေသော ပြည်တွင်းစစ်တိုက်ပွဲများအရေး စသည်တို့ကို ယနေ့တိုင် မဖြေရှင်းနိုင်သေးပေ။ မြန်မာနိုင်ငံသည် အခြားအာဆီယံနိုင်ငံများထက် နိမ့်ကျနေပေသည်။ ထို့ပြင် နိုင်ငံတကာ၏ စီးပွားရေး၊ နိုင်ငံရေး ဖိအားပေးအကျပ်ကိုင်မှုများနှင့် ၂၀၁၄ ခုနှစ်တွင် အာဆီယံအလှည့်ကျခေါင်းဆောင်အဖြစ် တာဝန်ယူနိုင်ရေးတို့အတွက် နိုင်ငံတကာ၏ ဖိအားများလျှော့ချရေးနှင့် လူထုအား လှည့်စားရန် အတွက် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ခဲ့သည်ဟု လေ့လာသုံးသပ်သူများရှိသလို၊ အချို့ကလည်း သို့လော ...သို့လောနှင့် စိတ်ဝင်တစား စောင့်ကြည့်လျက်ရှိနေပေသည်။

တွေ့ဆုံဆွေးနွေးပွဲအပြီး၌ သတင်းထောက်များ၏အမေးကို ဝန်ကြီး ဦးအောင်ကြည်က “အခုတွေ့ဆုံမှုကတော့ အဲ့ဒီရလဒ်များထက် ပိုမိုကောင်းမွန်တဲ့ ရလဒ်ဖြစ်လာလိမ့်မယ်လို့ ကျွန်တော်အနေနဲ့ မျှော်လင့်ပါတယ်”ဟူ၍ ဖြေကြားခဲ့သည်။

ဒေါ်အောင်ဆန်းစုကြည်ကမူ –

www.burmeseclassic.com

www.burmeseclassic.com



“ကျမတို့ကတော့ တိုင်းပြည်အတွက်အကျိုးဖြစ်စေမယ့် ရလဒ်တွေပဲလို့ မျှော်လင့်ပါတယ်။ ဘာပဲလုပ်လုပ်ပေါ့နော်၊ ဘာစကားပဲပြောပြော၊ ဘယ်သူနဲ့ ပဲတွေ့တွေ့၊ ကျမတို့ရဲ့ရည်ရွယ်ချက်ကတော့ နိုင်ငံနှင့်တိုင်းပြည်အတွက် ပြည်သူပြည်သားများကို အကျိုးပြုဖို့ပါပဲ။ အဲ့ဒီလိုပဲ ကျမတို့မျှော်လင့်ပါတယ်” ဟူ၍ ပြောကြားသွားသည်။



၁၉၉၄ ခုနှစ်၊ စက်တင်ဘာ ၁ ရက်နေ့က ဒေါ်အောင်ဆန်းစုကြည်
ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ စစ်ထောက်လှမ်းရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးခင်ညွန့်တို့နှင့် တွေ့ဆုံစဉ်

## ဒေါ်အောင်ဆန်းစုကြည်၏ အိတ်ဖွင့်ပေးစာ

ထို့နောက် လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် ၂၀၁၁ ခုနှစ် ဇူလိုင်လ ၂၈ ရက်နေ့တွင်အစိုးရသစ် (ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်) သမ္မတဦးသိန်းစိန်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO)၊ ကရင်အမျိုးသား အစည်းအရုံး (KNU)၊ မွန်ပြည်သစ်ပါတီ (NMSP)၊ ရှမ်းပြည်တပ်မတော် (SSA) တို့ကို လိပ်မူ၍ အိတ်ဖွင့်ပေးစာတစ်စောင်ကို ပေးပို့ခဲ့သည်။ ယင်းအိတ်ဖွင့် ပေးစာ၌ –

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလူမျိုးစုများ နှင့် ပေါင်းစပ်ဖွဲ့စည်းထားသော နိုင်ငံဖြစ်ပါသည်။ ယင်းတိုင်းရင်းသားအားလုံး သည် နှစ်ပရိစ္ဆေဒများစွာကပင် တမြေတည်းနေ၊ တရေတည်းသောက် အတူ

www.burmeseclassic.com

www.burmeseclassic.com



နေထိုင်ခဲ့ကြသော ညီအကိုမောင်နှမများဖြစ်ကြပါသည်။ ထို့ကြောင့် တိုင်းရင်းသားလူမျိုးစုများအားလုံး ချစ်ကြည်ရင်းနှီး သွေးစည်းညီညွတ်ရေးသည် အလွန်အရေးကြီးပါသည်။

ယခုအခါ ကချင်၊ ရှမ်း၊ ကရင်နှင့် မွန်စသည့်ပြည်နယ်များတွင် တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား၊ ပဋိပက္ခများဖြစ်ပွားလျက်ရှိကြောင်း ကြားသိနေရပါသည်။ ယင်းပဋိပက္ခများကြောင့် သေကြေဆုံးရှုံးပျက်စီးမှုများ၊ ဝမ်းနည်းဖွယ်ရာများ ဖြစ်ပွားလျက်ရှိသည့်အပြင် တန်ဖိုးကြီးမားသည့် နိုင်ငံပိုင်အဆောက်အဦများ၊ စီမံကိန်းလုပ်ငန်းများ၊ ယိုယွင်းပျက်စီးမှုများ ကြုံတွေ့နေရပါသည်။ ဒေသခံတိုင်းရင်းသားပြည်သူများလည်း အတိဒုက္ခများစွာ ကျရောက်နေကြသည့်အပြင် အိမ်နီးချင်းနိုင်ငံများကိုပါ ကူးစက်ပျံ့နှံ့မည့် အန္တရာယ်ရှိနေပါသည်။

ယင်းပဋိပက္ခများနှင့် ပြဿနာများကို အင်အားသုံး၍ ဖြေရှင်းကြမည်ဆိုလျှင် နှစ်ဦးနှစ်ဖက် အကျိုးဆုတ်ယုတ်မှုများသာ ဖြစ်ပေါ်ပါမည်။ အမျိုးသားရင်ကြားစေ့ရေးကို စစ်ရေးနည်းများဖြင့် တည်ဆောက်၍မရနိုင်ပါ။ နိုင်ငံရေးနည်းလမ်းဖြစ်သော ဆွေးနွေးညှိနှိုင်းဖြေရှင်းခြင်းဖြင့်သာ တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။ နိုင်ငံရေးအရ၊ ညှိနှိုင်းရေးအရ ညှိနှိုင်းဖြေရှင်းနိုင်ကြမှသာလျှင် ပြည်ထောင်စုကြီးအနာဂတ်ကို အာမခံနိုင်မည့် စစ်မှန်သော တိုင်းရင်းသား သွေးစည်းညီညွတ်မှုကို ရရှိမည်ဖြစ်ပါသည်။ စစ်မှန်သော ငြိမ်းချမ်းပြေလည်မှုမရရှိလျှင် ပြည်တွင်းစစ်မီးဟူသည် ကျယ်ပြန့်သွားနိုင်သည့် အန္တရာယ်ရှိတတ်ပါသည်။

ပြည်ထောင်စုသားအချင်းချင်းအကြား ဖြစ်ပေါ်နေသောပြဿနာများကို တဦးနှင့်တဦး၊ တဖွဲ့နှင့်တဖွဲ့ အပြန်အလှန် နားလည်မှု၊ အပြန်အလှန် ယုံကြည်လေးစားမှုတို့ဖြင့် ဖြေရှင်းကြမည်ဆိုလျှင် ပြေလည်မှုရရှိကြပြီး ပြည်ထောင်စုကြီး ငြိမ်းချမ်းတည်ငြိမ်မည်ဖြစ်ပါသည်။ ပြည်ထောင်စုကြီး ငြိမ်းချမ်းတည်ငြိမ်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

သို့ပါ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားလူမျိုးအားလုံး၏ အကျိုးစီးပွားကို ရှေးရှု၍ ယခုဖြစ်ပွားနေသော

www.burmeseclassic.com

www.burmeseclassic.com



ပဋိပက္ခများကို ငြိမ်းချမ်းစွာဖြေရှင်းကြပါရန်နှင့် အမြန်ဆုံး အပစ်အခတ် ရပ်စဲကြပါရန် လေးနက်စွာ ပန်ကြားအပ်ပါသည်။

အပစ်ခတ်ရပ်စဲရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ပံ့ပိုးရန်အတွက် ကျမအနေဖြင့် ကိုယ်စွမ်းရှိသမျှ ပါဝင်ကြိုးပမ်းပေးရန် အသင့်ရှိပါသည်။

အောင်ဆန်းစုကြည်

မည်သို့ဆိုစေ...လူထုခေါင်းဆောင် ဒီမိုကရေစီမိခင်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အမျိုးသားခေါင်းဆောင်ကြီးဗိုလ်ချုပ်အောင်ဆန်း၏ သမီးပီပီ မြန်မာနိုင်ငံတွင် စစ်မှန်သော ဒီမိုကရေစီရရှိရေးအတွက် တိုင်းပြည်နှင့် ပြည်သူလူထုအပေါ်တွင် သစ္စာရှိရှိ၊ ဥာဏ်အမြော်အမြင်ရှိရှိ ရဲရဲဝံ့ဝံ့သတ္တိရှိစွာဖြင့် တိုက်ပွဲဝင်နေရာ ပြည်သူလူထုတရပ်လုံးကလည်း အမှန်တရားသည် နောက်ဆုံးအောင်ပွဲဟု မှတ်ယူကာ ဒေါ်အောင်ဆန်းစုကြည်၏ ဦးဆောင်မှုအောက်၌ စုစည်းညီညွတ်စွာ တာဝန်သိသိ၊ ဥာဏ်အမြော်အမြင်ရှိရှိ ပူးပေါင်းပါဝင်ဆောင်ရွက်၍ ဒီမိုကရေစီရေးအတွက် မိမိကျရာအခန်းကဏ္ဍမှ တိုက်ပွဲဝင်ပါက 'အရှေ့က နေဝန်းထွက်သည့်ပမာ' ဒီမိုကရေစီခေတ်ကို ကျွန်ုပ်တို့ရောက်မည်မှာ မလွဲကေန်ဟု ရိုးသားစွာ ယုံကြည်နေမိပါတော့သည်။

သန်းဝင်းလှိုင်

၃၁ – ၇ – ၂၀၁၁

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)
## ဒေါ်အောင်ဆန်းစုကြည်၏ မိန့်မှာချက်များ

★ တိုင်းပြည်မှာ လွတ်လပ်မှုပိုပြီးတော့ရချင်ရင်၊ လူ့အခွင့်အရေးများ ပြည့်ပြည့်စုံစုံခံစားချင်လို့ရှိရင် လူတိုင်းလူတိုင်းဟာ နိုင်ငံရေးကို ဝါသနာပါရမယ်။ နိုင်ငံရေးကို လုပ်ရဲရမယ်။ လုပ်ချင်ရမယ်။

★ တချို့က နိုင်ငံရေးဆိုတာဟာ နိုင်ငံရေးပါတီတွေလုပ်တဲ့ အလုပ်လို့ထင်တယ်။ မဟုတ်ပါဘူး။ တခါတုန်းက ဖေဖေက ပြောပါတယ်။ နိုင်ငံရေးဟာ ကိုယ်နဲ့မဆိုင်ဘူးထင်ပေမယ့် နိုင်ငံရေးဟာ ကိုယ့်ဆီရောက်လာလိမ့်မယ်။ ဒါကို ရှောင်လို့မရဘူး။ ဒါ ဘာဖြစ်လို့လဲဆိုတော့ ဒီနိုင်ငံတွင်းမှာ ဖြစ်နေတဲ့ကိစ္စမှန်သမျှဟာ နိုင်ငံရေးပဲ။ ရှောင်လို့မရဘူးနော်။ စီးပွားရေးဆိုတာလဲ နိုင်ငံရေးပဲ။ လူမှုရေးဆိုတာလဲ နိုင်ငံရေးပဲ။ ဘာမဆို နိုင်ငံရေးပဲ။ ဒါကြောင့်မို့လို့ ပြည်သူလူထုဟာ နိုင်ငံရေးကျွမ်းကျင်နိုင်မှ နိုင်ငံဟာ တိုးတက်မှာပါ။ ပြည်သူလူထုဟာ နိုင်ငံရေးမကျွမ်းကျင်ဘူး။ နိုင်ငံရေးအသိမရှိဘူးဆိုလို့ရှိရင် နိုင်ငံတနိုင်ငံ တိုးတက်ဖို့ဆိုတာ ဘယ်လိုမှမဖြစ်နိုင်ပါဘူး။ အဲဒီတော့ ကိုယ့်ရဲ့မိသားစု၊ ကိုယ်တဦးတယောက်နဲ့ ပတ်သက်တဲ့ကိစ္စတွေကိုပဲ စိတ်ဝင်စားမယ်ဆိုလို့ရှိရင် ကျမတို့နိုင်ငံကို အကျိုးပြုနိုင်မယ့် ပြည်သူပြည်သားတွေဆိုတာတော့ ဘယ်တော့မှ ဖြစ်လာမှာလဲ မဟုတ်ပါဘူး။ အဲဒီတော့ ကိုယ့်ရဲ့မိသားစုနဲ့ ကိုယ့်တဦးတယောက်ကောင်းကျိုးအတွက်ပဲ မစဉ်းစားကြပါနဲ့။ အဲဒီလိုစဉ်းစားလို့ရှိရင် ရေရှည်မှာ ကိုယ့်အကျိုးလဲ မဖြစ်လာနိုင်ပါဘူး။

★ လူ့အခွင့်အရေးဆိုတာ လူတိုင်းလူတိုင်း ပိုင်ဆိုင်ခွင့်ရှိတယ်။ ကိုယ်တင်မဟုတ်ဘူး။ ကိုယ့်ရန်သူများပင်လျှင် လူ့အခွင့်အရေးရှိရမယ်။ အဲ့ဒီတော့ တနေ့ကျမတို့ရဲ့ ဒီမိုကရေစီလှုပ်ရှားမှုကြီး အောင်မြင်သွားတဲ့အခါကျရင် ရှုံးတဲ့သူတွေဟာ သူတို့အခွင့်အရေးတွေကို ပြည့်ပြည့်ဝဝခံစားနိုင်ရမယ်။ ဒါဟာ ကျမတို့ရဲ့ဒီမိုကရေစီတာဝန် ဖြစ်တယ်။

★ ဒီမိုကရေစီမတိုးတက်တဲ့တိုင်းပြည်ဟာ စီးပွားရေးအရလည်း မတိုးတက်နိုင်ပါဘူး။ နိုင်ငံရေးရော၊ စီးပွားရေးရော မတိုးတက်တဲ့တိုင်းပြည်ဟာ အင်မတန်မှ ဆင်းရဲနွမ်းပါးပြီး ဒုက္ခများတဲ့တိုင်းပြည် ဖြစ်သွားမှာပဲ။ အခု ကျမတို့တိုင်းပြည်လည်း ဒီအတိုင်းပဲ ဖြစ်ခဲ့ပါပြီ။ အဲဒီတော့ နိုင်ငံရေးအရ စပြီး တည်

www.burmeseclassic.com

www.burmeseclassic.com



ထောင်ပြီးမှ စီးပွားရေးအရ ပြန်ပြီး တည်ထောင်ရမှာ ဖြစ်ပါတယ်။

★ စီးပွားရေးကို နိုင်ငံရေးနဲ့ ခွဲထားလို့ မဖြစ်ပါဘူး။ နောက်ဆုံး စီးပွားရေး စနစ်တခုအောင်မြင်ဖို့ဆိုတာဟာ နိုင်ငံရေးစနစ်ခိုင်မာမှ ဖြစ်ပါလိမ့်မယ်။ နိုင်ငံရေးစနစ်က မမှန်ကန်ဘူးဆိုရင်၊ မခိုင်မာဘူးဆိုရင် ဘယ်သူမှ စီးပွားရေးအရ ကြီးပွားနိုင်မှာ မဟုတ်ပါဘူး။

★ နိုင်ငံရေးအကျဉ်းသားတွေဆိုတာ သူတို့ရဲ့ နိုင်ငံရေးယုံကြည်ချက်တွေကို စကားလုံးတွေနဲ့ဖြစ်စေ၊ လှုပ်ရှားမှုတွေနဲ့ဖြစ်စေ ဖော်ထုတ်တာကလွဲလို့ ရာဇဝတ်မှုတခုခုကို ကျူးလွန်တာမျိုး ဘယ်တုန်းကမှ မရှိခဲ့ပါဘူး။ ဒါပေမဲ့လည်း ကျမတို့ရဲ့ နိုင်ငံရေးလုပ်ဖော်ကိုင်ဖက်အချို့ဟာ ရာဇဝတ်ပြစ်မှုများနဲ့ နအဖ အဖွဲ့ရဲ့ စွပ်စွဲဖမ်းဆီးထိန်းသိမ်းတာကို ခံနေကြရပါတယ်။ တကယ်တော့ ဒီပုဂ္ဂိုလ်တွေဟာ သူတို့ရဲ့နိုင်ငံရေးလှုပ်ရှားမှုတွေကြောင့်သာ ဖမ်းဆီးခံကြရတယ်ဆိုတာကို ကျမတို့အားလုံး သိကြပါတယ်။ အဲဒီအတွက်ကြောင့် စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလမ်းကြောင်းဆီကို တကယ်လျှောက်လှမ်းချင်တယ်ဆိုရင် နိုင်ငံရေးအကျဉ်းသားတွေအားလုံးကို ချွင်းချက်မရှိ လွှတ်ပေးဖို့လိုတယ်လို့ ကျမတို့ ပြောဆိုနေကြတာပါ။

★ စစ်မှန်တဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးလုပ်ငန်းစဉ် ဖြစ်မလာသေးသရွေ့ ကျမတို့ဘယ်လိုမှ လက်ခံနိုင်မှာမဟုတ်ပါဘူး။ ပြီးတော့ နိုင်ငံရေးအကျဉ်းသားတွေအားလုံး ပြန်လည်လွတ်မြောက်မလာသေးသရွေ့ ကျမတို့နိုင်ငံမှာ စစ်မှန်တဲ့ဒီမိုကရေစီလမ်းကြောင်းဆီကို ဦးတည်သွားနေပါပြီလို့ ဘယ်လိုမှ ပြောလို့မရနိုင်ပါဘူး။

★ မှန်ကန်တဲ့ နိုင်ငံရေးစနစ်မှာ၊ ကျမတို့လိုချင်တဲ့ခေါင်းဆောင်တွေကို ကျမတို့ဖော်ထုတ်ရမယ်။ လိုချင်တဲ့ပုံသွင်းရမယ်။ ကိုယ်လိုချင်တဲ့ပုံ ကိုယ်မသွင်းလို့ရှိရင် ခေါင်းဆောင်လုပ်တဲ့သူများက တိုင်းပြည်ကို သူတို့လိုချင်တဲ့ပုံ သူတို့သွင်းသွားလိမ့်မယ်။ အဓိပ္ပါယ်က ဘာဖြစ်မလဲဆိုတော့ အာဏာရှင်စနစ်ကြီး ဖြစ်သွားမှာပဲ။

★ နိုင်ငံရေးဆိုတာ လူတိုင်းလူတိုင်းနဲ့ ဆိုင်တဲ့ကိစ္စပါ။ နိုင်ငံတနိုင်ငံ တိုးတက်ဖို့၊ တည်တံ့ခိုင်မြဲဖို့ဆိုတာ အားလုံးဝိုင်းပြီး ကြိုးစားဖို့လိုပါတယ်။ လူတိုင်းလူတိုင်းဟာ တိုင်းပြည်အပေါ်မှာ စစ်မှန်တဲ့စေတနာထားရပါလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အဖွဲ့ အစည်းအကျိုးကိုပဲ လုပ်နေမယ်။ ကိုယ့်အသိုင်းအဝိုင်းအကျိုးပဲ လုပ်နေမယ်ဆိုလို့ရှိရင်တော့ စစ်မှန်တဲ့စေတနာလို့ မခေါ်နိုင်ပါဘူး။

★ တပါတီအာဏာရှင်စနစ် စိုးမိုးသွားရတယ်ဆိုတာ ပြည်သူလူထုဟာ မှန်ကန်တဲ့ နိုင်ငံရေး အသိအမြင်တွေ မရှိလို့ဘဲ ဖြစ်ပါတယ်။ ဒီတော့ နောက်တခါ ထပ်ပြီးတော့ အာဏာရှင်မဖြစ်စေချင်ဘူး။ ကျမတို့နိုင်ငံကို ဒီမိုကရေစီစနစ်အရ အားလုံးစိတ်ချမ်းသာရေးအတွက် ထူထောင်စေချင်တယ်ဆိုလို့ရှိရင် နိုင်ငံသူနိုင်ငံသားအားလုံးဟာ ကိုယ့်မှာရှိတဲ့ နိုင်ငံရေးတာဝန်တွေကို ထမ်းဆောင်ဖို့လိုပါတယ်။

★ ဒီတိုင်းပြည်၊ ဒီမြေကြီးဟာ အင်မတန်မှ ချမ်းသာတယ်။ ပြည်သူလူထုတွေဟာ အင်မတန်မှ ဆင်းရဲနေတယ်။ ဒါမဖြစ်သင့်တဲ့ကိစ္စပဲ။ ဒီတိုင်းပြည် ဒီမြေကြီးဟာ ဒီလောက်တောင်မှ ချမ်းသာနေရင် မှန်မှန်ကန်ကန်လမ်းစဉ်နဲ့ ပြည်သူလူထုအတွက် အကျိုးဆောင်သွားမယ့် အစိုးရများဟာ ပြည်သူလူထုကိုလည်း ချမ်းသာအောင် လုပ်ပေးနိုင်ရမယ်။

★ ကျမတို့ဟာ အကြမ်းဖက်တဲ့နိုင်ငံရေးအဆိုးကျော့သံသရာကြီးကို ချိုးဖျက်ပစ်ရတော့မယ်။ လွန်ခဲ့တဲ့ ဆယ်စုနှစ် တချို့ကိုပြန်ကြည့်မယ်ဆိုရင် မြန်မာပြည်ရဲ့ အစိုးရအပြောင်းအလဲဟာ အကြမ်းဖက်နည်းတွေကနေ ပေါ်ပေါက်လာတာချည်းပဲ။ ၁၉၅၈ မှာ ပထမအကြိမ် စစ်တပ်အာဏာသိမ်းတာ၊ ၁၉၆၂ ခုနှစ်မှာ ဒုတိယအကြိမ်၊ ၁၉၈၈ ခုနှစ်မှာ တတိယအကြိမ်၊ နိုင်ငံရေးအပြောင်းအလဲမှာ အကြမ်းဖက်နည်းကိုသုံးတာ မြန်မာပြည်မှာ မကောင်းတဲ့ အစဉ်အလာတခုဖြစ်နေပြီ။

အကြမ်းဖက်မှု ..ပြီးတော့ .... အပြောင်းအလဲ

အကြမ်းဖက်မှု .... ပြီးတော့ .... အပြောင်းအလဲဆိုတဲ့ အဆိုးသံသရာကို ကျမတို့အဆုံးသတ်လိုချင်ပြီ။ အကြမ်းမဖက်နည်းကနေ ထွက်ပေါ်လာတဲ့ စစ်မှန်တဲ့ အခြေခံကျတဲ့ နိုင်ငံရေးအပြောင်းအလဲဆိုတာမျိုးကို အသစ်ကပြန်စချင်တယ်။ ဒီနည်းက အကြမ်းဖက်နည်းထက် အများကြီးပိုခက်တယ်ဆိုပေမယ့် ရေရှည်အတွက်တော့ ပင်ပန်းရကျိုးနပ်ပါတယ်။

★ တိုက်ပွဲဆိုလို့ အကြမ်းဖက်တဲ့သဘောမျိုးနဲ့ ပြောတာမဟုတ်ဘူး။ ရဲရဲရင့်ရင့်၊ ဇွဲသတ္တိနဲ့ လုပ်ရမယ့်သဘောမျိုးနဲ့ပြောတာပါ။ စစ်တိုက်ပွဲဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



လက်နက်အင်အားနဲ့ စစ်မြေပြင်ကိုဆင်ပြီးတော့ ရန်သူကို တိုက်ခိုက်တာပါ။ အခုဟာက နှလုံးရည်တိုက်ပွဲ။ နှလုံးရည်တိုက်ပွဲဆိုတာဟာ စစ်မြေပြင်ကို ဆင်းမှ ရန်သူကို ရင်ဆိုင်ပြီးတိုက်ရမှ မဟုတ်ဘူး။ တချိန်လုံး တိုက်နေရတာ။ နှလုံးရည်တိုက်ပွဲဆိုတာ ကိုယ့်နှလုံးသားထဲမှာ အမြဲပဲတိုက်ခိုက်နေရမယ်။ ကိုယ့်နှလုံးသားထဲမှာ ကိုယ်လိုချင်တဲ့အောင်မြင်မှုမရမချင်း၊ ရုန်းကန်မယ်၊ ကြိုးစားမယ်ဆိုတဲ့အသိဟာ ရှိရပါမယ်။

★ တကယ်ဆိုရင် သတ္တိရှိတယ်ဆိုတာ မကြောက်တာဟာ တကယ့်သတ္တိမဟုတ်ဘူး။ ကြောက်လျက်နဲ့ ကိုယ်လုပ်သင့်လုပ်ထိုက်တာကို လုပ်တာ ဟာ တကယ့်သတ္တိပဲ။ အဲဒီတော့ ဒူးတုန်တုန်နဲ့ လုပ်တဲ့သူဟာ တော်တော်သတ္တိ ရှိတယ်လို့ ခေါ်ရမှာပဲ။

★ ကျမတို့ဟာ ပန်းတိုင်မရောက်သေးပါဘူး။ ပန်းတိုင်ကိုရောက်ဖို့က ဉာဏ်နဲ့ ဝိရိယနဲ့ လုံ့လနဲ့ လိုပါတယ်။ ဒီတိုက်ပွဲကြီးဟာ နှလုံးရည်တိုက်ပွဲကြီးမို့လို ဉာဏ်ပညာကိုသုံးဖို့ အများကြီးလိုပါတယ်။ ကျမတို့ပြည်သူလူထုဟာ လုပ်တဲ့အရာတိုင်းကို ဆင်ဆင်ခြင်ခြင် စဉ်းစဉ်းစားစားလုပ်ရပါမယ်။ အများအကျိုးကို ဦးတည်ရပါမယ်။

★ ကျမတို့ နိုင်ငံဟာ တကယ့်ပြည်ထောင်စုစစ်စစ်ဖြစ်ဖို့ လူတိုင်းမှာ တာဝန်ရှိပါတယ်။

★ ကျမတို့တဦးချင်းရပ်တည်လို့ ဘယ်လိုမှ မဖြစ်ဘူး။ ဗမာချည်းပဲလည်း ရပ်တည်လို့ မဖြစ်ဘူး။ မွန်ချည်းပဲလည်း ရပ်တည်လို့မဖြစ်ဘူး။ ရှမ်းချည်းပဲလည်း ရပ်တည်လို့မဖြစ်ဘူး။ ကျမတို့ ပြည်ထောင်စုကြီး တည်တံ့ခိုင်မြဲရေးဆိုတာ အားလုံးကနေ တစည်းတရုံးတည်းနေမှ ဖြစ်မယ်ဆိုတာ ကျမယုံကြည်တယ်။

★ ဗမာလူမျိုးဟာ လူများစုကြီးဖြစ်နေလို့ တိုင်းရင်းသားများကို လေးစားပါ။ တိုင်းရင်းသားများရဲ့ ယဉ်ကျေးမှုကို လေးစားပါ။ စိတ်ဝင်စားကြပါ။ လေ့လာကြပါ။ အဲဒီလို တယောက်နဲ့တယောက်ရဲ့ ယဉ်ကျေးမှု၊ တယောက်နဲ့တယောက်ရဲ့ ယုံကြည်ချက်များကို လေ့လာနားလည်မှ ကျမတို့အချင်းချင်း တကယ့်သဘောတူတွေအဖြစ်နဲ့ ရနိုင်မှာပါ။

★ ငါက ကချင်၊ ငါကဗမာ၊ ငါကရှမ်းဆိုတဲ့ စိတ်ဓါတ်တွေ အခုထားလို့

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ပါဘူး။ ငါတို့အားလုံးဟာ ဒီမိုကရေစီလူ့အခွင့်အရေးတွေကိုလိုချင်လို့ ရုန်းကန်နေတဲ့ရဲဘော်တွေဆိုတဲ့ စိတ်ဓါတ်မျိုးထားဖို့ပဲလိုပါတယ်။ အားလုံးဟာ ညီရင်းအကိုလို တစိတ်ထဲ၊ တသဘောထဲလုပ်ရမယ်။ ဒါမှလည်း ကျမတို့ အောင်မြင်နိုင်မှာပါ။

★ ပြည်ထောင်စုကြီးတခုလုံး တည်တံ့ခိုင်မြဲဖို့၊ တိုးတက်ဖို့၊ သာယာဝပြောဖို့ဆိုတာဟာ ပြည်တွင်းငြိမ်းချမ်းရေးလိုပါတယ်။ ပြည်တွင်းငြိမ်းချမ်းရေးကို နိုင်ငံရေးနည်းလမ်းနဲ့ရှာရမယ်ဆိုတာ ကျမတို့အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ ယုံကြည်ချက်ဖြစ်ပါတယ်။

★ ဒီမိုကရေစီအစိုးရတခုတက်လာတဲ့အခါကျရင် ကျမတို့ ပင်လုံလို ညီလာခံကြီးကို ထပ်ပြီးတော့ခေါ်ရမယ်လို့ ကျမတို့ယုံကြည်ပါတယ်။ ဒီလို ပင်လုံကဲ့သို့သော ညီလာခံကြီးထပ်ခေါ်ပြီးတော့ ကျမတို့ ပြည်ထောင်စုသစ်ကို ဘယ်ပုံ၊ ဘယ်နည်းနဲ့ထူထောင်မယ်ဆိုတာ ကျမတို့ တိုင်းရင်းသားလူမျိုးစုတွေ အားလုံးနဲ့ ဆွေးနွေးပြီးတော့ ကျမတို့ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။

★ ပင်လုံညီလာခံမျိုးဆိုတာ ပြည်သူလူထုက တင်မြှောက်တဲ့ အစိုးရမျိုးကမှသာ ခေါ်ယူပိုင်ခွင့်ရှိပါတယ်။ ဒီညီလာခံကနေပြီးတော့ ဒီမိုကရေစီနိုင်ငံပြည်ထောင်စုသစ်ဖော်ထုတ်ရေးအတွက် ဆွေးနွေးရမှာဖြစ်ပါတယ်။ ဒီလိုကိစ္စများဟာ အများပြည်သူလူထုကနေပြီးတော့၊ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲများမှတဆင့် တင်မြှောက်လိုက်တဲ့အစိုးရများကသာ လုပ်ပိုင်ခွင့်ရှိတယ်လို့ ကျမတို့ယုံကြည်ပါတယ်။ အများပြည်သူက မတင်မြှောက်ထားတဲ့ အဖွဲ့အစည်းများက ဒီလိုညီလာခံမျိုးကို ဘာမှထိထိရောက်ရောက် လုပ်နိုင်မှာ မဟုတ်ပါဘူး။

★ စစ်မှန်တဲ့ဒီမိုကရေစီဆိုတာ ကိုယ့်ပြည်သူလူထုကို လွတ်လပ်မှုနဲ့ လုံခြုံမှုပေးနိုင်တဲ့စနစ်ဖြစ်ပါတယ်။

★ ဒီမိုကရေစီဆိုတာ ကိုယ်ရင်ဆိုင်နေရတဲ့ပြဿနာ၊ ကိုယ်ရင်ဆိုင်နေရတဲ့ ကိစ္စမျိုးတွေကို ကိုယ်တိုင်ကိုင်တွယ်ဖြေရှင်းနိုင်တဲ့ အခွင့်အရေးတွေ ဖြစ်ပါတယ်။

★ တိုင်းပြည်ကိုအုပ်ချုပ်တဲ့ခေါင်းဆောင်များဟာ ပြည်သူလူထု ထောက်ခံမှု အင်အားနဲ့ပဲ အုပ်ချုပ်တာ ဖြစ်ရမယ်။ လက်နက်အင်အားနဲ့ အုပ်ချုပ်တာ

www.burmeseclassic.com

www.burmeseclassic.com



မဖြစ်ရဘူး။

★ တကိုယ်ကောင်းမကြံကြပါနဲ့။ အများအတွက်လုပ်ကြပါ။ အများအကျိုးဆောင်တဲ့လူများဟာ လူသာသေသွားမယ်။ ဘယ်တော့မှ နာမည်မသေဘူး။

★ ကျမတို့ အခုဒီမိုကရေစီလှုပ်ရှားမှုထဲ ပါဝင်လာတာဟာ အာဏာလိုချင်လို့ ပါဝင်လာကြတာမဟုတ်ဘူး။ တာဝန်ကိုထမ်းဆောင်ချင်လို့ ပါဝင်လာကြတာပါ။

★ မတရားတဲ့ကိစ္စကိုလုပ်ဖို့ ကြောက်ရမယ်။ မမှန်တဲ့ကိစ္စကို လုပ်ဖို့ကြောက်ရမယ်။ လောကမှာ ကြောက်ဖို့ဆိုတာ ဒီနှစ်ခုပဲရှိတယ်။

★ တရားမျှတတဲ့ဥပဒေတွေကို ကျင့်သုံးမှသာ လူသားတွေဟာ တကယ့်ကို ယဉ်ကျေးတဲ့လက္ခဏာ ပေါ်လာမှာပါ။

★လိပ်ပြာသန့်ရင် အာဏာမဲ့သူမှာလည်း စွမ်းအားရှိတယ်။

★ နိုင်ငံရေးအရ၊ လူမှုရေးအရ အပြောင်းအလဲတခုကိုလိုချင်ရင် ညီညွတ်ကြဖို့လိုတယ်။

★ မကြောက်အောင်ဆိုတာ ကိုယ့်မှာခံယူချက်တခုရှိရမယ်။ ကိုယ်ကြောက်တဲ့စိတ်ထက် ပိုပြီးပြင်းထန်တဲ့စိတ်တခုကိုမွေးရမယ်။ ကိုယ်ကြောက်တဲ့စိတ်ထက် ပိုပြီးတော့ လုပ်ချင်တဲ့စိတ်က များရမယ်။ ဒီလိုစိတ်ဓါတ်တွေမွေးမှ ရမှာပဲ။

★ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ပါတီတခုအနေနဲ့ရပ်တည်ဖို့ တည်ဆောက်ခဲ့တာမဟုတ်ပါဘူး။ ဒီမိုကရေစီရအောင် လှုပ်ရှားဆောင်ရွက်မယ့် အဖွဲ့တခုအနေနဲ့ တည်ထောင်ခဲ့တာပါ။ မြန်မာနိုင်ငံမှာ ပြည်သူတွေဟာ ဒီမိုကရေစီကို လိုလားနေသရွေ့၊ အာဏာပိုင်တွေက တရားဝင်တယ်ပဲပြောပြော၊ တရားမဝင်ဘူးဘဲပြောပြော အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကတော့ ဆက်လက်ရှိနေဦးမှာပဲ။

★ ကျမတို့အမျိုးသမီးတွေဟာ အရည်အချင်းရှိတယ်လို့ ကျမယုံကြည်ပါတယ်။ ဘဝမှာ ရုန်းကန်နိုင်တဲ့ အရည်အချင်းဆိုတာ နည်းတဲ့အရည်အချင်းမဟုတ်။ ဒီလို ဘဝမှာ ရုန်းကန်နိုင်တဲ့အရည်းအချင်းရှိလို့လည်း စွန့်စွန့်စားစားနဲ့ ပြည်ပကိုသွားပြီးတော့ ဘဝသစ်ထူထောင်ဖို့ ကြိုးစားကြတာပါ။ ဒီလိုကြိုး

www.burmeseclassic.com

www.burmeseclassic.com



စားတဲ့နေရာမှာ တချိန်လုံးရေရှည်အကျိုးအတွက်ကို စွန့်စားစေချင်ပါတယ်။ ရေရှည်ရည်မှန်းချက်ကို မျက်ခြေမပြတ်ရှိစေချင်ပါတယ်။ ရေရှည်ရည်မှန်းချက်ဆိုတာကတော့ ကျမတို့နိုင်ငံကိုပြန်လာပြီးတော့ ကျမတို့နိုင်ငံအကျိုး အတွက်တင်မဟုတ်ဘဲနဲ့ ကမ္ဘာ့ပြည်သူများအကျိုးအတွက်ပါ ထမ်းဆောင်နိုင်မယ့် အမျိုးသမီးများဖြစ်အောင် လုပ်ဖို့ပဲဖြစ်ပါတယ်။

★ ဖေဖေပြောခဲ့တဲ့စကားတခွန်းရှိပါတယ်။ သူ့လိပ်ပြာရဲ့ခုံရုံးရှေ့မှာ သူမားမားမတ်မတ်ရပ်ပြီးတော့ အစစ်ခံရဲတယ်တဲ့၊ ကျမရဲ့ လိပ်ပြာခုံရုံးရှေ့မှာလည်း နေတိုင်းမတ်တပ်ရပ်ပြီးတော့ ကျမတို့ပြည်သူတွေလဲ ဒီလိုပဲ ကိုယ့်ရဲ့လိပ်ပြာခုံရုံးရှေ့မှာ နေတိုင်းမတ်တပ်ရပ်ပါတယ်။ မားမားမတ်မတ် အစစ်ခံကြည့်ကြပါ။ အဲဒီလို အစစ်ခံကြည့်တဲ့အခါ ကိုယ်ဟာ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်နေသလားဆိုတဲ့အဖြေက ပေါ်လာပါလိမ့်မယ်။ အဲဒီလို ပေါ်လာလို့ရှိရင် ကျမတို့ရဲ့အင်အားတွေက အရမ်းတန်ဖိုးတက်လာမှာ။ အင်အားဆိုတာ မှန်မှန်ကန်ကန်သုံးမှ တကယ့်ကိုအဖိုးတန်တာ။ မှန်မှန်ကန်ကန်သုံးတဲ့အင်အားရဲ့ အာနိသင်ကို ဘယ်သူမှဖြိုလို့မရဘူး။

★ အမျိုးသားရင်ကြားစေ့ရေးဆိုတာ မရှိမဖြစ် တိုင်းပြည်ရဲ့ ကောင်းကျိုးအတွက် လိုအပ်တဲ့ကိစ္စပဲ။

★ အပြောင်းအလဲလိုချင်ရင် အပြောင်းအလဲရအောင်လို့ လုပ်ရမှာပဲ။

★ ဒီမိုကရေစီတိုက်ပွဲဆိုတာ ပုံသဏ္ဌာန်အမျိုးမျိုးရှိပါတယ်။ ဆန္ဒပြမှ ဒီမိုကရေစီတိုက်ပွဲမဟုတ်ပါဘူး။ ကျမတို့ဟာ ကိုယ်လုပ်သင့်လုပ်ထိုက်တဲ့ကိစ္စကို တိုးတိုးတိတ်တိတ် လူမသိအောင်လုပ်ခြင်းဟာလည်း တိုက်ပွဲဝင်ခြင်းပုံစံတမျိုးပါပဲ။

★ မဆလစနစ်ဆိုးကြောင့်မို့လို့ ကျမတို့တိုင်းပြည်ဟာ အများကြီးဆုတ်ယုတ်သွားရတာ။ ဒါပေမယ့် ... ဘာဖြစ်လို့ မဆလစနစ်ဆိုးဟာ ကျမတို့ တိုင်းပြည်မှာ ဒီလောက်ကြာကြာတည်တံ့ခိုင်မြဲသွားသလဲဆိုတာ ကျမတို့ ပြန်ပြီးတော့ မေးရပါမယ်။ ကျမတို့နိုင်ငံသူ၊ နိုင်ငံသားများဟာ ရပ်ကြည့်နေလို့သာ ဒီမဆလစနစ်ဟာ ဒီလောက်အထိ တည်တံ့ခိုင်မြဲသွားတာ။

★ တပ်မတော်ထဲမှာ အားလုံးဆိုးတာ မဟုတ်ဘူး။ ဆိုးတဲ့လူတွေရှိသလို ကောင်းတဲ့လူတွေလည်းရှိတယ်။ တကယ်ဆိုလို့ရှိရင် ဒီလို တပ်မတော် နာမည်

www.burmeseclassic.com

www.burmeseclassic.com



ပျက်စေတာက ကိုယ့်ရဲ့အာဏာတည်တံ့ခိုင်မြဲရေးအတွက်လုပ်နေတဲ့ လူနည်းစုလူတစုကြောင့်သာဖြစ်ပါတယ်။

★ မြန်မာပြည်မှာ ဒီမိုကရေစီရအောင် လုပ်ရမယ်လို့ ကျမတို့ဆုံးဖြတ်ရတာဟာ ကျွန်ဘဝမှာ လုံခြုံအေးချမ်းစွာ မလှုပ်မယှက်နေထိုင်မယ့်အစား အခြေခံလူ့အခွင့်အရေးအတွက် တိုက်ပွဲဝင်ရင်း ဖိနှိပ်တဲ့အန္တရာယ်ကို ရင်ဆိုင်ရမယ်လို့ ယုံကြည်လို့ပါပဲ။

★ လက်ရှိအခြေအနေကို လက်ခံတာပဲကောင်းတယ်လို့ ယုံကြည်နေသေးတဲ့ လူတွေရှိနေသေးတာ အံ့သြစရာပါပဲ။ ပြောင်းလဲဖို့လိုတာတွေကို ပြောင်းပစ်နိုင်ရမယ်ဆိုတဲ့ စွမ်းအားကို ကျမတို့ယုံကြည်ပါတယ်။

★ စစ်အာဏာရှင်စနစ်ကနေ ဒီမိုကရေစီကို အသွင်ပြောင်းတာဟာ လွယ်မယ်လို့ မယူဆပါဘူး။ ဒီမိုကရေစီအစိုးရတက်လာလို့ ပြဿနာတွေအားလုံး ပြီးသွားမယ်လို့လည်း မယူဆပါဘူး။ ခိုင်မာတဲ့ ဒီမိုကရေစီလူ့ဘောင်ကို တည်ဆောက်ရာမှာ ကျမတို့သက်တမ်းကုန်ဆုံးသွားတာတောင် မျိုးဆက်သစ်တွေဟာ ဆက်လက်ကြိုးပမ်းနေရအုံးမှာပါ့။

★ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်မပေးတဲ့ လူ့အဖွဲ့အစည်းမှာ ရှိနေကြပေမယ့် ကျမတို့ရယူရမယ့်အရာကို ဆုံးဖြတ်နိုင်ပါတယ်။

★ ပြည်သူလူထုနဲ့ တပ်မတော်ကြားမှာလည်း စိတ်ဝမ်းကွဲအောင် လုပ်နေတယ်။ ဒီလို စိတ်ဝမ်းကွဲအောင်လုပ်နေတာဟာ ပြည်သူလူထုက လုပ်နေတာမဟုတ်ဘူး။ ကျမတို့ နိုင်ငံရေးလုပ်နေတဲ့ လူတွေကလည်း လုပ်နေတာမဟုတ်ဘူး။ တပ်မတော်ကို ကိုယ်ကျိုးအတွက် သုံးချင်တဲ့လူများက လုပ်နေတာပဲဖြစ်တယ်။ အဲဒီတော့ ဒီလိုစနစ်မျိုးကို ကျမတို့အားလုံးကနေပြီးတော့ အတိုက်အခံလုပ်ရမယ်။

★ ဒီခေတ်လူငယ်တွေဟာ နောင်တခေတ်ရဲ့ ခေါင်းဆောင်ဖြစ်ရမယ်၊ ခေါင်းဆောင်ဖြစ်မယ့်လူတွေဟာ အရည်အချင်းရှိဖို့၊ လူကြီးနဲ့လူငယ် အပြန်အလှန် လေးစားဖို့လိုတယ်။ လူငယ်တွေက ခေတ်မီနည်းပညာတွေ ပိုပြီးတော့ နားလည်ကျွမ်းကျင်မယ်၊ အဲဒီလို ကျွမ်းကျင်မှုနဲ့လူကြီးတွေရဲ့အတွေ့အကြုံတွေ ဆက်စပ်ပြီးတော့ ကောင်းမွန်အောင် ဆောင်ရွက်သွားဖို့ တိုက်တွန်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



★ လူငယ်များရဲ့ဘဝကို သာယာပါစေ။ လူငယ်များရဲ့ဘဝ သာယာမှ ကျမတို့ရဲ့တိုင်းပြည်ဟာ တိုးတက်နိုင်မှာပါ။ လူငယ်များရဲ့ဘဝ သာယာအောင် ဖန်တီးမပေးနိုင်ရင် နောင်ခေတ်အဆက်ဆက် ကျမတို့လူမျိုးများ သာယာမှု ရနိုင်မှာ မဟုတ်ပါဘူး။

★ လူကြီးတွေ၊ လူလတ်ပိုင်းတွေက မြန်မာနိုင်ငံမှာ လူငယ်များ နောင်မျိုးဆက်ကို ပျိုးထောင်ဖို့လိုတယ်။ အဲဒီလို ပျိုးထောင်မယ့်အလုပ်က အစိုးရရော၊ နိုင်ငံရေးပါတီရော၊ ပြည်သူလူထုအားလုံးမှာလည်း တာဝန်ရှိတယ်။ ပျိုးထောင်မယ့်ပုဂ္ဂိုလ်ဟာ သဘောထားကြီးရမယ်၊ ရဲဘော်ရဲဘက်စိတ်နဲ့ ပျိုးထောင်ရမယ်။

★ နအဖအနေနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အရင်မလုပ်ဘဲ ၂၀၁၀ ရွေးကောက်ပွဲကို လုပ်မယ်ဆိုရင် ဒီ ၂၀၁၀ ရွေးကောက်ပွဲဟာ မျှတမှုလည်း ရှိမှာမဟုတ်ဘူး။ တရားလည်းဝင်မှာမဟုတ်ဘူးလို့ ကမ္ဘာ့ကုလသမဂ္ဂအနေနဲ့ ကြေညာချက်ထုတ်ပြီး ပြောသင့်တယ်။

★ မဲပေးဖို့ အခွင့်အရေးရှိသလို မဲမပေးဖို့လည်း အခွင့်အရေးရှိတဲ့ ဥပဒေပြဋ္ဌာန်းချက်ရှိတယ်။ လူထုအနေနဲ့ မဲမပေးတာကလည်း ဥပဒေအရ အခွင့်အရေးပဲ။

★★★

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၃)
# ဒေါ်အောင်ဆန်းစုကြည် နိုင်ငံယာရီ

**၁၉၄၂၊ စက်တင်ဘာလ ၆ ★** နေ့လယ် ၂ နာရီတွင် ဂျပန်ခေတ်ဆေးရုံကြီး (ယခုနိုင်ငံတော်ကာကွယ်ရေးတက္ကသိုလ်) အရှေ့ဘက် အစွန်ဆုံးခန်းမဆောင်တွင် သူနာပြုဆရာမ မခင်ကြည်နှင့် ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်ချုပ်ဗိုလ်တေဇတို့ လက်ထပ်မင်္ဂလာပွဲပြုလုပ်သည်။



**စက်တင်ဘာလ ၇ ★** ညနေ ၅ နာရီအချိန်တွင် ရန်ကုန်မြို့ Nippon Military Club (မင်တိုမစ်ရှင်ဟိုတယ်) ၌ ဗမာ့ကာကွယ်ရေးတပ်မတော် ဗိုလ်ချုပ်ဗိုလ်တေဇနှင့် ဇနီးဒေါ်ခင်ကြည်တို့ မင်္ဂလာထမင်း တည်ခင်းဧည့်ခံကျွေးမွေးသည်။

**၁၉၄၃၊ ဇွန် ၁၃ ★** ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ သားဦး အောင်ဆန်းဦးကို ဖွားမြင်သည်။

**၁၉၄၄ မေ ၁၀ ★** ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ ဒုတိယသား အောင်ဆန်းလင်းကို ဖွားမြင်သည်။

**၁၉၄၅ ဇွန် ၁၉ ★** ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏ တတိယမြောက်သမီး အောင်ဆန်းစုကြည်ကို နံနက် ၃း ၁၅ နာရီတွင် ဖွားမြင်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၉၄၆ စက်တင်ဘာ ၂၂** ★ ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒေါ်ခင်ကြည်တို့၏စတုတ္ထသမီးကို ဖွားမြင်သည်။ (ဖွားမြင်ပြီး ၅ ရက်အကြာတွင် ကွယ်လွန်သည်။)

**၁၉၄၇ ဇူလိုင် ၁၉** ★ နံနက် ၁၀ နာရီ ၃၅ မိနစ်၌ ရန်ကုန်မြို့ရှိ အတွင်းဝန်များရုံး (ယခုဝန်ကြီးများရုံး) ၌ အစည်းအဝေးကျင်းပနေစဉ် ဂဠုန်ဦးစော၏ လက်ပါးစေလူသတ်သမားတို့၏လုပ်ကြံသတ်ဖြတ်မှုကြောင့် ဖခင်ဗိုလ်ချုပ်အောင်ဆန်းကျဆုံးခဲ့ရသည်။ လုပ်ကြံခံရ စဉ်က အောင်ဆန်းစုကြည်သည် ၂ နှစ်သမီးအရွယ်သာ ရှိသေးသည်။



ဗိုလ်ချုပ် လုပ်ကြံခံရသည့် အတွင်းဝန်များရုံး

**၁၉၄၉** ★ ရန်ကုန်မြို့စိန့်ဖရန်စစ်ကွန်ဗင့်ကျောင်းတွင် ဒေါ်အောင်ဆန်းစုကြည် စတင်ပညာသင်ကြားသည်။

**၁၉၅၃ ဇန်နဝါရီလ ၁၆** ★ ဒေါ်အောင်ဆန်းစုကြည်၏ အစ်ကိုလတ် အောင်ဆန်းလင်းသည် အမှတ်၂၅၊ တာဝါလိန်းလမ်း (ယခုဗိုလ်ချုပ်အောင်ဆန်းပြတိုက်လမ်း) ရှိနေအိမ်၌ ရေနစ်သေဆုံးသည်။

**မေလ** ★ အမှတ် ၂၅၊ တာဝါလိန်းလမ်းနေအိမ်မှ ဗဟန်းမြို့နယ် အမှတ် ၅၄၊ တက္ကသိုလ်ရိပ်သာလမ်းနေအိမ်သို့ ဒေါ်အောင်ဆန်းစုကြည်တို့မိသားစု ပြောင်းရွှေ့သည်။

**၁၉၅၇ မှ ၁၉၆၀** ★ ရန်ကုန်မြို့ အင်္ဂလိပ်မက်သဒစ် ကွန်ဗင့်ကျောင်း

www.burmeseclassic.com

www.burmeseclassic.com





အမှတ် ၅၄ တက္ကသိုလ်ရိပ်သာလမ်း၊ ဒေါ်အောင်ဆန်းစုကြည်နေအိမ်

(အထက – ၁ ဒဂုံ) တွင် ဒေါ် အောင်ဆန်းစုကြည် ဆက်လက်ပညာသင်ကြား ခဲ့သည်။

**၁၉၆၀** ★ မိခင်ဖြစ်သူဒေါ်ခင်ကြည် အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ခြင်းခံရ၍ မိခင်နှင့်အတူ အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ လိုက်ပါနေထိုင်ခဲ့သည်။

**၁၉၆၀ မှ ၁၉၆၁** ★ ဒေါ်အောင်ဆန်းစုကြည်သည်ယေရှုနှင့် မေရီကွန်ဗင့်ကျောင်း (Convent of Jesus and Mary) နှင့် လေဒီရှယ်ရီရမ်ကောလိပ် (Lady Sheri Ram College) တို့၌ ဆက်လက်ပညာသင်ကြားသည်။

**၁၉၆၂ မှ ၁၉၆၃** ★ ဒေလီတက္ကသိုလ်၌ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို လေ့လာဆည်းပူးခဲ့သည်။

**၁၉၆၄ မှ ၁၉၆၇** ★ အောက်စဖို့တက္ကသိုလ် ဟူ့စ်ကောလိပ်၌ ဒဿနဗေဒ၊ နိုင်ငံရေးသိပ္ပံနှင့် စီးပွားရေးပညာရပ်များကို လေ့လာဆည်းပူးခဲ့ပြီး ဝိဇ္ဇာဂုဏ်ထူးဘွဲ့ကို ရရှိခဲ့သည်။

**၁၉၆၈** ★ လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးဌာန၊ နိုင်ငံရေးသိပ္ပံဌာန၌ သုတေသနလက်ထောက်အဖြစ် တာဝန်ထမ်းဆောင်သည်။

www.burmeseclassic.com

www.burmeseclassic.com



**၁၉၆၉ မှ ၁၉၇၁** ★ နယူးယောက် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်ရုံး၊ အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာကိစ္စရပ်များအကြံပေးကော်မတီ (Advisory Committee on Administrative and Budgetary Questions United Nations Secretariat, New York) တွင် လက်ထောက်အတွင်းရေးမှူးအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**၁၉၇၁ နိုဝင်ဘာ ၃၁** ★ မြောက်ပိုင်းဗုဒ္ဓဘာသာမဟာယာန၏ လူမှုရေးနှင့် ယဉ်ကျေးမှုဆိုင်ရာသမိုင်းကြောင်း သုတေသီဒေါက်တာမိုက်ကယ်အဲရစ် (Dr. Michael Viallancourt Aris) နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ ထိမ်းမြားလက်ထပ်သည်။



**၁၉၇၂ မှ ၁၉၇၃** ★ ဒေါ်အောင်ဆန်းစုကြည်သည် ဘူတန်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးရုံးနှင့် ကုလသမဂ္ဂများဆိုင်ရာ အကြံပေးအရာရှိအဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။

**၁၉၇၃ မေ ၁၂** ★ ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေါက်တာမိုက်ကယ်အဲရစ်တို့၏ သားကြီး မြင့်ဆန်းအောင် ခေါ် အလက်ဇန်ဒါး (Ale»ander John Christopher Aris) ကို ဖွားမြင်ခဲ့သည်။

**၁၉၇၅ မှ ၁၉၇၇** ★ အောက်စဖို့တက္ကသိုလ် ဘော့ဒလီယန် စာကြည့်တိုက် (Bodleian Library) ၌ မြန်မာစာနှင့် ပေ၊ ပုရပိုဒ် ကတ်တလောက် ပြုစုသူ

www.burmeseclassic.com

www.burmeseclassic.com



ပညာရှင်အဖြစ် ဆောင်ရွက်သည်။

**၁၉၇၇ စက်တင်ဘာ ၂၄** ★ ဒေါ်အောင်ဆန်းစုကြည်နှင့် မိုက်ကယ်အဲရစ်တို့၏ သားငယ် ထိန်လင်းခေါ် ကင်မ် (Dannian Kim Arundel Aris) ကို ဖွားမြင်သည်။

**၁၉၈၅ မှ ၁၉၈၆** ★ ဂျပန်နိုင်ငံ၊ တိုကျိုတက္ကသိုလ် အရှေ့တောင်အာရှဆိုင်ရာလေ့လာရေးဌာနတွင် သုတေသနပညာရှင်အဖြစ် သွားရောက် သုတေသနပြုခဲ့သည်။

**၁၉၈၇** ★ အိန္ဒိယနိုင်ငံ၊ ဆင်းမလားမြို့ရှိ အထူးလေ့လာရေး အိန္ဒိယသိပ္ပံဌာနတွင် သုတေသီအဖြစ်လုပ်ကိုင်သည်။

★ လန်ဒန်တက္ကသိုလ်အရှေ့တိုင်းနှင့် အာဖရိကလေ့လာရေးဌာနတွင် ပါရဂူဘွဲ့အတွက် "၁၉၂၀–၁၉၄၅ အတွင်း ထုတ်ဝေခဲ့သော စာနယ်ဇင်းများသည် မြန်မာ့လွတ်လပ်ရေးကို အထောက်အကူအပြုခဲ့ပုံ" အမည်ရှိ ဘွဲ့လွန်စာတမ်းကို တင်သွင်းသည်။

**၁၉၈၈** ★ လန်ဒန်တက္ကသိုလ်က ဒေါ်အောင်ဆန်းစုကြည်အား ပါရဂူဘွဲ့ယူရန်အတွက် ထိုက်တန်သူအဖြစ် သတ်မှတ်သည်။

**၁၉၈၈ မတ်** ★ မိခင်ကြီးဒေါ်ခင်ကြည်နာမကျန်းဖြစ်မှုကြောင့် မိခင်ကြီးအား ပြုစုစောင့်ရှောက်ရန် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ ရောက်ရှိလာသည်။

**ဩဂုတ်လ ၈** ★ မြန်မာနိုင်ငံ တဝှမ်းလုံး၌ ၈၈ ဒီမိုကရေစီ အရေးတော်ပုံကြီး ပေါ်ပေါက်ခဲ့သည်။

**ဩဂုတ် ၂၆** ★ ရွှေတိဂုံစေတီတော်အနောက်ဘက်မုခ်တွင် ဒေါ်အောင်ဆန်းစုကြည်သည် မဆလအစိုးရ၏ ပြည်သူလူထုအား အကြမ်းဖက်ဖြိုခွဲနေမှုကို ဆန့်ကျင်ခဲ့သော မိန့်ခွန်းကို လူပေါင်းတစ်သိန်းကျော်တက်ရောက်သည့် လူထုအစည်းအဝေးပွဲ၌ ပထမဆုံးအကြိမ် မိန့်ခွန်းပြောကြားခဲ့သည်။

**၁၉၈၈ စက်တင်ဘာလ ၁၄** ★ ဦးအောင်ကြီး၊ ဒေါ်အောင်ဆန်းစုကြည်နှင့် သူရဦးတင်ဦးတို့၏ ပြည်သူတရပ်လုံးသို့ ပန်ကြားချက်စာတစောင် ထုတ်ပြန်ကြေညာသည်။

**စက်တင်ဘာ ၁၈** ★ ရှစ်လေးလုံးအရေးတော်ပုံကြီးကို စစ်တပ်မှ လက်

www.burmeseclassic.com

www.burmeseclassic.com



နက်ဖြင့် အကြမ်းဖက်ဖြိုခွင်းပစ်လိုက်ပြီးနောက် စစ်တပ်မှ အာဏာသိမ်းပိုက်ကာ နဝတ ခေါ် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ကို ဖွဲ့စည်းခဲ့သည်။

**စက်တင်ဘာ ၂၇** ★ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ဒေါ်အောင်ဆန်းစုကြည်၊ ဦးအောင်ကြီး၊ သူရဦးတင်ဦး၊ ဦးဝင်းတင်တို့ဖြင့် စတင်ဖွဲ့စည်းခဲ့သည်။ စတင်ဖွဲ့စည်းစဉ်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ၏ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များမှာ –

| | |
|---|---|
| (၁) ဦးအောင်ကြီး | – ဥက္ကဋ္ဌ |
| (၂) သူရဦးတင်ဦး | – ဒုဥက္ကဋ္ဌ |
| (၃) ဒေါ်အောင်ဆန်းစုကြည် | – အထွေထွေအတွင်းရေးမှူး |
| (၄) ဦးကြည်ဟန် | – အတွင်းရေးမှူးအဖွဲ့ဝင် |
| (၅) ဦးချစ်ခိုင် | – အတွင်းရေးမှူးအဖွဲ့ဝင် |
| (၆) ဦးဝင်းတင် | – အတွင်းရေးမှူးအဖွဲ့ဝင် |
| (၇) ဒေါ်မြင့်မြင့်ခင် | – လူထုလူတန်းစားဌာနမှူး |
| (၈) ဦးလွင် | – ဘဏ္ဍာရေးဌာနမှူး |
| (၉) ဦးအောင်လွင် | – ပြန်ကြားရေးဌာနမှူး |
| (၁၀) ဦးအောင်ရွှေ | – စည်းရုံးရေးဌာနမှူး |
| (၁၁) ဦးကြည်မောင် | – သုတေသနဌာနမှူး |
| (၁၂) ဦးဘရွှေ | – အုပ်ချုပ်ရေးဌာနမှူး |

တို့ ဖြစ်သည်။

**စက်တင်ဘာ ၃၀** ★ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရွေးကောက်ပွဲကော်မရှင်သို့ တရားဝင်မှတ်ပုံတင်ခဲ့သည်။ အဖွဲ့ချုပ်၌ ဒေါ်အောင်ဆန်းစုကြည်သည် အထွေထွေအတွင်းရေးမှူးတာဝန်ကို ယူခဲ့သည်။

**အောက်တိုဘာ ၃** ★ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ရွေးကောက်ပွဲကော်မရှင်က ကြေညာချက်အမှတ် (၃) ဖြင့် နိုင်ငံရေးပါတီအဖြစ် အတည်ပြုကြေညာသည်။

**ဒီဇင်ဘာ ၁၀** ★ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌအဖြစ် ဒုတိယဥက္ကဋ္ဌဦးတင်ဦးအား ရွေးချယ်တင်မြှောက်လိုက်ကြောင်းနှင့် ဦးအောင်ကြီးနှင့်

www.burmeseclassic.com

www.burmeseclassic.com



အတူ အခြား ဗဟိုဦးစီးအဖွဲ့ဝင်များဖြစ်ကြသော(၁) ဦးကြည်ဟန် (၂) ဦးဘရွှေ (၃) ဦးနန်းနွယ် (၄) ဦးကျော်မြင့်လေး (၅) ဦးခင်မောင်မောင် (၆) ဦးသာထို (၇) ဦးသိန်းနိုင် (၈) ဦးမင်းဒင် (၉) ဦးခင်ညို (၁၀) ဦးဘိုးအောင် (၁၁) ဦးမောင်မောင် (၁၂) ဦးဇော်ဝင်းဦးတို့ကလည်း အဖွဲ့ချုပ်အဖွဲ့ဝင်များအဖြစ် နုတ်ထွက်ပြီးဖြစ်ကြောင်း ရွေးကောက်ပွဲကော်မရှင်သို့ အကြောင်းကြားခဲ့သည်။

**ဒီဇင်ဘာ ၁၃ ★** အဖွဲ့ချုပ်မှ ဦးအောင်ကြီးအပါအဝင် ပုဂ္ဂိုလ် (၁၂) ဦးကို ထုတ်ပယ်လိုက်ကြောင်း ကော်မရှင်သို့ အကြောင်းကြားစာ ပေးပို့သည်။

**ဒီဇင်ဘာ ၂၇ ★** ဒေါ်အောင်ဆန်းစုကြည်မိခင် မဟာသီရိသုဓမ္မ ဒေါ်ခင်ကြည်သည် ရန်ကုန်မြို့၌ ကွယ်လွန်သည်။ ကွယ်လွန်ချိန်၌ သားအောင်ဆန်းဦးနှင့် သမီးဖြစ်သူ ဒေါ် အောင်ဆန်းစုကြည်တို့ ကျန်ရစ်ခဲ့သည်။

**၁၉၈၉ ဖေဖော်ဝါရီ ၉ ★** အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြင်ဆင်ဖွဲ့စည်း၍ ရွေးကောက်ပွဲကော်မရှင်သို့ ပေးပို့သည်။ ယင်းတို့မှာ –

| | | |
|---|---|---|
| (၁) | ဦးတင်ဦး | – ဥက္ကဋ္ဌ |
| (၂) | ဒေါ်အောင်ဆန်းစုကြည် | – အထွေထွေအတွင်းရေးမှူး |
| (၃) | ဦးဝင်းတင် | – အတွင်းရေးမှူး |
| (၄) | ဦးချစ်ခိုင် | – အတွင်းရေးမှူး |
| (၅) | ဦးကြည်မောင် | – သုတေသနမှူး |
| (၆) | ဦးအောင်ရွှေ | – စည်းရုံးရေးမှူး |
| (၇) | ဦးလွင် | – ဘဏ္ဍာရေးမှူး |
| (၈) | ဦးအောင်လွင် | – ပြန်ကြားရေးမှူး |
| (၉) | ဒေါ်မြင့်မြင့်ခင် | – လူထုလူတန်းစားဌာနမှူး |

တို့ ဖြစ်သည်။

**ဇူလိုင် ၂၀ ★** ဒေါ်အောင်ဆန်းစုကြည်အား နဝတ အစိုးရက နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့်ဥပဒေပုဒ်မ ၁၀ (ခ) အရ နေအိမ်တွင်တားဆီးမိန့်ထုတ်ပြန်၍ တားဆီးလိုက်သည်။

**ဒီဇင်ဘာ ၂၂ ★** ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်ဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းခံနေစဉ်အတွင်း ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်မည်ဟု ကြေညာသည်။ သို့သော် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီအား ကိုယ်စားပြု၍ ရန်ကုန်တိုင်းဗဟန်းမြို့နယ် မဲဆန္ဒနယ်အမှတ် (၁) တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် ယှဉ်ပြိုင်ရန် အဆိုပြုထားခြင်းခံရသူ ဦးလဘန်ဂရောင်မှ ကန့်ကွက်လွှာတင်သွင်းခဲ့ရာ ရန်ကုန်တိုင်းရွေးချယ် တင်မြှောက်ပွဲကျင်းပရေးကော်မရှင်မှ လက်ခံစစ်ဆေး၍ ရွေးကောက်ပွဲဥပဒေပုဒ်မ ၁၀ (င) ဖြင့် ငြိစွန်းသည်ဟုဆိုကာ အမည်စာရင်း တင်သွင်းလွှာကို ပယ်ချခဲ့သဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခွင့် မရခဲ့ချေ။

**၁၉၉၀ မတ်လ ၂၇ ★** ပါတီစုံအထွေထွေရွေးကောက်ပွဲကို ကျင်းပခဲ့ရာ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်သည် မဲဆန္ဒနယ် ၄၄၇ နယ်၌ ဝင်ရောက် ယှဉ်ပြိုင်ခဲ့ရာ ၃၉၂ နယ်၌ အနိုင်ရရှိခဲ့သည်။ အဖွဲ့ချုပ်သည် တနိုင်ငံလုံးတွင် မဲဆန္ဒနယ် ၄၈၅ နေရာ၌ ၃၉၂ နေရာအနိုင်ရရှိသောကြောင့် ၈၂ ရာခိုင်နှုန်းကျော် အနိုင်ရရှိခဲ့သည်။

**ဇူလိုင်လ ၂၇ ★** နဝတ စစ်အစိုးရသည် အတွင်းရေးမှူး ဗိုလ်ချုပ်ခင်ညွန့်လက်မှတ်ဖြင့် အမိန့်အမှတ် ၁/၉၀ ကို ထုတ်ပြန်၍ ၁၉၉၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၈–၂၉ တွင် အဖွဲ့ချုပ်ဗဟိုဦးစီးအဖွဲ့မှ ကြီးမှူးပြုလုပ်မည့် လွှတ်တော်ကိုယ်စားလှယ်များ ပထမအကြိမ် ညှိနှိုင်းအစည်းအဝေးကြီးကို ဟန့်တားကန့်သတ်လိုက်သည်။

**ဇူလိုင် ၂၈၊ ၂၉ ★** ယာယီဥက္ကဋ္ဌဦးကြည်မောင်ဦးစီးသည့် ဂန္ဒီခန်းမ အစည်းအဝေးကြီးကို ပြုလုပ်ခဲ့သည်။

**၁၉၉၁ ဒီဇင်ဘာ ၁၀ ★** ၁၉၉၁ ခုနှစ်အတွက် ငြိမ်းချမ်းရေးနိုဘယ်ဆုကို ဒေါ်အောင်ဆန်းစုကြည်အား ပေးအပ်ချီးမြှင့်ခဲ့ရာ ငြိမ်းချမ်းရေးနိုဘယ်ဆုကို မိခင်ကိုယ်စားသားကြီးဖြစ်သူ မြင့်ဆန်းအောင်က နော်ဝေးနိုင်ငံ၊ အော်စလိုမြို့၌ တက်ရောက်ဆုယူခဲ့သည်။




ငြိမ်းချမ်းရေးနိုဘယ်ဆုတံဆိပ်

www.burmeseclassic.com

www.burmeseclassic.com



**၁၉၉၅ ဇူလိုင်လ ၁၀** ★ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်အဖြစ် တားဆီးထားသည့်အမိန့်အား နဝတအစိုးရမှ ပြန်လည်ရုပ်သိမ်းပေးခဲ့သည်။

★ နယူးယောက်အခြေစိုက် 'မစ်' (Ms) မဂ္ဂဇင်းမှ ၁၉၉၅ ခုနှစ်အတွက် အမျိုးသမီး ထူးချွန်ဆုရွေးချယ်ရာ၌ ဒေါ်အောင်ဆန်းစုကြည်ပါဝင်ခဲ့သည်။

**၁၉၉၉ မတ်လ ၂၇** ★ ဒေါ်အောင်ဆန်းစုကြည်ခင်ပွန်းဖြစ်သူ မိုက်ကယ်အဲရစ် လန်ဒန် မြို့၌ ကွယ်လွန်ခဲ့သည်။

**၂၀၀၀ မတ် ၁၈** ★ အိုင်ယာလန်နိုင်ငံ ဒဗ္ဗလင်မြို့တွင် ဒေါ်အောင်ဆန်းစုကြည်အား ဒဗ္ဗလင်မြို့တော် လွတ်လပ်ရေးဆုကို ဂုဏ်ပြုချီးမြှင့်ခဲ့သည်။

**ဩဂုတ် ၂၄** ★ ဒေါ်အောင်ဆန်းစုကြည်သည် ဒုတိယဥက္ကဋ္ဌသူရဦးတင်ဦး ရန်ကုန်တိုင်းစည်းရုံးရေးကော်မတီဥက္ကဋ္ဌသခင်စိုးမြင့်၊ ရန်ကုန်တိုင်း စည်းရုံးရေးအဖွဲ့ဝင်ဒေါက်တာမျိုးအောင်၊ အဖွဲ့ချုပ်လူငယ် ၁၆ ဦး (ယာဉ်မောင်းနှစ်ဦးအပါအဝင်) တို့နှင့်အတူ ရန်ကုန်တဖက်ကမ်း ဒလမြို့မှတဆင့် ရန်ကုန်တိုင်း ကွမ်းခြံကုန်းနှင့် ကော့မှူးမြို့များသို့ စည်းရုံးရေးကိစ္စများဆောင်ရွက်ရန် ရန်ကုန်မြို့ပန်းဆိုးတန်းဆိပ်ကမ်းမှတဆင့် ခရီးထွက်ရန် စီစဉ်ခဲ့ရာ ပန်းဆိုးတန်းဆိပ်ကမ်းတွင် ၁ နာရီခွဲခန့် အာဏာပိုင်များမှ ပိတ်ဆို့ထားခဲ့ပြီး တဖက်ကမ်းသို့ ကူးခွင့်ရခဲ့သည်။ ဒလမြို့သို့ရောက်ရှိသည့်အခါ ကြိုတင်စောင့်ဆိုင်းနေသည့် အဖွဲ့ချုပ်ကားနှစ်စီးဖြင့် ကွမ်းခြံကုန်းသို့ခရီးထွက်လာစဉ် ဒလမြို့မှ ၃ မိုင်ခန့်အရောက် ကျန်စစ်သားရပ်ကွက်တွင် အာဏာပိုင်များမှ ရှေ့ခရီးမဆက်နိုင်ရန်



www.burmeseclassic.com

www.burmeseclassic.com



အတင်းအဓမ္မ ပိတ်ဆို့တားမြစ်ထားခဲ့သဖြင့် စက်တင်ဘာလ (၁) ရက် နေ့ည ၁၁း ၁၅ နာရီအချိန်တွင် ရဲတပ်ဖွဲ့နှင့် စစ်ထောက်လှမ်းရေးအင်အား ၃၀၀ ကျော်က ဒေါ်အောင်ဆန်းစုကြည်အဖွဲ့အား ဝင်ရောက်စီးနင်းပြီး အတင်းအကြပ်ဖမ်းဆီးချုပ်နှောင်ခေါ်ဆောင်ပြီး ရန်ကုန်မြို့နေအိမ်သို့ ပြန်ပို့ခဲ့သည်။

**စက်တင်ဘာ ၁ မှ ၁၄ ထိ** ★ ဒေါ်အောင်ဆန်းစုကြည်အား ဒုတိယအကြိမ် နေအိမ်အကျယ်ချုပ် ဖမ်းဆီးခဲ့ပြန်သည်။

**၂၀၀၀ စက်တင်ဘာ ၂၁** ★ ဒေါ်အောင်ဆန်းစုကြည်သည် ဒုတိယဥက္ကဋ္ဌ ဦးတင်ဦးနှင့်အတူ အဖွဲ့ဝင်များလိုက်ပါ၍ အဖွဲ့ချုပ် လှုပ်ရှားမှုမရှိနိုင်ရန် ပိတ်ပင်တားဆီးမှုများ၊ အဖွဲ့ချုပ်ရုံးများပိတ်သိမ်းခြင်း၊ ဆိုင်းဘုတ်များချစေခြင်းများကို စုံစမ်းလေ့လာရန် ပထမခရီးစဉ်အဖြစ် ညနေမီးရထားဖြင့် မန္တလေးမြို့သို့ သွားရောက်ရန်စီစဉ်ခဲ့ရာ မီးရထားလက်မှတ်ကုန်နေသည်ဟု အကြောင်းပြ၍ လက်မှတ်ရောင်းချမပေးဘဲ နောက်တနေ့ နံနက်စောစော ၂၀၀၀ ပြည့်နှစ် စက်တင်ဘာ ၂၂ ရက်နေ့တွင် ရန်ကုန်ဘူတာကြီးမှ အဓမ္မ နေအိမ်သို့ပြန်ပို့ပြီး တတိယအကြိမ် နေအိမ်အကျယ်ချုပ် ဖမ်းဆီးထိန်းသိမ်းခဲ့သည်။

**၂၀၀၁** ★ ဒေါ်အောင်ဆန်းစုကြည်အား ဂျာမနီအခြေစိုက် နိုင်ငံတကာ နိုင်ငံရေးနှင့် ယဉ်ကျေးမှုများ လွတ်လပ်စွာပေါင်းစည်းရေးဆိုင်ရာ ဆုပေးရေးအဖွဲ့ကြီးက College United Nations ဆုချီးမြှင့်သည်။

**၂၀၀၂ မေ ၆** ★ ကုလသမဂ္ဂ၏ လျှို့ဝှက်ယုံကြည်မှုညှိနှိုင်းချက်အရ ဒေါ်အောင်ဆန်းစုကြည်အား နအဖအစိုးရက နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွှတ်ပေးခဲ့သည်။

**မေ ၂၃** ★ ဗိုလ်မှူးအောင်ဦးဆောင်သည့် ဝါရင့်နိုင်ငံရေးသမားကြီးများက ဒေါ်အောင်ဆန်းစုကြည်အား သခင်သိန်းဖေနေအိမ်တွင် ဂုဏ်ပြုပွဲကျင်းပသည်။

**မေ ၂၅** ★ အမေရိကန်ပြည်ထောင်စုရှိ ဘာ့သ်ကောလိပ်၏ ၁၄၂ ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား၌ ဒေါ်အောင်ဆန်းစုကြည်အား ဂုဏ်ထူးဆောင်ပါရဂူဘွဲ့ ချီးမြှင့်သည်။

**၂၀၀၃ မေ ၃၀** ★ ဒေါ်အောင်ဆန်းစုကြည်သည် အဖွဲ့ဝင်များနှင့်အတူ စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ် စည်းရုံးရေးခရီးစဉ်အတွင်း သူမ၏ ယာဉ်တန်းအား စစ်အစိုးရ၏ ဒေါက်တိုင်အဖွဲ့အစည်းများဖြစ်ကြသော ကြံ့ဖွံ့နှင့်စွမ်းအားရှင်များက ဒီပဲယင်းမြို့နယ် ကျီရွာအနီး အကြမ်းဖက်တိုက်ခိုက်ခဲ့ကြသည်။

www.burmeseclassic.com

www.burmeseclassic.com



သူမအား ထောက်ခံသည့်အဖွဲ့ဝင်များ ၂၈၂ ဦး သေဆုံး၍ ရာပေါင်းများစွာ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

**မေ ၃၁** ★ ဒေါ်အောင်ဆန်းစုကြည်သည် နအဖလက်ပါးစေများ၏ ချောင်းမြောင်း တိုက်ခိုက်မှုခံခဲ့ရာမှ အသက်မသေလွတ်မြောက်ခဲ့ပြီးနောက် ရေဦးမြို့ အဝင်ဂိတ်အရောက်၌ အာဏာပိုင်များ၏ ဖမ်းဆီးခြင်းခံရသည်။

**ဇွန် ၂** ★ ဒေါ်အောင်ဆန်းစုကြည်အား အမှတ် (၆) တင့်ကားတပ်ရင်း ညေ့ရိပ်သာတွင် ဖမ်းဆီးထားရာမှ အင်းစိန်ထောင်သို့ပို့၍ ထိန်းသိမ်းခဲ့သည်။

**ဇွန် ၂၄** ★ အင်းစိန်ထောင်မှ ဒေါ်အောင်ဆန်းစုကြည်အား ရဲမွန်တပ်စခန်းရှိ ရဲခေါင်ရိပ်သာသို့ ပြောင်းရွှေ့ထိန်းသိမ်းခဲ့သည်။

**စက်တင်ဘာ ၁၆** ★ ဒေါ်အောင်ဆန်းစုကြည်အား ဆေးရုံတက်ခွဲစိတ်ကုသရန်အတွက် ရဲမွန်ရိပ်သာမှ ရန်ကုန်မြို့အာရှတော်ဝင်ဆေးရုံသို့တင်ပို့ခဲ့သည်။

**၂၀၀၃ စက်တင်ဘာ ၂၇** ★ ဒေါ်အောင်ဆန်းစုကြည်အား အာရှတော်ဝင်ဆေးရုံမှ နေအိမ်သို့ပြန်ပို့၍ စတုတ္ထအကြိမ် နေအိမ်အကျယ်ချုပ် ထိန်းသိမ်းခဲ့သည်။

**၂၀၀၄ ဧပြီ ၂၇** ★ ဒေါ်အောင်ဆန်းစုကြည်အား တော်ကိုရီးယားနိုင်ငံမှ ၂၀၀၄ ခုနှစ်အတွက် ဂွမ်ဂျူးလူ့အခွင့်အရေးဆု ချီးမြှင့်သည်။

**နိုဝင်ဘာ ၂၇** ★ ဒေါ်အောင်ဆန်းစုကြည်အား နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၀ (ခ) ဖြင့် ပြစ်ဒဏ်တနှစ် ထပ်မံတိုးခဲ့သည်။

**၂၀၀၅ နိုဝင်ဘာ ၂၇** ★ နအဖ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်အား နောက်ထပ်ပြစ်ဒဏ် (၆) လ ထပ်မံတိုးခဲ့သည်။

**၂၀၀၆ မတ် ၁** ★ ဆွီဒင်နိုင်ငံစတော့ဟုမ်းမြို့တွင် မြန်မာ့ဒီမိုကရေစီခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်အား ၂၀၀၅ ခုနှစ်အတွက် အိုလော့ပန်းဆု ချီးမြှင့်ခဲ့သည်။

**မေလ ၂၀** ★ ဒေါ်အောင်ဆန်းစုကြည်အား ကုလသမဂ္ဂနိုင်ငံရေးဌာနမှ လက်ထောက်အထွေထွေအတွင်းရေးမှူး အီဘာရာဟင်ဂမ်ဘာရီက တွေ့ဆုံခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**မေလ ၂၇** ★ ဒေါ်အောင်ဆန်းစုကြည်အား နအဖအစိုးရက အကျယ်ချုပ်သက်တမ်းတနှစ် ထပ်မံတိုးခဲ့သည်။

**နိုဝင်ဘာ ၁၁** ★ ဒေါ်အောင်ဆန်းစုကြည်အား ကုလလက်ထောက် အထွေထွေအတွင်းရေးမှူး ဂမ်ဘာရီက သွားရောက်တွေ့ဆုံခဲ့သည်။

**၂၀၀၇ ဇန်နဝါရီ ၁** ★ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် မြန်မာနိုင်ငံရှိ စစ်ခေါင်းဆောင်များကို ဒေါ်အောင်ဆန်းစုကြည်အား ချွင်းချက်မရှိ ပြန်လည် လွှတ်ပေးရန် တောင်းဆိုခဲ့သည်။

**ဇန်နဝါရီ ၁၈** ★ ဒေါ်အောင်ဆန်းစုကြည်သည် သူ၏ နိုဘယ်ဆုကြေးငွေများကို အခွန်ပေးဆောင်ခြင်းမရှိဘဲ ပြည်ပတွင်အသုံးပြုခဲ့သည်ဟု စစ်အစိုးရပိုင် မြန်မာ့အလင်းသတင်းစာ၌ စွပ်စွဲရေးသားသည်။

**အောက်တိုဘာ ၂** ★ စက်တင်ဘာရွှေဝါရောင် သံဃာ့တော်လှန်ရေးကြီးအပြီး ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အကြံပေးပုဂ္ဂိုလ် မစ္စတာဂမ်ဘာရီသည် ဒေါ် အောင်ဆန်းစုကြည်အား ထပ်မံတွေ့ဆုံခဲ့သည်။

**အောက်တိုဘာ ၂၄** ★ ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်အကျယ်ချုပ် (၁၂) နှစ်ပြည့်အဖြစ် ကမ္ဘာ့မြို့ကြီး ၁၂ မြို့တွင် တပြိုင်နက်တည်း ဆန္ဒပြပွဲကျင်းပခဲ့ကြသည်။

**အောက်တိုဘာ ၂၅** ★ ဒေါ်အောင်ဆန်းစုကြည်နှင့် စကားပြောဆိုနိုင်ရန် ကြားခံ ဆက်သွယ်ရေးဝန်ကြီးအတွက် အလုပ်သမားဝန်ကြီး ဦးအောင်ကြည်ကို နအဖအစိုးရက ခန့်အပ်ခဲ့ပြီး တွေ့ဆုံဆွေးနွေးရေးအတုအယောင်များ ဖန်တီးပြသခဲ့သည်။

**နိုဝင်ဘာ ၈** ★ ဒေါ်အောင်ဆန်းစုကြည် (၃) နှစ်အတွင်း ပထမဆုံးအကြိမ် သူ၏ ပါတီဗဟိုအလုပ်အမှုဆောင်အဖွဲ့များနှင့် တွေ့ဆုံခွင့်ရခဲ့သည်။

**၂၀၀၉ မေ ၆** ★ အမေရိကန်နိုင်ငံသား ဂျွန်ဝီလျံယက်တောသည် ဒေါ်အောင်ဆန်းစုကြည်၏ နေအိမ်ခြံဝင်းအတွင်းသို့ နအဖစစ်အစိုးရအာဏာပိုင်များ၏ စီစဉ်ပေးမှုဖြင့် တိတ်တဆိတ် ဝင်ရောက်ခဲ့သည်။

**မေ ၁၈** ★ စစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်နေအိမ် အကျယ်ချုပ်ဖောက်ဖျက်မှုပုဒ်မ (၂၂) ဖြင့် အင်းစိန်အထူးတရားရုံး၌ တရားစွဲဆိုသည်။

**ဩဂုတ် ၁၁** ★ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ်အကျယ်ချုပ်

www.burmeseclassic.com

www.burmeseclassic.com



ဖောက်ဖျက်မှုပုဒ်မ ၂၂ ဖြင့် အလုပ်ကြမ်းနှင့် ထောင်ဒဏ် ၃ နှစ် ချမှတ်ခဲ့သည်။ အမိန့်ချမှတ်ပြီး မိနစ်ပိုင်းအတွင်းမှာပင် နအဖစစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ အမိန့်စာဖြင့် ထိုချမှတ်ထားသည့်ပြစ်ဒဏ်ကို ထက်ဝက်လျှော့ချ လိုက်ပြီး ဆိုင်းငံ့ပြစ်ဒဏ်အဖြစ်ထားရှိကာ ဒေါ်အောင်ဆန်းစုကြည်အား နေအိမ် အကျယ်ချုပ် (၁၈) လသို့ ပြောင်းလဲချမှတ်ပေးလိုက်သည်။

**အောက်တိုဘာ ၂** ★ ဒေါ်အောင်ဆန်းစုကြည်အပေါ် နအဖစစ်အစိုးရက မတရားပြစ်ဒဏ်ချမှတ်မှုအပေါ် ရန်ကုန်တိုင်းတရားရုံးသို့ ဒေါ်အောင်ဆန်းစုကြည်၏ အကျိုးဆောင်ရှေ့နေများက အယူခံလွှာတင်သွင်းမှုကို တိုင်းတရားရုံးက ပယ်ချခဲ့သည်။

**ဒီဇင်ဘာလ ၂၁** ★ ဒေါ်အောင်ဆန်းစုကြည်၏ ရှေ့နေများက ဗဟို တရားရုံးချုပ်သို့ အယူခံပြင်ဆင်ခွင့်လျှောက်ထားမှုကို ဗဟိုတရားရုံးချုပ်က လက်ခံခဲ့သည်။

**၂၀၁၀ ဇန်နဝါရီ ၁၄** ★ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ကို ပြန်လည် တိုးချဲ့ဖွဲ့စည်းခဲ့သည်။ အဖွဲ့ချုပ်ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များမှာ –

| | | |
|---|---|---|
| (၁) | ဦးအောင်ရွှေ | – ဥက္ကဋ္ဌ |
| (၂) | သူရဦးတင်ဦး | – ဒုတိယ ဥက္ကဋ္ဌ |
| (၃) | ဒေါ်အောင်ဆန်းစုကြည် | – အထွေထွေအတွင်းရေးမှူး |
| (၄) | ဦးလွင် | – အတွင်းရေးမှူး |
| (၅) | ဦးဝင်းတင် | – အဖွဲ့ဝင် |
| (၆) | ဦးခင်မောင်ဆွေ | – အဖွဲ့ဝင် |
| (၇) | ဦးသန်းထွန်း | – အဖွဲ့ဝင် |
| (၈) | ဦးစိုးမြင့် | – အဖွဲ့ဝင် |
| (၉) | ဦးလှဖေ | – အဖွဲ့ဝင် |
| (၁၀) | ဦးလွန်းတင် | – အဖွဲ့ဝင် |
| (၁၁) | ဦးညွန့်ဝေ | – အဖွဲ့ဝင် |
| (၁၂) | ဒေါက်တာသန်းငြိမ်း | – အဖွဲ့ဝင် |
| (၁၃) | ဦးအုန်းကြိုင် | – အဖွဲ့ဝင် |

www.burmeseclassic.com

www.burmeseclassic.com



(၁၄)ဦးဝင်းမြင့် – အဖွဲ့ဝင်
(၁၅)ဦးထွန်းထွန်းဟိန် – အဖွဲ့ဝင်
(၁၆)ဒေါက်တာဝင်းနိုင် – အဖွဲ့ဝင်
(၁၇)ဦးဉာဏ်ဝင်း – အဖွဲ့ဝင်
(၁၈)ဦးဟံသာမြင့် – အဖွဲ့ဝင်
(၁၉)ဦးသိန်းညွန့် – အဖွဲ့ဝင်
(၂၀)ဒေါက်တာမေဝင်းမြင့် – အဖွဲ့ဝင်

တို့ ဖြစ်သည်။

**၂၀၁၀ နိုဝင်ဘာ ၁၃** ★ နအဖစစ်အစိုးရက ဒေါ်အောင်ဆန်းစုကြည်ကို မြန်မာစံတော်ချိန် ညနေ ၅ နာရီ ၁၅ မိနစ်တွင် နေအိမ်အကျယ်ချုပ်မှ ပြန်လည်လွှတ်ပေးခဲ့သည်။ ထို့နောက် ဒေါ်အောင်ဆန်းစုကြည်သည် မိနစ်ပိုင်းအတွင်းမှာပင် သူ့ခြံရှေ့သို့ထွက်၍ လူထုကို မိန့်ခွန်းတိုပြောကြားခဲ့သည်။

**နိုဝင်ဘာ ၁၄** ★ ဒေါ်အောင်ဆန်းစုကြည်သည် နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်လာပြီးနောက် ဗဟန်းမြို့နယ်ရွှေဂုံတိုင်လမ်းရှိ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရုံးရှေ့၌ နေ့လယ် ၁၂ နာရီတွင် လူထုအား နှုတ်ခွန်းဆက်မိန့်ခွန်း ပြောကြားခဲ့သည်။

**နိုဝင်ဘာ ၂၃** ★ ဒေါ်အောင်ဆန်းစုကြည်နေအိမ်အကျယ်ချုပ်မှ လွတ်မြောက်ခဲ့ပြီးနောက် သားငယ်ကင်မ်ခေါ် ကိုထိန်လင်းသည် ပြည်ဝင်ခွင့်ဗီဇာရရှိသဖြင့် မြန်မာနိုင်ငံသို့ လာရောက်ပြီး မိခင်ဖြစ်သူအား တွေ့ဆုံသည်။

**နိုဝင်ဘာ ၂၆** ★ လွတ်လပ်သည့်အာရှအသံ (RFA) မှ စီစဉ်တင်ဆက်သည့် လူထုနှင့်ဒေါ်အောင်ဆန်းစုကြည်အမေးအဖြေကဏ္ဍ၌ အနယ်နယ် အရပ်ရပ်ပရိတ်သတ်များ၏ မေးမြန်းချက်များကို ဒေါ်အောင်ဆန်းစုကြည်သည် ပထမဆုံးအကြိမ်ဖြေကြားခဲ့သည်။

**ဒီဇင်ဘာ ၂၈** ★ လူထုခေါင်းဆောင်ဒေါ်အောင်ဆန်းစုကြည်သည် လူငယ်များအား အဖွဲ့ချုပ်ရုံး၌ တွေ့ဆုံဆွေးနွေး၍ သြဝါဒစကားပြောကြားသည်။

**၂၀၁၁ မေလ ၁၂** ★ ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ အထူးအကြံပေးပုဂ္ဂိုလ် ဗီဂျေးနမ်ဗီးယားသည် ၎င်း၏ မြန်မာနိုင်ငံခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



**မေ ၁၉** ★ အမေရိကန်ပြည်ထောင်စု အရှေ့အာရှနှင့် ပစိဖိတ်ရေးရာ ဒုတိယလက်ထောက်နိုင်ငံခြားရေးဝန်ကြီးဂျိုးဇက်ယွန်းသည် မြန်မာနိုင်ငံခရီးစဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည်နှင့် သူမ၏နေအိမ်၌ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

**ဇွန်လ ၁၀ မှ ၁၉** ★ မြန်မာနိုင်ငံအမျိုးသမီးများနေ့ (ဒေါ်အောင်ဆန်းစုကြည်မွေးနေ့) အထိမ်းအမှတ်ရိုးရာယဉ်ကျေးမှု ဂီတပွဲတော်ကို အဖွဲ့ချုပ်ရုံး၌ စည်ကားစွာပြုလုပ်ခဲ့သည်။

**ဇွန်လ ၁၉** ★ ပြည်တွင်းပြည်ပမြို့ကြီးများ၌ ဒေါ်အောင်ဆန်းစုကြည်၏ ၆၆ နှစ်မြောက်မွေးနေ့အထိမ်းအမှတ်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

**ဇွန် ၂၁** ★ ဒေါ်အောင်ဆန်းစုကြည်အား EU ဥရောပသမဂ္ဂဥက္ကဋ္ဌနှင့် နိုင်ငံခြားရေးရာနှင့် လုံခြုံရေးရာအကြီးအကဲ၏ အကြံပေးပုဂ္ဂိုလ် မစ္စတာရောဘတ်ကူးပါးနှင့် အီးယူကိုယ်စားလှယ် (၁၁) ဦးတို့က ၎င်း၏နေအိမ်သို့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

**ဇွန် ၂၃** ★ ဒေါ်အောင်ဆန်းစုကြည်အား အိန္ဒိယနိုင်ငံခြားရေး ဒုတိယဝန်ကြီး Ms. Narupama Rao က သူ၏နေအိမ်သို့ သွားရောက်တွေ့ဆုံဆွေးနွေးခဲ့သည်။

**ဇူလိုင်လ ၄ မှ ၇** ★ ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော သားငယ်ကိုထိန်လင်းနှင့်အတူ (၄) ရက်ကြာ ပုဂံဖုရားဖူး သွားရောက်ခဲ့သည်။

**ဇူလိုင် ၁၉** ★ (၆၄) ကြိမ်မြောက်အာဇာနည်နေ့အခမ်းအနားသို့ ဒေါ်အောင်ဆန်းစုကြည်နှင့် အဖွဲ့ချုပ်အဖွဲ့ဝင်များတက်ရောက်၍ အာဇာနည်ကြီးများကို လွမ်းသူ့ပန်းခွေချ အလေးပြုခဲ့သည်။

**ဇူလိုင် ၂၅** ★ ဒေါ်အောင်ဆန်းစုကြည်နှင့် ပြည်ထောင်စုဝန်ကြီး ဦးအောင်ကြည်တို့သည် နေ့လယ်တနာရီတွင် တက္ကသိုလ်ရိပ်သာလမ်း စိန်းလဲ့ကန်သာ အစိုးရဧည့်ဂေဟာ၌ ၁ နာရီနှင့် ၁၅ မိနစ်ကြာ တွေ့ဆုံဆွေးနွေးခဲ့ပြီး ပြည်တွင်းပြည်ပသတင်းထောက် ၈၀ ကျော်၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားသွားခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၄)
# ဒေါ်အောင်ဆန်းစုကြည် ဘွဲ့ကဗျာများ



လူသားတိုင်းသည် စည်းစိမ်ချမ်းသာကို အလိုရှိ၏။ ဆင်းရဲဒုက္ခမှ ကင်းဝေးလို၏။ ချီးမွမ်းမြှောက်ပင့်မှုကိုခံယူလို၏။ ကဲ့ရဲ့ရှုတ်ချခြင်းခံရခြင်းမှ လွတ်ကင်းလို၏။ သူတစ်ထူးအကျိုးထက် မိမိအကျိုးကိုသာ ပိုမို၍လိုလားပေသည်။ ဤသည်မှာ သာမန်လူသားတိုင်းတွင်ရှိတတ်သော သဘောထားပင် ဖြစ်သည်။

သာမန်လူအဆင့်မှကျော်လွန်၍ စည်းစိမ်ချမ်းသာကို မမက်မောသူ၊ ဆင်းရဲဒုက္ခကို မမှုသူ၊ မြှောက်၍လည်းမမြောက်၊ ခြောက်၍လည်းမကြောက်သူ၊ ကိုယ်ကျိုးကိုစွန့်၍ အများအကျိုးအတွက် မိမိယုံကြည်ချက်ကို ရင်ဝယ်ပိုက်၍ သတ္တိရှိရှိဆောင်ရွက်နေသော အကြင်ပုဂ္ဂိုလ်တို့သည် ဤလောက၌ တကယ်ရှိသည်ဆိုအံ့။ စံတင်ထိုက်သူ၊ မော်ကွန်းတင်ထိုက်သူဖြစ်သည်။ ဤသို့ အများ၏ ကြည်ညိုလေးစားထိုက်သောပုဂ္ဂိုလ်များတွင် ဒေါ်အောင်ဆန်းစုကြည်သည်လည်း တစ်ဦးအပါအဝင်ဖြစ်သည်။ ထို့ကြောင့် ဒေါ်အောင်ဆန်းစုကြည်ကို အတ္ထုပ္ပတ္တိရေးသူများကရေးကြသည်။ ဆောင်းပါးရေးသူများက ရေးကြသည်။ ဇာတ်လမ်းဆင်ကာ သူ့ဘဝတစ်စိတ်တစ်ပိုင်းကို ဗီဒီယိုမှတ်တမ်း ရိုက်သူကရိုက်၍ ရုပ်ရှင်ရိုက်သူက ရိုက်ကြသည်။ ထိုနည်းတူစွာ ကဗျာဆရာများကလည်း ကဗျာရေးစပ်၍ မှတ်တမ်းတင်ခဲ့ကြသည်။

ဤသို့ ဒေါ်အောင်ဆန်းစုကြည် အားရေးစပ်ခဲ့သော ဒေါ်အောင်ဆန်းစုကြည်ဘွဲ့ကဗျာများကို လက်လှမ်းမီရွေ့စုစည်းဖော်ပြလိုက်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



## မွေးနေ့ဆုမွန်

ကြည်ရွှင်စေသော၊ မာစေသောဟု
မွေးသောနေ့မှာ၊ တို့သူငါသည်
မေတ္တာကြည်လင်၊ ရွှင်ရွှင်ပို့။
ဒေါ်င်းပျိုအိုးဝေ တွန်စေဖို့
မြတ်ဆုမွန်ကောင်း တောင်းကြစို့။ ။

**မင်းသုဝဏ်**

## မွေးနေ့သဝဏ်

တိုင်းကျိုးပြည်ပြု
ကိုယ်စားပြုရှင်
မှိုင်းသခင်မှန်း
အောင်းဆန်းစုကြည်
စုဧကရီအား
မွေးဖွားရက်တွင်
ကျန်းမာပါစေ
ချမ်းသာပါစေ
ဆုသွင်သွင်လောင်းလိုက်ပါသည်။

**ဒဂုန်တာရာ**

## မီးလျှံထဲကကြာ

ရဲ – ဇွဲ – ဥာဏ် – စည်း – တာ
မကြောက်တရားတေးကဗျာ
မီးလျှံထဲကကြာ။ ။

**ဦးဝင်းတင်**

www.burmeseclassic.com

www.burmeseclassic.com



ရဲဆိုတာ = ရဲရင့်ခြင်း။
ဇွဲဆိုတာ = စွဲမြဲခြင်း။
ဉာဏ်ဆိုတာ = ဉာဏ်ပညာကြီးမားခြင်း။
စည်းဆိုတာ = စည်းကမ်းရှိခြင်း။
တာဆိုတာ = တာဝန်သိခြင်း၊ တာဝန်ယူခြင်း၊ တာဝန်ခံခြင်း။

## ၆၆ ဒါမှမဟုတ် ဒီမိုကရေစီအလင်းပွင့်ထဲက မဟာအာဏနည်

"ဒီမိုကရေစီစနစ်ကို ပုံဖော်ရာ၌
တဦးတယောက်ထဲလုပ်ဆောင်လို့မရနိုင်ပါဘူး။
လုပ်သားပြည်သူအားလုံး ပူးပေါင်းလုပ်ကိုင်
ဆောင်ရွက်မှသာ ရရှိနိုင်မှာဖြစ်ပါတယ်"

**ဒေါ်အောင်ဆန်းစုကြည်**

၆၆ ... တဲ့
အမှောင်ခေတ်အိုကြီးထဲက
တောက်ပတဲ့အလင်းသက္ကရာဇ်
ရွှေရောင်တွေနဲ့ ဝင်းထိန်
သေခြင်းမဲ့အလင်းအိမ်ပေါ်ကတေး
ငါ ... ဟောဒီမနက်ခင်းသစ်ထဲမှာမွေးလို့ ...

၆၆ ...တဲ့
ဒီမိုကရေစီသစ်အနာဂတ်ခေါ်သံ
ဒီမို ... ဆိုတာ ... ပြည်သူ
ကရေစီ ... ဆိုတာ ... အာဏာ
ဒီမို ... ဆိုတာ ... လူထု
ကရေစီ ... ဆိုတာ ... အခွင့်အရေး
လူထုအာဏာ လူထုအခွင့်အရေး
လူထုကိုပြန်ပေး

www.burmeseclassic.com

www.burmeseclassic.com



ငါတို့ မဟာပြည်သူတွေကို
ငါတို့ မဟာပြည်သူတွေပိုင်တဲ့
ငါတို့ပိုင်တဲ့ ငါတို့ဒီမိုကရေစီကို
ငါ ... မဟာပြည်သူတွေကိုပြန်ပေး
နှလုံးသွေးထဲက ငါတို့မဟာပြည်သူတရပ်လုံးရဲ့
မဟာဒီမိုကရေစီတိုက်ပွဲ
ကြည့်စမ်း ... ကောင်းကင်ကြီးကွဲမတတ် ပွက်ပွက်ညံ့လို့ ...

ဖြေ ... တဲ့
ရေဒီယိုအသံလှိုင်းထဲမှာ ယုံကြည်ပွင့်တွေလှိုင်းထ
လူထုဖေဒရန့်သစ်တွေနဲ့ မွှေးဝေနေတဲ့
အမေရဲ့ ဒီမိုကရေစီခေါ်သံ အလင်းတေးက
သမိုင်းအမှန်တရားထဲမှာ
ဟိ်ံသစ္စာတွေနဲ့ ထာဝရပျံ့သန်း
ဒါ ... ငါတို့ချစ်တဲ့ ငါ့မဟာနိုင်ငံတော်ရဲ့ အလင်းတံခါးပေါ့။

ဖြေ ... တဲ့
နှင်းဆီရိုင်းသစ်တွေ ပွင့်ဝေလှိုင်းထ
အာဏာတော်လှန်တဲ့ခေတ်ပြိုင်ထဲက မဟာရွှေဦး
ဇွန် ၁၉ ရဲ့ ယုံကြည်ချက်မိုးပွင့်ဦးကို နူးဆွတ်ဖို့
ဝိညာဉ်အလင်းလမ်းကိုဖောက်
ကိုယ်ကျိုးစွန့်စိတ်နဲ့ အနာဂတ်အိပ်မက်ကိုတူးဖော်
သံမဏိရောင်တောက်နေတဲ့ ရိုးမကြီးတွေက
ယုံကြည်ပွင့်အလံကို ရင်ကွဲမတတ်လွှင့်ထူလို့ ...

ဖြေ ...တဲ့
ကမ္ဘာထဲက မဟာအလင်းသင်္ကေတ
နှလုံးသားမဟာ ဒီမိုကရေစီအလင်းတိုက်ကိုဖွင့်ပြ

www.burmeseclassic.com

www.burmeseclassic.com



ညသားအမှောင်အိုဆိုးကြီးထဲက
နပျိုစိမ်းလန်းလာမယ့် မနက်ခင်းစစ်စစ်ကိုမျှော်
ဒီမိုကရေစီအလင်းတိုက်ပွဲခေါ်သံ အတောင်ယှက်
လွတ်မြောက်ရေးတိုက်ပွဲအတွက်ယုံကြည်ချက်
အသက်နဲ့ဖွဲ့ခတ်
စကြဝဠာကမ္ဘာထဲမှာ ရဲရဲမက်လို့ ...

ဖြေ ... တဲ့
အာဇာနည်မဟာသူရဲကောင်းတို့လမ်း
ယုံကြည်မှုအသက်ဝိညာဉ်နဲ့ ဖြတ်သန်း
မဟာပြည်သူတွေလာသောလမ်းမှာ
နှလုံးသားကိုခင်း
ကြည့်စမ်း ... ဒီမိုကရေစီပန်းတွေက
လင်းထိန်ဝင်းလက်ကောင်းကင်သစ်ကြီးပေါ်တက်လို့ ...

ဖြေ ... တဲ့
သံမဏိယုံကြည်ချက်ဟာ
လွတ်မြောက်ရေးတိုက်ပွဲအတွက် ... ဓါး
ခေတ်ဆိုးခေတ်ပျက်ကြီးရဲ့ အမှောင်အိုထဲမှာ
ရဲရဲပွင့်ပြူ ဒီမိုကရေစီခေတ်ဦးအလံမှာ
နှလုံးသားနဲ့ လွှင့်ထူ
ပြည်သူတွေအတွက် ထာဝရယုံကြည်ချက်နဲ့
ငြိမ်းချမ်းရေးချိုးဖြူငှက်ကလေးပျံသန်းဖို့
ဗဟုဝါဒသစ်ရဲ့ အလင်းမြို့ကိုတည်လာပြီး ...

ဖြေ ... တဲ့
အတုမဲ့မဟာအာဇာနည်သခင်အောင်ဆန်းရဲ့
လွတ်လပ်ရေးတိုက်ပွဲမှသည်

www.burmeseclassic.com

www.burmeseclassic.com



ခု … ခေတ်ပြိုင်ထဲက မဟာဒီမိုကရေစီသစ်တိုက်ပွဲရဲ့
မဟာအာဇာနည်
ငါတို့မဟာပြည်သူတွေချစ်တဲ့
အောင်ဆန်းစုကြည်
ကမ္ဘာတည်မည့် အလင်းလမ်းကိုဖေါက်
ဟော … ဖြဖြ …တဲ့ ပြက္ခဒိန်ထဲက အလင်းသက္ကရာဇ်
အမေ့ရင်အုံမြေသင်းခဲထဲက ဖွားမြင်လာတော့မယ်
မဟာဒီမိုကရေစီအလင်းလမ်းကိုဖေါက်
တို့ခေတ်ကိုရောက်ရမည်မှာမလွဲပါ
တို့ဗမာ မဟာသီချင်းထဲက မဟာကဗျာစာသား
မဟာဒီမိုကရေစီအလင်းလမ်းပေါ်မှာ
ကြည့်ကြစမ်းဟေ့
မဟာဒီမိုကရေစီပန်းသစ်တွေ
ဝေလို့ …။ ။

**မောင်နွေထက်**

## ပြည်သူကိုချစ်သော …ပြည်သူကချစ်သော …သူ

အဲဒီမျက်ဝန်းရဲ့
နူးညံ့ပြတ်သားသော အကြည့်တွေအောက်မှာ
စိုးရွံ့အားငယ်စိတ်တွေ ပြေလျော့ကွယ်ပျောက်သွား
အဲဒီနှုတ်ခမ်းက
ဝံ့စားချိုမြိန်သောအပြုံးတွေဖူးအပွင့်မှာ
မျှော်လင့်ချက်အသေတွေ ပြန်ရှင်သန်လန်းစွင့်လာ …
အဲဒီနှလုံးသားက
ပြေပြစ်ညင်သာသော ရင်ခုန်သံစည်းချက်မှ
အသွယ်သွယ်သောလားရာတွေပေါင်းဆုံရှေ့ဆက်ကြ။
သူ့မျက်ဝန်းတွေက ငါတို့အတွက် စွမ်းအား

www.burmeseclassic.com

www.burmeseclassic.com



သူ့နှုတ်ခမ်းက ငါတို့လိုအပ်တဲ့အလင်းရောင်
သူ့နှလုံးသားက ငါတို့ဖွေရှာနေတဲ့အလှတရား
သူဟာ ... ပိတ်ထားခံရတဲ့ တံခါးအထပ်ထပ်ကို
ရင်နဲ့ရင်းပြီး တိုးဖွင့်တိုးထွက်သူ
သူဟာ ... ရဲရင့်ခြင်းပြယုဂ်ကို ထုဆစ်ဖန်ဆင်း
စိတ်ဝိညာဉ်တွေကို ကြောက်ရွံ့ခြင်းမှ လွတ်ကင်းစေသူ
သူဟာ ...မေတ္တာလက်နက်ကို အပြုံးမပျက်ကိုင်စွဲ
အမုန်းတံတားတွေကို ငြိမ်းချမ်းခြင်းနှင့် ပြိုလဲစေသူ
သူ ...
အဘိုးအဘွားတို့ရဲ့ ... သမီးစု
ဦးဦးဒေါ်ဒေါ်တို့ရဲ့ ... မစု
မောင်တို့မယ်တို့ရဲ့ ... အန်တီစု
သားတို့သမီးတို့ရဲ့ ... အမေစု

တိုင်းပြည်နဲ့လူမျိုးရဲ့ ... အောင်ဆန်းစုကြည်
သူဟာ ... မိသားစုတိုင်းရဲ့ မိသားစုဝင်
အပေးအယူမဲ့ မြတ်နိုးချစ်ခင်ခြင်းတွေနဲ့
အပြန်အလှန်မေတ္တာသက်ဝင်ခဲ့ကြ ...
ပြည်သူကိုချစ်သော ... ပြည်သူကချစ်သောသူ့ကို
ပြည်သူလူထုရဲ့ နှလုံးသားတွေထဲကနေ
ဘယ်လိုမှ ဖယ်ထုတ်လို့မရပေဘူး။ ။

**နေဘုန်းလတ်**

## ကရုဏာ

အမေ
သူမသည်
ဗိုလ်ချုပ်၏သမီး

www.burmeseclassic.com

www.burmeseclassic.com



တိုင်းပြည်၏ မီးရှူးတန်ဆောင်
ဒီမိုကရေစီ၏ အလှဖုရား
လွတ်လပ်ခြင်း၏ ဖီးနစ်ငှက်
ရိုးသားခြင်း၏ သံတမန်
ညီညွတ်ခြင်း၏ မျိုးစေ့ချသူ

အမေ
သူမသည်
စစ်အာဏာကြီးစိုးရေးကိုတွန်းလှန်
ပြည်သူအားလုံး၏ အသည်းနှလုံး
ညှိုးချုံးချိနဲ့နေတဲ့ အမိပြည်စီးပွားရေးကို
ထာဝစဉ်တွေးအလေးပေးသူ
တိုင်းရင်းသားအားလုံး၏ မိခင်
အမျိုးသားရင်ကြားစေ့ရေး
ထာဝစဉ်တွေး အလေးပေးသူ

အိုမေမေ
တိုင်းပြည်တိုးတက်၊ ကိုယ်ကျိုးမဖက်
မျိုးမြတ်ဇာနည်၊ ဇာမဏီမို့
ထာဝစဉ်အပြုံးပြည့်ရွှာက
ထာဝစဉ်နှလုံးကြည်သာစေ။ ။

**မြဒေါင်းနွယ်**

## မောင်ခွေးဖို့ကဗျာ

ခြေလက်မဲ့ပေမယ့်
ပစ်ချင်ရာကိုပစ်လိုက်တဲ့
ပစ်တိုင်းထောင်တယ်ကွဲ့။ ။

www.burmeseclassic.com

www.burmeseclassic.com



မောင်သင်းခိုင်

## မျိုးဆက်ဇာတိသွေး

ဗိုလ်မင်းရောင်သွေး
အောင်ဆန်းသွေးတို့စုဝေးခဲ့ရာ
ငါ့ခန္ဓာသည် ငါ့တိုင်းပြည်နှင့်
ငါ့ပြည်သူတွက်ဖြစ်ရမည်။ ။

မောင်ကြူးရင့်

## ၂၀၁၀ နိုဝင်ဘာ ၁၃

အမေရေ ...
နေရောင်မဝင် လရောင်မလင်း
မှောင်မိုက်အခန်းကျဉ်းလေးရဲ့အကြား
အမေ့သတင်းများ ဝင်ရောက်လာတော့
ကျနော်လေ ...
မျက်ရည်များတောင်ဝဲမိပါရဲ့။ ။

မဲမှောင်မှုန်ကုပ်လို့နေတဲ့
အလျားရှည်ရှည် အနံမျောမျော
ကျောတခင်းစာ နေရာကလေးမှာ
ကျနော်ဟာ
ဒီနေ့ကိုစောင့်မျှော်တမ်းတနေခဲ့တာပါ။ ။

နေရောင်ခြည်ကိုမရ လအလင်းကမဖြာ
ကျနော်မရှူရှိုက်ရလဲရှိပါစေ ...
ပြည်သူတွေအတွက် အလင်းရောင်
ပြည်သူတွေအတွက် မီးရှူးတန်ဆောင်

www.burmeseclassic.com

www.burmeseclassic.com



ဟိုး အမှောင်တိုက်တွေကိုဆုတ်ဖြဲလို့
ထွန်းပနေလိုက်ပုံများ
ကျနော့်အခန်းလေးထဲကြား
ဖြာလင်းသွားလေသလား ... ။ ။

ဇေယျာသော်
(ကော့သောင်းအကျဉ်းထောင်တွင်း၌ ရေးဖွဲ့ပါသည်၊)

## မွေးနေ့သမိုင်း

မွေးနေ့တိုင်းမှာ
အမှတ်တရာတွေရှိတယ်
အမှတ်တရာတိုင်းမှာ
ဒဏ်ရာတွေရှိတယ်
ဒဏ်ရာတိုင်းမှာ
သမိုင်းရှိတယ်။ ။

သစ်ငြိမ်း

## တို့ဗိုလ်ချုပ်ရဲ့ သမီး

ကျုပ်တို့ပြည်သူအကျိုး
ရှေ့တန်းတင်ထမ်းပိုးပေမယ့်
ပြည်သူတွေရဲ့ ရှုမညီးတဲ့
ကျုပ်တို့ဗိုလ်ချုပ်ရဲ့သမီး။

ငြိမ်းချမ်းချစ်ကြည်
သူမထူထောင်မည့်ပြည်
ငါတို့တွေ မရောက်ရောက်အောင် ချီတက်မည်။
ချစ်ကြည်ငြိမ်းချမ်း

www.burmeseclassic.com

www.burmeseclassic.com



သူမ တည်ဆောက်မည့်လမ်း
ငါတို့တွေ မရောက်ရောက်အောင်လှမ်း။ ။

**ကျော်ရင်မောင် (ရေဦး)**

## အမေ့ကျေးရူး

ကွန်ယက်လေလား ...
ကွင်းဆက်လေလား ...
ဒီရေအလား ဖြည်းဖြည်းတက်သွား။

စည်းလုံးမှုအား ညီညွတ်မှုအား
လက်ချင်းတွဲထား ခိုင်မြဲမှုအား
သွေးမကွဲတဲ့ ဒို့ပြည်ထောင်စုအား
အပြာရောင်နုနု ငြိမ်းချမ်းမှုအား
ရာဇဝင်တွင်မယ့် ဂန္ထဝင်ပန်းချီကား
အဖြူပေါ်အပြာနု 'အမေစု' ဆွဲတဲ့ မှောင်ဝင်အနုပညာကား
'သားဆက်ပြီးဆွဲ' တဲ့ လက်ဆင့်ကမ်းပေးမှုလား
သားဆက်ပြီး မဆွဲရက်ဘူးအမေ
အမေ့ရဲ့လက်ရာ သားမဖျက်ဝံ့ဘူးအမေ
အမေ့ရဲ့ခံစားမှု သားမမေ့မှိန်စေချင်ဘူး အမေ
အမေ့ရဲ့တင်ပြမှု သားအကျည်းတန်အောင် မလုပ်ပါရစေနဲ့ အမေ
အမေ့ထက် သား တစ်လမကြီးဝံ့ပါအမေ
သားအာခေါင် လုံ့မစူးဝံ့ပါ အမေ
သား အရှင်လတ်လတ် မဟာမြေကြီးထဲ မဆင်းဝံ့ပါအမေ။

အမေဟာ ... အမေပါ အမေရယ်။
အမေ့နောက်မှာ သားတို့ရှိတယ်။
အမေ့ဘေးမှာ သားတို့နေမယ်။

www.burmeseclassic.com

www.burmeseclassic.com



အမေ့ခြေလှမ်းနောက်ကို သားတို့ထပ်ကြပ်မကွာလိုက်မယ်။
အမေမောရင် သားတို့တွဲခေါ်ပေးမယ်
အမေဆာရင် သားတို့ရှူးခပ်ကျွေးမယ်
အမေ … လျှောက်လှမ်းနေတဲ့ငြိမ်းချမ်းမှုကို သားတို့ဝိုင်းရံပေးမယ်
အမေ … ယက်နေတဲမျိုးဆက်သစ်ကွန်ယက်ကို
သားတို့ချည်နှောင်ပေးမယ်
သားတို့အမေ့ကို ဒီလိုပဲ ကျေးဇူးဆပ်ခွင့်ပြုပါ အမေ

ကဲ ဟေ့ အမေ့သားတွေ
ညီစေနော် … ညီစေ
လက်ချင်းတွဲထား မဟာအင်အား
စိတ်ချင်းဆက်ထား မဟာအင်အား
ရဲသွေးနိုးထား မဟာအင်အား
အမေ့ကျေးဇူးကို ဆပ်ကြပါစို့လား။

**ကျော်သူ**

## မြတ်မိခင်ဒေါင်း

အမှောင်မသန်း၊
အရောင်မနွမ်းပါတဲ့၊
အောင်ဆန်းဟေ့ စုကြည်။

မြန်ပြည်ထုရဲ့
အန်တီစု ဇာနည်။

ကွေ့မပြေးပါဘူး၊
ဖအေ့သွေးဟာ နီနီရဲပါလို့၊
ပြည့်အရေးမှာ ညီညီဖွဲ့နဲ့၊

www.burmeseclassic.com

www.burmeseclassic.com



တည်ကြည်ဆဲဟော့ ဘာမထီ၊
ဗမာပြည်ရဲ့ခေါင်းဆောင်ကောင်း။

တကယ်ယုတ်မာ ပြိတ္တာများရယ်က၊
အကျယ်ချုပ်မှာ ပိတ်ကာထားရုံမက၊
မိစ္ဆာတရား အမှောင်ဉာဏ်ဆင့်လို့၊
ထောင်ဒဏ်နှင့်ပင် ထပ်ဖိချင်လည်း၊
ဗျတ္တိဉာဉ် မပြောင်းပါဘူး၊
သတ္တိအစဉ် ကောင်းပါဘိ၊
မြတ်မိခင်ဒေါ်ငါး။

ဒေါ်ငါးကြည်စင်

## မိခင် မုဆိုးမ

လင်ယောက်ျားကို သံယောဇဉ်မထား
အမှန်တရားကို အားကိုးရှာသူ

သားသမီးတွေနဲ့ မပတ်သက်
အနာဂတ်နဲ့ ဆက်ဆံချင်သူ

မြေးကလေးတွေကို တွေ့ချင်စိတ်ထိန်း
ငြိမ်းချမ်းရေးကို မျှော်လင့်နေသူ။ ။

**ကြည်မောင်သန်း**

## ဆုံမှတ်

အမေ
နေကောင်းပါရဲ့လား အမေ
ခြိန်ပါတ် ၅၄ ကို

www.burmeseclassic.com

www.burmeseclassic.com



အမေ့လက်နဲ့ ကိုယ်တိုင်ဖွင့်မယ့်တနေ့ကို
တက္ကသိုလ်ရိပ်သာက သစ္စာတော်မပျက်
စောင့်နေဆဲပါ အမေ ... ။

ရှိပါတယ်အမေ
ကျွန်တော့်သူငယ်ချင်းတွေလည်း ရှိပါသေးတယ်
သူတို့လည်း နေကောင်းကြပါရဲ့
တချို့ကတော့
နိုင်ငံသားပြောင်းလဲခံယူရင်း
မြန်မာပြည်ကို ချစ်နေကြတုန်းပဲ အမေ
ဇာတိမြေကို အလည်အပတ်ပြန်တိုင်း
'အရင်အတိုင်းပဲနော်' လို့
ဝတ်ကျေတန်းကျေနှုတ်ဆက်
စျေးဝယ်မပျက်ကြပါဘူး
တချို့ကတော့
ဒုက္ခသည်ယောင်ဆောင်ရင်း
(သူတို့အရေးအတွက်) ဒို့အရေး ဒို့အရေးနဲ့
နယူးယောက်ကနေ
အမေ့လွတ်မြောက်ရေး ကြိုးပမ်းနေကြသတဲ့ ...။

အမေ့ပါတီလည်း ရှိပါသေးတယ် အမေ
တချို့က မဲဆွယ်တုန်းမှာ တချို့က မဲမပေးဖို့ပြော
ပါတီဖျက်သိမ်းခိုင်းကာမှ မွေးနေ့ပွဲလုပ်နဲ့
ကြေညာချက်မထုတ်တာ့တာကလွဲရင်
အရင်လို ခမ်းခမ်းနားနားပါပဲ အမေ
ရန်ကုန်ကတော့ ချုချာရှာတယ် အမေ
ဦးနှောက်ယိုစီးမှုကို ကုစားတုန်း အအေးအိုင်ဒီအက်စ်ဖြစ်
မီးစက်မောင်းသံတွေကြားက 'စခန်းခဏလိုက်ခဲ့ပါ' ခေါ်လို့ခေါ်

www.burmeseclassic.com

www.burmeseclassic.com



ဆယ်တန်းသမားတွေက အနိုပ်ခန်းမှာစာကျက်
တချို့က ထမင်းမချက်နိုင်တော့
ထမင်းရည်ဝယ်သောက်ရတယ် အမေ ...။

ဘာပဲပြောပြော အမေ
ရန်ကုန်မှာ ကျော်သူနဲ့ ထောင်မှူး
သူတို့ နှစ်ဦးလောက်တော့
ဘယ်သူမှ အလုပ်မများဘူးလေ

အမေ
အမေမရှိတုန်း ကျွန်တော်တို့ နာဂစ်ကို သိသွားတယ်
ရွှေဝါရောင်၊ အီလက်ထရောနစ်ဥပဒေ၊ နယ်ခြားစောင့်တပ်၊
ရွေးကောက်ပွဲ၊ နေပြည်တော်
ဒါတွေနဲ့လည်း ရင်းနှီးသွားတယ်
အပြောင်းအလဲတွေကတော့
အများကြီးပေါ့အမေရယ်
ရန်ကုန်မှာ မွေးခဲ့တဲ့လူတွေက
နိုင်ငံခြားသားလုပ်ပြီး ပြန်လာ
ဇာတိကို ရွံရှာသလိုလိုနဲ့ ပြန်ကြည့်
မချိပေမယ့် မပြောသာပါဘူးအမေ
ကျွန်တော့တို့က နိမ့်ပါးချိန်ကိုး ...

အမေ
ကျွန်တော်တို့ တိုက်ပွဲမှာ
ခဏခဏကျဆုံးပေးနေရတာက
ပြက္ခဒိန်စာရွက်တွေပါ အမေ
ဟောတစ်ရွက် ဟောတစ်ရွက်နဲ့
ဆုတ်ဖြဲပစ်နေလိုက်ကြတာ

www.burmeseclassic.com

www.burmeseclassic.com



အဲဒါ ရက်ရာဇာတွေချည်းပဲဆိုတာ
ကျွန်တော့်တို့ အသိနောက်ကျခဲ့ပါတယ် အမေ
အမေ
ပြောကြည့်ပါရစေ
ကျွန်တော်မျှော်လင့်နေတာကလေ
ဒီမိုကရေစီလည်း ဟုတ်ချင်မှဟုတ်မယ်
ငြိမ်းချမ်းရေးလည်း ပါချင်မှပါမယ်
အစည်းအဝေးလည်း တက်ချင်မှတက်ရပါလိမ့်မယ် အမေ
ဒါပေမဲ့
နိုင်ငံသားတွေ နိုင်ငံခြားသား ဖြစ်စရာမလိုတော့တဲ့နေ့
ဒုက္ခသည်တွေ ဒုက္ခသယ်စရာမလိုတော့တဲ့နေ့
နှစ်ယောက်ရှိရင် သုံးဖွဲ့မကွဲတော့တဲ့နေ့
ပညာတတ်ရင် ထမင်းမငတ်တဲ့နေ့
အရောင်မတူတာကို ရန်သူလို့ မသတ်မှတ်တဲ့နေ့
အဲဒီနေ့ကိုပါ အမေ

ကျွန်တော်လဲသွားရင် အမေထူပေးပါ
အမေ့အားနဲ့ မနေမနားကြိုးစားစမ်းပါ့မယ်
ကျွန်တော်တို့အားလုံး ရန်ကုန်မှာ ပြန်ဆုံကြဖို့လေ။

**ကမ္ဘာစိုးမင်း**

## သူရဲကောင်း အာဇာနည်

ဒေါ်အောင်ဆန်းစုကြည်တဲ့။
သူ့အမည်ကို ရွတ်ဆိုကြည့်ရုံမျှနဲ့
သူ့ကို ရန်ပြုလိုသူတွေကို ကတုန်ကရင်တွေဖြစ်စေသလို
သူ့ပြည်သူတွေအတွက်တော့ အားအင်တွေ သစ်စေသူပေါ့။
သူဟာ

www.burmeseclassic.com

www.burmeseclassic.com



ဗိုလ်မင်းရောင်ရဲ့ မြစ်
အမျိုးသားခေါင်းဆောင်
လွတ်လပ်ရေးမီးရှူးတန်ဆောင်ရဲ့ သမီး
အာဇာနည်မျိုးပီပီ
မျိုးဂုဏ်ဆောင်သည့် အမျိုးကောင်းသမီးပေါ့။

ပုခုံးပေါ်ကျလာတဲ့ဝန်တာ
ရဲရင့်စွာခံယူထမ်း
မျိုးဆက်သစ်တွေနဲ့ လက်ကမ်း
မျိုးချစ်ဟောင်းတွေနဲ့ တွဲအတူ
တော်လှန်ရေးခရီးကြမ်းကို
ရဲရဲကြီးလွှင့်ထူထားတဲ့ မဟာလူသားတယောက်ပေါ့။
မတရားမှုတွေကိုဖီဆန်
လုံ့စွပ် ကျည်ဆံ ချိန်းခြောက်မှုဒဏ်တွေကို အံတု
ရဲရင့်မှုနဲ့ အာဏာဖီဆန်ရင်း
ရိုးသားမှုနဲ့ ခေါင်းဆောင်၊ ဉာဏ်ပညာနဲ့ နှိုင်းချင့်
ခိုင်ကျည်မှုနဲ့ ခရီးဆက်၊ ငြိမ်းချမ်းရေးအတွက် ဦးတည်
တိုးတက်ရေးအတွက်ရည်ညွှန်းပြီး နာယကဂုဏ်နဲ့ထုံမွှန်းတဲ့သူဖြစ်တယ်။

အာဏာရှင်အဆက်ဆက်က
စစ်တပ်ကြီးတခုလုံး အလွဲသုံးစားပြု
ခေတ်အပျက်ပျက်ပြုန်းလည်း ဂရုမပြုပဲ
အမျိုးမျိုးနှိပ်စက်၊ အကြိမ်ကြိမ်လှည့်ပတ်
အလီလီ ရက်စက်၊ အခါခါ သတ်ဖြတ်
အဖန်ဖန်ထိုးနှက် သမိုင်းတွင်အောင် ကောက်ကျစ်ရက်စက်ပြီး
“လမင်းကို ခွေးဟောင်တဲ့ဇာတ်”ကို ကခဲ့ပေမယ့်
သူကတော့
ပတ္တမြားစိန်ကျောက်လို ရဲရဲတောက်ခဲ့သူဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



ငြိမ်းချမ်းရေး အလံတလူလူမြှင့်ပြီး
ကမ္ဘာ့အပြင်ဖက်ထိတောင် လွှင့်ထူခဲ့သူဖြစ်တယ်။

သူ့သမိုင်း မှေးမှိန်ပြီး
သူ့ဘဝ သေးသိမ်အောင်
အာဏာရှင် ဉာဏ်တိမ်တိမ်နဲ့
လှောင်အိမ်စံ အကျဉ်းချ
သေကြောင်းကြံ သေးသိမ်ကြပေမယ့်
သူ့ဂုဏ် သူ့သတ္တိ သူ့သမိုင်း သူ့အစွမ်းကတော့
လှည်းနေလှေအောင်းမက ကမ္ဘာအရပ်ရပ်ထိ ပျံ့နှံ့လျက်ပါပဲ။

သူဟာ
မြန်မာအားလုံးကိုယ်စားပြု
အမျိုးသမီးများအားလုံးကိုယ်စားပြု
အဖိနှိပ်ခံအားလုံးကိုယ်စားပြု
လူသားအားလုံးကိုယ်စားပြု
ငြိမ်းချမ်းရေးအတွက် ကိုယ်စားပြုသူအဖြစ်
ကမ္ဘာတဝှမ်းက လေးစားသမှုနဲ့ ချစ်ကြတယ်။

သူမဟာ
ရဲရဲနီစွင့် နှင်းဆီပန်းတပွင့်ဖြစ်သလို
ငြိမ်းချမ်းရေးအတွက် ချိုးငှက်လည်းဖြစ်တယ်။

စိမ်းလန်းမွှေးလွှတဲ့ ရေကြည်ချမ်းမြ လည်းဖြစ်သလို
ပြုံးပြက်ရင့်ရင့် ပြည်တန် စိန်တပွင့်လည်းဖြစ်တယ်။

လူသားအားလုံးရဲ့စံပြပြု သက်ရှိရုပ်ထုလည်းဖြစ်သလို
သတ္တိရဲ့ ကိုယ်ပွားတခု လူသားအကျိုးပြုသူလည်းဖြစ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာရဲ့ ပြယုဂ်အဖြစ် လူထုရဲ့ အမွေတခု ဖြစ်သလို
တော်လှန်ခြင်းရဲ့ဓါးတလက်
လောကရဲ့ အားဆေးတခွက်လည်းဖြစ်တယ်။

သူဟာ တို့အားလုံးရဲ့ မိခင်၊ လောကကို အလှဆင်သူလည်းဖြစ်တယ်။
သူဟာ အာဇာနည်တဦးလည်း ဖြစ်သလို
သူ့ရဲကောင်းတဦးလည်း ဖြစ်တယ်။
သူဟာ အာဇာနည်တဦးလည်းဖြစ်သလို
သူ့ရဲကောင်းတဦးလည်းဖြစ်တယ်။

**သူရိန်ထက်**
၅.၈.၂၀၁၁

★★★

www.burmeseclassic.com

www.burmeseclassic.com






**Daw Aung San Suu Kyi's**

## International Awards, Honors & Appointments

( 1 9 9 0 - 2 0 1 0 )

1. Honorary Fellow St. Hugh's College (Oxford, UK) 1990
2. Thorolf Rafto Human Rights (Norway) 1990
3. Sakharov Freedom of Thought (European Parliamnet) 1991
4. Noble Peace Oslo, Norway 1991
5. Honorary Member International EN (Norwegian Center) 1991
6. Humanities Human Rights Award (USA) 1991
7. Honorary Member International PEN (Candian Center) 1991
8. Marisa Bellisario Price Italy 1992
9. Annual Award of the International Human Rights Law Group (USA) 1992
10. Honorary President Students' Union London School of Economics and Political Science (UK) 1992
11. Honorary Member International PEN (English Center) 1992
12. Honorary Life Member University of London Union (UK) 1992
13. Honorary Professional Fellowship Law and Society Trust (Sri Lanka) 1992
14. Honorary Doctorate in Political Science Thammasat University (Thailand) 1992

www.burmeseclassic.com

www.burmeseclassic.com



15. International Simon Bolivar prize UNESCO 1992
16. Prix Litteraire des Droits de I'Homme Nouveaux Droits de I'Homme, France 1992
17. Honorary Member World Commission on Culture and Development (UNESCO) 1992
18. Member Academie Universelle des Cultures (Paris) 1993
19. Rose Prize arbejderbevaegelsens International Forum/ International Forum of the Danish Labour Movement, Copehagen 1993
20. Victor Jara International Human Rights Center for Human Rights and Constitutional Law, Los Angeles, USA 1993
21. Member of the Advisory Board Francois-Xavier Bagnoud Center for Health and Human Rights, Harvard University 1993
22. Honorary Doctorate of Law University of Toronto (Canada) 1993
23. The Freedom of the City Commune of Giugliano, Italy 1993
24. Bremen Solidarity City of Bremen, Germany 1993
25. Premio Mujer Progresista (Federacion Mujeres Progresistas / Spanish Federation of Progressive Women, Madrid) 1993
26. Honorary Doctorate Philosophy & Letters, Free University of Brussels 1994
27. Honorary Adviser Forum of Democratic Leaders in the Asia-Pacific 1994
28. The Freedom of the City Aversa, Italy 1995
29. Liberal International Prize for Freedom Britain's Liberal Democracy Party, UK 1995
30. Honorary Doctorate of Laws Queen's University, Canada 1995
31. Jawaharlal Nehru Award for International Understanding (for 1993) India 1995
32. Gandhi Award Simon Fraser University, Canada 1995
33. Honorary Doctorate of Civil Law University of Oxford 1995
34. IRC Freedom Award International Rescue Committee 1995
35. Companion of the Order of Australia 1996

www.burmeseclassic.com

www.burmeseclassic.com



36. Liberal International Prize (UK) 1996
37. Asia Human Rights of Law (Japan) 1996
38. W. Averell Harrimen Democracy Award National Democratic Institute U.S.A 1996
39. Rajiv Shmirti Parashka [ Rajiv Gandhi Memorial Award] India 1996
40. Empty Chair Award Women of the Year Lunch, London, UK 1996
41. Honorary Doctorate of Law Charles University in Prague, Czech Republic 1997
42. Honorary Doctorate of Letters Sydney University of Technology, Australia 1997
43. Honorary Doctorate of Letters California Chapman University, U.S.A 1997
44. Honorary Doctorate of Law Natal University, South Africa 1997
45. Honorary Doctorate of Law America University, Washington D.C, U.S.A 1997
46. Distinguished Alumni Award Central University/ Delhi University 1997
47. Honorary Citizenship of Rome (Italy) (May 23, 1997)
48. Honorary Doctorate of Letters Glasgow University (UK) 1997
49. Pearl S. Buck Woman's Award Pearl S. Buck Foundation (USA) 1997
50. International Award St. Angela's Peace and Justice Group, Waterford (Eire) 1997
51. Profiles in Courage Award Kennedy Society of Denmark 1997
52. Honorary Doctorate Cambridge University (June 1998) 1998
53. Freedom of the City (Oxford, UK) 1998
54. Honorary Doctorate of Laws University of Wales, Cardiff 1998
55. Honorary Doctorate of Laws University of Bristol (UK) 1998
56. Honorary Doctorate of Laws University of Melbourne (Australia) 1998

www.burmeseclassic.com

www.burmeseclassic.com



57. Honorary degree Universite' catholique de Louvain, Belgium – December 1998
58. Honorary Degree University of Bath (UK) – December 1998
59. Honorary Degree Bucknell University – May 1999
60. Freedom Award International Republican Institute, USA (October 1999) 1999
61. The Freedom of the City of Dublin Award Ireland (November 1999)
62. 2000 CAW Nelson Mandela Human Rights Award Canada (December 2000) 2000
63. Presidential Medal of Freedom Award U.S.A (December 2000) 2000
64. Collage United Nations Prize 2001 Germany (June 2001) 2001
65. International Social Welfare Prize University of Southern California School of Social Work (December 8) 2001
66. AI Neuharth Free Spirit Award U.S Foundation, Washington, USA 2003
67. MTV Humanitarian Award, "Free Your Mind" MTV Europe, EDINBURGH,UK 2003
68. The 2004 TIME 100, The most influential people in the world today TIME Magazine 2004
69. Kwangju Human Rights Award May 18 Memory Foundation from South Korea 2004
70. TIME's Asia's Hero 2004 TIME MAGAZINE 2004
71. The Honorary Citizen of Paris France 10/ 12/ 2004
72. Honorary Doctorate in Politics, Philosophy and Economics Rangsit University, Thailand 13/ 12/ 2004
73. Outstanding Women in Buddhism United Nations Gender and Religious Department 8/ 03/ 2005
74. Honorary Degree in Political Science Thammasat University, Thailand 19/ 06/ 2005
75. Freedom of the City Award The City Council of Edinburgh,

www.burmeseclassic.com

www.burmeseclassic.com



Scotland 16/ 06/ 2005

76. Freedom of Galway City Galway city, Ireland June 2005
77. UNISON Honorary Membership UNISON, Britain's largest trade union, June 2005
78. Olof Palme Prize Sweden, February 2006
79. Freedom Award Franklin and Eleanor Roosevelt Institute, USA March 2006
80. New Statesmen Magazine Hero New Statesmen Magazine, May 2006
81. Netaji Subhas Chandra Bose International Deshprem Award, India 2007, March 2007
82. An honorary doctorate (LLD) honoris causa Award from University of Cape Town, South Africa, December 2007
83. Freedom of Glasgow (the freedom of Scotland's largest city) 2007
84. Rome for Peace and Humanitarian Action 2007
85. Special Award for Lifetime Achievement in Politics 2007
86. "Abogados de Atocha" international prize from Spain, 22 January 2008
87. Congressional Gold Medal, United States of America, 24 April, 2008
88. Honorary Canadian Citizenship, May 6, 2008
89. The Freedom of the City, June 10, 2008
90. Catalonia International Prize 2008, MOTHERS OF COURAGE (shard with Dr. Cynthia Maung), November, 2008
91. Honorary Member of the Club of Madrid, November 20, 2008
92. Honorary Council Member, December 20, 2008
93. Trumpet of Conscience Award, January 19, 2009
94. Freedom of the City of Glasgow, March 4, 2009
95. Mahatma Gandhi International Award for Peace and Reconciliation – MAGI Award, May 22, 2009
96. Democracy and Peace Award of Japanese Diet Member's League

www.burmeseclassic.com

www.burmeseclassic.com



Japanese Diet Members' League in support of Democracy in Myanmar, Tokyo, Japan (2009, June 19)

97. The Honorary Doctor of Laws (LLD) at Derry's Millennium Forum, the University of Ulster in Derry, Ireland, UK on Tuesday, July 7, 2009. (2009, June 24)
98. The Ambassador of Conscience Award the recipient of Amnesty International's highest honorary (Irish band U2 is publicly announcing Aung San Suu Kyi's award Monday night at a Dublin concert.) (2009, July 27)
99. Benazir Bhutto Shaheed Award for Democracy instituted. The Pakistan People's Party, Islamabad, Pakistan. (2010, June 21)
100. Honorary Individual Membership. Council of Asian Liberals and Democrats (CALD) (2010, June 29)
101. Queen of Myanmar's Democracy and Human Rights. Manav Ekta Parishad, India (2010, November 25)

★★★

www.burmeseclassic.com

www.burmeseclassic.com





အမည်ရင်းဦးသန်းဝင်းဖြစ်သည်။ ၁၉၅၈ ခု၊ ဇူလိုင်လ ၂၂ ရက်နေ့တွင် ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၌ အမိဒေါ်တင်အေး (ကွယ်လွန်)၊ အဖဦးစိန်ထွန်း (ဗေဒင်လက္ခဏာဆရာ) တို့မှ ဖွားမြင်သည့် တဦးတည်းသောသားဖြစ်သည်။ ငယ်စဉ်က စာပေနှင့်ပန်းချီဝါသနာထုံ၍ ကျောင်းနံရံကပ်စာစောင်တို့တွင် ဆောင်းပါးများရေးသား၍ ပန်းချီသရုပ်ဖော်ပုံများ ရေးဆွဲခဲ့သည်။ ကျောင်းပန်းချီပြိုင်ပွဲ၌ ဆုအကြိမ်ကြိမ်ရရှိခဲ့သည်။ ကျောင်းနေစဉ်ကပင် ကျောင်းစာကြည့်တိုက်မှူးအဖြစ် အကြိမ်ကြိမ်ဆောင်ရွက်ခဲ့သည်။

ထို့နောက် ၁၀ တန်းအောင်မြင်ပြီးနောက် ၁၉၈၀ ပြည့်နှစ်တွင် တပ်မတော် (လေတပ်) သို့ ဝင်ရောက်၍ စစ်မှုထမ်းရွက်ခဲ့သည်။ ၁၉၇၇ ခုနှစ်၊ နိုဝင်ဘာလထုတ် **'သင့်ဘဝ'** မဂ္ဂဇင်းပါ "အနာဂတ်အာကာသလွန်းပျံယာဉ်" သိပ္ပံဆောင်းပါးဖြင့် စာပေနယ်သို့စတင်ဝင်ရောက်ခဲ့သည်။ ၁၉၈၂ တွင် တပ်မတော်(လေတပ်)မှ နုတ်ထွက်ခဲ့သည်။ ၁၉၉၂ ခုနှစ် ထုတ်ဝေခဲ့သော 'ကျောက်မျက်ရတနာလက်စွဲ' စာအုပ်သည် ပထမဆုံးလုံးချင်းစာအုပ်ဖြစ်ပြီး ဆက်လက်၍ 'နေမဝင်သေးသည့်ဘုရင်များ'(ပ၊ ဒုတွဲ)၊ 'လူတိုင်းအတွက် သုတဗေဒင်'၊ 'ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင်ပုဂ္ဂိုလ်ထူးများ'၊ '၂၀ ရာစု မြန်မာ့သမိုင်းကိုပြောပြနေသောနေ့ရက်များ'၊ 'အနှစ်ချုပ်မြန်မာ့သမိုင်း အဘိဓာန်' (ပ၊ ဒုတွဲ)၊ '၂၀ ရာစု အကျော်ကြားဆုံး အာရှခေါင်းဆောင်များ'၊ 'အသုံးချရူပသျှတ္တရပညာ'၊ 'အကျော်ဇေယျစာဆိုတော်များ'၊ 'မြန်မာ့ သမိုင်း၌ မေ့ပျောက်၍မရသော အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း'၊ 'ဥသြအော်မြည် ကုန်းဘောင်တည်'၊ 'နယ်ချဲ့ဆန့်ကျင်ရေး ငြိမ်းချမ်းရေးဖခင်ကြီး မျိုးချစ်စာဆိုတော်ကြီး သခင်ကိုယ်တော်မှိုင်း'၊ 'နီပေါနန်းကျဘုရင်'၊ 'ဒုတိ

www.burmeseclassic.com

www.burmeseclassic.com



ယမြောက် အယ်လီဇဘက်ဘုရင်မ'၊ 'ဂျပန်ကေရာဇ်ဘုရင်'၊ 'နိုင်ငံ့ဥသျှောင် မင်းကေရာဇ်များ'၊ 'နိုင်ငံတော်လုပ်ကြံမှုတရားခံ ဂဠုန်ဦးစော၏ နောက်ဆုံးနေ့များ' စသည်တို့ ရေးသားထုတ်ဝေခဲ့သည်။ သို့သော် 'ဝန်ကြီးချုပ်ဦးနုဘဝနှင့် စာပေမှတ်တမ်း'၊ 'တို့ဖခင် ဗိုလ်ချုပ်အောင်ဆန်း ဘာမှာခဲ့သလဲ'၊ 'သူတို့မြင်သော ဗိုလ်ချုပ်အောင်ဆန်း'၊ 'ရုန်းထွက်ခဲ့ရသော ဗမာပြည်'၊ 'ဒေါက်တာဘမော်၏ နိုင်ငံရေးဆောင်ရွက်ချက်များ'၊ '၁၉ ရာစု မြန်မာ့သမိုင်းကို ပြောပြနေသောနေ့ရက်များ'၊ 'အနက်ဖော်ရခက်သော နေ့စဉ်သုံး မြန်မာဝေါဟာရများအဘိဓါန်'၊ 'ဗိုလ်ချုပ်အောင်ဆန်း၏ ဘဝနှင့် ဓါတ်ပုံမှတ်တမ်း'၊ 'မြန်မာ့သမိုင်းဝင်စာချုပ်စာတမ်းများ'၊ 'မြန်မာ့သမိုင်းတကွေ့မှ အထင်ကရ နိုင်ငံရေးခေါင်းဆောင်များ' စသည့်စာအုပ်များသည် ယနေ့တိုင် မထုတ်ဝေရသေးပေ။

ယခင်က **သုတစွယ်စုံ** မဂ္ဂဇင်းတွင် ပင်တိုင်ဆောင်းပါးရှင်အဖြစ် ၁၉၈၆ မှ ၁၉၉၆ ခုနှစ်အထိ (၁၀) နှစ်တိုင်တိုင်ရေးသားခဲ့သည်။ ထို့ပြင် '**မြန်မာ့ဈေးကွက်စီးပွားရေးဂျာနယ်**' နှင့် '**မြရိပ်ညို**' ဂျာနယ်တို့တွင် ပထမဆုံး တာဝန်ခံထုတ်ဝေခဲ့ပြီး ယင်းဂျာနယ်၌ အယ်ဒီတာချုပ်အဖြစ် ဆောင်ရွက်ခဲ့သည်။ သန်းဝင်းလှိုင်ကလောင်အမည်အပြင် 'သိပ္ပံချစ်သူ'၊ 'ရွှေပြည်အောင်'၊ 'စိန်လှိုင်တင်'၊ 'နေရဲစွမ်း'၊ 'ပြည်ဟိန်းအောင်'၊ 'သန်းရွှေနိုင်' စသည့် ကလောင်ကွဲများဖြင့် ပိတောက်ပွင့်သစ်၊ မြန်မာသစ်၊ နွယ်နီ၊ စံပယ်ဖြူ၊ ချယ်ရီ၊ မုခ၊ နှလုံးအိမ်၊ ပေဖူးလွှာမဂ္ဂဇင်းများ၌ ရေးသားခဲ့သည်။ ယခုအခါ မိုးမခ၊ ခေတ်ပြိုင်၊ သစ္စာ၊ မိုးကြိုး၊ ချိုးလင်းပြာ စသည့်အင်တာနက်ဘလောက်များ၌ သမိုင်းဆိုင်ရာဆောင်းပါးများနှင့် စာပေဆိုင်ရာဆောင်းပါးများ ရေးသားလျက်ရှိသည်။

၂၀၀၀ပြည့်နှစ်၊ မေလတွင် နအဖစစ်အစိုးရက "ရုပ်တုမှပြောသော မြန်မာ့သမိုင်းဝင် ပုဂ္ဂိုလ်ထူးများ" စာအုပ်ကိုအကြောင်းပြု၍ ပုဒ်မ ၁၇/၂၀ ဖြင့် ထောင်ဒဏ် ၇ နှစ်ချမှတ်ခဲ့ရာ အင်းစိန်၊ သာယာဝတီထောင်များ၌ ရက်ပေါင်း ၂၃၈၇ ရက် (၆ နှစ် နှင့် ၈ လ) တိတိကျခံပြီးနောက် ၂၀၀၇ ခုနှစ်၊ ဇန်နဝါရီလ ၃ ရက်နေ့တွင် သာယာဝတီထောင်မှ ပြန်လည်လွတ်မြောက်လာခဲ့သည်။ လွတ်မြောက်ခဲ့ပြီးနောက် သမိုင်းဆိုင်ရာစာပေများဆက်လက်ရေးသားခဲ့ရာ သမိုင်းဆိုင်ရာစာအုပ် စုစုပေါင်း (၁၅) အုပ် ပိတ်ပင်တားမြစ်ခြင်းခံရပြီး

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



နအဖအစစ်အစိုးရက ၎င်းအား ပြန်လည်ဖမ်းဆီးရန်စီစဉ်နေသည်ကို ကြိုတင်သိရှိခဲ့သဖြင့် ၂၀၁၀ ပြည့်နှစ်၊ ဇူလိုင်လ ၆ ရက်နေ့တွင် ထိုင်းနိုင်ငံသို့ ခေတ္တတိမ်းရှောင်လာခဲ့သည်။ ယခုအခါ တတိယနိုင်ငံ၌ အခြေချနေထိုင်ရန် ပြင်ဆင်လျက်ရှိပြီး၊ SAW အထက်တန်းကျောင်း၌ ကျောင်းဆရာအဖြစ် မြန်မာဘာသာနှင့် သမိုင်းဘာသာရပ်များပို့ချရင်း သမိုင်းဆိုင်ရာစာပေ ပြုစုလျက်ရှိသည်။

★★★

**ဆက်သွယ်ရန်လိပ်စာ**

Ph : (၆၆) ၈၉၇ - ၀၃၃ - ၁၂၈

Email : jamesparr007@gmail.com

www.burmeseclassic.com

www.burmeseclassic.com

# Daw Aung San Suu Kyi
## Mother of Democracy



Than Win Hlaing©

design thiha maung maung. ad 2011

www.burmeseclassic.com